# နိဒါန်း

ခေါင်းဆောင်မှုနှင့်ပတ်သက်ပြီး ကျွန်ုပ်၏အတွေးအခေါ်ကို အခြေခံကျကျ ပြောင်းလဲခြင်းမပြုမီက ခေါင်းဆောင်မှုသည် ကျွန်ုပ်ထင်ထားသည်ထက် ပိုမို ခက်ခဲသည့်အပြင် ကျွန်ုပ်မျှော်လင့်ထားသည်ထက်လည်း မကျေနပ်စရာ ဖြစ်နေခဲ့သည်။

ကျွန်ုပ်မျှော်လင့်ထားသော အကျိုးရလဒ်များကို နှစ်ပေါင်းများစွာ ကျွန်ုပ်ရရှိပိုင်ဆိုင်ခြင်းမရှိသည့်အပြင် မည်သို့ပြုရမည်ကိုလည်း အဖြေမထုတ်နိုင်ခဲ့ပေ။ ကျွန်ုပ်ပို ကြိုးစားခဲ့ပါသည်။ ပို နှစ်လိုဖွယ်ဖြစ်အောင် ကြိုးစားခဲ့ပါသည်။ စာအုပ်များ ပိုမိုဖတ်ရှုလေ့လာပါသည်။ သင်တန်းများနှင့် တွေ့ဆုံဆွေးနွေးပွဲများ ပိုတက်ခဲ့ပါသည်။ ပိုမိုအရည်အချင်းရှိသောသူများကို ငှားရမ်းအသုံးပြုခဲ့သည်။ အလုပ်အတွက် အဆင်မပြေသူများကို အလုပ်ဖြုတ်ပစ်ပါသည်။ မိမိပိုသိကြောင်း ပိုမိုပြသလာသကဲ့သို့ လျှော့ ပြသည့်အခါလည်းရှိပါသည်။ အထူးသဖြင့် ပိုမိုဆုတောင်းပါသည်။ နည်းလမ်းမျိုးစုံသုံးပြီးကြိုးစားခဲ့သည်။ လူ အမြောက်အမြားကလည်း တစ်နည်းနည်းဖြင့် ကူညီခဲ့ကြသည်။ သို့သော် ကျွန်ုပ်မကျေနပ်နိုင်ဘဲ ရှိခဲ့သည်။ စိတ်ပျက်အားငယ်မိပါသည်။

ုံးအဖွဲ့သားများနှင့် အပျော်တမ်းပါဝင်သူတို့နှင့် အလုပ်လုပ်သောအခါ မထင်မှတ်သော ပြ နာများနှင့်ကြုံတွေ့ခဲ့ရပြီး လွယ်ကူစွာဖြေရှင်းမရဘဲ ရှိတတ်ကြသည်။ မကြာခဏဆိုသလို ပုဂ္ဂိုလ်ရေးပြ နာများပေါ်လာကြပြီး စိတ်ဓာတ်ကျသည့် အခါများနှင့် ရှိတတ်ပါသည်။ ထိုအခါ မလိုလားအပ်သော အကျိုးဆက်များ ပေါ်ပေါက်လာကြသည်။ အလုပ်ရှင်နှင့်ပတ်သက် ုံးဝန် ထမ်းများ၏ ခံစားချက်များကြောင့် လုပ်ငန်းမတွင်ကျယ်မှုများ တွေ့လာရသောအခါ ကျွန်ုပ်စိတ်တိုလာတတ်ပါသည်။ သည်းမခံနိုင်ဖြစ်လာလေ့ရှိသည်။ ုံးဝန်ထမ်းများအား အလုပ်ပိုလုပ်ကြရန် ရည်မှန်းချက်များကို ပိုမိုမြင့်မားစွာ ထားရှိကြရန်၊ အကျိုးရလဒ်ကောင်းများ ပိုမိုရရှိရေးအတွက် ပိုမိုကြိုးစားကြရန် တွန်းအားပေးပါသည်။ သူတို့၏ပြောကြားချက်များကို ပိုမိုနားထောင်ပေးရန် ကြိုးစားခဲ့သော်လည်း အလုပ်ပိုလုပ်ကြရန် မကြာခဏ အမိန့်ပေးလေ့ရှိခဲ့သည်။

ကျွန်ုပ်သည် အပြင်ပန်းအားဖြင့် ဖော်ဖော်ရွေရွေရှိမည်ဖြစ်သော်လည်း အတွင်း၌မူ အလွန်ပူပင်သောကရောက်နေပါသည်။ ုံးဝန်ထမ်းများအား မညည်းမငြူဘဲ အာ ုံအပြောင်းအလဲအနည်းဆုံးဖြင့် အထိရောက်ဆုံးအလုပ်များကို

ပြီးစီးစေချင်သည်။ ပုဂ္ဂိုလ်ရေးကိစ္စ ရပ်များကို စိတ်အနှောင့်အယှက်ဖြစ်စေသောအရာများနှင့် အချိန်ဖြုန်းခြင်းအဖြစ် ကျွန်ုပ်အမြဲသဘောထားခဲ့သည်။ အလုပ်နှင့် တာဝန်ကိုသာ အာရုံစိုက်သူ ဖြစ်မှန်းမသိဖြစ်လာခဲ့ရပြီး လူတို့နှင့်အတူ အလုပ်လုပ်သူ၊ အယူအဆများနှင့် စက်ပစ္စည်းများနှင့်သာ အလုပ်လုပ်သူ မဟုတ်ဟူသည်ကို မကြာခဏမေ့ပျောက်လေ့ရှိပါသည်။

နောက်ဆုံးတွင် ကျွန်ုပ်၏တာဝန်ကိုသာ အာရုံစိုက်သော၊ ပြတ်ပြတ်သားသား ပြောတတ်ဆိုတတ်သော ခေါင်းဆောင်မှုသည် ရည်ရွယ်ချက်ပန်းတိုင်သို့ အရောက်ချီတက်စေသော ခွန်အားဖြစ်လာသကဲ့သို့ တစ်ဖက်တွင် အားနည်းချက်တစ်ခုလည်းဖြစ်လာခဲ့ပါသည်။ ကျွန်ုပ်၏အကျိုးရလာဒ်တစ်ခုတည်းကိုသာ အလေးထားမှုသည် ကျွန်ုပ်မျှော်လင့်ထားသောဝိညာဉ်အနှစ်သာရပြည့်ဝသည့် ပတ်ဝန်းကျင်ဖန်တီးမှုစွမ်းရည်ကို ထိခိုက်လာပါသည်။

ကျွန်ုပ်တစ်ယောက်တည်း ထိုသို့ဖြစ်သည်မဟုတ်ပါ။ ယေဘုယျအားဖြင့် စွမ်း ရည်ထက်မြက်သော ခေါင်းဆောင်များသည် ရလဒ်ဦးစားပေးသူများဖြစ်ကြသည်။ ကျွန်ုပ်တို့၏ တွန်းပို့တတ်သော သဘာဝနှင့် ချမြင်ပုံဖော်မှု(vision)၊ စေခိုင်းချက်(mission)၊ မဟာဗျူဟာများ(strategies)နှင့် လိုလားသောရလဒ်များ (desired outcomes)အပေါ် အထူးအာရုံစိုက်မှုများက နည်းမှန်လမ်းမှန်ဖြင့် အောင်မြင်မှုရရှိရေးကို လစ်လျူရှုစေပါသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၌ အတွေးအခေါ်အယူအဆကောင်းများနှင့် အကောင်းဆုံးခေါင်းဆောင်မှုပေးရန် ရည်ရွယ်ချက်ဖြင့် အဆင်သင့်ဖြစ်ကြသော်လည်း ခေါင်းဆောင်မှု၌ အခြားလိုအပ်ချက်များဖြစ်သော စိတ်နေစိတ်ထား၊ နက်ရှိုင်းသိမှု၊ ကျွမ်းကျင်မှုများ ကင်းမဲ့ကြသဖြင့် အခြားသူတို့နှင့်အတူ အလုပ်လုပ်ရာ၌ အရေးကြီးသော ခံစားချက်များ၊ ဆက်ဆံရေးများ၊ စိတ်ပိုင်းနှင့်ဝိညာဉ်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများကို ဖြေရှင်းပေးနိုင်ကြမည် မဟုတ်ပေ။

ံုးဝန်ထမ်းများ၏ လိုအပ်ချက်များနှင့် အရေးကိစ္စ များကို အသေးစိတ်ဂရုစိုက် နေမည်ဆိုပါက လိုရင်းမရောက်ဘဲ ရှိမှာကို စိုးရိမ်နေကြပါသည်။ ကျွန်ုပ်တို့၏ လုပ်ဖော်ဆောင်ဖက်များ၏ တောင်းဆိုချက်များနှင့် ယူဆချက်များသည် ကျွန်ုပ်တို့ တတ်နိုင်သည်ထက်ပိုသည်ဟု ကျွန်ုပ်တို့ ယူဆလေ့ရှိကြသည်။ ကျွန်ုပ်တို့၏ အလုပ်နှင့်တာဝန်များပြီးစီးရေး၌သာ အာရုံစိုက်ခဲ့ကြသဖြင့် အခြားလုပ်ဖော်ဆောင်ဖက်များ၏ ခံစားချက်များနှင့် ဆက်ဆံရေးကိစ္စ များသည် ကျွန်ုပ်တို့၏ အယူအဆများနှင့်ဆန့်ကျင်ဘက်ဖြစ်ကြပါက ကျွန်ုပ်တို့၏ စုပေါင်းတာဝန်များ၊ ပန်းတိုင်များနှင့် ရည်မှန်းချက်များပြီးစီးရေး၌ အဟန့်အတားပြုသောအရာများအဖြစ် ယူဆလာကြပါသည်။ လုပ်ဖော်ဆောင်ဖက်များနှင့် ပိုမိုဆက်ဆံရေး အဆင်ပြေစေရန်နှင့် အသင်းအဖွဲ့တစ်ခုလုံး၏ခွန်အားကို မည်သို့ပိုမိုကောင်းမွန်စွာ

အသုံးချမည်နည်းစသည့်ဖြစ်စဉ်များကို အပြုသဘောဆန်စွာ စဉ်းစား အဖြေရှာရမည့်အစား ကျွန်ုပ်တို့အနေဖြင့် ကိန်းဂဏန်းများ၊ အသုံးအဆောင်များ၊ လုပ်ငန်းအရွယ်အစား၊ ဒေါ်လာငွေ၊ လစာ၊ အဆင့်အတန်း၊ ဂုဏ်သိက္ခာတို့နှင့် ပြင်ပလက္ခဏာရပ်များနှင့် မိမိအတွက် အကျိုးရှိမည့်အတိုင်းအတာများအပေါ် အာရုံစူးစိုက်နေမည်ဖြစ်သည်။

တစ်ခါတစ်ရံ ကျွန်ုပ်တို့၏အကောင်းဆုံး ခေါင်းဆောင်မှု သဘာဝ တွန်းအားသည် အထူးသဖြင့် ကျွန်ုပ်တို့၏ ရာထူးဝန်ထမ်းများအနေဖြင့် ကျွန်ုပ်တို့၏ အစီအစဉ်၌ ပါဝင်လိုခြင်း မပြုသသောအခါ ကျွန်ုပ်တို့စိတ် အနှောင့်အယှက်ဖြစ်သွားတတ်ကြပြီး ဒေါသလည်းထွက်လာကာ စိတ်ပျက်လက်ပျက်ဖြစ်တတ်ကြပါသည်။ လူတို့ကို မည်သို့ စိတ်တက်ကြွလာအောင် ခေါင်းဆောင်ရမည်ကို ကျွန်ုပ်တို့မသိသောကြောင့် ထိုသို့ဖြစ်ရခြင်းဖြစ်သည်။ ထိုအခါ ကျွန်ုပ်တို့၏ မကောင်းသော ခံစားချက်များကို လက်အောက်ငယ်သားများအပေါ် သွန်ချပစ်တတ်ကြသည်။ သို့မဟုတ် ကျွန်ုပ်တို့လုပ်စေချင်သောအရာကို ၎င်းတို့ လုပ်ဆောင်ရန် အခြားနည်းလမ်းများ သုံးစွဲတတ်ကြသည်။ သူတို့လည်း စိတ်ပျက်လက်ဖြစ်လာပြီး၊ ကိုယ်နှင့်မဆိုင်သလို ဖြစ်လာကြသဖြင့် ကျွန်ုပ်တို့၏ ခေါင်းဆောင်မှုလည်း ပိုမိုယိုယွင်းကျဆင်းသွားပါသည်။

ကျွန်ုပ်တို့၏ စိတ်ပျက်ဖွယ်ကောင်းသော အတွေ့အကြုံများကြောင့် အဖွဲ့အစည်းတစ်ခုလုံး၏ လိုအပ်ချက်များနှင့် အဖွဲ့အစည်းအတွင်းရှိ ဝန်ထမ်းများ၏ လိုအပ်ချက်များကို တစ်ပြိုင်တည်းဖြည့်ဆည်းလုပ်ဆောင်နိုင်မည်မဟုတ် ဟု နိဂုံးဆွဲချင်စိတ်ဖြစ်ပေါ်နိုင်ပါသည်။ တစ်ချိန်တည်းတွင် အကျိုးရလဒ်မျှော် ကိုးသော တက်ကြွထက်သန်သည့် ခေါင်းဆောင်နှင့် မိမိ၏ဝန်ထမ်းများကို ဂရုစိုက်သော ဝိညာဉ်အနုစ်သာရပြည့်ဝသည့် ခေါင်းဆောင်ဖြစ်နိုင်ပါမည် လောဟူ ကျွန်ုပ်တို့ စဉ်းစားနိုင်ပါသည်။

ကျွန်ုပ်တို့၏ အကျိုးရလဒ်မျှော်ကိုးသော ပါရာဒိုင်း(လုပ်နည်းလုပ်ဟန်ပုံစံ– paradigm)နှင့် ကိုယ်ရည်ကိုယ်သွေးများ(personalities)တို့က ကျွန်ုပ်တို့၏ လုပ်ဖော်ဆောင်ဖက်များနှင့် ရာထူးဝန်ထမ်းများအား လစ်လျူရှုသည်အထိ ကျွန်ုပ်တို့အား တွန်းအားပေးကြသည်ဆိုပါက တစ်ခုခုချို့ယွင်းချက်ရှိနေပြီဟု နားလည်ရမည်ဖြစ်သည်။ ဤဘက်မညီမှုကို ၎င်းအတိုင်းကြည့်ထားပါက ရေရှည်တွင် ကျွန်ုပ်တို့သည် ထိရောက်ထက်မြက်သော ခေါင်းဆောင်ဖြစ်နိုင် မည်မဟုတ်ပေ။ ၎င်းအပြင် ကျွန်ုပ်တို့အား အလုပ်သမားများ၏ ရုပ်ပိုင်းရော စိတ်ပိုင်းပါမက စိတ်ဝိညာဉ်ပိုင်းအထိ စဉ်းစားပေးသည့်အပြင် ၎င်းတို့ထုတ် လုပ်သော ထုတ်ကုန်အရည်အသွေးအထိပါ ထည့်သွင်းစဉ်းစားပေးသော ဘက်စုံ ခေါင်းဆောင်အဖြစ် ရပ်တည်နိုင်တော့မည် မဟုတ်ပေ။ ကျွန်ုပ်တို့၏ လုပ်ငန်းနှင့်

ပတ်သက် မည်သည့်အရာ(what)နှင့် မည်သို့မည်ပုံ(how)တို့ကို ဘက်ညီအောင် လုပ်ရန်လိုသည်။ အသင်းအဖွဲ့၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရန် အခြားသူတို့နှင့် မည်သို့မည်ပုံ အတူ လုပ်သည် ဆိုခြင်းနှင့် အဖွဲ့အစည်းတစ်ခု အနေဖြင့် မည်သည့်အရာကို အောင်မြင်အောင် လုပ်ကြသည်ဆိုခြင်းတို့သည် သင်တင့်လျောက်ပတ်စွာ ဘက်ညီမှုရှိရမည်ဖြစ်သည်။ ဝန်ထမ်းများအပေါ် ဆက်ဆံရေး၊ ဝန်ထမ်းများ အနေဖြင့် အဖွဲ့အစည်းအပေါ် မည်သို့သဘော ထားသည်တို့သည် ရလဒ်ကောင်းအတွက် ကြိုးစားရာ၌ မမေ့အပ်သော အရာများဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုရလျှင် ရလဒ်မျှော်ကိုးသော ခေါင်းဆောင်မှုပုံစံသည် အဖွဲ့သားများ၏ လိုအပ်ချက်များကို လစ်လျူရှုခြင်း၊ တန်ဖိုးမထားခြင်း၊ အလေးဂရုမပြုခြင်းပြုမည်ဆိုပါက ချို့ယွင်းချက်ရှိသောပုံစံဖြစ်သည်ဟု ဆိုရပေမည်။ ဤပုံစံဖြင့် ခေါင်းဆောင်မှုပေးမည်ဆိုပါက အမြင်ကျဉ်းရာကျမည်ဖြစ်ပြီး တန်ပြန်အကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။ ၎င်းအပြင် အကျိုးရလဒ်ကိုသာ အလွန်အကျွံအလေးထားပါက အကောင်းအားဖြင့် အခွံသာပါသော ရလဒ်သာ ရမည်ဖြစ်ပြီး အဆိုးအားဖြင့်ဆိုပါက အန္တရာယ်ရှိသောရလဒ်သာ ထွက်ပေါ်လာ မည်ဖြစ်သည်။ အရည်အချင်းကို လစ်လျူရှုပြီး အရေအတွက်ကိုပါ ဂရုစိုက်ပါက အကျိုးရလဒ်အဖြစ် အပေါစားသာရမည်ဖြစ်သည်။ အနှစ်သာရကို ဂရုမစိုက်ဘဲ ပုံစံကိုကြည့်ပြီး ကျေနပ်နေကြပြီး ကျွန်ုပ်တို့၏ ပင်မတန်ဖိုးတရားများကို လစ်လျူရှုပြီး အဖွဲ့အစည်းပိုင်းဆိုင်ရာ အောင်မြင်မှုလောက်ကိုသာ ဂရုစိုက်မည်ဆိုပါက ရလဒ်သည် အပေါစားသာရမည်ဖြစ်သည်။ ဥပမာအားဖြင့် အသင်းတော်တစ်ပါး၌ အသင်းသားဦးရေနှစ်ဆ သို့မဟုတ် သုံးဆတိုးပွားလာခဲ့သော်လည်း သို့မဟုတ် လှပသောအဆောက်အဦးတစ်ခု ဆောက်လုပ်ခဲ့သော်လည်း ပြည်သူတို့၏ အသက်တာဘဝများ တိုးတက်ပြောင်းလဲသွားခြင်း မရှိခဲ့လျှင် သို့မဟုတ် ုံးဝန်ထမ်းများအနေဖြင့် အလုည့်စားခံရသည်ဟု ခံစားခြင်း သို့မဟုတ် တန်ဖိုးမထားဟု ခံစားခြင်းဖြစ်ခဲ့သော် ဤ 'အောင်မြင်မှု' ပုံရိပ်ထဲမှ တစ်ခုခု ပျောက်ဆုံးနေကြောင်း သိထားရမည်ဖြစ်သည်။

အသင်းအဖွဲ့အတွင်း အကျိုးရလဒ်အပေါ် အထူးအလေးထားခြင်းသည် ၎င်း အဖွဲ့အစည်းအတွက် အလုပ်လုပ်သောသူများအတွက် အန္တရာယ်ရှိလာနိုင်ပါ သည်။ အသင်းတော်အတွက်ဆိုပါက အသင်းသူ၊ အသင်းသားများအတွက် အန္တရာယ်ရှိလာနိုင်ပါသည်။ အောင်မြင်မှု၊ ပုံပန်းသဏ္ဍာန်နှင့် အဆင့်အတန်း တို့အပေါ် အလွန်အကျွံတန်ဖိုးထားသော မည်သည့်အဖွဲ့အစည်းမဆို လူတို့အား တစ်ဦးအတွက် နောက်တစ်ဦးက အလုပ်လုပ်ပေးကြရန် ဖိအားပေးခြင်းခံကြရသည်။ မိမိတို့၏ တန်ဖိုးကို အခြားသူတို့နှင့် ဆက်ဆံရေးအဆင်ပြေမှုအပေါ်ကိုအပေါ်ယံ

အားဖြင့်ကြည့်ပြီး မိမိတို့၏တန်ဖိုးကိုဖြတ်ကြသည်ဟု ယုံကြည်သူတို့အနေဖြင့် မိမိတို့၏ ုန်းကန်မှုအခက်အခဲများကို ဖုံးဖိတတ်ကြပြီး ၎င်းတို့၏အောင်မြင်မှုများကို ပုံကြီးချဲ့တတ်ကြပါသည်။ အပေါ်ယံအပြင်ပန်းအားဖြင့် တစ်ဦးကိုတစ်ဦး အကဲဖြတ် တန်ဖိုးဖြတ်ခြင်းသည် ပို တိုးလာမည်ဖြစ်သည်။ ကြိုးစားပန်းစား နေသူများအတွက် ပတ်ဝန်းကျင်အခြေအနေသည် စိတ်ပိုင်းဆိုင်ရာနှင့် ခံစားချက်ပိုင်းအရ မလုံခြုံတော့သော အခြေအနေသို့ ရောက်လာနိုင်ပါသည်။ လုပ်ငန်းကျွမ်းကျင်သူ တို့အတွက်ပင်လျှင် အခြေအနေသည် အောင့်အီးသည်းခံခြင်းငှာ မဖြစ်နိုင် တော့သည့် အခြေအနေသို့ ဆိုက်ရောက်လာသဖြင့် အဖွဲ့အစည်းအတွင်း လုပ်ဖော် ဆောင်ဖက်များအား ကြည့်ရှုစောင့်ရှောက်ခြင်း၊ အိမ်ရှိမိသားစုနှင့် မိဘများအား ချစ်ခင်ယုယခြင်းကိုပင် ထိခိုက်လာနိုင်ပါသည်။[၁]

အဘယ့်ကြောင့်နည်း။ အကန့်အသတ်ဆောင်ပြီး မှားယွင်းတတ်သော လူသားများဖြစ်သဖြင့် ကျွန်ုပ်တို့သည် မိမိတို့၏ဘဝအသက်တာအတွက် ဘုရား သခင်၏ကျေးဇူးတော်နှင့် တစ်ဦးကိုတစ်ဦး မှီခိုနေကြသူများဖြစ်ကြသည်။ ကျေးဇူးတော်ကို တန်ဖိုးထားခြင်း၊ တစ်ဦးကိုတစ်ဦး အားပေးထောက်ခံနေ ကြသော တစ်ဦးချင်းပုဂ္ဂိုလ်များ၊ လုပ်ဆောင်မှုစံထားချက်များကို ထိန်းသိမ်းခြင်း၊ အဖွဲ့အစည်း အောင်မြင်ရေးအတွက် အခွင့်အလမ်းများဖန်တီးပေးခြင်း စသည်တို့ရှိသော ပတ်ဝန်းကျင်၌ ကျွန်ုပ်တို့အကောင်းဆုံးနေထိုင်နိုင်ကြပါသည်။[၂] မြင့်မားသော မျှော်လင့်စောင့်စားမှုများသည် ကျွန်ုပ်တို့ထဲမှ အကောင်းဆုံးကို ပေါ်ထွက်စေပြီး ရပ်ရွာအတွင်း ပါဝင်သူများအဖြစ်နှင့် အလုပ်သမားများအဖြစ်ဖြင့် ကျွန်ုပ်တို့သည် တတ်နိုင်သည့်အတိုင်းအတာဖြင့် ပါဝင်အကျိုးပြုကြသည်။ သို့သော် စံထားချက်များကို အမြင့်ကြီး၌မထားရှိသင့်ပေ။ မြင့်မားလွန်းပါက ၎င်းကို လက်လှမ်းမှီအောင် ကျွန်ုပ်တို့ဖိအားပေး ခြင်းခံစားသွားနိုင်ပြီး မိုးသားသည့်နည်း သို့မဟုတ် ရက်စက်သည့်နည်းလမ်းများ သုံးစွဲကောင်းသုံးစွဲကြမည်ဖြစ်သည်။ အကျိုးရလဒ်များနှင့် စွမ်းဆောင်ရည်ကို အလွန်အကျွံအလေးထားသော ခေါင်းဆောင်များအနေဖြင့် ၎င်းတို့၏ အလုပ်သမားများကောင်းစားရေးအပေါ် လုံလောက်သော ကျေးဇူးတရား အတိုင်းအတာနှင့်စစ်မှန်သော ဂုဏာသက်မှု မရှိပါက အလုပ်သမားများက ိုးသားခြင်းသည် လုံခြုံမှုမရှိဟု ခံစားသွားနိုင်ပြီး ထိလွယ်ရှလွယ်ဖြစ်သွားကာ ၎င်းတို့လိုအပ်နေသောထောက်ခံမှုကို ရရှိရန် ကြိုးစားနိုင်ပါသည်။

အမှန်အားဖြင့် အကျိုးရလဒ်ကို အဓိကထားသော ခေါင်းဆောင်များသာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားနိုင်သည်မဟုတ်ပေ။ ဥပမာအားဖြင့် အခြားတစ်ဘက်တွင် လုပ်ဖော်ဆောင်ဖက်များ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်ရေးကို အဓိကထားလွန်းပါကလည်း ၎င်းသည် ထူးခြားသော အကျိုးရလဒ်

မျှော်ကိုးသော ခေါင်းဆောင်မှုတစ်မျိုးဖြစ်နေပြန်ပါသည်။ ဤအမျိုးအစားတွင် ပါဝင်သူတို့အနေဖြင့် အကျိုးရလဒ်များ(results)အပေါ် အလွန်အကျွံ အလေးထားခြင်းသည် အပြင်ပန်းအားဖြင့် ထူးခြားသည်ဟုထင်ရပါသည်။ ပေးထားသော အလုပ်တာဝန်ကို ပြီးစီးစေပြီး အဖွဲ့အစည်း၏ ပန်းတိုင်ကို ရောက်ရှိရေးအပေါ် အလေးထားရမည့်အစား ကျွန်ုပ်တို့သည် ပုဂ္ဂိုလ်ရေး ရေပန်းစားခြင်းနှင့် အဖွဲ့သားများ၏ ကျေနပ်မှုကို အဓိကထားကြသည်။

လူတို့ကို အလေးထားလွန်းသော ခေါင်းဆောင်မှုသည် ဆုံးရှုံးခြင်းနှင့် စိတ်ပျက်ခြင်းကို ကြုံတွေ့ရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ အဓိကပန်းတိုင်သည် လူတိုင်း၏ ကြိုက်နှစ်သက်မှုဖြစ်ပါက အသင်းအဖွဲ့အတွက် ဆောင်ရွက်ရန် လိုအပ်သောအရာများ(ဥပမာ ပဋိပက္ခကို ရှောင်ရှားရန်ကြိုးပမ်းမှု)ကို ပြုလုပ်ရန် ပျက်ကွက်သွားမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ပြုမူလုပ်ဆောင်ချက်သည် အဖွဲ့ဝင်တစ်ဦးတစ်ယောက်အား ထိခိုက်နစ်နာစေလိမ့်မည်ဟု ကျွန်ုပ်တို့ စိုးရိမ်နိုင်ပါသည်။ ကျွန်ုပ်တို့၏ အရေးယူလုပ်ဆောင်မှုမရှိခြင်းသည် တစ်စုံတစ်ဦးအား စိတ်အနှောင့်အယှက်ဖြစ်စေနိုင်သည်ကို မသိဘဲဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့၏ လုပ်ဖော်ဆောင်ဖက်များအပေါ် ဘုရားသခင်၏ မေတ္တာတော်နှင့် ကျေးဇူးတော်ကို ဖော်ပြသူများအဖြစ် ကျွန်ုပ်တို့ကိုယ်ကို မှတ်ယူပါက ကျွန်ုပ်တို့၌ အကောင်းဆုံး စိတ်ထားများ ရှိရမည်ဖြစ်သည်။ သို့သော် စိတ်ပျက်ဖွယ်ခေါင်းဆောင်မှုနှင့် အဆုံးသတ်သွားနိုင်ပါသည်။ ကျွန်ုပ်တို့၏ အုပ်ချုပ်စီမံမှုအဖွဲ့၊ အသင်းသားများနှင့် အလှူရှင်များ၏ လေးစားမှုနှင့် ထောက်ခံမှုကိုဆုံးရှုံးသော အကျိုးရလဒ်များဖြင့် အဆုံးသတ်နိုင်ပါသည်။

ကျွန်ုပ်တို့၏ ံးဝန်ထမ်းများနှင့် အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များအပေါ် ဂရုစိုက်ခြင်းကြောင့် ကျွန်ုပ်တို့၏ အတွေးအခေါ်နှင့်ခေါင်းဆောင်မှု၌ ကျွန်ုပ်တို့ အဖွဲ့အစည်း၏ အလုပ်တာဝန်များ လစ်လျူသွားသည်အထိ မဖြစ်သင့်ပေ။ ကျွန်ုပ်တို့သည် ခေါင်းဆောင်များအနေဖြင့် အသင်းအဖွဲ့အရေးကို ဦးစားပေး ရမည့်အစား အသင်းအဖွဲ့မှ ပုဂ္ဂိုလ်များကို ပိုမိုဦးစားပေးသွားမိပါက ဘက်မညီ ဖြစ်သွားပြီး ထိရောက်စွမ်းဆောင်မှုရှိသော ခေါင်းဆောင်များဖြစ်နိုင် တော့မည် မဟုတ်ပေ။ ကျွန်ုပ်တို့၏ လုပ်ငန်းတာဝန်ကို လစ်လျူပြီး အဖွဲ့အစည်းမှ ပုဂ္ဂိုလ်တို့၏ ခံစားချက်များနှင့် အတွေ့အကြုံတို့ကို အလွန်အကျွံ အလေးထားပါက ကျွန်ုပ်တို့၏နောက်၌ လူအမြောက်အမြား ရှိနေသည့်တိုင် ကျွန်ုပ်တို့သည် ခေါင်းဆောင်ပီသတော့မည်မဟုတ်ပေ။ လူဆိုးခေါင်းဆောင်များသည် ၎င်းတို့၏ နောက်လိုက်များအား မိမိတို့ကိုယ်ကျိုးအတွက် ပျက်ကိန်းသို့ ဆိုက်ရောက် စေကြသည်။ ဝိညာဉ်အနှစ်သာရပြည့်ဝသော ခေါင်းဆောင်များမှာမူ သခင်ခရစ်တော်အတွက်နှင့် ဘုရားသခင့်နိုင်ငံတော်အတွက် နောက်လိုက်များအား ရရှိကြခြင်းဖြစ်သည်။

# လိုအပ်သောအရာ

ခေါင်းဆောင်မှု၌ လိုအပ်သောအရာမှ ဘက်ညီသော ခေါင်းဆောင်မှုပုံစံဖြစ်သည်။ မှန်ကန်သော အကျိုးရလဒ်ကို မှန်ကန်သောနည်းဖြင့် ရရှိစေသော ခေါင်းဆောင်မှုဖြစ်ပါသည်။ ထိရောက်သောခေါင်းဆောင်မှုသည် အရည်အသွေးမြင့်မားသော အကျိုးရလဒ်များကို ရရှိစေသည့်အပြင် သာယာသော အလုပ်ပတ်ဝန်းကျင်ကို ဖန်တီးဖော်ထုတ်သော ခေါင်းဆောင်မှု ဖြစ်ပါသည်။

အကျိုးရလဒ်များသည် အလွန်အရေးကြီးကြသည်။ အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် အကျိုးရလဒ်များရရှိရေးအတွက် ခေါင်းဆောင်များနှင့် ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးကြရသည်။ တိုင်းတာ ရသော အကျိုးရလဒ်များသည် ကျွန်ုပ်တို့၏ ကြိုးစားပမ်းစားလုပ်ဆောင်ခဲ့ သည်များ၏ ထိရောက်မှုရှိမရှိကို ဆန်းစစ်အကဲဖြတ်စေနိုင်သောကြောင့် အကူအညီဖြစ်စေသည်။ တစ်ချိန်တည်းတွင် အဖွဲ့အစည်းအတွင်းရှိ အလုပ်သမားများအား ကောင်းမွန်စွာ ဆက်ဆံပြီး ကြည့်ရှုစောင့်ရှောက်ခြင်းသည်လည်း အလွန်အရေးကြီးပါသည်။ အဘယ့်ကြောင့်ဆိုသော် မည်သည့်အလုပ် သမားဖြစ်စေ၊ မည်သည့် ရာထူးဖြင့်ဖြစ်စေ၊ လေးစားစွာ ဆက်ဆံထိုက်သူများ ဖြစ်ကြသောကြောင့်ဖြစ်သည်။ ၎င်းအပြင် လက်တွေ့ကျသော ရှုထောင့်မှကြည့်လျှင် သာယာပျော်ရွှင်ဖွယ် ကောင်းသော လုပ်ငန်းပတ်ဝန်းကျင်ရှိပါက အလုပ်သမားများနှင့် အခြားဝန်ထမ်းများထဲမှ အကောင်းဆုံးကို နှိုက်ထုတ်နိုင်သဖြင့် လုပ်ငန်း၏ရေရှည် အောင်မြင်မှုအတွက် အကျိုးဖြစ်ထွန်းစေပါသည်။

ထိရောက်သောခေါင်းဆောင်မှု၏ အစိတ်အပိုင်းအားလုံးကို ကျွန်ုပ်တို့ ကောင်းစွာသိရှိသည့်တိုင် မည်သို့ဘက်ညီစွာ ပြုမူလုပ်ဆောင်ရမည်ကို လည်းကောင်း၊ ကျွန်ုပ်တို့၏ လုပ်ငန်းခွင်ဝန်းကျင်အခြေအနေကို ပြောင်းလဲရန် မည်သို့လုပ်ဆောင်ရမည်ကိုလည်းကောင်း မသိဘဲဖြစ်နိုင်ပါသည်။ မှန်ကန်သော အလုပ်ဟူသည် အဘယ်နည်းဟူသည်ကို ကျွန်ုပ်သိသည်ဟု ယူဆပြီး လက်တွေ့လုပ်ကြည့်သောအခါ ကိုးရိုးကားယားနိုင်ပြီး အတင်း လုပ်သကဲ့သို့ဖြစ်ကာ လုံခြုံမှုကင်းမဲ့သည်ဟု ခံစားခဲ့ရသည်။ တစ်ခါတစ်ရံ ဝန်ထမ်းများကို ကူညီရာ၌ ကျွန်ုပ်စိတ်ရင်းအတိုင်းမဟုတ်ဘဲ ၎င်းတို့ကြားချင် သောစကား ပြောပေးခြင်း၊ ၎င်းတို့ နှစ်သက်မည့်အရာတစ်ခုခုလုပ်ပေးခြင်း တို့ကို ပြုလုပ်ပါသည်။ ကျွန်ုပ်၏ စိတ်ထဲ၌ တင်းမာမှုများခံစားခဲ့ရသဖြင့် ၎င်းကြောင့် အကျိုးရလဒ်ကောင်းများ ထွက်မလာခဲ့ပေ။

လူပုဂ္ဂိုလ်များ သို့မဟုတ် ဆက်ဆံရေးများအပေါ် အလွန်အကျွံ အလေးထားသော ခေါင်းဆောင်များအနေဖြင့် ပန်းတိုင်များ၊ သတ်မှတ်ရက်များနှင့် ဦးစားပေးမှုများကို မျက်ခြေမပြတ်ရန် ကြိုးစားကြမည်ဖြစ်သော်လည်း အခြားသူတို့၏

တောင်းဆိုမှုများ၏ ဝန်ပိခြင်းကို ကိုယ်တိုင်ခံစားလေ့ရှိတတ်သည်။ ၎င်းတို့၌ ကြီးမားသော အကျိုးရလဒ်များကို မွေးထုတ်ပေးမည့် စီမံကိန်းများ ရှိမည်ဖြစ်သော်လည်း မိမိတို့ကို ဝိုင်းရံနေကြသူတို့၏ ခံစားချက်များနှင့် လိုလား ချက်များ၏ တုတ်နှောင်မှုကို ခံစားကြရပြီး လုပ်ငန်းရည်မှန်းချက်များပြီး မြောက်စေမည့် လွတ်လပ်မှုကို လက်လွှတ်ဆုံးရှုံးကြရသည်။ သူတစ်ပါးအတွက် စဉ်းစားပေးခြင်းနှင့် အခြားသူတို့၏ သဘောကျမှုကို လိုချင်ခြင်းသည် ုံး သို့မဟုတ် ကော်မတီအဖွဲ့များ၏ နေ့စဉ်အသက်တာဘဝ၌ လက်တွေ့တွင် ဖြည့်ဆည်းပေးရန် လွယ်ကူမည် မဟုတ်ပေ။

ဤသို့ဆိုလျှင် ပိုမိုထိရောက်သော စစ်မှန်သည့်ခေါင်းဆောင်ဖြစ်လာရေး အတွက် အဖြေကားအဘယ်နည်း။ ပိုမိုကြိုးစားခြင်းမဟုတ်ပါ။ အချိန်ကုန် လူပန်းံုသာရှိပေမည်။ ပိုမိုနှစ်သက်ဖွယ်ဖြစ်အောင် ကြိုးစားခြင်းလည်း မဟုတ်ပါ။ အခြားသူတို့အား ကူညီခြင်းအားဖြင့် ကျွန်ုပ်တို့အပေါ် ပိုမိုအကောင်းမြင် စိတ်ထားရှိလာသဖြင့် အလုပ်ဖြစ်သည်ဟု ယူဆသည့်တိုင် ကျွန်ုပ်တို့၏ အတွင်းစိတ်၌ကား ဗလောင်ဆူဝေဖြစ်နေမည်ဖြစ်သည်။

စိတ်ပျက်ခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ ဒေါသထွက်ခြင်း၊ မျက်နှာပူခြင်း စသည်တို့မရှိပါဟု ဟန်ဆောင်ကြပါက ၎င်းသည်လည်း အလုပ်ဖြစ်မည် မဟုတ်ပေ။ မိမိတို့ကိုယ်ကို မည်မျှပင်ချုပ်တည်းကြစေကာမူ ကျွန်ုပ်တို့၏ ခံစားချက်များသည် တစ်နည်းနည်းဖြင့် ထွက်ပေါက်ရှာကာ ပွင့်အံပေါက်ကွဲ သွားနိုင်ပါသည်။ ပါးလုပ်စွာဖုံးဖိထားသော ရန်လိုမှုကို ဖုံးကွယ်နိုင်ခြင်း မရှိသော ကောက်ချက်များနှင့် အဆိုးမြင်အသံတိတ်ဆက်သွယ်မှုများသည် စိုးရိမ်ပူပန်မှုများနှင့် အရေးကိစ များအပေါ် တဲ့တိုးပြောခြင်းထက် ပိုမိုဆိုးရွား သောရလဒ်များကို ပေါ်ပေါက်စေနိုင်ပါသည်။

အကယ် သင်သည် လူတို့အား ပျော်မြူးစေသူဖြစ်သဖြင့် သူတို့အပေါ် သင်၏လိုအင်ဆန္ဒကို ဩဇာညောင်းကာ ၎င်းတို့၏ဆန္ဒကို ပိတ်ပင်ခြင်းဖြင့် သင်၏ အလုပ်တာဝန်ကို အာရုံစိုက်သူဖြစ်ပါက ၎င်းသည်လည်း အလုပ် ဖြစ်မည်မဟုတ်ပေ။ ၎င်းကို သင်၏နှလုံးသားက ခံနိုင်မည်မဟုတ်ပေ။ သင်၏ဆက်ဆံရေး၌ လိုအပ်ချက်များမရရှိသဖြင့် သင်သည် စိတ်မအီမသာဖြစ်ပြီး အလိုမကျ ဖြစ်လာပေမည်။ ထိုအခါ သင့်အနီးဝန်းကျင်ရှိ လူတို့ကလည်း သင်၏ အာရုံစိုက်မှုကို ရရှိရန် မသင့်လျော်လှသောနည်းကို သုံးလာကြမည်ဖြစ်သည်။

အကျဉ်းအားဖြင့်ဆိုရလျှင် အကျိုးရလဒ်ကို အလေးထားခြင်းနှင့် လူထုကို အလေးထားခြင်းတို့ကို ဘက်ညီထိန်းကျောင်းပေးသော ခေါင်းဆောင်မှုနှင့် ထိရောက်သော ခေါင်းဆောင်မှုတို့သည် ထပ်တူထပ်မျှ မဟုတ်ပေ။ ကျွန်ုပ် တို့၏ အစွန်းရောက်မှုတစ်ခုခုကို အစားထိုးအလျော်ပေးရန် အစွမ်းကုန် ကြိုးပမ်းမှုများ၌ပင်

အားနည်းချက်များရှိနေဦးမည်ဖြစ်သည်။ တစ်စုံတစ်ခု လိုအပ်နေဆဲဖြစ်သည်။ ပိုမိုနက်ရှိုင်းပြီး ပိုမိုတန်ခိုးကြီးသောအရာ လိုအပ် နေဆဲဖြစ်ပါသည်။။။

ဘုရားသခင်သည် သူလိုလားတော်မူသော အသွေးအပွင့်များကို ယူဆောင်ပေးမည့် သူ့အားလေးစားတော်မူလျက် ဦးဆောင်သွားမည့် ခေါင်းဆောင်များကို အလိုရှိတော်မူသည်။ သို့ဖြစ် လိုအပ်သောအရာမှာ ကျွန်ုပ်တို့၏ ခေါင်းဆောင်မှုကို အကြီးအကျယ်ပြောင်းလဲစေမည့်၊ ကျွန်ုပ်တို့၏ အတွင်းဘဝဖြစ်သော နှလုံးသား၊ စိတ်နှင့်ဝိညာဉ်အားလုံး ပြောင်းလဲခြင်းဖြစ်သည်။ ထိရောက်သောခေါင်းဆောင်ဖြစ်ခြင်း၌ ပြင်ပသြဇာလွှမ်းမိုးမှုများပါရှိမည် ဖြစ်သော်လည်း စစ်မှန်သော ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်လာရေးအတွက် အတွင်းအဖွဲ့ဘာ ပြောင်းလဲခြင်းသည်သာ အဓိကဖြစ်ပါသည်။

အတွင်းအဖွဲ့ဘာ ပြောင်းလဲခြင်းသည် ပုဂ္ဂိုလ်ရေးနှင့် အသက်မွေးဝမ်းကျောင်း အရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခက်ခဲသောအလုပ်ကို လုပ်ဆောင်ရန် ဆန္ဒရှိခြင်းနှင့် ဆက်ကပ်ခြင်းအားဖြင့် အစပြုပါသည်။ ကျွန်ုပ်တို့သည် ပိုမို ပြည့်ဝစုံလင်သော လူပုဂ္ဂိုလ်ဖြစ်လာသောအခါ ကျွန်ုပ်တို့၏ ခေါင်းဆောင်မှု စွမ်းရည်လည်း ပိုမိုထက်မြက်လာပြီး၊ ပိုမိုကျယ်ပြန့်နက်ရှိုင်းလာမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် လူပုဂ္ဂိုလ်အဖြစ် ဖွံ့ဖြိုးတိုးတက်ရာ၌ ခံစားချက်အရဖြစ်စေ၊ လူမှုရေးအရဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာအရဖြစ်စေ၊ ဝိညာဉ်ရေးအရဖြစ်စေ ဖွံ့ဖြိုးတိုးတက်သည်ကို တန်ဖိုးထားရန် လိုပါသည်။ ထိုအခါ လူပုဂ္ဂိုလ်အဖြစ် ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ ခေါင်းဆောင်များအဖြစ်လည်း တိုးတက်လာမည် ဖြစ်သည်။

တစ်ဖက်မှ အသက်မွေးဝမ်းကျောင်းပိုင်းအားဖြင့် ဖွံ့ဖြိုးတိုးတက်ရေးသည် လည်း အလွန်အရေးကြီးပါသည်။ သင်းအုပ်ဆရာများ သို့မဟုတ် အမှုတော် ဆောင်ခရစ်ယာန်ခေါင်းဆောင်များအား အသက်မွေးဝမ်းကျောင်းပြုသူများ သို့မဟုတ် ပညာသည်များ (professionals)ဟု အချို့က ခေါ်ဝေါ်သုံးစွဲသည်ကို ကန့်ကွက် သူများလည်း တစ်ခါတစ်ရံရှိမည်ဖြစ်သည်။ အချို့က ခရစ်ယာန်ခေါင်းဆောင် တစ်ယောက်၏ အနာဂတ်ဟောကိန်းစွမ်းရည်ကို ယုတ်လျော့ စေလိမ့်မည်ဟု စိုးရိမ်ကြသည်။ အချို့ကမူ မွန်မြတ်သော ဘုရားသခင်၏ ခေါ်တော်မူခြင်းသဘာဝကို ညစ်ထေးစေလိမ့်မည်ဟု စိုးရိမ်ကြသည်။ ခရစ်ယန်ခေါင်းဆောင်များအနေဖြင့် သက်သေကောင်းတစ်ဦးအဖြစ်နှင့် တက်ကြွသော ဝိညာဉ်အနှစ်သာရ ပြည့်ဝခြင်းတို့ကို ထိန်းသိမ်းထားသည်ကို ကျွန်ုပ်လည်း အလေးအနက်ထားပါသည်။ ထို့ကြောင့် ပညာသည် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပြုသူဟု အခေါ်ခံရသည်ကို မကြောက်ပါ။

အမှန်အားဖြင့် ၎င်းကို ကျွန်ုပ်ကြိုဆိုပါသည်။ အကြောင်းမှာ ပညာသည်ဟူသည် မြင့်သော စံထားချက်များ၊ ဂုဏ်သိက္ခာနှင့် ကျွမ်းကျင်သော ဝန်ဆောင်မှုတို့၌ ဆက်ကပ်ခြင်းကို ရည်ညွှန်းသောကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ခေါင်းဆောင်ဖြစ်နိုင်ခြေများ(potentialities as leaders) ကိုရောက်ရှိရန် အတွက် ကျွန်ုပ်တို့ကိုယ်ကို ပညာသည်များအဖြစ် ရှုမြင်ရန် လိုအပ်ပါသည်။ ပညာသည်တစ်ဦးဖြစ်ရန် ကျွန်ုပ်တို့သည် အဖက်ဖက်မှ ဖွံ့ဖြိုးတိုးတက်ကြရမည်ဖြစ်သည်။

အရေးကြီးသည်မှာ လက်တွေ့လုပ်ဆောင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ခါးတောင်းကြိုက်ပြီး အင်္ကျီလက်ကိုခေါက်ကာ ရှိသမျှ အရင်းအမြစ်များကို ထုတ်လျက် ကျွန်ုပ်တို့ကိုယ်တိုင် တိုးတက်ရေးအတွက် အချိန်ပေး ခွန်အားစိုက်ထုတ်ကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ အလုပ်များကို ပိုမိုကောင်းမွန်စွာ လုပ်တတ်ရန် သင်ယူရမည်ဖြစ်သည်။ အသိပညာ ပိုမိုကြွယ်ဝရန်နှင့် မဟာဗျူဟာသစ်များ၊ နည်းဗျူဟာသစ်များဖြင့် ကြိုးစားရန် ပြုလုပ်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ကိုယ်ပိုင်ပုဂ္ဂိုလ်ရေးအလုပ်များကို ပိုမိုကောင်းမွန်စွာနှင့် ပိုမိုရင့်ကျက်စွာလုပ်တတ်ရန် ကြိုးစားရမည်ဖြစ်ပြီး ကျွန်ုပ်တို့၏ အလုပ်များ၌ ပညာသည်အဆင့် ကျွမ်းကျင်မှုဖြင့် အကောင်းဆုံးလုပ်နိုင်ရန် ကြိုးစားရမည် ဖြစ်သည်။

အဖွဲ့မှာ အတွင်း ပြောင်းလဲခြင်း၌ တစ်ဦးနှင့်တစ်ဦး တူညီကြမည်မဟုတ်ပါ။ ပြောင်းလဲခြင်းကို ဖြစ်ပေါ်စေသော ဖြစ်နိုင်ခြေတွန်းအားများ၌ ပုံမှန်ပညာသင်ကြားခြင်း၊ အတွင်းရောဂါပျောက်ကင်းခြင်း၊ အဓိပ္ပာယ်ရှိသော ဆက်ဆံရေးများ၊ အခြားသူတို့နှင့် အတွေ့အကြုံများ ရရှိခြင်းနှင့် စိတ်ကုထုံးများ ပါဝင်မည်ဖြစ်သည်။ အဖွဲ့မှာ ပြုပြင်ပြောင်းလဲခြင်းသည် အပြုအမူပြောင်းလဲ ခြင်းများ(changes in behaviour) ကြောင့်လည်း ပေါ်ပေါက်လာနိုင်ပါသည်။ အပြုအမူပြောင်းလဲခြင်း၌ လုပ်ငန်းခွင်ပေါ်လစီများနှင့် လုပ်ပုံလုပ်နည်းများ လိုက်လျောညီထွေပြောင်းလဲခြင်း၊ ခေါင်းဆောင်မှု ဟန်ပန်သစ်များ အသုံးပြုခြင်း၊ ကျွန်ုပ်တို့၏ ဦးစားပေး အစီအစဉ်များကို ပြန်လည်စိစစ်ခြင်းတို့ ပါဝင်သည်။ ဤအပြောင်းအလဲများသည် သူတစ်ပါးကို ထိန်းချုပ်ရေးအတွက် အပေါ်ယံပြောင်းလဲခြင်းများမဟုတ်ဘဲ စစ်မှန်သော ပြောင်းလဲခြင်းများ ဖြစ်ရမည်ဖြစ်သည်။

ပုဂ္ဂိုလ်ရေးတိုးတက်မှုနှင့် ပညာသည်အဆင့်တိုးတက်မှုတို့ကို အကြီးမားဆုံး တွန်းအားပေးသူမှာ ကျွန်ုပ်တို့ကိုယ်တိုင်၏ ဝိညာဉ်အနှစ်သာရတိုးတက်မှုဖြစ် ပါသည်။ ဘုရားသခင်နှင့် ကျွန်ုပ်တို့ကြား ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစေပြီး ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာအသက်တာနှင့် ခေါင်းဆောင်မှုတို့ကို ပိုမိုကြွယ်ဝပြည့်စုံစွာ ပေါင်းစည်းဆက်စပ်တတ်လာသောအခါ ဝိညာဉ်အနှစ်သာရပြည့်ဝသော ခေါင်းဆောင်မှုကို နည်းလမ်းသစ်များဖြင့် စတင်နားလည် သဘောပေါက်လာကြမည်ဖြစ်သည်။ ကျွန်ုပ်တို့အထဲ၌ဖြစ်စေ၊ ကျွန်ုပ်တို့ပါဝင်သော အဖွဲ့အစည်းထဲ၌ဖြစ်စေ ဘုရားသခင် အလုပ်လုပ်တော်မူသည်ကို အာရုံစိုက်ခြင်းဖြင့် ခေါင်းဆောင်မှုကို ပြုပါက ကျွန်ုပ်တို့

ထင်ထားသည်ထက် ပိုမိုပြည့်စုံကြွယ်ဝသော အသက်တာဘဝကို ကိုယ်တိုင် ကြုံတွေ့ကြရမည် ဖြစ်သည်။

## ဝိညာဉ်အနှစ်သာရပြည့်ဝခြင်းနှင့် ဝိညာဉ်ရေးရာအလုံးစုံ ပြောင်းလဲခြင်း(Spirituality and Spiritual Transformation)

ဝိညာဉ်အနှစ်သာရပြည့်ဝခြင်း၏ သာမန်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် ကျွန်ုပ်တို့နှင့် ဘုရားသခင်တို့၏ ဆက်စပ်မှုအသိတရားဖြစ်သည်။ ဤစာအုပ်၏ ရည်ရွယ်ချက်များအတွက် ဓမ္မသစ်ကျမ်းလာ သွန်သင်ချက်များကို အခြေခံသော ခရစ်ယာန်ကိုးကားမှု မူဘောင်ကိုအမှန်ဟု ယူဆထားပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဖန်ဆင်းရှင်ဖြစ်ပြီး ဘုရားသခင်ပေးတော်မူသော အသက်အားဖြင့် ကျွန်ုပ်တို့ အသက်ရှင်ကြပါသည်(တမန်တော် ၁၇း၂၄–၂၈)။ ဘုရားသခင်သည် သူ၏ ဖန်ဆင်းခံသတ္တဝါများနှင့် ခြားနားသော်လည်း သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ယုံကြည်သူများအတွင်း ရှိတော်မူသည်(ဖေက် ၁း၁၃)။ ဖန်ဆင်းခံလူသားများ၌ မမြင်ရသော ဝိညာဉ်တော် ဖြစ်သည့် ကျွန်ုပ်တို့၏ ဖန်ဆင်းရှင်ဘုရားသခင်နှင့် ဆက်ဆံခြင်းကို ဖြစ်စေနိုင်သော ဝိညာဉ်ရေးရာ အတိုင်းအတာ(ဒိုင်းမင်းရှင်း)ရှိပါသည်(ယောဟန် ၄း၂၄)။ ကျွန်ုပ်တို့အထဲ၌ ရှိတော်မူသော ဘုရားသခင်၏ ဝိညာဉ်တော်သည် အတွင်းအဇ္ဈတ္တ အလုံးစုံပြုပြင် ပြောင်းလဲခြင်းကို ဖြစ်ပေါ်စေတော်မူပြီး၊ ဝိညာဉ်တော်လိုလားသော အသက်တာဖြင့် အသက်ရှင်ခွင့်တန်ခိုးအာဏာ ပေးတော်မူသည်(ဂလာတိ ၅း၁၆–၂၅)။

ခရစ်ယာန်အမြောက်အမြားအတွက် ဘုရားသခင်နှင့် ဆက်စပ်မှုသည် သခင် ခရစ်တော်နှင့် ခိုင်မာသော ပုဂ္ဂိုလ်ရေးဆက်ဆံမှုရှိခြင်းဖြစ်သည်။ ခရစ်ယာန် ခေါင်းဆောင်များအတွင်း ကျွန်ုပ်ပြုလုပ်သော ပုံစံကျမဟုတ်သည့် လေ့လာ ဆန်းစစ်ချက်တစ်ခုအရ သခင်ခရစ်တော်အပေါ် အာရုံစိုက်သော ဝိညာဉ်အနှစ်သာရပြည့်ဝခြင်းအဓိပ္ပာယ်အမျိုးမျိုးရှိပါသည်။ သင်းအုပ်ဆရာတစ်ပါးက ''ဝိညာဉ်အနှစ်သာရ ပြည့်ဝခြင်းသည် သခင်ခရစ်တော်ကဲ့သို့ အသက်ရှင် နေထိုင်မှုကို ဦးတည်သော သခင်ခရစ်တော်နောက်လိုက်ခြင်းဖြစ်သည်''ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။ အန်ဒိုဗာနယူးတန်ဓမ္မတက္ကသိုလ်(Andover Newton Theological Seminary) မှ အသင်းတော်သမိုင်းပညာရှင် မာ့က်ဘာရိုးစ်(Mark Burrows) သည် ဝိညာဉ်အနှစ်သာရပြည့်ဝခြင်းအကြောင်း ကို ကျယ်ပြန့်နက်ရှိုင်းစွာ လေ့လာခဲ့သူဖြစ်သည်။ သူက''ဝိညာဉ်အနှစ်သာရ ပြည့်ဝခြင်းသည် ခရစ်ယာန်အသက်တာဘဝကို အသက်ရှင်နေထိုင်ခဲ့သော အတွေ့အကြုံနှင့် ဖော်ပြချက်''(lived experience and expression of Christian Life) ဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

ဝိညာဉ်အနှစ်သာရပြည့်ဝခြင်းကို မည်သို့ပင် အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုကြစေကာမူ လူတို့၏ ဘုရားသခင်ကိုသိသော အသိနှင့် မိမိတို့အသက်တာဘဝများထဲ၌ ဘုရားသခင်ရှိနေတော်မူသောအသိတို့သည် အမျိုးမျိုးကွဲပြားနေကြ သည်။ မိမိတို့၏ ဘဝထဲ၌ သို့မဟုတ် မိမိတို့၏ ဝန်းကျင်၌ ဘဝအင်အားစုအဖြစ် မထင်မရှားသိရှိခြင်းအဆင့်မှ ကျွန်ုပ်တို့၏ တွေးခေါ်မှု၊ ခံစားချက်နှင့် အပြုအမူများအပေါ် ထူးခြားစွာ ဩဇာညောင်းလွှမ်းမိုးတော်မူသော ဘုရားသခင်နှင့် ခိုင်မာသည့် ဆက်စပ်မှုအသိတရားအဆင့်အထိ အမျိုးမျိုးကွဲပြားပါသည်။ ကျွန်ုပ်တို့၏ ဘုရားသခင်နှင့် ဆက်စပ်မှုအသိတရားကြီးမားနက်ရှိုင်းလေ ကျွန်ုပ်တို့၏ အသက်တာဘဝထဲ၌ ပိုမိုနေရာယူလေဖြစ်ပြီး၊ ကျွန်ုပ်တို့၏ ဝိညာဉ်အနှစ်သာရ ပြည့်ဝခြင်းလည်း ပိုမိုအရေးပါလေဖြစ်ပါသည်။

ဝိညာဉ်ရေးရာအလုံးစုံပြောင်းလဲခြင်း၌ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးအသက်တာဘဝကို ပိုမိုအရေးပါစေသော အတွင်းပြောင်းလဲမှုများ ပါဝင်ကြသည်။ ကျွန်ုပ်တို့၏ အသက်တာဘဝများ၌ ဝိညာဉ်ရေးရာအပိုင်းကဏ္ဍ သို့မဟုတ် အတိုင်းအတာ ရှိကြသည်။ သို့သော် ဝိညာဉ်ရေးရာအလုံးစုံပြောင်းလဲခြင်းကို ကြုံတွေ့ကြသည် မဟုတ်ပေ။ ဝိညာဉ်ရေးရာအလုံးစုံပြောင်းလဲခြင်းကို ကြုံတွေ့သူများ၏ အတွေ့အကြုံများသည်လည်း အတူတူမဟုတ်ပေ။ ကျမ်းစာရှုထောင့်မှကြည့်ပါက ဝိညာဉ်ရေးရာအလုံးစုံပြောင်းလဲခြင်းသည် ကျွန်ုပ်တို့ဘဝထဲ၌ ဘုရားသခင် အလုပ်လုပ်တော်မူခြင်း၌ အခြေခံပါသည်။ ၎င်း၌ ထင်သာမြင်သာရှိသော အသိဉာဏ်ဆိုင်ရာ ပြောင်းလဲမှုများ၊ ခံစားချက်ဆိုင်ရာ ပြောင်းလဲမှုများနှင့် အပြုအမူဆိုင်ရာ ပြောင်းလဲမှုများ ပါဝင်ကြသည်။

ပထမအားဖြင့် ဝိညာဉ်ရေးရာအလုံးစုံပြောင်းလဲခြင်း၌ အတ္တ အခြေပြု လောကအမြင် (self-centered worldview)နှင့် အတ္တ အကျိုးပြုဆောင်မှု (self-serving functioning)အဖြစ်မှ ဘုရားသခင်အခြေပြုရှုထောင့်နှင့် ဘုရားသခင်၏ ရည်ရွယ်ချက်များကို ဆက်ကပ်လုပ်ဆောင်ခြင်းအဖြစ်သို့ ပြောင်းလဲခြင်းပါဝင်သည်။ ခရစ်ယာန်များအတွက် ဘုရားသခင်ဗဟိုပြုတွေးခေါ်မှုနှင့် အသက်ရှင်နေထိုင်မှုသည် သုံးပါးတစ်ဆူ ဘုရားသခင်(အဖခမည်း တော်ဘုရား၊ သားတော်နှင့် ဝိညာဉ်တော်)ကို မိမိ၏ အသက်တာဘဝ၌ အခြေခံအဖြစ် ထားရှိခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် အသက်တာဘဝ၏ အရင်းအမြစ်ဖြစ်တော်မူသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ အသက်ကို ကယ်တင်တော်မူသည့်အပြင် အသက်တာဘဝ၌ ဘုရားသခင်ပေးသနားတော်မူသော ရည်ရွယ်ချက်အတိုင်း အသက်ရှင်သွားနိုင်သော တန်ခိုးအာဏာကို ကျွန်ုပ်တို့အား ပေးသနားတော်မူပါသည်။ ပုဂ္ဂိုလ်ရေးရှုထောင့်မှကြည့်ပါက ဝိညာဉ်ရေးရာ အလုံးစုံပြောင်းလဲခြင်းကြောင့် ကျွန်ုပ်တို့အပေါ် ထားတော်မူသော ဘုရားသခင်၏ မေတ္တာတော်ကို ပိုမိုနက်ရှိုင်းစွာ သိရှိလာရပြီး ဘုရား သခင်အား

ချစ်သောစိတ်သည်လည်း တိုးပွားလာပါသည်။ ကျွန်ုပ်တို့၏ ပြုပြင်ပြောင်းလဲမှု ကြီးမားလေ၊ ဘုရားသခင်၏ မေတ္တာတော်သည်လည်း ကျွန်ုပ်တို့ ၏ အသိတရား၊ အတွေးအခေါ်နှင့် နေထိုင်မှုဘဝထဲသို့ ပိုမိုနက်ရှိုင်းစွာ ထိုးဖောက်နေရာယူလာတော်မူလေ ဖြစ်သည်။

ဝိညာဉ်ရေးရာအလုံးစုံပြောင်းလဲခြင်း၏ ဝိရောဓိ(paradox)တစ်ခုမှာ ကျွန်ုပ်တို့၏ အတ္တ အကျိုးပြုအတွေးအခေါ်နှင့် အပြုအမူကို စွန့်လွှတ်ပြီး သခင်ခရစ်တော်နောက်သို့ လိုက်လျှောက်ပြီး ဘုရားသခင်အား ဆက်ကပ်မှုပြုကြသောအခါ ကျွန်ုပ်တို့၏ အကျိုးစီးပွားများအတွက် အကောင်းဆုံးလုပ်ဆောင်သွားခြင်းပင်ဖြစ်သည်။ တပည့်တော်များကို ပြောကြားတော်မူသော သခင်ယေရှု၏ စကားလုံးများက ဝိညာဉ်အနှစ်သာရပြည့်ဝခြင်း၏ ဝိရောဓိဆန်သော သဘာဝကို ဖော်ပြပါသည်။[၃] ကျွန်ုပ်တို့၏ အကျိုးစီးပွားများအတွက် အကောင်းဆုံးစဉ်းစားမည်ဆိုလျှင် သူတစ်ပါးကို ကြည်နူးစေရန် ကြိုးပမ်းခြင်းဖြင့် မိမိတို့ကိုယ်ကျိုးကို အလေးထားလုပ်ဆောင်ရမည့်အစား ၎င်းတို့ကို ရှုတ်ချပြီး သတင်းကောင်းအတွက် ဆက်ကပ်ကြပါဟု သခင်ယေရှုက မိန့်ကြားတော်မူသည်။ ၎င်းနှင့်ပတ်သက် သခင်ယေရှု၏ သွန်သင်ချက်ကို ရှင်မာကုက ဤသို့အနှစ်ချုပ် ဖော်ပြပါသည်။

> ကိုယ်တော်သည် တပည့်တော်တို့နှင့် ပရိတ်သတ်ကို အထံတော်သို့ ခေါ်တော်မူပြီးလျှင် ''ငါ့တပည့်ဖြစ်လိုသူသည် ကိုယ်ကျိုးစွန့်ရမည်။ ကိုယ့်လက်ဝါးကပ်တိုင်ကိုထမ်း ငါ့နောက်သို့လိုက်ရမည်။ မိမိ၏အသက်ကို ကယ်ဆယ်လိုသူသည် အသက်ဆုံးရှုံးရလိမ့်မည်။ ငါ့အတွက်နှင့် နှုတ်ကပတ်တရားတော်အတွက် အသက်ဆုံးရှုံးရသူသည် မိမိ၏အသက်ကို ကယ်ဆယ်လိမ့်မည်(မာကု ၈း၃၄–၃၅)။

ထို့နောက် ရှင်မာကုက ''အသက်''သည် သခင်ယေရှုအား တုံ့ပြန်မှုနှင့် သခင်ယေရှု အခိုင်အမာထုတ်ဖော်ကြေညာခဲ့သော သတင်းကောင်းအားဖြင့်သာလျှင် ရရှိနိုင်သည်ဟုဆိုခဲ့သည်။ အသက်ဟူသည် သခင်ယေရှုကို အပြည့်အဝယုံကြည်ပြီး သခင်ယေရှု၌ ဆက်ကပ်သူတို့အတွက် ရောက်ရှိလာပါသည်။ မိမိတို့ဘဝကို မိမိတို့ကြိုက်သလို ရှင်သန်စီမံခြင်းကိုစွန့်လွှတ်ပြီး သခင်ယေရှုနောက်သို့ မိမိတို့၏အသက်ကို မနှမြောဘဲ ဆင်းရဲခြင်းနှင့်အသေခံခြင်းအထိ လိုက်လျှောက် ဆက်ကပ်သူတို့က သက်သေပြခဲ့ကြသည်။ ပိုမိုကျယ်ပြန့်စွာကြည့်လျှင် ရှင်မာကုခရစ်ဝင်ကျမ်းအနေဖြင့် သခင်ယေရှုသည် လူတို့၏ ပြုပိုင်းဘဝကိုသာ ကယ်တင်လိုခြင်းမဟုတ်ဘဲ ဤဘဝမှ အစပြုပြီး နောင်ဘဝအထိ ဘဝ၏ အရည်အသွေးအကြောင်းကို ဟောကြားတော်မူခဲ့သည်။[၄]

ဤနေရာ၌ ကျွန်ုပ်တို့၏ရည်ရွယ်ချက်များအတွက် ဖော်ပြလိုသည်မှာ သခင်ယေရှု၏ အဓိကဆိုလိုရင်းမှာ အသက်တာဘဝ၏ အရည်အသွေးသည် ဘုရားသခင်နှင့် မှန်ကန်သောဆက်ဆံမှုရှိခြင်းမှအစပြုသည်ဟူသော အချက်ဖြစ်ပါသည်။ သခင်ယေရှု၏ အသက်တာလမ်းကဲ့သို့သော ဘဝမျိုးရရှိခြင်း၏ ဆန့်ကျင်ဘက်မှာ မိမိ၏အသက်တာဘဝကို ဆုံးရှုံးခြင်းဖြစ်သည်။ ဘုရားသခင်အား သိရှိခြင်း သို့မဟုတ် ဆက်ကပ်ခြင်းကို ဘေးဖယ်ပြီး မိမိကိုယ်ကို လည်းကောင်း၊ မိမိ၏ ဆန္ဒကိုလည်းကောင်း မြှင့်တင်ရေးကြိုးပမ်းမှုများပြုပါက မိမိဘဝကို ဆုံးရှုံးသွားမည်ဖြစ်သည်။ သို့ဖြစ် ''အသက်'' ရရန်အတွက် ကြိုးစားသဖြင့် ''အသက်'' ဆုံးရှုံးသွားခြင်းဝိရောဓိ၏အဖြေမှာ အတ ဆန့်ကျင်ခြင်းနှင့် အတ လိုလားခြင်းနှစ်ခုကြားရှိ ပဋိပက္ခမဟုတ်ဘဲ၊ ဘုရားသခင်နှင့် မှန်ကန်သော ဆက်ဆံရေးထားရှိရာမှ ရရှိလိုက်သော အသက်တာဘဝနှင့် ဘုရားသခင်ကို အားမကိုးဘဲ တစ်ကိုယ်တည်းဘဝဖြင့် နေထိုင်ရန်ကြိုးပမ်းခြင်းအကြား ပဋိပက္ခဖြစ်သည်။

ဇေဝေလီဆရာ ရှင်ယောဟန်က ပင်မဝိညာဉ်အနှစ်သာရပြည့်ဝခြင်းကို ထာဝရအသက်အဖြစ်လည်းကောင်း၊ သန့်ရှင်းသော ဝိညာဉ်တော်ထံမှ ပေါ်ထွက်လာသော အထူးအရည်အသွေးပြည့်ဝသည့် အသက်အဖြစ်လည်းကောင်း ဟောကြားခဲ့သည်။ ၎င်းကို ကျွန်ုပ်တို့သည် သဘာဝအလျောက် ရှင်သန်ရသော အသက်တာတစ်လျှောက် ပထမဆုံးအကြိမ် ကြုံတွေ့ရပြီး ၎င်းမှထာဝရ အသက်တာအဖြစ်သို့ ချဲ့ထွင်ကြပါသည်။ ရှင်ယောဟန်သည် ဤအယူအဆကို သခင်ယေရှုနှင့် နိကောဒီးမပ်စ်(နိကောဒင်)တို့အကြောင်း အားဖြင့်ရှင်းပြခဲ့သည်။ ၎င်း၌ သခင်ယေရှုက ဘုရားသခင်၏ နိုင်ငံတော်ထဲ၌ ပါဝင်ရေးတွင် ဝိညာဉ်တော်အားဖြင့် ပြန်လည်မွေးဖွားခြင်းဖြစ်သော ဝိညာဉ်ရေးရာအလုံးစုံ ပြောင်းလဲခြင်းရှိရန် လိုအပ်ကြောင်း မိန့်ကြားတော်မူခဲ့သည်။

> သခင်ယေရှုက ''ငါ အမှန်အကန်ဆိုသည်ကား ရေနှင့် ဝိညာဉ်တော်အားဖြင့် မွေးဖွားလာသူမဟုတ်လျှင် အဘယ်သူမျှ ဘုရားသခင်၏နိုင်ငံတော် သို့ မဝင်ရ။ အသွေးအသားအားဖြင့် မွေးဖွားသူသည် အသွေးအသား ဖြစ်၏။ ဝိညာဉ်တော်အားဖြင့် မွေးဖွားသူသည် ဝိညာဉ်ဖြစ်၏။ တစ်ဖန်မွေးဖွားခြင်းကို ခံရကြမည်ဟု ငါဆိုသည်ကို မအံ့သြကြနှင့်။ လေသည် မိမိတိုက်လိုရာသို့ တိုက်တတ်၏။ လေ၏အသံကို ကြားရသော်လည်း အဘယ်အရပ်မှ တိုက်လာသည်ကိုသော်လည်းကောင်း၊ အဘယ်အရပ်သို့ တိုက်လိမ့်မည်ကို သော်လည်းကောင်း မသိနိုင်။ ဝိညာဉ်တော်အားဖြင့် မွေးဖွားသူတိုင်းသည်လည်း ဤနည်းတူပင်ဖြစ်၏'' ဟု မိန့်တော်မူ၏ (ယော ၃း၅-၈)။

ထိုအခန်း၌ပင် သခင်ယေရှုက နီကောဒီမပ်စ်ကို ပြောပြခဲ့သော ဝိညာဉ်အား ဖြင့် မွေးဖွားခြင်းသည် ဝိညာဉ်တော်ထံမှ လာခြင်းဖြစ်ကြောင်း ရည်ညွှန်း တော်မူခဲ့သည်။ အကြောင်းမှာ လူသားများအပေါ် ဘုရားသခင်၏ ကြီးမားလှ သော မေတ္တာတော်ကြောင့်ဖြစ်ပြီး သားတော်ကိုစေလွှတ်ပြီး ကမ္ဘာလောကကို ကယ်တင်ခြင်းကိုကြည့်ခြင်းအားဖြင့် သိနိုင်ပါသည်။ ဘုရားသခင်၏မေတ္တာတော်နှင့် သခင်ယေရှု၏ အသေခံခြင်းတို့အတွက် လိုအပ်သောတုံ့ပြန်မှုမှာ ရှင်ယောဟန်က သူ၏ခရစ်ဝင်ကျမ်းအစောပိုင်း(ယော ၁း၂၉)တွင် ရည်ညွှန်းခဲ့သော လောက၏ အပြစ်များကို ယူဆောင်သွားသော သိုးသူငယ်တော် အဖြစ် သခင်ယေရှုအား ဖော်ပြခြင်းဖြစ်သည်။ သခင်ခရစ်တော်အား ယုံကြည်အပ်နှံခြင်းဖြင့် အပြစ်များမှ ခွင့်လွှတ်ခြင်းနှင့် ပြစ်ဒဏ်သင့်ခြင်းမှ လွတ်မြောက်ခြင်း အာမခံချက်ကို ရရှိကြမည် ဖြစ်သည်။

> ဘုရားသခင်သည် လောကသားတို့ကို လွန်စွာချစ်တော်မူသဖြင့် သားတော်အား ယုံကြည်သူအပေါင်းတို့သည် ပျက်စီးဆုံးပါးခြင်းမရှိဘဲ ထာဝရအသက် ကိုရစေခြင်းငှာ မိမိ၏တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူ၏။ သားတော်ကို လောကသို့ စေလွှတ်တော်မူသည်မှာ လောကသားတို့အား အပြစ်စီရင်ရန် မဟုတ်။ လောကသားတို့ကို ကယ်တင်ရန်ဖြစ်၏(ယော ၃း၁၆–၁၇)။

ဤအခန်းမှ ကျွန်ုပ်တို့ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုကို ဖော်ထုတ်နိုင်ပါသည်။ ၎င်းမှာ ဝိညာဉ်ရေးရာအလုံးစုံပြောင်းလဲခြင်း၌ သခင်ခရစ်တော်၌ ဘုရား သခင်အစပြုခဲ့တော်မူသော မေတ္တာတော်အား အသိအမှတ်ပြုခြင်း၊ ဘုရား သခင်၏ ဝိညာဉ်တော်ကို တက်ကြွစွာ ထိတွေ့ဆက်ဆံခြင်းနှင့် လောကကြီးကို ကယ်တင်ရန် အတွက် မိမိ၏အသက်ကို စွန့်တော်မူသော သခင်ယေရှုအား ဘုရားသခင်၏ သားတော်အဖြစ် သက်ဝင်ယုံကြည်ခြင်းတို့ ပါဝင်သည်။

တမန်တော်ရှင်ပေါလု၏ ရေးသားချက်များ၌လည်း ရှင်မာကုနှင့် ရှင်ယော ဟန်တို့ညွှန်ပြခဲ့သော ဝိညာဉ်အနှစ်သာရပြည့်ဝသောအသက်တာကို ထပ်မံ အတည်ပြုဖော်ပြပါသည်။ အထူးသဖြင့် သန့်ရှင်းသောဝိညာဉ်တော်၏ အလုံး စုံပြောင်းလဲခြင်းအခန်းကဏ္ဍကို အလေးထားဖော်ပြပါသည်။ ကိုးကားချက် အမြောက်အမြားထဲမှ ရှင်ပေါလုက ပင်မဝိညာဉ်အနှစ်သာရပြည့်ဝသော အသက် တာအား ပြစ်ဒဏ်သင့်ခြင်းနှင့် အပြစ်၏ အာဏာစက်အောက်မှ လွတ်မြောက်ခြင်း အဖြစ်ဖော်ပြပြီး၊ သခင်ခရစ်တော်နှင့် ဆက်ဆံသောသူတို့ အတွက် သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးကြောင့် ထိုသို့ လွတ်မြောက် ကြခြင်းဖြစ်သည်(ရောမ ၈း၁–၂)။ သူ၏ သွန်သင်ချက်ကို ‘‘ဘုရားသခင်၏ ဝိညာဉ်တော်ရှေ့ဆောင်

လမ်းပြမှုကို ခံယူသော သူတို့သည် ဘုရားသခင်၏ သားများဖြစ်ကြ၏''(ရောမ ၈း၁၄)ဟု အဆုံးသတ်ခဲ့သည်။

ဤအခန်း၏အဆုံးပိုင်းတွင် ရှင်ပေါလုက သခင်ယေရှုခရစ်တော်၌ သက်ဝင်ယုံကြည်မှုရှိသူတို့အပေါ် ဘုရားသခင်ထားရှိတော်မူသော မေတ္တာတော်၏ အရည်အသွေးနှင့်ပတ်သက် ဘုရားသခင်၏ မေတ္တာတော်သည် ထာဝရ တည်မြဲပြီး အားကိုးအားထားထိုက်သည်ဟု ဖော်ပြခဲ့သည်။ နိဂုံး၌

> ''အဘယ်ကြောင့်ဆိုသော် မည်သည့်အရာမျှ ငါတို့အား ကိုယ်တော်၏ မေတ္တာတော်နှင့် မကွဲမကွာစေနိုင်။ သေခြင်းဖြစ်စေ၊ အသက်ရှင်ခြင်း ဖြစ်စေ၊ ကောင်းကင်တမန်များဖြစ်စေ၊ ကောင်းကင်အာဏာပိုင်ဖြစ်စေ၊ ပစ္စုပ္ပန်အရာ ဖြစ်စေ၊ အနာဂတ်အရာဖြစ်စေ၊ ကောင်းကင်အထက်အရာ ဖြစ်စေ၊ မြေအောက် အရာဖြစ်စေ၊ ဖန်ဆင်းထားသော မည်သည့်အရာ ပင်ဖြစ်စေ၊ ငါတို့အရှင် ခရစ်တော်ယေရှုအားဖြင့် ဘုရားသခင်ဖော်ပြ တော်မူသော မေတ္တာတော်နှင့် ငါတို့အား မကွဲမကွာစေနိုင်ဟု ငါကေန် အမှန်သိသော ကြောင့်တည်း''(ရောမ ၈း၃၈–၃၉)ဟု ဖော်ပြပါသည်။

ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာအလုံးစုံပြောင်းလဲခြင်း၌ ဘုရားသခင်၏အခန်း ကဏ္ဍမှာ သခင်ယေရှုခရစ်တော်ကို ယုံကြည်ပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ရှားမှုကို ယုံကြည်မှုများအားဖြင့် ကျွန်ုပ်တို့အား ခွင့်လွှတ်ခြင်းနှင့် ထာဝရအသက် ပေးသနားတော်မူခြင်းဖြစ်သည်။ ကျွန်ုပ်တို့ဘက်မှ ကျွန်ုပ်တို့၏ ဝိညာဉ်အနှစ်သာရ ပြည့်ဝသော အသက်တာဘဝအတွက် လုပ်ဆောင်ရမည့်ကဏ္ဍမှာ ကျွန်ုပ်တို့ ဘုရား သခင်ပေးသနားတော်မူသော အရာအားလုံးအတွက် သင့်တော် လျောက်ပတ်သော နည်းများအားဖြင့် တုံ့ပြန်ရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် သက်ဝင် ယုံကြည်မှုဖြင့် စတင်ပြီး ဘုရားသခင်၏ အလိုတော်အတိုင်း လိုက်လျှောက် ထမ်းဆောင်ရန် ကျွန်ုပ်တို့၏ အသက်တာကို ဘုရား သခင်ထံတော်သို့ အပြည့်အဝ အပ်နှံရမည် ဖြစ်သည်။ ကျွန်ုပ်တို့၏ စိတ်ထား များကို သစ်လွင်စေပါက အလုံးစုံ ပြောင်းလဲခြင်းကို ရရှိခံစားကြမည်ဖြစ်သည်ဟု ရှင်ပေါလုက တုံ့ပြန်မှုကို ညွှန်ပြပါသည်။

> သို့ဖြစ် ညီအစ်ကိုတို့ ဘုရားသခင်သည် ငါတို့အား လွန်စွာ ကရုဏာ ထားတော်မူသောကြောင့် သင်တို့အား ငါတိုက်တွန်းနှိုးဆော်လိုသည်မှာ ကိုယ်တော်၏အမှုတော်ကို ဆောင်ရွက်ရန်နှင့် ကိုယ်တော်နှစ်သက်သော သက်ရှိယဇ်ကောင်သဖွယ်ဖြစ်ရန် သင်တို့၏ကိုယ်ကို ဆက်ကပ်ကြလော့။ ဤသည်ကား သင်တို့သည် ကိုယ်တော်အား မှန်ကန်စွာ ဝတ်ပြုကိုးကွယ် ခြင်းဖြစ်သည်။ သင်တို့သည် လောကီစံနှုန်းကိုလိုက် မကျင့်ကြနှင့်။

သင်တို့သည် မိမိတို့၏ စိတ်နှလုံးကို ဘုရားသခင် လုံးဝပြောင်းလဲစေသော အားဖြင့် စိတ်သဘောသစ်ကို ခံယူလျက် ပုံသဏ္ဍာန်ပြောင်းလဲကြလော့။ သို့ပြုလျှင် ကောင်းမြတ်သောအရာ၊ ကိုယ်တော်နှစ်သက်ဖွယ် သောအရာ၊ အပြစ်ဆိုဖွယ်မရှိသောအရာ၊ ကိုယ်တော်နှစ်သက်ဖွယ်သောအရာ၊ အပြစ်ဆိုဖွယ် မရှိသောအရာတည်းဟူသော ဘုရားသခင် အလိုရှိတော်မူသော အရာသည် အဘယ်အရာဖြစ်သည်ကို သင်တို့ သိရှိကြလိမ့်မည်(ရော ၁၂း၁-၂)။

ဝိညာဉ်ရေးရာအလုံးစုံပြောင်းလဲခြင်း၌ ကျွန်ုပ်တို့၏ အထဲ၌လည်းကောင်း၊ ကျွန်ုပ်တို့၏ ဆက်ဆံရေးများ၌လည်းကောင်း သန့်ရှင်းသော ဝိညာဉ်တော်အား နှစ်သက်ဖွယ် အရည်အသွေးများဖော်ထုတ်ခွင့်ပြုခြင်းလည်း ပါဝင်သည်။ ၎င်းကို ရှင်ပေါလုက ''ဝိညာဉ်တော် ညွှန်ကြားသည့်အတိုင်း ကျင့်ကြံ ခြင်း''ဟု ဖော်ပြပြီး၊ ဝိညာဉ်တော်ဦးဆောင်သော ပုဂ္ဂိုလ်၏ အရည်အချင်းများကို ဂလာတိမြို့သားများထံ ရေးသောစာ၌ ဤသို့ ဖော်ပြပါသည်။

ငါဆိုသည်ကား ဝိညာဉ်တော်ညွှန်ကြားသည့်အတိုင်း ကျင့်ကြလော့။ လူ့ဇာတိအလိုသို့ မလိုက်ကြနှင့်။ ဝိညာဉ်တော်က ဖြစ်ပေါ်စေသည့် အသီးအပွင့်မူကား ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည် သည်းခံခြင်း၊ သနားကြင်နာခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ မိမိကိုယ်ကို ချုပ်တည်းခြင်းတို့ပေတည်း။ ဤအရာများနှင့်ပတ်သက် ပြဋ္ဌာန်းထားသည့် တရားဥပဒေဟူ၍မရှိ။ ဝိညာဉ်တော်သည် ငါတို့အား အသက်ရှင်စေပြီ။ ဝိညာဉ်တော်ဦးဆောင် လမ်းပြတော်မူသည့်အတိုင်း ကျင့်ရကြမည်(ဂလာတိ ၅း၁၆၊ ၂၂-၂၃၊ ၂၅)။

နောက်ဆုံး၌ အလုံးစုံပြောင်းလဲခြင်းဆိုင်ရာ ဝိညာဉ်ရေးအတွေ့အကြုံများသည် သာမန်အားဖြင့် ထူးခြားသောခံစားချက်ဆိုင်ရာ တုံ့ပြန်မှုနှင့်အတူ ရောက်ရှိလာတတ်ပါသည်။ သက်ဝင်ယုံကြည်မှုက ဖော်ထုတ်လိုက်သော ဝမ်းမြောက်ခြင်း၊ မျှော်လင့်ခြင်းနှင့် ချစ်ခြင်းတို့ကို ရှင်ပီတာ(ပေတရု)က ဤသို့ ရေးသားဖော်ပြပါသည်။

ငါတို့သည် ငါတို့အရှင်သခင် ယေရှုခရစ်တော်၏ခမည်းတော် ဘုရားသခင်၏ ဂုဏ်တော်ကို ချီးကျူးကြကုန်စို့။ ကိုယ်တော်၏ မဟာကရုဏာတော်ကြောင့် သခင်ယေရှုခရစ်ကို သေခြင်းမှ ရှင်ပြန်ထမြောက်စေတော်မူခြင်းအားဖြင့် ငါတို့အား ဘဝသစ်ကို ပေးတော်မူသဖြင့် စိတ်ချရသော မျှော်လင့်ခြင်းကို ရရှိစေတော်မူ၏။ သင်တို့သည် စုံစမ်းနှောင့်ယှက်ခြင်း အမျိုးမျိုးတို့ကြောင့် ယခုခဏမျှ ဝမ်းနည်းရကြသော်လည်း အထက်ဖော်ပြပါ အကြောင်းကြောင့်

ရှင်လန်းဝမ်းမြောက်ကြလော့၊ သင်တို့သည် ခရစ်တော်ကို မမြင်ဘူး သော်လည်း ချစ်ကြ၏။ ယခု မတွေ့မမြင်ရသော်လည်း သင်တို့သည် ကိုယ်တော်ကို ယုံကြည်ကြ၏။ သို့ဖြစ် **သင်တို့သည် နှုတ်ဖြင့် မဖော်ပြ နိုင်အောင် လွန်စွာဘုန်းကြီးသော ရွှင်လန်းဝမ်းမြောက်ခြင်း ရှိကြ၏။** အဘယ့်ကြောင့်ဆိုသော် သင်တို့သည် သခင်ယေရှုအား **ယုံကြည်ခြင်း၏** အကျိုးဆက်ကြောင့် ကယ်တင်ခြင်းကို ခံယူနေရကြပြီ ဖြစ်သောကြောင့်တည်း (၁ပေ ၁း၃၊ ၆၊ ၈–၉)။ (စာရေးသူက မျဉ်းသားပြီး အထူးပြု)

အကျဉ်းအားဖြင့် ဖော်ပြရလျှင် သခင်ယေရှု ဖော်ပြတော်မူသော ဥပမာနှင့် သူ၏ သွန်သင်ချက်အပြင် သမ္မာကျမ်းပြုစုသူအမြောက်အမြားကလည်း ဖော်ပြသည့်အတိုင်း ဝိညာဉ်ရေးရာအလုံးစုံပြောင်းလဲခြင်း၌ ယုံကြည်သူ၏ အသက်တာဘဝတွင် အသိတရားပြောင်းလဲခြင်းများ၊ ခံစားချက်ပိုင်းပြောင်းလဲခြင်းများနှင့် အပြုအမူဆိုင်ရာပြောင်းလဲခြင်းများ ပါဝင်သည်။ ဘုရားသခင်၏ မေတ္တာတော်နှင့် ကျေးဇူးတော်တို့၏ လမ်းပြဦးဆောင်မှုကြောင့် ကျွန်ုပ်တို့ သည် အဖခမည်းတော်ဘုရားသခင်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ် တော်တို့နှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးထားရှိနိုင်ကြသည်။ ဘုရားသခင်၏ ကျေးဇူးတော်ကြီးမားကျယ်ပြန့်ခြင်းကို ကျွန်ုပ်တို့ ပိုမိုသိရှိလာလေ၊ ကျွန်ုပ်တို့အတွက် ဘုရားသခင်လုပ်ဆောင်တော်မူသမျှအပေါ် ကျွန်ုပ်တို့လည်း ပိုမိုသိရှိလာလေ ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အတ္တအခြေပြုဘဝ အသက်တာမှ ဘုရားအခြေပြု အသက်တာဘဝသို့ ပိုမိုရွေ့ရှားသွားခြင်းဖြင့် ကျွန်ုပ်တို့၏ အတွေးအခေါ်နှင့် ဦးစားပေးမှုများလည်း ကြီးမားသောပြောင်းလဲမှုများကို ကြုံတွေ့လာကြပါသည်။ ကျွန်ုပ်တို့အတွင်း၌ သန့်ရှင်းသော ဝိညာဉ်တော်၏ သြဇာလွှမ်းမိုးမှု ပိုမိုကြီးထွားလာသောအခါ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဦးဆောင်လမ်းပြမှုနှင့် တန်ခိုးသြဇာအောက်၌ အသက်ရှင်နေထိုင်ကြသော ဝိညာဉ်တော်ဦးဆောင်ခြင်း ခံရသည့် ပုဂ္ဂိုလ်များဖြစ်လာကြသည်။ ကျွန်ုပ်တို့သည် သက်ဝင်ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်းနှင့် အခြားဝိညာဉ်တော်၏ အသီးအပွင့်များကို ပိုမိုကြုံတွေ့လာကြသော အတွင်းအားဖြင့် ပိုမိုနက်ရှိုင်းစွာ ပြောင်းလဲသွားသူများ ဖြစ်လာပါသည်။

## ဝိညာဉ်ရေးရာဦးဆောင်မှု

ကျွန်ုပ်တို့၏အသက်တာဘဝနှင့် ခေါင်းဆောင်မှု၌ ဘုရားသခင်သည် စံပြဖြစ်ကြောင်းကို အခြားသူတို့အား ဝိညာဉ်ရေးရာ ဦးဆောင်မှုအကြောင်း သင်ကြားပို့ချရာ၌ အလေးထားဖော်ပြပါသည်။ ဝိညာဉ်ရေး၌ အရေးပါသော

ပုဂ္ဂိုလ်များကဲ့သို့ ဝိညာဉ်ရေးရာ ခေါင်းဆောင်များသည် ဘုရားသခင်နှင့် ဆက်ဆံမှုအားဖြင့် စဉ်ဆက်မပြတ်အလုံးစုံပြောင်းလဲခြင်းကို ခံစားရရှိရန် လိုလားကြပါသည်။ ၎င်းအပြင် ဝိညာဉ်ရေးခေါင်းဆောင်များအနေဖြင့် ကိုယ်ပိုင် သက်ဝင်ယုံကြည်မှု၊ အတွေ့အကြုံ၊ ဝိညာဉ်ရေးအခြေခံမှုများ၊ လက်တွေ့ကျင့်ထုံး များနှင့်ပတ်သက်သော အသိတရား၊ ခေါင်းဆောင်ရာထူးတို့ကို အသုံးပြုပြီး မိမိတို့၏ လုပ်ငန်းခွင်အား ဝိညာဉ်ရေးအရ ဩဇာလွှမ်းမိုးရန် ကြိုးစားကြသည်။

အခြေအနေကပေးလျှင် ပေးသကဲ့သို့ ဝိညာဉ်ရေးခေါင်းဆောင်များအနေဖြင့် အုပ်ချုပ်စီမံရေးအဖွဲ့ဝင်များ၊ ႎဝန်ထမ်းများအပြင် အဖွဲ့အစည်း၊ ကုမ ဏီ သို့မဟုတ် အမှုတော် ဆောင်ဌာနတို့မှ အကျိုးစီးပွားရင်းထားသူများအားလုံး (Stake holders) တို့ကို ဘုရားသခင်အား မှီခိုအားထားရန် တိုက်တွန်းရမည်ဖြစ်သည်။ ဝိညာဉ်ရေးအရ ကြွယ်ဝသော ပတ်ဝန်းကျင်ကို ဖန်တီးရန် ကြိုးစားကြရမည်ဖြစ်သည်။ ယုံကြည်ခံယူချက်(doctrine)ကို မြ င့်တင်ရန် ကြိုးစားရမည့်အစား အဖွဲ့သား များအား ဘုရားသခင်နှင့် ဘုရားသခင်၏ အလိုတော်ကို အတူတကွရှာဖွေကြရန် တိုက်တွန်းကြရမည်ဖြစ်သည်။ အကျဉ်းအားဖြင့်ဆိုရလျှင် ဝိညာဉ်ရေးခေါင်းဆောင် များအနေဖြင့် မိမိတို့၏ ခေါင်းဆောင်မှုနယ်ပယ်အတွင်း သန့်ရှင်းသောဝိညာဉ်တော်၏ ဦးဆောင်မှုကို ၎င်းတို့ကိုယ်တိုင်အတွက်နှင့် အဖွဲ့သားများအတွက်ပါ ဆုတောင်း ကြရမည် ဖြစ်သည်။ သူတို့သည် ဝိညာဉ်တော် ဦးဆောင်သော အသင်းအဖွဲ့များနှင့် အဖွဲ့အစည်းများ၏ ဝိညာဉ်တော် ဦးဆောင်သောခေါင်းဆောင်များ ဖြစ်ကြသည်။

သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ အသင်းတော်များမှ အသင်းသားများ၊ အဖွဲ့အစည်းများ၊ လုပ်ဖော်ဆောင်ဖက်များနှင့် ႎအဖွဲ့သားများသည် ဝိညာဉ်တော် ဦးဆောင်သော ခေါင်းဆောင်များအနေဖြင့် မိမိတို့၏လုပ်ငန်းခွင်များသို့ ဝိညာဉ် ရေးရာစိတ်အားထက်သန်မှုကို ယူဆောင်လာကြလိမ့်မည်ဟု မျှော် လင့်နေကြသည်။ သူတို့၏ ခေါင်းဆောင်များ၌ ပိုမိုနက်ႈိင်းသော ဏ်ပညာ၊ သိရှိနားလည်မှုနှင့် ဝိညာဉ်ရေးခံစားလွယ်မှု (spiritual sensitivity) ရှိစေချင်ကြပါသည်။ အကျိုးရလဒ် များကိုသာ ငမ်းငမ်းတက်လိုချင်နေကြသော စွမ်းဆောင်ရည် အဓိကထားသည့် ယဉ်ကျေးမှု၌ လျင်မြန်စွာနှင့် လူပ်ရှား လုပ်ဆောင်ကြရင်း မိမိတို့၏ စိတ်ဝိညာဉ် ပျောက်ကွယ်ဆုံးႈံးသွားမည်ကို စိုးရိမ်နေကြသဖြင့် ခေါင်းဆောင်များအနေဖြင့် အကူအညီလိုအပ်ပါသည်။ အလုပ်သမားများအနေဖြင့် ၎င်းတို့၏ အတွေ့အကြုံကို ၎င်းတို့အဖွဲ့အစည်းက ဖောက်သည်များ၊ အလှူရှင်များနှင့် အသင်းတော်၏ အသင်းသားများအား ထောက်ပြသော တန်ဖိုးတရားများနှင့်အညီဖြစ်စေလိုကြသည်။ ခရစ်တော်၏ ခန္ဓာကိုယ်၌ ပါဝင်ရသော အသင်းသားများအဖြစ် သူတို့အား အပြည့်အဝ တန်ဖိုးထားစေ လိုကြသည်။ ဝိညာဉ်ရေးအရ ထူးချွန်မှုရှိသော ပုဂ္ဂိုလ်များအဖြစ် ဆက်ဆံခြင်းကို ခံယူလိုကြသည်။

သို့သော် ဝိညာဉ်ရေးခေါင်းဆောင်မှု၏တန်ဖိုးသည် ပေါ်လွင်ထင်ရှားသော်လည်း ခေါင်းဆောင်အနည်းငယ်ကတောင် ၎င်း၏လိုအပ်မှုကို သိရှိကြဟန် မတူပေ။ ဝိညာဉ်ရေးခေါင်းဆောင်ဖြစ်ရေးအတွက် ၎င်းတို့၏ ကြိုးပမ်းမှုများသည် လုံလောက်ခြင်းမရှိဟု ယူဆကြပါသည်။ အဖွဲ့အစည်း၏ရည်မှန်းချက် များနှင့် ဝိညာဉ်ရေးဦးစားပေးမှုများကို ပေါင်းစည်းရေးနှင့်ပတ်သက် မရေမရာဖြစ်နေကြသည်။ ဘာသာမျိုးစုံရှိသော ူးဝန်ထမ်းများသည် လုပ်ငန်းခွင်၌ ခေါင်းဆောင်၏ ဝိညာဉ်အနှစ်သာရပြည့်ဝသော စွမ်းရည်အတွက် မကျော်လွှားနိုင်သော သို့မဟုတ် ကန့်သတ်မှုပြုသော စိန်ခေါ်ချက်များဖြစ် ကောင်းဖြစ်နိုင်ပါသည်။ ခေါင်းဆောင်များအနေဖြင့် မိမိတို့ကိုယ်တိုင်၏ စွမ်း ဆောင်မှုအခြေပြုနှင့် အကျိုးရလဒ်အခြေပြုစိတ်ထားကို မကျော်လွှားနိုင်ဘဲ ရှိနိုင်ပါသည်။ သူတို့ဦးဆောင်သော တပည့်များအပေါ် ဂုစိုက်သကဲ့သို့ တပည့်ဝန်ထမ်း များကလည်း ခေါင်းဆောင်များမျှော်လင့်ထားသည့်အကျိုးရလဒ်များ ထုတ်လုပ်ပေးနိုင်မည်ဟု ထင်မြင်ကြမည် မဟုတ်ပေ။ ပိုမိုနက်ူင်းသော ဝိညာဉ်အနှစ်သာရပြည့်ဝသော ဘဝကို မည်သို့လိုက်လျှောက်နေထိုင် သွားမည်ကို မသိဘဲ ဖြစ်နိုင်သကဲ့သို့ ၎င်းတို့၏ ခေါင်းဆောင်မှုကို ဝိညာဉ်အနှစ်သာရပြည့်ဝသောဘဝက မည်သို့မည်ပုံ အလုံးစုံ ပြောင်းလဲစေမည်ကို မသိဘဲ ရှိနိုင်ပါသည်။ ၎င်းတို့၏ လုပ်ဖော်ဆောင်ဖက် အလုပ်သမားများအတွင်း ပိုမိုကြွယ်ဝသော ဝိညာဉ်ရေးပတ်ဝန်းကျင်ကို တည်ဆောက်မည်ကို သိရန်ပို ဝေးပါသေးသည်။ မည်သည့်အကြောင်းများ ကြောင့်ဖြစ်စေ၊ ယနေ့ အသင်းတော်များနှင့် အဖွဲ့အစည်းအမြောက်အမြားအတွင်း ထိရောက်သော ဝိညာဉ်ရေးခေါင်းဆောင်မှုကင်းမဲ့နေသည်ကို တွေ့ရပါသည်။

# ရှေ့သို့

အမြင်မကြည်လင်သော ခေါင်းဆောင်များ၊ ခြေကုန်လက်ပန်းကျဖြစ်နေကြသော အမှုတော်ဆောင်များ၊ ပင်ပန်းနေကြသော အမှုဆောင်ရာရှိများနှင့် စိတ်ဓာတ်ကျနေကြသော ူးဝန်ထမ်းများ၊ မကျေမနပ်ဖြစ်နေကြသော အသင်းသားများနှင့် လူထုအားလုံးက အပြောင်းအလဲကို တောင်းဆိုနေကြ သည်။ ဤလိုအပ်ချက်၏ အတိုင်းအတာကြီးမားခြင်းကို ကျွန်ုပ်၏ များပြားလှသော အတွေ့အကြုံများအရ နောက်ဆုံးတွင် အသိအမှတ်ပြုခဲ့ရသည်။ အဖြေမှာ ဝိညာဉ်တော်ဦးဆောင်မှုကို ခံယူသော ခေါင်းဆောင်များ၏ ဝိညာဉ်ရေးခေါင်းဆောင်မှုဖြစ်ပါသည်။ ဤခေါင်းဆောင်များသည် အလွန်အရေးကြီး သော ဘုရားသခင်နှင့် ပုဂ္ဂိုလ်ရေးအရ ဆက်ဆံမှုကို တည်ဆောက်ကြရပြီး ၎င်းကို မိမိတို့၏ ခေါင်းဆောင်မှုထဲ၌ ပေါင်းစည်းထားခြင်းဖြင့် မိမိတို့ကိုယ် တိုင်ကိုလည်းကောင်း၊ မိမိတို့၏ ခေါင်းဆောင်မှုကိုလည်းကောင်း အလုံးစုံ ပြောင်းလဲပစ်ကြသည်။

ယခုအခါ ခေါင်းဆောင်တစ်ဦးအဖြစ် ကျွန်ုပ်ရင်ဆိုင်နေရသော ပြ နာများ၊ အထူးသဖြင့် ပထမ၌ အစီအစဉ်ဆိုင်ရာ ပြဿနာများနှင့် ဒုတိယ၌ အမြတ်အစွန်းမယူသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခု၏ အမှုဆောင် ပြဿနာများ ရင်ဆိုင်နေရသော ပြ နာများသည် ကျွန်ုပ်၏စိတ်ထဲ၌ အုပ်ချုပ်စီမံရေးခေါင်းဆောင်မှုအပိုင်း၌ ပြဿနာများ၊ မဟာဗျူဟာ ကျသော စီမံကိန်းဆွဲခြင်း၊ ကွပ်ကဲစီမံခြင်း သို့မဟုတ် လူပုဂ္ဂိုလ်များအကြား ညှိ နှိုင်းပေးခြင်းကို သပ်သပ်အဖြစ်လည်းကောင်း၊ အခြားတစ်ဖက်မှ ဝိညာဉ်ရေး ခေါင်းဆောင်မှုအပိုင်း၌ တာဝန်ဝန်ထမ်းများအား သင်းအုပ်ဆရာသဖွယ် ကြည့်ရှု စောင့်ရှောက်ခြင်း၊ တရားဟောကြားခြင်း၊ သွန်သင်ပြသခြင်းနှင့် ဆုတောင်းခြင်း တို့ကို သပ်သပ်အဖြစ်လည်းကောင်း မှားယွင်းစွာ နှစ်ခုခွဲလိုက်ခြင်းကြောင့် ဖြစ်ကြောင်းကောင်းစွာ သဘောပေါက်ပါတော့သည်။ ဤခေါင်းဆောင်မှုအပိုင်း နှစ်ခုကို မည်သို့ပေါင်းစည်းရမည်ကို ကျွန်ုပ်မသိခဲ့သောအချိန်ကဖြစ်စေ၊ ကျွန်ုပ်ကိုယ်တိုင် အကျိုးရလဒ်ကောင်းရရှိရေးကိုသာ အာရုံထဲနှစ်ထားခဲ့ခြင်းကြောင့် ဝိညာဉ်ရေးနှင့်ဆက်ဆံရေး ခံစားလွယ်မှုကိစ္စရပ်များနှင့် ဦးစားပေးမှုများနှင့် ပတ်သက် ခေါင်းဆောင်တစ်ဦးအဖြစ် ကျွန်ုပ်၏ထိရောက်မှုများ ယိုယွင်း ကျဆင်းသွားခဲ့သည်။ ကောင်းကောင်းမသိဘဲ အထင်ဖြင့် ဝန်ထမ်းများနှင့် အပျော်တမ်း လုပ်အားပေးများကို အကြိမ်များစွာ ကျွန်ုပ်အပြစ်တင် စကား ပြောခဲ့သည်။ ယခုအခါ အဓိကပြ နာမှာ ကျွန်ုပ်ကိုယ်တိုင်ဖြစ်ကြောင်း သိရှိသွားပြီ ဖြစ်သည်။

ကျွန်ုပ်၌ ဝိညာဉ်ရေးအရ ရင့်ကျက်ရန် လိုအပ်သကဲ့သို့ ခေါင်းဆောင်တစ်ဦး အဖြစ် ကွဲပြားခြားနားစွာ တွေးတတ်၊ ပြုမူတတ်ရန်လည်း လိုအပ်ပါသည်။ ကျွန်ုပ်အနေဖြင့် ခေါင်းဆောင်မှုဖြစ်စဉ်၌ ပိုမိုအာရုံစိုက်ရမည်ဖြစ်ပြီး ကျွန်ုပ် လိုချင်သော ရလဒ်ပေါ်ထွက်ရေး၌ လျှော့ အရေးစိုက်ရမည်ဖြစ်သည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ လုပ်ဖော်ဆောင်ဖက်များအပေါ် ကျွန်ုပ်၏ လိုအင်ဆန္ဒကို အတင်းချုပြ လိုက်နာစေခြင်းထက် ကျွန်ုပ်ဖြစ်စေ၊ အသင်းသားများဖြစ်စေ၊ အမှုတော်ဆောင် လုပ်ငန်းဖြစ်စေ ဘုရားသခင်အား ဦးဆောင်စေခြင်းက ပိုမိုကောင်းမွန်ထိရောက် ကြောင်း ကျွန်ုပ်သိရှိလာခဲ့သည်။ ကျွန်ုပ်၏ တွေးခေါ်စဉ်းစားပုံ၌ အပြောင်းအလဲအချို့ လိုအပ်ကြောင်းနှင့် အဖွဲ့အစည်းကို ဦးဆောင်ရာ၌ ဆုံးဖြတ်ချက်များ ချမှတ် ရာတွင်ဖြစ်စေ၊ လုပ်ငန်းများလုပ်ဆောင်ရာ၌ဖြစ်စေ၊ အပြောင်းအလဲလုပ်ရန် လိုအပ်ကြောင်း သိရှိလာပါသည်။

ကျွန်ုပ်၏ အသည်းနှလုံး၊ စိတ်နှင့် လက်တွေ့ကျင့်ထုံးတို့၌ ထူးခြားသော ပြောင်းလဲမှုသုံးခုဖြစ်ပွားရာ ၎င်းတို့က ကျွန်ုပ်အား ပိုမိုထိရောက်ထက်မြက်သော အဖွဲ့အစည်းခေါင်းဆောင်ဖြစ်စေခဲ့ကြသည်။ ၎င်းတို့တစ်ခုစီသည် ကျွန်ုပ်၏ ဝိညာဉ်

အနှစ်သာရပြည့်ဝသော အသက်တာဘဝနှင့် တစ်နည်းမဟုတ် တစ်နည်း ဆက်စပ်နေကြပြီး ဝိညာဉ်အနှစ်သာရပြည့်ဝခြင်းနှင့် ခေါင်းဆောင်မှုတို့ကြား၌ မည်သို့မည်ပုံဆက်စပ်နေကြသည်ကို ကျွန်ုပ်နားလည်သိရှိလာခဲ့ရသည်။

ကျွန်ုပ်၏ဘဝကို ပြောင်းလဲစေသော ပထမဦးဆုံးသော အတွေ့အကြုံမှာ ဘုရားသခင်၏ ကျေးဇူးတော်နှင့် ကျွန်ုပ်ဆုံတွေ့ခြင်းဖြစ်သည်။ ကျွန်ုပ်သည် ဘုရားသခင်၏ မွန်မြတ်သော သား၊ အချစ်ခံရသော သား၊ ခွင့်လွှတ်ခြင်းခံရသော သား၊ ခရစ်တော်၏ အမှုတော်မြတ်ကို ဆောင်ရွက်ရန် စွမ်းရည်အချို့ ကို ဘုရားသခင်ပေးသနားတော်မူသော သားအဖြစ်ဖြင့် ကျွန်ုပ်ကိုကျွန်ုပ် အသစ်နားလည် လာရပါသည်။ ဤစိတ်ထားအပြောင်းအလဲကြောင့် ဘုရား သခင်၏ကျေးဇူးတော်နှင့် မေတ္တာတော်အောက်၌ ကျွန်ုပ် အသစ်သောနည်း ဖြင့် အနားယူခွင့်ရသည့်အပြင် ကျွန်ုပ်ကိုကျွန်ုပ် အောင်မြင်မှုရရှိခြင်းဖြင့် အားရကျေနပ်မှုဖြစ်စေသော တွန်းအားများနှင့် ဖိအားများကြောင့် ရရှိသော အပြစ်နှင့်အရှက်တို့မှလည်း ကျွန်ုပ်အား လွတ်မြောက်စေခဲ့ပါသည်။ ယခုလည်း ကျွန်ုပ်အလုပ်ကို ကြိုးစားပမ်းစား လုပ်နေဆဲ ဖြစ်ပါသည်။ သို့သော် လောကကြီးအတွင်း ဘုရားသခင်၏ ပြုမူလုပ်ဆောင် တော်မူခြင်း၌ ပါဝင်လိုသောဆန္ဒကြောင့် ကြိုးစားခြင်းဖြစ်ပါသည်။

ဘုရားသခင်၏ ကျေးဇူးတော်နှင့် ထိတွေ့ရသော ကျွန်ုပ်၏ အတွေ့အကြုံ ကြောင့် ကျွန်ုပ်ကိုယ်တိုင်၏ ပုံရိပ်လည်း ပြောင်းလဲစ ပြုသွားသကဲ့သို့ ဇနီးသည်၊ သားသမီးများနှင့် အခြားသူတို့နှင့် ကျွန်ုပ်၏ဆက်ဆံရေးလည်း ယေဘုယျအားဖြင့် ပြောင်းလဲသွားခဲ့သည်။ ကျွန်ုပ်၏အရှက်ကို အခြေခံသော အလုပ်စွမ်းဆောင်ရည် အခြေပြုသည့် အတွေးအခေါ်ဟောင်းသည် မကြာခဏပြန်ပေါ်လာပြီး ကျွန်ုပ်၏ ငြိမ်းချမ်းသောစိတ်နှင့် သူတစ်ပါးနှင့် ဆက်ဆံရေးတို့ကို အနှောင့်အယှက် ပြုတော့သည်။ သို့သော် ကြာရှည်ခံသော အပြောင်းအလဲ အမှန်ပင်ဖြစ်ပွားခဲ့ပါသည်။ ကျေးဇူးတော်သည် ပို သာအခြေခံကျလာပါသည်။ ကျွန်ုပ်၏ ဘုရားသခင်နှင့် ဆက်ဆံရေး၌သာမက ကျွန်ုပ်၏ ပုဂ္ဂိုလ်ရေးဘဝနှင့် ခေါင်းဆောင်မှုအစိတ်အပိုင်း အားလုံး၌ အခြေခံဖြစ်လာပါသည်။

ကျွန်ုပ်ဘဝ၌ဒုတိယအပြောင်းအလဲမှာ ကျွန်ုပ်၏ဝိညာဉ်အနှစ်သာရ ပြည့်ဝ သော အသက်တာဘဝမှ ပေါ်ထွက်လာသော ခေါင်းဆောင်မှုကို အသိသစ် ဖြင့် နားလည်သဘောပေါက်ခြင်းဖြစ်သည်။ ကျွန်ုပ်ကိုယ်တိုင်၏ဝိညာဉ်ရေး တိုးတက်မှု၊ ဝိညာဉ်အနှစ်သာရပြည့်ဝသောဘဝနှင့် ခေါင်းဆောင်မှုတို့ကို ပေါင်းစည်းရေး တို့အတွက် ကျွန်ုပ်၌ မြင်ပုံဖော်မှု ပိုမိုပြုလုပ်ကြည့်လေ၊ ၎င်းတို့နှစ်ခုသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ကြခြင်းမရှိသည်ကို ပိုမိုသဘော ပေါက်လေဖြစ်ပါသည်။ အမှန်အားဖြင့် ကျွန်ုပ်၏ ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်တာနှင့် ဝိညာဉ်ရေး ခေါင်းဆောင်မှုတို့သည် ကျွန်ုပ်၏အဖွဲ့အစည်းဦးဆောင်မှု၌ မရှိမဖြစ်သော ပေါင်းစည်းမှုအင်အားစုများဖြစ်ကြောင်း ယခုအခါ တွေ့ရှိလာရပါသည်။

ကျွန်ုပ်ဘဝ၌ကြုံရသော တတိယအပြောင်းအလဲမှာ ဝိညာဉ်ရေးခေါင်းဆောင်မှုသည် ုးဝန်ထမ်းတစ်ဦးချင်းစီအား သင်းအုပ်ဆရာ၏ကြည့်ရှုစောင့်ရှောက်မှုကဲ့သို့သော အမှုတော်ဆောင်တစ်ဦး၏ အခန်းကဏ္ဍမဟုတ်ဘဲ အသင်းအဖွဲ့ တစ်ခုလုံးအားခေါင်းဆောင်မှု ပေးခြင်းဖြစ်ကြောင်း ကျွန်ုပ်နားလည်သဘော ပေါက်ခြင်းဖြစ်သည်။ ုးဝန်ထမ်းတစ်ဦးချင်းစီအား သင်းအုပ်ဆရာတစ်ပါး၏ ကုစိုက်စောင့်ရှောက်မှုကို ထိရောက်စွာ ပေးသင့်၊ မပေးသင့်နှင့်ပတ်သက် ကျွန်ုပ်၏ဗီဇအသိများ အပြိုင်အဆိုင်ဖြစ်နေကြသည်။

အခြားတစ်ဖက်မှ ကျွန်ုပ်၏အဖွဲ့အစည်းအတွင်းရှိ ုးဝန်ထမ်းများ၏ တရားဝင်မဟုတ်ဘဲ ကျွန်ုပ်ကိုကျွန်ုပ် သတ်မှတ်ခံယူထားသော ''သင်းအုပ်ဆရာ''အဖြစ် ကျွန်ုပ်လိုလားသောအရာမှာ ဘုရားသခင်နှင့် သူတို့၏ဆက်ဆံရေး၌ တိုးတက်မှုရှိစေလိုပြီး လုပ်ငန်းခွင်၌ စိတ်ပျက်ခြင်း၊ အားငယ်ခြင်းနှင့် ဆုံးရှုံးခြင်းတို့ကို ၎င်းတို့တွေ့ကြုံရသောအခါ ၎င်းတို့ကို ကိုင်တွယ်ဖြေရှင်းတတ်စေလိုပါသည်။ အခြားတစ်ဖက်မှ ကြီးကြပ်ရေးမှူးအဖြစ် ကျွန်ုပ်သည် ၎င်းတို့အနေဖြင့် မြင့်မားသောစံနှုန်းများကို ထားရှိစေခြင်းဖြင့် စိန်ခေါ်လျက် တာဝန်ယူမှု လည်းရှိ စေလိုပါသည်။ မသိပါဟူသောအဖြေမျိုး ကျွန်ုပ် မကြားလိုပါ။ ကျွန်ုပ်တို့၏ လုပ်ငန်းခွင်ဆက်ဆံရေး၌ သူတို့၏အလုပ်တာဝန်နှင့် အဖွဲ့၏ ပန်းတိုင်များအပေါ် သူတို့တစ်တွေ အာရုံစိုက်သည်ကို ကျွန်ုပ်လိုလားပါသည်။

ဤအပြိုင်အဆိုင်ဖြစ်နေကြသော စိတ်တွန်းအားနှစ်ခုကို မည်သို့ဖြေရှင်းရမည်ကိုမသိသဖြင့် ကျွန်ုပ်သည် ဆန့်ကျင်ဖက်ဖြစ်နေကြသော ခံစားချက်များကို တွေ့ကြုံခံစားခဲ့ရပြီး၊ အခြားသူများကိုလည်း စိတ်ရှုတ်ထွေးစေပါသည်။ ဥပမာအားဖြင့် ုးဝန်ထမ်းတစ်ဦးကို ကျွန်ုပ်အားပေးနှစ်သိမ့်သောအခါနှင့် ပြုစုပျိုးထောင်ရသောအခါမျိုးတွင် ပျော်ရွှင်မှုကို ခံစားခဲ့ရပြီး၊ ခဏမျှအကြာတွင် သူ့အားတာဝန်သိရန်၊ တာဝန်ခံရန် ကျွန်ုပ်သတိပေးသောအခါ ကျွန်ုပ် မအီမသာဖြစ်ပြီး မနေတတ်မထိုင်တတ်ဖြစ်တတ်ပါသည်။ ုးဝန်ထမ်းများအနေဖြင့် သူတို့အား ကျွန်ုပ်က သင်းအုပ်ဆရာကဲ့သို့ဆက်ဆံသည်ကို မနှစ်သက်မှန်း ကျွန်ုပ်သိသောအခါ ကျွန်ုပ်စိတ်ပျက်မိပါသည်။ ကျွန်ုပ်က စွမ်းဆောင်ရည်မြင့်မားမှုကို ဦးစားပေးသောအခါ ုးဝန်ထမ်းများက အားပေးနှစ်သိမ့်မှုခံယူချင်ကြသည်ကို သိရသောအခါ ကျွန်ုပ်စိတ်ပျက်ရပြန်သည်။ သူတို့၏ လုပ်ဆောင်မှုစွမ်းရည်ကို အာရုံစိုက်ပါသည်။ ထိုအခါ ကျွန်ုပ်အပြစ်ရှိသည်ဟု ခံစားရပါသည်။ ထို့အတူ အလုပ်စွမ်းဆောင်ရည် အကြောင်း ဆွေးနွေးရမည့်အချိန်တွင် ဝိညာဉ်ရေးအသက်တာအကြောင်း ဆွေးနွေးသောအခါ၌လည်း ကျွန်ုပ်၌အပြစ်ရှိသည်ဟု ခံစားရပြန်သည်။

ဝိညာဉ်ရေးခေါင်းဆောင်မှုအပေါ် ကျွန်ုပ်၏ချဉ်းကပ်မှုပြောင်းသွားသော အချိန်မှစ ကျွန်ုပ်၏အုပ်ချုပ်စီမံရေးခေါင်းဆောင်မှုနှင့်ဝိညာဉ်ရေးခေါင်းဆောင်မှုနှစ်ခုတို့ကြား ပဋိပက္ခသည် ပို လျော့နည်းသွားသည်ကို တွေ့ရပါ

သည်။ ယခုအခါ တစ်ဦးချင်းအပေါ် သင်းအုပ်ဆရာကဲ့သို့ မဆက်ဆံတော့ဘဲ အသင်းအဖွဲ့ တစ်ခုလုံး၏ ဝိညာဉ်ရေးခေါင်းဆောင်အဖြစ်ကိုသာ ရွေးချယ် လုပ်ဆောင်တော့သည်။

သူတို့ထံသို့ တိုက်ရိုက်အစီရင်ခံမည့် ဝန်ထမ်းများအား ကြီးကြပ်ခြင်းကို အလေးထားသောစီမံအုပ်ချုပ်သူများသည် ဝိညာဉ်ရေးခေါင်းဆောင်များ အဖြစ် လုပ်ဆောင်နိုင်မည်မဟုတ်ကြောင်း၊ ဤသို့ဆိုခြင်းဖြင့် ၎င်းတို့အနေဖြင့် အကျိုးရလဒ်များနှင့် စွမ်းဆောင်ရည်မြင့်မားရေးအတွက်၌သာ အာရုံစိုက် သင့်ကြောင်းစသဖြင့် ဆိုလိုခြင်းမဟုတ်ကြောင်း ကျွန်ုပ်ယုံကြည်လာပါသည်။ ဝန်ထမ်းတစ်ဦးချင်းအတွက် သင်းအုပ်ဆရာ သို့မဟုတ် ဝိညာဉ်ရေးနည်းပြ အဖြစ် ကြိုးစားခြင်းထက် ဝန်ထမ်းများကိုယ်တိုင် မိမိတို့၏လုပ်ငန်းခွင် အစုအဖွဲ့များ၌ မိမိတို့ကိုယ်တိုင်၏ ဝိညာဉ်ရေးအတွေ့အကြုံများကို အသုံးပြုပြီး ဝိညာဉ်ရေး နည်းပေးလမ်းပြများအဖြစ် လုပ်ဆောင်နိုင်ရန်ကြိုးပမ်းနိုင်ပါ သည်။ ဝိညာဉ် အနှစ်သာရပြည့်ဝသူများအဖြစ် ခေါင်းဆောင်မှု၌ဖြစ်စေ၊ အုပ်ချုပ် စီမံရေး၌ဖြစ်စေ၊ ဝိညာဉ်ရေးအခြေခံမှုများ၊ လက်တွေ့ကျင့်ထုံးများနှင့်အညီ မိမိတို့လုပ်ငန်း အစုအဖွဲ့အသီးသီး၏ အသင်းသားများအဖြစ် ပါဝင် လာနိုင်မည်ဖြစ်သည်။

သို့ဖြစ် ယေဘုယျအားဖြင့် ခေါင်းဆောင်များအနေဖြင့် ၎င်းတို့ကြီးကြပ်မှု အောက်ရှိ ပုဂ္ဂိုလ်တစ်ဦးချင်း၏ ပင်မသင်းအုပ်ဆရာ သို့မဟုတ် ဝိညာဉ်ရေး ကြည့်ရှုစောင့်ရှောက်သူအဖြစ် မကြိုးစားသင့်ပေ။ ထူးခြားသောအခြေအနေ၌ တစ်ဦးတည်းက သင်းအုပ်ဆရာအဖြစ်နှင့် ကြီးကြပ်ရေးမှူးအဖြစ် တစ်ပြိုင် တည်းလုပ်ဆောင်နေခြင်းသည် အလုပ်ဖြစ်နိုင်သော်လည်း သာမန်အားဖြင့် ကြီးကြပ်ရေးမှူး၏ လုပ်ငန်းခွင်စွမ်းဆောင်ရည်ထက်မြက်ရေးအပေါ် အထူး အာရုံစိုက်မှုသည် သင်းအုပ်ဆရာ၏ အားပေးတိုက်တွန်းမှုနှင့် ပြုစုပျိုးထောင် မှုအပေါ် အလေးထားမှုနှင့် ထိပ်တိုက်တွေ့နိုင်ပါသည်။ လုပ်ငန်းခွင်ပြင်ပ၌ ဝန်ထမ်းသည် ဝိညာဉ်အနှစ်သာရပြည့်ဝသူဖြစ်ပြီး ကြီးကြပ်ရေးမှူးသည် သင်းအုပ်ဆရာကဲ့သို့ အားပေးနှစ်သိမ့်မှုကျွမ်းကျင်သူဖြစ်ပါက ပိုမိုအဆင်ပြေ မည်ဖြစ်သည်။ အကောင်းဆုံးစံမှာ အလုပ်သမားတစ်ဦးစီသည် လူပုဂ္ဂိုလ် တစ်ခုလုံးအနေဖြင့် သခင်ခရစ်တော်အား ဆက်ကပ်ရန် အသင့်ရှိသူဖြစ်သည်သာမဟုတ်ဘဲ မိမိ အဖွဲ့အစည်းလုပ်ဖော်ဆောင်ဖက်များနှင့် အကြီးအကဲ တို့ကိုပါ အကောင်းဆုံး အကျိုးပြုဆောင်ရွက်မည့်သူဖြစ်သည်။

မိမိ၏အကြီးအကဲမဟုတ်သူထံမှ သင်းအုပ်ဆရာကဲ့သို့သော ကြည့်ရှုစောင့် ရှောက်မှုနှင့် ဝိညာဉ်ရေးအားပေးကူညီမှုရရှိရေးသည် မူအားဖြင့် အသင်း တော်များမှ အသင်းသားများအတွက်လည်း အကျုံးဝင်ပါသည်။ အလုပ်ရှင်၏ ကြီးကြပ်ရေး မှူးသည် သင်းအုပ်ဆရာတစ်ပါးဖြစ်ပါက တစ်ချိန်ချိန်တွင် အကျိုးစီးပွားချင်း

ထိပ်တိုက်တွေ့မှုပေါ်ပေါက်လာနိုင်ပြီး၊ ကြီးကြပ်မှုစွမ်းရည် ကိုလည်းကောင်း၊ သင်းအုပ်ဆရာ၏ ကြည့်ရှုစောင့်ရှောက်မှုနှင့် ထောက်ခံ အားပေးမှုကိုလည်းကောင်း ထိခိုက်နိုင်ပါသည်။ အဖွဲ့အစည်းတစ်ခု သို့မဟုတ် အသင်းတော်တစ်ပါး၏ အသင်းသားလည်းဖြစ်ပြီး အလုပ်ရှင်လည်း ဖြစ်သူများအတွက် အကောင်းဆုံး ရွေးချယ်စရာမှာ မိမိတို့အတွက် လိုအပ်နေသော ကြည့်ရှုစောင့်ရှောက်မှုနှင့် အားပေးကူညီမှုအတွက် မိမိတို့၏အသင်းတော်ပြင်ပမှ ပုဂ္ဂိုလ်တစ်ဦးဦးကို တွေ့ရှိရေးဖြစ်သည်။ အနီးပတ်ဝန်းကျင်ရှိ အခြား အသင်းတော်များမှ သင်းအုပ်ဆရာများ၊ ဝိညာဉ်ရေးရာ နှင့်ကြားရေးမှူးများနှင့် ဝတ်ဘုန်းကြီးများ (Chaplains) အနေဖြင့် အထောက်အကူပြု အခန်းကဏ္ဍမှ ပါဝင်ရန် ဝန်လေး ကြမည်မဟုတ်ပေ။

အလှည့်အပြောင်းသုံးခုဖြစ်သော စွမ်းဆောင်ရည်အခြေပြုမှ ကျေးဇူးတော် အခြေပြုနေထိုင်မှုဘဝနှင့် ခေါင်းဆောင်မှု၊ အဖွဲ့အစည်းဆိုင်ရာနှင့် ဝိညာဉ် ရေးရာဟု နှစ်ခုခွဲပြီးစဉ်းစားသော ဦးဆောင်မှုမှ ၎င်းတို့နှစ်ခုကို ပေါင်းစည်းထားသော ဦးဆောင်မှုနှင့် ဝန်ထမ်းတစ်ဦးချင်းအပေါ် သင်းအုပ်ဆရာတစ်ဦးအဖြစ် ကြည့်ရှု စောင့်ရှောက်ခြင်းအဖြစ်မှ အဖွဲ့အစည်းတစ်ခုလုံး၏ ဝိညာဉ်ရေး ခေါင်းဆောင်အဖြစ် ရပ်တည်ရေးတို့သည် ကျွန်ုပ်အား ထိရောက်သော ခေါင်းဆောင် တစ်ဦးဖြစ်ရန် အချိန်များစွာ ကုန်လွန်စေခဲ့သည်။ ကျွန်ုပ်သည် ယခုအထိ အကျိုးရလဒ်ကို အလေးထားသူအဖြစ်ရှိနေဆဲဖြစ်သော်လည်း ခေါင်းဆောင်မှုနှင့် ဝိညာဉ်အနှစ်သာရ ပြည့်ဝခြင်းတို့နှင့်ပတ်သက် မိမိဆန္ဒအတိုင်း အတင်းအဓမ္မ ဆောင်ရွက်စေ သောခေါင်းဆောင်မှုနှင့် အပိုင်းလိုက် ခွဲခြားစဉ်းစားခြင်းတို့ကို ကျွန်ုပ်စွန့်လွှတ် လိုက်ပြီဖြစ်သည်။ ကျွန်ုပ်၏ အကြီးမားဆုံးဦးစားပေးမှုမှာ ကျွန်ုပ်၏ ကိုယ်ပိုင် ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်တာကို ပြုစုပျိုးထောင်ရန်နှင့် ခိုင်မာသော ဝိညာဉ်ရေးကိုးကားမှု ဘောင်အတွင်းမှ ဦးဆောင်မှုပေးရန်ဖြစ်ပါသည်။

ယခုအခါ အခြားအရာများထက် ကျွန်ုပ်တန်ဖိုးထားသော အကျိုးရလဒ်များ သည် ထူးခြားသော ဝိညာဉ်ရေးရာ ဒိုင်မင်းရှင်းနှင့် ပတ်သက်သောအရာများ ဖြစ်ပါသည်။ ၎င်းတို့သည် ကျေးဇူးတော်အခြေခံပေါ်၌ တည်ဆောက်ထား ခြင်းဖြစ်ပြီး ကျွန်ုပ်၏ဘဝအသက်တာနှင့် ကျွန်ုပ်အားပေးထားသော ဆုကျေးဇူးများနှင့် ကျွန်ုပ်၏ လုပ်ဖော်ဆောင်ဖက်များအတွင်း သန့်ရှင်းသောဝိညာဉ်တော်၏ အမှုတော်ထဲမှ ပေါ်ထွက်လာသောအရာများဖြစ်ကြသည်။ ကျွန်ုပ်တို့အဖွဲ့အစည်း၏ ရည်မှန်းချက် များကို အကောင်အထည်ဖော်နိုင်သောအခါ ကျွန်ုပ်အတိုင်းထက်အလွန် ပီတိဖြစ်ခဲ့ရသည်။ သို့သော် ကျွန်ုပ်အတွက် အလားတူအရေးကြီးသောအရာမှာ လုပ်ငန်းခွင်ပတ်ဝန်းကျင်၏ ဝိညာဉ်ရေးရာအရည်အသွေးမြင့်မားရေးနှင့် အကျိုးရလဒ်များရရှိရေး၌ အသုံးပြုသောနည်းများ၏ အရည်အသွေးဖြစ်ပါသည်။

# ဝိညာဉ်တော်ဦးဆောင်သောခေါင်းဆောင်

ပိုမိုကောင်းမွန်သောပုံဖော်မြင်သူများ(Visionaries)၊ ပိုမိုထိရောက်သော မန်နေဂျာများ၊ စိတ်ပိုင်းဆိုင်ရာအရ မိမိကိုယ်ကိုယ် ပိုမိုသိရှိနားလည်သော ပုဂ္ဂိုလ်များ၊ ပိုမိုစကားပြောကောင်းသူများနှင့် ဆက်ဆံရေးကောင်းသူများ၊ အချိန်နှင့် သယံဇာတပစ္စည်းများ ပိုမိုကောင်းမွန်စွာ ထိန်းသိမ်းသူများစသည့် ခေါင်းဆောင်ကောင်းများဖြစ်လာရေးအတွက် မရေမတွက်နိုင်သောစာအုပ်များနှင့် နှီးနှောဖလှယ်ပွဲများရှိပါသည်။ အမှန်လိုအပ်သောအရာမှာ သမ္မာကျမ်းစာ၌ အခြေခံပြီး အတွေ့အကြုံအားဖြင့် စစ်မှန်ကြောင်း ပုံသက်သေပြသွားခဲ့သည့် အကြောင်းအရာများကသာ ခရစ်ယာန်ခေါင်းဆောင်များအား မိမိတို့၏ဝိညာဉ်ရေး အသက်တာဘဝများကို ပိုမိုကြွယ်ဝနက်ရှိုင်းစေပြီး၊ ပိုမိုကျယ်ပြန့်နက်ရှိုင်းသော ဝိညာဉ်ရေးအခြေခံမှနေ ဦးဆောင်နိုင်ကြမည်ဖြစ်သည်။ ထိရောက်သော ဝိညာဉ်အနှစ်သာရပြည့်ဝသည့်ခေါင်းဆောင်များဖြစ်လာရေးအတွက် ခေါင်းဆောင်များအား ကူညီအားပေးပံ့ပိုးခြင်းသည် ဤ<u>ဝိညာဉ်တော်ဦးဆောင်သော ခေါင်းဆောင်</u> စာအုပ်အကြောင်းဖြစ်တော့သည်။

ဝိညာဉ်အနှစ်သာရပြည့်ဝသောခေါင်းဆောင်မှုအတွက် မြင်ပုံဖော်မှုသစ်ဖန်တီးခြင်းဟူသောခေါင်းစဉ်ဖြင့် အခန်း(၁)၌ ဤစာအုပ်ကို အစပြုပါသည်။ အခန်း(၂)နှင့် (၃)တို့၌ ခေါင်းဆောင်များအနေဖြင့် ဘုရားသခင်၏ကျေးဇူး တော်နှင့်ထိတွေ့မှုကြောင့် မိမိတို့အသက်တာဘဝများ၌ အလှည့်အပြောင်း များရှိလာပြီး ပိုမိုကြွယ်ဝနက်ရှိုင်းသော ဝိညာဉ်ရေးအသက်တာကိုပြုစုပျိုး ထောင်လာကြသည်ကို ဖော်ပြထားပါသည်။ အခန်း(၄)မှ (၈)အထိ မိမိ၏ ဝိညာဉ်ရေးအသက်တာဘဝနှင့် ခေါင်းဆောင်မှုတို့ကို မည်သို့မည်ပုံပေါင်း စည်းရမည့်နည်းလမ်းများကိုဖော်ပြပြီး မိမိ၏ခေါင်းဆောင်မှုအစိတ်အပိုင်း အသီးသီးသည် အနှစ်သာရအားဖြင့် ဝိညာဉ်အနှစ်သာရပြည့်ဝသော ခေါင်း ဆောင်မှုဖြစ်ရေးကို ဖော်ပြထားပါသည်။ နောက်ဆုံးအခန်း၌ ဝိညာဉ်အနှစ် သာရပြည့်ဝသောခေါင်းဆောင်မှု၏ အသည်းနှလုံးဖြစ်သော ဘုရားသခင်၏ ကျေးဇူးတော်ကို တွေ့ကြုံခံစားခြင်းနှင့် ဖော်ပြခြင်းတို့ကို ဖော်ပြထားပါသည်။

အခန်းတိုင်းတွင် ''လိုအပ်သောအရာ''ဟု ခေါင်းစဉ်တပ်ပြီး ခေါင်းဆောင်မှုအတွက် အဓိကလေ့ကျင့်ခန်းတစ်ခုစီကို ရေးဆွဲပေးထားပါသည်။ လေ့ကျင့်ခန်းသည် ခေါင်းဆောင်များအတွက် မလုပ်မဖြစ်သောအရာဖြစ်သည်။ အခန်းတိုင်း၏နှောင်းပိုင်းတွင် ''အဖြစ်မှန်မှာ''ဟု ခေါင်းစဉ်တပ်ပြီး ဆက်စပ်မှုရှိသော ဝိညာဉ်အခြေခံမှုအကြောင်း ဆွေးနွေးထားပါသည်။ အခြေခံမှုသည် လေ့ကျင့်ခန်းကို ထောက်ပံ့ခြင်း၊ အသိပေးခြင်းပြုလုပ်ပေးပါသည်။ ခေါင်းဆောင်များအနေဖြင့် မိမိတို့၏

ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်တာဘဝနှင့် ခေါင်းဆောင်မှုထဲသို့ မည်သို့မည်ပုံပေါင်းစည်းရမည်ကို စဉ်းစားတွေးခေါ်ခြင်းနှင့် ဆုတောင်းခြင်း ပြုလုပ်ရမည်ဖြစ်သည်။[၅]

အခန်းတိုင်း၌ ''အကူအညီပေးပါသည်''ဟု အပိုင်းတစ်ခုထားပြီး စာဖတ်သူတို့အတွက် မိမိတို့အသက်တာဘဝနှင့် ခေါင်းဆောင်မှု၌ ပေါင်းစည်းရမည့် လက်တွေ့ပိုင်းနှင့် အခြေခံမှုတို့နှင့် သက်ဆိုင်သောအယူအဆများနှင့် လေ့ကျင့်ခန်း များကို ဖော်ပြထားပါသည်။ အခန်းတိုင်း၏ နောက်ဆုံးအပိုင်းတွင် ''စဉ်းစားရန် အချက်များ''ဟု အပိုင်းတစ်ခုဖော်ပြထားပါသည်။ ၎င်း၌ ပိုမိုနက်ရှိုင်းစွာ သုံးသပ် တုံ့ပြန်ရေးအတွက် အကြံပြုချက်များကို ဖော်ပြထားပါသည်။ အခန်းတိုင်း၏ နောက်ဆုံးအပိုင်းနှစ်ခုစီ၌ ပညာသည်များ သို့မဟုတ် လုပ်ဖော်ဆောင်ဖက် များနှင့်အတူ သင်ကိုယ်တိုင် လက်တွေ့လုပ်ရမည့်အပိုင်း များပါရှိသည်။ အချိန်ယူပြီး စဉ်းစားစေလိုပါသည်။ ပထမ၌ တစ်ယောက်တည်းလက်တွေ့နှင့် အခြေခံမှု အကြောင်းကို စဉ်းစားခြင်း၊ ဆုတောင်းခြင်း၊ မှတ်စုရေးခြင်းများ ပြုလုပ်ပြီး နောက်မှသာ သင်၏ခေါင်းဆောင်မှုအဖွဲ့ အသင်းနှင့်အတူ လုပ်ဆောင်စေလိုပါသည်။

ဝိညာဉ်တော်ဦးဆောင်သော ခေါင်းဆောင်စာအုပ်သည် သင်းအုပ်ဆရာများ၊ အမှုဆောင်အရာရှိများ၊ စီမံအုပ်ချုပ်သူများ၊ မန်နေဂျာများ၊ ညီ နှိုင်းရေးမှူး များနှင့် ဘုရားသခင်ပေးထားသောအလုပ်နှင့် တာဝန်များကို ဘုရားသခင်၏ အလိုတော်နှင့်အညီ ကျေပွန်စွာထမ်းဆောင်လိုသော ခေါင်းဆောင်အားလုံး အတွက် ရည်ရွယ်ပြီး ပြုစုရေးသားသောစာအုပ်ဖြစ်သည်။ ဤစာအုပ်သည် အကျိုးရလဒ်များ တွေ့မြင်လိုသူများ အတွက်ဖြစ်သော်လည်း မိမိတို့သည် မည်သူမည်ဝါများ ဖြစ်သည်ကို လေးလေးနက်နက်စဉ်းစားပြီး မိမိတို့၏ခေါင်းဆောင်မှု၊ မိမိတို့၏ ထုတ်လုပ်မှုနှင့် မိမိတို့၏လုပ်ဆောင်နိုင်မှုများတို့ကို အလေးအနက်ထားသူများအတွက် ပြုစုထားသောစာအုပ်ဖြစ်သည်။ ဘုရားသခင်ရည်ရွယ်ထားတော်မူသော ကုံလုံကြွယ်ဝသည့်အသက်တာဘဝကို ရရှိခံစားလိုသူများအတွက် ဖြစ်သည့်အပြင် မိမိတို့အဖွဲ့အစည်းများအား ဘုရားသခင်အလိုတော်နှင့်အညီဖြစ်သော အဖွဲ့အစည်းအဖြစ် မြင်တွေ့လိုသူတိုင်း အတွက်လည်းဖြစ်သည်။

အနှစ်သာရအားဖြင့် ဤစာအုပ်သည် မျှော်လင့်ခြင်းအကြောင်း ရေးသားထားသော စာအုပ်ဖြစ်ပါသည်။

ဘုရားသခင်၏နိုင်ငံတော်ကို ပိုမိုဂုဏ်ရောင်မြင့်မားစေမည့် အကောင်းဆုံး သော အကျိုးရလဒ်များထုတ်လုပ်လိုသူများနှင့် ထိရောက်သော ဝိညာဉ် အနှစ်သာရ ပြည့်ဝသည့် ခေါင်းဆောင်ဖြစ်လိုသူတို့အတွက် မျှော်လင့်ချက်ရှိပါသည်။ ထက်မြက် သော ဝိညာဉ်အနှစ်သာရ ပြည့်ဝသည့်ခေါင်းဆောင်မှုကို လိုလားနေကြသော အသင်းတော်များနှင့် အဖွဲ့အစည်းများအတွက်လည်း မျှော်လင့်ချက်ရှိပါသည်။

ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ဝိညာဉ်အနှစ်သာရပြည့်ဝသော အလုံးစုံပြောင်းလဲခြင်းနှင့် ဝိညာဉ်အနှစ်သာရပြည့်ဝသော ခေါင်းဆောင်မှုတို့သည် အမြဲတမ်းဖြစ်နိုင်ချေရှိကြသည်။ ခေါင်းဆောင်များအဖြစ်ဖြင့် ကျွန်ုပ်တို့သည် အပြစ်အနာအဆာအမြဲတမ်းရှိနေဦးမည်ဖြစ်ပြီး အကန့်အသတ်များရှိနေဦးမည်ဖြစ်သည်။ သို့သော် ပြောင်းလဲခြင်းနှင့် တိုးတက်ခြင်းအတွက် မျှော်လင့်ချက်သည် အမြဲရှိနေမည်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အသက်တာဘဝများထဲ၌ တက်ကြွစွာပါဝင်နေတော်မူသမျှကာလပတ်လုံးနှင့် ကျွန်ုပ်တို့ဖက်ကလည်း လုပ်ဆောင်စရာရှိသည်များကို လိုလားစွာပါဝင်လုပ်ဆောင် နေသမျှကာလပတ်လုံး ၎င်းတို့ရှိနေမည်ဖြစ်သည်။ ယင်းသည်ပင်လျှင် ဘုရားသခင်၏ကျေးဇူးတော်အကြောင်း သတင်းကောင်းဖြစ်တော့သည်။ သခင်ယေရှုခရစ်တော်၌ သက်ဝင်ယုံကြည်မှုရှိခြင်းနှင့် သန့်ရှင်းသောဝိညာဉ် တော်၏တန်ခိုးသြဇာတို့အားဖြင့် ကျွန်ုပ်တို့၏အသက်တာဘဝများထဲ၌ ဘုရားသခင် အလုပ်လုပ်တော်မူသည့် သတင်းကောင်းဖြစ်တော့သည်။

# အခန်း(၁)

# ပုံဖော်မြင်မှု(The Vision)

## ခေါင်းဆောင်မှုလက်တွေ့ကျင့်ထုံး

နက်ရှိုင်းသောအနှစ်သာရပြည့်ဝသည့်
အသက်တာဘဝထဲမှ ပေါ်ထွက်လာသော
သင်၏ခေါင်းဆောင်မှုကို ပုံဖော်မြင်ကြည့်ပါ

## ဝိညာဉ်၏ အခြေခံမှု

ခေါင်းဆောင်မှု၏အသီးအပွင့်ရရှိခံစားခြင်းသည်
ကျွန်ုပ်တို့ထဲ၌ဖြစ်စေ၊ ကျွန်ုပ်တို့အားဖြင့်ဖြစ်စေ
ဘုရားသခင်အလုပ်လုပ်တော်မူခြင်း လိုအပ်ပါသည်

ကျွန်ုပ်တို့၏ခေတ်သစ်အလွန် အတွေ့အကြုံအလေးထားသော ဆက်နွယ်မှုရှိသည့် ယဉ်ကျေးမှု၌ လူတို့သည် သူတို့ကို ဦးဆောင်မှုပေးသောသူတို့၌ အသိပညာနှင့် ကျွမ်းကျင်မှုတို့ကိုကျော်လွန်ပြီး အရည်အချင်းရှိစေလိုကြသည်။ အသင်းတော်များမှ အသင်းသားများ၊ ဝန်ထမ်းများနှင့် ကျောင်းသားများက ၎င်းတို့၏သင်းအုပ်ဆရာများ၊ အဖွဲ့အစည်းအကြီးအကဲများ၊ ကြီးကြပ်ရေးမှူးများ၊ လက်ဦးဆရာများနှင့် ဆရာ၊ ဆရာမများထံမှ ပိုမိုစစ် မှန်ခြင်း၊ ဂုဏ်သိက္ခာရှိခြင်းနှင့် နက်ရှိုင်းမှုများကို မျှော်လင့်နေကြသည်။ သူတို့၏ ခေါင်းဆောင်များထံမှ ပညာသည် ကျွမ်းကျင်မှုအပြင် အချို့ပုဂ္ဂိုလ် ရေးအရည်အသွေးများကို ပိုင်ဆိုင်စေလိုကြသည်။ ခေါင်းဆောင်များ၏ အသက်တာဘဝများ အစိတ်အပိုင်း အားလုံးကို လွှမ်းမိုးနိုင်သော ဝိညာဉ်အနှစ်သာရပြည့်ဝသည့် အသက်စွမ်းအား (spiritual vitality)ကို ပိုင်ဆိုင်စေလိုကြသည်။ ခေါင်းဆောင်တို့၏အတွေးအခေါ်၊ သူတစ်ပါးဆက်ဆံမှု၊ မိမိတို့ကိုယ်တိုင် ခေါင်းဆောင်အဖြစ်လုပ်ဆောင်မှုစသည်တို့အပေါ် အကျိုးသက်ရောက်မှုရှိစေသော အသက်စွမ်းအားများ ရှိစေလိုကြသည်။

ဥပမာအားဖြင့် သင်းအုပ်ဆရာတစ်ပါးသည် တရားဟောရန် ပလ္လင်ပေါ်သို့ တက်သွားသောအခါ ယုံကြည်သူပရိသတ်များအနေဖြင့် သူ၏မိသားစုအတွင်း မည်သို့အသက်ရှင်နေထိုင်ကြောင်း၊ အိမ်နီးချင်းများနှင့် လုပ်ငန်းခွင်တို့၌ သူ၏ဆက်ဆံရေး မည်သို့ရှိကြောင်းစသဖြင့် သူ့အကြောင်းကို စဉ်းစားကြမည် ဖြစ်သည်။ ခေါင်းဆောင်များက ၎င်းတို့အဖွဲ့အစည်းအတွက် မြင်ပုံဖော်မှု များချပြပြီး ဦးဆောင်မှုပေးကြသောအခါ ဝန်ထမ်းများဖက်မှ တန်ဖိုးထားအသိအမှတ်ပြု ခံခြင်းကို လိုလားကြပါသည်။ မိမိတို့၏ခေါင်းဆောင်များအား ရိုးသားပွင့်လင်းသူ၊ ယုံကြည်အားထားထိုက်သူနှင့် သစ္စာရှိသူအဖြစ် နောက်လိုက်များက မြင်လိုကြ သည်။ အခွင့်အာဏာရှိသည့် ရာထူးပိုင်ဆိုင်သူတို့အနေဖြင့် ကောင်းသော နှလုံးသားများနှင့် ကောင်းသောဦးနှောက်များ ရှိစေလိုကြသည်။ အလုပ်တာဝန် ပြီးစီးအောင် လုပ်ဆောင်စေလိုကြသည့်အပြင် ငယ်သားများအပေါ် ချစ်ခင် တတ်သော၊ အလေးဂရုစိုက်သော ဏ်အမြော်အမြင်ရှိသော ပုဂ္ဂိုလ်များ ဖြစ်စေလိုကြသည်။

ခေါင်းဆောင်မှု၌ ကျွမ်းကျင်သူများ၊ ဥပမာအားဖြင့် လွန်ခဲ့သော အနှစ်တစ်ရာအတွင်း ကောင်းသောကုမ္ပဏီအဆင့်မှ ကြီးမြတ်သောကုမ္ပဏီ အဆင့်သို့ တက်လှမ်းခဲ့သောကုမ္ပဏီများအကြောင်းကို ခွဲခြမ်းစိတ်ဖြာမှုပြုခဲ့သည့် အရောင်းရဆုံးစာအုပ်ရေးသားသူ ဂျင်မ်ကောလင်းစ်(Jim Collins)ကလည်း အလားတူနိဂုံးကို ဆွဲယူခဲ့သည်။ အကောင်းဆုံး၊ အတော်ဆုံးခေါင်းဆောင်များသည် အကျိုးရလဒ်ကောင်းများ ရရှိစေသူများအဖြစ်ကို ကျော်လွန်ကြကြောင်း၊ ၎င်းတို့၌ ထူးချွန်ပြောင်မြောက်သော ပုဂ္ဂိုလ်ရေးအရည်အသွေးများ ပိုင်ဆိုင်ထားကြကြောင်း ကောလင်းစ်က ရေးသားခဲ့သည်။[၁] ယင်းအရည်အသွေးများအား ပုဂ္ဂိုလ်ရေးစရိုက် လက္ခဏာ (personal character)အဖြစ် သိမ်းကျုံးဖော်ပြလေ့ရှိကြပြီး၊ ခေါင်းဆောင်မှုအဆင့်၌ အမြင့်ဆုံးအမှတ် လက္ခဏာဖြစ်သည်။ ခေါင်းဆောင်မှုကို လေ့လာသောကျောင်းသားများ၏ မူလဇစ်မြစ်ဖြစ်သော ထက်မြက်သည့်ဝိညာဉ် အနှစ်သာရ ပြည့်ဝသောအသက်တာ(a vital spiritual life)ဖြစ်သည်ဟု ယုံကြည်ကြသည်။[၂]

အဖွဲ့အစည်းဆိုင်ရာနှင့် တစ်ဦးချင်းပုဂ္ဂိုလ်ဆိုင်ရာခေါင်းဆောင်မှုတိုးတက် ရေးကို အထူးပြုလေ့လာသော ပုဂ္ဂလိကအတိုင်ပင်ခံအဖွဲ့၏ အကြီးအကဲဖြစ် သူ စီမိုက်ကယ်သွမ်ဆင်(C. Michael Thompson)က ကျစ်လစ်ခိုင်ခံ့သော ဝိညာဉ်ရေး အခြေခံမှအစပြုသော လုပ်ဆောင်မှုသည် ထိရောက်သောခေါင်းဆောင်မှု၌ အရေးကြီးဆုံး ဒိုင်မင်းရှင်းဖြစ်သည်ဟုဆိုသည်။ အနှစ်သာရအားဖြင့် အသက်ပါသော ဝိညာဉ်အနှစ်သာရ ပြည့်ဝခြင်း(vital spirituality)သည် လူတိုင်းအတွက် အထူးသဖြင့် ခေါင်းဆောင်အတွက် အရည်အသွေးနှင့်စရိုက်လက္ခဏာ၏ သော့ချက်ဖြစ်ပါသည်။

> ပုဂ္ဂိုလ်ရေးဖွံ့ဖြိုးတိုးတက်ရေး၌ ခိုင်မာတောင့်တင်းသော အတွင်းဘဝ (အဇ္ဈတ္တ ဘဝ)သည် အဓိကအခန်းမှာ ပါဝင်လျက်ရှိသည်။ ခံစားချက်ပိုင်းဖြစ်စေ၊ စိတ်နေစိတ်ထားပိုင်းဖြစ်စေ၊ အပြုအမူပိုင်းဖြစ်စေစသည့် ပြောင်းလဲမှုများဖြစ်စေသည့် ပုဂ္ဂိုလ်ဖွံ့ဖြိုးတိုးတက်ရေးသည် အဖွဲ့အစည်းဆိုင်ရာ ခေါင်းဆောင်မှု၌ ယခုအခါ အထောက်အကူပြုလျက်ရှိပါသည်။ အကြောင်းမှာ ဤသို့ဖြစ်သည်။ ခေါင်းဆောင်မှုနှင့်ပတ်သက်သော စာပေကျမ်းဂန်များ၌ ကျွမ်းကျင်မှုများ၊ စွမ်းဆောင်ရည်များ၊ ဂုဏ်ရည်များ၊ စရိုက်လက္ခဏာများနှင့် အရည်အချင်းများသောင်း ခြောက်ထောင်သည် ခေါင်းဆောင်မှုကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အသုံးပြုခဲ့ကြသော်လည်း အနှစ်သာရအကျဆုံးမှာ ဆက်ကပ်ထားသော အတွင်းဘဝ၏ပြင်ပအသီးအပွင့်များ (outer fruits of that devoted inner life) ဖြစ်ပါသည်။[၄]

အဘယ့်ကြောင့် သွမ်ဆင်နှင့် အခြားကျွမ်းကျင်သူတို့က အတွင်းဘဝကို အဓိကထားကြသနည်း။ အကြောင်းမှာ ထိရောက်ထက်မြက်သော ခေါင်းဆောင်များ အနေဖြင့် အပြောင်းအလဲမြန်ပြီး ရှုပ်ထွေးပွေလီသော တောင်းဆိုမှုများကို ကိုင်တွယ်ရန် မိမိတို့အထဲ၌နက်ရှိုင်းစွာ အမြစ်တွယ်နေသော အရည်အသွေးများကို ဆွဲထုတ်ရန် လိုအပ်သောကြောင့်ဖြစ်ပါသည်။ ထိုသို့ကိုင်တွယ်ရာတွင်လည်း ဦးဆောင်ခြင်းခံရသော သူတို့အတွက် အားတက်စရာပုံစံများဖြင့် ဦးဆောင်ကြရမည်ဖြစ်သည်။ ခေါင်းဆောင်များ၌ အသိပညာနှင့် ကျွမ်းကျင်မှုအပြင် နက်ရှိုင်းသိ(insight)၊ နားလည်မှုနှင့် လမ်းညွှန်ဖော်ပြနိုင်သောစွမ်းရည်နှင့်လမ်းကို အခိုင်အမာဖော်ပြနိုင်ရမည်ဖြစ်သည်။ နောက်လိုက်များကလည်း မိမိတို့၏ ခေါင်းဆောင်များနှင့်ဆက်ဆံရာ၌ သူတို့၏အရည်အချင်းနှင့် အလိမ္မာဉာဏ်ကို ထိတွေ့ခံစားလိုကြသည်။ သူတို့၏ခေါင်းဆောင်များအကြောင်း ကြားဖူးရုံ၊ ဖတ်ဖူးရုံနှင့် မကျေနပ်နိုင်ကြပေ။

ကျွန်ုပ်တို့၏ယဉ်ကျေးမှု၌ ခေါင်းဆောင်များတွင်ရှိသော ဝိညာဉ်အနှစ်သာရ ပြည့်ဝသော အသက်စွမ်းအားကို ပိုမိုတန်ဖိုးထားလာကြသဖြင့် ဘုတ်အဖွဲ့ ဒါရိုက်တာများ၊ ဂိုဏ်းထောက်များ၊ သင်းထောက်များ၊ အသင်းတော် အသင်းသားများ၊ အခြားဝတ်ပြုကိုးကွယ်သူများနှင့် ရုံးဝန်ထမ်းများအနေဖြင့် ဝိညာဉ်ရေးရာနက်ရှိုင်းမှုနှင့် ပညာသည် ကျွမ်းကျင်မှုရှိပြီးသူများအတွက် ၎င်းသည် အံ့သြစရာဖြစ်မည်မဟုတ်ပေ။ ဆိုလိုသည်မှာ ၎င်းတို့အနေဖြင့် ကုမ္ပဏီ သို့မဟုတ် အမှုတော်ဆောင်လုပ်ငန်းတစ်ခု၌ အကောင်းဆုံးအကျိုး ရလဒ်များ ထုတ်လုပ်ပေးနိုင်သော အရည်အသွေးဖြင့် ခေါင်းဆောင်များကို ရှာဖွေနေကြပြီး၊ မိမိတို့၏ ဆက်ကပ်အပ်နှံသောဘဝ၌ဖြစ်စေ၊ လုပ်ငန်းခွင် ဆက်ဆံရေး၌ဖြစ်စေ၊

အခြားသူတို့အား ဆက်ဆံရေး၌ဖြစ်စေ၊ ဝိညာဉ်အနှစ်သာရ ပြည့်ဝသော နေထိုင်မှုဘဝဖြင့် နေထိုင်ရှင်သန်နေသောခေါင်းဆောင်ကို ရှာဖွေနေကြသည်။ တပည့်နောက်လိုက်များက သူတို့၏ခေါင်းဆောင်များထံမှ မျှော်လင့်စောင့်စားသောအရာမှာ သူတို့ပြောသည့်အတိုင်း၊ ဟောသည့်အတိုင်း၊ သွန်သင်သည့်အတိုင်း လက်တွေ့နေထိုင်ကျင့်ကြံခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် သူတို့၏ ဝိညာဉ်အနှစ်သာရပြည့်ဝသောအတွင်း ဘဝထဲမှ ဟောကြားသွန်သင်ဦးဆောင်ခြင်းကို ဆိုလိုပါသည်။

အချို့က မေးနိုင်ပါသည်။ ''သခင်ယေရှုကသာ ဖြည့်ဆည်းပေးနိုင်သော အရာကို အဘယ့်ကြောင့် စံအဖြစ်ထားသနည်း''ဟူ ။ အမှန်အားဖြင့် တစ်ဦးချင်း ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းအမြောက်အမြားသည် ၎င်းတို့၏ခေါင်းဆောင်များထံမှ လက်တွေ့မကျသော မျှော်လင့်ခြင်းမျိုးထားရှိတတ်ကြသည်။ မမျှတသော၊ အကျိုးမရှိသောတောင်းဆိုမှုမျိုးပြုလုပ်ကြသည်။ အချို့ပုဂ္ဂိုလ်တို့၏ မျှော်လင့်ချက်များသည် ကြောင်းကျိုးဆီလျော်မှုဘောင်ကို ကျော်လွန်သော်လည်း ယင်းပျက်ကွက်မှုသည် သူတို့၏ တမ်းတမှု၊ တန်ဖိုးထားမှုနှင့် ပူပင် ကြောင့်ကျမှုများ အပေါ် အပြစ်ဆိုရမည်မဟုတ်ပေ။ ရှာဖွေရေးကော်မတီများ၏ မြင့်မားသော မျှော်လင့်ချက်များ၌ အစစ်အမှန်ဝါဒကင်းမဲ့နေမှုသည် ကျွန်ုပ်တို့၏အမှုဆောင်များ၊ အသင်းတော်များ၊ အသင်းတော်တစ်ပိုင်း အဖွဲ့အစည်းများ၊ အုပ်ချုပ်စီမံရေး အဖွဲ့များ၌ ကြံ့ခိုင်ထက်မြက်ပြီး ဝိညာဉ် အနှစ်သာရပြည့်ဝသော ရင့်ကျက်သည့် ခေါင်းဆောင်အမြောက်အမြား လိုအပ်ချက်ကို မှားသည်ဟု ပြောနိုင်မည်မဟုတ်ပေ။

အခြားသူတို့၏ မျှော်လင့်ချက်များကို ခဏမေ့ထားကြပါစို့၊ သင်ကိုယ်တိုင်၏ ဝိညာဉ်ရေးအသက်တာဘဝအတွက်နှင့်သင်၏ခေါင်းဆောင်မှု၌ ဝိညာဉ်ရေး အရည်အသွေးများအတွက် သင်၏ရည်မှန်းချက်များကား အဘယ်နည်း။ ကျွန်ုပ်တို့ခေါင်းဆောင်များအနေဖြင့် အခြားသူတို့၏ မျှော်လင့်ချက်များနှင့် တောင်းဆိုမှုများကို ဖြည့်ဆည်းပေးရန် တုံ့ပြန်ကြိုးစားခြင်း သို့မဟုတ် အဘယ့်ကြောင့် မလုပ်နိုင်ကြောင်း သို့မဟုတ် အဘယ့်ကြောင့် လုပ်မှာ မဟုတ်ကြောင်းစသဖြင့် တုံ့ပြန်လေ့ရှိကြသည်။ ထိုသို့ပြုရမည့်အစား ခေါင်း ဆောင်မှုနှင့်ပတ်သက် ကျွန်ုပ်တို့ကိုယ်တိုင်၏ ရူမြင်ပုံဖော်မှု(vision)ကို ဖန်တီးခြင်း၊ ကျွန်ုပ်တို့ကိုယ်တိုင် ကျွန်ုပ်တို့ဖြစ်လိုသောဘဝအတွက် ကျွန်ုပ်တို့ ကိုယ်တိုင်၏ရည်မှန်းချက်များကို ချမှတ်ခြင်း၊ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေး၊ ကျွန်ုပ်တို့ မည်သို့ ဦးဆောင်မှုပေးမည်စသည်တို့ကို ကျွန်ုပ်တို့ ကိုယ်တိုင် ချမှတ်ရမည်ဖြစ်သည်။

သင်၏ဝိညာဉ်ရေးအသက်တာ ဘဝနှင့်ခေါင်းဆောင်မှုအတွက် သင်၌ရူမြင် ပုံဖော်မှုရှိပါသလား။

## လိုအပ်သောအရာ (What's Needed)

နက်ရှိုင်းသော ဝိညာဉ်အနှစ်သာရပြည့်ဝသည့်အသက်တာဘဝထဲမှ ပေါ်ထွက်လာသော သင်၏ခေါင်းဆောင်မှုကို ပုံဖော်ကြည့်ပါ။

ထိရောက်သောတရားဟောဆရာများ၊ နည်းပြဆရာများနှင့် စီးပွားရေးလုပ်ငန်းရှင်များစသဖြင့် ကြီးမြတ်သောခေါင်းဆောင်တို့၏အကြောင်း အမြောက်အမြားကြားဘူးသော်လည်း အကြောင်းတစ်ခုခုကြောင့် သူတို့သည် သူတို့၏ အဖွဲ့အစည်းအတွက် အကောင်းဆုံးဝိညာဉ်အနှစ်သာရ ပြည့်ဝသော ခေါင်းဆောင်မှုကိုကား မပေးနိုင်ခဲ့ကြပေ။ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဘုရားသခင်၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်စေနိုင်မည်ဖြစ်သော်လည်း ၎င်းတို့၏ ခေါင်းဆောင်မှု၌ အရေးပါသောအရာတစ်ခု ပျောက်နေပါသည်။

အချို့ခေါင်းဆောင်များသည် အကျိုးရလဒ်များအပေါ် အလွန်အကျွံအလေးထားခဲ့ကြသည်။ အကျိုးရလဒ်ကြီးများ ပေါ်ထွက်လာရန် အဖွဲ့အစည်း၏ အရင်းအမြစ်များကို စုစည်းသုံးစွဲရန် စိတ်အားထက်သန်နေကြသည်။ သို့သော် ၎င်းတို့၌ လုပ်ငန်းခွင်ဆက်ဆံရေးအတွက် လိုအပ်သော ဝိညာဉ်ရေး အခြေခံမှုများကို အသုံးပြုရန် ပုံဖော်မြင်မှု သို့မဟုတ် စွမ်းရည်ကင်းမဲ့နေကြသည်။ သူတို့သည် လက်တွေ့မကျသော မျှော်လင့်ချက်များထားရှိခြင်းဖြင့် ဝန်ထမ်းများအား ပုံမှန်နီးပါးကင်းကွာစေခြင်း၊ လစ်လျူရှုခြင်း၊ စိတ်ပျက်စေခြင်းများဖြစ်စေပါသည်။ သူတို့သည် သဘာဝအားဖြင့် ပုံဖော်မြင်သူနှင့် ခေါင်းဆောင်များ ဖြစ်ကောင်းဖြစ်နိုင်သော်လည်း အများပြည်သူရှေ့တွင် ဖော်ပြထားသော တန်ဖိုးတရားများ၊ ယုံကြည်ချက်များနှင့်ဆန့်ကျင်စွာ ဝန်ထမ်းများအား ဆက်ဆံတတ်ကြသည်။ သူတို့၌ ကိုယ်ပိုင်လေးနက်သော သက်ဝင်ယုံကြည်မှု (faith) ရှိကောင်းရှိမည်ဖြစ်သော်လည်း ၎င်းတို့၏ယုံကြည်မှုအတိုင်း လုပ်ငန်းခွင်ဖြစ်စေ၊ လုပ်ဖော်ဆောင်ဖက်များ၏ အသက်တာနှင့် သာသနာလုပ်ငန်းများကိုဖြစ်စေ ဖွံ့ဖြိုးတိုးတက်စေမည့် ခေါင်းဆောင်မှုထဲ၌ ထည့်သွင်းခြင်းမရှိသည်ကို တွေ့ရသည်။

ခေါင်းဆောင်မှုရာထူး၌ ရှိနေကြသော သင်းအုပ်ဆရာများ၊ အမှုဆောင်အရာရှိများနှင့် မန်နေဂျာများအနက် အချို့သည် တစ်ဦးချင်းပုဂ္ဂိုလ်များ၊ ပုဂ္ဂိုလ်ရေးပြဿနာများအထိ ဝင်ရောက်ဖြေရှင်းပေးသည်အထိ ပတ်သက်နေကြသည်ကို ကျွန်ုပ်တို့သိပါသည်။ ၎င်းတို့၌ ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်စွမ်းအား ရှိကြသော်လည်း အမှုတော်ဆောင်ခြင်းလုပ်ငန်းကို ရှေ့သို့တိုးတက်စေနိုင်သည့်စွမ်းရည် ကင်းမဲ့နေကြသည်။ သူတို့၌ အသင်းတော် သို့မဟုတ် အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံဖော်မြင်မှုနှင့် လုပ်ငန်းအကြောင်း

ကောင်းမွန်စွာသိရှိခြင်းရှိကြသော်လည်း အသင်းအဖွဲ့တစ်ခုလုံး အကျိုးအတွက် ခက်ခဲသောပြဿနာများ မဖြေရှင်းနိုင်မည်ကို စိုးရိမ်ပူပန်နေကြသည်။ အဓိပ္ပာယ်မှာ သူတို့သည် ထိရောက်စွာ ဦးဆောင်နိုင်ခြင်းမရှိဟု ဆိုရပေမည်။ အကြောင်းမှာ ၎င်းတို့၌ ခေါင်းဆောင်မှုစွမ်းရည်ကင်းမဲ့ခြင်း သို့မဟုတ် လူအများကို အလိုကျဖြစ်စေရန် စိတ်အားထက်သန်လွန်းခြင်းစသည့် ချို့ယွင်းချက်များရှိသောကြောင့်ဖြစ်သည်။

ရပ်ရွာအဖွဲ့အစည်းအတွင်း အခြားခေါင်းဆောင်များသည် အလွန်သြဇာညောင်းနိုင်ကြဆဲဖြစ်သော်လည်း ၎င်းတို့၏အမှုတော်ဆောင်လုပ်ငန်း၏ ရေရှည်အကျိုးစီးပွားအတွက်နှင့် ၎င်းတို့၏ ဝန်ထမ်းများအတွက် ကောင်းမွန်စွာလုပ်ဆောင်နိုင်ခြင်းမရှိသည်ကို တွေ့ရပါသည်။ ဤပုဂ္ဂိုလ်များအနေဖြင့် မိမိတို့၏ဂိုဏ်းဂဏအတွက်ဖြစ်စေ၊ ဂိုဏ်းပေါင်းစုံအတွက်ဖြစ်စေ တန်ဖိုး ထားလေးစားခြင်းခံရသော တရားဟောဆရာများ၊ ကော်မတီလူကြီးများ၊ စာရေးဆရာများစသဖြင့်ဖြစ်ကြသော်လည်း ၎င်းတို့ကိုယ်တိုင်၏အဖွဲ့ အစည်းများကိုမူ ကောင်းစွာဦးဆောင်ခြင်း မရှိကြသည်ကို တွေ့ရပါသည်။ အခြားပုဂ္ဂိုလ်များ(ပညာသည်များ)၏ လေးစားခြင်းခံကြရသော်လည်း မိမိတို့၏ ဝန်ထမ်းများအတွက် အသင်းအဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ ဝိညာဉ်ရေးဦးဆောင်သူအဖြစ်လည်းကောင်း၊ ကြီးကြပ်ရေးမှူးအဖြစ်လည်း ကောင်းစသဖြင့် အဖွဲ့အစည်းအောင်မြင်ရေး၌ လိုအပ်သော ခေါင်းဆောင်အဖြစ် ကောင်းစွာဦးဆောင်နိုင်ခြင်း မရှိခဲ့ကြပေ။

အချို့ခေါင်းဆောင်များ ခေါင်းဆောင်မှုမပေးနိုင်ခြင်းနှင့်ပတ်သက်ပြီး မည်သို့ပင် အကြောင်းပြကြသော်လည်း အမှန်လိုအပ်သည်မှာ ချို့ယွင်းချက်များကို ဖြည့်ဆည်းခြင်းနှင့် ခေါင်းဆောင်မှုဟန်၌ မညီမျှမှုကို ညီမျှစေခြင်းတို့နှင့် မလုံလောက်ပေ။ အကျိုးရလဒ်များရရှိခြင်း၊ လူအများနှင့် အဓိပ္ပာယ်ရှိစွာ ဆက်ဆံခြင်း၊ အခြားသူတို့အား သြဇာညောင်းမည့် အခွင့်အလမ်းများတွေ့ရှိခြင်းတို့သည် ခေါင်းဆောဆင်များအတွက် သဘာဝတွန်းအားများ ဖြစ်သော်လည်း ၎င်းတို့သည် ခရစ်ယာန်ဦးဆောင်မှု၌ စစ်မှန်သောအခြေခံကို မပေးနိုင်ကြပေ။

ခရစ်ယာန်ခေါင်းဆောင်များသည် ၎င်းတို့၏ဝိညာဉ်အနုစ်သာရပြည့်ဝသော အသက်တာဘဝနှင့် ခေါင်းဆောင်မှုတို့ကို ပေါင်းစည်းခြင်းမှ ပေါ်ထွက်လာသော အလုံးစုံပြောင်းလဲခြင်းရှိကြရန်လိုပါသည်။ အလုံးစုံပြောင်းလဲသွားသော ခေါင်းဆောင်များ (transformed leaders)သည် နက်ရှိုင်းစွာ ဝိညာဉ်အနုစ်သာရပြည့်ဝသော ပုဂ္ဂိုလ်များဖြစ်ကြသဖြင့် လူတို့အား ဝိညာဉ် အနုစ်သာရ ပြည့်ဝသော အသက်စွမ်းအားဖြင့် ခေါင်းဆောင်ကြသဖြင့် ခေါင်းဆောင်မှုအခန်း၊ တာဝန်ယူမှုအခန်း၊ ဆက်ဆံရေးနှင့် အခွင့်အလမ်းများရှိသော အခန်းကဏ္ဍများ၌ တာဝန်ရှိသူများဖြစ်ကြသည်။ ထိုသို့သော ခေါင်းဆောင်များသည်

အရည်အသွေးအမြင့်မားဆုံးဖြစ်သော အကျိုးရလာဒ်များကို လိုလားကြပြီး
အခြားသူတို့နှင့် အဒီပ ါယ်ရှိသော နည်းများဖြင့် ဆက်ဆံတွဲဖက်ခြင်းဖြင့်
အလွန်သြဇာညောင်းသော ပုဂ္ဂိုလ်များဖြစ်လာပါသည်။ ထိုသို့ ဖြစ်လာရသည့်
အကြောင်းရင်းမှာ သူတို့သည် ဘုရားသခင်၏ ရည်ရွယ်ချက်များ အပေါ်
ဆက်ကပ်ထားသောကြောင့်ဖြစ်ပြီး၊ မိမိတို့၏ ဝိညာဉ်ရေးဆုကျေးဇူးကို
ထိန်းသိမ်းစောင့်ရှောက်သောဘဏ္ဍာထိန်းကောင်းဖြစ်ရန် ကြိုးစားခြင်း
ခံရသူများဖြစ်လျက် သူတို့သည် အတွင်းသဘောအားဖြင့် အလုံးစုံ ပြောင်းလဲ
သွားသူများလည်းဖြစ်သည့်အပြင် ထိရောက်စွာ ခေါင်းဆောင်နိုင်ရန် ဘုရားသခင်က
ခွန်အားပေးတော်မူခြင်းခံရသူများလည်းဖြစ်သည်။

## ကျွန်ုပ်တို့သည် ထိုသို့သောခေါင်းဆောင်များ မည်သို့မည်ပုံ ဖြစ်လာကြသနည်း

ကျွန်ုပ်တို့၏ ခေါင်းဆောင်မှုအလုံးစုံပြောင်းလဲခြင်းသည် ထိရောက်သော
ဝိညာဉ်ရေးခေါင်းဆောင်မှုအတွက် „မြင်ပုံဖော်မှုအားဖြင့် အစပြုပြီး ထို„ မြင်ပုံဖော်မှု
လက်တွေ့ဖြစ်မြောက်ရေးအတွက် အထောက်အကူဖြစ်မည့် ဝိညာဉ်ရေး
လက်တွေ့ကျင့်သုံးမှုများနှင့် အခြေခံမှုများ လိုအပ်ပါသည်။[၆] „မြင်ပုံဖော်မှုများသည်
လက်ရှိအဖြစ်မှန်ကို ထင်ဟပ်ခြင်းမရှိကြပေ။ ၎င်းတို့ သည် စိတ်ကူး ရသောအရာနှင့်
လိုချင်တပ်မက်သောအရာကို ဖော်ပြကြသော်လည်း ဖြစ်မလာသေးသော
အရာများဖြစ်သည်။ „မြင်ပုံဖော်မှုများသည် မိမိတို့ကိုယ်တိုင်အတွက်ဖြစ်စေ၊
အဖွဲ့အစည်းအတွက်ဖြစ်စေ ကြီးမြတ်သော „မြင်ပုံဖော်မှုများ ကြံဆောင်
ဖန်တီးတတ်သော „မြင်ပုံဖော်မှုဝါဒီများအတွက်သာ မဟုတ်ပေ။ ပိုမိုကောင်းမွန်သော
အသက်တာဘဝ၊ ဆက်ဆံရေး၊ အလုပ်အကိုင်၊ ဘုရားကျောင်း၊ အသင်းတော်၊
အဖွဲ့အစည်းစသဖြင့် ပိုမိုကောင်းမွန် သောအရာဟူသမျှကို စိတ်ကူးတတ်သူ
မည်သူမဆိုအတွက် ဖြစ်ပါသည်။

ုပ်လောကကြီးထဲမှ လူသိများသော နှိုင်းယှဉ်မှုတစ်ခုကိုကြည့်ပါ။
တောင်တက်သမားများအတွက် ဧဝရက်တောင်ထိပ်ကို တက်ရောက်နိုင်ရေးသည်
သူတို့၏ နောက်ဆုံးရည်မှန်းချက်ဖြစ်သည်။ တောင်ထိပ်သို့ တက်ရောက်
နိုင်ရေးအတွက် တောင်တက်သမားအနေဖြင့် ပြင်ဆင်မှုများ၊ လေ့ကျင့်မှုများကို
လပေါင်းများစွာ ပြုလုပ်ရမည်ဖြစ်သည်။ သို့သော် ဤစွန့်စားမှုသည် ခက်ခဲ
ကြမ်းတမ်းသော ကြိုတင်ပြင်ဆင်မှုများဖြင့် စတင်ခဲ့သည်မဟုတ်ပေ။ „မြင်ပုံဖော်မှု
(vision) ဖြင့်သာ အစပြုခဲ့ပါသည်။ တောင်တက်သမားသည် ကမ္ဘာ၏အမြင့်ဆုံး
တောင်ထိပ်၌ ရောက်ရှိပြီး မတ်တပ်ရပ်လျက် အံ့သြဖွယ်မြင်ကွင်းများကို ငေးကြည့်ရင်း

အောင်မြင်ကျေနပ်မှုအပြည့်ဖြင့် အရသာခံစားရသည်ကို ျမြင်ပုံဖော်လိမ့်မည် ဖြစ်သည်။ တောင်တက်စွန့်စားမှုကို ပေါ်ပေါက်စေသည်မှာ ခက်ခဲကြမ်းတမ်းသော တောင်တက်ခြင်းအတွေး မဟုတ်ဘဲ ျမြင်ပုံဖော်မှုဖြစ်ပါသည်။

သင်၏ခေါင်းဆောင်မှုကို သင်၏ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်တာထဲမှ ပေါ်ထွက်လာသောအရာအဖြစ် ျမြင်ပုံဖော်ခြင်းဆိုသည်မှာ သင့်ကို သင် အလွန်ထိရောက်ထက်မြက်သော ဝိညာဉ်အနှစ်သာရပြည့်ဝသည့် ခေါင်းဆောင်အဖြစ် ျမြင်ပုံဖော်ခြင်းဖြစ်သည်။ ဤျမြင်ပုံဖော်မှု၌ မိမိကိုယ် ကို ဘုရားသခင်နှင့် ကျွမ်းဝင်ရင်းနှီးသောဆက်ဆံရေးရှိခြင်းကြောင့် မိမိအသက်တာ ဘဝနှင့် ခေါင်းဆောင်မှု၏ အစိတ်အပိုင်းအားလုံး၌ အလုံးစုံ ပြောင်းလဲခြင်းကို ပိုင်ဆိုင်သူအဖြစ် ျမြင်ပုံဖော်မှုပါဝင်သည်။ ထူးခြားသော အောင်မြင်မှု အကျိုးရလာဒ် များကို မိမိအားဖြင့် ဘုရားသခင်၏ တန်ခိုးတော် အလုပ်လုပ်တော်မူသည်ဟု မိမိကိုယ်ကို ျမြင်ပြီး၊ အသင်းသားများနှင့် အခြား ုံးဝန်ထမ်းများနှင့် ဆက်ဆံရေး အဆင်ပြေကာ မိမိ၏ ခေါင်းဆောင်မှု အောက်ရှိ ဘုရားသခင်အကြံအစည်တော်ထဲ၌ ရှိကုန်ကြသော လူပုဂ္ဂိုလ် အသီးသီးအား အကျိုးကျေးဇူးခံစားကြသည်ကို စိတ်ကူး နိုင်ပါသည်။

သင်၏ျမြင်ပုံဖော်မှုကို လက်တွေ့အကောင်အထည်ဖော်နိုင်ခြင်းရှိမရှိသည် သင်၏ထိန်းချုပ်မှုပြင်ပ၌ရှိသော အကြောင်းအချက်များအပါအဝင် အကြောင်း အချက်များစွာပေါ်တွင် မူတည်ပါသည်။ သင်၏ခေါင်းဆောင်မှုသည် သင်ယူဆထင်မြင်သကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် အဆင်ပြေစွာ စီးဆင်းသွားချင်မှ စီးဆင်းသွားပေမည်။ ဤနေရာ၌ ကျွန်ုပ်တို့သည် သင် ပြောင်းလဲစေနိုင်သောအရာများအကြောင်း ပြောဆိုကြခြင်းမဟုတ်ပေ။ သင် ပြောင်းလဲနိုင်သောအရာကို ပြောခြင်းဖြစ်ပြီး ၎င်းသည် သင်၏ခေါင်းဆောင်မှုအတွက် သမ္မာကျမ်းစာ အခြေခံသော ဘုရားသခင်မှတ်သွင်းသည်ဟူသော ျမြင်ပုံဖော်မှုကို ဖန်တီးခြင်းဖြင့် အစပြုခြင်းဖြစ်သည်။ သင်၏အကန့်အသတ် ဆောင်မှုများနှင့် စိန်ခေါ်ချက်များကို နေ့စဉ်နှင့်အမျှ ကြုံတွေ့နိုင်မှုအပေါ် အရှိကို အရှိအတိုင်း သိရှိနိုင်မည့် အခွင့်အလမ်းများစွာရှိမည်ဖြစ်သည်။ သို့သော် ခေါင်းဆောင်မှု၌ နောက်ဆုံးအောင်မြင်မှုသည် မိမိ၏ ျမြင်ပုံဖော်မှုကို မြဲမြံစွာ ကိုင်စွဲခြင်းပေါ်၌ မူတည်သည်။[၅]

ယခုကျွန်ုပ်တို့ဦးဆောင်နေသောနည်းလမ်းများဖြင့် ဦးဆောင်မှုပေးရန် မည်သည့်အရာက ကျွန်ုပ်တို့အား တွန်းအားပေးသနည်းဟူသောအချက်နှင့် အောင်မြင်မှုကို မည်သို့တိုင်းတာမည်နည်းဟူသောအချက်တို့နှင့်ပတ်သက် ဖော်ပြရန် လိုမည်ဖြစ်သည်။[၆] မှန်ကန်သောျမြင်ပုံဖော်မှုသည် ဤမေးခွန်း များ၏

အဖြေကို ကူညီဖြေရှင်းပေးပါလိမ့်မည်။ ကျွန်ုပ်တို့၏ ခေါင်းဆောင်မှုကို အကျိုးရလာဒ်များ ရရှိနိုင်သောစွမ်းရည်နှင့် အဖွဲ့အစည်း၏ရည်မှန်းချက်များ ကို ပြည့်မှီအောင် စွမ်းဆောင်နိုင်ခြင်းအပေါ် အဓိကထားရမည်လော။ ကျွန်ုပ်တို့အပေါ် သူတစ်ပါး၏ သဘောထား သို့မဟုတ် ကျွန်ုပ်တို့အား မည်ရွေ့မည်မျှ နှစ်သက်မှုအပေါ် အဓိကအားဖြင့် တိုင်းတာရမည်လော။ ကျွန်ုပ်တို့၏ ဩဇာလွှမ်းမိုးမှုအတိုင်းအတာအပေါ် သို့မဟုတ် ကျွန်ုပ်တို့ပြောဆိုလုပ်ဆောင်ချက်တို့အပေါ် မည်သူက အလေးဂရုစိုက်သနည်းအပေါ် ကျွန်ုပ်တို့ အဓိက အလေးထားမည်လော။ သို့တည်းမဟုတ်ဘဲ ကျွန်ုပ်တို့၏ခေါင်းဆောင်မှု အတိမ်အနက်ကို သခင်ခရစ်တော်နှင့် သူ၏နိုင်ငံတော်အတွက် ဘုရားသခင် အုပ်စိုးတော်မူပြီး တန်ခိုးအာဏာပေးသနားတော်မူသော ကျွန်ုပ်တို့၏ ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်တာထဲမှ ပေါက်ဖွားလာသော ခေါင်းဆောင်မှုကို စစ်ဆေးတိုင်းတာကြမည်လော။

ခေါင်းဆောင်များအနေဖြင့် ကျွန်ုပ်တို့သည်ကျွန်ုပ်တို့အလုပ်လုပ်သော ပတ်ဝန်းကျင်ရှိ အကျိုးရလာဒ်များ၊ လူပုဂ္ဂိုလ်များနှင့် ဩဇာလွှမ်းမိုးမှုများအရေးကို အမြဲတမ်းအလေးထားကြရမည်ဖြစ်သည်။ ရည်မှန်းချက်များထားရှိခြင်းသည် သင့်လျော် လျောက်ပတ်သောအရာဖြစ်ပြီး၊ ကျွန်ုပ်တို့၏ လုပ်အားမှ ကောင်းသောအရာများ ပေါ်ထွက်လာစေလိုကြသည်။ သို့သော် ထိရောက်သော ဝိညာဉ်ရေးခေါင်းဆောင်အဖြစ်ကို အန္တရာယ်ပေးသောအရာမှာ အကျိုးရလာဒ်များ၊ လူပုဂ္ဂိုလ်များ ဩဇာလွှမ်းမိုးမှုများအား ကျွန်ုပ်တို့၏ အသက်တာ၌ တွန်းအားပေးနေသောအင်အားစုများအဖြစ် အလေးထား ခြင်း ဖြစ်ပါသည်။ ၎င်းအစား ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေး၌ ဘုရားသခင်၏ ပြုမြင်ပုံဖော်မှုနှင့် ကျွန်ုပ်တို့အထဲ၌ဖြစ်စေ၊ ကျွန်ုပ်တို့အားဖြင့်ဖြစ်စေ၊ ဘုရားသခင်လုပ်ဆောင်တော်မူချက်များမှ ပေါ်ထွက်လာသော ကျွန်ုပ်တို့၏ ခေါင်းဆောင်မှုတို့၌သာ အလေးထားကြရမည်ဖြစ်သည်။

မည်သို့အကောင်အထည်ဖော်မည်မှန်းမသိသည့်တိုင် မှန်ကန်သော ပြုမြင်ပုံဖော်မှုဖြင့် အစပြုပါ။ သင်၏ကြိုးပမ်းမှုများ၌ မပြည့်စုံမလုံလောက်မှုနှင့် အတားအဆီးများ တွေ့ကြုံရသည်ဟု ထင်မြင်ယူဆသည့်တိုင် သင့်ဘဝ၏ အတက်အကျများတစ်လျှောက်လုံး သင်၏ ပြုမြင်ပုံဖော်မှုကို မြဲမြံစွာကိုင်စွဲပါ။ ခေါင်းမာစွာ ဆက်လက်ကြိုးစားလိုက်လျှောက်ပါ။ ဝိညာဉ်ရေးခေါင်းဆောင်အဖြစ် ဘုရားသခင်က သင့်အတွက် ရည်ရွယ်တော်မူသည်ကို မျက်ခြေမပြတ်ဘဲ ဘာဖြစ်လာမည်ကို ကြည့်နေပါ။

## စစ်မှန်သောအရာ(What's Real)

ခေါင်းဆောင်မှု၏အသီးအပွင့်ခံစားခြင်း၌ ကျွန်ုပ်တို့ထဲ၌ဖြစ်စေ၊ ကျွန်ုပ်တို့အားဖြင့်ဖြစ်စေ ဘုရားသခင်ပတ်သက်လုပ်ဆောင်တော်မူခြင်း လိုအပ်သည်။

ဝိညာဉ်အခြေခံမှု၌ နက်ရှိုင်းသော ဝိညာဉ်အနှစ်သာရပြည့်ဝသည့် အသက်တာထဲမှ ပေါ်ထွက်လာသော အလုံးစုံပြောင်းလဲခြင်းနည်းလမ်းများ စီးဆင်းလာသည့် သင်၏ ခေါင်းဆောင်မှုကို စိတ်ကူးထဲတွင် ပုံဖော်ပြီး လေ့ကျင့်မှုပြုလုပ်ခြင်းရှိပါသည်။ ခေါင်းဆောင်မှု၏အသီးအပွင့်များ ရရှိခံစားခြင်း၌ ကျွန်ုပ်တို့ထဲ၌ ဖြစ်စေ၊ ကျွန်ုပ်တို့အားဖြင့်ဖြစ်စေ ဘုရားသခင်အလုပ် လုပ်တော်မူခြင်း လိုအပ်ပါသည်။ ဆိုလိုသည်မှာ ဘုရားသခင်၏ရည်ရွယ် ချက်များကို အကျိုးပြုပြီး ဘုရာသခင်၏ ဂုဏ်တော်ကို ချီးမြှင့်သော အကျိုးရလာဒ်များသည် ဘုရားသခင်၏ အနီးနားတွင် တည်ရှိတော်မူခြင်း၊ တန်ခိုး တော်နှင့် စိုက်လက္ခဏာတော်တို့နှင့် ရောထွေးစိမ့်ဝင်မှုရှိပါသည်။ သို့ဖြစ် ဘုရားသခင်ပေါ်၌ အာရုံစိုက်ခြင်းသည် ကျွန်ုပ်တို့အား ခေါင်းဆောင်မှုအတွက် မှန်ကန်သော ပုံဖော်မှုဆီသို့ ခေါ်ဆောင်သွားသည်သာမကဘဲ ဘုရားသခင်၏အောင်မြင်မှု အဓိပ္ပာယ် ဖွင့်ဆိုမှုနှင့်အညီ အောင်မြင်မှုရလိုပါက ၎င်းသည် အကြွင်းမဲ့လိုအပ်မှု ဖြစ်ပါတော့သည်။

ထိုသို့မဟုတ်ဘဲ ကျွန်ုပ်တို့ကိုယ်တိုင်၏အသိဉာဏ်၊ ညဏ်ပညာ၊ စိတ်တန်ခိုး၊ ကိုယ်ရည်ကိုယ်သွေးနှင့် ကြိုးပမ်းမှုများပေါ်၌သာ အားထားနေမည်ဆိုပါက ၎င်းတို့သည် ကျွန်ုပ်တို့၏ အတ္တ၊ အတ္တအခြေပြုမှု၊ လောဘရမက်များနှင့် စိတ်စေစားချက်များ၏ တွန်းအားပေးမှုကြောင့်သာဖြစ်ပေမည်။ ဤအခြေအနေများထဲမှ အလွန်အားရဖွယ်ကောင်းသော အကျိုးရလာဒ်များကို ကျွန်ုပ်တို့ ထုတ်လုပ်နိုင်ဆဲဖြစ်သော်လည်း အလွန်အနှစ်သာရကျသော အရည်အသွေး တစ်ခုမရှိ ဖြစ်နေပါသည်။ ဥပမာအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်ကို မရလိုက်ဘဲ ဂုဏ်ပြုခြင်းကို ရရှိလိမ့်မည်ဖြစ်သည်။ အခြားသူများ အနေဖြင့် သခင်ခရစ်တော်၌ မှီခိုရမည့်အစား ကျွန်ုပ်တို့အပေါ် မှီခိုလာနိုင်ပါသည်။ ကျွန်ုပ်တို့၏ အဖွဲ့အစည်းများသည် စီးပွားရေးလုပ်ငန်းများ အဖြစ်ဖြင့်ဖြစ်စေ၊ ဌာနန္တရအဖွဲ့အစည်းများအဖြစ် ဖြစ်စေ၊ အောင်မြင်နိုင် ကြမည်ဖြစ်သော်လည်း ကျွန်ုပ်တို့အတွက် ဘုရားသခင် ကြံရွယ်တော်မူချက် များကို ဖြည့်ဆည်းပေးနိုင်ကြမည် မဟုတ်ပေ။

ဤနေရာ၌ ရှုပ်ထွေးစေနိုင်သောအရာမှာ ကျွန်ုပ်တို့သည် ဘုရားသခင်ကို အားကိုးအားထားပြုရမည်ကို သိရှိကြသော်လည်း ကျွန်ုပ်တို့ကိုယ်တိုင်အပေါ် ၌လည်း အားကိုးအားထားပြုရန် လိုအပ်သည်ကို ကောင်းစွာ သိရှိခြင်းဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့တစ်ဦးချင်းစီအား အသိဉာဏ်ပေးသနား တော်မူပါသည်။

ကျွန်ုပ်တို့သည် ကျောင်းမှ ပညာအမြောက်အမြားသင်ယူ ရရှိခဲ့ကြပြီး အတွေ့အကြုံမှ ညဏ်ပညာကို ရရှိခဲ့ကြသည်။ ကျွန်ုပ်တို့၌ အခြားသူများက အသိအမှတ်ပြုသော သဘာဝစွမ်းဆောင်ရည်များနှင့် ဝိညာဉ်ရေးရာ ဆုကျေးဇူးများ ပိုင်ဆိုင်ထားပါသည်။ အလုပ်၌ ကြိုးစားခြင်းသည် ထူးခြားမှုကို ဖြစ်ပေါ်စေကြောင်း ကျွန်ုပ်တို့သိပါသည်။ ခေါင်းဆောင်မှု၏ ဤအစိတ်အပိုင်းတစ်ခုစီသည် အောင်မြင်သော ခေါင်းဆောင်တစ်ဦးအတွက် အရေးပါသောအရာများဖြစ်သည်မှာ သံသယရှိစရာ မလိုပေ။ သို့သော် မည်သူ့ကိုအားကိုးရမည် သို့မဟုတ် မည်သည့်အရာကို အားကိုးရမည်နှင့် ပတ်သက် ကျွန်ုပ်တို့၏ စိတ်ပုံထွေးမှုသည် ကျွန်ုပ်တို့၏ ဘုန်းတန်ခိုး၏ မူလဇစ်မြစ်နှင့် ကျွန်ုပ်တို့ရရှိနိုင်သော အရင်းအမြစ်များ၏ ကွာခြားချက်ကို သိရှိပါက အဆိုပါပုံထွေးမှုသည်များစွာ လျော့နည်းသွားမည်ဖြစ်သည်။

ခရစ်ယာန်အမှုတော်ဆောင်လုပ်ငန်း၌ဖြစ်စေ၊ သို့မဟုတ် အခြားမည်သည့် ခရစ်တော်၏အမှုတော်ဆောင်လုပ်ငန်း၌ဖြစ်စေ၊ ဘုရားသခင်သည် အခြားသူများအား ထာဝရတည်တံ့သော ဝိညာဉ်ရေးအကျိုးကျေးဇူးပေါ်ထွက်စေ သည့် မည်သည့်ကြိုးပမ်းမှုမဆို၏ မူလဇစ်မြစ်ဖြစ်တော်မူသည်။ ကျွန်ုပ်တို့၏ အလုပ်ခွင်သို့ ယူဆောင်လာခဲ့သော အရင်းအမြစ်များသည် ကျွန်ုပ်တို့ကိုယ် တိုင်ပါဝင်သော ဘုရားသခင် ကျွန်ုပ်တို့အားဖြင့် လုပ်ဆောင်တော်မူချက်များထဲမှ ကျွန်ုပ်တို့ ဆွဲထုတ်လိုက်သော အရင်းအမြစ်များဖြစ်ပါသည်။ လက်တွေ့ကျကျပြောပါက ဘုရားသခင်လုပ်ဆောင်တော်မူချက်နှင့် ကျွန်ုပ်တို့ လုပ်ဆောင်ချက်တို့၏ ခြားနားချက်ကို ရှင်းလင်းစွာ ဖော်ပြရန် မဖြစ်နိုင်သော်လည်း ထိုသို့ ခွဲခြမ်းစိတ်ဖြာမှုပြုခြင်းသည် ကျွန်ုပ်တို့၏ လိုရင်းပစ်မှတ် မဟုတ်ပေ။ ဤနေရာ၌ အရေးကြီးသည်မှာ ကျွန်ုပ်တို့၏ ရှုထောင့်အထွေထွေနှင့် လက်တွေ့ ကျင့်သုံးမှုဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ခေါင်းဆောင်မှုသည် ကျွန်ုပ်တို့၏ အောင်မြင်မှုများ အကြောင်းလော သို့တည်းမဟုတ် ကျွန်ုပ်တို့အားဖြင့် ဘုရားသခင် အလုပ်လုပ်တော်မူခြင်းလောဟူသည်ကို ကျွန်ုပ်တို့ မည်သို့ ယူဆသနည်း။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို ပို သာ ကြိုးစားရန် တွန်းပို့နေကြသလော သို့မဟုတ် ဘုရားသခင်၏အနီးနားတွင် တည်ရှိတော်မူခြင်း၊ တန်ခိုးအာဏာနှင့် ဦးဆောင်မှုများထဲမှ ခွန်အားရယူရန် အရှိန်သတ်ပြီး သင်ခန်းစာ ရယူကြပါ၏လော။

ဘုရားသခင်အလုပ်လုပ်တော်မူခြင်းအပေါ် ကျွန်ုပ်တို့၏ မှီခိုအားထားမှုသည် ကျွန်ုပ်တို့၏ ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်တာဘဝနှင့် ကျွန်ုပ်တို့၏ ခေါင်းဆောင်မှုတို့ကို ပေါင်းစည်းရာ၌ အလွန်အရေးကြီးပါသည်။ ကျွန်ုပ်တို့ သည် ဝိညာဉ်အနှစ်သာရပြည့်ဝခြင်းကို ကျွန်ုပ်တို့၏ ပုဂ္ဂလိကအသက်တာ အတွက်သာ နေရာပေးခြင်း သို့မဟုတ် ကျွန်ုပ်တို့၏ခေါင်းဆောင်မှု၌ အစိတ်အပိုင်း(ဒိုင်မင်းရှင်) အမြောက်အမြားရှိသည့်အနက် အစိတ်အပိုင်းတစ်ခုတည်းအတွက်သာ နေရာ

ပေးခြင်းပြုပါက ကျွန်ုပ်တို့အထဲ၌ ဘုရားသခင်၏ဝိညာဉ်တော် အလုပ်လုပ်တော်မူခြင်းမှ ပေါ်ထွက်လာသော ခေါင်းဆောင်မှုအဖြစ်ဖြင့် ဦးဆောင်မှုပေးနိုင်ကြမည် မဟုတ်ပေ။ ဤသို့ အစိတ်စိတ်ပိုင်းထားခြင်းက ကျွန်ုပ်တို့၏အလုပ်သည် ကျွန်ုပ်တို့ထဲ၌ ဘုရားသခင်အလုပ်လုပ်တော်မူခြင်း၌ အခြေခံရမည့်အစား အခြားတစ်စုံတစ်ခုအပေါ် အခြေခံသည်ကိုပြသခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်တိုင်၏ တီထွင်ကြံဆမှု၊ ခေါင်းဆောင်မှုအတွေးအခေါ်၊ စီမံမှု စသည်တို့ကို တွန်းအားအဖြစ် ယူဆရမည့်အစား ကျွန်ုပ်တို့ကိုယ်တိုင်၏လိုအင်ဆန္ဒများ၏ လှုံ့ဆော်မှုကြောင့် ဦးဆောင်မှုပေးမည်ဆိုပါက ဝန်ထမ်းများထံမှ နောင်တရစရာတုံ့ပြန်မှုအပြင် အုပ်ချုပ်စီမံရေးအဖွဲ့ဝင်များ၏ ပြစ်တင်ဝေဖန်မှု၊ တင်းမာမှု၊ စိတ်ပျက်လက်ပျက်ဖြစ်မှု စသည့်အခက်အခဲများနှင့် တုံ့ပြန်မှုများကို မလွဲမသွေ တွေ့ကြုံရမည်ဖြစ်သည်။

ဤပြဋ္ဌာန်းချက်များသည် ကျွန်ုပ်တို့၏ခေါင်းဆောင်မှုကို မှားယွင်းသောအခြေခံပေါ်၌ တစ်နည်းမဟုတ် တစ်နည်းနည်းဖြင့် တည်ဆောက်ကြသောကြောင့် ပေါ်ထွက်လာကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ သက်ဝင်ယုံကြည်မှုနှင့် ဝိညာဉ်အနှစ်သာရပြည့်ဝသောအသက်တာနှင့် ကျွန်ုပ်တို့၏ ခေါင်းဆောင်မှုသဘောတရားနှင့် လက်တွေ့တို့ကို ပေါင်းစည်းရန် ပျက်ကွက်ခဲ့ကြ ဖြစ်သည်။ ခရစ်ယာန်များအဖြစ် ကျွန်ုပ်တို့ ယုံကြည်သည်ဟု ပြောသောအရာနှင့် လူအများအား ကျွန်ုပ်တို့ မည်သို့မည်ပုံ ခေါင်းဆောင်နေကြသည်တို့ကို ဆက်စပ်ပေးရန် ကျွန်ုပ်တို့ ပျက်ကွက်ခဲ့သည်။ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက် ဘုရားသခင်၏ ကျေးဇူးတော်ကို ကျွန်ုပ်တို့ ယုံကြည်လက်ခံပြီး သခင်ခရစ်တော်နှင့် သူ၏နိုင်ငံတော်အတွက် ပေးဆပ်ဆက်ကပ်နေကြသော်လည်း နောက်ဆုံးတွင် ကျွန်ုပ်တို့ကိုယ်တိုင်၏ အစီအစဉ်များကိုသာ လိုက်စားလုပ်ဆောင်နေကြသည်။ ဘုရားသခင်အတွက် အလုပ်ကြီးများကို ကျွန်ုပ်တို့ကိုယ်တိုင်၏ ခွန်အားကိုအားကိုးပြီး ပြီးမြောက်စေရန် ကြိုးစားကြပါသည်။

ကျွန်ုပ်တို့၏ ဝိညာဉ်ရေးအသက်တာဘဝနှင့် ခေါင်းဆောင်မှုကို ပေါင်းစည်းရေးဟူသည့် ခရစ်ယာန်သက်ဝင်ယုံကြည်မှု၏ သတင်းကောင်းနှင့် စိတ်ထား နှင့် နှလုံးသားမှလာသော ခံစားချက်တို့သည် တစ်ထပ်တည်းဖြစ်နေရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့နှင့် မထိုက်တန်သော ဘုရားသခင်၏ ကျေးဇူးတော်၌ ကျွန်ုပ်တို့သည် အပြစ်သားများအဖြစ် ပျော်ရွှင်ကြည်နူးရမည်ဖြစ်ပြီး ဘုရားသခင်နှင့်အတူ ကျွန်ုပ်တို့ ရပ်တည်နိုင်ရေးအတွက်သခင်ခရစ်တော်၏ အမှုတော်၏ လုံလောက်မှုအပေါ်၌ ကျွန်ုပ်တို့ မှီခိုအားထားနေရသည့်အပြင် အမှုတော်ဆောင်လုပ်ငန်း၏ အသီးအပွင့်ရရှိခံစားနိုင်ရေးအတွက် သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုတော်အပေါ်၌ မှီခိုအားထားနေကြသည်။ တစ်နည်းအားဖြင့်

ဆိုလျှင် ကျွန်ုပ်တို့၏ ခေါင်းဆောင်မှုကို ကျွန်ုပ်တို့၏ အသက် တာဘဝအတွင်း ခိုင်မာတောင့်တင်းလှသော ဘုရားသခင်၏အမှုတော်၌ တည်ဆောက်ကြရမည် ဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်တိုင်၏ အစွမ်းအစကြောင့် လုံလောက်သော အောင်မြင်မှုအကျိုးရလာဒ်များ ရရှိကြောင်း၊ လူမှန်၊ ပုဂ္ဂိုလ်မှန်တို့ကို ကျေနပ်စေကြကြောင်း၊ ကျွန်ုပ်တို့ ကိုယ်တိုင် အားရကျေနပ်ရေးအတွက် ဩဇာအာဏာရရှိကြကြောင်းစသဖြင့် ကြွားဝါခြင်းမှ လွတ်မြောက်နိုင်ကြ မည်ဖြစ်သည်။

ကျွန်ုပ်တို့သည် ချစ်ခင်စဖွယ်ကောင်းသော ပုဂ္ဂိုလ်များဖြစ်ကြောင်း အဖိုးတန် ပုဂ္ဂိုလ်များဖြစ်ကြောင်း အခြားသူတို့က လက်ခံအသိအမှတ်ပြုရေးအတွက် ကြိုးပမ်းမှုများကို လျှော့ချနိုင်လေ၊ ကျွန်ုပ်တို့၏ခေါင်းဆောင်မှု၌ သခင်ခရစ်တော်၏ ရည်ရွယ်ချက်များအတွက် ပိုမိုအချိန်ပေးဆက်ကပ်နိုင်လေဖြစ်မည်ဖြစ်သည်။ အကျိုးရလာဒ်များထုတ်လုပ်ခြင်း၊ လူတို့အား ကျေနပ်အားရမှုပေးခြင်းနှင့် ကျွန်ုပ်တို့၏ ဩဇာလွှမ်းမိုးမှုနယ်ပယ်ကို တိုးချဲ့ခြင်းတို့၏ ကျေးကျွန်လုပ်ရမည့်အစား ဘုရားသခင်၏ အစီအစဉ်တော်အတွက် လုပ်ဆောင်နေသော အသင်းအဖွဲ့အား ကျွန်ုပ်တို့အားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်က အလုပ်လုပ်တော်မူရန် ကျွန်ုပ်တို့ လုပ်ဆောင်သင့်ပါသည်။

ထိရောက်သောခေါင်းဆောင်များ ဟုတ်မဟုတ် အကဲဖြတ်သုံးသပ်ရေး၌ ဓမ္မဓိဌာန်ကျသောတိုင်းတာမှုများနှင့် ပုဂ္ဂလဓိဌာန်ကျသော တိုင်းတာမှုများကိုသုံးပြီး သုံးသပ်နိုင်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ပညာသည်အဆင့်အထိ တိုးတက်ရေးအတွက် မိမိကိုယ်ကို ဆန်းစစ်ခြင်းနှင့် ပြင်ပပုဂ္ဂိုလ်များ၏ ဝေဖန်မှုများ လိုအပ်ပါသည်။ ၎င်း၌ ကျွန်ုပ်တို့၏ ထိရောက်မှုအတိုင်းအတာ နှင့်ပတ်သက် ကျွန်ုပ်တို့အား အပ်နှင်းထားသောအာဏာနှင့် ဩဇာလွှမ်းမိုးမှုကို တိုင်းတာမှု တစ်ခုအဖြစ် ယူဆနိုင်မည်ဖြစ်သည်။ ခရစ်ယာန်ခေါင်းဆောင်မှု၌ တာထွက်ရာ နေရာသည် ဦးနှောက်၊ နှလုံးသား၊ လုပ်ဆောင်ချက် နှင့် အတွေ့အကြုံတို့အားဖြင့် ဘုရားသခင်နှင့်အတူရှိနေပြီး အခြေခံခိုင်မာ သော ဝိညာဉ်အနုစ်သာရပြည့်ဝသည့် အသက်တာဘဝဖြစ်ရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ ဝိညာဉ်တော်မှုတ်သွင်းသော ဆုကျေးဇူးများကို သစ္စာရှိစွာ အသုံးပြုသောအခါ ကျွန်ုပ်တို့ဦးဆောင်နေသော အမှုတော်ဆောင်လုပ်ငန်းသည် ဘုရားသခင်၏ အချိန်အခါနှင့် ဘုရားသခင်၏ အလိုတော် နှင့်အညီ ကျွန်ုပ်တို့၏ အလုပ်ထဲ၌ဖြစ်စေ၊ ကျွန်ုပ်တို့အားဖြင့်ဖြစ်စေ ဘုရား သခင်လုပ်ဆောင်တော်မူခြင်းကြောင့် အသီးအပွင့်များ ပိုမိုတွေ့ရှိလာရ မည်ဖြစ်သည်။

ကျွန်ုပ်တို့၌ ဝိညာဉ်အနုစ်သာရပြည့်ဝသောအသက်တာရရှိမှသာ ကျွန်ုပ်တို့၏ ဝိညာဉ်အနုစ်သာရပြည့်ဝသော အသက်တာနှင့် ကျွန်ုပ်တို့၏

ခေါင်းဆောင်မှုတို့ကို ထိရောက်စွာပေါင်စည်းနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဝိညာဉ် အနှစ်သာရပြည့်ဝမှုသည် အသိဉာဏ်အားဖြင့်ဖြစ်စေ၊ ခံစားချက်အားဖြင့်ဖြစ်စေ၊ အတွေ့အကြုံအားဖြင့်ဖြစ်စေ၊ ဘုရားသခင်၏ကျေးဇူးတော်တည်းဟူသော သတင်းကောင်း၌ ခိုင်မာစွာ အမြစ်တွယ်ရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ လူသားဘဝအတွေးအခေါ် ရှုထောင့်မှကြည့်လျှင် ကျွန်ုပ်တို့အသက်တာဘဝ၏ အစိတ်အပိုင်းတစ်ခုစီ၏ ကမ္ဘာ့အမြင်နှင့် စိတ်နေသဘောထားတို့ကို ကျွန်ုပ်တို့၏ သက်ဝင်ယုံကြည်မှုအလိုကျ ဩဇာလွှမ်းမိုးမှုပေးပါက ကျွန်ုပ် တို့၏ ဝိညာဉ် အနှစ်သာရပြည့်ဝသော အသက်တာလည်း တိုးသထက်တိုး အမြဲပ ်ယ်ကြွယ်ဝလာ မည်ဖြစ်သည်။ ခံစားချက်ရှုထောင့်မှကြည့်လျှင် ဘုရား သခင်၏မေတ ာတော်၊ အပြစ်များအတွက် ဝမ်းနည်းခြင်း၊ ခွင့်လွှတ်ခြင်းအတွက် ပျော်ရွှင်ကြည်နူးမှုနှင့် သက်ဝင်ယုံကြည်မှု၊ သမ္မာကျမ်းစာသွန်သင်မှုနှင့် ခရစ်ယာန်ယုံကြည်ခံယူချက် များ(doctrines)တို့ကို ကောင်းစွာသိရှိခြင်းမှ ဆင်းသက်လာသော လူသား၏ ခံစားချက်တစ်ခုလုံးစသည်တို့အတွက် ကျွန်ုပ် တို့၏ကျေးဇူးတရားများကို ဖွင့်ချ လိုက်ပါက ကျွန်ုပ်တို့၏ ဝိညာဉ်အနှစ်သာရ ပြည့်ဝသော အသက်တာသည်လည်း တိုးသထက်တိုး ခွန်အားရရှိကာ ပိုမိုခိုင်မာလာမည်ဖြစ်သည်။ အတွေ့အကြုံ ရှုထောင့်မှကြည့်လျှင် ကျွန်ုပ်တို့သည် ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ခြင်း၌ဖြစ်စေ၊ သဘာဝထဲ၌ဖြစ်စေ၊ ကျမ်းစာထဲ၌ဖြစ်စေ၊ ကျွန်ုပ်တို့၏အသက်တာဘဝ၏ အစိတ်အပိုင်းတစ်ခုစီ၌ ဘုရားသခင်၏အနီးနားတွင် တည်ရှိတော်မူခြင်းနှင့် ကျွန်ုပ်တို့နှင့် ဆက်စပ်တော်မူခြင်းတို့ကို သိရှိစေသောအရာများ၌ဖြစ်စေ၊ ကျွန်ုပ်တို့ထိတွေ့ဆက်ဆံသောအခါ ကျွန်ုပ်တို့၏ ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်တာလည်း ပိုမိုနက်ရှိုင်း ကြွယ်ဝလာပါသည်။

ၿင်းအပြင် ခေါင်းဆောင်မှု၏တောင်းဆိုမှုများကို ကျွန်ုပ်တို့ကိုင်တွယ် သောအခါ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးအသက်တာအပေါ် ကျေနပ်ရောင့်ရဲနေ မဖြစ်ပေ။ ထို့အတူ လက်ရှိဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေးအပေါ် ကျေနပ်ရောင့်ရဲနေ မဖြစ်ပေ။ ကျွန်ုပ်တို့သည် ပိုမိုထိရောက်စွာ အမှုတော် အတွက် ဆက်ကပ်လိုပါက ခေါင်းဆောင်မှု၌ ဘုရားသခင်၏ ဝိညာဉ်တော်ထံ တော်မှ အတွေ့အကြုံကို ဆွဲထုတ်ပြီး ဘုရာသခင်နှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေးကို ပိုမိုခိုင်မာအောင် ပြုစုပျိုးထောင်ရန် လိုအပ်မည်ဖြစ်သည်။ ဥပမာအားဖြင့် ခေါင်းဆောင်များအနေဖြင့် အဖွဲ့အစည်းတစ်ခု သို့မဟုတ် ရပ်ရွာအဖွဲ့အစည်း တစ်ခု၏ဦးတည်ချက်ကို သိရှိရန်နှင့် ခက်ခဲနက်နဲသော ပြ နာများကိုဖြေရှင်းရန် ဉာဏ်ပညာနှင့် ဝိညာဉ်ရေးအထူးခံစားလွ ယ်မှု(special spiritual sensitivity)ရှိရန် လိုအပ်ပါသည်။ မိမိတို့၏ခေါင်းဆောင်များအား နည်းပေးလမ်းပြရန်အတွက်ဖြစ်စေ၊ ဘုရားသခင်နှင့် မည်သို့ဆက်ဆံရမည်နှင့်ဖြစ်စေ

သွန်သင်ပြသရန်ဖြစ်စေ၊ မိမိတို့၏ ဘုရားသခင်နှင့် ဆက်ဆံရေးမှ ခွန်အားနှင့် အကူအညီရရန်အတွက်ဖြစ်စေ လမ်းညွှန်စေလိုကြသည်။

ကျွန်ုပ်တို့ခေါင်းဆောင်များ၌ရှိသော ဝိညာဉ်အနှစ်သာရနက်ရှိုင်းမှုက ကျွန်ုပ်တို့၏အဖွဲ့အစည်းအတွင်း သံစဉ်ကိုချမှတ်ပေးပြီး လုပ်ဖော်ဆောင်ဖက်များနှင့် အခြားသူတို့နှင့် ဆက်ဆံရေးကို ပိုမိုကြွယ်ဝစေကာ ပိုမိုအဓိပ္ပာယ်ရှိစေပါသည်။ ဘုရားသခင်ကို ကျွန်ုပ်တို့ ပိုမိုသိရှိလေ ပိုမိုအတွေ့အကြုံ ကြွယ်ဝလာလေဖြစ်ပြီး ကျွန်ုပ်တို့၏ခေါင်းဆောင်မှုသည်လည်း ဘုရားသခင်နှင့်ကျွန်ုပ်တို့၏ ဆက်ဆံရေး၌ ပိုမိုအမြစ်တွယ်လေဖြစ်ကာ ကျွန်ုပ်တို့၏အသက်တာနှင့် လုပ်ငန်းခွင်၌ ပိုမိုငြိမ်းချမ်းသာယာလေဖြစ်ပေမည်။ ပြဿနာများကို ရင်ဆိုင်ဖြေရှင်းခန့်ခွဲမှုနည်းလမ်းများနှင့် အလုပ်ကြိုးစားခြင်းတို့ပေါ်တွင် မှီခိုအား ထားနေကြပါသည်။ အရောင်းမြှင့်တင်ရေး၊ ရောင်းချခြင်း၊ ရန်ပုံငွေရှာဖွေခြင်း မဟာဗျူဟာတို့ကို အားထားကြသည်။ သို့သော် ၎င်းတို့သည် ခေါင်းဆောင်မှု၏အခြေခံများအဖြစ် လုံလောက်ခြင်းမရှိကြပေ။ ခရစ်ယာန်ခေါင်းဆောင်မှု၌ အခြေခံတစ်ခုတည်းဖြစ်သော အသက်ဝင်သည့်ဝိညာဉ် အနှစ်သာရပြည့်ဝသော အသက်တာသည်သာ လုံလောက်သောအခြေခံဖြစ်သည်။ ၎င်းအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ တစ်ဦးချင်းစီအား အလုံးစုံပြောင်းလဲစေပြီး ကျွန်ုပ်တို့အား ဦးဆောင်တော်မူသည့်အပြင် ခေါင်းဆောင်များဖြစ်သော ကျွန်ုပ်တို့အားဖြင့်လည်း အလုပ်လုပ်တော်မူသည်။

လုပ်ငန်းခွင်အတွင်း ကြွယ်ဝသောဝိညာဉ်ရေး ပတ်ဝန်းကျင်ဖန်တီးရန် ကြိုးစားနေသော နက်ရှိုင်းသည့်ဝိညာဉ်အနှစ်သာရပြည့်ဝသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ရန်နှင့် အကောင်းဆုံးဦးဆောင်ရန်တို့သည် အပြိုင်အဆိုင် ဖြစ်နေကြသော လုပ်ငန်းများမဟုတ်ကြပေ။ ဤနှစ်ခုသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေကြသည်ဟု ယူဆခြင်းသည် မှားယွင်းသောနှစ်စုခွဲခြင်း အယူအဆဖြစ်ပါသည်။ အမှန်အားဖြင့် ကျွန်ုပ်တို့၏ခေါင်းဆောင်မှုနှင့် ဝိညာဉ် အနှစ်သာရပြည့်ဝသော အသက်တာတို့ အပြည့်အဝပေါင်းစည်းသွားခြင်း မရှိပါက ကျွန်ုပ်တို့၏ ဦးဆောင်နိုင်မှုစွမ်းရည်သည် လိုအပ်မှုရှိနေဦးမည်ဖြစ်ပြီး မလိုအပ်သော အကျိုးယုတ်စေသည့် ပဋိပက္ခများကို ကျွန်ုပ်တို့ကြုံတွေ့ လိမ့်မည်ဖြစ်သည်။

အကယ်၍ ကျွန်ုပ်တို့သည် များသောအားဖြင့် အကျိုးရလာဒ်များကသာ အားတက်စေသည်ဆိုပါက ကျွန်ုပ်တို့သည် ဘုရားသခင်စေခိုင်းတော်မူသော သာသနာကိုဦးဆောင်ပြီး အကောင်အထည်ဖော်ရမည့်အစား လူတို့အား ကျွန်ုပ်တို့၏လိုအင်ဆန္ဒကို အကောင်အထည်ဖော်ရန် တွန်းပို့ရလိမ့်မည်ဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့သည် လူချစ်လူခင်ပေါသော ဆန္ဒရှိသူများဖြစ်ပါက အခြားသူများအကြိုက်ကိုလိုက် လုပ်ဆောင်ခြင်းဖြင့် ကျွန်ုပ်တို့ အလုပ်တာဝန်ကို

မျက်ခြေပြတ်သွားနိုင်ပါသည်။ အကယ် ကျွန်ုပ်တို့သည် လူအများကို ဩဇာညောင်းသော ပုဂ္ဂိုလ်ဖြစ်ချင်သည့်ဆန္ဒကြောင့် အားတက်သူများဖြစ်ပါက ကျွန်ုပ်တို့၏ ဂုဏ်သတင်းကျော်စောမှုနှင့် အာသီသပြည့်ဝစေဖို့ ကြိုးစားသည့်အတွက် အဖွဲ့အစည်းနှင့် ၎င်း၌ အလုပ်လုပ်သူများအတွက် တာဝန်ရှိသည်ကို လစ်လျူ သွားနိုင်ပါသည်။ သို့ဖြစ် တစ်လွဲဦးစားပေးမှုများနှင့် တစ်လွဲတန်ဖိုးထားမှု များကြောင့် ကျွန်ုပ်တို့၏ အဖွဲ့အစည်းအတွင်းနှင့် အခြားပုဂ္ဂိုလ်များနှင့်ပါ ပဋိပက္ခများဖြစ်ပေါ်နိုင်ပါသည်။ ကျွန်ုပ်တို့ထဲ၌ ဘုရားသခင် အလုပ်လုပ် တော်မူသောအခါ၌ပင် ကျွန်ုပ်တို့၏အတွင်းအဖွဲ့ ငြိမ်းချမ်းမှုနှင့် ခိုင်မာလှသော ကျွန်ုပ်တို့၏ ဝိညာဉ်ရေးအုတ်မြစ်တို့ကြောင့် အဆိုပါပဋိပက္ခများနှင့်စိန်ခေါ်ချက်များကို ပိုမိုအကျိုးရှိစွာ ကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်သည်။ သို့သော် တစ်ခါတစ်ရံ ဝိညာဉ်ရေးအရ ပိုမိုနက်ရှိုင်းစွာ လျှောက်သွားရသောအခါ အလွန့်အလွန်ခံစား တတ်ကြသည်။ မည်သို့ ကိုယ်တွယ်ဖြေရှင်းမည်ကို မသိကြပေ။ မည်သည့်အရာကို ဆိုလိုမှန်းပင် မသိနိုင်ဖြစ်တတ်ကြသည်။

ပထမအားဖြင့် 'ဝိညာဉ်ရေးအရ ပိုမိုနက်ရှိုင်းစွာသွားခြင်း'ဟူသည်မှာ အယူ မှန်ယုံကြည်ချက်များ(orthodox belief)ဘောင်ကို ကျော်သွားခြင်းနှင့် အပြုအမူ(behaviors)နှင့်ပတ်သက် သင့်တော်လျောက်ပတ်စွာ လိုက်နာကျင့်သုံး ခြင်းကို ဆိုလိုပါသည်။ ဝိညာဉ်အနှစ်သာရနက်ရှိုင်းမှု၌ ဘုရားသခင်ကို နားထောင်နိုင်သော စွမ်းရည်ရှိခြင်းနှင့် ကျွန်ုပ်တို့အား အလုံးစုံပြောင်းလဲစေနိုင်သော နည်းလမ်းများအားဖြင့် ဘုရားသခင်အား တွေ့ကြုံထိတွေ့ခြင်းပါဝင်သည်။ ၎င်းအပြင် ဘုရားသခင်နှင့် ပိုမိုရင်းနှီးစွာ သိကျွမ်းဆက်ဆံခြင်းနှင့် ကျွန်ုပ်တို့၏ အသက်တာ ဘဝနှင့်ခေါင်းဆောင်မှု၏ အစိတ်အပိုင်းတစ်ခုစီ၌ ဝိညာဉ်တော်၏ ဦးဆောင်မှုကြောင့် တိုးသထက်တိုး သက်တောင့်သက်သာ ရှိလာခြင်းပါဝင်သည်။ ဝိညာဉ် အနှစ်သာရ ပြည့်ဝသော အလုံးစုံပြောင်းလဲခြင်းသည် အစိတ်အပိုင်း အမြောက်အမြားပါဝင်သော ပြောင်းလဲ ခြင်းဖြစ်သည်။ အသိပညာပိုမိုကြွယ်ဝခြင်း၊ ပိုမိုကြွယ်ဝသောခံစားချက် များရှိခြင်း၊ ဘုရားသခင်နှင့် ဆက်ဆံရာတွင် အသိတရား ပိုမိုကြွယ်ဝခြင်း၊ ပိုမို အကျိုးရှိပြီး ပိုမိုအနက်အဓိပ ၢယ်ကြွယ်ဝသောအစေခံခြင်းတို့ကို တွေ့ကြုံကြရသည်။ ကျွန်ုပ်တို့၏ ဝိညာဉ်အနှစ်သာရပြည့်ဝသော အလုံးစုံပြောင်းလဲခြင်းသည် ပိုမို ဘက်စုံဖြစ်လေ ကျွန်ုပ်တို့၏ ဖြစ်တည်မှု အစိတ်အပိုင်းတစ်ခုစီသည်လည်း ပိုမိုတို့ထိခံစားရလေဖြစ်သည်။ ဝိုးရှင်းရှင်းပြောရလျှင် ကျွန်ုပ်တို့၏ ဝိညာဉ်ရေး အသက်တာဘဝကို ဦးခေါင်း၊ နှလုံးသား၊ ဝိညာဉ်နှင့် ခန္ဓာကိုယ်တို့အားဖြင့် စဉ်းစားကြည့်ပါက ဝိညာဉ် အနှစ်သာရပြည့်ဝသော အလုံးစုံပြောင်းလဲခြင်း၌ ဘုရားသခင်၊ ကျွန်ုပ်တို့ကိုယ်တိုင်၏အကြောင်းနှင့် အခြားသူတို့အကြောင်းတို့ကို အတွေးသစ် အမြင်သစ်ဖြင့် စဉ်းစားခြင်းပါဝင် မည်ဖြစ်သကဲ့သို့ ဘုရားသခင်နှင့်

မှန်ကန်သောဆက်ဆံရေးထားရှိခြင်းမှ ပေါ်ထွက်လာသော အံ့ဩဖွယ်တန်ခိုးကြီးသောခံစားချက်များခံစားရခြင်း၊ နေ့စဉ်အသက်တာ၌ ဘုရားသခင်အားတွေ့ကြုံခံစားခြင်း၊ အခြားသူတို့အား နတ်ဘုရားကဲ့သို့မှတ်ပြီး ကိုးကွယ်ဆက်ဆံခြင်းစသည်တို့သည် ဘုရားသခင်နှင့်ပိုမိုနက်ရှိုင်းစွာ ဆက်ဆံခြင်းမှ ပေါ်ထွက်လာရသောအကျိုးရလာဒ်များဖြစ်ပါသည်။[၇]

ဒုတိယအားဖြင့် ကျွန်ုပ်တို့ကိုယ်တိုင်၏ခွန်အားဖြင့် နက်နက်ရှိုင်းရှိုင်းသွားရန် ဘုရားသခင်က ကျွန်ုပ်တို့အား မျှော်လင့်တော်မူခြင်းမရှိကြောင်းကို ကျွန်ုပ်တို့နားလည်ထားဖို့လိုသည်။ ဓမ္မသစ်ကျမ်း၌ ယုံကြည်သူတို့အား သူတို့၏အတွေးအခေါ်နှင့် အသက်ရှင်နေထိုင်မှုဘဝကို အလုံးစုံပြောင်းလဲခြင်းပြုရန်မကြာခဏတောင်းဆိုသည်ကို တွေ့ရပါသည်။ သို့သော် ယုံကြည်သူ၏ဘဝထဲ၌ဘုရားသခင် အလုပ်လုပ်တော်မူသောကြောင့် ပြောင်းလဲခြင်းဖြစ်နိုင်သည်ဟူသောတင်ကူးယူဆချက်(assumption)ရှိပါသည်။ ဥပမာအားဖြင့် တမန်တော်ပေါလ်(ပေါလု)သည် ဖိလိပိ မြို့ရှိ ခရစ်ယာန်တို့အား ''မိမိတို့၏ ကယ်တင်ခြင်းကိုမိမိတို့ကိုယ်တိုင် လုပ်ဆောင်ကြလော့''ဟု ပြောသောအခါ သူဆိုလိုသည်မှာခရစ်ယာန်သက်ဝင်ယုံကြည်မှုရှိသူများဖြစ်သဖြင့် ၎င်းနှင့်အညီ မိမိတို့အသက်တာကိုစည်းစနစ်ကျစွာ နေထိုင်သွားကြရမည်ဖြစ်ပြီး ၎င်းမှကယ်တင်ခြင်းပေါ်ထွက်လာလိမ့်မည်ဟု ဆိုလိုပါသည်။ ဘုရားသခင်သည် လိုချင်ခြင်း၊ ဆန္ဒနှင့်ဘုရားသခင်ကို ကြည်နူးစေသော နည်းလမ်းများဖြင့် အသက်ရှင်စေနိုင်သောစွမ်းရည်ရှိသူဖြစ်သည်ဟု စိန်ပေါလ်ကချီးကျူးခဲ့သည်။ ပေါလ်က ''သို့ဖြစ်ချစ်ဆွေတို့ ဘုရားသခင်၏အကြံတော်အတိုင်း လိုက်လျှောက်လိုသောစိတ်နှင့်လိုက်လျှောက်နိုင်သောစွမ်းအားကို သင်တို့အထဲ၌ အစဉ်ပြုပြင်လျက်ရှိသည်ဖြစ်သင်တို့သည် ကယ်တင်ခြင်းခံရစိမ့်သောငှာ ကြောက်ရွံ့တုန်လှုပ်သောစိတ်နှင့်လုပ်ဆောင်လျက်နေကြလော့''ဟု ပြောခဲ့သည် (ဖိလိပိ ၂၅း၁၂–၁၃)။ ဝိညာဉ်ရေးတိုးတက်မှုသည် ကျွန်ုပ်တို့ကိုယ်တိုင်၏ ကြိုးစားမှုကြောင့်ရရှိလာသောအသက်တာအား ပိုမိုကြွယ်ဝစေသော ခြေလှမ်းများ(အခန်း ၂ နှင့်၃ အဓိကအာရုံစိုက်မှုများ) လှမ်းနိုင်သော်လည်း ဘုရားသခင်သည်သာ ဝိညာဉ်ရေးအသက်စွမ်းအားနှင့် အလုံးစုံဘဝ ပြောင်းလဲခြင်းတို့၏ မူလဇစ်မြစ်ဖြစ်တော်မူသည်။ ဝိညာဉ်အနှစ်သာရပြည့်ဝသော အလုံးစုံပြောင်းလဲ ခြင်းသည် ခရစ်ယာန်အားလုံး၏တာဝန်ဖြစ်သော်လည်း ကျွန်ုပ်တို့အထဲတွင် ဘုရားသခင်အလုပ်လုပ်တော်မူခြင်းသည်အဓိကသော့ချက်ဖြစ်ပါသည်။

ဤအခြေခံမှုကို သခင်ယေရှုခရစ်တော်သည် လူသိများသော စပျစ်ပင်နှင့်အကိုင်းအခက်များ ဥပမာအားဖြင့် အခြားစကားလုံးများသုံးပြီး သွန်သင်တော်မူခဲ့သည်(ယော ၁၅း၁–၈)။ စပျစ်ပင်ဖြစ်တော်မူသော သခင်ယေရှု၌

အကိုင်းအခက်များဖြစ်သော ကျွန်ုပ်တို့မတည်လျှင် အသီးသီးနိုင်မည်မဟုတ်ပေ။ အပင်နှင့် အကိုင်းဆက်စပ်နေသကဲ့သို့ ကျွန်ုပ်တို့သည်လည်း သခင်ယေရှုနှင့် ဆက်စပ်နေကြရမည်ဖြစ်သည်။ ဤနေရာ၌ အရေးအကြီးဆုံးမှာ ကျွန်ုပ်တို့အား ချစ်ခြင်းမေတ္တာရှိသောသူများအဖြစ် အလုံးစုံပြောင်းလဲသွားမှသာ ကျွန်ုပ်တို့၏ အသက်တာနှင့် အမှုတော်ဆောင်လုပ်ငန်းများ၌ အသီးသီးသော သူများဖြစ်နိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်စွမ်းအားနှင့် နက်ရှိုင်းမှုတို့က ကျွန်ုပ်တို့အား တစ်ဦးနှင့်တစ်ဦး ချစ်ခင်လေးစားစေပြီး၊ သခင်ယေရှုကို အတုယူကာ သူတစ်ပါးအား အလုပ်အကျွေးပြုနိုင်မည်ဖြစ်သည် (ယော ၁၅း၁၂–၁၃)။

တမန်တော်ပေါလ်သည် ဘုရားသခင်၏ ဝိညာဉ်တော်က သခင်ခရစ်တော်၏ ခန္ဓာကိုယ်ဖြစ်သောအသင်းနှင့် ၎င်း၏ခေါင်းဆောင်များအား လက်နက်တန်ဆာနှင့် တန်ခိုးအာဏာပေးသနားတော်မူခြင်းအကြောင်းကို ပြောပြပါသည်။ ဥပမာအားဖြင့် အသင်းတော်တစ်ခုလုံး (ပရိသတ်တစ်ခုလုံး)၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် နည်းအမျိုးမျိုးဖြင့် တစ်ဦးချင်းပုဂ္ဂိုလ် များအားဖြင့် ဘုရားသခင်အလုပ်လုပ်တော်မူသည်ကို သွန်သင်ပြသခဲ့သည်။ ပေါလ်က ဤသို့ ရေးသည်။ ''ဝိညာဉ်ဆုကျေးဇူးကား အမျိုးမျိုးရှိ၏။ သို့သော် ထိုဆု ကျေးဇူးများကို ချပေးတော်မူသော ဝိညာဉ်တော်တစ်ပါးတည်းရှိ၏။ အစေခံရန် နည်းအမျိုးမျိုးရှိသော်လည်း အစေခံရသည့်သခင်ကား တစ်ပါးတည်းရှိ၏။ အမှုတော်ဆောင်ရန် စွမ်းရည်အမျိုးမျိုးရှိသော်လည်း လူအသီးသီး၌ရှိသော စွမ်းရည်များကို ပေးတော်မူသောအရှင်ကား တစ်ပါးတည်းရှိ၏။ အများကောင်း ကျိုးအတွက် လူအသီးသီးတို့နှင့် ဝိညာဉ်တော်ပါရှိကြောင်း တစ်နည်းတစ်ဖုံအားဖြင့် ဖော်ပြ၏ (၁ကော ၁၂း၄–၇)။

ဓမ္မသစ်ကျမ်းထဲရှိ ကျမ်းပိုဒ်အမြောက်အမြားထဲမှ ဤကျမ်းပိုဒ်သုံးခု အဖဘုရားသခင်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်တို့သည် ကျွန်ုပ် တို့၏ ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်စွမ်းအား၊ အလုံးစုံပြောင်းလဲ ခြင်းနှင့် အမှုတော်ဆောင်ခြင်းတို့၏ ပင်မအင်အားစုဖြစ်ကြောင်း ထင်ရှားရှင်းလင်းစွာ ဖော်ပြကြသည်။ ဘုရားသခင်နှင့် အဓိပ္ပာယ်ရှိသော ဆက်ဆံရေးရှိသူများထဲမှ ခေါင်းဆောင်မှုပေးရန်အတွက်အချို့ကို သီးသန့်ခေါ်ယူတာဝန် ပေးတော်မူပါသည်။ ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့ကိုယ်ကို ဝိညာဉ်အနှစ် သာရပြည့်ဝစွာ အမြစ်တွယ်ခြင်း ခံရသူများအဖြစ် ကြီးထွားရန် အစွမ်းကုန်ကြိုးစားရမည်ဖြစ်ပြီး ကျွန်ုပ်တို့ ဟောပြောနေသောတန်ဖိုး တရားများနှင့် အခြေခံမှုများအတိုင်း ကျင့်ကြံနေထိုင်သော စံပြပုဂ္ဂိုလ်များသဖွယ် ရှိကြရမည်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့အား အလုံးစုံပြောင်းလဲသွားရန် ဘုရားသခင်ကို အားကိုးရမည်ဖြစ်ပြီး ထိရောက်သော

ခေါင်းဆောင်ဖြစ်ရန် ဘုရားသခင်ထံ ဆုတောင်းရမည်ဖြစ်သည်။ ၎င်းသည်ပင်လျှင် ူမြင်ပုံဖော်မှု ဖြစ်တော့သည်။

## ဒီမှာ အကူအညီရှိသည်

ဝိညာဉ်အနှစ်သာရပြည့်ဝသော ခေါင်းဆောင်မှုအတွက် သင့်လျော်လျောက်ပတ်သော ကျမ်းစာအခြေပြု ူမြင်ပုံဖော်မှုကို တည်ဆောက်ရန်ကြိုးစားရာ၌ ကျွန်ုပ်တို့အတွက် ကျမ်းစာထဲမှပုဂ္ဂိုလ်များသည် သိသာထင်ရှားသော အရင်းအမြစ်များဖြစ်ကြသည်ကိုတွေ့ရသည်။ ကျွန်ုပ်တို့တစ်ဦးချင်းစီ၌ ကိုယ်ပိုင်ဘုရားပေးတာဝန်များရှိကြသည်။ သို့သော်လည်း ကျွန်ုပ်တို့ကိုယ်တိုင်၏ ဝိညာဉ်တော်ဦးဆောင်ပြီး ဝိညာဉ်တော်အားသွင်းတော်မူသော ခေါင်းဆောင်မှု၏အနာဂတ်အစစ်အမှန်တရားကို ူမြင်ပုံဖော်နိုင်ရန် အခြားသူတို့၏ ဥပမာများထံမှ သင်ခန်းစာ ရယူနိုင်ပါသည်။

ဓမ္မဟောင်းကျမ်းမှ အေဘရာဟင်၊ ဂျိုးဆက်(ယောသပ်)၊ မိုးဆက်(မောရှေ)၊ ဂီဒီယွန်(ဂိဒေါင်)၊ ဒီဘိုးရာနှင့် ဒေးဗစ်(ဒါဝိတ်)ကဲ့သို့သော ခေါင်းဆောင်များသည် ဘုရားသခင်၏အလိုတော်၊ ဘုရားသခင်၌ သက်ဝင်ယုံကြည်မှု၊ ထိရောက်သောခေါင်းဆောင်မှု၌ ဘုရာသခင်၏ ဦးဆောင်မှုနှင့် တန်ခိုးအာဏာအပေါ် မှီခိုအားထားမှုတို့အပေါ် ဆက်ကပ်မှု၌ အကောင်းဆုံးဥပမာများဖြစ်ကြသည်။ ဓမ္မသစ်ကျမ်းထဲမှ ပီတာ(ပေတ ု)နှင့် ပေါလ်(ပေါလု)တို့သည် ထိရောက်စွာဦးဆောင်ရေးနှင့် အစေခံရေး၌ သန့်ရှင်းသောဝိညာဉ်တော်၏ ူမြင်ပုံဖော်မှုများ၊ အိပ်မက်များနှင့် တန်ခိုးအာဏာတို့အပေါ် မှီခိုအားထားရာ၌ ထင်ရှားပေါ်လွင်သော ဝိညာဉ်အနှစ်သာရပြည့်ဝသည့် ခေါင်းဆောင်များဖြစ်ကြသည်။[၈] သခင်ယေ ူသည် ဝိညာဉ်အနှစ်သာရပြည့်သော ခေါင်းဆောင်များအနက် အကြီးမြတ်ဆုံးသော ကျမ်းစာထဲမှ ဥပမာဖြစ်ပါသည်။ သခင်ယေ ူသည် ဘုရားသခင်နှင့် ဆက်ဆံရေး၌ အဓိကကျသူနှင့် မိမိ၏ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်တာအား မိမိ၏ ခေါင်းဆောင်မှုနှင့် အပြည့်အဝပေါင်းစည်းသွားတော်မူသူဖြစ်တော်မူပါသည်။

## ဝိညာဉ်အနှစ်သာရပြည့်ဝသောခေါင်းဆောင်မှုနှင့် သခင်ယေ ူ၏ ခေါင်းဆောင်မှုပုံစံ

သခင်ယေ ူသည် မိမိ၏တပည့်များအား ဟောကြားသွန်သင်တော်မူခဲ့သော ဘုရားသခင်အား မေတ ၱဖြင့်ဆက်ကပ်ခြင်း၊ တက်ကြွသောဆုတောင်းသည့် အသက်တာရှိခြင်း၊ သူတစ်ပါးအား အစေခံခြင်းနှင့် သက်ဝင်ယုံကြည်မှု၌ အခြေခံသောပြုမူလုပ်ဆောင်ချက်တို့ကို တပည့်များ၏အသက်တာဘဝများ၌

တွေ့ရှိရန် မျှော်လင့်တော်မူသည်။ ၎င်းတို့ကို သခင်ယေရှုသည် ကိုယ်စားပြုသူ ဖြစ်တော်မူသည်။ သူသည် ဘုရားသခင်၏အလိုတော်အတိုင်း လိုက်လျှောက် သူဖြစ်ပြီး ဘုရားသခင်၏ရည်ရွယ်တော်မူချက်၌ မိမိ၏အသက်ကို စွန့်လွှတ် သည်အထိ နာခံသူဖြစ်သည်။ သူ၏ပြည်သူလူထုအား ဆက်ဆံရေးသည် သူ့တပည့်များအား ဆက်ဆံရေးနှင့်အတူတူဖြစ်သည်။ မြင့်မားသော မျှော် လင့်ချက်များ၊ ခိုင်မာသောသွန်သင်ချက်၊ သူတို့၏အသက်တာဘဝများထဲ၌ ပုဂ္ဂိုလ်ရေးအရ ရင်းနှီးမြ ုပ်နှံမှု၊ ကျေးဇူးတော်၊ က ုဏာတော်နှင့် မေတ ၁ စသည်တို့နှင့်သက်ဆိုင်ပါသည်။ ဖာရိရှဲများ သို့မဟုတ် တပည့်တော်များအား တုံးတုံးတိတိ သို့မဟုတ် ပြတ်ပြတ်သားသား ပြောဆိုဆက်ဆံသောအခါ သူ၌ အကြောင်းရှိတော်မူသည်။ အကြောင်းအချက်တစ်ခုကို အထူးပြုဖော်ပြလို သောကြောင့်ဖြစ်သည်။ ဤအခိုက်အတန့်၌ သူတို့အား ယုယခြင်းထက် အမှန်တရားကို ဖော်ပြခြင်းက ပို အရေးကြီးပါသည်။ သို့သော် သခင်ယေရှုသည် အပြစ်သားများ၏ မိတ်ဆွေအဖြစ် လူသိများပြီး၊ မိမိ၏လုပ်ဖော်ဆောင်ဖက် များနှင့် လက်ထောက်တပည့်များအပေါ် အမြဲကျေးဇူးသိသော၊ ခွင့်လွှတ်သော၊ ထောက်ခံ အားပေးသူဖြစ်ပါသည်။

သခင်ယေရှုနှင့် ဘုရားသခင်တို့၏ ဆက်ဆံရေးသည် အစစ်အမှန် ဖြစ်သည်။ မိမိ၏အဘ(အဖခမည်းတော်)အပေါ် သူ၏မေတ ၁တော်သည် သူ့လူများ၏ ခေါင်းဆောင်အဖြစ်နှင့် သီးခြားကင်းလွတ်လျက်ရှိပါသည်။ ဆိုလိုသည်မှာ သခင်ယေရှု၏အဖခမည်းတော်အပေါ် ချစ်ခြင်းမေတ ၁တော်သည် သူ့အား ပိုမိုကောင်းမွန်သော တရားဟောဆရာ၊ သွန်သင်ပြသသူဆရာနှင့် အနာ ရောဂါပျောက်ကင်းစေသူဖြစ်လာရာ၌ ကူညီမစရန်အတွက် ဆက်ဆံမှုတည် ဆောက်တော်မူခြင်းမဟုတ်ပေ။ ဘုရားသခင်နှင့် ခိုင်မာသောဆက်ဆံရေး ထားရှိတော်မူခြင်းသည် အခြားမည်သည့်အရာများထက် အဖခမည်းတော်နှင့် ဆက်ဆံရေးကို တန်ဖိုးထားသောကြောင့်ဖြစ်ပါသည်။ သခင်ယေရှု၏ ဝိညာဉ်အနှစ်သာရ ပြည့်ဝသောအသက်တာသည် လူအများ၏ ခေါင်းဆောင်အဖြစ် မိမိ၏အခန်းကဏ္ဍ၌ အလွန်အရေးပါတော်မူပါသည်။ မိမိ၏တပည့် တော်များအား ရွေးချယ်ရာတွင် ဘုရားသခင်၏လမ်းညွှန်မှုကို တောင်းခံတော်မူခဲ့သည်။ ထို့အတူ ဂေသရေမန်ဥယျာဉ်ထဲ၌ တပည့်တော်များနှင့်ရှိစဉ် မိမိ၏တာဝန်နှင့် ရည်ရွယ်ချက်များ ပြီးမြောက်စေရန် ခွန်အားပေးတော်မူရန် ဘုရားသခင်အား တောင်းခံတော်မူခဲ့သည်။ သခင်ယေရှုသည် သူ့အားဆန့်ကျင်သူတို့၏ စိန်ခေါ်ချက်များကို ကြုံတွေ့ ရင်ဆိုင်နေရသည်။ သူ့တပည့်များ၏ မရင့်ကျက်မှုအပေါ် စိတ်ပျက်လက်ပျက် ဖြစ်ခဲ့သည်။ အခြားသူတို့၏ မတရားဖိနှိပ်ချုပ်ခြယ်မှုကိုခံခဲ့ရသည်။ သို့သော် အခြေအနေအချိန်အခါပေါ် မူတည် အသင့်တော်ဆုံးနှင့် အထိရောက်ဆုံး

တို့ပြန်လေ့ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် အဖဘုရားသခင်နှင့် နက်ရှိုင်း သောဆက်ဆံမှု တည်ဆောက်နိုင်ခဲ့သောကြောင့် ဖြစ်သည်။

ကျွန်ုပ်တို့သည် ဝိညာဉ်အနှစ်သာရပြည့်ဝသော ခေါင်းဆောင်မှုအတွက် ကျွန်ုပ်တို့ကိုယ်တိုင်၏ မြင်ပုံဖော်မှုများကို တည်ဆောက်ရန် ကြိုးစားရာတွင် ကျွန်ုပ်တို့အား သခင်ယေရှု ပေးသနားတော်မူသော ကြီးမားသည့် ဝိညာဉ် အနှစ်သာရပြည့်ဝသော နက်ရှိုင်းမှုနှင့် ဂုဏ်သိက္ခာတို့ကို ဥပမာအဖြစ် အတုယူ ရမည်ဖြစ်သည်။ သခင်ယေရှုသည် ဘုရားသခင်နှင့်ဆက်ဆံရေးကို အခြားအရာ အားလုံးထက် ပိုတန်ဖိုးထားတော်မူသည်။ မိမိ၏အသက်တာ ဘဝနှင့် မိမိ၏အသိတရားကို အဖခမည်းတော်နှင့် ပုဂ္ဂိုလ်ရေးဆက်ဆံမှုအပေါ် တည်ဆောက်တော်မူခဲ့သည်။ သူ၏ခေါင်းဆောင်မှုနှင့် အမှုတော်ဆောင်လုပ်ငန်း သည် ဘုရားသခင်နှင့် အကျွမ်းဝင်ရင်းနှီးသောဆက်ဆံရေး အားဖြင့် ပေါ်ထွက်လာခြင်းဖြစ်ပါသည်။[၉]

## သင်၏ ဝိညာဉ်အနှစ်သာရပြည့်ဝသောအသက်တာနှင့် ခေါင်းဆောင်မှုကို ပေါင်းစည်းခြင်း

သင်၏ ဝိညာဉ်အနှစ်သာရ ပြည့်ဝသောခေါင်းဆောင်မှုအတွက် ပိုမိုကောင်း မွန်စွာ ပေါင်းစည်းထားသော မြင်ပုံဖော်မှု တည်ဆောက်ရေး လက်နက်တစ်ခုမှာ ယင်းမြင်ပုံဖော်မှုကို အခြားသူတို့နှင့် တိုင်ပင်ဆွေးနွေးသောအခါ တွေ့ကြုံရရှိသော အတွေ့အကြုံကို ပြန်လည်သုံးသပ်ခြင်းဖြစ်သည်။ အောက်ပါအချက်သည် ပုဂ္ဂလိကပြန်လည်သုံးသပ်ရေးအတွက်နှင့် ုံးဝန်ထမ်းများ၊ ခေါင်းဆောင်မှု အသင်းအဖွဲ့ သို့မဟုတ် ပညာသည်များအုပ်စုစသည်တို့အတွက်လည်း အသုံးပြုနိုင်သော သင်ကိုယ်တိုင်လက်တွေ့လုပ်နိုင်သော လေ့ကျင့်ခန်း တိုလေးတစ်ခုဖြစ်ပါသည်။ ပါဝင်ပတ်သက်သူတို့အနေဖြင့် မိမိတို့၏ဝိညာဉ်ရေး အသက်တာနှင့် ခေါင်းဆောင်မှုတို့အကြား ဆက်ဆံရေးနှင့်ပတ်သက် စဉ်းစားကြသောအခါ သူတို့၏အတွေ့အကြုံနှင့် အနာဂတ်မြင်ပုံ ဖော်မှုအတွက် အကူအညီဖြစ်စေရန် စီစဉ်ထားခြင်းဖြစ်သည်။

ဤအခန်းကိုဖတ်ပြီးသောအခါ သင်၏ပြန်လည်သုံးသပ်ချက်ကို အောက်တွင် ပေးထားသောနေရာလွတ် သို့မဟုတ် သုံးလက်မ၊ ငါးလက်မ ကတ်ပြားများပေါ်၌ ရေးမှတ်ပါ။ အစုအဖွဲ့ဖြင့်ဖြစ်ပါက လေ့ကျင့်ခန်းကို အစုသုံးစုခွဲပြီး ကျင့်ပါ။ လုပ်ငန်းနည်းပြလုပ်သူက တစ်ဦးချင်းစီကို အဖွဲ့များသို့ နေရာချ ထားပေးပါ။ သို့မဟုတ် မိမိတို့ကိုယ်တိုင်ရွေးချယ်စေပါ။ သုံးဖွဲ့ပေါင်းအတွင်း အဖွဲ့တစ်ဖွဲ့အနေဖြင့်

ကဏ္ဍသုံးခုဖြစ်သော စကားပြောသူ၊ နားထောင်ပေးသူနှင့် ကြည့်ရှုလေ့လာသူအဖြစ် တစ်ဦးချင်းစီအနေဖြင့် တာဝန်ခွဲဝေယူကြရန်ဖြစ်သည်။ လေ့ကျင့်ခန်းအပြီးတွင် ပါဝင်ပတ်သက်သူများအနေဖြင့် မိမိတို့၏အခန်းကဏ္ဍများကို လုပ်ငန်းစဉ်အတွင်း ပြောင်းပြီး ဒုတိယအကြိမ်နှင့် တတိယအကြိမ် ပြောင်းလဲယူကြရမည်ဖြစ်သည်။

## ပြန်လည်သုံးသပ်မှုအတွက် မေးခွန်းများ

၁။ ကျွန်ုပ်၏ဝိညာဉ်အနှစ်သာရပြည့်ဝသောအသက်တာ၊ ခေါင်းဆောင်မှု အခန်းကဏ္ဍနှင့် တာဝန်ဝတ ရားများကြား၌ တင်းမာမှုကို ကျွန်ုပ်မည်သို့ တွေ့ကြုံခံစား ခဲ့ရသနည်း။

၂။ ကျွန်ုပ်၏ဝိညာဉ်အနှစ်သာရပြည့်ဝသောအသက်တာသည် နေ့စဉ်ကျွန်ုပ်၏ ခေါင်းဆောင်မှုဘဝထဲသို့ ပိုမိုလွတ်လပ်စွာနှင့် ပြည့်စုံစွာ စီးဆင်းသွားပါက ကျွန်ုပ်၏ ခေါင်းဆောင်တစ်ဦးအဖြစ်သည်မည်သို့ ပြောင်းလဲသွားမည်နည်း။

## သုံးစုတစ်ဖွဲ့(Triads)အတွက် ညွှန်ကြားချက်များ(၁၀–မိနစ်)

**လေးမိနစ်** – စကားပြောသူသည် နားထောင်သူနှင့် ပြန်လည်သုံးသပ်ချက် မေးခွန်းများအပေါ် တုံ့ပြန်ချက်ကို ဝေမျှပါသည်။ ကြည့်ရှုလေ့လာသူသည် အချိန်ကို ထိန်းသိမ်းပြီး စကားပြောသူနှင့် နားထောင်သူတို့ထံမှ ထွက်ပေါ်လာသော နှုတ်မဲ့ ဆက်သွယ်ရေးနှင့် အခြားလှုပ်ရှားမှုများကို အာရုံစိုက်ပါ သည်။

**လေးမိနစ်** – နားထောင်သူသည် စကားပြောသူက ရှင်းလင်းရေးမေးခွန်းများ မေးခြင်းဖြင့် အတွေးအခေါ်များနှင့် အတွေ့အကြုံများကို စိစစ်နေသည်ကို ကူညီပါ။ နားထောင်သူ၏အခန်းကဏ္ဍသည် သူ၏ကိုယ်ပိုင်အယူအဆကို မိတ်ဆက် ထုတ်ပြောရန်မဟုတ်။ စကားပြောသူ ဝေမျှသောအရာများကို ရှင်း လင်းဖော်ပြ ရန်သာဖြစ်သည်။ စကားပြောသူနှင့် နားထောင်သူတို့ကြား ဖြစ်ပွားနေသော အရာများကို မှတ်သားရန်၊ အချိန်ကို ထိန်းသိမ်းရန်သည် ကြည့်ရှုလေ့လာသူ၏ တာဝန်ဖြစ်သည်။

**နှစ်မိနစ်** – ကြည့်ရှုလေ့လာသူသည် စကားပြောသူနှင့် နားထောင်သူတို့ကို ကြည့်ရှုလေ့လာရင်း တွေ့ခဲ့၊ မြင်ခဲ့၊ ကြားခဲ့၊ တွေးခဲ့၊ ခံစားခဲ့သည်တို့ကို ဝေ မျှသည်။

**ရွေးချယ်စရာ** – နေရာအပြောင်းအလဲလုပ်ပြီး တစ်ဦးချင်းစီအနေဖြင့် အခန်းကဏ္ဍတစ်ခုစီ၌ ပါဝင်ကြစေရန် လုပ်ပါ။

## လေ့ကျင့်ခန်းအပေါ် ပြန်လည်သုံးသပ်မှု

ဤသုံးစုတစ်ဖွဲ့လေ့ကျင့်ခန်းထဲမှ သင်၏အတွေ့အကြုံများကို သုံးသပ်ချက်ပြု ပြီး တစ်မိနစ်အတွင်း ရေးမှတ်ပါ။ ထို့နောက် သင်၏အဖွဲ့ထဲမှ အခြားပုဂ္ဂိုလ် များနှင့် သင်၏မှတ်စုကို နှိုင်းယှဉ်ပါ။ ထူးခြားမှု ရှိပါသလား။

စကားပြောသူ –

နားထောင်သူ –

ကြည့်ရှုလေ့လာသူ –

## ပိုမိုနက်ရှိုင်းစွာသွားပါ

ဤလေ့ကျင့်ခန်း၌ သာမညပန်းတိုင်တစ်ခုရှိပါသည်။ ဝိညာဉ်အနှစ်သာရ ပြည့်ဝသောခေါင်းဆောင်ဖြစ်လာရေးအတွက် သင်၏ဝိညာဉ်အနှစ်သာရ ပြည့်ဝသောအသက်တာနှင့် ခေါင်းဆောင်မှုတို့ကို ပေါင်းစည်းသော အတွေ့အကြုံနှင့် မြင်ပုံဖော်မှုတို့ကို ပထမ၌ဖော်ပြသတ်မှတ်ပြီး သေချာအောင် ရှင်းလင်း ရမည်ဖြစ် သည်။ ဒုတိယ၌ ပါဝင်ပတ်သက်သူတစ်ဦးစီအနေဖြင့် ထောင့်သုံးခုဖြစ်သော စကားပြောခြင်း၊ နားထောင်ခြင်းနှင့် ကြည့်ရှုလေ့လာခြင်း တို့ကို ပိုမိုသိရှိနားလည်ပြီး ဝိညာဉ်အနှစ်သာရပြည့်ဝသော ခေါင်းဆောင်မှုအတွက် အရေးကြီးသော နက်ရှိုင်းသိများ စုဆောင်းရန်အခွင့်အလမ်းများ ပေးသွား မည်ဖြစ်သည်။

ဝိညာဉ်အနှစ်သာရပြည့်ဝသော ခေါင်းဆောင်များအဖြစ် ပိုမိုထိရောက်စွာ လုပ်ဆောင်ရေးအတွက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စကားပြောစွမ်းရည်၊ နားထောင် စွမ်းရည်နှင့် ကြည့်ရှုလေ့လာမှုစွမ်းရည်တို့ကို တိုးတက်အောင် ပြုလုပ်ရပေမည်။ ဤအကြောင်းကို ခေါင်းဆောင်မှု၏ အခြားအစိတ်အပိုင်း များအကြောင်း ဖော်ပြသောအခြားအခန်းများ၌ လေ့လာသွားမည်ဖြစ်သည်။ ယခုအခါ သင်၏ လုပ်ငန်းခွင်၌ဖြစ်စေ၊ ရပ်ရွာအဖွဲ့အစည်း၌ဖြစ်စေ ပိုမိုကြွယ်ဝသော ဝိညာဉ်အနှစ်သာရ ပြည့်ဝသည့် ပတ်ဝန်းကျင်ဖန်တီးရန် လှုပ်ရှားမှုတစ်ခုစီ သို့မဟုတ် အခန်းကဏ္ဍ တစ်ခုစီအနေဖြင့် အကျိုးပြုပါဝင်ကြသည်ကို မှတ်သားပါ။

သင်တွေးသည်ကိုလည်းကောင်း၊ ခံစားသည်ကိုလည်းကောင်း ကောင်းစွာသိရှိပြီးပြောပါ။ ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်တာနှင့် ခေါင်းဆောင်မှုတို့ကို ပေါင်စည်းရေးအတွက် ူမြင်ပုံဖော်မှုတစ်ခုကို ရှင်းလင်းစွာ ကြံဆနိုင်ရန်ကြိုးစားပါ။

အခြားသူတို့ပြောသည်ကို နားထောင်ပါ။ သူတို့၏အတွေ့အကြုံကို ရှင်းလင်းစွာ ဖော်ပြနိုင်ရန်ကူညီပါ။ ပိုမိုထိရောက်သော ဝိညာဉ်အနှစ်သာရပြည့်ဝသည့် ခေါင်းဆောင်မှုအတွက် သူတို့၏ ူမြင်ပုံဖော်မှုကို ဖော်ပြနိုင်ရန် သူတို့အားကူညီပါ။

အခြားသူတို့က သူတို့၏ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်တာနှင့် ခေါင်းဆောင်မှုအကြောင်း ပြောပြသောအခါ သင်တွေ့မြင်၊ ကြားသိ၊ တွေးထင်ခံစားသည်တို့ကို ကြည့်ူလေ့လာပါ။ သူတို့ကိုလည်း နက်ိူင်းသိမျှားပေးပြီး မေးခွန်းများမေးပါ။

## တွေးရာတစ်စုံတစ်ခု

ဘုရားသခင်သည် ခေါင်းဆောင်တစ်ဦး၏စိတ်ဝိညာဉ်ကို သူနှင့် အကျွမ်းတဝင်ရှိရန် ဖန်ဆင်းတော်မူသည်။ ထိုစိတ်ဝိညာဉ်မှာ ခိုင်မာပြီး ူမြင်ပုံဖော်မှုရှိသော ယုံကြည်မှုအပြည့်ရှိသည့် ခေါင်းဆောင်မှုစီးထွက်လာပါသ်။ ကျွန်ုပ်တို့၏ ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်တာနှင့် ခေါင်းဆောင်မှုတို့ ပိုမိုပေါင်းစည်းနိုင်လေ၊ ကျွန်ုပ်တို့လည်း ပိုမိုစစ်မှန်သောဝိညာဉ်အနှစ်သာရ ပြည့်ဝသည့် ခေါင်းဆောင်ဖြစ်လာလေဖြစ်သည်။ ကျွန်ုပ်တို့၏ ခေါင်းဆောင်မှုအတွက် ကျွန်ုပ်တို့၏ ဝိညာဉ်အနှစ်သာရပြည့်ဝမှုသည် ခွန်အားနှင့်တန်ခိုး ဖြစ်လာမည်ဖြစ်ပြီး အဓိကအကျဆုံးသောစိုက်လက္ခဏာလည်းဖြစ်သည်။ ဝိညာဉ်အနှစ်သာရပြည့်ဝသော ခေါင်းဆောင်မှုသည် ခေါင်းဆောင်များ ပိုင်ဆိုင်လိုသောအရာဖြစ်ပြီး၊ ကျွန်ုပ်တို့အား ၎င်းတို့အတွက် အားကိုးအားထား ရသောအကြောင်းရင်းဖြစ်သည့်အပြင် ကျွန်ုပ်တို့ထံမှ ၎င်းတို့လိုအပ်နေသော အရာလည်းဖြစ်သည်။ ဘုရားသခင်၏ ကူညီစေတော်မူမှုကြောင့် ခေါင်းဆောင်တစ်ဦးစီအတွက် ဤူမြင်ပုံဖော်မှုသည် အစစ်အမှန်တစ်ခုဖြစ်လာ နိုင်ပါသည်။

ဝိညာဉ်အနှစ်သာရပြည့်ဝစွာ ကြီးထွားခြင်းအတွက် သင်၏ူမြင်ပုံဖော်မှုသည် အဘယ်နည်း။ ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်တာနှင့် ခေါင်းဆောင်မှုတို့ကို ပေါင်းစည်းရေးအတွက် သင်၏ူမြင်ပုံဖော်မှုကား အဘယ်နည်း။

# အခန်း(၂)

# ဘုရားသခင်နှင့်ဆက်စပ်မှုရှိခြင်း

## ခေါင်းဆောင်မှု  လက်တွေ့ကျင့်ထုံး

သင်ကိုယ်တိုင်၏ ဝိညာဉ် အနှစ်သာရပြည့်ဝသော အသက်တာကို စိတ်အား တက်ကြွစွာ ပြုစုပျိုးထောင်ပါ။

## စိတ်ဝိညာဉ်အခြေခံမှု

ဝိညာဉ်အနှစ်သာရပြည့်ဝသောအသက်စွမ်းအားသည် ဘုရားသခင်သို့ ဦးတည်သောစစ်မှန်သောနှလုံးသားနှင့် စိတ်ပြောင်းလဲခြင်းမှ စီးထွက်လာပါသည်။

ကျွန်ုပ်တို့၏ ဘုရားသခင်နှင့်ဆက်နွယ်မှု အရည်အသွေး၌ အဓိက အကျဆုံးသည် ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်တာဖြစ်သည်။ သီးသန့် ဘာသာရေးဝတ်ပြုကိုးကွယ်မှု၊ ကိုယ်ကျင့်တရားအမူအကျင့်နှင့် ရပ်ရွာ အကျိုးပြု လုပ်ဆောင်မှုတို့သည် အသက်စွမ်းအားဖြစ်သော ဝိညာဉ်အနှစ်သာရ ပြည့်ဝခြင်းမှ စီးထွက်လာကြသော်လည်း ၎င်းတို့သည် ပိုမိုလေးနက်ပြီး ပိုမိုပုဂ္ဂလိကဆန်သော အရာ၏ အစားထိုးမဟုတ်ကြပေ။ အနှစ်သာရအားဖြင့် အသက်စွမ်းအားဖြစ်သော ဝိညာဉ်နှစ်သာရပြည့်ဝသော အသက်တာသည် တက်ကြွ လန်းဆန်းပြီး၊ သခင်ယေရှုခရစ်သောအားဖြင့် ဘုရားသခင်နှင့်ကျွန်ုပ်တို့၏မေတ ဖြင့် ဆက်ဆံရသော ဘဝဖြစ်လျက် ကျွန်ုပ်တို့၏ အတွေးအခေါ် ခံစားချက်နှင့် ပြုမူချက်တို့ကို အလုံးစုံပြောင်း လဲစေခဲ့သောဘဝဖြစ်ပါသည်။

သတင်းကောင်းအကြောင်းကို တမန်တော်ရှင်ပေါလ်သည် ကောလောသဲယုံကြည်သူတို့အား “ဤနက်နဲသောအရာကား ခရစ်တော်သည် သင်တို့စိတ်အတွင်း၌ ကျိမ်းဝပ်တော်မူကြောင်း ဟောကြားခဲ့၏။ (ကော၁း၂၇)” ဝိညာဉ်အနှစ်သာရ ပြည့်ဝသော အသက်တာ၏ ရည်မှန်းချက်မှာ အပြည့်အဝ အလုံးစုံပြောင်းလဲခြင်းကို ဖြစ်စေသော ဘုရားသခင်နှင့်ပေါင်းစည်းရေး ဖြစ်သည်။ ၄င်းသည် ကျွန်ုပ်တို့ထဲ၌ သခင်ခရစ်တော်တည်ရှိနေတော်မူခြင်းနှင့်ပြုမူလုပ်ဆောင်တော်မူခြင်းတို့အားဖြင့် ရရှိဖြစ်ပေါ်ခြင်းဖြစ်ပြီး ကျွန်ုပ်တို့က ကျိုးနွံဆက်ကပ်ခြင်းနှင့်နာခံခြင်းဖြင့် တုံ့ပြန်ရာမှ ရှိခြင်းဖြစ်သည်။ ရှင်ပေါလ်က ကောလောသဲယုံကြည်သူတို့အား ၄င်းကို ဤသို့ရှင်းပြခဲ့သည်။ ငါတို့သည် လူအပေါင်းတို့အား ခရစ်တော်၏အကြောင်းကို ဟောပြောကြ၏။ လူတိုင်းအား ရင့်ကျက်သောသူအဖြစ်ဖြင့် ဘုရားသခင်၏ ရှေ့တော်မှောက်သို့ ရောက်ိုစေရန် ပိုဆောင်နိုင်အံ့သောငှာ ငါတို့သည် ဉာဏ်ပညာိုသမျှဖြင့် လူတိုင်းကို သတိပေး သွန်သင်ကြ၏။ နောက်ဆုံးတွင် ှင်ပေါလ်သည် ကျွန်ုပ်တို့အား ဝိညာဉ်ရေးအားဖြင့် သခင်ခရစ်တော်ကဲ့သို့ တိုးသထက်တိုး ရင့်ကျက်လာလိမ့်မည်ဟု ပုံဖော်ျမြင်ခဲ့သည် (ရော၈း၁၉)။

အလားတူ ဆက်ဆံရေးမျိုးကို ခရစ်ယာန်တွေးခေါ်ှင်နှင့် စာရေးဆရာ ဒါးလပ်စ်ဝီးလတ်(Dallas willard)ကလည်းခရစ်တော်နှင့် ဆက်ဆံရေး၏ တန်ခိုးအာဏာနှင့် အကျိုးသက်ရောက်မှုကို မီးမောင်းထိုးပြခဲ့သည်။ ဝိညာဉ် အနှစ်သာရပြည့်ဝသောအသက်စွမ်းအားကို ကျွန်ုပ်၏ စစ်မှန်သော အစိတ်အပိုင်းဖြစ်လာတော်မူသော သခင်ခရစ်တော်၏ အနက်ှိုင်းဆုံးသော စိတ်နှင့်ဝိညာဉ်တော်ထဲမှ စီးထွက်လာတော်မူသော နက်ှိုင်းလှသည့် ဆိတ်ငြိမ်သော အင်အားစုထဲမှလာသော သခင်ယေျှအား လိုက်လျှောက်မပြီး သခင်ယေျှကဲ့သို့ ဖြစ်လာနိုင်သော စွမ်းရည်အဖြစ်ဖော်ပြပါသည်။

သို့ရာတွင် ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ဆက်ဆံရေးသည် ကျွန်ုပ်တို့၏ ပထမဦးစားပေးဖြစ်ရမည်ဟု အကြိမ်ကြိမ်သတိပေးခြင်းခံကြရသော်လည်း သာမန်အားဖြင့် ယင်းဆက်ဆံရေးကို ကျွန်ုပ်တို့ လစ်လျူှူလေ့ရှိကြသည်။ ကျွန်ုပ်တို့၏ဝိညာဉ်ရေးအသက်တာကို အချိန်ပေး စဉ်းစားလေ့မရှိကြပေ။ ကျွန်ုပ်တို့၏ ပိုမိုငယ်ွယ်သော အချိန်များ၌ ဝိညာဉ်ရေးအရ စိတ်အားတတ်ကြွပြီး စိတ်ထားမြင့်မားနေသော အချိန်များမှ အကြွင်းအကျန်များဖြင့် ရှင်သန်နိုင်လိမ့်မည်ဟု မိမိတို့ကိုယ်ကို အှူးလုပ်ကောင်းလုပ်မိကြမည်ဖြစ်သည်။ အမျိုးမျိုးသော မူလဇစ်မြစ်များမှ ဝိညာဉ်ရေး ကုံလုံကြွယ်ဝမှုရှိရေးကို အနည်းအကျဉ်းမျှ စဉ်းစားကြဟန်မတူပေ။ သို့မဟုတ် ကျွန်ုပ်တို့အား အသင်းတော်များက ထောက်ပံ့ပေးကမ်းနေသော မပြောပလောက်သည့် ဝိညာဉ်အစများနှင့် ကျေနပ်ရောင့်ရဲ

ကြဟန်တူပါသည်။

ကျွန်ုပ်ကဲ့သို့ သင်းအုပ်ဆရာများသည် ဝတ်ပြုကိုးကွယ်မှုပြုရာ၌ ဝန်ဆောင်မှုနှင့်ပတ်သက် မည်သို့လုပ်ဆောင်ကြမည်ကို ထည့်သွင်းစဉ်းစားပြီး ပြင်ဆင်မှုပြု ဝတ်ပြုပြီးမှ စတင်လေ့ရှိပါသည်။ အမှန်စင်စစ် ကျွန်ုပ်တို့အား တောင်းဆိုမှုများ အလုပ်များလှသော ကျွန်ုပ်တို့၏ အချိန်ဇယားထဲမှ ကျဉ်းမြောင်းလှသော အားလပ်ချိန်များ၊ ကျွန်ုပ်တို့ အနှစ်သက်ဆုံးအချိန်များ၌ သုံးစွဲရသော စွမ်းအားတို့ကြောင့် အချိန်များများမကျန်ပါ။ ဆုတောင်းခြင်း၊ စာဖတ်ခြင်းအတွက်ဖြစ်စေ၊ ကျမ်းစာဖတ်ခြင်းအပေါ်တုံ့ပြန်သုံးသပ်ချက်ဖြစ်စေ၊ အခြားဝိညာဉ်ရေးပုံမှန်လက်တွေ့ကျင့်သုံးမှုအတွက်ဖြစ်စေ အချိန်များများမကျန်ရှိပေ။

ကျွန်ုပ်တို့ဘုရားသခင်နှင့် နီးစပ်မှုရှိသည်မှု ခံစားနိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့သည် ဝိညာဉ်အနှစ်သာရ ပြည့်ဝမှုရှိသော်လည်း ဝိညာဉ်အနှစ်သာရ ပြည့်ဝမှု အပိုင်း၌မှေ့မတိုးနိုင်ဘဲ တန့်နေနိုင်ပါသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက် သခင်ခရစ်တော်ကို ယုံကြည်အပ်နှံနိုင်သော်လည်း ဘုရားသခင်နှင့်ဆက်ဆံရာ၌ ကျွန်ုပ်တို့ ယခုထက်ပိုမို လုပ်ဆောင်သင့်သည်ဟု ယူဆသော်လည်း မည်သို့ပြုမူလုပ်ဆောင်ရမည်ကို မသိဘဲဖြစ်နေကြသည်။ ကျွန်ုပ်တို့မျှော်လင့်ထားသော အလုံးစုံပြောင်းလဲခြင်းကို မတွေ့ရဘဲ နေနိုင်ပါသည်။ ခရစ်တော်၌ ကျွန်ုပ်တို့ ဖြစ်ခြင်းသည်မှာ ကြင်ဖက်အဖြစ်လည်းကောင်း၊ မိဘအဖြစ်လည်းကောင်း၊ ခေါင်းဆောင်အဖြစ်လည်းကောင်း၊ အကြီးအကဲအဖြစ်လည်းကောင်း၊ ညီအစ်ကို သို့မဟုတ် ညီအစ်မ အဖြစ်လည်းကောင်းဘာဖြစ်ချင်သည်ကို သိရှိပုံမရကြပေ။ ဝိညာဉ်ရေးအမြင်ဖြင့်ကြည့်လျှင် ၄င်းသည် အားရကျေနပ်စရာမရှိသော်လည်း ထိုအဖြစ်မျိုးကို ကျွန်ုပ်တို့ မကြာခဏကြုံတွေ့ရလေ့ရှိပါသည်။

ဤအဖြစ်မှန်များသည် ဝိညာဉ်အနှစ်သာရပြည့်ဝခြင်းကို ယုတ်လျော့ကျဆင်းခြင်း၊ ပင်ပန်းငြီးငွေ့ခြင်း၊ စိတ်ပျက်ခြင်း၊ ဘုရားသခင်အပေါ် မကျေနပ်ခြင်း၊ ကျွန်ုပ်တို့ကိုယ်တိုင်၏ ဝိညာဉ်ရေးဘဝနှင့် အခြားသူတို့၏ ဘဝများအပေါ် မကျေနပ်ခြင်း စသည်တို့အပေါ် ဖြည့်စွက်ပေးနိုင်ကြသည်။ ကျွန်ုပ်တို့သည် မှန်ကန်သောဓမ္မဒ နကိုသိရှိပြီး ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်စွမ်းအားအတွက် စံထားချက်များကို သိရှိနိုင်မည်ဖြစ်သည့်တိုင် ကျွန်ုပ်တို့၏ နေ့စဉ်ငြိုးနွမ်းကန်လှုပ်ရှားမှုများနှင့် ကျေနပ်ဖွယ်မရှိသော ဆက်ဆံရေး၌ နစ်မွန်းသွားနိုင်ပါသည်။ ေ့သို့သွားရာလမ်းကားအဘယ်နည်း။ သခင်ခရစ်သော ကတိပြုတော်မူခဲ့သော အလျှံပယ်ကြွယ်ဝသော အသက်တာကို တွေ့ကြုံခံစားရေးအတွက် ကျွန်ုပ်တို့၌ ဘာမျှော်လင့်ချက်ရှိပါသနည်း။

# လိုအပ်ချက်

သင်ကိုယ်တိုင်၏ ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်တာကို တက်ကြွစွာ ပြုစုပျိုးဆောင်ပါ။ ဤနေရာမှ စာပိုဒ်သစ်စမည်။ သခင်ခရစ်တော် ကတိပြုတော်မူခဲ့သော အလျှံပယ်ကြွယ်ဝသည့်အသက်တာ ဖြစ်လာရေးအတွက် ကျွန်ုပ်တို့၏ ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်တာသည် ပထမအားဖြင့် ပြောင်းလဲခြင်း၌ ဆက်ကပ်ထားရန်လိုပါသည်။ ဒုတိယအားဖြင့် ပိုမိုအသက်စွမ်းအား ပြည့်ဝသောအသက်တာကို ကျွန်ုပ်တို့ပြုစုပျိုးထောင်နိုင်ရန် ဘုရားသခင်က လက်ဦးမှုယူခြင်းဖြင့် ကျွန်ုပ်တို့အား ကူညီတော်မူသည်။ တတိယအားဖြင့် ကျွန်ုပ်၏ ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်တာအကြောင်း စဉ်းစားရာ၌ နည်းသစ်လမ်းသစ်ဖြင့် စဉ်းစားရန်လိုအပ်ပြီး ဘုရားသခင်နှင့် ပိုမိုအဓိပ္ပါယ်ရှိစွာ ဆက်ဆံရန်သိရှိရန်လိုအပ်ပါသည်။ အကျဉ်းအားဖြင့် ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေးတိုးတက်စေချင်လျှင် ကျွန်ုပ်တို့ ၏ဝိညာဉ်ရေးအသက်တာကို ဘုရားသခင်၏အကူအညီဖြင့် ပြုစုပျိုးထောင်ရန်လိုအပ်မည်ဖြစ်သည်။ ကျွန်ုပ်တို့အား ဘုရားသခင်လက်ယပ်ခေါ်တော်မူသည်ကို အခွင့်ကောင်းယူပြီး ကျွန်ုပ်တို့၏ နေ့စဉ်အသက်ရှင်နေထိုင်မှုဘဝ အစိတ်အပိုင်းအားလုံးသို့ နည်းလမ်း သစ်များဖြင့် ဘုရားသခင်ပါဝင်တော်မူရေးကို စဉ်းစားရန်လိုအပ်မည်ဖြစ်သည်။ ကျွန်ုပ်တို့နှင့် ဆက်ဆံရေးတိုးတက်စေချင်သော နေရာတိုင်း၌ လက်ဦးယူမှုပြုသကဲ့သို့ ကျွန်ုပ်တို့ နှင့် ဘုရားသခင်တို့၏ ဆက်ဆံရေးတိုးတတ်စေရေး၌လည်း ကျွန်ုပ်တို့ တာဝန်ယူ လုပ်ဆောင်ရန်လိုပါသည်။ ကျွန်ုပ်တို့ ကျေနပ်မှုမရှိပါက ၎င်းအတွက် ကျွန်ုပ်တို့ တစ်ခုခုလုပ်ရန်လိုပါသည်။

သို့ရာတွင် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးအသက်တာဘဝ၌ ပိုမိုဆက်ကပ်ရန်လို အပ်သည်ဟု လည်းကောင်း၊ ပိုမိုနက်ရှိုင်းစွာ အားထုတ်သင့်သည်ဟုလည်းကောင်း မကြာခဏ အပြောခံရလေ့ရှိပါသည်။ သို့ဖြစ် စိန်ခေါ်ချက်သည် အထောက်အကူ မဖြစ်ဘဲရှိတတ်သည်။ တစ်ခါတစ်ရံ ဖိအားပေးခြင်းခံရသကဲ့သို့ ဖြစ်ပါသည်။ မြောက်မြားလှစွာသော မျှော်လင့်ချက်များနှင့် တာဝန်ယူမှုများအပေါ် အပို ထပ်ဆောင်းပေး သကဲ့သို့ဖြစ်ပါသည်။ တွန်းအားသည် တစ်ခါတစ်ရံ ပြင်ပမှ လာတတ်ပြီး တစ်ခါတစ်ရံ ကျွန်ုပ်တို့ကိုယ်တိုင်ထံမှ လာလေ့ရှိပါသည်။ မည်သည့် နေရာကလာသည်ဖြစ် ပိုမိုနက်ရှိုင်းကြွယ်ဝသော ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်တာကို ကျွန်ုပ်တို့အမှန်ပင် ရှာဖွေတမ်းတနေခဲ့သည်မှန်လျှင် ကျွန်ုပ်တို့ အနေဖြင့် ယင်းကို မဖြစ်မနေကြုံတွေ့ခံစားရန် လုပ်ရမည်ဟုယူဆပါက ကျွန်ုပ်တို့ မည်သို့ ကွဲပြားခြားနားစွာ ပြုရမည်ကို မသိသောကြောင့်လုပ်ခဲ့သမျှသည် လုံလောက် ခြင်းမရှိဟုလည်းကောင်း၊ စိတ်ပျက်လက်ပျက်ဖြစ်ခြင်းကိုလည်းကောင်း

တွေ့ကြုံခံစားနိုင်ပါသည်။ ပန်းတိုင်သည် လက်လှမ်းမမှီသောပန်းတိုင်ဖြစ်သဖြင့် လက်မှိုင်ချခြင်း၊ အရှုံးပေးခြင်းစသော ခံစားချက်မျိုးကို ကြုံတွေ့နိုင်သည်။

အထက်ပါအဆိုးမြင်ခံစားချက် တစ်ခုခုရှိသည်ဆိုပါက ကျွန်ုပ်တို့သည် ဝိညာဉ်ရေး၌ ရှေ့မတိုးနောက်မဆုတ်အခြေအနေ၌ရှိကြောင်း သိရှိရန်လိုမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်တာကို မကြုံတွေ့ရသဖြင့် စိတ်ပျက်ကြသည်ဆိုပါက ၎င်းနှင့်မည်သို့ဆက်လုပ်ရမည်ကို မသိ ဖြစ်စေ သို့မဟုတ် သိရန်ကြိုးစားဖို့ ခွန်အားမရှိကြတော့ ဖြစ်စေ ဖြစ်နိုင်ပါသည်။ ရှေ့သို့ ကျွန်ုပ်တို့သွားချင်ပါသည်။ သို့သော် ကျွန်ုပ်တို့လုံး ခြာလည်နေကြသည်။ သို့တည်းမဟုတ် ဒုံရင်းသို့ ပြန်ဆိုက်နေကြသည်။ အဓိပ္ပာယ်မှာ ပြောင်းပြန်သွားနေကြသည်။

မည်သည့် အမှားရှိပါသနည်း။ ဝိညာဉ်ရေးအရ ကျွန်ုပ်တို့ရပ်တန့်နေရသည်မှာ ကျွန်ုပ်တို့၏ ဝိညာဉ်အနှစ်သာရ ပြည့်ဝသောအသက်တာ တိုးတက်ရေးသည် ကျွန်ုပ်တို့ကိုယ်တိုင်ပေါ်တွင် မူတည်နေသည်ဟု မှားယွင်းစွာယူဆသောကြောင့်ဖြစ်သည်။ ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်စွမ်းအားအတွက် ဘုရားသခင်၏ ကျေးဇူးတော်ပေါ်၌ ကျွန်ုပ်တို့တည်မှီနေရသည်ကို သတိရဖို့ လိုမည်ဖြစ်သည်။ သို့မဟုတ်ပါက ရှေ့သို့တက်လှမ်းနိုင်မည် မဟုတ်ပေ။ ဘုရားသခင်နှင့် ကျွန်ုပ်တို့ ပိုမိုနီးစပ်ရေး၌ ဘုရားသခင်က လက်ဦးမှု ယူသည်ကို ကျွန်ုပ်တို့ သဘောပေါက်ပါက ဘုရားသခင်နှင့် ပိုမိုနီးစပ်ရန် ကျွန်ုပ်တို့ ကြိုးစားသောအခါ ပိုမိုသက်တောင့်သက်သာရှိစွာ ခံစားနိုင်ကြမည်ဖြစ်သည်။

ထို့ကြောင့် ဝိညာဉ်ရေးတိုးတက်မှုအတွက် ပိုမိုဆက်ကပ်ကြရ မည်ဟု လည်းကောင်း၊ မိမိကိုယ်ကို ပိုမိုသန့်ရှင်းစင်ကြယ်အောင် သို့မဟုတ် ဘုရားသခင် ပိုမိုဝမ်းမြောက်ပျော်ရွှင်အောင် ကြိုးစားကြရမည်ဟုလည်းကောင်း ကျွန်ုပ် အကြံပြုခြင်းမလုပ်လိုပေ။ ကျွန်ုပ်တို့၏ အသက်တာဘဝ၌ ပိုမိုစည်းကမ်းရှိ ခြင်းနှင့် ဝိညာဉ်ရေး၌ ပိုမိုလက်တွေ့ကျင့်သုံးခြင်းများရှိသည်ကို ကျွန်ုပ်မငြင်းပါ။ ကျွန်ုပ်တို့အပြင်းအထန်ကြိုးစားခဲ့ပါသည်။ သို့ကြောင့်လည်း ခြေကုန် လက်ပန်းကျ ဖြစ်ကုန်ကြရသည်။ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးတိုးတက်မှုအတွက် ကိုယ်တိုင် တာဝန်ယူရမည်ဟုဆိုသောအခါ ကျွန်ုပ်တို့ကိုယ်တိုင် ပိုမိုကြိုးစားရမည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ ကျွန်ုပ်၏အသက်တာအတွက် ဘုရားသခင် မည်သို့ဖြစ်စေ လိုတော်မူသည်ကိုလည်းကောင်း၊ ဘုရားသခင် မည်သို့ပြုမူလုပ်ဆောင်တော်မူ သည်ကိုလည်းကောင်း ကျွန်ုပ်တို့ ထည့်သွင်းစဉ်းစားရ မည်ဖြစ်သည်။

ဘုရားသခင်ကျေးဇူးတော်သည် ကျွန်ုပ်တို့အား နည်းလမ်းသစ်များဖြင့် ဘုရား သခင်နှင့်ဆက်နွယ်မှုပြုရန် အခွင့်အလမ်းပေးတော်မူပါသည်။ ဘုရားသခင် နှင့် ကျွန်ုပ်တို့ကြား၌ ဘုရားသခင်နှင့်ဝေးကွာစေခြင်းခံစားချက်ကို ဖယ်ရှား ပစ်သော

စိတ်ပြောင်းလဲခြင်းနှင့် ခွင့်လွှတ်ခြင်းတို့ကို ကျွန်ုပ်တို့ကြုံတွေ့ခံစား နိုင်ပါသည်။ ဘုရားသခင်၏ ကျေးဇူးတော်သည် သန့်ရှင်းသောဝိညာဉ်တော် အားဖြင့် ကျွန်ုပ်တို့၏ အသည်းနှလုံး၌ ဘုရားသခင်အတွက် မေတ္တာထားခြင်းကိုလည်း ဖြစ်ပေါ်စေ နိုင်ပါသည်။ ဘုရားသခင်၏ ကျေးဇူးတော်၌ ကျွန်ုပ်တို့၏ ဘဝအသက်တာ ဘုရားသခင်နှင့်နီးစပ်စေသော မေတ္တာလှုပ်ရှားမှုများလည်းပါဝင်သည်။ ကျွန်ုပ်တို့၏ တာဝန်မှာ ဘုရားသခင်၏ကျေးဇူးတော်အား တက်ကြွစွာလက်ခံခြင်းဖြင့် တုံ့ပြန်ရန် ဖြစ်သည်။ ထိုသို့ပြုခြင်းဖြင့်ကျွန်ုပ်တို့ တစ်ဦးချင်းစီအတွက် ဘုရားသခင်ကြံစည် တော်မူသည်များကို ပိုမိုတွေ့ကြုံခံစားနိုင်ကြမည်ဖြစ်သည်။

ထိုရည်မှန်းချက် ရောက်ရှိရေးအတွက် အီပီစကိုပယ်ဘုန်းတော်ကြီးနှင့် စာရေး ဆရာဖြစ်သော မာတင်စမစ်(Martin Smith)၏ ဆုတောင်းခြင်းနှင့် ဘုရား သခင်နှင့်ဆက်ဆံရေးအတွက် အဆိုပြုထားသောချဉ်းကပ်နည်းသည် ကျွန်ုပ် အတွက် အလုံးစုံပြောင်းလဲစေသောနည်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အသက်တာ၌ ဘုရားသခင်၏မျှော်မှန်းတော်မူချက်များ သို့မဟုတ် ကျွန်ုပ်တို့ကိုယ်တိုင်၏ မျှော်မှန်းချက်များကို ကျွန်ုပ်တို့ မဖြည့်ဆည်းနိုင်ကြောင်း သိလာရ သောအခါ ကျွန်ုပ်တို့၌ အပြစ်ရှိသည်ဟုလည်းကောင်း သို့မဟုတ် အဆိုးမြင် ခံစားချက် ရှိသည်ဟုလည်းကောင်း ယူဆသတ်မှတ်ပါက ၎င်းသည် ဘုရား သခင်က ကျွန်ုပ်တို့အား ဆက်သွယ်တော်မူသည်ဟူသော အကျိုးပြုသင်္ကေတအဖြစ် ယူဆရမည်ဟု စမစ်ကအဆိုပြုပါသည်။[၂] ဥပမာအားဖြင့် ကျွန်ုပ်တို့သည် ဆုတောင်းခြင်း သို့မဟုတ် ကျမ်းစာဖတ်ခြင်းတို့၌ အားနည်းသည်ဟု သတိရလျှင် သိရှိလာပါက ၎င်းသည် ဘုရားသခင်ထံတော်မှလာသော မေတ္တာဖြင့် သတိပေးခြင်းအဖြစ် ယူဆနိုင်ပါသည်။ ထိုသတိပေးခြင်းကို ကျွန်ုပ်တို့အား အပြစ်တင်ရန် သို့မဟုတ် စိတ်အားငယ်စေရန်အဖြစ် မယူဆဘဲ ကျွန်ုပ်တို့၌ လိုအပ်နေသောအထောက်အပံ့နှင့် အကူအညီအတွက် ဘုရားသခင်ထံသွားရန် တိုက်တွန်းခြင်းအဖြစ် ယူဆရမည်ဖြစ်သည်။

ဘုရားသခင်နှင့် ကျွန်ုပ်တို့တွေ့ဆုံရန် ဆိတ်ငြိမ်ချိန်များများနှင့် ဆုတောင်း ခြင်းအားဖြင့် ကမကထပြုရန် ဘုရားသခင်သည် ကျွန်ုပ်တို့အား လက်ပိုက်ပြီး စောင့်တော်မူမည်မဟုတ်ပေ။ ကျွန်ုပ်တို့နှင့်ဆက်သွယ်ရန် ဘုရားသခင်သည် ကမကထပြုတော်မူခဲ့ပြီးဖြစ်သဖြင့် ကျွန်ုပ်တို့၏တုံ့ပြန်မှုကို စောင့်နေတော်မူသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အရေးပါသောဆက်ဆံရေး တည်ဆောက်ရန်နှင့် ကျွန်ုပ်တို့တစ်တွေ ဝိညာဉ်ရေးအရ ပိုမိုတိုးတက်ကြီးထွားရန် ရွေးချယ်တော်မူခဲ့သည်။ ဘုရားသခင်အား ကမကထပြုသူအဖြစ် ရှုမြင်ခြင်း သည် သူနှင့်ဆက်ဆံရေးကို ပိုမိုလွယ်ကူစေနိုင်ပါသည်။ ကျွန်ုပ်တို့စိတ်ကူးထဲပေါ်လာသော တစ်စုံတစ်ဦးအား တယ်လီဖုန်းဆက်ရန် ကြိုးစားခြင်းထက်မြည်နေသော တယ်လီဖုန်းကို ကောက်ကိုင်ကာ ပြောဆိုသကဲ့သို့ ပိုမိုလွယ်ကူစေပါသည်။

ထို့နောက် ကျွန်ုပ်တို့သည် ဘုရားခင်နှင့်စကားစမြည်ပြောဆိုခြင်းကို ဆက်လက်လုပ်ဆောင်ရန် ကမကထပြုရေးအတွက် ပုံမှန်ဆုတောင်းနေရမည်ဖြစ်သည်။[၃] ကျွန်ုပ်တို့လမ်းလျှောက်သွားနေစဉ် ကျေးဇူးတင်ချင်စိတ် ုတ်တရက် ပေါ်ပေါက်လာပါက ဘုရားသခင်သည် ဖန်ဆင်းခြင်းကမ္ဘာကြီးထဲ၌ ကျွန်ုပ်တို့ အား စကားပြောတော်မူနေပြီဆိုသည်ကို သိထားရမည်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ''သီးသန့်နေရခြင်းအဖြစ်မှ ပါဝင်သက်ဆိုင်ခြင်းအဖြစ်သို့လည်းကောင်း၊ ပူပင်သောကရှိခြင်းမှ အသက်ပေးသော အသိ တရား အဖြစ်သို့လည်းကောင်း၊ ကျွန်ုပ်တို့အား ဆင့်ခေါ်တော်မူခြင်း''[၄] ဖြစ်သည်။

ကျွန်ုပ်တို့ကျမ်းစာဖတ်သောအခါ သို့မဟုတ် မိတ်ဆွေတစ်ဦးနှင့် ကြည်နူးဖွယ် စကားစမြည်ပြောကြသောအခါ ထို့နောက် ကျွန်ုပ်တို့၏အတွေးများကို ဘုရားသခင်ကို ချီးကျူးခြင်း၊ နောင်တရခြင်း၊ ပိုမိုသိရှိလိုခြင်း၊ တစ်ယောက်ယောက်အတွက် ဆုတောင်းပေးလိုခြင်းစသည်တို့ကို ကြုံတွေ့လာပါက အဓိပ ါယ်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဝိညာဉ်တော်က ကျွန်ုပ်တို့၏ နှလုံးသားများနှင့် စိတ်များအားကောင်းကင်ဘုံသို့ ဦးလှည့်ရန် လက်ယပ်ခေါ်တော်မူခြင်းကို ယဉ်ကျေးစွာ သို့မဟုတ် ိုင်းပြစွာတုံ့ပြန်ခြင်းအဖြစ် ယူဆရမည်ဖြစ်သည်။[၅]

ဆုတောင်းခြင်းကို ဤနည်းဖြင့် အနက်ဖွင့်ဆိုခြင်းဖြင့် ကျွန်ုပ်တို့အား ဘုရားသခင်ဆက်ဆံတော်မူခြင်းကို ကျွန်ုပ်တို့အား ပိုမိုမြင့်မားနက်ှိုင်းစေပြီး ကျွန်ုပ်တို့ရရှိသော ဒေသနာများကို ပိုမိုလက်ခံစေသည်ဟု စမစ်ကဆိုသည်။ ဆက်လက် စမစ်က ဤသို့ရှင်းပြသည်။

ဆုတောင်းခြင်းဆက်လက်ဖြစ်ထွန်းရန် စကားလုံးများနှင့် ခံစားချက်များကို မွေးထုတ်ရန် ကြိုးပမ်းခြင်းဖြင့် ချက်ချင်းတုံ့ပြန်မှုကို နားစွင့်ရန်အားစိုက်နေမည့်အစား၊ ဘုရားသခင်၏ ချဉ်းကပ်နည်းကို ပထမထားပြီးအာ ုံစိုက်စေလိုပါသည်။ ဆုတောင်းခြင်းသည် အဓိကအားဖြင့် ကျွန်ုပ်တို့အား ဘုရားသခင်မိမိအား ဖွင့်ပြတော်မူခြင်းကို ဂ ုစိုက်ခြင်းနှင့် ယင်းဖွင့်ပြတော်မူခြင်းအပေါ်နှလုံးသားက တုံ့ပြန်မှုပြုခြင်းဖြစ်ပါသည်။[၆]

စမစ်၏နက်ှိုင်းသိများကို ယူပြီးကျွန်ုပ်သည် ယခုအခါ ကျွန်ုပ်၏ အသက်တာ၌ဆုံးှုံးမှု သို့မဟုတ် ကင်းမဲ့မှုအတွက်သတိပေးသည့်အတွက် ကျေးဇူးတင်တတ်လာပြီဖြစ်သည်။ ကျေးဇူးတင်ပါတယ်၊ အရှင်ဘုရား။ ကျွန်ုပ်၏လိုအပ်ချက်ကို သတိပေးတော်မူသောကြောင့်ဖြစ်စေ ကိုယ်တော်ရှင်အား ကျွန်တော်မျိုး ကျေးဇူးတင်ပါသည်ဘုရား။ သခင်ခရစ်တော် ကျွန်တော်မျိုးအတွက် ရည်ရွယ်ထားပေးတော်မူသော ကြွယ်ဝသည့် အသက်တာကို အန္တရယ်ပြုသော အပြစ် သို့မဟုတ် အပြစ်ရှိသော စိတ်ထားဖြစ်ကြောင်း သတိပေးတော်မူသောကြောင့်

ကျေးဇူးတင်ပါသည် ဘုရား၊ ကျွန်တော်မျိုး၏ အသည်းနှလုံးနှင့် စိတ်တို့ကို အာ ံ စုစည်းနိုင်အောင် ကူညီမစတော်မူပါဘုရား။

တစ်ခါတစ်ရံကျွန်ုပ်သည်စိတ်ပူပင်သောက ဖြစ်သောအခါ၊ သို့မဟုတ် တာဝန်ယူမှုများ၏ ဖိစီးမှုဒဏ်ကို ခံစားရသောအခါ ကျွန်ုပ်ချက်ချင်း သတိရ လိုက်တာရှိပါသည်။ ကျွန်ုပ်အချိန်ယူပြီး ကျမ်းစာဖတ်သင့်ပါသည်။ ကျွန်ုပ်အချိန်ယူပြီး ဆုတောင်းသင့်ပါသည်။ ကျွန်ုပ်ဝတ်ပြုကိုးကွယ်မှုပြုသင့်ပါသည်။ ကျွန်ုပ် မည်သို့ကိုင်တွယ်ရမှာထက် ကျွန်ုပ်လုပ်စရာတွေ ပိုများကြောင်းသိပါသည်။ ကျွန်ုပ်သည် ဘုရားသခင်နှင့် ကျွန်ုပ်၏ဝိညာဉ် ရေးအသက်တာတို့ကို လစ်လျူ့သောကြောင့် အပြစ်ရှိသည်ဟု ခံစားမိပါသည်။ သို့သော် 'ဤ လုပ်သင့်ပါသည်' ဆိုသည့်စကားလုံးများက ကျွန်ုပ်အားစိတ် လှုပ်ရှားစေ နိုင်ခဲ့ခြင်းမရှိကြပေ။ကျွန်ုပ်လုပ်ရမည့် လုပ်စရာစာရင်းတွင် နောက်ထပ် လုပ်စရာ တစ်ခုကို ကျွန်ုပ်ထပ်မတိုးချင်တော့ပါ။ ကျွန်ုပ်၌ ခွန်အားနှင့်စိတ်စွမ်းအင် မကျန်တော့လို့ပါ။

သို့သော် ကျွန်ုပ်၏ဝိညာဉ်အနှစ်သာရပြည့်ဝမှု ကင်းမဲ့ခြင်းသည် ကျွန်ုပ် ကိုယ်တိုင်နှင့် အခြားသူများအတွက် ဘုရားသခင်က မေတ္တာတော်အားဖြင့် ကမကထ ပြုခြင်းဖြစ်ကြောင်းကျွန်ုပ်သိလာရသောအခါ ကျွန်ုပ်၏ တုံ့ပြန်မှုသည် လုံးဝခြားနားသွားပါတော့သည်။ ကျွန်ုပ်၏အလုပ်များကို စုစည်းရန်လုပ်ရမည့်အစား၊ အပြစ်ရှိသည်ဟု ခံစားခြင်း၊ အရှက်ရခြင်း၊ မှန်ကန်သောအလုပ်ကို လုပ်ရန် လုံလောက်စွာမလုပ်ဟုခံစားခြင်း စသည်တို့အပေါ် ပူပင်သောကရောက် ရမည်အစား၊ကျွန်ုပ်၏ ပထမ တုံ့ပြန်မှုမှာ ကျေးဇူးတော်ချီးမွမ်းခြင်းဖြစ်ပါသည်။ အဘယ့်ကြောင့်နည်း။ ဘုရားသခင်သည် ကျွန်ုပ်အား ကူညီတော်မူရန် အသ– ပေး တော်မူခြင်းဖြစ်ကြောင်း ကျွန်ုပ်သိရှိထားသောကြောင့်ဖြစ်သည်။ ကျွန်ုပ်သည် ဘုရားသခင်လက်ယပ်ခေါ်တော်မူခြင်းကို တုံ့ပြန်သည့်အနေဖြင့် ဘုရားသခင် ထံတော်သို့ ဦးလှည့်လိုက်ပါသည်။ ဘုရားသခင်၏ မေတ္တာဖြင့် ခေါ်တော်မူသံကို ကျွန်ုပ် ဖြေကြားလိုက်ခြင်းဖြစ်သည်။ တာဝန်ဝတ်တရားကြောင့် ဘုရားသခင်သည် ကမကထပြုခေါ်တော်မူခြင်း မဟုတ်ပေ။

အပြစ်နှင့် ဆုတောင်းခြင်းအပေါ် ကျွန်ုပ်၏အတွေးအခေါ် ပြောင်းသွား ခြင်းသည် အလုပ်ဖြစ်ပါသည်။ အကျိုးရှိပါသည်။ ဘုရားသခင်သည် ကျွန်ုပ်အား သူ့ဆီသို့ပြန်လာရန် ဖိတ်ခေါ်တော်မူခြင်းဖြစ်ကြောင်း ကျွန်ုပ်သိရှိထားသောကြောင့် ဆိုးဝါးစွာခံစားခြင်းမရှိဘဲ အားတက်ခြင်းပင်ဖြစ်ခဲ့သည်။ သတိပေးခြင်းကို အပြစ်တင်ခြင်းဟု မခံယူဘဲ အကူညီပေးခြင်းအဖြစ် ကျွန်ုပ်ခံယူပါသည်။ ဘုရားသခင်သည် ကျွန်ုပ်အားအခြားဝန်ထုပ်တစ်ခု ထမ်းဆောင်ခိုင်းတော်မူသည်ဟု မမြင်ဘဲ ခရစ်တော်၌ အလျှံပယ်ကြွယ်ဝသောအသက်တာကို ကျွန်ုပ်ရရှိခံစားစေရန်

အခွင့်အလမ်းပေးတော်မူသည်ဟု ခံယူပါသည်။ ဘုရားသခင်၏ နှလုံးသားထဲ၌ ရှိသည်ဟု ကျွန်ုပ်သိရှိခံစားရပါသည်။ ဘုရားသခင်သည် ကျွန်ုပ်၏ အကန့်အသတ်များ၊ အားနည်းချက်များ၊ ဆုံးရှုံးမှုများကို ကျော်လွှားနိုင်ရန်နှင့် ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်တာကို အမှန်ပင်ရရှိခံစားနိုင်ရန် ကျွန်ုပ်အား ကူညီမစတော်မူပါသည်။

အနှစ်ချုပ်ဖော်ပြရလျှင် ကျွန်ုပ်တို့၏ ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်တာသည် ကျွန်ုပ်တို့အတွက် သခင်ခရစ်တော် ရည်ရွယ်တော်မူသော အသက်တာဖြစ်လာရေးအတွက် ပထမအားဖြင့် ပြောင်းလဲခြင်း၌ ကျွန်ုပ်တို့ ဆက်ကပ်ရန်လိုအပ်မည်ဖြစ်သည်။ ဒုတိယအားဖြင့် ဝိညာဉ်အနှစ်သာရ ပြည့်ဝသော အသက်တာကို ကျွန်ုပ်တို့ပိုမိုကြွယ်ဝစွာရရှိရေးအတွက် ဘုရားသခင်ကသာ ကမကထပြုတော်မူသည်ကို ကျွန်ုပ်တို့သိထားရန် လိုမည်ဖြစ်သည်။ တတိယအားဖြင့် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာအသက်တာ အကြောင်းစဉ်းစားသောအခါနှင့် ဘုရားသခင်နှင့် ပိုမိုအဓိပ္ပာယ်ရှိစွာနှင့် လက်တွေ့ကျစွာဆက်ဆံနိုင်ရန် နည်းလမ်းသစ်များဖြင့် စဉ်းစားရန်လိုအပ် မည်ဖြစ်သည်။

တတိယအပိုင်းဖြစ်သော ကျွန်ုပ်တို့၏ ဝိညာဉ်အနှစ်သာရ ပြည့်ဝသော အသက်တာကို တက်ကြွစွာပြုစုပျိုးထောင်ခြင်းအနေဖြင့် ကျွန်ုပ်တို့နှင့် ဘုရားသခင်၏ ဆက်ဆံရေးကို လမ်းကြောင်းသစ်ဖြင့် ဖော်ဆောင်ရန်ဖြစ်သည်။ ပထမ၌ မေးခွန်းအချို့နှင့် ပတ်သက် ကျွန်ုပ်တို့ကိုယ်ကို မေးမြန်းရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ ဘုရားသခင်နှင့် ဆက်ဆံရေးကို မည်သည့်ယုံကြည်မှုများ၊ အတွေးအခေါ်များနှင့် ပြုမူလုပ်ဆောင်ချက်များက ပိုမိုတောင့်တင်းခိုင် မာစေမည်နည်း။ ကျွန်ုပ်တို့ကိုယ်တိုင်၏ ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်တာကို ပိုမိုတောင့်တင်းခိုင်မာစေသည်သာမက၊ ပိုမိုထိရောက်စွာ ဦးဆောင်နိုင်မည့် အရင်းအမြစ်များ၏ ရေတွင်းပမာဖြစ်လာစေလျက် ဘုရားသခင် နှင့်ဆက်ဆံရာ၌ ပိုမိုခွန်အားရစေခြင်း၊ ပိုမိုပြုစုပျိုးထောင်ခြင်း၊ ပိုမို အားတက်ဖွယ်ဖြစ်ခြင်းနှင့် ပိုမိုအဓိပ္ပာယ်ရှိခြင်း စသည်တို့နှင့် ပြည့်စုံသော ဆက်ဆံရေးကို မည်သည့်အရာက တွန်းအားပေးနိုင်မည်နည်း။ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးအသက်တာကို ပြုစုပျိုးထောင်ရာ၌ ကျွန်ုပ်တို့၏ ဖြေဆိုချက် များကလမ်းညွှန်ပေးသွား ကြမည်ဖြစ်သည်။

သခင်ခရစ်တော်၌ ယုံကြည်အပ်နှံထားသူများသည် ဘုရားသခင်နှင့် အမြဲတမ်းဆက်စပ်မှုရှိခဲ့ပြီးသူများဖြစ်ကြသဖြင့် ဘုရားသခင်၏ မေတ္တာတော်နှင့် ကင်းကွာနိုင်ကြတော့မည်မဟုတ်ပေ။ ကျွန်ုပ်တို့မကြာခဏ ကင်းမဲ့နေသောအရာမှာ ဤဆက်စပ်ပတ်သက်မှု၏ အဓိပ္ပာယ်ရှိသော အတွေ့အကြုံနှင့် ပုဂ္ဂိုလ်ရေးအားဖြင့် ဘုရားသခင်နှင့် ဆက်စပ်နေမှု၏ တက်ကြွသော အသိတရားတို့ဖြစ်ပါသည်။ ဤနေရာ၌ လိုအပ်သောအရာမှာ ကျွန်ုပ်တို့၏ အသက်တာဘဝများအတွင်၊

တစ်နေ့လုံးအကြောင်းချင်းရာ အမျိုးမျိုး၌ ဘုရားသခင်၏ တည်ရှိနေမှုနှင့် ပြုမူလုပ်ဆောင်တော်မူခြင်းတို့ကို တိုးသထက်တိုး သိရှိရေးဖြစ်ပါသည်။

သင်၏အတွေးအခေါ်နှင့် ခံစားချက်တို့အပေါ်သိသာစွာ သြဇာညောင်းသော သင့်ဘဝ၏ အရေးပါသည့် ဆက်ဆံရေးတစ်ခုအတွက် အချိန်အခိုက်အတန့် တစ်ခုယူ စဉ်းစားပါ။ ကျွန်ုပ်စိတ်ထဲ တ်တရက်ပေါ်လာသူမှာ ကျွန်ုပ်၏မိန်းမ ဖြစ်သည်။ သူကို ကျွန်ုပ်ပိုချစ်လေ၊ သူကျွန်ုပ်ကို ချစ်ကြောင်းပိုမိုသိရှိလေ၊ ကျွနိုပ်၏အတွေးများသည် ကျွန်ုပ်တို့၏ဆက်ဆံရေးကိုပိုမို အကျိုးသက်ရောက်မှုရှိလေဖြစ်ပါသည်။ တစ်နေလုံးကျွန်ုပ်သည် လှုပ်ရှားသွားလာရာ၌ သူမ၏ အားပေးထောက်ခံမှုများနှင့် အကြံဉာဏ်များကို ပိုမိုသတိရလေ့ရှိပါသည်။ ကျွန်ုပ်စားပွဲပေါ်ရှိ သူမ၏ ဓါတ်ပုံကိုမကြာခဏကြည့်ပြီး ကျွန်ုပ်ပြုံးလေ့ရှိသည်။ ကျွန်ုပ်၏လုပ်ငန်းခွင် သို့မဟုတ် ပုဂ္ဂိုလ်ရေး အသက်တာဆိုင်ရာ ဆုံးပြတ်ချက်များသည် သူမအပေါ်မည်သို့အကျိုး သက်ရောက်မှုရှိမည်ကို ပိုမိုထည့်သွင်းစဉ်းစားလာပါသည်။အဆင်မပြေမှုများ တွေ့လာသောအခါ သူ့အားဖုန်းဆက်ပြီး သူ့အခြေအနေကို မေးခြင်း၊ သို့မဟုတ် ကျွန်ုပ်အခြေအနေကို ပြောပြခြင်းများ ပြုလေ့ရှိပါသည်။ အနာဂတ်တွင် ကျွန်ုပ်တို့ဇနီးမောင်နှံ အတူတကွ ပိုမိုအချိန်ဖြုန်းနိုင်ရေး၊ ပိုမိုနက်ရှိုင်းစွာ ဆက်ဆံနိုင်ရေးအတွက် အထူး ခရီးသွားအစီအစဉ်များ စီစဉ်ခြင်းစသဖြင့် ကျွန်ုပ်စီစဉ်ရမည်ဖြစ်သည်။

ထိုနည်းတူ ဘုရားသခင်အပေါ်ကျွန်ုပ်တို့ထားသော မေတ ္တာကြီးထွားလာလေ၊ ဘုရားသခင်နှင့် ကျွန်ုပ်တို့ကြားဆက်ဆံရေးအကြောင်းကို သဘာဝကျစွာ ပိုမိုစဉ်းစားလေ ဖြစ်ပြီး၊ ကျွန်ုပ်တို့၏နေ့စဉ်ဘဝထဲသို့ ဘုရှားသခင်အား ပိုမိုဆွဲသွင်းလေ ဖြစ်လာမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ဘုရား သခင်အပေါ် အာရုံစိုက်မှုကို ပုံမှန်စဉ်းစားလေ ဘုရားသခင်နှင့် ပိုမိုနီးစပ်လေ ဖြစ်သွားမည်ဖြစ်သည်။ ကျွန်ုပ်တို့ အလုပ်လုပ်နေစဉ်၊ သူတစ်ပါးနှင့် ဆက်ဆံနေချိန်နှင့် အစီအစဉ်များရေးဆွဲ နေစဉ်ကာလများ၌ ဘုရားသခင်ကို ဆွဲသွင်းစဉ်းစားနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ အသိတရားထဲသို့ ဘုရားသခင်ကို အတတ်နိုင်ဆုံးဆွဲသွင်းရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့ဘဝ၏ အစိတ်အပိုင်းတစ်ခုစီသည် ကျွန်ုပ်တို့နှင့် ဘုရားသခင်တို့၏ ဆက်ဆံရေး၌ တိုးချဲ့မှုအဖြစ် စဉ်းစားနိုင် ရမည်ဖြစ်သည်။

ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေးမှ ပေါ်ထွက်လာသော်လည်း ကျွန်ုပ်တို့မသိရှိခဲ့သော အစိတ်အပိုင်း၊ သို့မဟုတ် ကျွန်ုပ်တို့လိုလားခြင်းမရှိ သောအစိတ်အပိုင်းများရှိခြင်းသည် ကျွန်ုပ်တို့၏ ဘဝအသက်တာကို ခွဲစိတ်ပိုင်းခြားလိုက်ခြင်းဖြစ်သည်။ ဘုရားသခင်အား ချစ်ခင်ပြီး ဆက်ကပ်ထားသော ဆက်ဆံရေးနှင့် ဆန့်ကျင်ဖက်ဖြစ်သည်။ ဥပမာအားဖြင့် မောက်မာဝင့်ကြွားမှု၊ ကိုယ်ကျင့်တရားမဆန်မှု၊ အာခံမှု၊ ခေါင်းမာမှုသို့မဟုတ် အတ များရှိနိုင်သည်။

ကျွန်ုပ်တို့၏ အမျိုးမျိုးသော ဘဝ၏အစိတ်အပိုင်းများ၌ ဘုရားသခင် မည်သို့နေရာယူမည်ကို ိုးသားစွာ မသိဘဲရှိနေနိုင်ပါသည်။ ခြုံ ဆိုပါက၊ အမှိုက်ပစ်ခြင်း၊ မြက်ခင်းရိတ်ခြင်း၊ စာရင်းပြုစုခြင်း၊ ရုပ်ရှင်ကြည့်ခြင်း၊ ကလေးများနှင့် ဆော့ခြင်း စသည်တို့သည် ဝိညာဉ်အနှစ်သာရ ပြည့်ဝခြင်းနှင့် မည်သို့ဆက်စပ် သနည်းဟု စဉ်းစားနိုင်ပါသည်။

ကျွန်ုပ်တို့၏ ခေါင်းဆောင်မှု၌ ကျွန်ုပ်တို့အလုပ်လုပ်ရာတွင် ဘုရားသခင်နှင့် ကျွန်ုပ်၏ ဝိညာဉ်ရေးအသက်တာတို့ကို အထက်ပါအကြောင်းများပြကာ ပြု လုပ်သကဲ့သို့ ခွဲခြားထားကောင်း ခွဲခြားထားနိုင်ပါသည်။ ကျွန်ုပ်တို့၏ခေါင်း ဆောင်မှုထဲသို့ ဆွဲခြင်းခြင်းပြုနိုင်လောက်အောင် ကျွန်ုပ်တို့အလုပ်များနိုင်ပါသည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့၏ အကြောင်းပြချက်မှာ သာမန်မသိခြင်းကြောင့် ဖြစ်နိုင်ပါသည်။ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေးသည် ကျွန်ုပ်တို့၏ အစည်းအဝေးစီစဉ်ကျင်းပခြင်းနှင့် ဆက်စပ်နေသည်ကိုလည်းကောင်း၊ ကျွန်ုပ်တို့၏ အုပ်ချုပ်စီမံရေးဝန်ထမ်းများနှင့် အခြားအဖွဲ့ဝင်များနှင့် ဆက်စပ်နေသည်ကို လည်းကောင်း လုပ်ငန်းအခြေအနေသုံးသပ်မှုများနှင့် ကျွန်ုပ်တို့လုပ်ငန်းများ၏ အခြားအစိတ်အပိုင်းများနှင့် ဆက်ဆံရေး၌ အတားအဆီးဖြစ်နိုင်ပါသည်။ ကိုယ်ပိုင်အစွမ်းအစဖြင့် အောင်မြင်အောင်ပြုလုပ်နိုင်သည်ကို ကျွန်ုပ်တို့ပြသ ချင်ကြသည်။ တစ်ခါတစ်ရံ အစိတ်စိတ်ပိုင်းခြားခြင်းနှင့် ပတ်သက်သော ကျွန်ုပ်တို့၏ အကြောင်းပြချက်များသည် ပိုမိုလေးနက်တတ်ပါသည်။ ကျွန်ုပ်တို့ လုပ်သင့် လုပ်ထိုက်သောအရာများကို ပြုလုပ်ကြသဖြင့် ထိုသို့သော အခြေအနေတွင် ဘုရားသခင်အကြောင်းစဉ်းစားခြင်းသည် အဆင်ပြေဖွယ်ရှိမည် မဟုတ်ပေ။

အစိတ်စိတ်အမြွာမြွာ ပိုင်းခြားစဉ်းစားခြင်းသည် ကျွန်ုပ်၏ ဝိညာဉ်အနှစ်သာ ရပြည့်ဝခြင်းအတွက် လမ်းဆုံးဖြစ်ပါသည်။ မကြာခဏဖြစ်တတ်သော အရက်မူးခြင်း နှင့် ပုံမှန်ဘာသာရေးအပြုအမူများကို ကျွန်ုပ်တို့ကျော်လွှားနိုင်မည် မဟုတ်ပေ။ ကျွန်ုပ်တို့ အဖွဲ့အစည်း၌ဖြစ်စေ၊ အသင်းတော်၌ဖြစ်စေ ကျွန်ုပ်တို့မည်သည့်တာဝန်ကို ယူသည်ဖြစ်စေ၊ ဘုရားသခင်ကျွန်ုပ်တို့ကို ဆက်သွယ်သောနည်းများကို ကျွန်ုပ်တို့ သိရှိထားသင့်သည်၊ သို့မဟုတ် ငယ်စဉ်က သိရှိပြီးဖြစ်ပါကလည်း ပြန်လည်သိရှိ သင့်ပါသည်။ သို့မှသာ ကျွန်ုပ်တို့၏ အသက်တာဘဝအစိတ်အပိုင်းတစ်ခုစီနှင့် ခေါင်းဆောင်မှု၌ ဘုရားသခင်နှင့် မည်သို့ပိုမိုအဓိပ ၢယ်ရှိစွာ ဆက်ဆံရမည်ကို သိ႐ိနိုင်မည်ဖြစ်သည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အား အိပ်မက်များ၊ ႐ူမြင်ပုံဖော်မှုများ(႐ူပါ႐ုံ များ) ဆင်းရဲဒုက္ခခံခြင်းများ၊ အခြားသူများအားဖြင့် ကျွန်ုပ်တို့အားဆက် သွယ်တော်မူနိုင်ပါသည်။ သို့တည်းမဟုတ်၊ ကျွန်ုပ်တို့ကြားချင်နေသော အမှန်တရားကိုအတွင်းအဇ႑တ အသံအားဖြင့်လည်း ဆက်သွယ်တော်မူနိုင်ပါသည်။

ဘုရားသခင်ထံတော်မှ လာသောအရာ၊ ကျွန်ုပ်တို့၏ စိတ်ကူးစိတ်သန်းထဲမှ လာသောအရာ ၊အခြားအရင်းအမြစ်မှလာသောအရာဟု ကွဲပြားစွာသိနိုင်ရန်အတွေ့အကြုံနှင့် ရင့်ကျက်မှုလိုအပ်ပါသည်။ ကျွန်ုပ်တို့၏ အတွေ့အကြုံမရှိမှု၊ ဘုရားသခင်ထံမှလာသည်ဟု ကျွန်ုပ်တို့ ယူဆသောဒေသနာ၏ အဓိပ္ပာယ် အမျိုးမျိုးကောက်ယူနိုင်သော သဘောသဘာဝတို့ကြောင့် သိသဘော ပေါက်ရေးသည် စိန်ခေါ်ချက်ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် အခြားသူတို့၏ အတွေ့အကြုံနှင့် ဉာဏ်အလိမ္မာကို သင်ခန်းစာယူရလိမ့်မည်ဖြစ်သည်။ ၂ မွေလသည် ဘုရားသခင်ခေါ်တော်မူသံမှန်းသိအောင် ဧလိ၏ အကူအညီလိုအပ် သကဲ့သို့ ဖြစ်သည်(၁ရာ ၃း၁–၁၀)။ သို့သော် ဘုရားသခင်၏အသံတော်ကို နားထောင်ခြင်းသည် ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေးကို နက်ရှိုင်းစေရေးနှင့် ကျွန်ုပ်တို့၏ ခေါင်းဆောင်မှုတို့အတွက် အလွန်အရေးကြီးပါသည်။

ဘုရားသခင်၏ ကမကထပြုမှုတော်ကို ကျွန်ုပ်တို့တုံ့ပြန်မှုပြုသောအခါ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ပြောဆိုဆက်ဆံခြင်းသည် နှုတ်ဖြစ်စေ၊ နှုတ်မဟုတ် ဘဲဖြစ်စေ၊ အတွေးအခေါ်ဖြစ်စေ၊ ခံစားချက်ဖြစ်စေ၊ စက္ခုအမြင်ဖြစ်စေ၊ အနံ့ဖြစ်စေ၊ ထိတွေ့မှုဖြစ်စေ၊ စိတ်ကူးမှုဖြစ်စေ အမျိုးမျိုးဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့ ကျယ်လောင်စွာဖြစ်စေ၊ သို့မဟုတ် တိတ်ဆိတ်စွာဖြစ်စေ ဆုတောင်းနိုင်ပါသည်။ ကျွန်ုပ်တို့အ ိပ်မက်များကို ဆွဲနိုင်ပါသည်၊ သီချင်းများရေးနိုင်သည်။ ကျမ်းစာကို ရွတ်ဖတ်နိုင်သည်၊ သို့မဟုတ် အကူအညီလိုသူကို ကူညီနိုင်သည်။ ကျွန်ုပ်တို့၏သော ခံစားချက်များ သို့မဟုတ် အတွေးအခေါ်များကို ရေးမှတ် နိုင်သည်၊ သီဆိုနိုင်သည်၊ ရွတ်ဆိုနိုင်သည်၊ တီးတိုးပြောနိုင်သည်။ ကျွန်ုပ်တို့ အသက်တာ၌ လူ အမြောက်အမြားနှင့် ဆက်ဆံရသကဲ့သို့ ဘုရားသခင်နှင့်လည်း နည်းအမျိုးမျိုးဖြင့် ဆက်ဆံနိုင်ပါသည်။

ဘုရားသခင်ကို ကျွန်ုပ်တို့ မည်သည့်နည်းဖြင့် ဆက်ဆံတွေ့ကြုံစေကာမူ ဝိညာဉ် ရေးအလုံးစုံပြောင်းလဲရေး၌ အဓိကကျသည်မှာ နည်းလမ်းလည်းဖြစ်ပြီး ဝိညာဉ်ရေးတိုးတက်မှု၏ အကျိုးရလဒ်လည်းဖြစ်သော ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေး ပိုမိုနက်ရှိုင်းသွားစေသော အသိတရားဖြစ်သည်။ ကျွန်ုပ်တို့၏ ဆက်ဆံရေးကို ကျွန်ုပ်တို့ တိုင်းတာနိုင်မည်မဟုတ်သော်လည်း ကျွန်ုပ်တို့နှင့် ဘုရားသခင်၏ ဆက်ဆံရေးသည် ကျွန်ုပ်တို့အတွက် အသက်သမျှ အရေးကြီးသည်ဟု သိလာမည်ဖြစ်သည်။ ခွင်းချက်အဖြစ် ဘုရားသခင်အနေဖြင့် ကျွန်ုပ်တို့အနီးနားတွင် တည်ရှိတော်မူသည်ကို အသိပေးတော်မူခြင်းမပြုသော ကားတိုင်သတ်ခံပေါလ် (ပေါလု) ပြောခဲ့ဘူးသည့် ဝိညာဉ်၏အမှောင်ည (the dark right of the soul)ကဲ့သို့သော အခြေအနေမှလွဲပြီး၊ ကျွန်ုပ်တို့၏ နှလုံးသားများမှ ထွက်ပေါ်လာသောအချစ်၊ ကျွန်ုပ်တို့၏ မျှော်လင့်ချက်၊ ကျွန်ုပ်တို့၏

ငြိမ်းချမ်းရေး၊ ကျွန်ုပ်တို့၏ပျော်ရွှင်မှုနှင့် ကျွန်ုပ်တို့၏ အသက်တာနှင့် ခေါင်းဆောင်မှု၌ ဘုရားသခင်ပါဝိုတော်မူခြင်းနှင့် ဆက်စပ်နေမှုအတိုင်းအတာ တို့အားဖြင့် ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ဆက်စပ်မှု အရေးပါခြင်းကို သိရှိနိုင်ပါသည်။

ကျွန်ုပ်တို့၏ ဝိညာဉ်ရေးအသက်တာကို အသိတရားနှင့် ယှဉ်သော ဘုရားသခင်နှင့် ဆက်စပ်မှုအားဖြင့် ပြုစုပျိုးထောင်ခြင်းဖြင့် ဘုရားသခင်သည် ကျွန်ုပ်အတွက်ကြီးမားသော အခွင့်အလမ်းတစ်ခု ကို ပေးသနားတော်မူသည်။ ကျွန်ုပ်တို့၏ အသက်တာဘဝများထဲ၌ ဘုရားသခင်၏ ကမကထပြုတော်မူခြင်းကို အားတက်သရောတုံ့ပြန်ခြင်းနှင့် ကျေးဇူးတော်နှင့် ကူညီမစမှုကို ကျွန်ုပ်တို့ တိုးသထက်တိုး တွေ့ကြုံခံစားနိုင်ပြီး ဘုရားသခင်နှင့် မေတ္တာဖြင့် ပြည့်သော ဆက်ဆံရေးကို တည်ဆောက်ကာ ကျွန်ုပ်တို့အသက်တာအတွက် ဘုရားသခင်ပေးသနားတော်မူသော ရည်ရွယ်ချက်ကို ပြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

## စစ်မှန်သောအရာ

ဝိညာဉ်ရေး အနှစ်သာရ ပြည့်ဝသောအသက်ကို တက်ကြွစွာ ပျိုးထောင်ရေး တောင်းဆိုချက်သည် ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်တာစွမ်းအားသည် ဘုရားသခင်ထံတော်ပါးသို့ ဦးတည်သော စစ်မှန်သည့် နှလုံးသားနှင့် စိတ်ပြောင်းလဲခြင်းမှ စီးဆင်းလာပါသည်။

ကျွန်ုပ်တို့ကိုယ်တိုင်၏ ဝိညာဉ်ရေးအသက်တာကို တက်ကြွစွာ ပြုစုပျိုးထောင်ရေး တောင်းဆိုချက်သည် ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်စွမ်းအားသည် ဘုရားသခင်ထံတော်ပါးသို့ဦးတည်သော စစ်မှန်သည့်နှလုံးသားနှင့် စိတ်ပြောင်းလဲခြင်းမှ ဆီးဆင်းလာသည်) ဟူသော ဝိညဉ်အခြေခံမှုပေါ်၌ တည်ဆောက်ထားပါသည်။ ပိုမိုထူးခြားစွာဖော်ပြရလျှင်၊ အသက်သမျှအရေး ပါသော ဝိညာဉ်အနှစ်သာရ ပြည့်ဝသော အသက်တာသည် ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် သင်ယူရရှိခြင်းဖြစ်သည်။ ဘုရားသခင်အား ကျွန်ုပ်တို့၏ နှလုံးသားမှချစ်ခြင်း၊ သခင်ခရစ်တော်ထဲ၌ ဘုရားသခင်အား ဆက်ကပ်ထားခြင်း၊ နေ့စဉ်အသက်တာနှင့် ခေါင်းဆောင်မှု၌ သန့်ရှင်းသောဝိညာဉ်တော်၏ ပြုမူလှုပ်ရှားတော်မူခြင်းကို တန်ဖိုးထားခြင်းစသည်တို့မှ ရရှိလာခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးအသက်တာ ပြုစုပျိုးထောင်ရေး ကြိုးပမ်းမှုများသည် ယန္တရားဆန် မဖြစ်ပေ။ တာဝန်သိစိတ်ဖြင့် ဆောင့်ကြီးအောင့်ကြီး လုပ်ခြင်းလည်းမဖြစ်ရပေ။ ကြံဖန်လုပ်ခြင်းလည်း မဟုတ်ရပေ။ ဘုရားသခင်နှင့်ဆက်စပ်မှုကို တန်းဖိုးထားသောကြောင့် လည်းကောင်း၊ အလိုတော်အတိုင်း အလုံးစုံပြောင်းလဲခြင်း ရရှိလိုသော ဘုရားသခင်နှင့် ပိုမိုခိုင်မာတောင့်တင်းသော ဆက်စပ်မှုကျွန်ုပ်တို့၌ လိုအပ်ပါသည်။

ပထမ၌ ကျွန်ုပ်တို့၏ ဖန်ဆင်းရှင် ဘုရားသခင်သည် သူနှစ်သက်ချစ်ခင်သော ဖန်ဆင်းတော်မူသည့် သတ ၀ါများနှင့် ချစ်ခင်ရင်းနှီးသော ဆက်ဆံရေးကို လိုလားတော်မူသည်ကို ကျွန်ုပ်တို့ယုံကြည်လက်ခံရန် လိုအပ်ပါသည်။ ထို့နောက် ဘုရားသခင်နှင့် ဆက်ကပ်ပြီး အဓိပ ၺါယ်ရှိသောဆက်ဆံရေးကို တည်ဆောက်သွားရမည်ဖြစ်သည်။ ကျွန်ုပ်တို့၌ ဘုရားသခင်ကို အမှန်ပင်တမ်းတပြီး ချစ်သောနှလုံးသား လိုအပ်ပါသည်။ ဘုရားသခင်နှင့် ပုဂ္ဂိုလ်ရေးအရ စစ်မှန်သော ဆက်ဆံရေး တည်ဆောက်ရေးကို တန်ဖိုးထားပါက ဘုရားသခင်အား မယုံကြည်မှုနှင့် ကြောက်ရွံ့မှုတို့ကို ကျော်လွှားရမည်ဖြစ်သည်။

ဘုရားသခင်ပေါ် ယုံကြည်အပ်နှံမှုနှင့် မေတ ၱာတရားထားရှိခြင်းကို လွယ်ကူစွာပြု လုပ်နိုင်မည်ဟု ကျွန်ုပ်အဆိုပြုခြင်းမဟုတ်ပါ။ အထူးသဖြင့် ကျွန်ုပ်တို့အား ဘုရားသခင်နာကျင်မှုပြုတော်မူခဲ့သည်ဟုလည်းကောင်း၊ သို့မဟုတ် ဘုရားသခင်၏ မေတ ၱာတော်ကို ပုဂ္ဂိုလ်ရေးအရ ရှာဖွေခြင်းမရှိသူတို့ အတွက်လည်းကောင်း ပို ခက်ခဲနိုင်ပါသည်။ ကျွန်ုပ်တို့အား ဘုရားသခင် ချစ်တော်မူသည်ကို သံသယရှိပါက ဘုရားသခင်ကို ကျွန်ုပ်တို့ မည်သို့ ချစ်ခင်နိုင်မည်နည်း။ ဘုရားသခင်သည် ယုံကြည်ကိုးစားထိုက်သူ မဟုတ်ဟု ကျွန်ုပ်တို့ ယုံကြည်သော်လည်း ဘုရားသခင်အား ယုံကြည်အပ်နှံပါက ကျွန်ုပ်တို့သည် အ ူးသာဖြစ်ကြပေမည်။ ဘုရားသခင်ကို ချစ်ခင်ရေး၌ဖြစ်စေ၊ ယုံကြည်ကိုးစားရေး၌ဖြစ်စေ ကျွန်ုပ်တို့၌ စစ်မှန်သော စိန်ခေါ်ချက်များ ကြုံတွေ့ကြပါသည်။ ဘုရားသခင်အားပိုမို ယုံကြည်အပ်နှံရန် ရွေးချယ်မှု ပိုမိုပြုလုပ်လေ၊ အထူသဖြင့် ဒုက္ခဆင်းရဲ ခံစားနေရသည့် အခါမှာပင် ယုံကြည်အပ်နှံပါက ဘုရားသခင်သည် ယုံကြည်ကိုးစားထိုက်သော သူဖြစ်ကြောင်း ပိုမိုသိရှိလာရမည်ဖြစ်သည်။[၈] ကျွန်ုပ်တို့၏ အချစ်နှင့် ယုံကြည်အပ်နှံမှုတိုးတက်ကြီးထွားလာလေ၊ ကျွန်ုပ်တို့၏ ဘုရားသခင်နှင့် ဆက်စပ်မှုအသိတရားသည်လည်း ပိုမိုရင့်ကျက်အားကောင်းလာလေဖြစ်ပြီး ကျွန်ုပ်တို့အသက်တာအတွက် အသက်ပေးသောအရာ ဖြစ်လာမည်ဖြစ်သည်။

ဒုတိယအားဖြင့် ဝိညာဉ်ရေးအသက်တာကို ပြုစုပျိုးထောင်ရာ၌ လူအပြောက်အမြားအတွက် အခြေခံကျသော ဝိညာဉ်ရေးမေးခွန်းမှာ အောက်ကျို့ခြင်း သို့မဟုတ် နာခံခြင်းဖြစ်သည်။ ဘုရားသခင်သည် ဘုရားသခင်ဖြစ်ပြီး ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဖန်ဆင်းခြင်းခံ သတ ၀ါများ ဖြစ်သည်ဆိုခြင်းသည် ဘာကိုဆိုလိုသနည်း။တစ်နည်းအားဖြင့်ဆိုလျှင် အသက်စွမ်းအားဖြစ်သော ဝိညာဉ်အနှစ်သာရပြည့်ဝခြင်း၌ ဘုရားသခင်နှင့် ဘုရားသခင်၏ အလိုတော်၌ ဝန်ချအ ူးပေးခြင်းလိုအပ်ပါသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်မဟုတ်ကြောင်း၊ ဖန်ဆင်းရှင်သည် သူ၏ ဖန်ဆင်းခြင်းကို ညွှန်ကြားခွင့်ရှိကြောင်း ဟူသောအချက်ကို သိထားရမည်ဟူ ဖြစ်သည်။

ဤအယူအဆကို တမန်တော်ပေါလ်သည် အိုးထိန်းသည်နှင့် ရွှံ့စေးကို ဥပမာပြု ရှင်းပြခဲ့သည် (ရော ၉း၂၁)။ ကျွန်ုပ်တို့အပေါ် ဘုရားသခင်၏ ဩဇာအာဏာရှိခြင်းကို လက်မခံခြင်းသည် ပုန်ကန်ခြင်းဖြစ်သည်။ ပြင်းထန်သော စကားလုံးဖြစ်သော်လည်းတိကျသော ဝေါဟာရဖြစ်ပါသည်။ ဘုရားသခင်၌ ဝန်ချအံ့းပေးခြင်းမပြုပါက ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်တိုင် ကိုယ်ပိုင်လမ်းစဉ်ကို ကိုယ်တိုင်ဆက်လက်ချမှတ်သည့်အပြင် ကျွန်ုပ်တို့ကိုယ်တိုင်နှင့် တခြားလူများ အတွက်ပါ ကိုယ်ပိုင်ဆုံးဖြတ်ချက်စံနှုန်းများ ချမှတ်ကြမည်ဖြစ်သည်။ ထိုအခါ ဘုရားသခင် ရည်ရွယ်ထားတော်မူသော ကျွန်ုပ်တို့၏ အသက်တာကို စွန့်လွှတ်ပြီး ကျွန်ုပ်တို့အတွက်သာ အသက်ရှင်နေထိုင်သွားမည်အခြေသို့ ရောက်ရှိ သွားနိုင်ပါသည်။

အချို့ပုဂ္ဂိုလ်များသည် ဘုရားသခင်သည်သူ၏ ဖန်ဆင်းခြင်းနှင့် ခြားနားသည်ဟူသော အယူအဆကို လက်မခံချင်ကြသဖြင့် မိမိတို့၏ ဝိညာဉ် ရေးအသက်တာ၌ ဝန်ချကျိုးနွံခြင်း၏ တန်ဖိုးကို လက်မခံချင်ကြပေ။ ဝိညာဉ် အနှစ်တာရ ပြည့်ဝခြင်းသည် ၎င်းတို့အထဲ၌ ရှိတော်မူသော ဘုရားသခင်နှင့် သဟဇာတရှိစွာ နေထိုင်ခြင်းဖြစ်သည် ဟု အချို့ကယူဆကြသည်။ ဓမ္မဒ နကို သမိုင်း၌ ၎င်းကို ဘုရားအများဝါဒ သို့မဟုတ် ဗဟုဘုရားဝါဒ(pantheism) ပုံစံတစ်ခု (all is God; အားလုံးသည် ဘုရားဖြစ်သည်) အဖြစ်လည်းကောင်း၊ သို့မဟုတ် အရာအားလုံးထဲ ၌ ဘုရားရှိခြင်းဝါဒ (panentheism) (all is in God, is in all) အယူဝါဒပုံစံတစ်ခုအဖြစ်လည်းကောင်း သိထားကြပါသည်။ အဓိပ ၢယ်မှာ နှိမ့်ချကျိုးနွံခြင်းအယူအဆကို အဓိပ ၢယ်မရှိသော နတ်ဘုရား၊ ေ့နောက်ညီညွတ်မှု မရှိသည့်အပြင် အကူအညီအထောက်အမလည်း မရှိသော နတ်ဘုရား၊ မိမိတို့၏ ဝိညာဉ်ရေးအသက်တာကို အနှောင့်အယှက်ပြုသော နတ်ဘုရားထံ အပ်နှံ အံ့းပေးခြင်းဖြစ်သည်။ ဘုရားသခင်ထံ ဝန်ချကျိုးနွံခြင်းပြုရန် ငြင်းဆန်ခြင်း၏ အန္တရာယ်တစ်ခုမှာ ကျွန်ုပ်တို့ကိုယ်ကို အ ူးလုပ်ပြီး၊ ဘုရားသခင်နှင့် ဆက်ဆံ နေပါသည်ဟု ယူဆခြင်းဖြစ်သည်။ အမှန်မှာ ကျွန်ုပ်တို့ကိုယ်ကို ကိုးကွယ်နေခြင်း သို့မဟုတ် အကျိုးပြုနေခြင်းသာဖြစ်ပါသည်။ စင်စစ်အားဖြင့် ဘုရားသခင်ထံ နှိမ့်ချ ကျိုးနွံသူများအနေဖြင့် မိမိတို့ကိုယ်ကို အ ူးလုပ်နိုင်ပါသည်။ သို့သော် ၎င်းက ဤနေရာ၌ ကြီးသောအချက်ဖြစ်သည့် ကျွန်ုပ်တို့၏လိုအပ်ချက်ကို ဘုရားသခင်ထံ တင်ပြတော်မူရန်လိုသည်ဟူသောအချက်ကို အသိအမှတ်မပြုပါက ကျွန်ုပ်တို့၏နှလုံးသားနှင့် စိတ်ထဲ၌ အခြားနတ်ဘုရားတစ်ဆူကို နေရာ ပေးမိ လျက်သားဖြစ်သွားမည်ဟူသောအချက်ကို ပစ်ပယ်ခြင်းမရှိပေ။

လူတို့သည် ဘုရားသခင်ထံမှလာကြပြီး ဘုရားသခင်အား ထာဝရမှီခိုလျက်ရှိ ကြသည်ကို ကျမ်းစာ၌ အခိုင်အမာဆိုထားသည် (တမန်

၁၇း၂၈)၊ သို့ဖြစ် ဘုရားသခင်သည် ကျွန်ုပ်တို့နှင့် ဆက်စပ်တော်မူပါသည်။ သူ၏ ဖန်ဆင်းခြင်းနှင့် ကွဲပြားသောဝိသေသလက္ခဏာရှိတော်မူသော ကျွန်ုပ်တို့၏ ဖန်ဆင်းရှင်ကို သင့်တော်သောတုံ့ပြန်မှုမှာ သူထံ နှိမ့်ချကျိုးနွံခြင်းပြုခြင်းဖြစ်သည်ဟု ကျမ်းပြုပုဂ္ဂိုလ်များက ရေးသားကြသည်။ သခင်ယေရှုကိုယ်တိုင်သည် အဖခမည်းတော်ထံ၌ နှိမ့်ချကျိုးနွံသောကြောင့် ချီးကျူးခြင်းခံတော်မူခဲ့သည်။ (ဟေဗြဲ ၅း၇)။

နှိမ့်ချကျိုးနွံခြင်း (Submission) ဟူသည် အဘယ်နည်း။ ဘာကို ဆိုလိုပါသနည်း။ အနှစ်သာရအားဖြင့် ဘုရားသခင်ထံ နှိမ့်ချကျိုးနွံခြင်းဟူသည် ဤကမ္ဘာကြီး၌ ဘုရားသခင်၏ ရည်းမှန်းတော်မူချက်များကို စိတ်ရောကိုယ်ပါ ဆက်ကပ်လုပ်ဆောင်ခြင်းပင်ဖြစ်သည်။ ဤပေးဆပ်ခြင်း၌ ဘုရားသခင် ကျွန်ုပ်တို့အတွက် ရည်ရွယ်တော်မူသော ဆင်ဆံရေးမျိုး ထူထောင်ခြင်းပါဝင်ပြီး၊ ကျွန်ုပ်တို့၏ ပြုမူလုပ်ဆောင်ချက် အသီးသီးအားဖြင့် ဘုရားသခင်၏ ဂုဏ်တော်နှင့် ဘုန်းအသရေတော် ထွန်းတောက်စေရမည် ဖြစ်သည်။ သခင်ခရစ်တော်၌ ကျွန်ုပ်တို့၏ သက်ဝင်ယုံကြည်မှုနှင့် ကျွန်ုပ်တို့၏ အလုံးစုံပြောင်းသွားသော အသက်တာတို့အားဖြင့် ဘုရားသခင်၏ ဘုန်းတော်ကို ထွန်းတောက် စေတော်မူသောအခါ အခြားသူတို့ကလည်း ဘုရားသခင်၏ စစ်မှန်သော သဘာဝ ဖြစ်သည့် ချစ်ခြင်း၊ ကောင်းခြင်းနှင့် ကရုဏာတို့ကို ပိုမိုသိရှိလာသည့် အပြင် သခင်ယေရှုခရစ်တော်အားဖြင့် ကယ်တင်ခြင်းအကြောင်းသိရှိလာ ကြမည်ဖြစ်သည်။

ဘုရားသခင်၏ ရည်မှန်းတော်မူချက်များကို နည်းအမျိုးမျိုးဖြင့် ဆက်ကပ်လုပ်ဆောင်နိုင်ကြောင်း ပေါလ်ကဖော်ပြပါသည်။ ကောလေသဲ ယုံကြည်သူတို့အား ''သို့ဖြစ် သင်တို့သည် ပြောဆိုပြုမူရာတွင် သခင်ယေရှု၏ နာမတော်ကိုထောက် ပြောဆိုပြုမူကြလော့။ ထိုအရှင်ကို အမှီပြု အဖဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းကြလော့'' ဟုပေါလ်က တိုက်ထွန်းခဲ့သည် (ကော၃း၁၇)။ ကောရင့်မြို့သားများထံသို့လည်း ပေါလ်က ''သင်တို့သည် စားသည်ဖြစ်စေ၊ အဘယ်အမှုကို ပြုသည်ဖြစ်စေ၊ ဘုရားသခင်၏ ဘုန်းအသရေတော်အကြောင်းကို သိနားလည်နိုင်စေရန် ငါတို့၏ စိတ်နှလုံးထဲ၌ အလင်းကို ထွန်းလင်းစေတော်မူသော ဘုရားသခင်ကား ''အမှောင်ထဲမှ အလင်းပေါ် ထွန်းလိမ့်မည်''ဟု မိန့်ကြားတော်မူခဲ့သော ဘုရားသခင်ပင်ဖြစ်သတည်း။ ဤအမှုအရာခပ်သိမ်းတို့သည် သင်တို့၏ အကျိုးအလို့ငှာဖြစ်ကြ၏။ ဘုရားသခင်၏ကျေးဇူးတော်ကို ခံစားရသူ အရေအတွက် တိုးတက်များပြား လာသည်နှင့်အမျှ ကိုယ်တော်၏ ဘုန်းအသေရေတော် ထင်ရှားအံ့သောငှာ၊ ချီးမွမ်းသည့် ဆုတောင်းပတ နာများသည်လည်း ပိုမိုများပြားလာလိမ့်မည်''ဟု ရေးသားခဲ့သည် (၂ကော ၄း၆၊၁၅)။

ဖိလိပ္ပိခရစ်ယာန်များထံသို့လည်း ကျွန်ုပ်တို့၏ အသက်တာဘဝအတွက် ဘုရားသခင်၏ အလိုတော်ကို တုံ့ပြန်ရာ၌ သခင်ခရစ်တော်အား ဥပမာအဖြစ်ထားပြီး အသက်ရှင်နေထိုင်သွားကြရန် စိန်ပေါလ်က တိုက်တွန်း ရေးသားခဲ့သည်။ သခင်ခရစ်တော်၌ သူဘုရားဖြစ်ကြောင်းကို ထုတ်ဖော်ကြေညာ ခွင့်ရှိသော်လည်း ထိုသို့မပြုဘဲ၊ ဘုရားသခင်၌ နှိမ့်ချကျိုးနွံခြင်းနှင့် ဝန်ထမ်းခြင်းကို ရွေးချယ်တော်မူခဲ့ပြီး ဘုရားသခင်၏ ဘုန်းအသရေတော်ကို ထွန်းလင်းတောက်ပ စေတော်မူခဲ့သည်။ ပေါလ်က ဤသို့ပြောသည်–

ခရစ်တော်ယေရှု၌ ရှိသော စိတ်သဘောမျိုးကို သင်တို့၌လည်း ရှိစေကြလော့။ ကိုယ်တော်သည် ဘုရားဇာတိတော်နှင့် ထာဝစဉ်ပြည့်စုံတော်မူ၏ သို့ရာတွင် အဓမ္မနည်းဖြင့် ဘုရားသခင်နှင့် ဂုဏ်ရည်တူရန် ကြိုးစားသင့်သည်ဟု ထင်မှတ်တော်မမူ။ ယင်းသို့ပြုမည့်အစား မိမိအလိုအလျောက် ဘုန်းအသရေတော်ရှိသမျှကိုစွန့်၍ အစေခံ၏ ဇာတိကိုခံယူတော်မူ၏။ ကိုယ်တော်သည် လူ့အသွင်ကိုယူဆောင် လူကဲ့သို့သော အပြစ်ကိုခံယူတော်မူသည်။ မိမိကိုယ်ကိုယ်နှိမ့်ချတော်မူလျက် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံသည့်တိုင်အောင်၊ နာခံခြင်းလမ်းစဉ်ကို လိုက်လျှောက်တော်မူ၏။ ဤအကြောင်းကြောင့် ဘုရားသခင်သည် ကိုယ်တော်အား အထက်ဘဝဂ်သို့တိုင်အောင် ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ်သော ဘွဲ့နာမကို ပေးသနားတော်မူ၏။ ထို့ကြောင့် မိုးမြေနှင့် မြေအောက်ရှိ သတ္တဝါအပေါင်းတို့သည် သခင်ယေရှု၏ နာမတော်ကို ရိုသေဦးညွှတ်လျက် ယေရှုခရစ်တော်သည် အရှင်သခင်ဖြစ်တော်မူသည်ဟု နှုတ်ဖြင့် ဝန်ခံသဖြင့် ခမည်းတော်ဘုရား၏ ဘုန်းအသရေတော်ကို ထွန်းတောက်စေကြလိမ့်မည် (ဖိလိပ္ပိ ၂း၅–၁၁)။

သို့ဖြစ် သခင်ယေရှုခရစ်တော်သည် အဖခမည်းတော်ဘုရားထံ နှိမ့်ချကျိုးနွံခြင်း၏ ဥပမာနှင့် ကျွန်ုပ်တို့အတွက် နှိမ့်ချကျိုးနွံခြင်းပြုမည့် ပုဂ္ဂိုလ်လည်းဖြစ်တော်မူသည်။ အကြောင်းမှာ ဘုရားသခင်သည် သူ့အားကျွန်ုပ်တို့၏ အရှင်သခင် သို့မဟုတ် ကျွန်ုပ်တို့၏ မဟာအကြီးအကဲနှင့် ခေါင်းဆောင် အဖြစ် ခန့်အပ်တော်မူသောကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော့်ရှေ့တော်၌ ကျွန်ုပ်တို့၏အသည်းနှလုံးများနှင့် စိတ်များတည်းဟူသော ဒူးများကိုထောက်ခြင်းဖြင့် သူ့အား ကျွန်ုပ်တို့၏ စစ်မှန်သော ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုကြလျက် ဘုရားသခင်၏ ဘုန်းအသရေ တော်ကိုထွန်းတောက် စေတော်မူကြပါသည်။

ပိုမိုကျယ်ပြန့်စွာပြောရလျှင် ဝိညာဉ်အနှစ်သာရပြည့်ဝခြင်းကို ဘုရားသခင်နှင့် ဘုရားသခင်၏ အလိုတော်တို့အပေါ် သင့်လျော်လျောက်ပတ်သော စိတ်ထားရှိခြင်းအပေါ်အခြေခံသည့် စစ်မှန်သော ဘုရားသခင်နှင့် ဆက်ဆံရေးဖြစ်သည်ဟု အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စာရေးဆရာစီမိုက်ကယ် သွမ်ဆင် (C.Michael

Thompson) ကဖော်ပြပါသည်။ အမည်မသိ အရက်သမားများအဖွဲ့ (Alcoholic Anonymous )နှင့် အလားတူအခြားအဖွဲ့ များ၏ ၁၂–ချက် ကုထုံး၌ သုံးသောစကားလုံးများဖြစ်သည့် ''ပိုမိုမြင့်မားသော တန်ခိုးစွမ်းအား'' (higher power) ကို သွမ်ဆင်က အသုံးပြုပြီးဤသို့ နိဂုံးချုပ်လိုက်သည်–

သို့ဖြစ် ဝိညာဉ်အနှစ်သာရပြည့်ဝခြင်းဆိုသည်မှာ ပိုမိုမြင့်မားသော တန်ခိုးစွမ်းအားကို သြဇာညောင်းရန် တံခါးဖွင့်ပေးသော ဆက်ဆံရေး၊ ယင်းတန်ခိုးစွမ်းအား၏ စစ်မှန်သောနေရာအား ကျွန်ုပ်တို့က အသိအမှန်ပြုခြင်း၊ ၎င်း၏ရည်မှန်းချက်များနှင့် ကျွန်ုပ်တို့၏ အသိတရားကို တစ်သားတည်းပြုရေးနှင့် ၎င်း၏ ကျွန်ုပ်တို့ အနီးနားတွင် တည်ရှိရေးအတွက် ကျွန်ုပ်တို့က စေ့စေ့စပ်စပ် ပြုစုပျိုးထောင်ခြင်းစသည့် ဆက်ဆံရေးဖြစ်သည်။

သွမ်ဆင်သည် နှိမ့်ချကျိုးနွံခြင်းဟူသော ဝေါဟာရကို မသုံးဘဲ ဘုရားသခင် (ပိုမိုမြင့်မားသော တန်ခိုးစွမ်းအား)၏'' စစ်မှန်သောနေရာ''နှင့် ဘုရားသခင်၏ ရည်မှန်းချက်များနှင့် တစ်သားတည်းပြုခြင်း အကြောင်းများ ပြောခဲ့သည်။ဤနေရာ၌ ကျွန်ုပ်တို့၏ အသက်တာဘဝ၌ ''ဘုရားသခင်တည်ရှိနေမှုကို စေ့စပ်စွာ ပြုစုပျိုးထောင်ခြင်း ''၏အရေးကြီးပုံကို သွမ်ဆင်က အလေး ထားပြောပါသည်။ ၎င်းဝိညာဉ်အခြေခံမှုနှင့် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးအသက် တာပြုစုပျိုးထောင်ခြင်းနှင့် ဆက်စပ်နေသည်။ ဝိညာဉ်ရေးအရ အသက်စွမ်းအားရှိသော ပုဂ္ဂိုလ်များသည် ၎င်းတို့၏နေ့စဉ်ဘဝနှင့် ခေါင်းဆောင်မှုတို့၌ ဝိညာဉ်တော်၏ ပြုမူလုပ်ဆောင်မှုများကို တန်ဖိုးထား ကြသည်။

ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ဆက်ဆံရေးကို ချစ်ခြင်း၊ ယုံကြည်အပ်နှံခြင်း နှင့် နှိမ့်ချကျိုးနွံခြင်းတို့အားဖြင့် ဖော်ပြပါက ကျွန်ုပ်တို့၏ အသက်တာနှင့် ခေါင်းဆောင်မှုတို့၏ အစိတ်အပိုင်းအသီးသီး၌လည်း ဘုရားသခင်ပါဝင် တည်ရှိတော်မူခြင်းနှင့် ပြုမူလုပ်ဆောင်တော်မူခြင်းတို့ကို လည်းတန် ဖိုးထားကြရမည် ဖြစ်သည်။ အထူးသဖြင့် ဘုရားသခင်အပေါ်ထား ရှိသော ကျွန်ုပ်တို့၏ မေတ္တာသည် ကျွန်ုပ်တို့အသက်တာ၏ အစိတ်အပိုင်းအသီးသီး၌ ထိန်းချုပ်လွှမ်းမိုးခွင့် ပြုကြရမည်ဖြစ်သည်။

ဝိညာဉ်အနှစ်သာရပြည့်ဝသောအသက်တာနှင့် ချစ်ခြင်းတို့၏ နေရာအနှံ့ ရောက်ရှိနိုင်သော သဘောသဘာဝကို အကြီးမြတ်ဆုံးသော ပညတ်ချက်များကို သခင်ယေရှုက ရည်ညွှန်းမိန့်တော်မူခဲ့သည်။ ''သင်တို့၏ ဘုရားသခင်ထာဝရ ဘုရားကို စိတ်စွမ်းရှိသမျှ၊ ဏ်စွမ်းရှိသမျှ ဖြင့်ချစ်ရမည်'' ဟူသောပညတ်သည် ပထမအကြီးဆုံးပညတ်ဖြစ်၏။ ''အိမ်နီးချင်းကို ကိုယ်နှင့်အမျှချစ်ရမည်'' ဟူသောပညတ်သည် ဒုတိယအကြီးဆုံးပညတ်ဖြစ်၏။ ဤပညတ်နှစ်ပါးထက် ပို ကြီးမြတ်သော ပညတ်ကားမရှိ''ဟုဖြေကြားတော်မူ၏ (မာ၁၂း၃၀–၃၁)။

ကျွန်ုပ်တို့သည် ဘုရားသခင်အား ကျွန်ုပ်တို့၏ အသည်းနှလုံးများ၊

ကျွန်ုပ်တို့၏ စိတ်များ၊ ကျွန်ုပ်တို့၏ ဝိညာဉ်များနှင့် အပြုအမူလုပ်ဆောင်ချက်များတို့အားဖြင့် ချစ်ခင်ကြပါက၊ ကျွန်ုပ်တို့၏ ကိုယ်ပိုင်အကျိုးစီးပွားများထက် ဘုရားသခင်၏ အလိုတော်ကို အဓိကထားပြီး ပေးဆပ်လုပ်ဆောင်ကြပါက၊ ကျွန်ုပ်တို့၏ ခေါင်းဆောင်မှုအတွင်း လုပ်ဆောင်မှုအသီးသီး၌ ၎င်းကို ဦးထိပ်ထားခြင်းသည် အလွန်အရေးကြီးပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကိုးကွယ်သောအခါ နက်ရှိုင်းသောမေတ္တာဖြင့် ကိုးကွယ်သကဲ့သို့၊ ဘုရားသခင်နှင့် ဝိညာဉ်တော်ကို ပေးဆပ်လုပ်ဆောင်သော အခါ၌လည်း အလားတူမေတ္တာဖြင့် ကိုးကွယ်သကဲ့သို့၊ ဘုရားသခင်နှင့် ဝိညာဉ်တော်ကို ပေးဆပ်လုပ်ဆောင်သောအခါ၌လည်း အလားတူမေတ္တာဖြင့် ပေးဆပ်လုပ်ဆောင်ခြင်းမပြုပါက ကျွန်ုပ်တို့၏ ခေါင်းဆောင်မှုသည် ကျွန်ုပ် တို့၏ပုဂ္ဂိုလ်ရေးဆက်ဆံမှုနှင့် ခွဲခြားထားသော အစိတ်စိတ်အမြွှာမြွှာပိုင်းခြားထားသည့် ဘုရားသခင်နှင့် ခေါင်းဆောင်မှု ဖြစ်သွားပေမည်။ ကျွန်ုပ်တို့၏ လုပ်ငန်းခွင်၌ ဘုရားသခင်နှင့် ကျွန်ုပ်တို့ဆက်စပ်မှုကို သိသိကြီးနှင့် လမ်းခွဲစေသော ကြောက်ရွံ့ခြင်း၊ မာန၊ မောက်မာဝင့်ကြွားမှု၊ မသိနားမလည်မှုနှင့် အခြားပုဂ္ဂိုလ်ရေးအစီအစဉ်များက ဝိညာဉ်ရေးခေါင်းဆောင်များအဖြစ် ကျွန်ုပ်တို့၏ထိရောက်သော ခေါင်းဆောင်မှုစွမ်းရည်ကို အကျိုးယုတ်စေမည်ဖြစ်သည်။

ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်စွမ်းအား(spiritual vitality) သည် သူ့ဟာသူဖြစ်လာသည်မဟုတ်ပေ။ ဝိညာဉ်ရေးအရ အသက်စွမ်းအားရှိသော ပုဂ္ဂိုလ်များဖြစ်လာရန် ဘုရားသခင်ထံတော်သို့ ရှေ့ကာ ကျွန်ုပ်တို့၌ စစ်မှန်သောနှလုံးသားနှင့် စိတ်အပြောင်းအလဲရှိရန် လိုအပ်ပါသည်။ ထို့သို့ဖြစ်ရန်မှာ ဘုရားသခင်နှင့် ပုံမှန်နှင့် ပိုမိုခွန်အားကြီးသော ဆက်စပ်မှုရှိရမည်ဖြစ်သည်။ ဘုရားသခင်အားနှိမ့်ချကိုးနွံရန်နှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေးကို ပြုစုပျိုးထောင်ခြင်း၊ ပံ့ပိုးထောက်ခံခြင်းနှင့် ကူညီခြင်းတို့အတွက် ကြီးမားသော အရင်းအမြစ်အဖြစ်ပိုမို မြင်သိရှိလာလေ၊ ကျွန်ုပ်တို့၏ လုပ်ငန်းခွင်၌ဖြစ်စေ၊ အခြားနေရာများ၌ဖြစ်စေ ဘုရားသခင်နှင့် အတတ်နိုင်ဆုံး ဆက်စပ်ခြင်းပြုရန် ပိုမိုအားတက်လာလေဖြစ်ပေမည်။

## ဒီမှာအကူအညီရှိသည်

*ဘုရားသခင်၏ အနီးနားတွင်ရှိတော်မူခြင်းကိုအလေ့အကျင့်ပြုခြင်း*

ဘုရားသခင်နှင့် စဉ်ဆက်မပြတ်သိရှိခံစားရင်း နေထိုင်ရသော အသက်ရှင် နေထိုင်ခြင်းကို အလေးထားသော ဝိညာဉ်ရေးစည်းကမ်းရှိခြင်းကို ဘရာသာ လောရင့်၏(Brother Lawrence) ကအဓိကထားပါသည်။ ၎င်းကိုသူက ''ဘုရားသခင်၏ အနီးနားတွင်ရှိတော်မူခြင်းကို အလေ့အကျင့်ပြုခြင်း''(Practicing

the Presence of God) ဟုခေါ်သည်။ ဘရာသာလောရင့်စ်သည် ပညာရပ်ဆိုင်ရာ စာရေးသူ သို့မဟုတ် အဆင့်မြင့် ဓမ္မဒသနပညာရှင်တစ်ဦး မဟုတ်ပေ။ သူသည်ရပ်ရွာ အဖွဲ့အစည်းအတွင်း နေထိုင်သူဖြစ်ပြီး၊ ၁၇ ရာစုအတွင်း ပဲရစ်မြို့၌ တည်ထောင်ခဲ့သော (ရောမကက်သလစ်အသင်းတော်၏) ကာမေလိုက် ဂိုဏ်းကား (Order of our Lady of Mount Carmel) အဖွဲ့ဝင်တစ်ဦးအဖြစ် သာမန် နေ့စဉ်တာဝန် အမြောက်အမြားရှိသူဖြစ်သည်။ ဘုရားသခင်နှင့် သူ၏ ဆက်ဆံမှု များကို ပန်းကန်ဆေး စဉ်၊ ဥယျာဉ်ထဲ၌ အလုပ်လုပ်စဉ်၊ အခြားသာမန်အိမ်မှုကာစ များ လုပ်နေစဉ်၊ ကြုံတွေ့ခဲ့ရသော နည်းအများအပြားကိုသူ၏ ကျင့်စဉ်များအဖြစ်ရည်ညွှန်း ဖော်ပြပါသည်။

''ဘုရားသခင်၏အနီးနားတွင် ရှိတော်မူခြင်းကို အလေ့အကျင့်ပြုခြင်း''သည် တောင်ထိပ်အတွေ့အကြုံမျိုး သို့မဟုတ် ဒမတ်စကပ်စ် (ဒမာသက်)လမ်းဖွင့် လှစ်အသိပေးခြင်းမျိုး မဟုတ်ပေ။ တစ်စုံတစ်ယောက်၏ အသက်တာ၏ ခံစား သိရှိနိုင်သော အခြေအနေအသီးသီး၌ ဘုရားသခင်၏ အနီးနားတွင် တည်ရှိ တော်မူခြင်းကို သိရှိခြင်း၊ ဂရုစိုက်ခြင်းနှင့် တုံ့ပြန်မှုပြုခြင်းဖြစ်သည်။

ဘရာသာလောရင့်စ်၏ အတွေးအခေါ်များနှင့် လက်တွေ့ကျင့်သုံးမှုများကို သူကွယ်လွန်ပြီးတစ်နှစ်အကြာဖြစ်သော ၁၆၉၂ ခုနှစ်တွင် ပထမထုတ်ဝေသော သူ၏ပေးစာများနှင့် ဆွေးနွေးချက်များမှ သိရှိရပါသည်။ ဘရာသာလောရင့်စ်သည် သူ၏ အတွေးအခေါ်များကို စနစ်တကျ တင်ပြထားခြင်းမရှိသခြင့် မိမိတို့ကိုယ်တိုင်၏ ဝိညာဉ်ရေးတိုးတက်မှုနှင့် ဘုရားသခင်နှင့် ဆက်စပ်မှု အသိတရား၌ ဆက်ကပ် ထားသော တစ်ဦးချင်း ပုဂ္ဂိုလ်များနှင့် ခေါင်းဆောင်များအတွက် ကျွန်ုပ်၏ ခွဲခြမ်းစိတ်ဖြာမှုနှင့် စုစည်းပေါင်းစပ်မှု(analysis and synthesis) တို့ကို တင်ပြသွားမည်ဖြစ်သည်။

## စေ့ဆော်မှုတွန်းအားနှင့် ပန်းတိုင်များ

ဘရာသာလောရင့်စ်သည် အရာအားလုံးထက် အနီးနားတွင် ဘုရားသခင်တည်ရှိတော်မူခြင်းကို အမြဲမပြတ် သိရှိခြင်းနှင့် အတူ အသက်ရှင် နေထိုင်ခြင်းကို ရှာဖွေလိုလားခဲ့သည်။ အထူးသဖြင့် သူ့အပေါ် ဘုရားသခင် ထားရှိတော်မူသော မေတ္တာကိုသိရှိခြင်းမှ ထွက်ပေါ်လာ အသိတရားဖြစ်ပါသည်။ ၎င်းအပြင် အခြားအရေးကြီးသော စေ့ဆော်မှုတွန်းအားများကိုလည်း သူက ဖော်ပြပါသည်။

- မိမိ၏ကိုယ်ကျိုးအတွက်ရှာဖွေခြင်းထက် ဘုရားသခင်၏ အလိုတော်ကို ဖြည့်ဆည်းရန်။[၃၃]

– ဘုရားသခင်ထဲ၌ မိမိကိုယ်ကို ချစ်ပြီးပီတိဖြစ်ရန်။[၁၆]
– ဘုရားသခင်ကို မြင့်မားစွာ တန်ဖိုးထားသော အသိတရားနှင့်အတူ သင်၏ ဝိညာဉ်ကို ကျွေးမွေးပြုစုပျိုးထောင်ရန်။[၁၇]

ဝါ့င်တန်ဒီစီ၊ အမျိုးသားပရက်စ်ဘီတေးရီးယန်းအသင်းတော်၏ သင်အုပ်ဆရာဟောင်းနှင့် ယခုအခါ ပိစ်ဘာ့စ် ဓမ္မတက္က သိုလ်၊ ခေါင်းဆောင်မှုနှင့် အမှုတော်ဆောင်ဌာန ပါမောက္ခဖြစ်သူ အမ်ခရိတ်ဘာန်းစ်(M,Craig Barnes) က ကျွန်ုပ်တို့၏ အကြီးမားဆုံးဖြည့်ဆည်းရမည့်နေရာအ(the place of our greatest fultillment) ဟုခေါ်သော ဘုရားသခင်နှင့် ရင်းနှီးစွာဆက်ဆံခြင်းကို ဘရာသာလောရင့်စ် ကောင်းစွာ သဘောပေါက်ခဲ့သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အားလုံး၊ ရှာဖွေနေသော အိမ် သို့မဟုတ် မိသားစု (Home) ဖြစ်သည်ဟု ဘာန်းစ်ကရှင်းပြသည်။ သူ၏ဆိုလိုချက်မှာ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်အား ချစ်ရန်နှင့် ဘုရားသခင်နှင့် ဆက်ဆံရန် ဖန်ဆင်းခံရသူများ ဖြစ်သည်။ ၎င်းသည် ပင်လျှင် ကျွန်ုပ်တို့အား ဖန်းဆင်းရခြင်း၏ အကြောင်းရင်း ဖြစ်သည်ဟုဆိုလိုပါသည်။ ကျွန်ုပ်တို့သည် ''တိမ်''ဖြစ်သော လုံခြုံမှု၊ ကျေနပ်နှစ်သိမ့်မှု၊ ဆန္ဒပြည့်ဝမှုနှင့် ငြိမ်းချမ်းမှုတို့ကိုသာ ရှာဖွေပြီး၊ ဘုရားသခင်နှင့် ဆက်ဆံရေးကို ၊ရှာဖွေခြင်းမပြုပါက ကျေနပ်မှုရရှိကြမည်မဟုတ်ပေ။

ကံမကောင်းအကြောင်းမလှစွာ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ဆက်ဆံချင် သောဆန္ဒရှိသည်ကို မသိကြပေ။ ဟာလာဟင်းလင်းဖြစ်နေမှုနှင့် တမ်းတမှု ခံစားချက်များကို ကျွန်ုပ်တို့သိ၊ သော်လည်း ၎င်းတို့၏ အကြောင်း တရားများနှင့် မည်သို့ဖြေရှင်းရမည် တို့ကိုကားမသိကြပေ။ သင်းအုပ်ဆရာများနှင့် ပညာသည် အမှုတော်ဆောင်များအနေဖြင့် ပုံမှန်တရားဒေသနာဟောကြားခြင်း၊ သင်ကြားပို့ချခြင်း၊ ဆွေးနွေးလမ်းညွှန်မှုများ ပြုလုပ်ခဲ့ကြသည့်တိုင် သူတို့ အသည်းနှလုံးများ၏ ဆန္ဒအစစ်အမှန်ဖြစ်သော ဘုရားသခင်နှင့် ဆက်ဆံမှု ကိုမေ့ပျောက်ပစ်ကြသည်။

မိမိတို့၏ ဘုရားသခင်ကို ချစ်သောမေတ္တာနှင့် ထိတွေ့မှုပျောက်ဆုံးသူများ အတွက် မိမိတို့၏ ဝိညာဉ်ရေးအသက်တာကိုပြုစုပျိုးထောင်ခြင်းနှင့် ဘုရားသခင်နှင့် ဆက်ဆံခြင်းတို့နှင့် ပတ်သက် ပထမခြေလှမ်းမှာ ဘုရားသခင်၏ မေတ္တာတော်ကို ထိတွေ့ခံစားနိုင်သော စွမ်းရည်နှင့် အတုံ့အပြန်အဖြစ်ဘုရား သခင်အားပြန်လည် ချစ်ခင်နိုင်သော စွမ်းရည်အတွက် ဆုတောင်းခြင်းဖြစ်သည်။ ကျွန်ုပ်တို့အား ဘုရားသခင်၏ ချစ်မြတ်နိုးခြင်းနှင့် ဘုရားသခင်အား ကျွန်ုပ်တို့၏ ချစ်မြတ်နိုး ခြင်းမရှိဘဲ၊ ကြိုးပမ်းမှုဟူသမျှသည် အနှစ်သာရကင်းမဲ့သည့်အပြင် လမ်းကြောင်း လွဲရာလည်း ကျမည်ဖြစ်သည်။

# နည်းစနစ်များနှင့် လက်တွေ့ကျင့်ထုံးများ

ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်စွမ်းအား အတွက်ကျွန်ုပ်တို့၏ ဘုရားသခင်အပေါ် ချစ်ခြင်းရှိသော ဆက်ဆံမှုတည်မြဲနေခြင်းကြောင့် ဘုရားသခင်ကိုချစ်သည့် ကျွန်ုပ်တို့၏ နှလုံးသားများကို ညစ်ညမ်းစေခြင်းသို့မဟုတ် ခိုးယူခြင်းပြုမည့် မည်သည့်အရာကိုမဆို အရာကိုမဆို သတိထားပြီး ဆန့်ကျင်ကြရမည်ဖြစ်သည်။ ၎င်းထက်ပိုမိုအရေးကြီးသည်မှာ ဘုရားသခင်နှင့် ဆက်စပ်မှုသည် သီးခြားဝိညာဉ်ရေး လက်တွေ့ကျင့်ထုံးများပါဝင်သော ဘုရားသခင်အား တမ်းတခြင်းနှင့် ချစ်ခြင်းတို့ကို မလွဲမသွေ မွေးမြူပြုစုပျိုးထောင်ရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ဝိညာဉ်ရေးအသက်တာကို ဘုရားသခင်၏ ကျေးဇူးတော်ပေါ်တွင် တည်မြဲနေသော်လည်း၊ ကျွန်ုပ်တို့၏အသက်တာထဲ၌ ဘုရားသခင်ထဲထဲဝင်ဝင်ပါဝင်နေခြင်းကို တတ်ကြွစွာ တုံ့ပြန်ခြင်းအပြင် အခြားမေးစရာ လုံးဝမရှိပေ။ ဘုရားသခင်နှင့် ဆက်စပ်မှုအသိတရား ကိုပြုစုရာ၌ အရေးကြီးသော အချက်များကို ဘရာသာလော့ရင့်စ်က ဤသို့ ထောက်ပြခဲ့သည်။

–ဘုရားသခင်အားဖြစ်နိုင်ခြေရှိသောနည်းလမ်းအားလုံးဖြင့်ယုံကြည်အပ်နှံပါ။[၁၇]

–ဘုရားသခင်ထံတော်သို့ဦးတည်ခြင်းမရှိသောအရာဟူသမျှကို ပယ်ချပါ။[၁၈]

–ဘုရားသခင်အား ရင်းနှီးစွာသိရှိပြီးတွေ့ကြုံခံစားပါ။[၁၉]

–ဘုရားသခင်၏အနီးနားတွင်တည်ရှိတော်မူခြင်းနှင့်မေတ္တာတော် ဆိုင်ရာ အသိတရားအတွက်ဆုတောင်းပါ။[၂၀]

–ဖြစ်နိုင်လျှင် မကြာခဏဝတ်ပြုကိုးကွယ်ပါ။[၂၁]

–သင်မေ့မေ့ပျောက်ပျောက်ရှိသောအခါ ဘုရားသခင်၏ သန့်ရှင်းသော အနီးနားတွင်တည်ရှိတော်မူခြင်းကို သတိရပါ။[၂၂]

–စိတ်အနှောင့်အယှက်ဖြစ်သော အတွေးအခေါ်များကိုမောင်းထုတ်ပါ။[၂၃]

–သင်၏စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်နှင့်တိတ်ဆိတ်လျှို့ဝှက်သောစကားပြောဆိုခြင်းကို အကျင့်သဖွယ်ပြုပြီးဘုရားသခင်အား အားကိုးပါ၊ မေတ္တာပြပါ။[၂၄]

–ဘုရားသခင်အားအမြဲတမ်းအသိတရားရှိစွာဆက်ကပ်ပြီး စိတ်ကိုခိုင်မာစွာပိုင်းဖြတ်ပါ။[၂၅]

–ဘုရားသခင်အားသင်ချစ်ဖို့လိုကြောင်းသိဖို့လိုကြောင်း စသဖြင့်ဘုရားသခင်ကိုစဉ်းစားပါ။[၂၆]

–ဆင်းရဲခြင်းကိုသတိဖြင့် ရင်ဆိုင်နိုင်ရန်နှင့် သင်၏ဆင်းရဲခြင်း၌ဘုရားသခင် အလုပ်လုပ်တော်မူကြောင်းကို သိရန် ဆုတောင်းပါ။ [၂၇]

ဘရာသာလောရင့်စ်သည် သူ့ဘဝ၏ ပထမဦးစားပေးမှာ ဘုရားသခင်အပေါ်အားကိုးခြင်းဖြစ်သည်။ ထိုသို့ပြုခြင်းဖြင့် သူ၏နေ့စဉ်လုပ်ငန်းများနှင့်

ရပ်ရွာအဖွဲ့အစည်းအတွင်း တာဝန်ယူမှုများကို လစ်လျူရှုခြင်းသို့မဟုတ် ပျက်ကွက်ခြင်းမပြုခဲ့ပေ။ သူလုပ်သမျှအရာများအတွင်းသူနှင့် ဘုရားသခင်တို့၏ ဆက်ဆံရေးသည်သာ အဓိကဖြစ်ကြောင်းစဉ်းစားပြီးလုပ်ခဲ့သည်။ မိမိနှင့် ဘုရားသခင်တို့၏ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစေလိုသူတို့သည် ဆုံးဖြတ်ချက် အချို့ကို ချမှတ်ကြရန်လိုကြောင်း လောရင့်စ်၏ လက်တွေ့ကျင့်ထုံးများအရသိရသည်။ အချို့သည် ကြီးမားပြီးအချို့သည် ဦးစားပေးမှုများနှင့် ဆိုင်ပါသည်။ အချို့သည် အပတ်စဉ်အချိန်ဇယားနှင့် သက်ဆိုင်ပြီး အချို့သည် နေစဉ်ကျင့်ထုံးများနှင့် သက်ဆိုင်ပါသည်။ အားလုံးကိုအနှစ်ချုပ်ပါက အဓိကသော့ချက်နှစ်ခုဖြစ်သော ကျွန်ုပ်တို့ယုံကြည်အပ်နှံကြမည်လောနှင့် ကျွန်ုပ်တို့ လက်တွေ့လုပ်ဆောင်ကြမည်လောဟူသော အချက်နှစ်ချက်နှင့် သက်ဆိုင်ပါသည်။

## လက်တွေ့အသုံးချခြင်းနည်းလေးမျိုး

လက်တွေ့တွင်ဘရာသာလောရင့်စ်၏နည်းများကို စုစည်းပြီးနည်း (၄)ခု အဖြစ် ပေါင်းစည်းနိုင်ပါသည်။ ၄င်းတို့သည် သူ့အထဲတွင်လည်းကောင်း၊ သူ့အနီး ဝန်းကျင်တွင်လည်းကောင်းဘုရားသခင်တည်ရှိတော်မူခြင်းအတွေ့အကြုံများမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ ဤနည်း(၄)ခုနှင့် ပတ်သတ် သူ၏ အဓိပ္ပာယ် ဖွင့်ဆိုမှုများကို ဂျီရဲလ်မေ (Gerald May) ကရှာလဲမ်သိပ္ပံ (Shalem Institute) ၌ကျွန်ုပ်အားပြောပြခဲ့ပြီး အသေးစိတ်ကို (The Awakened Heart – နိုးထလာသောအသည်းနှလုံး) စာအုပ်၌ဖော်ပြထားပါသည်။ အောက်ပါတို့သည် ဘရာသာလောရင့်စ်၏ကျင့်ထုံးများကို မေကစုစည်း ပေါင်းစပ်ထားချက်များကို အဓိကထားပြီး အစီအစဉ်အတိုင်း ဖော်ပြခြင်း ဖြစ်ပါသည်။

## နည်းတစ် – ဘုရားသခင်အားတဒင်္ဂသိရှိခြင်း

ဘုရားသခင်၏ အနီးနားတွင်တည်ရှိတော်မူခြင်းကို အရိုးရှင်းဆုံးနှင့် အပေါ့ပါးဆုံးသိနိုင်သည့် နည်းများအနက်တစ်ခုမှာ ခဏတာရက်နှင့် တစ်ခဏ သိခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏အသက်တာဘဝများထဲ၌ ဘုရားသခင်တည်ရှိ တော်မူခြင်းကို ဖော်ထုတ်ပေးသော တစ်စုံတစ်ခုသည် ကျွန်ုပ်တို့ထဲ၌ ရှိပါသည်။ ဂျီရဲလ်မေက ယင်းအတွေ့အကြုံကို၊ ကျွန်ုပ်တို့မေ့မေ့ပျောက်ပျောက် ရှိနေသော အချစ်ကိုပြန်လည်သတိရလိုက်သော အခိုက်အတန့်ကလေး'' (a little instant of remembering love after we have forgetful) ဟုခေါ်ဆိုလိုက်သည်။

ကျွန်ုပ်တို့၏ အတွေ့အကြုံသည်–အချစ်၏လက်ရှိအခိုက်အတန့်ကို ပြန်လည် သတိပေးပြီး အမှတ်ရစေသော အံ့ဖွယ်ပြန်သွားခြင်းဖြစ်သည်။

အတွင်းသဘော အားဖြင့် အမှတ်ရအောက်မေ့ခြင်းသည် အတွင်းသဘောကို ပြန်ကြည့်ခြင်း မဟုတ်ပေ။ သူဟာသူ အတွင်းသဘောအရ ဖြစ်သွားခြင်းဖြစ်ပါသည်။ ၎င်းသည် ဘုရားသခင်ထံတော်သို့ ရည်ရွယ်သော စဉ်းစားတွေးခေါ်သော အကြည့်ဖြစ်သည်။ ၎င်းသည် ဘုရားသခင် အနီးနားတွင် တည်ရှိတော်မူခြင်း၏ အမှန်တရားဆီ ဦးတည်သော နှလုံးသား၏ စိတ်နေစိတ်ထားဖြစ်သည်။ မေတ္တာသက်ဝင်ခြင်း အမှတ်တရအတွက် စိတ်တံခါးဖွင့်ပေးလိုက်ခြင်းဖြစ်သည်။ အတွင်းသဘောအရ တဒင်္ဂ အကြည့်ကလေးများသည် သာမန်နေ့စဉ်ဘဝ လှုပ်ရှားမှုများအတွင်း တန်ဆာဆင်ခြင်းမရှိသော အမှတ်ရချက်များနှင့် သတိပြုမိချက်များဖြစ်ပါသည်။ ၎င်းတို့သည် လာလိုက် သွားလိုက်လုပ်နေကြသည်။ ၎င်းတို့သည် တစ်သက်လုံး သိမ်းထားရမည့်အရာများ မဟုတ်ကြပေ။[၂၉]

ဥပမာအားဖြင့် ကျောချမ်းသွားခြင်းမျိုး၊ စပ်ဖျဉ်းဖျဉ်းခံစားရခြင်းမျိုး၊ ကြက်သီးမွေးညင်းထခြင်းမျိုးသည် ဘုရားသခင်ကို ရုတ်တရက်သိရှိခြင်းပေါ် တုံ့ပြန်မှုများဖြစ်နိုင်ပါသည်။ ''ဟော''(aha) တွေ့ကြုံခံစားမှုမျိုး၌ ဘုရားသခင်သည် တစ်စုံတစ်ဦးအပေါ်၌ဖြစ်စေ၊ တစ်စုံတစ်ခုအပေါ်၌ ဖြစ်စေ၊ အမှုတော်တစ်ခုခု ပြုလုပ်တော်မူကြောင်းကို ကျွန်ုပ်တို့ရုတ်တရက်သိ ရှိခံစားလာရပြီး ၎င်းကို စိတ်အားဖြင့်လည်းကောင်း သို့မဟုတ် ခံစားချက်ဖြင့် လည်းကောင်းသိရှိလာရသည်။ အရေးအခင်းများအား အပြောင်းအလဲဖြစ် စေခြင်းအဖြစ်သိရှိခြင်းသည် ဘုရားသခင်၏ ဆုကျေးဇူးဖြစ်ပါသည်။ အကြောင်းချင်းရာများကို သိရှိနားလည်ရန် ကျွန်ုပ်တို့ကြိုးပမ်းစဉ် ရယ်စရာတစ်ခုအဖြစ် သိရှိသဘောပေါက်ခြင်းသည်လည်း ဘုရားသခင်နှင့် ကျွန်ုပ်တို့ ၏ဆက်စပ်မှုကို အမြင်ဖွင့် စေသောအသိတရား အဖြစ်ယူဆနိုင်ပါသည်။

ဤဥပမာများက ပထမနည်းသည် ကျွန်ုပ်တို့တီထွင်ထားသော၊ သို့မဟုတ် ကမကထပြုထားသောအရာ မဟုတ်ကြောင်းဖော်ပြကြပါသည်။ ဘုရားသခင်ကိုတဒင်္ဂသိခြင်းသည် ကျွန်ုပ်တို့အထဲ၌ဖြစ်စေ၊ ကျွန်ုပ်တို့နေ့စဉ်အသက် တာများ၌ဖြစ်စေ၊ ဘုရားသခင်တစ်ခုခုပြုလုပ်တော်မူသော ကျေးဇူးတော် ကြောင့်ဖြစ်ပါသည်။ ၎င်းကိုသတိပြုမိနိုင်ရန် အချိန်ယူစဉ်းစားရပါသည်။

ကျွန်ုပ်တို့၏ ဘုရားသခင်အသိတရားကို တိုးမြင့်နိုင်ရန် ကျွန်ုပ်တို့၏ အသက်တာဘဝများထဲ၌ ဘုရားသခင်မည်သို့ အလုပ်လုပ်တော်မူကြောင်းကို ပြန်လည်သတိရပြီးစဉ်းစားခြင်းဖြင့် နည်းလမ်းများတွေ့ရှိနိုင်ပါသည်။ ကျွန်ုပ်တို့၏ အမှတ်ရချက်များ၊ အထူးသဖြင့် မနက်တိုင်းပြန်လည်ဆန်း သစ်စေရသော ဘုရားသခင်၏မေတ္တာတော်နှင့် ယုဉ်သောကရုဏာတော်နှင့် သက်ဆိုင်သော အမှတ်ရချက်များကို သစ်လွင်စေရန် ကျမ်းစာဖတ်ရှုနိုင် ပါသည်(ဥပမာ–မြည်တမ်း

၃း၁၉–၂၆)။ ဝတ်ပြုကိုးကွယ်ခြင်း၊ တရားကျင့်ခြင်း၊ မိတ်ဖွဲ့ခြင်းနှင့် အခြားဝိညာဉ်ရေး လက်တွေ့ကျင့်ထုံးများပြု ကျင့်ခြင်းတို့၌ ပါဝင်ခြင်း၏ အကျိုးများအနက် တန်ဖိုးအရှိဆုံးတစ်ခုမှာ ဘုရားသခင်လုပ်ဆောင်တော်မူသည်များကို လည်းကောင်း၊ ဘုရားသခင်ထံတော်မှ ကျွန်ုပ်တို့မျှော်လင့်သည်များကိုလည်းကောင်း၊ ကျွန်ုပ်တို့မျှော်လင့်သင့်သည်များကိုလည်းကောင်း ကျွန်ုပ်တို့သတိရစေရန် ကူညီကြခြင်းဖြစ်သည်။

ကျွန်ုပ်တို့၏ဝိညာဉ်အနှစ်သာရ ပြည့်ဝသောအသက်တာကို ပိုမိုနက်ရှိုင်းပြည့်ဝစေနိုင်ရန်အကောင်းဆုံးအစပြုရာသည် ဘုရားသခင် လုပ်ဆောင်စေလို တော်မူသည်ဟု ကျွန်ုပ်တို့ယူဆသော အလုပ်အတွက် ဘုရားသခင်အား အကူအညီတောင်းခံ ဆုတောင်းခြင်းဖြစ်သည်။ ဘုရားသခင်၏ အနီးနားတွင်တည်ရှိတော်မူခြင်းနှင့် မေတ္တာတော်တို့ကို သိရှိနိုင်ရန်ဆုတောင်း ပါဟု ဘရာသာလောရင့်စ်ကပြောသည်။ သင်တွေ့လိုသောအရာကိုတွေ့နိုင်ရန်နှင့် သင်သတိရသင့်သောအရာကို သတိရနိုင်ရန်၊ ပြန်လည်ဆန်းသစ်ရန်၊ ပြန်လည်အား ပေးရန်နှင့် သက်ဝင်ယုံကြည်မှုအပြည့်ရရန် စသည်တို့အတွက် ဘုရားသခင်အား အကူအညီ ပေးတော်မူရန်ဆုတောင်းရမည်ဖြစ်သည်။

သံသယဝါဒီတစ်ဦးအနေဖြင့် အခိုင်အမာမပြောနိုင်သော မရေရာသည့် အတွေ့အကြုံ(ambiguous experience) အားကြုံကြိုက်မှု(chance) သို့မဟုတ် ဓါတ်ပေါင်းမှု (chemistry)၏ ရလဒ်အဖြစ် ယူဆပြီးပယ်ချမည် ဖြစ်သော်လည်း ယုံကြည်သူကမူသူ၏ တစ်နေ့တာကာလအတွင်း သူ၏အသက်တာဘဝ၌ ဘုရားသခင်၏တဒင်္ဂ တို့ထိတော်မူခြင်းအဖြစ် မှတ်ယူသွားမည်ဖြစ်သည်။ ခေါင်းဆောင်များအဖြစ် ကျွန်ုပ်တို့ ကြုံတွေ့ခဲ့ရသော အတွင်းသဘောရ တဒင်္ဂအကြည့်ကလေးများ (the little interior glances )မှခွန်အားရယူနိုင်သည် သာမကဘဲ အခြေားသူတို့အားလည်း ကျွန်ုပ်တို့ကဲ့သို့ပြုမူလုပ်ဆောင်ရန် အားပေးတိုက်တွန်းနိုင်ပါသည်။ အသင်းအဖွဲ့ ဝင်များအတွင်း၌ ဖြစ်စေ၊ သို့မဟုတ် ကျွန်ုပ်တို့၏ ငယ်သားများအတွင်း၌ဖြစ်စေ ဝိညာဉ်ရေးအသိတရားကို ပိုမိုမြှင့်တင်ပေးခြင်းဖြင့် လုပ်ငန်းခွင် အတွင်းပိုမိုတက်ကြွမှုရှိသော ဝိညာဉ်ရေး ပတ်ဝန်းကျင်ကို ကျွန်ုပ်တို့ပြုစုပျိုး ထောင်နိုင်ပါသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်အနှစ်သာရပြည့်ဝသော ခေါင်းဆောင်များအဖြစ် လုပ်ဆောင်နေခြင်းဖြစ်သည်။

## နည်းနှစ် – ိုးစင်းသောနှလုံးသားဖြင့် ဆုတောင်းခြင်း

ဘုရားသခင်၏ အနီးနားတွင်တည်ရှိတော်မူခြင်းကို လက်တွေ့ကျင့်သုံးခြင်း၌ ဘရာသာလောရင့်စ်၏ ဒုတိယနည်းမှာ နှလုံးသားဖြင့် ဆုတောင်းခြင်း ဖြစ်သည်။ နှလုံးသားဖြင့် ဆုတောင်းခြင်းကို တစ်ချိန်လုံး ကျွန်ုပ်တို့အနည်းနှင့် အများ

ကျင့်သုံးကြပါသည်။ တစ်ခါတစ်ရံ အသံကျယ်စွာဖြင့်လည်း ဆုတောင်းကြပါသည်။ ဘုရားသခင်ကိုနှစ်သက်သော ကျွန်ုပ်တို့၏ဆန္ဒကိုထင်ဟပ်သည့် စကားစုများ၊ ဝေါဟာရများ၊ ဘုရားသခင်၏နာမတော်နှင့် ပတ်သက် ကျွန်ုပ်တို့၏ အနှစ်သက်ဆုံး ဝေါဟာရ စသဖြင့် ကျွန်ုပ်တို့ရွတ်ဆိုခြင်း၊ ခေါ်ဆိုခြင်းပြုကြသည်။ အစောပိုင်း၌ ဖေါ်ပြသကဲ့သို့ ဤကျင့်စဉ်သည် ဘုရားသခင်နှင့် ပတ်သက် သာမန်ဂု စိုက်ခြင်း ယေဘုယျနှစ်သက်မှုကို ဖေါ်ပြခြင်းဖြစ်သည်။

ဤကျင့်စဉ်သည် ဘုရားသခင်နှင့် သင်၏ ဝိညာဉ်တို့အကျင့်သဖွယ် ဖြစ်သော တိတ်ဆိတ်စွာနှင့် လျှို့ဝှက်စွာပြောဆို ဆက်ဆံခြင်းကို ဆက်လက်လုပ် ဆောင်ခြင်းဖြစ်စေသည်။[၃၂]

နှလုံးသားဖြင့် ဆုတောင်းခြင်းများသည် ဘုရားသခင်ထံတော်မှ အကူအညီတောင်းခံခြင်း၊ ကယ်တင်ခြင်း အာမခံချက် သို့မဟုတ် ကျေနပ် ရောင့်ရဲမှုအတွက် ဆုတောင်းခြင်းကရုဏာနှင့် ကျေးဇူးတော်အတွက် မေတ္တာ ရပ်ခံဆုတောင်းခြင်း၊နှင့် တစ်နည်းနည်းဖြင့် ဘုရားသခင်နှင့် ဆက်စပ်ပေးမည့် နှလုံးသားထဲမှထွက်ပေါ်လာ သောမည်သည့်အရာမဆိုအတွက် ဆုတောင်းခြင်း များကို ဆိုလိုသည်။ ဥပမာအားဖြင့် ကျမ်းစာထဲမှ ဆုတောင်းခြင်းအမျိုးမျိုးကို ရာစုနှစ်ပေါင်းများစွာအတွင်း စုစည်းပေါင်းစပ်ရာမှ ခရစ်ယာန်တို့၏ နှလုံးသား ဆုတောင်းခြင်းများအနက် အကောင်းဆုံးတစ်ခုမှာ ''ဘုရားသခင်၏ သားတော် ဖြစ်တော်မူသော ကိုယ်တော်ရှင် သခင်ယေရှုခရစ်တော်ဘုရား၊ အပြစ်သားဖြစ်သော ကျွန်ုပ်အားကရုဏာ သက်တော်မူပါဘုရား (Lord Jesus Christ, Son of God, have mercy upon me, a sinner)''[၃၃] ဟူသော ဆုတောင်းချက်ဖြစ်ပါသည်။

ကျွန်ုပ်သည် အလွန့်အလွန်ပင်ပန်းနေသည်ဟုလည်းကောင်း၊ စိတ်ပူပင်သောကဖြစ်သည်ဟုလည်းကောင်း ခံစားရသောအခါ ''သခင်ယေရှုဘုရား'' ဟုနာမတော်ကို အော် ခေါ်ဆိုလေ့ရှိပါသည်။ ကျွန်ုပ်၌ ထို့ထက်ပို ခေါ်ဆိုရန် သို့မဟုတ် ခွန်အားမရှိတော့ပါ။ ဘုရားသခင်နှင့် ဆက်ဆံလို သာ ခေါ်ဆိုခြင်း ဖြစ်သည်။ ကျွန်ုပ်အကူအညီလိုပါသည်။ သခင်ယေရှု၏နာမတော်ကို ခေါ်ဆိုခြင်း သည် ဂါထာမန္တန်ကိုရွတ်ဆိုခြင်း မဟုတ်သော်လည်း ကျွန်ုပ်အား ကျေနပ် နှစ်သိမ့်မှုဖြစ်စေပြီး ဘုရားသခင်နှင့် ဆက်စပ်မှုရှိသည်ဟု ခံစားစေပါသည်။

အမှုတော်ဆောင်ပုဂ္ဂိုလ်များအနေဖြင့် ဘုရားသခင်အနီးနားတွင် တည်ရှိ တော်မူခြင်း အလေ့အထကို ဦးထိပ်ထား ဟောကြားသင့်သည်ဟု ဘရာသာလောရင့်စ်က တိုက်တွန်းပါသည်။ ဝိညာဉ်ရေးညွှန်ကြားရေးမှူးများလည်း ထိုသို့လုပ်သင့်သည်ဟု ဆိုသည်။ ဘုရားသခင်နှင့်အမြဲမပြတ်စကား ပြောဆိုခြင်း ထက် ပိုမိုချိုသာသောအရာ၊ ပိုမိုပျော်စရာကောင်းသော အရာမရှိဟုဆိုသည်။ ကျွန်ုပ်တို့ရရှိနိုင်သော ဘုရားသခင်၏ အတွေ့အကြုံနှင့် ကျေးဇူးတော်ကို ကျွန်ုပ်တို့ ပိုမိုသိရှိသဘောပေါက်လာလေ၊ ဘုရားသခင်နှင့် နီးစပ်မှုရှိစေမည့် ကျွန်ုပ်၏

အာဏာစက်အတွင်းကျရောက်သော မည်သည့်အရာကိုမဆို ကျွန်ုပ်တို့ ပိုမိုလုပ်ဆောင်သွားနိုင်လေဖြစ်ပေမည်။ ၎င်းက ဘုရားသခင်ကို ဘယ်တော့မှမမေ့ရန် ခိုင်မာပြတ်သားသောဆုံးဖြတ်ချက် ချမှတ်စေမည်ဖြစ်သည်။ ''ဤအလုပ်ကိုသင်၏ နှလုံးသားဖြင့်လုပ်ပါ။ ထိုသို့လုပ်ပါကသင့်ရသင့်ရထိုက်သော အကျိုးရလဒ်များကို သင်မကြာမီရှိ ခံစားလာလိမ့်မည်''ဟု လော့ရင့်စ်က သူ့စာဖတ်သူတို့အား တိုက်တွန်းခဲ့သည်။[၃၆]

## နည်းသုံး–ဘုရားသခင်နှင့်အတူ နေထိုင်ပြီးလုပ်ပါ

ကျွန်ုပ်တို့လုပ်ဆောင်သမျှသောအရာများအတွင်းမှနေ ကျွန်ုပ်တို့၏ထိတွေ့ ခံစားမှုအသိတရားကို ပိုမိုကြွယ်ဝနက်ရှိုင်းအောင် လုပ်နိုင်သည်ဟု လောရင့် စ်ကညွှန်ပြပါသည်။ဤနေရာ၌လည်း ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ဆက်စပ်မှု ကို ဖန်တီးခြင်းမဟုတ်ဘဲ၊ ကျွန်ုပ်တို့အသက်တာဘဝထဲ၌ ဘုရားသခင် တည်ရှိ တော်မူခြင်းနှင့် ပြုမူလုပ် ဆောင်တော်မူခြင်းအသိတရားထဲမှ ဆွဲထုတ်လိုက် ခြင်းဖြစ်သည်။ ဤလက်တွေ့ကျင့်သုံးမှု၏ လူနှင့်စပ်ဆိုင်သော အပိုင်းကို မေ (May)က ''သန့်ရှင်းသောတစ်ပါးသူ(the holy other) နှင့်ကျွန်ုပ်တို့၏ နှလုံးသားခြင်းအမြဲဆက်ဆံမှုအပေါ် ဂုဏ်ယူခြင်းနှင့် သစ္စာရှိခြင်းသည် အကောင်းဆုံး နေထိုင်အသက်ရှင်ခြင်းဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ပြည့်ဝ စုံလင် စေတော်မူသည်'' ဟုဖော်ပြပါသည်။[၃၇]

ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူရှိတော်မူခြင်းကို ယုံကြည်မှုအပြင်၊ ကျွန်ုပ် ကြားထဲ၌ ဘုရားသခင်မည်သို့မည်ပုံ ရှိတော်မူမည်ကို ပုံဖော်မြင်ပြီး နေထိုင် အလုပ်လုပ်ရမည်ဖြစ်သည်။ ဥပမာအားဖြင့် ကျွန်ုပ်တို့၏သမီး (သို့မဟုတ် ကျွန်ုပ်တို့ကိုယ်တိုင်ဘေးတွင် ဘုရားသခင်ထိုင်နေတော်မူသည်ကို ပုံဖော်မြင် နိုင်ပါသည်။ သမီးသည် ဒေါ်နှင့်မောနှင့်အခန်းထဲမှ ထွက်သွားပြီး တံခါးကို ဝုန်းဒိုင်းဖြင့်ပိတ်ပစ်သည့်မြင်ကွင်းမျိုး။ ကျွန်ုပ်တို့တစ်ကိုယ်တည်း နေသောအချိန်၊ သို့မဟုတ် အဆက်အသွယ်ပြုလိုသောဆန္ဒပြုသောအချိန်၊ ရေချိုးခန်း သို့မဟုတ် ထမင်းချက်ခန်းတွင် ပြုနေသောအချိန်တို့တွင် သခင်ယေရှု ကျွန်ုပ်တို့ ဘေးတွင် ရပ်တော်မူသည်ကို စိတ်ကူးထဲတွင် ပုံဖော်နိုင်ပါသည်။ ကျွန်ုပ်တို့ ဆင်ရဲဒုက္ခ ရောက်သောအခါ သခင်ယေရှု ကျွန်ုပ်တို့နှင့် အတူအမှန်ပင် ပြုတော်မူသည်ဟု ယူဆခြင်းသည် ကျွန်ုပ်တို့အား နှစ်သိမ့်မှုပေးသည့်အပြင်၊ လမ်းကြောင်းထဲမှ မသွေဖီရန် အားပေးရာလည်း ရောက်ပါသည်။ ကျွန်ုပ်တို့နှင့်အတူ ပြုတော် မူသောဘုရားသခင်သည် ကြာရှည်ခံသော မေတ္တာဆက်ဆံရေး ထားရှိခြင်းဖြင့် ကျွန်ုပ်တို့သည် အချစ်ခံရကြောင်းသိရှိကြသဖြင့် စိတ်အေးရပါသည်။ နောက်ပိုင်းဘာတွေ ဖြစ်ပါစေအကြောင်းမဟုတ်ပေ။

ကျွန်ုပ်တို့၏နေ့စဉ်အသက်တာနှင့် လုပ်ငန်းခွင်၌ ဘုရားသခင်အနီးနားတွင် တည်ရှိတော်မူခြင်းကို ပိုမိုသိရှိနိုင်သော အခွင့်အလမ်းများရှိပါသည်။ ဥပမာအားဖြင့် အစည်းအဝေးထဲ၌လည်းကောင်း၊ မိသားစုသို့မဟုတ် မိတ်ဆွေများနှင့် ညနေစာ အတူသုံးဆောင်နေစဉ်၌လည်းကောင်း၊ စားပွဲပေါ်၌ အလုပ်လုပ်နေစဉ်၌ လည်းကောင်း၊ ဆွေးနွေးအကြံပြုနေစဉ်၌ လည်းကောင်း၊ ဘုရားသခင်နှင့် ကျွန်ုပ်တို့ ဆက်ဆံမှုကို အသိတရားရှိစွာ ဖွေနိုင်ပါသည်။ အခြားသူတို့နှင့် အခန်းတစ်ခုထဲ၌ တွေ့ဆုံဆွေးနွေးနေစဉ် ကျွန်ုပ်သည်တစ်ခါတစ်ရံ သခင်ယေရှု၏ အနီးနားတွင် တည်ရှိတော်မူခြင်းကို စိတ်ကူးစဉ်းစားတတ်ပါသည်။ သခင်ယေရှု၏ တည်ရှိ တော်မူခြင်းကို ပိုမိုသိရှိ ခြင်းမှစီးထွက်လာသော အရာဟူသမျှကို ကျွန်ုပ်၏ အသည်းနှလုံး၊ စိတ်နှင့် ခန္ဓာကိုယ်တို့၌သဘာဝအတိုင်း ပြောင်းလဲသွားစေပါသည်။ တစ်ခါတစ်ရံ ကျွန်ုပ်ခါးမတ်ပြီး ဖြောင့်ဖြောင့်ထိုင်နေသည်ကို တွေ့ရသည်။ တစ်ခါတစ်ရံ ကျွန်ုပ်ပိုမိုကျိုးနွံလာသည်ဟုခံစားရပြီး ကျွန်ုပ်အတွေး၌ သူတစ်ပါး အပေါ်ပိုမို ဂရုစိုက်လာသည်ဟု ခံစားရပါသည်။ ကျွန်ုပ်၏ဆက်သွယ်မှု အရည်အသွေး ပိုမိုကောင်းလာကာ ဘုရားသခင်က ကျွန်ုပ်တို့အား ပိုမိုအကျိုးရှိစွာ အသုံးပြုတော်မူမည်ဟု ယုံကြည်လာပါသည်။

သို့သော်သတိထားစရာရှိပါသည်။ ဘုရားသခင်အနီးနားတွင် တည်ရှိတော်မူခြင်းကို အကျိုးပြုအမြင်ဖြင့် သိရှိရန်လိုပါသည်။ ကလေးဘဝတုန်းက ကြောက်စရာပုံရိပ်ဖြင့် သိရှိခြင်းမျိုးမဖြစ်စေရပေ။ တနင်္ဂနွေဥပုဒ်စာဖြေကျောင်း၌ ကျွန်ုပ်သတိရသော သီချင်းတစ်ပုဒ်မှာ ဤကဲ့သို့ဖြစ်ပါသည်။

> သင်တို့မြင်တွေ့သည်ကို သတိထားကြပါ၊ မျက်စိကလေးများ
> သင်တို့မြင်တွေ့သည်ကိုသတိထားကြပါ၊ အိုမျက်စိကလေးများ
> အကြောင်းမှာအထက်မိုးကောင်းကင်၌ ရှိတော်မူသော အဖခမည်းတော်
> သည် အောက်သို့မေတ္တာဖြင့် ငုံ့ကြည့်တော်မူသောကြောင့်တည်း
> သို့ဖြစ် သင်တို့မြင်တွေ့သည်များကိုသတိထားကြပါ၊ အိုမျက်စိကလေးများ

အောက်အပိုဒ်များ၌ ''သင်တို့ကြားသည်များကိုသတိထားကြပါ၊ အိုနားကလေးများ'' ''သင်ပြောသည်ကိုသတိထားပါ၊ အိုလျှာကလေး'' ထို့နောက် ''သင်တို့လုပ်သည်များကို သတိထားကြပါ၊ အိုလက်လေးများ'' ထို့နောက် ''သင်တို့သွားသည့်နေရာများကို သတိထားကြပါ၊ အိုခြေကလေးများ''စသဖြင့် သီချင်းကို စပ်ဆိုပါသည်။ အဓိပ္ပာယ်ပူပ်ထွေးသည်ကို သတိပြုပါ၊ ကောင်းကင်ဘုံ၌ ရှိတော်မူသောဘုရားသခင်သည် ကျွန်ုပ်တို့အား မေတ္တာဖြင့် ငုံ့ကြည့်တော်မူ၏။ သို့သော် သတိထားပါ။ ကျွန်ုပ်တို့သွေဖီပါက ကျွန်ုပ်တို့အား ဘုရားသခင် အရေးယူတော်မူမည်။ ဤအဓိပ္ပာယ်ပေါက်ပါသည်။

ဘုရားသခင် ကျွန်ုပ်တို့အနီးနားတွင်ရှိနေတော်မူခြင်း အသိတရားသည် ကျွန်ုပ်တို့အတွက် ကြောက်စရာမဖြစ်သင့်ပေ။ ကျွန်ုပ်တို့၏ ဝိညာဉ်ရေး အသက်တာဘဝအရည်အသွေးကို မြှင့်တင်ပေးပြီး ကျွန်ုပ်တို့နှင့် အခြားသူတို့အပေါ် မေတ္တာထားခြင်းကို မြှင့်တင်ပေးမည့်အရာသာ ဖြစ်သင့်ပါသည်။ ဘုရားသခင်နှင့်အတူနေထိုင်ပြီး အလုပ်လုပ်ခြင်းဟူသည် ကျွန်ုပ်တို့၏ နေ့စဉ်ဘဝ တာဝန်များလုပ်ဆောင်နေစဉ်နှင့် အခြားသူတို့၌ ကျွန်ုပ်တို့နှင့်အတူ ဘုရားသခင်ရှိတော်မူခြင်းအသိတရားကို သယ်ဆောင်ခြင်းဖြစ်ပါသည်။ပန်းတိုင်မှာ ကျွန်ုပ်တို့၏အသက်တာ ဘဝများထဲ၌ ဘုရားသခင် ပေးသနားတော်မူသည်များအတွက် ခွန်အား၊ အားပေးမှု၊ ထောင့်အမြင်၊ မေတ္တာများ စသည်တို့ကိုရရှိခံစားရန်ဖြစ်သည်။ ထိုသို့ရရှိခြင်းဖြင့် သူတစ်ပါးအတွက် ဘုရားသခင်ကို ပိုမိုအဓိပ္ပာယ်ရှိစွာ ထင်ဟပ်သွားရန်ဖြစ်သည်။ ဘုရားသခင်ကို ထိတွေ့ခံစားခြင်းနှင့် ထင်ဟပ်ခြင်း၌ လောရင့်စ်သည် လူသိများသူဖြစ်သည်။

သူ၏မျက်နှာထားသည် တောက်ပနေသည်။ ချိုမြိန်ပြီးတည်ငြိမ်သော ဆက်ကပ်မှု ပုံရိပ်သည် မြင်ရသူများကိုပင် ဘဝင်ခိုက်စေပါသည်။ မီးဖိုချောင်အတွင်း အလုပ်အများဆုံးအချိန်၌ ပင်ဘုရားသခင်အနီးနားတွင်ရှိနေတော်မူခြင်းအသိတရားကြောင့် တည်ငြိမ်နေပါသည်။ ကျွန်ုပ်တို့အလုပ်လုပ်ချိန်နှင့် ဆုတောင်းချိန်တို့သည် ကွဲပြားခြင်းမရှိပါ။ ကျွန်ုပ်မီးဖိုချောင်းအတွင်း အသံဗလံများဖြင့် ဆူညံနေစဉ်နှင့် တစ်ချိန်တည်းတွင် လူအမြောက်အမြားက ဟိုဟာပေးပါ၊ ဒီဟာပေးပါဟု တောင်းဆိုနေချိန်တို့၌ လည်းဘာသာရေး မင်္ဂလာ ဝတ်အတွက် ဒူးထောက်ဆုတောင်းစဉ်ကကဲ့သို့ အေးဆေးတည်ငြိမ် လျက်ရှိပါသည်''ဟု လောရင့်စ်က ဆိုသည်။[၃၆]

တစ်စုံတစ်ယောက်က ကျွန်ုပ်အားတည်ငြိမ်သူနှင့် မျက်နှာထားကောင်းသူဟုဖော်ပြမည်နေ့ကို ယခုထိကျွန်ုပ်စောင့်ဆိုင်းနေဆဲဖြစ်သည်။ သို့သော် တဒင်္ဂအတွင်း ဘုရားသခင်အနီးနားတွင် ရှိတော်မူခြင်းအသိတရား ပိုမိုမြင့်မားလာခြင်းနှင့်အတူ ကျွန်ုပ်အစေခံပြီး ဦးဆောင်သောအခါ ရလဒ်ကွာခြားလာသည်ကို တွေ့လာရပါသည်။ ပြည့်စုံမှုပြုခြင်းလျော့နည်းသွားပြီး ခပ်ကြမ်းကြမ်း ဆက်ဆံခြင်းလည်း ယုတ်လျော့သွားပါသည်။ တစ်ဖက်မှ ဘုရားသခင်၏ မေတ္တာတော်အကြောင်းကိုလည်း ပိုမိုပြောဖြစ်ပါသည်။ ထိုအခါ ကျွန်ုပ်၏ ဆွေးနွေးအကြံပြုခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်း စွမ်းရည်လည်းတိုးတတ်လာသည်ကို တွေ့ရပါသည်။ တစ်စုံတစ်ဦးအား မကောင်းတုံ့ပြန်မှုပြုမိသောအခါ ပိုမိုလျင်မြန်စွာ တောင်းပန်တတ်လာပြီး၊ သူတစ်ပါးကိုလည်း ပို ခွင့်လွှတ်နိုင်ပါသည်။

ဘရာသာလောရင့်စ်သည် ကျွန်ုပ်တို့အား စံထားချက်တစ်ခုသာပေးခဲ့သည် မဟုတ်ဘဲ၊ မြင်ပုံဖော်ချင်သော ပုံတစ်ခုနှင့် အတုယူကျင့်သုံးချင်သော

လက်တွေ့ကျင့်ထုံးတစခုတို့ကို ပါပေးကမ်းခဲ့ပါသည်။ သူ၏ အမြင့်ရှုထောင့် နှင့်
ဥပမာများက ကျွန်ုပ်တို့အား မျှော်လင့်ချက်ပေးသည့်အပြင်၊ ကျွန်ုပ်တို့၏
ခေါင်းဆောင်မှုအတွင်းဘုရားသခင်အနီးနားတွင် တည်ရှိတော်မူခြင်းကို ပိုမို
တွေ့ကြုံသိရှိလာသည်နှင့်အမျှ ကျွန်ုပ်တို့နှင့်အတူ အလုပ်လုပ်သူများအား
မျှော်လင့်ချက်ကိုပါ ပေးကမ်းပါသည်။

## နည်းလေး–အာရုံပြုခြင်း(contemplation)

မလောရင့်စ်၏ စတုတ နည်းသည် တတိယနည်းကို တိုးချဲ့ခြင်းဖြစ်သည်။
ကျွန်ုပ်တို့သည် နေ့စဉ်ဘဝတွင် ဘုရားသခင်ကို သိရုံတင်မဟုတ်ဘဲ
ပိုမိုနက်ရှိုင်းကြွယ်ဝသော နည်းလမ်းများကိုသိရန် သူ့အကြောင်းစဉ်းစားပါ။
ပြီးရင်သူ့ကိုချစ်လာပါလိမ့်မည်။[၂၇] ဟုလောရင့်စ်ကပြောသည်။ ၄င်းသည် အာရုံ
ပြုခြင်း၏ ပန်းတိုင်နှင့် နည်းလမ်းဖြစ်သည်။

အာရုံပြုခြင်း အဓိပ္ပာယ်နှင့် တန်ဖိုးကို အကျဉ်းရုံးဖော်ပြရလျှင်၊ ဘုရား
သခင်အလိုရှိတော်မူသောအရာနှင့် ကျွန်ုပ်တို့၏ နှလုံးသားများက လေးနက်
စွာရှာဖွေနေသောအရာသည် ကျွန်ုပ်တို့အတွက် တဒင်္ဂ အသီးသီးပြုမူလုပ်ဆောင်
ချက်အသီးသီး၊ အသက်ရှူသံအသီးသီးတို့၌ မေတ္တာတရား ဖြစ်တော်မူ
သောဘုရားသခင်နှင့် ချက်ချင်းလက်ငင်း အသိတရား ဖြစ်သည်ဟု မေက နိဂုံး
ချုပ်ပါသည်။[၂၈] ၄င်းကို ရိုးရိုးပြောရလျှင် အာရုံပြုခြင်းသည် ဘုရားသခင်နှင့်
ဆက်စပ်ပြီး ကျွန်ုပ်တို့ကိုယ်တိုင်ကို တံခါးဖွင့်ပေးပြီး၊ ဘုရားသခင်အား
ပိုမိုကြီးမားစွာနှင့် ပိုမိုပြည့်စုံစွာ ထိတွေ့ခံစားခြင်းဖြစ်ပါသည်။

အာရုံပြုခြင်းသည် ကျွန်ုပ်တို့၏ အသက်တာဘဝများ၌ ဘုရားသခင်က
လက်ဦးမှု ယူတော်မူသောအရာ ဖြစ်သော်လည်း ကျွန်ုပ်တို့၏ စိတ်ကို ဘုရားသခင်၌
အာရုံစိုက်ခြင်း၏အကျိုးရလဒ်အဖြစ်မကြာခဏ တွေ့ကြုံရလေ့ရှိပါသည်။ သို့ဖြစ်
ယင်းသည် ဆုတောင်းခြင်းပင်ဖြစ်သည်။ အာရုံပြုဆုတောင်းခြင်း၏မူလဇစ်မြစ်နှင့်
အာရုံစိုက်မှုသည် သုံးပါးတစ်ဆူ ဘုရားသခင်ဖြစ်သည်ဟု မာတင်စမစ်က
ရှင်းပြသည်။ ကျွန်ုပ်တို့၏ အနက်ရှိုင်းဆုံးသော နှလုံးသားမှတက်ကြွစွာနှင့်
ပွင့်အံထွက်လာခြင်းဖြင့် ဆုတောင်းရန် သန့်ရှင်းသောဝိညာဉ်တော်က တွန်းအား
ပေးတော်မူသည်။[၂၉] စမစ်အခေါ်အရ အာရုံပြုခြင်းကို ဖြစ်စေသော တရားကျင့်သည့်
ဆုတောင်းခြင်း (meditative prayer) ဖြင့် သခင်ခရစ်တော်ကို ကျွန်ုပ်တို့
ငေးကြည့်ကြပါသည်။[၃၀] ကျွန်ုပ်တို့၏ပန်းတိုင်မှာ အသိပညာကို ကျော်လွန်သွားသော
သခင်ခရစ်တော်၏ မေတ္တာတော်ကို သိရှိလာရေးဖြစ်သည်။ ဆုတောင်းခြင်းဖြင့်
သခင်ခရစ်တော်၌ ဘုရားသခင်၏ မေတ္တာတော်ထံသို့ ကျွန်ုပ်တို့ ကိုယ်ကို ဖွင့်ထားပြီး၊
ကျွန်ုပ်တို့ ကိုယ်ကို တွေ့ကြုံထိတွေ့ခံစားစေပါသည်။[၃၁] နောက်ဆုံးတွင်

သခင်ခရစ်တော်မျက်နှာမူရာသို့ ကျွန်ုပ်တို့ ကိုယ်တိုင်လည်း ဦးလှည့်ကာ ဘုရားသခင်၏ အသိရခက်လှသော မျက်နှာတော်ကို တွေ့ဘူး မြင်ဘူးကြမည် မဟုတ်သော်လည်း ကျွန်ုပ်တို့သည် ဘုရားသခင်အား ထိန်းချုပ်မှုကင်းမဲ့စွာ ချစ်ခင်သွားနိုင်ပါသည်။[၆၂]

အာရုံပြုခြင်းကို နေရာအမျိုးမျိုးနှင့် အမျိုးမျိုးသော ဝိညာဉ်ရေးကဏ္ဍများ၌ပြုလုပ်နိုင်ပါသည်။ သာမန်အားဖြင့် ၎င်း၌ ဖြေလျှော့ခြင်း(relaxation) ဆိတ်ငြိမ်မှု (stillness) နှင့်အာရုံစိုက်မှု(focus) တို့ပါဝင်သည်။[၆၃] ဘုရားသခင်အကြောင်းအာရုံပြုရာ၌ ကျွန်ုပ်တို့ အကြိုက်ဆုံးနေရာတစ်ခုမှာ လက်ဝါးကပ်တိုင်ရှေ့၌ ထိုင်ခြင်းဖြစ်သည်။ မည်သည့်နေရာ၌ မဆိုအာရုံပြုနိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့အတွက်မှာမူ ဘုရားကျောင်း၏တည်ငြိမ်မှုနှင့် ကျွန်ုပ်အာ ရုံစိုက်ရေးကို အထောက်အကူပြုမည့် သခင်ယေရှု၏ပုံတော်ကို ပိုနှစ်သက်ပါသည်။ ၎င်း၌ ကျွန်ုပ်ဆိတ်ငြိမ်စွာထိုင်ပါသည်။ ဘရာသာလောရင့်စ်အကြံ ပေးသကဲ့သို့ ''စိတ်ကို အနှောက်အယှက် ဖြစ်စေသောအရာဟူသမျှကို အာရုံစိုက်ခြင်းမပြုဘဲ မောင်းထုတ်ပစ်လိုက်ပါသည်။[၆၄] အတွေးအခေါ်အယူအဆများ သတ်သတ်မှတ်မှတ်မရှိဘဲ ကားတိုင်ပေါ်ရှိသခင်ယေရှုကို အာရုံစိုက်ပြီးထိုင်ပါသည်။ ဘုရားသခင်ကျွန်ုပ်အား အာရုံစိုက်စေတော်မူလိုသော သို့မဟုတ် သိစေတော်မူလိုသော မည်သည့်အရာအတွက်မဆို စိတ်ကိုဖွင့်ထားပါသည်။ တစ်ခါတစ်ရံ ကျွန်ုပ်သည် သီးသန့်အခြေအနေများအကြောင်း အတွေးများရရှိပြီး၊ တစ်ခါတစ်ရံ နက်ရှိုင်းသိသစ်များရရှိပါသည်။ အခြားအချိန်များတွင် ဆိတ်ငြိမ်မှုသာရှိပါသည်။ မည်သို့ပင်ဖြစ်စေကာမူ စိတ်အေးချမ်းခြင်းနှင့် အားသစ်လောင်းခြင်း ခံစားချက်များဖြင့် ကျွန်ုပ်ထွက်သွားလေ့ရှိပါသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏အနီးနားတွင်ရှိတော်မူခြင်းကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ၂ာဖွေကျင့်သုံးနိုင်ပါသည်။ နေ့စဉ်နေ့တိုင်း ကျမ်းစာဖတ်ခြင်း၊ ဆုတောင်းခြင်း၊ မှတ်တမ်းတိုရေးခြင်းဖြင့် စတင်ပြီး ဘုရားသခင်နှင့် ဆက်စပ်မှုကို တည်ဆောက်ရန် ကျွန်ုပ်အကြံပြုလိုပါသည်။ ထို့နောက် ဆုတောင်းခြင်း အလေ့အထကို ပြုစုပျိုးထောင်ပြီး လောရင့်စ်၏ အကျင့်ထုံးများကို တစ်နေ့လုံး လေ့ကျင့်နိုင်ပါသည်။ လာမည့်အခန်း၌ အခြားဝိညာဉ်ရေးကျင့်ဝတ် စည်းမျဉ်းများ ပြုစုပျိုးထောင်ရေးနည်းလမ်းများကို ဖော်ပြသွားမည်ဖြစ်သည်။

## စဉ်းစားရန်အချက်များ

ကျွန်ုပ်၏ နေ့စဉ်ဝိညာဉ်ရေးအသက်တာနှင့် ဘုရားသခင်နှင့် စိတ်အားဖြင့်ဖြစ်စေ၊ ခံစားချက်အားဖြင့်ဖြစ်စေ ဆက်သွယ်ရာ၌ ကျွန်ုပ်အား အထောက်အကူအများဆုံးပြုသောအရာတစ်ခု နေ့စဉ်မှတ်တမ်းရေးခြင်းဖြစ်သည်။ ၎င်းအတွက်

လိုအပ်သောအရာမှာ စာရွက်လွတ်နှင့် ဘောလ်ပင်တစ်ချောင်း၊ သို့မဟုတ် ကျွန်ုပ်အကြိုက်ဆုံးမှာ ဖောင်တိန်၊ ကွန်ပြူတာတစ်လုံးတို့ဖြစ်သည်။ နေ့စဉ်မှတ်တမ်းရေးခြင်းသည် သင်၏ အတွေးခေါ်နှင့် ခံစားချက်တို့ကို သိရှိရန်နှင့် စစ်ဆေးရန် နည်းလမ်းကောင်းဖြစ်ပြီး၊ သင်အဓိကပြောလိုသော အချက်များကို လျို့ဝှက်ပုံစံဖြင့် ဖေါ်ပြ ခြင်းဖြစ်သည်။ ကျွန်ုပ်တို့အထဲ၌ ဘာတွေဖြစ်ပျက်နေသည်ကို ပိုမိုသိရှိနိုင်မှ ကျွန်ုပ်တို့၌ အကျိုးမပြုသော အဆိုးမြင်ခံစားချက်များ အင်အားယုတ် လျော့သွားမည် ဖြစ်ကာ ကျွန်ုပ်တို့တန်ဖိုးထားသော ယုံကြည်မှုများနှင့် တန်ဖိုး များအား တန်ခိုး စွမ်းအားပိုမိုပေးနိုင်ကြမည် ဖြစ်သည်။ ကျွန်ုပ်တို့နေ့စဉ် မှတ်တမ်းများက ကျွန်ုပ် အတွေးအခေါ်ထဲ ပြဿနာများကို ကူညီသိ စေပြီး၊ အချို့နာကျင်မှုများနှင့် စိုးရိမ်ပူပန်မှုများကို တွေ့ရှိစေပါသည်။ နေ့စဉ်မှတ် တမ်းရေးသားခြင်းက ကျွန်ုပ်အား မကြာခဏဆိုသလို ဆုတောင်းခြင်း သို့လည်းပို့ဆောင်သွားပါသည်။ ကျွန်ုပ်၏ အတွေးအခေါ်နှင့် ခံစားချက်ကို သိရှိသွားသောအခါ ကျွန်ုပ်၏ ဆုတောင်းခြင်း များသည် သဘာဝကျစွာနှင့် အဓိပ္ပါယ်ရှိစွာ ပိုမိုစီးဆင်းသွား လေ့ရှိလာပါသည်။

ဤအခန်း၌ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ဆက်စပ်မှုအကြောင်းကို အလေးထားပြီး အာရုံစိုက်လေ့လာကြသည့်အပြင် ကျွန်ုပ်တို့၏ ဝိညာဉ်ရေး အသက်တာဘဝပြုစုပျိုးထောင်ရေးကို အလေးထားလေ့လာကြပါသည်။စဉ်းစားရန် မေးခွန်းအချို့ကိုတင်ပြထားပါသည်။ သင်၏ နေ့စဉ်မှတ်တမ်း၌ အဖြေများကို ရေးချကြည့်ပါ။ သို့မဟုတ် အောက်၌ဖော်ပြထားသောနေရာလွတ်၌ ရေးချ နိုင်ပါသည်။ ထို့နောက်ဝိညာဉ် အနှစ်သာရပြည့်ဝသော ခေါင်းဆောင်များအဖြစ် ပိုမိုထိရောက်စွာ ထမ်းဆောင်လိုသော လုပ်ဖော်ဆောင်ဖက်များနှင့် အခြားပုဂ္ဂိုလ် များနှင့် ဆွေးနွေး ရာ၌ဖြစ်စေ၊ သုံးသပ်မှုပြုရာ၌ ဖြစ်စေလမ်းညွှန်အဖြစ် အောက်ပါ မေးခွန်းများကိုစဉ်းစားပါ။ သင့်ကိုသင် အောက်ပါမေးခွန်းများကို မေးပါ။

- ဘုရားသခင်အားကျွန်ုပ်၏ အမြဲတမ်းမိတ်ဆွေအဖြစ်နှင့် လုပ်ဖေါ်ဆောင်ဖက်အဖြစ် မည်ရွေ့မည်မျှ ကျွန်ုပ်ကြိုဆိုနိုင်ပါမည်နည်း။
- ကျွန်ုပ်၏တစ်နေ့တာဘဝ၌ ဘုရားသခင်အားမည်သို့ ဆက်သွယ်ရန်ကျွန်ုပ် ကြိုးစားရမည်နည်း။
- မည်သည့်အရာသည် အကောင်းဆုံးအလုပ်ဖြစ်သနည်း။ မည်သည့်အရာက ကောင်းကောင်းအလုပ်မဖြစ်သနည်း။
- ကျွန်ုပ်၏အသက်တာဘဝနှင့်လုပ်ငန်းခွင်၌ ဘုရားသခင်နှင့် ပိုမိုကောင်းမွန်စွာ ဆက်သွယ်ပေးမည့် ကျွန်ုပ်တစ်မူထူးခြားစွာပြုလုပ်ချင်သောအရာကား အဘယ်နည်း။

# အခန်း(၃)

## ဝိညာဉ်ရေး ကျင့်ဝတ်စည်းမျဉ်းများ

## ခေါင်းဆောင်မှု လက်တွေ့ကျင့်ထုံး

သီးခြားဝိညာဉ်ရေးကျင့်ဝတ်စည်းမျဉ်းများကိုပြုစုမျိုးထောင်ပါ

## ဝိညာဉ်ရေးအခြေခံမှု

ကျင့်ဝတ်စည်းမျဉ်းများသည် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးအသက်တာဘဝကို ပိုမိုကြွယ်ဝနက်ရှိုင်းစေပြီး၊ ကျွန်ုပ်တို့၏ခေါင်းဆောင် မှုကိုပိုမိုစွမ်းအားကြီးမား စေပါသည်။

ကျင့်ဝတ်စည်းမျဉ်းများကို ကျွန်ုပ်မုန်းခဲ့သည်။ သို့သော်ယခုအခါ စည်းကမ်းရှိသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်ကို ကျွန်ုပ်လိုချင်ပါသည်။ ကျင့်ဝတ် စည်းမျဉ်းများနှင့် အညီပြုမူလုပ်ဆောင်သောအခါ ကျွန်ုပ်ပျော်ပါသည်။ စည်းကမ်း ရှိခြင်း၏ ကြီးမားသောအကျိုးကျေးဇူးကို အမှန်ပင် ကျွန်ုပ်တွေ့ရှိရပါသည်။ သို့သော် စည်းကမ်းရှိသူအဖြစ်ပြုမူခြင်းကိုမူ စိတ်ဝင်စားစရာအဖြစ် ကျွန်ုပ်မယူဆပါ။ အချို့အချိန်များတွင် အလွန်ခက်ခဲသောအရာများကို တဒင်္ဂအတွင်း ဖြေရှင်းနိုင်ခဲ့သည့် ခံစားချက်မျိုးမဟုတ်ပေ။ တစ်ခါတစ်ရံစေတနာအပြည့် ဖြင့်လုပ်စေကာမူ ကျွန်ုပ်လိုလားသည့်အတိုင်းမဟုတ် ခြေကုန်လက်ပန်းကျဖြစ် သည့်အခါ၊ သကဲ့သို့ အားလွှဲသည့်အခါမျိုးလည်း ကြုံတွေ့ရပါသည်။

သို့ပင်ဖြစ်သော်လည်း ကျွန်ုပ်လေ့ကျင့်ခဲ့သမျှကို ကြည့်သောအခါ ဝိညာဉ်ရေး ကျင့်ဝတ်စည်းမျဉ်းများသည် ကျွန်ုပ်တို့၏ အသက်တာနှင့် ခေါင်းဆောင်မှု၌ အလုံးစုံပြောင်းလဲခြင်းဖြစ်စေသည်အထိ ထိရောက်သည်ကို တွေ့ရပါသည်။ ၎င်းတို့သည် ကျွန်ုပ်အား စေတနာကောင်းထားသည့် အဆင့် နှင့်မရေရာသောမျှော်လင့်ချက်များပေးသည့် အဆင့်မှဘုရားသခင်နှင့်

စစ်မှန်သောတွေ့ကြုံခြင်းနှင့် အဓိပ္ပာယ်ပြည့်ဝသော အလုံးစုံပြောင်းလဲခြင်းအဖြစ်သို့ ကူညီပို့ဆောင်ပေးကြသည်။ ထို့အပြင် ကျွန်ုပ်နှင့် လုပ်ဖော်ဆောင်ဖက်များ ဆက်ဆံရေး၊ အရေးကိစ္စများနှင့် အခက်အခဲများချဉ်းကပ်ပုံတို့ကိုပါ ပြောင်းလဲစေခဲ့ကြသည်။ ၄င်းတို့သည် ကျွန်ုပ်နှင့် ကျွန်ုပ်၏ခေါင်းဆောင်မှုကို အမှန်ပင်ပြောင်းလဲပစ်ခဲ့ကြသည်။

ကျွန်ုပ်တို့သည် ခေါင်းဆောင်များဖြစ်သဖြင့် နေ့စဉ်ကြုံတွေ့နေရသော စိန်ခေါ်ချက်များအားဖြင့် ဝိညာဉ်ရေးခေါင်းဆောင်မှုပေးနိုင်ရန်အတွက်နှင့် ကျွန်ုပ်တို့၏ဆက်ကပ်မှုနှင့် စွမ်းရည်ကို မြှင့်တင်ရေးအတွက် ကျင့်ဝတ်စည်းမျဉ်းများ လိုအပ်ပါသည်။ ဤအခန်း၌ ကျွန်ုပ်အားများစွာ အကျိုးပြုခဲ့သော ဝိညာဉ်ရေး ကိရိယာတန်ဆာပလာများကို ကျွန်ုပ်ဝေမျှလိုပါသည်။ ၄င်းတို့သည် ခရစ်ယာန်ဘာသာသမိုင်း၌ အများ၏ လေးစားခြင်းအခံရဆုံး ဝိညာဉ်အနှစ်သာရပြည့်ဝသောခေါင်းဆောင်များ ကျင့်သုံးခဲ့သော ကျင့်ဝတ်စည်းမျဉ်းများဖြစ်ကြသည်။

## လိုအပ်သောအရာ

*သီးခြားဝိညာဉ်ရေးကျင့်ဝတ်စည်းမျဉ်းများကိုပြုစုပျိုးထောင်ပါ*

ခရစ်ယာန်များအနေဖြင့် မိမိတို့၏ ဝိညာဉ်ရေးအသက်တာဘဝများကို ပိုမိုကြွယ်ဝနက်ရှိုင်းစေရာ၌ ဝိညာဉ်ရေးကျင့်ဝတ်စည်းမျဉ်းဟု လူသိများသော လက်တွေ့ကျင့်ထုံးအချို့သည် ရာစုနှစ်ပေါင်းများစွာ အတွင်းပြုစုပျိုးထောင် လာကြသော ကျင့်ထုံးများဖြစ်ကြသည်။ ဤကျင့်ဝတ်စည်းမျဉ်းများကို ခရစ်ယာန်ဘာသာ၏ပင်မစည်းမျဉ်းအဖြစ် ယူဆောင်သူများအနက် လူသိအများဆုံး ဆရာကြီးမှာ ရိချတ်ဖော်စတာ(Richard Foster)ဖြစ်ပြီး ၁၂ ဝင်ကျင့်ဝတ် စည်းမျဉ်း များကို အတွင်းစည်းမျဉ်း ပြင်ပစည်းများနှင့် ပေါင်းစပ်စည်းမျဉ်းဟု သုံးမျိုး ခွဲခြားခဲ့သည်။ အတွင်းစည်းမျဉ်းများမှာ တရားကျင့်ခြင်း၊ ဆုတောင်းခြင်း၊ အစာရှောင်ခြင်းနှင့် စာဖတ်လေ့လာခြင်းဖြစ်ကြသည်။ ပြင်ပကျင့်ဝတ်စည်းမျဉ်းများမှာ ရိုးရှင်းခြင်း၊ တစ်ကိုယ်တည်းနေခြင်း၊ နှိမ့်ချကိုးနွံခြင်းနှင့် အစေခံခြင်းတို့ဖြစ်သည်။ ပေါင်းစပ်ကျင့်ဝတ်စည်းမျဉ်းများမှာ အပြစ်ဝန်ချခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်း၊ လမ်းညွှန် ပြသခြင်းနှင့် ဂုဏ်ပြုကျင်းပခြင်း(celebration) တို့ဖြစ်သည်။

ဝိညာဉ်ရေးကျင့်ဝတ်စည်းမျဉ်းများကို လိုက်လျှောက်ကျင့်ကြံခြင်းသည် ရည်ရွယ်ချက်နှင့် နောက်ညီညွတ်မှုတို့အားဖြင့် ကျွန်ုပ်တို့၏ အသက်တာဘဝ အတွင်း ဘုရားသခင်တည်ရှိတော်မူခြင်းနှင့် ပြုမူလှုပ်ရှားတော်မူခြင်း အသိတရားကို ပြုစုပျိုးထောင်ပေးပါသည်၊ ပန်းတိုင်မှာ ကျွန်ုပ်တို့၏ ဘဝနှင့်ခေါင်းဆောင်မှု ကဏ္ဍအားလုံး၌ ကျွန်ုပ်တို့၏ထိရောက်မှုများကို ပြတ်သားစွာ ပြောင်းလဲစေရေးဖြစ်သည်။

**ကျင့်ဝတ်စည်းမျဉ်းများ၏ အသက်ဝိညာဉ်ဖြစ်သော ဘုရားသခင်က အသက်တာဘဝများကို မည်သို့ပြောင်းလဲတော်မူခြင်းကို သိရှိနားလည်ခြင်း**(The Spirit of the Disciplines; Understanding How God Changes Lives) ဟုအမည်ပေးထားသော နက်နဲပြီး စိန်ခေါ်မှုပြုသည့် စာအုပ်၌ ဒါးလပ်စ် ဝီလဒ်(Dallas Willard )ကကျင့်ဝတ်စည်းမျဉ်းများ၏ အခန်းကဏ္ဍကို ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှု ထောင့်မှရှင်းပြပါသည်။

ကျင့်ဝတ်စည်းမျဉ်းများသည် စိတ်နှင့်ကိုယ်တို့က ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်နေကြသော လှုပ်ရှားမှုများဖြစ်ပြီး ကျွန်ုပ်တို့၏ ကိုယ်ရည်ကိုယ် သွေးနှင့် အလုံးစုံဖြစ်တည်မှု ဘဝတို့ကို ဘုရားသခင်၏ အစီအစဉ်တော်နှင့် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုရှိလာစေကြသည်။ ၎င်းတို့က ကျွန်ုပ်တို့အား ဝိညာဉ်ဘုံမှ လာသော ကျွန်ုပ်တို့ လက်လှမ်းမမီသည့် တန်ခိုးစွမ်းအားထဲ၌ တိုးသထက်တိုး နေထိုင်စေနိုင်ပါသည်။ ရောမသြဝါဒစာ ၆း၁၃ ၌ ''သင်တို့ကိုယ်အင်္ဂါများကိုလည်း ဒုစရိုက်အတွက် အသုံးမပြုကြနှင့်။ ယင်းသို့ပြုမည့်အစား သင်တို့သည် သေရာမှ ရှင်ပြန်သူများ အဖြစ်ဖြင့်လည်းကောင်း၊ သုစရိုက်အတွက်အသုံးတော်ခံရန် လည်းကောင်း၊ မိမိတို့ကိုယ်ကို ဘုရားသခင်အားဆက်သကြလော့'' ဟု ဖော်ပြသည့် အတိုင်းဖြစ်ပါသည်။

ဝိညာဉ်ရေးကျင့်ဝတ်စည်းမျဉ်းများသည် ပညတ်နှင့် မဆိုင်ကြပေ။ ၎င်းတို့သည် ကျွန်ုပ်တို့၏ အပြစ်မကင်းသော စိတ်ထက်သန်မှုများမှ လွတ်မြောက်စေရန် ဘုရားသခင်အသုံးပြုတော်မူသောလက်နက်ကိရိယာများနှင့် ကျွန်ုပ်တို့၏ အသက်တာဘဝများအတွင်း သန့်ရှင်းသောဝိညာဉ်တော် အလုပ်လုပ်တော်မူရင်း အသက်ရှင်စေသော လက်နက်ကိရိယာများ ဖြစ်ကြသည်။

## စစ်မှန်သောအရာ

ဝိညာဉ်ရေးကျင့်ဝတ်စည်းမျဉ်းများသည် ကျွန်ုပ်တို့၏ဝိညာဉ်ရေး
အသက်တာဘဝများကို ကြွယ်ဝနက်ရှိုင်းစေပြီး ကျွန်ုပ်တို့၏
ခေါင်းဆောင်မှုကို ခွန်အားတိုးပွားစေပါသည်။

ဓမ္မသစ်ကျမ်း ကျမ်းပိုဒ်အများအပြားတွင် ဘုရားသခင်သည် ကျွန်ုပ်တို့အထဲ၌ သခင်ခရစ်တော်နှင့် သန့်ရှင်းသောဝိညာဉ်တော်တို့အားဖြင့် အလုပ်လုပ်တော်မူကြောင်း၊ ၎င်းတို့အားဖြင့် ကျွန်ုပ်တို့အလုံးစုံပြောင်းလဲခြင်း ဖြစ်ကြောင်း ရှင်းပြဖော်ပြကြသည်။ ၃ တစ်ချိန်တည်းတွင် သြဝါဒစာစောင်တိုင်း၌ သတင်းကောင်းနှင့်ထိုက်တန်စွာ နေထိုင်ရန် (ဖိလိပ္ပိ ၁း၂၇)၊ ဘုရားသခင်အား ကြည်နူးစေတော်မူရန်(၁သက်သာ ၄း၁)နှင့် ခရစ်ယာန်အသက်တာ၌ သင့်တင့် လျောက်ပတ်စွာနေထိုင်ကြရန် ဂုဏ်တော်ချီးမွမ်းခြင်းနှင့် လက်တွေ့ကျသော

လမ်းညွှန်ချက်များ ပါရှိသည်။ ၄ သို့သော် ကျွန်ုပ်တို့၏အလုံးစုံပြောင်း လဲခြင်း၌ မည်သူ့တွင် တာဝန်ရှိသည်ကို နှစ်ဦးနှစ်ဖက်တွင် တာဝန်ရှိသည်ဟု ဖြေရှင်းပါသည်။ ကျွန်ုပ်တို့အထဲ၌ ဘုရားသခင်၏ တန်ခိုးစွမ်းအားကို အသုံးပြုခြင်းဖြင့် ပြောင်းလဲခြင်းဖြစ်သည်ကို ဤသို့ရှင်းပြသည်–

> ငါတို့သည် ခရစ်တော်ကို သိကျွမ်းခြင်းအားဖြင့် ဘုရားဝတ်၌ အမှန်ပင် မွေ့လျော်နိုင်စေရန် ဘုရားသခင်သည် မဟာတန်ခိုးတော်ဖြင့် ငါတို့လိုအပ်သောအရာရှိသမျှကို ချပေးတော်မူ၏။ ခရစ်တော်သည် မိမိ၏ ဘုန်းအသရေတော်နှင့် ကောင်းမြတ်ခြင်းကို ငါတို့ခံယူနိုင်ကြစေရန် ငါတို့အား ခေါ်ယူရွေးကောက်တော်မူပေသည်။ ဤနည်းအားဖြင့် ကတိထားတော်မူသော အလွန်ကြီး အဖိုးထိုက်သည့်ဆု ကျေးဇူးများကို ကိုယ်တော်သည် ငါတို့အားပေးတော်မူ၏။ ထိုဆုကျေးဇူးအားဖြင့် သင်တို့သည် ဤလောကတွင် ဖောက်ပြန်ပျက်စီးတတ်သော ကိလေသာ ဆိုးညစ်မှုများမှ လွတ်မြောက်နိုင်ကြလျက် ဘုရားဇာတိတွင် ပါဝင်စေရန် ဖြစ်သည်။ (၂ပေ ၁း၃–၄)

ကျွန်ုပ်တို့၏ တန်ခိုးစွမ်းအားသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ယုံကြည်သူများ ပိုင်ဆိုင်လာသော 'ဘုရားသဘာဝ'(divine nature) ထဲ၌ ကျွန်ုပ်တို့ ပါဝင်နေခြင်းမှရရှိလာခြင်းဖြစ်သည်။ ယုံကြည်သူတို့သည် ဘုရားသခင် သို့မဟုတ် နတ်ဘုရားများ(gods) ဖြစ်လာကြသည်မဟုတ်ဘဲ မကောင်းမှု၏ အကျင့်ပျက် စေသောသြဇာလွှမ်းမိုးမှုမှ ခရစ်ယာန်တို့အား လွတ်ကင်းစေရန် ၎င်းတို့၏ အသက်တာ၌ ဘုရားသခင်၏တန်ခိုးစွမ်းအား အလုပ်လုပ်တော်မူခြင်းကို ပီတာက ဖော်ပြခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏တာဝန်မှာ ကျွန်ုပ်တို့၏ အသက်တာများ၌ ဘုရားသခင်၏ဂုဏ်ရည်များနှင့် တန်ဖိုးများကိုပေါင်းစည်းခြင်းအားဖြင့် အပြစ်မှ ဝေးရာသို့ခေါ်ဆောင်သွားရန် ဘုရားသခင်၏ ဘုန်းတန်ခိုးတော်ကို အသုံးပြုခြင်းဖြစ်သည်။

> ဤအကြောင်းကြောင့် သင်တို့သည် မိမိတို့၏ယုံကြည်ခြင်းကို အကျင့်သီလ ဖြင့်လည်းကောင်း၊ အကျင့်သီလကို အသိပညာဖြင့်လည်းကောင်း၊ အသိ ပညာကို ကာမဂုဏ်ချုပ်တည်းခြင်းဖြင့်လည်းကောင်း၊ ကာမဂုဏ် ချုပ်တည်းခြင်းကို ခံနိုင်ရည်ရှိခြင်းဖြင့်လည်းကောင်း၊ ခံနိုင်ရည်ရှိခြင်းကို ဘုရားဝတ်၌ မွေ့လျော်ခြင်းဖြင့်လည်းကောင်း၊ ဘုရားဝတ်၌ မွေ့လျော် ခြင်းကို ညီအစ်ကို စုံမက်ခြင်းဖြင့်လည်းကောင်း၊ ညီအစ်ကိုစုံမက်ခြင်းကို မေတ္တာဖြင့်လည်းကောင်း ထပ်လောင်းဖြည့်စွက်ပေးရန် အစွမ်းကုန် ကြိုးစားကြလော့ (၂ပေ ၁း ၅–၇)။

အထက်၌ဖော်ပြထားသောကျမ်းပိုဒ်များရှိ ဘုရားသခင်၏အလိုတော်နှင့် လိုက်လျောညီထွေဖြစ်သောဂုဏ်ရည်များကို ကျွန်ုပ်တို့၏ အသက်တာဘဝများ ထဲ၌ အသိရှိစွာဖြင့် ခံယူကျင့်သုံးပါက စစ်မှန်သောပြောင်းလဲခြင်းရှိမည်ဖြစ်သည်။ ဖေိဆပ်မြို့သားများထံသို့ရေးသားရာ၌ ပေါလ်သည် ပြောင်းလဲခြင်းအယူအဆကို အလွယ်တကူနားလည်နိုင်ရန် အဝတ်လဲခင်း ဥပမာဖြင့် ဤသို့ ရှင်းပြပါသည်–

> ကိုယ်တော်၏အကြောင်းကို အမှန်ပင် သင်တို့ကြားနာကြရပြီ။ ကိုယ်တော်၏ တပည့်များအနေဖြင့် သခင်ယေရှု၏ သမ္မာတရားတော် အကြောင်းကို သင်ကြားခဲ့ကြပြီ။ သို့ဖြစ် အထက်ကကျင်လည်ခဲ့သော လူဟောင်းဘဝကိုစွန့်ပစ်လော့။ လှည့်ဖြားတတ်သော ဆန္ဒများကြောင့် ယိုယွင်းပျက်စီးသည့်လူဟောင်းကို စွန့်ပစ်ကြလော့။ သင်တို့သည် စိတ်သစ်သဘောသစ်ကို ခံယူကြရမည်။ ဘုရားသခင်၏ ပုံသဏ္ဌာန် တော်နှင့်အညီ ဖန်ဆင်းခြင်းကိုခံရ သမ္မတရားဆိုင်ရာ ဖြောင့်မတ် သန့်ရှင်းသူ လူသစ်ဖြစ်ကြရမည် (ဧဖက် ၄း ၂၁–၂၄)။

ထို့နောက် ပေါလ်သည် ဧဖက်ခရစ်ယာန်တို့အား လူဟောင်းတည်းဟူသော စိတ်ထားဟောင်းကိုစွန့်ပစ်ပြီး လူသစ်တည်းဟူသော စိတ်သစ်သဘောထား သစ်ကို ထားရှိခြင်းနှင့်ပတ်သက် ဥပမာ၊ ဥပမေယျအမြောက်အမြားပေးပြီး ရှင်းပြပါသည်။ ပီတာနှင့်ပေါလ်တို့၏ ဩဝါဒစာစောင်များ၌တွေ့ရသော ဂုဏ်ရည်များသည် ဝိညာဉ်ရေးကျင့်ဝတ်စည်းမျဉ်းများဖြစ်သည်ဟု အတိအကျ မပြောနိုင်သော်လည်း ၎င်းတို့သည် ဘုရားသခင်နှင့်ဆက်နွယ်မှုပြုရာ၌ အလွန်အရေးပါသော အသီးအပွင့် များဖြစ်ကြသည်။

ဘုရားသခင်က လမ်းဖွင့်ပေးတော်မူသော အလုံးစုံပြောင်းလဲခြင်းကို ကျွန်ုပ် တို့ လိုက်လျှောက်ခြင်းဖြင့် ကျွန်ုပ်တို့၏ဘဝအသက်တာများသည် ဝိညာဉ်ရေးအရ ကြီးထွားတိုးပွားရန်လုပ်ဆောင်ခြင်းမရှိကြပါက ကျွန်ုပ်တို့အတွက် ဘုရား သခင်ကြံစည်တော်မူသောအရာများကို ဆုံးရှုံးကြရမည်ဖြစ်သည်။ ဤအမှန်တရားကို ပီတာက ဤသို့ဖော်ပြသည်–

> ဤအရည်အချင်းများသည် သင်တို့တွင် များစွာရှိလျှင် ငါတို့အရှင် သခင်ယေရှုခရစ်တော်ကို သိကျွမ်းခြင်း၌ သင်တို့ ထိရောက်လျက် အကျိုးဖြစ်ထွန်းလိမ့်မည်။ ဤအရည်အချင်းများနှင့်ကင်းသူသည် အမြင်ကျဉ်း မျက်စိကန်းသောသူဖြစ်၏။ သူသည် ယခင်က မိမိ၏အပြစ်များမှ ဖြေလွှတ်ခွင့်ရရှိသည်ကို မေ့လျော့လေပြီ(၂ပေ ၁း ၈–၉)။

ခွင့်လွှတ်ခြင်းအတွက် ဘုရားသခင်၏ကျေးဇူးတော်ကိုရရှိသော်လည်း ဘုရားသခင်လိုလားတော်မူသည့်အတိုင်း အလုံးစုံပြောင်းလဲခြင်းမရှိသော ပုဂ္ဂိုလ်များရှိနိုင်သည်ကို ပီတာကရည်ညွှန်းပါသည်။ ကျွန်ုပ်တို့သည် အတိတ်က အပြစ်များမှ ဆေးကြောခြင်းခံခဲ့ရသော်လည်း ခရစ်ယာန်အသက်တာ၌ အရေးကြီးသော ကောင်းခြင်း၊ အသိပညာ၊ မိမိကိုယ်ကိုချုပ်တည်းခြင်း၊ ဇွဲရှိခြင်း၊ ဘုရားဝတ်၌ မွေ့လျော်ခြင်း၊ ညီအစ်ကို မေတ္တာတရား၊ ပီတာပြောသော ချစ်ခြင်းစသည်တို့ကို ပုဂ္ဂိုလ်ရေးအရ ပျိုးထောင်ကြီးထွားစေရန် ကြိုးစားခြင်း မပြုဘဲရှိနိုင်ပါသည်။ သို့သော် ၎င်းသည် ကျွန်ုပ်တို့၏ကံကြမ္မာဖြစ်စရာ မလိုပေ။

လူတိုင်းအတွက် အလုံးစုံပြောင်းလဲခြင်းရှိနိုင်ပါသည်။ သို့သော် ယုံကြည်သူဘက်မှ လိုအပ်သောအရာမှာ ဆက်ကပ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ ဝိညာဉ်အနှစ်သာရပြည့်ဝသောအသက်တာတည်ဆောက်ရာတွင် လိုအပ်သော အရာနှင့် ရရှိခံစားမည့်အကျိုးကျေးဇူးများကို ပီတာက ဤသို့ဖော်ပြပါသည်–

> သို့ဖြစ် ညီအစ်ကိုတို့၊ သင်တို့ကို ဘုရားသခင်ခေါ်ယူရွေးချယ်တော်မူခြင်းကို တည်မြဲစေရန် ပို၍ကြိုးစားကြပါမူ သင်တို့သည် အဘယ်အခါမျှ မိမိတို့၏ယုံကြည်ခြင်းကို စွန့်လွှတ်ကြလိမ့်မည်မဟုတ်။ ဤနည်းအားဖြင့် သင်တို့သည် ငါတို့ကို အရှင်သခင်နှင့် ကယ်တင်ရှင်ဖြစ်တော်မူသော သခင်ယေရှုခရစ်တော်၏ ထာဝရ နိုင်ငံတော်သို့ ဝင်နိုင်ရန် အခွင့်အရေးအပြည့်အဝကို ရရှိကြလိမ့်မည် (၂ပေ ၁း ၁၀–၁၁)။

ကျွန်ုပ်တို့အထဲ၌ရှိတော်မူသော ဘုရားသခင်၏တန်ခိုးစွမ်းအားကိုအမှီပြုပြီး ကျွန်ုပ်တို့ဘဝအသက်တာများအတွက် ဝိညာဉ်ရေးပန်းတိုင်ထားရှိခြင်းနှင့် ဘုရားသခင်၌မွေ့လျော်သော စရိုက်လက္ခဏာများမွေးမြူရန်ကြိုးပမ်းခြင်းတို့သည် ဝိညာဉ်ရေးတိုးတက်မှု၌ အလွန်အရေးကြီးသော အစိတ်အပိုင်းများဖြစ်ကြသည်။ ထိုသို့ပြုမူလုပ်ဆောင်ခြင်းသည် ကျွန်ုပ်တို့၏ဝိသေသလက္ခဏာကို ဘုရား သခင်၏ သားသမီးများဖြစ်ကြောင်း အတည်ပြုခြင်းနှင့် အပြစ်ထဲမကျ ဆင်းရန် ထိန်းသိမ်းခြင်းဖြစ်ကြောင်း ပီတာက သွန်သင်ညွှန်ပြပါသည်။ ကျွန်ုပ်တို့၏ အလုံးစုံပြောင်းလဲခြင်းသည် ကောင်းကင်ဘုံသို့ ကျွန်ုပ်တို့ဝင် ရောက်ရေးကိုလည်း များစွာ ပံ့ပိုးကြီးထွားစေမည်ဖြစ်သည်။ အလုံးစုံပြောင်းလဲခြင်း၏ အကျိုးကျေးဇူး (benefit)ကို ပီတာက ရှင်းပြခြင်းမရှိသော်လည်း သမ္မာကျမ်းစာ နိုင်ငံတကာ ဘာသာပြန်မူသစ် (New International Version NIV)ကမူ ကြွယ်ဝသောကြိုဆိုမှု (a rich welcome)အဖြစ် ဖော်ပြပါသည်။ ဘုရားသခင်၏ ရှေ့တော်သို့ ကျွန်ုပ်တို့ ရောက်သွားသောအခါ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးတိုးတက်မှုအတွက် ဘုရားသခင်

ဝမ်းမြောက်တော်မူမည်ဟု စိတ်ကူးကြည့်နိုင်ပါသည်။ ဤနေရာ၌ ပီတာ၏ အဓိကဆိုလိုချက်မှာ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးတိုးတက်မှုနှင့် အလုံးစုံပြောင်းလဲခြင်း အတွက် ကျွန်ုပ်တို့များစွာ ကြိုးစားကြရမည်ဖြစ်ပြီး ဤကြိုးစားမှုကြောင့် ကြီးမားသော အကျိုးကျေးဇူးများ ရရှိခံစားကြရမည် ဟူသောအချက်ဖြစ်သည်။

မိစ္ဆာဒိဋ္ဌိလား ထင်မှတ်စရာပင်။ မဟုတ်ပါ။ ပေါလ်ကိုယ်တိုင်ကလည်း အကျင့်သိက္ခာတည်ဆောက်ခြင်းနှင့် ဘုရားသခင်၌မွေ့လျော်ခြင်း (ဘုရား သခင်၏ဂုဏ်ရည်များကဲ့သို့ အရည်အသွေးများ)တို့ကို ဘုရားသခင်၏ အကူ အညီဖြင့် လုပ်ဆောင်ကြရန် တိုက်တွန်းပါသည်။ ဖိလိပိ ယုံကြည်သူတို့ထံ ပေးပို့သောစာ၌ ''သို့ဖြစ် ချစ်ဆွေတို့၊ သင်တို့နှင့်ငါ ရှိစဉ်အခါ သင်တို့သည် ငါ့ စကားကို အစဉ် နားထောင်ကြသည့်နည်းတူ ယခုလည်း ငါနှင့်ဝေးကွာလျက်နေချိန်၌ ငါ့စကားကို နားထောင်ရန် ပို ပင်အရေးကြီးပေသည်။ ဘုရားသခင်၏ အကြံတော်အတိုင်း လိုက်လျှောက်လိုသောစိတ်နှင့် လိုက်လျှောက်နိုင်သော စွမ်းအားကို သင်တို့အထဲ၌ အစဉ်ပြုပြင်လျက်ရှိသည်ဖြစ် သင်တို့သည် ကယ်တင်ခြင်းခံရစိမ့်သောငှာ ကြောက်ရွံ့တုန်လှုပ်သောစိတ်နှင့် လုပ်ဆောင်လျက် နေကြလော့''ဟု ပေါလ်က တိုက်တွန်းခဲ့သည်(ဖိလိပိ ၂း ၁၂-၁၃)။ ကျွန်ုပ်တို့အတွက် သခင်ခရစ်တော်ကြံရွယ်တော်မူသော ကြွယ်ဝ ပြည့်စုံသည့်အသက်တာ ရရှိခံစားနိုင်ရန်အတွက် ကျွန်ုပ်တို့အထဲ၌ရှိသော ဘုရားသခင်၏ကျေးဇူးတော်နှင့် တန်ခိုးစွမ်းအားတို့လိုအပ်သကဲ့သို့ ကျွန်ုပ်တို့ အထဲ၌ ဘုရားသခင် အလုပ်လုပ် တော်မူခြင်းအပေါ် ကျွန်ုပ်တို့ဖက်မှ တက်ကြွစွာ တုံ့ပြန်ရန်လည်း လိုအပ်ပါသည်။[၆]

တစ်နည်းအားဖြင့်ဆိုလျှင် ကျွန်ုပ်တို့ကိုယ်တိုင် ကျွန်ုပ်တို့၏ ဝိညာဉ်ရေး အသက်တာ၌ အဓိကအခန်းမှပါဝင်ကြရမည်ဖြစ်သည်။ ခရစ်ယာန်တို့အနေဖြင့် မိမိတို့ကယ်တင်ခြင်းအတွက် ကိုယ်တိုင်လုပ်ဆောင် ကြရမည်ဟု ပေါလ် ဖြစ်စေ၊ ပီတာဖြစ်စေ ပြောကြားခြင်းမပြုကြပေ။ ပိုမိုကြီးမားသော ဂုဏ်သိက္ခာရှိခြင်း၊ မေတ္တာ နာခံခြင်း၊ အသက်စွမ်းအားနှင့် ထိရောက်စွာအစေခံခြင်း ကဲ့သို့သော အရည် အသွေးများဖြင့်တွေ့ရသော အလုံးစုံပြောင်းလဲသွားသော အသက်တာသည် ဘုရားသခင်၏ကျေးဇူးတော်နှင့် ဘုရားသခင်၏တန်ခိုး စွမ်းအားတို့က အားဖြည့် ပေးထားသော ကျွန်ုပ်တို့၏အစွမ်းကုန်ကြိုးစားခြင်း ၏ရလဒ်ဖြစ်သည်ဟု ပေါလ်နှင့် ပီတာတို့က ပြောပါသည်။ ဤအချက်ကို ဒါးလပ်စ်ဝီးလတ်က ဤသို့ထင်ရှားစွာ ဖော်ပြသည်

> ဝိညဉ်ရေးတိုးတက်မှုနှင့် အသက်စွမ်းအားတို့သည် ကျွန်ုပ်တို့ အသက်တာ များ၌ အမှန်ပင် လုပ်ခဲ့သောအရာများ၊ ကျွန်ုပ်တို့ ကိုယ်တိုင်ပြုစု တည်ဆောက်ခဲ့သော အကျင့်စရိုက်များနှင့် ကျွန်ုပ်တို့၏စရိုက်လက္ခဏာ တို့မှ ပေါ်ထွက်လာကြပါသည်။ စစ်မှန်သော စရိုက်လက္ခဏာ

> အလုံးစုံပြောင်းလဲခြင်းသည် ဘုရားသခင်၏ ဖြူစင် သောကျေးဇူးတော်ကို အစပြုခြင်းဖြစ်ပြီး ၎င်း၏တောက်လျှောက် ပံ့ပိုးကူညီခြင်းရရှိပါသည်။ ကောင်းပါသည်။ သို့သော် ခရစ်ယာန်တစ်ဦး လူသစ်စိတ်သစ် ဖြစ်လာရန်အတွက် လက်တွေ့လုပ်ဆောင်မှု (action)သည် မရှိမဖြစ် လိုအပ်ပါသည်။ ၂ကော ၅း၁၇ တွင် ဖော်ပြသည့်အတိုင်းဖြစ်ပါသည်။ ''ခရစ်တော်နှင့် တစ်လုံးတစ်ဝ တည်းရှိသူသည် သတ ၀ါသစ်ဖြစ်၏။ သူသည် ဘဝဟောင်းကိုစွန့် ဘဝသစ်သို့ ဝင်စားပြီ။ အချို့လုပ်ကို လုပ်ရမည်နည်းများကို မလုပ်ဘဲ ပျက်ကွက်ပါက အလုံးစုံပြောင်းလဲခြင်းဖြစ်လာမည်မဟုတ်၏ပေ။"

ကိုယ်ကျင့်သိက္ခာကောင်းမွေးထုတ်ပေးသော ကျန်းမာသည့်ဘဝ အကျင့်ဓလေ့ ဖွံ့ဖြိုးတိုးတက်စေနိုင်သော ဝိညာဉ်ရေးကျင့်ဝတ်စည်းကမ်းများကို အလေ့ အကျင့်ဖြစ်အောင်လုပ်ရန်လိုအပ်ကြောင်းကို ဝီးလတ်က ပြောခြင်းဖြစ်သည်။ အကျင့်ကောင်းရှိမှ ဝိညာဉ်ရေးတိုးတက်မှုနှင့် အသက်စွမ်းအားမြင့်မားမှုတို့ ကို ဖန်တီးနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ဘဝ အကျင့်ဓလေ့များနှင့် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးဘဝအရည်အသွေးတို့၏ ဆက်နွယ်မှုကို ဝီးလတ်က ရေးဆွဲပြခြင်း ဖြစ်သည်။ သို့သော်လည်း ဝိညာဉ်ရေးဖွံ့ဖြိုးတိုးတက်မှုသည် မျဉ်းကြောင်း ပုံစံတိုးတက်မှုမျိုးမဟုတ်ကြောင်း ကျွန်ုပ်တို့ သိထားသင့်ပါသည်။ တိုးတက်မှု ဖြစ်စဉ်မှာ ကြောင်လိမ်လှေခါးပုံစံနှင့် ပို တူပါသည်။ ဘုရားသခင်သည် သူ၏ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့အား ဝိညာဉ်ရေးအရ နိုးကြားစေပြီး တစ်ဖန် ဝိညာဉ်ရေးကျင့်ဝတ်စည်းမျဉ်းများကို လက်တွေ့ကျင့်သုံးခြင်းနှင့် ကျန်းမာသော ဘဝအကျင့်ဓလေ့ကောင်းများ ပျိုးထောင်စေပါသည်။ အကျင့်ဓလေ့ကောင်းများမှာ ပုံမှန်ဆုတောင်းခြင်း၊ ဥပုသ်နေ့ကိုစောင့်ထိန်းခြင်း၊ အားသစ်လောင်း အတွေ့အကြုံများပြုလုပ်ခြင်း၊ အခြားသင့်လျော်လျောက်ပတ်သော အလေ့အကျင့်များပြုလုပ်ခြင်း စသည်တို့ဖြစ်သည်။

ကျွန်ုပ်တို့၏ဘဝအသက်တာ၌ ဘုရားသခင်တည်ရှိတော်မူခြင်းနှင့် အလုပ်လုပ်တော်မူခြင်းကို ကျင့်ဝတ်စည်းမျဉ်းများအားဖြင့် ကျွန်ုပ်တို့ ပိုမိုတွေ့ကြုံ သိရှိလာလေ ဘုရားသခင်အား ကျွန်ုပ်တို့ ပိုမိုရှာဖွေလေဖြစ်ပေမည်။ ကျွန်ုပ်တို့၏ ဘုရားသခင်ကို တွေ့ကြုံခြင်းနှင့် ကျွန်ုပ်တို့၏ဘုရားသခင်အား ရှာဖွေရန် ကြိုးပမ်းခြင်းတို့သည် ကြောင်လိမ်လှေခါးသဖွယ် တက်လိုက်ကျလိုက်ရှိသည်။ ထိုသို့ဖြစ်နေစဉ်အတွင်း ကျွန်ုပ်တို့အထဲ၌ အလုံးစုံပြောင်းလဲခြင်းဖြစ် ပေါ်လျက် ရှိပါသည်။ ဝိညာဉ်ရေးအသက်တာဘဝကို တွေးပုံတွေးနည်းပေါ် မူတည်ပြီး ပိုမိုမြင့်မားသော ဝိညာဉ်ရေးဘဝသို့ ပို့ဆောင်သွားနိုင်သကဲ့သို့ ဝိညာဉ်ရေးအရ ပိုမိုနက်ရှိုင်းရာ အဆင်းဘက်ဆီသို့လည်း ပို့ဆောင်သွားနိုင်ပါသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် ရည်ရွယ်တော်မူသော ဘဝအသက်တာ နှင့် ခေါင်းဆောင်မှုတို့ကို ဝိညာဉ်ရေးကျင့်ဝတ်စည်းမျဉ်းများကို အသုံးပြု တော်မူပြီး မွေးထုတ်တော်မူပါသည်။ ကျွန်ုပ်တို့လူသားများ၏ တာဝန်မှာ ကျင့်ဝတ်စည်းမျဉ်းများကို လေ့ကျင့်ရန်နှင့် ပီတာပြောပြသော ကျွန်ုပ်တို့ အတွက် ဘုရားသခင်ရည်ရွယ်တော်မူသော အတွင်းပြောင်းလဲခြင်းကိုဖြစ်စေသည့် လိုအင်ဆန္ဒနှင့် တန်ခိုးစွမ်းအားကိုပေးသော ဘုရားသခင်၌မွေ့လျော်သည့် အရည်အသွေးများ ပိုင်ဆိုင်ရေးဖြစ်ပါသည်။ ဘုရားသခင်၏ပြုမူလုပ် ဆောင်တော်မူခြင်းနှင့် ကျွန်ုပ်တို့၏အပြုအမူလုပ်ဆောင်ချက်တို့ ဆက်စပ် ခြင်းကို ရစ်ချတ်ဖော်စတာ (Richard Foster)က ဤသို့ရှင်းပြသည်။

> ဘုရားသခင်သည် သူ၏ကျေးဇူးတော်ကို ရရှိခံစားရန် ကျွန်ုပ်တို့ အား ဝိညာဉ်ရေးအသက်တာအတွက် ကျင့်ဝတ်စည်းမျဉ်းများကို ပေးသနားတော်မူသည်။ ကျင့်ဝတ်စည်းမျဉ်းများသည် ကျွန်ုပ်တို့အား ဘုရားသခင်က ပြုပြင်ပြောင်းလဲစေတော်မူရန်အလို့ငှာ ရှေ့တော်သို့ ပို့ဆောင်ပေးပါသည်။ ကျွန်ုပ်တို့ အမြဲသိထားရမည် မှာ လမ်းကြောင်း (ကျင့်ဝတ်စည်းမျဉ်းများကိုဆိုလို) က ပြောင်းလဲ ခြင်းကိုဖြစ်ပေါ်စေခြင်း မဟုတ်ဘဲ ပြောင်းလဲခြင်းဖြစ်ပေါ်နိုင်သော နေရာသို့သာ ပို့ဆောင်ပေးခြင်း ဖြစ်သည်။ ၎င်းသည် ကျင့်ဝတ်စည်းကမ်းရှိသော ကျေးဇူးတော်၏ လမ်းကြောင်းပင် ဖြစ်သည်။[၈]

ကျင့်ဝတ်စည်းမျဉ်းတစ်ခုစီသည် ဘုရားသခင်နှင့် ကျွန်ုပ်တို့အား နီးစပ်စေ နိုင်ပြီး အချိန်ကာလကြာညောင်းသောအခါ ကျွန်ုပ်တို့၌ အပြောင်းအလဲ ဖြစ်စေပါသည်။ ကျွန်ုပ်တို့အနေဖြင့် ချက်ချင်းအကျိုးရလဒ်များ လိုချင်ကြပါသည်။ သို့သော် ကြောင်လိမ်လှေခါးပုံစံရှိသော ကျင့်ဝတ်စည်းမျဉ်းများသည် လျင်မြန်စွာ ရလဒ်ထွက်ပေါ်လေ့မရှိကြပေ။ ၎င်းတို့သည် ကျွန်ုပ်တို့နှင့် ဘုရားသခင်တို့ကြား၌ ဆက်ဆံရေးပိုမိုကောင်းမွန်ရေးအတွက် ကျွန်ုပ်တို့၏ဘဝ၌ အစီအစဉ်များ ပြောင်းလဲစေကြသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား နည်းမျိုးစုံဖြင့်သင်ပြတော်မူခြင်း၊ ပုံသွင်းတော်မူခြင်း၊ ပျိုးထောင်တော်မူခြင်း၊ စွမ်းအားဖြည့်တင်းတော်မူခြင်း၊ လက်နက်တန်ဆာ ဆင်ပေးတော်မူခြင်းများ ပြုလုပ်တော်မူသည်။ သို့ဖြစ် ဝိညာဉ်ရေးကျင့်ဝတ် စည်းမျဉ်းများ ပိုမိုတိကျစွာဆိုရလျှင် ဤကျင့်ဝတ်စည်းမျဉ်းများအားဖြင့် ကျွန်ုပ်တို့အတွင်း ဘုရားသခင်အလုပ်လုပ်တော်မူခြင်းသည် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးအသက်တာနှင့် ခေါင်းဆောင်မှုတို့ကို ပိုမိုနက်ရှိုင်းစေကာ ပိုမို စွမ်းအားမြှင့်တင်ပေးပါသည်။

# အကူအညီယူပါ

ကျင့်ဝတ်စည်းမျဉ်းအပေါ် ကျွန်ုပ်တို့၏မကြာခဏအာခံမှုနှင့် ကျွန်ုပ်၏ဆက်ကပ်မှု၌ ရှေ့နောက်ညီညွတ်မှုမရှိခြင်းများရှိသည့်တိုင် ကျွန်ုပ်၏ဝိညာဉ်ရေးအသက်တာနှင့် ခေါင်းဆောင်မှု၌ အလွန်အရေးပါခဲ့သော ဝိညာဉ်ရေးလက်တွေ့ကျင့်ထုံးများ (spiritual practices) ကို ကျွန်ုပ်ပြုစုခဲ့ပါသည်။ ကျွန်ုပ်၏စာတွေ့နှင့် လက်တွေ့အတွေ့အကြုံများကိုအခြေခံပြီး အဆိုပြုချက်အချို့ကို ရေးဆွဲတင်ပြပါသည်။

အစပြုဖို့နေရာကောင်းတစ်ခုမှာ ရစ်ချတ်ဖော်စတာ၏ **ကျင့်ဝတ်စည်းမျဉ်းကို ကြိုဆိုဂုဏ်ပြုခြင်း**(Celebration of Discipline) စာအုပ်ကိုဖတ်ခြင်း သို့မဟုတ် ပြန်ဖတ်ခြင်းဖြစ်သည်။ ၎င်းသည် သီးခြားဝိညာဉ်ရေးကျင့်ဝတ်စည်းမျဉ်းများနှင့်ပတ်သက် ခေတ်ပြိုင်ဂန္ထဝင်လမ်းညွှန်စာအုပ်အဖြစ်ရှိနေဆဲဖြစ်သည်။[၉] မကြာသေးခင်က ကျင့်ဝတ်စည်းမျဉ်းများနှင့်ပတ်သက် လမ်းညွှန်စာအုပ်ကောင်းများ၊ ဥပမာ lectio divina – မွန်မြတ်သောကျမ်းစာဖတ်ခြင်းနှင့် ဝင်္ကဘာလမ်းလျှောက်ခြင်း (labyrinth walking) ကဲ့သို့သော စာအုပ်များထွက်ပေါ်လာပါသည်။[၁၀] လက်တွေ့ကျင့်ထုံးများမှာ အကျိုးကျေးဇူးရရှိခံစားလိုပါက ကျင့်ဝတ်စည်းမျဉ်းတစ်ခုစီကို သင်အနည်းဆုံး သုံးကြိမ်စီကျင့်သုံးကြည့်ပါ။ စစ်မှန်သောအသီးအပွင့်များသည် နှစ်ပေါင်းများစွာ လက်တွေ့ကျင့်သုံးပြီးမှရရှိလေ့ရှိသော်လည်း ကျင့်ထုံးသစ်ကို မြည်းစမ်း ကြည့်ခြင်းသည် ဆက်တိုက်ပြုလုပ်ရမည့်ကျင့်စဉ်အတွက်တွန်းအား သို့မဟုတ် အထောက်အကူဖြစ်နိုင်ပါသည်။

အောက်ပါကျင့်ထုံးများနှင့် ကျင့်ဝတ်စည်းမျဉ်းများသည် ကျွန်ုပ်ကိုယ်တိုင်၏အတွေ့အကြုံမှ ဆွဲယူထုတ်နုတ်လိုက်သောကျင့်ထုံးအစုဖြစ်ပါသည်။ ၎င်းတို့တစ်ခုစီသည် ကျွန်ုပ်၏ဝိညာဉ်ရေးအသက်တာနှင့် ခေါင်းဆောင်မှု၌ အလွန်အရေးပါသောအခန်းမှ ပါဝင်ကြပါသည်။

## ကျမ်းစာဖတ်ခြင်း၊ နေ့စဉ်မှတ်တမ်းရေးခြင်းနှင့် ဆုတောင်းခြင်း

နေ့စဉ်အတိုင်းအတာနှင့်ဆိုပါက ချွန်ပြနေကျဖြစ်သော ကျမ်းစာဖတ်ခြင်း၊ နေ့စဉ်မှတ်တမ်းရေးခြင်းနှင့် ဆုတောင်းခြင်းတို့ကို အစားထိုးမည့်အရာ မရှိပေ။ ကျွန်ုပ်သည် ကျမ်းစာသင်ခြင်းကို အမြောက်အမြားပြုခဲ့သူဖြစ်သဖြင့် ကျွန်ုပ်၌ ဆရာ့ထောင့်မှ ကျမ်းချက်၊ ကျမ်းပိုဒ်များ ထုတ်သုံးသောအကျင့် ရှိပါသည်။ ကျွန်ုပ်အား ဘုရားသခင်က ပုဂ္ဂိုလ်ရေးအရ မိန့်ကြားတော်မူစေ ရန် ကျွန်ုပ်၏နေ့စဉ်ကျမ်းစာလေ့လာမှုအတွက် အချက်များစွာပါရှိသော ကျင့်စဉ်တစ်ခု ရေးဆွဲထားပါသည်။ ကျွန်ုပ်၏အတွေ့အကြုံမှ ကျွန်ုပ်အကြံပြု ချက်များမှာ=

- ကျမ်းချက်ကိုဖတ်ပြီး အပိုဒ်တိုင်း၌ ခဏရပ်ပြီး စဉ်းစားပါ။ ထို့နောက် ကျမ်းချက်တစ်ခုလုံးကို ဒုတိယအကြိမ်ပြန်ဖတ်ပါ။
- ကျမ်းချက်၊ ကျမ်းပိုဒ်ထဲမှ အဓိကအချက်များကို မိမိစကားဖြင့် ပြန်ရေးပါ။
- 'သုံးသပ်ချက် (commentary) ဟူသောစာပိုဒ်၌ သင်ကိုယ်တိုင်သင်ကြားပို့ချပါက မည်သည့်အချက်ကို အလေးထားမည်နည်းဟူသောအချက်ကို စိတ်ကူးထဲထားပြီး ကျမ်းချက်၊ကျမ်းပိုဒ်၏အဓိပ ၁ယ်နှင့် အရေးပါမှုအပေါ် သုံးသပ်ပါ။
- ထို့နောက် စာပိုဒ်အသစ်၌ သင့်နာမည်အတိုကောက်ကို အကြီးဖြင့် ရေးမှတ်ပါ။ ကျွန်ုပ်ဆိုလျှင် TCG ဟုရေးပါသည်။ ကျမ်းပိုဒ်ထဲမှ ဘုရားသခင်က ကျွန်ုပ်အား မည်သို့မိန့်ကြားတော်မူမည်နည်းဟူသောအချက်အပါအဝင် ကျွန်ုပ်စိတ်ထဲပေါ်လာသောအချက်များကို ရေးချလိုက်သည်။ နေ့စဉ်ကျမ်းစာ ဖတ်ခြင်းအားဖြင့် ဝိညာဉ်ရေးဖွံ့ဖြိုးတိုးတက်ရေး၌ ပုဂ္ဂိုလ်ရေးအသုံးချခြင်းသည် အဓိကကျပါသည်။
- သင်ဖတ်ခဲ့သောကျမ်းပိုဒ်ထဲမှ ပေါ်ထွက်လာသော သင်၏ခံစားချက်များ သို့မဟုတ် သင်၏အတွေးအပေါ် တုံ့ပြန်ချက်တို့ကို စာဖြင့်ရေးထားသော ဆုတောင်းခြင်းဖြင့် နိဂုံးချုပ်ပါ။

နေ့စဉ်မှတ်တမ်းရေးခြင်းသည် ကျမ်းစာလေ့လာခြင်းတစ်ခုတည်းအကြောင်း မဖြစ်ရပေ။ ကျွန်ုပ်၏ပုဂ္ဂိုလ်ရေးအသက်တာအတွက် သီးသန့်(ကွန်ပြူတာထဲ၌) နေ့စဉ်မှတ်တမ်းရေးပါသည်။ ကျွန်ုပ်ကိုယ်တိုင်အကြောင်း အတွင်းကျကျ သိရှိနိုင်ရန် ကျွန်ုပ်အတွေးအခေါ်၊ ခံစားချက်များနှင့် အတွေ့အကြုံများကို ရေးမှတ်ပါသည်။ ဥပမာအားဖြင့် ကျွန်ုပ်အသက်တာ၏ပုံစံများ (patterns)ကို တွေ့ရှိလာပါသည်။ ကျွန်ုပ် နက်ရှိုင်းသိတစ်ခုရရှိသည်၊ သံသယအသစ်တစ်ခု ကြုံတွေ့ရသည်၊ ၊ နှိမ်းကန်မှုအသစ်တစ်ခုကြုံတွေ့ရသည်စသဖြင့် ယူဆသည့်အခါ နေ့စဉ် မှတ်တမ်းကို ပြန်ကြည့်လိုက်သည်။ ထိုအခါ လွန်ခဲ့သောခြောက်လ သို့မဟုတ် တစ်နှစ်ခန့်က ၎င်းအကြောင်း ကျွန်ုပ်ရေးမှတ်ခဲ့ပြီးဖြစ် သည်ကိုတွေ့ရသည်။

နေ့စဉ်မှတ်တမ်းရေးခြင်းသည် ဘုရားသခင်နှင့်ပတ်သက်သော အရေးကိစ္စများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် စိတ်ထွက်ပေါက်သဖွယ်ဖြစ်ပြီး အထောက်အကူလည်းဖြစ်ပါသည်။ သင်သည်ပင်လျှင် သင်ကိုယ်တိုင်၏ ကြေးမုံ ပြင်သဖွယ်ဖြစ်လာပါသည်။ ဘုရားသခင်ပြင်ပ၌ သင်နှင့်စကားပြော သောသူ၊ သင့်ကို ဂရုစိုက်သူ၊ သင့်အကြောင်းအသိဆုံးဖြစ်သူ သင်ပင်လျှင် ဖြစ်တော့သည်။

မနက်တိုင်းကျမ်းစာဖတ်ခြင်းနှင့် နေ့စဉ်မှတ်တမ်းရေးခြင်းကို ကျင့်ဝတ်စည်းကမ်းအဖြစ် ဆုတောင်းခြင်းဖြင့်အဆုံးသတ်ပါ။ အထက်၌အဆိုပြုထားသည့်အတိုင်း သင်၏နေ့စဉ်မှတ်တမ်း၌ ဆုတောင်းခြင်းကိုထည့်ရေးနိုင်ပါသည်။ သို့မဟုတ် အသံကျယ်စွာဖြင့်ပြောဆိုနိုင်ပါသည်။ အဓိကကျသည်မှာ သင်၏

ကျမ်းစာဖတ်ခြင်းနှင့် ဆုတောင်းခြင်းမှ သင်ရရှိလိုက်သမျှဖြင့် ဘုရားသခင်အား တိုက်ရိုက်တုံ့ပြန်ရန် စကားပြောရန်ဖြစ်သည်။

သင်၏နေ့စဉ်ဆုတောင်းခြင်းကျင့်ဝတ်စည်းကမ်း၌ ထမင်းစားသည့်အချိန်တိုင်းနှင့် အိပ်ယာဝင်ခါနီးအချိန်တို့၌ဆုတောင်းခြင်းလည်းပါဝင်သည်။ မူဆလင်တို့၏ တစ်နေ့ငါးကြိမ်ဆုတောင်းသည့်ကျင့်ထုံးနှင့် ကက်သလစ်ဘုန်း ကြီးကျောင်းများ၌ တစ်နေ့ခုနစ်ကြိမ်ဆုတောင်းသည့်ဓလေ့တို့က ကျွန်ုပ်အား ကျွန်ုပ်ကိုယ်တိုင်အတွက်နှင့် ကျွန်ုပ်မိသားစုအတွက် ပုံမှန်ဆုတောင်းခြင်းအစီ အစဉ်ဆွဲရန် ခွန်အားရခဲ့သည်။ ကျွန်ုပ်သည် ဆုတောင်းခြင်းကို ဝတ ရားအရ လုပ်ခြင်းအဖြစ်မမြင်ဘဲ ဘုရားသခင်၌ ကျွန်ုပ်၏စိတ်နှင့် နှလုံးသားတို့ကို အာရုံစူးစိုက်ရန် အခွင့်အလမ်းအဖြစ်လည်းကောင်း၊ ဘုရားသခင်အား ကျေးဇူးတင်သည့်အနေဖြင့်လည်းကောင်း၊ ကျွန်ုပ်၏ အတွေးအခေါ်နှင့် အသက်ရှင်နေထိုင်ခြင်းတို့၌ ဦးစားပေးစဉ်းစားရန် ဘုရားသခင်စီစဉ်ပေးတော်မူ ခြင်းအဖြစ်လည်းကောင်း ူမြင်ပါသည်။

အိပ်ချိန်တွင် ကျွန်ုပ်သည် ဇနီးသည်နှင့်အတူ သားသမီးတစ်ဦးစီနှင့်အတူ သီးခြားစီဆုတောင်းလေ့ရှိပါသည်။ ကျွန်ုပ်အလွန်ပင်ပန်းသောအချိန်၌သာ ပျက်ကွက်ပါသည်။ ထိုသို့သောအချိန်မျိုးတွင် တစ်စုံတစ်ဦးအား ဆုတောင်းခိုင်းခြင်း သို့မဟုတ် အဖွဲ့လိုက်ဆုတောင်းခြင်းပြုရပါသည်။ ကျွန်ုပ် အလွန်ပင်ပန်းသောအချိန်များနှင့် ဆုတောင်းရန် ကမကထမပြုသောအချိန်များ၌ ဆုတောင်းခြင်းကျင့်ဝတ်စည်းကမ်းပျက်သွားပါသည်။

သင်၏နေ့စဉ်ဆုတောင်းခြင်းသည် ပုံမှန်ဆုတောင်းခြင်းဖြစ်သဖြင့် တိုတောင်းနိုင်ပါသည်။ ပုံသေနည်းဆန်နိုင်ပါသည်။ ဥပမာအားဖြင့် 'ကျွန်ုပ်တို့စားသုံးမည့် အစားအသောက်ကို ကောင်းချီးပေးတော်မူပါ'၊ 'ဤနေ့တစ်နေ့လုံး ုန်းကန်လှုပ်ရှားရာ၌ ကျွန်ုပ်တို့၏ဘဝအသက်တာများ၌ ကိုယ်တော်ရှင်၏ မေတ ာတော်နှင့် ပြုမူလုပ်ဆောင်တော်မူခြင်းတို့အား ထိတွေ့ခံစားခွင့်ပြုတော်မူပါ။ ကျွန်ုပ်တို့အား အိမ်သို့ ယနေ့ညလုံခြုံချောမောစွာ ပို့ဆောင်တော်မူပါ'၊ သို့မဟုတ် 'ဒီညကောင်းမွန်စွာ အိပ်ပျော်စေတော်မူလျက် ကိုယ်တော်ရှင်အား ယခုထက်ပိုမိုအစေခံနိုင်စေရန် ဒီညအိပ်စက်အနားယူခွင့်ပြု တော်မူပါဘုရား' စသဖြင့် တိုတိုတုတ်တုတ်ရှိနိုင်ပါသည်။ အကြွယ်ဝဆုံးသော ဆုတောင်းခြင်းအတွေ့အကြုံသည် စိတ်ထဲတွင် အလိုအလျောက်ပေါ်လာပြီး ကျေးဇူးတော်ကို အားပါးတရချီးမွမ်းခြင်း သို့မဟုတ် အကူအညီလိုအပ်နေသူ တို့အတွက် ဆုတောင်းပေးခြင်းဖြစ်သည်။ ရှေ့အခန်းတွင် ကျွန်ုပ်အသေးစိတ် ဆွေးနွေးထားသည့်အတိုင်း တစ်နေ့တာအတွင်း ပုံစံမကျသောနည်းဖြင့် ဘုရားသခင်၏ ကျွန်ုပ်တို့အနီးနားတွင် တည်ရှိတော်မူခြင်းကို လက်တွေ့ ကျင့်ထုံး၏ အစိတ်အပိုင်းအဖြစ် အခြေအနေအမျိုးမျိုးနှင့် နည်းအမျိုးမျိုးဖြင့် ကျွန်ုပ်တို့ဆုတောင်းနိုင်ပါသည်။ ရာစုနှစ်ပေါင်းများစွာအတွင်း ဆုတောင်း ခြင်းပုံစံအမျိုးမျိုးကို ခရစ်ယာန်တို့

ကျင့်သုံးခဲ့ကြသည်။ သင့်အတွက် ဘုရား သခင်နှင့်ဆက်နွယ်မှု၌ အဓိပ ာယ် အရှိဆုံးသော ပုံစံများနှင့် နည်းလမ်းများကို ရှာဖွေသုံးပြုနိုင်ပါသည်။

## မွန်မြတ်သောကျမ်းစာဖတ်ခြင်း (Lectio Divina)

ကျမ်းစာဖတ်ခြင်းအတွက်လည်း ကျွန်ုပ်တို့ ကျင့်ဝတ်စည်းမျဉ်းထားရှိနိုင်ပါသည်။ အခြားခရစ်ယာန်များနှင့်ပူးပေါင်းပြီး ကျမ်းစာဖတ်ခြင်း၊ တရားကျင့်ခြင်းနှင့် ဆုတောင်းခြင်းတို့ကို ပုံမှန်ပြုလုပ်နိုင်ပါသည်။ ကြာသပတေးမနက် မွန်မြတ်သော ကျမ်းစာဖတ်ခြင်း၌ ကျွန်ုပ်ပါဝင်လျက်ရှိပါသည်။ ဤရာစုနှစ် နှင့်ချီကျင့်ထုံးကို ခရစ်ယာန်အများစုက မသိခဲ့ကြပေ။ ကျွန်ုပ်တို့၏အပြောင်း အလဲမြန်လှသော ယနေ့အချိန်အခါနှင့်ယဉ်ကျေးမှု၌ ကျွန်ုပ်တို့၏လိုအပ်ချက်များကို ၎င်းက ကိုင်တွယ်ဖြေရှင်းပေးပါသည်။ ဤကျင့်ထုံး၌ ကျမ်းချက် သို့မဟုတ် ကျမ်းပိုဒ်တစ်ခုတည်းကို လေးကြိမ်ဖတ်ခြင်းပါဝင်ပြီး၊ ၎င်းအပေါ် ပြန်လည်သုံးသပ်ရန်နှင့် ဆုတောင်းရန် ဆိတ်ငြိမ်ချိန် လိုအပ်ပါသည်။ ကျမ်းချက်ကို အကြိမ်ကြိမ်ဖတ်သောအခါ ဖတ်သူ၏ စိတ်ထဲ၌ပေါ်လာသော အကြောင်းအချက်အပေါ် တိတ်ဆိတ်စွာဆုတောင်းပြီး အာ ုံစူးစိုက်မှုကို ဖြစ်စေပါသည်(မိနစ် ၃၀ မှ ၆၀ ကြာမည့် မွန်မြတ်သော ကျမ်းစာဖတ်ခြင်းပြုမည့်အဖွဲ့အတွက် ပုံစံကို နောက်ဆက်တွဲအေ၌ တွေ့နိုင်ပါသည်)။ နားထောင်ခြင်း၊ စိတ်ကူးခြင်း၊ အသုံးချခြင်း၊ တရားကျင့်ခြင်းနှင့် မိနစ် ၂၀ ကြာသော အကြွင်းမဲ့ဆိတ်ငြိမ်မှုတို့ကြောင့် မွန်မြတ်သော ကျမ်းစာဖတ်ခြင်းအစီအစဉ်များသည် ကျွန်ုပ်အား ပိုမိုလန်းဆန်းစေခြင်း၊ ပိုမိုအာ ုံစိုက်နိုင်ခြင်း၊ ပိုမိုငြိမ်းအေး ခြင်း၊ ဘုရားသခင်နှင့် ပိုမိုနီးစပ်စေခြင်း၊ ခေါင်းဆောင်မှု၌ ပိုမိုတက်ကြွစေခြင်းများကို ကျွန်ုပ်အား ကြုံတွေ့ခံစားစေပါသည်။[၁၁]

## ခရစ်ယာန်မိတ်သဟာယဖွဲ့ခြင်း

ပုဂ္ဂိုလ်ရေးဆက်ဆံမှု၌နက်ိုင်းစွာ ဆက်ကပ်ခြင်းသည် အချို့ပုဂ္ဂိုလ်များ အတွက် သဘာဝကျကျဖြစ်သော်လည်း ၎င်းသည် လူအားလုံးအတွက်တော့ မဟုတ်ပေ။ ဆက်ဆံရေးနှင့်မသက်ဆိုင်သောအလုပ်တာဝန်များနှင့် အခြား ပြုမှုလှုပ်ရှားမှုများဖြင့် အလုပ်ူပ်သဖြင့် အခြားပုဂ္ဂိုလ်များအား မေ့မေ့ ပျောက်ပျောက်ရှိခဲ့ပါက ခရစ်ယာန်မိတ်သဟာယအဖွဲ့၌ ပါဝင်ရသော ကျင့် ဝတ်စည်းမျဉ်းကို ကျွန်ုပ်တို့ကျင့်သုံးရန် လိုအပ်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းခြင်းအပြင် မိတ်ဆွေများနှင့် အခြား သူတို့နှင့်အတူ ဝိညာဉ်ရေးခရီးကို မျှဝေသွားလာခွင့်ရရှိစေပါသည်။ ဝန်ဆောင်မှုများ ပေးနေစဉ် ခန်းမကြီးထဲ၌ အခြားသူတို့နှင့် မုန့်များအတူစား ခြင်း၊ အားကစားံုထဲ၌ ဘပ်စ်ကက်ဘောအတူ ကစားခြင်း၊ တနင်္ဂနွေဥပုသ် စာဖြေတန်းတက်စဉ်

အားကစားပွဲကို အတူကြည့်ခြင်း စသည့်ကျွန်ုပ်တို့ အားလုံးနှစ်သက်သော မိတ်သဟာယဖွဲ့ခြင်းများကို ကျွန်ုပ်ပြောနေခြင်း မဟုတ်ပေ။ တစ်ဦးနှစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များ၏ သိပ်သည်းခိုင်မာသော ခရစ်ယာန် မိသဟာယဖွဲ့ခြင်းကို ကျွန်ုပ်ဆိုလိုခြင်းဖြစ်ပြီး ၎င်း၌ ကျွန်ုပ်တို့၏ အသက်တာဘဝများ၌ ဘုရားသခင် အလုပ်လုပ်တော်မူခြင်းကို ပွင့်လင်းစွာ ပြောကြားခြင်း၊ ကျွန်ုပ်တို့၏ နှိုးကန် လှုပ်ရှားမှုများ၊ ကျွန်ုပ်တို့အတွက် ကျေးဇူးတင်ရမည့်အရာများနှင့် ကျွန်ုပ်တို့လိုအပ်နေသော အကူအညီများ စသည်တို့ ပါဝင်မည်ဖြစ်သည်။

ဥပမာအားဖြင့် အပြန်အလှန်အားပေးကူညီမှုအဖြစ် တစ်လလျှင်တစ်ကြိမ်သို့မဟုတ် နှစ်ကြိမ် ကျွန်ုပ်၏ အခင်မင်ဆုံးမိတ်ဆွေများထဲမှ တစ်ဦးနှင့်တွေ့ဆုံရန် ဆက်ကပ်ထားပါသည်။ လွန်ခဲ့သောဆယ်နှစ်ကျော်ကာလအတွင်း ကျွန်ုပ်တို့၏ဘဝအသက်တာများ၏အရေးကြီးသော အစိတ်အပိုင်းများဖြစ်သည့် သက်ဝင်ယုံကြည်မှု၊ အလုပ်အကိုင်၊ အိမ်ထောင်ရေး၊ သားသမီးပြုစုပျိုးထောင်ရေးနှင့် အခြားကိစ္စရပ်များ၌ သူငယ်ချင်းနှစ်ဦး တစ်ဦးကိုတစ်ဦး ယိုင်းပင်းကူညီခဲ့ကြသည်။ တစ်နာရီခန့် နံနက်စာအတူတူစားရင်း ကျွန်ုပ်တို့၏ဘဝ၌ဖြစ်ပျက်ကြုံတွေ့ရသည်များကို ကြိုတင်အစီအစဉ်မဆွဲဘဲ ပြောဆိုဆွေးနွေးလေ့ရှိကြသည်။ အချိန်သတ်မှတ်ခြင်းမပြုသော်လည်း တစ်လှည့်စီ ညီတူညီမျှနီးပါးခွဲပြီး ပြောဆိုကြပါသည်။ တစ်ဦးပြောသည်ကို နောက်တစ်ဦးကသတိနှင့်နားထောင်ပေးကြပြီး အကောင်းဆုံး အသင့်တော်ဆုံးဟုယူဆရသောနည်းလမ်းများဖြင့် တုံ့ပြန်မှုပြုခြင်းဖြင့် အကူအညီပေးကြပါသည်။ ကျွန်ုပ်တို့ခွဲခွာသွားသောအခါ ခွန်အား ပိုမိုပြည့်ဝခြင်း၊ ထောက်ခံမှုရခြင်း၊ စိန်ခေါ်မှု ခံရခြင်း၊ အကူအညီရခြင်း၊ အကြံကောင်းများရရှိခြင်း စသောခံစားချက်များ ကျွန်ုပ်၌ပြည့်နေခဲ့သည်။ ကျွန်ုပ်သည် မိတ်ဆွေအတွက်လည်း အကူအညီရရှိစေသူဟူသော ခံစားချက်ဖြင့် ပျော်ရွှင်ချမ်းမြေ့သွားပါသည်။

လွန်ခဲ့သောနှစ်ပေါင်းများစွာက ကွဲပြားခြားနားသော မိတ်သဟာယအဖွဲ့များလိုအပ်မှုကြောင့် ဦးရေအနည်းငယ်ပါဝင်သော အမျိုးသားများအဖွဲ့တစ်ခု ကို ကျွန်ုပ်ဖွဲ့စည်းခဲ့သည်။ ကျွန်ုပ်တို့၏အသက်တာဘဝများကို ကျွန်ုပ်တို့၌ ရှိသော အရင်းအမြစ်များကိုအခြေခံပြီး ကျွန်ုပ်တို့ဘဝ၏ အဆင့်တိုင်း၌ ဘုရားသခင်က မည်သို့အသက်ရှင်စေတော်မူလိုကြောင်းကို ကျွန်ုပ်တို့အဖွဲ့ တွေ့ဆုံသောအခါတိုင်း၌ ဆွေးနွေးခဲ့ကြသည်။ အဖွဲ့ဝင်များသည် အလားတူ အကြောင်းကိစ္စရပ်များကို ဆွေးနွေးမျှဝေခဲ့ကြသည်။ အခွင့်အလမ်းများ အလဟာသမဖြစ်စေရန် အချိန်ကို အဓိပ္ပာယ်ရှိရှိ အတူတကွ အသုံးပြုခဲ့ကြ သည်။ တစ်ဦးချင်းစီသည် ဆွေးနွေးလိုသော မေးခွန်းများ၊ အရေးကိစ္စ များကို အစည်းအဝေးသို့ ယူဆောင်လာကြပါသည်။ ကျွန်ုပ်သည် တွေ့ဆုံမှု အသက်ဝင်စေမည့်ကျမ်းချက်များ၊ ပြင်ပအကြောင်းအရာများကို မကြာခဏယူ ဆောင်လာတတ်ပါသည်။ အဖွဲ့၌ ကျွန်ုပ်အတွက်

အကောင်းဆုံးမိတ်ဆွေ သုံးဦးအပြင် ကျွန်ုပ်အတွက် တန်ဖိုးအရှိဆုံးမှာ ကျွန်ုပ်ရင်ဆိုင်နေရသော အရေးကိစ ကို အကောင်းဆုံးသဘောပေါက်သိရှိသူတို့နှင့် စကားပြောဆိုခြင်း ဖြစ်သည်။ ကျွန်ုပ်သည် နည်းလမ်းသစ်များဖြင့် တွေးခေါ်စဉ်းစားရန် မကြာခဏ စိန်ခေါ်ခြင်းခံရပါသည်။ ကျွန်ုပ်၏အသည်းနှလုံး၊ စိတ်နှင့် အသက်တာထဲ၌ ကျွန်ုပ်မျက်ကွယ်ပြုထားသောနေရာများအား ဘုရားသခင်သည် အခြားသူတို့အား အသုံးပြုပြီး အသိပေးတော်မူပါသည်။

## ဝိညာဉ်ရေးလမ်းညွှန်မှု

ကျွန်ုပ်၏ဝိညာဉ်ရေးအသက်တာပြုစုပျိုးထောင်ရေး၌ နားထောင်ပေးပြီး အကြံဉာဏ်များပေးသွားသော ဝိညာဉ်ရေးညွှန်ကြားရေးမှူးတစ်ဦးနှင့် ကျွန်ုပ် တစ်လတစ်ကြိမ်တွေ့ပါသည်။ ခရစ်ယာန်ဝိညာဉ်ရေးဦးတည်ချက်သည် ခရစ်ယာန်ကမ္ဘာ၌ အလွန်ကျဉ်းမြောင်းသော ရောမကက်သလစ်အမှုတော် ဆောင်လောကနှင့် သာမန်အသင်းသားများအတွက်သာဖြစ်ခဲ့ရာမှ ယခုအခါ ခရစ်ယာန်အစဉ်အလာ အများအပြားအတွက် ကြီးမားသောအရင်းအမြစ် ဖြစ်လာခဲ့သည်။ ကျွန်ုပ်အတွေ့အကြုံအရ ညွှန်ကြားရေးမှူးအနေဖြင့် ညွှန်ကြားခြင်း အနည်းငယ်မျှသာပြုပါသည်။ သူ၏အလုပ်သည် ဘုရားသခင်ပေါ်၌ ပြန်လည် အာရုံစိုက်ရန် ပြန်လည်ညွှန်ပြခြင်းဖြစ်ပါသည်။ ကျွန်ုပ်၏ဘဝ၌ ဘုရားသခင် ဘာတွေလုပ်တော်မူပါသနည်းဟု ညွှန်ကြားရေးမှူးက မေးလေ့ရှိပါသည်။ ကျွန်ုပ် ဇဝေဇဝါဖြစ်သောအခါ လက်ရှိအခြေအနေတွင် ဘုရားသခင်က ကျွန်ုပ်အား ဘာတွေ မိန့်ကြားတော်မူသည်ကို ကြင်နာစွာ စုံစမ်းမေးမြန်းပါသည်။ ဝိညာဉ်ရေး လမ်းညွှန်မှုအားဖြင့် ကျွန်ုပ်၏ နိုးကြန် လှုပ်ရှားမှုအတွင်းနှင့် ကျွန်ုပ်၏အသက်တာ၌ ဘုရားသခင် မည်သို့ အလုပ်လုပ်တော်မူသည်ကို ပိုမိုကောင်းမွန်စွာ သိရှိလာရပါသည်။

ဝိညာဉ်ရေးညွှန်ကြားရေးမှူးများသည် သတ်မှတ်ထားပြီး တစ် လမ်းသွားဖြစ်သော ဆက်ဆံရေး၌ မိတ်ဆွေအများစုတို့ မတတ်နိုင်သော တစ်စုံတစ်ခုကို ပေးစွမ်းနိုင်ပါသည်။ သင်တန်းကောင်းစွာ တက်ရောက်ပြီး ရင့်ကျက်ပြီးဖြစ်သော ခရစ်ယာန်တစ်ဦးဖြစ်သည့် ဝိညာဉ်ရေးညွှန်ကြားရေးမှူးသည် သူနှင့် ဆက်ဆံရသောသူ၏အကျိုးသက်သက်အတွက် ဆက်ဆံမှုပြုခြင်းဖြစ်သည်။ ဝိညာဉ်ရေးညွှန်ကြားရေးမှူးတစ်ဦး တွေ့ရှိရေးသည် စိန်ခေါ်ချက်တစ်ခုဖြစ်ပါသည်။ ကျွန်ုပ်သည် လူသတင်း လူချင်းဆောင်နည်းဖြင့် ညွှန်ကြားရေးမှူးကို တွေ့ရှိနိုင်ခဲ့သည်။ သင့်အနေဖြင့် သဲလွန်စအတွက် ဒေသအမှုတော်ဆောင်များ၊ အားသစ်လောင်းရိပ်သာများနှင့် ကျမ်းစာကျောင်းများကို မေးမြန်းနိုင် ပါသည်။ ကျွန်ုပ်သည် ဝိညာဉ်ရေးညွှန်ကြားရေးမှူးနှင့် တစ်လတစ်ကြိမ်၊ တစ်ကြိမ်တွင် တစ်နာရီ တွေ့ဆုံပွဲ၌ သင်ကိုယ်တိုင် အဓိကပြောဆိုသူဖြစ်ရ မည့်အပြင် ဝိညာဉ်

ရေးနွေးနွေးနှင့်ကြားရေးမှုနှင့် အတွေ့အကြုံအားဖြင့် ဘုရားသခင် သင့်အား ဘာတွေ ပြောကြားတော်မူခြင်းနှင့် မိမိကိုယ်ကို နားထောင်ရ သောရည်ရွယ်ချက်တို့ကို ကျွန်ုပ်အကြံပြုပါသည်။ ညဏ်ပူဇော်ခသည် များမည်မထင်ပါ။ ကုသသူနှင့် တစ်နာရီထက်လျော့နည်းသော ကုသမှုသည် လုပ်ပိုးလုပ်စဉ်ဖြစ်ပါသည်။

## နှစ်ပတ်လည်ဝိညာဉ်ရေးအားသစ်လောင်းခြင်း

တစ်နှစ်တစ်ကြိမ် တစ်ပတ်ကြာမည့် ဝိညာဉ်ရေးအား သစ်လောင်း သင်တန်းပြုလုပ်ပြီး အနားယူခြင်း၊ အားသစ်လောင်းနှင့် ဘုရားသခင်နှင့် ဆက်စပ်ခြင်းတို့အား အားပေးစိုက်ပါ။ မိသားစုကြောင့်ဖြစ်စေ သို့မဟုတ် အခြား အလုပ်ကိစ္စ ကြောင့်ဖြစ်စေ အားလပ်ရက်ယူနိုင်ခြင်းမရှိပါကလည်းကောင်း၊ သင်၏ အလုပ်သဘာဝကြောင့် ဝိညာဉ်ရေး အားသစ်လောင်းခြင်းအတွက် အချိန် မရှိပါကလည်းကောင်း သင့်အနီးဝန်းကျင်ရှိ ဒေသအားသစ်လောင်းဂေဟာ သို့မဟုတ် အခြားသင့်လျော်သောနေရာတစ်ခုခု၌ စနေ၊ တနင်္ဂနွေ အားလပ်ရက် လောက်နှင့် ကျေနပ်ပါ။ ဤနေရာ၌ အရေးကြီးသည်မှာ သင်၏ဝိညာဉ်ရေး အသက်တာကို ပြုစုပျိုးထောင်ရေးအတွက် နေ့စဉ်သာမန်နေထိုင်မှုဘဝ နှင့် ဆက်ဆံရေးများနှင့် ဝေးကွာရာ၌ အားပေးစိုက်ခြင်းဖြစ်ပါသည်။

လွန်ခဲ့သော ၇ နှစ်အတွင်း နှစ်ဦးနှစ်တိုင်း တစ်ပတ်ကြာဝိညာဉ်ရေးအားသစ် လောင်းအစီအစဉ်ကို ကျွန်ုပ်ပြုလုပ်နိုင်ခဲ့သည်။ အသိမိတ်ဆွေများ၏ အကြံပြုချက်များ၊ ငွေရေးကြေးရေးအခြေအနေများနှင့် အခွင့်အလမ်းများ ပေါ်မူတည်ပြီး ကွဲပြားခြားနားသောနေရာများ၌ ကျွန်ုပ်အချိန်ကုန်လွန်စေခဲ့သည်။ ပြင်သစ်ပြည် တိုင်ဇီ (Taize) သို့သွားပြီး ၎င်းရှိ ခရစ်ယာန်ရပ်ရွာအဖွဲ့အစည်း များနှင့်အတူ ဝတ်ပြုကိုးကွယ်ခဲ့သည်။ တစ်ခါတစ်ရံ ငွေကုန်ကြေးကျသက်သာ စေရန် မိသားစုတဲကလေး၌ တစ်ပတ်ကြာမျှ ကျွန်ုပ်လိုလားသော တစ်ကိုယ် တည်း နေနိုင်ခဲ့ပါသည်။ မက ဆီကိုပြည် ပွေတိုဗာလာတာ (Puerto Vallarta, Mexico ကမ်းခြေအပန်းဖြေရိပ်သာ၌မဟုတ်ပါ)၌ တစ်ကြိမ်၊ အမေရိကန်ပြည် မေရီလင်းပြည်နယ် ဘွန်ဆီကော် (Bon Secours, Maryland) ရိပ်သာ၌ နှစ်ကြိမ် အားသစ်လောင်းခဲ့သည်။ ကျွန်ုပ်အနှစ်သက် ဆုံးနေရာမှာ ပြင်သစ်ပြည် ရှာထာ (Chartres, France) ဖြစ်သည်။ ၎င်း၌ ၁၂ ရာစုက တည်ဆောက်ထားသော ဘုရားကျောင်းကြီး (cathedral) ၌ ဝတ်ပြုကိုးကွယ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ဆုတောင်းခြင်းတို့အတွက် အကောင်းဆုံးနေရာပေးပါသည်။ သို့သော် ဤနေရာ၌ နေရာရွေးချယ်ခြင်းထက် ပိုမိုအရေးကြီးသည်မှာ ဘုရားသခင်နှင့် နည်းအမျိုးမျိုးဖြင့် ဆက်စပ်မှုပြုရာ၌ အချိန်ပေးခြင်းဖြစ်ပါသည်။ ဆဲလ်ဖုန်းများ(လက်ကိုင်ဖုန်းများ)၊ အီးမေးလ်များ၊ ရုပ်သံများ၊ ဗီဒီယိုများ၊ ရုပ်ရှင်ဌာနများနှင့် အခြားသာမန် နေ့စဉ်ဘဝနှင့် ဆက်စပ်သောအရာများနှင့် ဝေးရာအရပ်(မည်သည့်အရပ်မဆို)၌ အားသစ်လောင်း

အစီအစဉ်ကို ပြုလုပ်နိုင်ပါသည်။

ကျွန်ုပ်၏ အမျိုးမျိုးသော အားသစ်လောင်းအစီအစဉ်များ၌ အစာရှောင်ခြင်း၊ တောင်တက်ခြင်း၊ နေ့စဉ်မှတ်တမ်းရေးခြင်း၊ စာဖတ်ခြင်း၊ လေ့လာမှုပြုခြင်း၊ ဆုတောင်းခြင်း၊ အိပ်ငိုက်အမိခံရခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်း၊ ဆိတ်ငြိမ်စွာ နေခြင်း၊ တစ်ပတ်လုံး တစ်ကိုယ်တည်းနေခြင်း၊ အစုအဖွဲ့နှင့်အတူ နေထိုင် ခြင်း စသည်တို့ကို ကြုံတွေ့ခံစားခဲ့ရသည်။ အဓိကကျသည်မှာ ကျွန်ုပ်တို့၏ အသက်တာဘဝများကို ညစ်ညမ်းစေသော၊ ခွန်အားယုတ်လျော့စေသော အာရုံပြောင်းစေမှုများ (distractions) နှင့် အကျင့်ဖြစ်အပြုအမူများကို ယုတ်လျော့နည်းပါးစေရန်ဖြစ်ပါသည်။ ထိုသို့ ယုတ်လျော့စေနိုင်မှသာ ဆိတ်ငြိမ်မှုရရှိပြီး အတွေးအခေါ်သစ်များ ကြံဆတွေးခေါ်နိုင်ခြင်း၊ ဘုရားသခင်မိန့်ကြား တော်မူသည်ကို ကြားသိနိုင်ခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်ကိုတွေ့ကြုံခံစားနိုင်ခြင်း၊ သခင်ခရစ်တော် မည်သူမည်ဝါဖြစ်သည်ကို သုံးသပ်နိုင်ခြင်း၊ ပြောင်းလဲနိုင်ခြင်း စသည်တို့ ရှိမည်ဖြစ်သည်။

သင်၏အသက်တာဘဝထဲ၌ ဤဝိညာဉ်ရေးကျင့်ဝတ်စည်းမျဉ်းကို လေ့ကျင့်ပျိုးထောင်ရာ၌ မည်သူကမျှ သင့်အား လက်ကို ကိုင်ကာ လုပ်ပေးရန်အလားအလာမရှိသလောက်ဖြစ်သောကြောင့် သင်ကိုယ်တိုင် ကိုယ့်လမ်းကိုယ်ထွင် လုပ်ယူရမည်ဖြစ်သည်။ အစပြုနိုင်ရန် ဆုတောင်းပါ။ သင်၏နှလုံးသားနှင့် စိတ်တံခါးကို ဖွင့်ပေးတော်မူပြီး ဝိညာဉ်ရေး၌ အာရုံစူးစိုက်နိုင်ရန် ဘုရား သခင်အား မေတ္တာရပ်ခံတော်မူပါ။ ဖွင့်ထားသောတံခါးအတွက် ဆုတောင်းပါ။ သွားမည့်နေရာ၊ ပါဝင်ရမည့်အဖွဲ့၊ သင်လုပ်ချင်သောအခွင့်အလမ်းတို့အတွက် ဆုတောင်းပါ။ သင်းအုပ်ဆရာများကို စကားပြောခြင်း၊ အားသစ်လောင်း ရိပ်သာများအား ဆက်သွယ်ခြင်းနှင့် ဝက်ဘ်ဆိုက်ကိုကြည့်ရှုခြင်းတို့အားဖြင့် ဖြစ်နိုင်ခြေရှိသော ဒေသများကို စုံစမ်းပါ။ အစီအစဉ်များကို ကြိုတင်ရေးဆွဲပြီး ယင်းအတိုင်း မပျက်မကွတ်လိုက်နာပါ။ အလွန်အရေးကြီးသော အချိန်းအချက် လုပ်သကဲ့သို့ မှတ်ယူပါ။ စနေ၊ တနင်္ဂနွေ ပိတ်ရက်အတွင်း အနီးနားရှိ ဘုရားကျောင်းတစ်ခု သို့မဟုတ် အပန်းဖြေရိပ်သာတစ်ခုသို့သွားပြီး တိတ်ဆိတ်ငြိမ်သက်စွာ အနားယူပါ သို့မဟုတ် ဝိညာဉ်ရေးနှုတ်ကြားရေးမှူး ၏ လမ်းပြဦးဆောင်မှုကို ခံယူခြင်းဖြင့် အစပြုပါ။ အပြင်တွင် တစ်ပတ်လုံးလုံး အားသစ်လောင်းခြင်းသည် ပိုကောင်းပါသည်။ ဝိညာဉ်ရေးအားသစ်လောင်း အစီအစဉ်အတွက် သင်၏အလုပ်ရှင်အား နောက်ထပ်တစ်ပတ်အချိန်ပေးရန် တောင်းဆိုပါ။ ထို့အတွက် သင်၏နှစ်နာကြေး အစီအစဉ်ထဲမှ နှုတ်ယူရန်ဟု ပြောပါ။ သို့တည်းမဟုတ် ၎င်းကို သင်၏ တစ်ဆက်တစ်စပ်တည်းပညာရေး အစီအစဉ်အဖြစ်လည်းကောင်း သို့မဟုတ် အနားယူ အပန်းဖြေခြင်းအဖြစ် လည်းကောင်း မှတ်ယူပါ။ သင်၏စိတ်ကူးစိတ်သန်းကို အသုံးပြုပြီး အသစ်တီထွင်မှုပြုပါ။

သင် ဘာပဲလုပ်လုပ် အစပြုခြင်းဖြင့် လုပ်ပါ။ ဘုရားသခင်နှင့် ပိုမိုရှိနေနိုင်မည့် ဘက်သို့ဦးတည်ပြီး ရွေ့ရှားပါ။

## ရံဖန်ရံခါဝိညာဉ်ရေးပြုမူလှုပ်ရှားမှုများ

ရံဖန်ရံခါဝိညာဉ်ရေးအဖြစ်အပျက်များနှင့် အချို့တစ်ဆက်တစ်စပ်တည်းပညာရေးအခွင့်အလမ်းများသည်လည်း အလွန်အဓိပ္ပာယ်ရှိနိုင်ပါသည်။ အမျိုးသား များအားသစ်လောင်းခြင်း၊ အမျိုးသမီးများ အားသစ်လောင်းခြင်း၊ ကတိတည်သူများ (Promise Keepers)၊ ဝင်္ကပါလမ်းလျှောက်ခြင်း၊ ခေါင်းဆောင်များ ထိပ်သီးတွေ့ဆုံပွဲများ၊ အသင်းတော်၏အထူးအစီအစဉ်များ၊ ကျမ်းစာသင်ကြားခြင်း၊ စွမ်းအားမြှင့်ရက်များနှင့် အခြားအထူးအစီအစဉ်အမြောက် အမြားသည် ကျွန်ုပ်တို့ဝိညာဉ်ရေးအရ ကြီးထွားစေရန် အထောက်အကူပေး နိုင်ကြပါသည်။ ၎င်းတို့ကို ဝိညာဉ်ရေးကျင့်ဝတ်စည်းမျဉ်းများဖြစ်သည်ဟုမဆို နိုင်သော်လည်း ၎င်းတို့၏နှစ်ခုမရှိသော ထူးခြားသည့်သဘာဝကြောင့် ၎င်းတို့သည် အခြားဝိညာဉ်ရေးအကျင့်ဝလေ့များဖြစ်ပေါ်စေရေးအတွက် အလုံးစုံပြောင်းလဲနိုင်သော အတွေ့အကြုံများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ကျွန်ုပ်၏ပုဂ္ဂိုလ်ရေး အသက်တာဘဝနှင့် ခေါင်းဆောင်မှု၌ သင်တန်းတစ်ခုသည် အလွန်အရေးပါအရာရောက်ခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ရှာလဲင့်သိပ္ပံ (Shalem Institute)က 'အမှုဆောင်အရာရှိ၏ စိတ်ဝိညာဉ်' (The Soul of the Executive) ဟုခေါင်းစဉ်ပေးထားသော ၁၈ လကြာသင်တန်းကို ကျွန်ုပ်ပြီးစီးခဲ့သည်။ ၎င်း၌နှစ်ပတ်ကြာ အားသစ်လောင်းအစီအစဉ်များ၊ အထူးစာဖတ်ခြင်းများ၊ အမျိုးမျိုးသောဝိညာဉ်ရေး လက်တွေ့ကျင့်ထုံးများနှင့် ထိတွေ့မှု၊ သင်တန်း၌ ပါဝင်သူတို့အား အမှုဆောင်အရာရှိအခန်းကဏ္ဍ၌ မည်သို့ဝိညာဉ်ရေးခေါင်းဆောင်မှုပေးရန် ရည်ရွယ်ရေးဆွဲထားသောစီမံချက် တစ်ခုလည်းပါဝင်သည်။ ဤသင်တန်းကပေးလိုက်သော စာဖတ်ခြင်းများ၊ အတွေ့အကြုံများနှင့် အယူအဆများသည် ကျွန်ုပ်ကိုယ်တိုင်၏ဝိညာဉ်ရေး ခေါင်းဆောင်အဖြစ်၌လည်းကောင်း၊ ဤစာအုပ်ရေးသားရာ၌လည်းကောင်း အကြီးအကျယ်သြဇာလွှမ်းမိုးကြပါသည်။

သင်၏အသက်တာဘဝထဲသို့ ဝိညာဉ်ရေးကျင့်ဝတ်စည်းမျဉ်းများကို မည်သို့မည်ပုံထည့်သွင်းပေါင်းစပ်ရမည့်အရေးနှင့်ပတ်သက် သင်ကိုယ်တိုင်ကိုယ်ပိုင်နည်းလမ်းရှာဖွေပြီး လုပ်ဆောင်ရမည်ဖြစ်သည်။ ပန်းတိုင်မှာ တစ်စုံတစ်ဦး၏ဝိညာဉ်ရေးလက်တွေ့ကျင့်ထုံးများကို လိုက်လျှောက်ခြင်း သို့တည်း မဟုတ် 'မဖြစ်မနေလုပ်မည့်' ဖိနှိပ်မှုစနစ်တစ်ခုကိုဖန်တီးခြင်းပြုရန် မဟုတ်ပေ။ ကျင့်ဝတ်စည်းမျဉ်းများသည် ကျွန်ုပ်တို့၏စိတ်ထက်သန်မှုများ (compulsions) နှင့် တစ်စုံတစ်ခု၌ နစ်မြုပ်နေမှုများ (preoccupations)မှ ကျွန်ုပ်တို့အား

လွတ်မြောက်စေရန် အတွက်လည်းကောင်း၊ ကျန်းမာကောင်းမွန်သော အကျင့်ဓလေ့များ ဖန်တီးရန်အတွက်လည်းကောင်း၊ ဘုရားသခင်နှင့် ပိုမိုအသက်ဝင်ပြီး အကျိုးပြုသောဆက်ဆံရေးထားရှိရန်လည်းကောင်း ကျွန်ုပ်တို့အား အကူအညီပေးရန် တည်ဆောက်ကြခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့ကိုယ် တိုင်အလိုချင်ဆုံးနှင့် ကျွန်ုပ်တို့အတွက် ဘုရားသခင်ကြံရွယ်တော်မူသော အသက်တာအတိုင်း အသက်ရှင်နေထိုင်စေနိုင်မည့်စွမ်းရည်ကို ကျွန်ုပ်တို့ ပိုင်ဆိုင်ရေးအတွက် ဝိညာဉ်ရေးကျင့်ဝတ်စည်းမျဉ်းများက ကျွန်ုပ်တို့အား ဘုရားသခင်၌ အမြစ်တွယ်စေကြသည်။

## စဉ်းစားရမည့်အရာ

*ယခုသင့်အား ဘုရားသခင် ဘာတွေ မိန့်ကြားတော်မူပါသနည်း*

အကူအညီဖြစ်နိုင်သော ဝိညာဉ်ရေးလက်တွေ့ကျင့်ထုံးတစ်ခုမှာ ဘုရားသခင်က သင့်အား တစ်စုံတစ်ခုမိန့်ကြားတော့မည်ဟု သင်ယူဆသောအခါ သင်ကြုံခဲ့ရသော အတွေ့အကြုံ သို့မဟုတ် အတွေးအခေါ်များကို အချိန်ယူပြီး စာဖြင့် ရေးမှတ်ခြင်း၊ ပုံဆွဲခြင်း၊ အခြားပုဂ္ဂိုလ်ပိုင်းဆိုင်ရာနည်းတစ်ခုခုဖြင့် မှတ်သားခြင်း စသည်တို့ပြုလုပ်ခြင်းဖြစ်သည်။

အချိန်ကာလအခိုက်အတန့်ယူပြီး သုံးသပ်မှုပြုပါ။ သင်၏အတွေးအခေါ်များကို သင်၏နေ့စဉ်မှတ်တမ်း၌ရေးမှတ်ခြင်း သို့မဟုတ် အောက်၌ပေးထားသော ကွက်လပ်များ၌ ရေးမှတ်ခြင်းပြုပါ။ ဝိညာဉ်ရေးကျင့်ဝတ်စည်းမျဉ်းများနှင့် ပတ်သက်သော သင်ဖတ်ခဲ့သည်တို့ကို နောက်ခံပြုပြီး ယခုအချိန်တွင် ဘုရားသခင်အနေနှင့် သင့်အားဘာတွေ မိန့်ကြားလိုတော်မူသည်ကို စဉ်းစားပြီး သင့်ကိုယ်ကိုမေးပါ။

> ဘုရားသခင် ကျွန်ုပ်ကိုကျင့်ကြံစေတော်မူလိုသော ဝိညာဉ်ရေးလက်တွေ့ကျင့်ထုံးရှိပါသလား။ (အကယ် သင်မသိပါက ကျွန်ုပ်၏ဝိညာဉ်ရေး့ ့နှကြားရေးမှုး အကြံပြုသကဲ့သို့လုပ်ပါ။ မျက်မမြင် ဘာတီမေးယပ်စ်(ဗာတိမဲ) ပြုသကဲ့သို့ သခင်ယေရှုနှင့် ဆုတောင်း စကားပြောပါ။ ပထမ၌ သခင်ယေရှုအား အကူအညီတောင်းတော်မူပါ။ ခဏတာ စောင့်ပြီး သင်၏စိတ်ထဲ၌ သင်ဘာလိုချင်သနည်းဟု သခင်ယေရှု မေးတော်မူသည်ကို နားစွင့်ပါ။ သခင်ယေရှု မေးခွန်း ကိုဖြေကြားရာ၌ သင်လိုအပ်ချက်နှင့်ပတ်သက်ပြီး အမှန်ကန်ဆုံး ဖြစ်နိုင်ဖွယ်ရှိသောအရာကို ဖော်ပြပါ (မာကု ၁၀း၄၆–၅၂)။ ဤသို့ သခင်ခရစ်တော်နှင့်စကားပြောရာမှာ

သင့်အတွက် ဝိညာဉ်ရေးကျင့်ဝတ် စည်းမျဉ်းတစ်ခုခုပေါ်ထွက်လာမလာကို ကြည့်ပါ)။

- ကျင့်ဝတ်စည်းမျဉ်းတစ်ခုခုပေါ်ထွက်လာပါက ကျွန်ုပ်လိုက်လျှောက်ကျင့်သုံးရမည့် တိကျသေချာသော ခြေလှမ်းများကား အဘယ်နည်း။
- မည်သည့်အခက်အခဲ၊ အတားအဆီးများ သို့မဟုတ် စိန်ခေါ်ချက်များ (ဥပမာ=အချိန်မရှိမှု၊ အခြားလုပ်စရာများ၊ အကျင့်ဆိုးများ၊ စိတ်အာရုံပျက်ယွင်းစေသော ဝေယျာဝစ္စကိစ္စကြီးငယ်များ၊ အရင်းအမြစ်များလိုအပ်ချက်၊ စွမ်းအားနိမ့်ကျမှု)ကို ကျော်လွှားရမည်နည်း။
- ဘုရားသခင် ကျွန်ုပ်အား နောက်တစ်ခု လုပ်စေတော်မူလိုသောအရာကား အဘယ်နည်း။

## အစပြုလုပ်ဆောင်ပါ

တစ်ပတ်တစ်ခုနှုန်းဖြင့် အသေးလေးဖြင့် စတင်လုပ်ဆောင်ပါ။ သင်၏ လက်ရှိအနေအထားပြင်ပမှနေ ဤနှစ်အတွက် အသစ်တစ်ခုကြိုးစားကြည့်ပါ။ အကူအညီရှာပါ။ စိတ်ထားကောင်းသူ သို့မဟုတ် ဝိညာဉ်ရေးနန်ကြားရေးမှူး၊ သင်းအုပ်ဆရာ သို့မဟုတ် ဝိညာဉ်ရေးနှလုံးသားရှိသော မိတ်ဆွေစသည်တို့၏ အကူအညီကိုယူပါ။ ဘုရားသခင်ကို အကူအညီတောင်းပါ။ သင်၏စိတ်နှလုံးသားကို ဖွင့်ပေးတော်မူပါရန်နှင့် လမ်းပြပေးတော်မူပါရန်နှင့် လိုအပ်သော အရင်းအမြစ်များ ပေးသနားတော်မူမူပါရန် ဆုတောင်းပေးမူပါ။

တစ်စုံတစ်ယောက်က တစ်ပတ်ကြာ အားသစ်လောင်သင်တန်းတက်ရန် ဖြစ်စေ သို့မဟုတ် မွန်မြတ်သောကျမ်းစာဖတ်ခြင်းအဖွဲ့၌ ပါဝင်ရန်ဖြစ်စေ ဝိညာဉ်ရေးလမ်းညွှန်မှုစတင်ရန်ဖြစ်စေ သို့မဟုတ် အစာရှောင်ရန်ဖြစ်စေ၊ တိတ်ဆိတ်သော ရက်အားဖြစ်စေ၊ ကျွန်ုပ်အတွေ့အကြုံမရှိဖူးသော အခြားဝိညာဉ် ရေးလက်တွေ့ ကျင့်သုံးမှု တို့ကိုပြုလုပ်ရန် အကြံပြုသောအခါ ကျွန်ုပ်၏ တုံ့ပြန်မှုမှာ လုပ်နေကျ အတိုင်းဖြစ်ပါသည်။ ''တော်ပါပြီ၊ ကျွန်ုပ်အတွက် မဟုတ်ပါ။ ကျွန်ုပ်မှာ အချိန်မရှိပါ။ ဘာမျှော်လင့်ရမည်ကို ကျွန်ုပ်မသိပါ (ကျွန်ုပ်ကြောက် နေမိပါသည်။ ကျွန်ုပ်၌ အလုပ်တွေပုံနေပါသည် စသဖြင့်ဖြစ်ပါသည်။ ကျွန်ုပ်၏ အသက်တာဘဝအတွင်းနှင့် အစီအစဉ်အတွင်း ၎င်းတို့ကို မည်သို့ထည့် သွင်းပေါင်းစပ်မည်ကို ကျွန်ုပ်စဉ်းစား မရဖြစ်ပါသည်။

ယနေ့အချိန်တွင် ယင်းတို့ကို မလုပ်ဘဲနေရန် ကျွန်ုပ်စဉ်းစားမရဖြစ်ပါသည်။ ဆိုလိုသည်မှာ ယင်းတို့ကို ကျွန်ုပ်မလုပ်ဘဲ နေ မရပါ။

# အခန်း (၄)

# ဘုရားသခင်၏ အကြံအစည်တော်များနှင့်အတူ

## ခေါင်းဆောင်မှုလက်တွေ့ကျင့်ထုံး

ဘုရားသခင်၏ အကြံအစည်တော်များကို အစေခံလုပ်ဆောင်ရန် အမြဲတမ်း ပထမစဉ်းစားပါ

## စိတ်ဝိညာဉ်အခြေခံမှု

ဘုရားသခင်၏အကြံအစည်တော်များနှင့် ကျွန်ုပ်တို့၏လိုအင်ဆန္ဒကို ထပ်တူပြုခြင်းသည် အလုံးစုံဖြစ်ပြီး တစ်ဆက်တစပ်တည်းဖြစ်နေသော ဖြစ်စဉ်(လုပ်ငန်းစဉ်)ဖြစ်ပါသည်။

## သင့်ဘဝအတွက် ဘုရားသခင်၏ ကြံရွယ်တော်မူချက်သည် အဘယ်နည်း

ကျွန်ုပ်တို့သည် ရာထူး၊ဂုဏ်သိက္ခာနှင့် လူသားတို့၏အောင်မြင်မှုများကို ဂုဏ်ပြုချီးကျူးသော လူ့အဖွဲ့ကအစည်းထဲ၌ နေထိုင်ကြပါသည်။ ကျွန်ုပ်တို့ ကိုယ်တိုင်၏ရည်မှန်းချက်များကို အကောင်အထည်ဖော်ပေးနိုင်မည့် အစီအစဉ်များကို ရေးဆွဲပြီး ၎င်းတို့ကို ဘုရားသခင်အား ကောင်းချီးပေးတော်မူပါရန် တောင်းလျှောက်ကြရပြီး လူသား၏ပျော်ရွှင်ဖွယ်ရာများနှင့် လိုအင်ဆန္ဒများထဲ၌ ပျော်မြူးနေကြပါသည်။ အချို့ပုဂ္ဂိုလ်များသည် စစ်ပွဲများ၊ ဆူနာမီ လှိုင်းလုံးကြီးများ၊ ရေကြီးခြင်းနှင့် အခြားလူလုပ်နှင့် သဘာဝအလျောက် ပျက်စီးဆုံးရှုံးမှုကြီးများကြောင့် စိတ်ပျက်ခြင်း၊ ဒေါသထွက်ခြင်း၊ အမြင်မကြည်ခြင်းများ ကြုံတွေ့လာကြရပြီး ဘုရားသခင် မရှိဟုလည်းကောင်း၊ ရှိခဲ့လျှင်လည်း လူတို့အရေးကိစ ကို စိတ်မဝင်စားဟု လည်းကောင်း နိဂုံးချုပ်လေ့ရှိကြသည်။ ထို့ကြောင့် ထိုသို့သောပုဂ္ဂိုလ်များအတွက် ဘဝဟူသည် ရည်ရွယ်ချက် မရှိဟုလည်းကောင်း သို့မဟုတ် ကျွန်ုပ်တို့၏

ဖြစ်တည်မှုဘဝဆိုင်ရာ စိတ်ပျက်အားငယ်မှုကို ကျွန်ုပ်တို့ ကိုယ်တိုင်ရည်ရွယ်ချက် ဖန်တီးပြီး ၎င်းအားဖြင့် ဖြေရှင်းကြရမည်ဟုလည်းကောင်း ယူဆကြသည်။ သို့သော် လူ့ဘဝနှင့်ပတ် သက်  အတ အခြေပြုချဉ်းကပ်မှုသည် လည်းကောင်း သို့မဟုတ် ဘုရားသခင် မပါသော ကမ္ဘာ့အမြင်သည်လည်းကောင်း ကျမ်းစာကဖော်ပြသော လူတို့၏ရည်မှန်းချက်များနှင့် ဖီလာကန့်လန့်ဖြစ်နေပါသည်။

ဤအကြောင်းနှင့်ပတ်သက်  အသင်းတော်များ (ဂိုဏ်းဂဏအလိုက်) ကျမ်းစာသင်ကြားမှုအမျိုးမျိုးရှိပါသည်။ သို့သော် ခရစ်ယာန်အားလုံးက လူ့ ဘဝ၏ အဓိပ ာယ်နှင့် ရည်မှန်းချက်များ၏ မူလဇစ်မြစ်သည် ဘုရားသခင်ဖြစ်ကြောင်း လက်ခံကြပါသည်။ ဥပမာအားဖြင့် ကယ်လီဖိုးနီးယားပြည်နယ် လိပ်ဖောရက်စ် (Lake Forest, California, USA)ရှိ ဆက်ဒါဘက်အသင်းတော် (Saddleback Church)၏ သင်းအုပ်ဆရာဖြစ်သော ရိခ်ဝါရင်(Rick Warren) အနေဖြင့် ခရစ်ယာန်အသီးသီးအတွက် ပြောခဲ့သည်ဟုမဆိုနိုင်သော်လည်း မကြာသေးမီက ရည်ရွယ်ချက် (purpose) အကြောင်းကို သူ၏ အလွန်အောင်မြင်ကျော်ကြားသော စာအုပ်ဖြစ်သည့်  The Purpose-Driven Life(ရည်ရွယ်ချက်က  တွန်းအား ပေးသော အသက်တာဘဝ) ၌ အလေးထားဖော်ပြခြင်ဖြင့် ပေါ်ပင် ယဉ်ကျေးမှုထဲသို့ ယူဆောင်လာခဲ့သည်။ သူ၏အစပြု လေ့လာမှု သို့မဟုတ် သူ၏မူလအဆိုအပေါ် မည်သူမျှအငြင်းပွားကြမည် မထင်ပေ။

ဝါရင်၏ **ရည်ရွယ်ချက်က တွန်းအားပေးသောအသက်တာဘဝ** စာအုပ်၏ ပထမအခန်းကို အလွန်စိတ်ဝင်စားစရာကောင်းသော စကားစုဖြစ်သည့် 'သင့်အကြောင်းမဟုတ်ပါ။ [၁] စကားလုံးများဖြင့်ဖွင့်လိုက်ပါသည်။ သူက ဆက်လက် ကျွန်ုပ်တို့၏အတ အခြေပြုအတွေးအခေါ်သည်  ကျွန်ုပ်တို့အား  မှားယွင်းသော နေရာဖြစ်သည့် ကျွန်ုပ်တို့ကိုယ်တိုင်၏ အသက်တာဘဝများဆီသို့ ပို့ဆောင် ပေးသည်ဟု ရှင်းပြသွားသည်။ စကြဝဠာတစ်ခုလုံးအတွက် ဘုရားသခင်၏ ထာဝရရည်ရွယ် တော်မူချက်နှင့်အညီ လူသားများဖြစ်သော ကျွန်ုပ်တို့ တစ်ဦးချင်း စီအား ထူးခြားစွာ စီစဉ်တော်မူသော ကျွန်ုပ်တို့၏ဖန်ဆင်းရှင် ဘုရားသခင်သည်သာ ကျွန်ုပ်တို့၏အာ ုံစိုက်ရာ ဗဟိုဖြစ်သင့်ပါသည်။

ကျွန်ုပ်တို့၏ အသက်တာဘဝအတွက် ဘုရားသခင်၏ ရည်ရွယ်တော်မူ ချက်နှင့် ပတ်သက်  ကျွန်ုပ်တို့အချိန်ယူပြီး သုံးသပ်မှုမကြာခဏ ပြုလုပ် ကြပါ၏လော။ ကျွန်ုပ်တို့လုပ်နေသောအရာများ၊ ကျွန်ုပ်တို့သွားနေသော နေရာများ၊ ကျွန်ုပ်တို့ လုပ်နေသောအရာများကို မည်သို့လုပ်ကြသည်များ စသည်တို့ကို ဘုရားသင်၏အလိုတော်နှင့် ကျွန်ုပ်တို့၏အသက်တာများ ပိုမိုနီးစပ်မှုရှိစေရေးအတွက် ကျွန်ုပ်တို့ မကြာခဏသုံးသပ်မှုများပြုခဲ့ကြပါ၏လော။

# လိုအပ်သောအရာ

*ဘုရားသခင်၏ ရည်ရွယ်တော်မူချက်များကို ဦးစွာအမြဲအစေခံလုပ်ဆောင်ပါ*

သခင်ယေရှုသည် လောက၌ရှိနေစဉ် အဖခမည်းတော် ဘုရားသခင်၏ အလိုတော်အတိုင်း လုပ်ဆောင်တော်မူခြင်းဖြင့် မိမိအသက်တာ၏ရည်ရွယ်တော်မူချက် သိရှိတော်မူခဲ့သည်။ သခင်ယေရှုသည် တပည့်တော်များအား ဤသို့ ရှင်းပြတော်မူခဲ့သည်။ ''ငါသည် ငါ့အလိုအတိုင်း ဆောင်ရွက်ရန် ကောင်းကင်ဘုံမှ ဆင်းသက်လာသည်မဟုတ်။ ငါ့ကိုစေလွှတ်တော်မူသောအရှင်၏ အလိုတော်အတိုင်း ဆောင်ရွက်ရန် ဆင်းသက်တော်မူသည်''(ယော ၆း၃၈)။ ထိုအချိန်မှစ သမ္မာကျမ်းစာရေးသားသူများနှင့် ပညာရှင်တို့သည် အဆိုပါလူသား၏ရည်ရွယ်ချက်ကို နည်းအမျိုးမျိုးဖြင့် အနှစ်ချုပ်ရေးသားလာခဲ့ကြသည်။

အငြင်းပွားဖွယ်ဖြစ်သော်လည်း ၂၀ ရာစု၏နိုင်ငံတကာက ကျမ်းစာပညာရှင်အဖြစ် အသိအမှတ်ပြုခြင်းခံရသော ရူဒေါ့ဖ်ဘူလ်မန်း(Rudolf Bultmann)က ဓမ္မသစ်ကျမ်းစောင်အများစုသည် လူသားများအား ၎င်းတို့၏ဖန်ဆင်းရှင်နှင့်ဆက်ဆံရေးကို နားလည်ရန်နှင့် ဘုရားသခင်၏ကျေးဇူးတော်အပေါ်၌ ၎င်းတို့တည်မှီနေရခြင်းတို့ကို နားလည်သဘောပေါက်ရန်ရေးသားချက်များဖြစ်သည်ဟုဆိုသည်။ ဘာသာအယူပြောင်းလဲခြင်းသည် အရှုံးပေးခြင်းအမှုဖြစ်ပါသည်။ သက်ဝင်ယုံကြည်မှု (faith)သည် ဘုရားသခင်အား နာခံမှုပြုရန် ကျွန်ုပ်တို့၏ဒူးများကို ထောက်စေပြီး ကယ်တင်ခြင်းအတွက် သခင်ခရစ် တော်၌ ဆက်ကပ်အပ်နှံစေကာ ဘုရားသခင်၏အလိုတော်၌ ကျွန်ုပ်တို့အား ဆက်ကပ်အပ်နှံစေပါသည်။[၂]

ကျွန်ုပ်တိုင်၏ဖန်ဆင်းရှင် ဘုရားသခင်သည် ကျွန်ုပ်တို့အား ကယ်တင်သူနှင့် ကျွန်ုပ်တို့အား ထာဝရအသက်ပေးတော်မူသူဖြစ်သည်ဟု အမှန်ပင် ယုံကြည်သူတို့အတွက် 'အရှုံးပေးခြင်း'၊ 'ကျွန်ုပ်တို့၏ဒူးများကို ထောက်ခြင်း'နှင့် 'ဆက်ကပ်အပ်နှံခြင်း'တို့သည် သင့်လျော်လျောက်ပတ်သော တုံ့ပြန်မှုများ ဖြစ်ပါသည်။ ဤနည်းများဖြင့် ဘုရားသခင်ကို တုံ့ပြန်ခြင်းသည် 'အို ဘုရားသခင်၊ ကိုယ်တော်ရှင်သည်သာ အသက်ဖြစ်တော်မူပါသည်။ သခင်ခရစ်တော်အားဖြင့် ကိုယ်တော်ရှင်ပေးသနားတော်မူသော အသက်တာမှလွဲပြီး အခြားအသက်တာမျိုး ကျွန်ုပ်ခံစားနိုင်ခြင်းမရှိပါ။ ကိုယ်တော်ရှင်နှင့် ကိုယ်တော်ရှင်၏အလိုတော်ကို အာခံမည့်ကျွန်ုပ်ထဲ၌ရှိသော စိတ်ထက်သန်မှုများကို စွန့်လွှတ်ပါမည်။ သို့မှသာ ကိုယ်တော်ရှင်ပေးသနားတော်မူသောအရာကို ကျွန်ုပ်လက်ခံနိုင်မည်ဖြစ်သည်'' စသဖြင့် ဘုရားသခင်ကို တုံ့ပြန်ခြင်းဖြစ်သည်။ ရှေးဦးစွာ ထိုသို့သော သက်ဝင်ယုံကြည်မှုသည် ကျွန်ုပ်တို့အား ဘုရားသခင်ဆီသို့ ပြန်လည်ဦးလှည့်စေသဖြင့်

ကျွန်ုပ်တို့၏ စိတ်နှင့် နှလုံးသားများသည် သခင်ခရစ်တော်အားဖြင့် ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ဆက်ဆံရေးကို ပုံမှန်ဖြစ်စေပါသည်။ ဘုရားသခင်၏အလိုတော်ကို ပထမဦးစားပေးပြီး အစေခံဝန်ထမ်းခြင်းသည် အသက်တာဘဝအတွင်း ပုံမှန်ဘဝဖြစ်စဉ်ဖြစ်ပြီး ၎င်းသည် ဘုရားသခင်ထံတော်၌ အုံးပေးဆက်ကပ်ခြင်း၏ တိုးချဲ့မှုစိတ်နေ သဘောထားဖြစ်ပါသည်။

သို့သော် နေ့စဉ်ကျွန်ုပ်တို့ အစေခံဆက်ကပ်လုပ်ဆောင်ရမည့် ဘုရားသခင်၏ အလိုတော်ကားအဘယ်နည်း။ ခရစ်ယာန်တစ်ဦးစီအတွက် ဘုရားသခင်၏ အထွေထွေအလိုတော်သည် အတူတူဖြစ်သည်။ ၎င်း၌ ကျွန်ုပ်တို့၏ အသည်းနှလုံးများနှင့် စိတ်များ အလုံးစုံပြောင်းလဲခြင်းနှင့် သက်ဝင်ယုံကြည်မှု၊ ချစ်ခြင်းမေတ္တာနှင့် အစေခံဝန်ထမ်းခြင်းတို့ကို ပေါ်ထွန်းစေသော အသက်ရှင်နေထိုင်မှုဘဝများ ပါဝင်ကြသည်။ ကျွန်ုပ်တို့တစ်ဦးချင်းစီအတွက် ဘုရားသခင်၏ အလိုတော်များသည် ကွဲပြားကြပါသည်။ ကျွန်ုပ်တို့၏အသက်မွေးဝမ်းကျောင်း နှင့် အချိန်ကာလတစ်ခုနှင့် နေရာဒေသတစ်ခု၌ ဘုရားသခင်အား အစေခံခြင်း အခွင့်အလမ်းများပေါ်မူတည်ပြီး ကွဲပြားမှုရှိကြသည်။ ကျွန်ုပ်တို့အားလုံးအတွက် အသက်တာ၏ရည်ရွယ်ချက်သည် ဘုရားသခင်နှင့် မှန်ကန်သော ဆက်ဆံရေး၌ အရင်းတည်ခဲ့သည့်အပြင် ဘုရားသခင်၏ အလိုတော်အတိုင်း နေထိုင်ခြင်း၌လည်း မူတည်ပါသည်။ ယင်းလမ်းစဉ်သည် သူတစ်ပါးအပြင် ကျွန်ုပ်တို့ကိုယ်တိုင်အတွက်လည်း အကျိုးရှိပါသည်။

ကျွန်ုပ်အတွက် သခင်ခရစ်တော်၏ခန္ဓာကိုယ်နှင့်ပေါင်းစည်းသွားခြင်းဖြင့် ဘုရားသခင်အား ချစ်ခင်မြတ်နိုးပြီး သူ့အားအစေခံကာ ဂုဏ်အသရေတော်ကို ချီးမွမ်းခြင်းသည် လူသား၏ရည်ရွယ်ချက်နှင့်ပတ်သက်သော ကျမ်းစာ သင်ကြားပို့ချချက်၏အနှစ်သာရဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် ဘုရားသခင်ပေးသနားမူသော ရည်ရွယ်ချက်ကိုဖြည့်ဆည်းပြီးမြောက်စေရန် ကျွန်ုပ်တို့အနေဖြင့် အောက်ပါတို့ကို ပြုလုပ်ရပါမည်။

- သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်စွမ်းရှိသမျှ ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ချစ်ရမည် (မဲ ၂၂း၃၇)။
- သူများအား နည်းမျိုးစုံဖြင့် မေတ္တာထားပြီး အစေခံဝန်ထမ်းခြင်းအားဖြင့် ဘုရားသခင်ကို ကျွန်ုပ်တို့အစေခံနိုင်ပါသည် (ကမ္ဘာ ၁း၂၆၊ မဲ ၂၂း၃၉၊ ၂၅း၄၀၊ ဖေက် ၂း၁၀၊ တိတု ၂း၁၄)။
- ကျွန်ုပ်တို့ပြုလုပ်သမျှသောအရာများ၌ ဘုရားသခင်ကိုကြည်နူးစေပြီး ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းကြလျက် သခင်ခရစ်တော်နှင့် တိုးသထက်တိုး တူညီစေရန် ကြိုးစားကြရမည်ဖြစ်သည် (၂ကော ၅း၉၊ ၁ကော ၁၀း၁၁၊ ရော ၈း၂၈–၃၀)။

- ကျွန်ုပ်တို့၏ ဘုရားသခင်နှင့်ဆက်ဆံရေးကို သခင်ခရစ်တော်၏ခန္ဓာကိုယ်နှင့် ပေါင်းစည်းခြင်းဖြင့် အသက်ရှင်နေထိုင်ကြရန်ဖြစ်သည် (ရော ၁၄း၁၇၊ ၁ကော ၁၇)။

- ဘုရားသခင်နှင့် စစ်မှန်စွာဆက်ဆံရာမှ ပေါ်ထွက်လာသောချစ်ခြင်းမေတ္တာ၊ ပျော်ရွှင်မှု၊ ငြိမ်းချမ်းမှုနှင့် အသီးအပွင့်များတို့ဖြင့်ပြည့်နေသော ကြွယ်ဝပြည့်စုံသောအသက်တာကို တွေ့ကြုံခံစားကြရမည်ဖြစ်သည် (ယော ၁၀း၁၀၊ ၁၅း၁–၁၂၊ ဂလာတိ ၅း၂၂–၂၃)။

ကျွန်ုပ်တို့သည် ခေါင်းဆောင်များဖြစ်သဖြင့် ကျွန်ုပ်တို့၏အသက်တာအတွက် ဘုရားသခင်၏အလိုတော်၌ ဆက်ကပ်ကြရန် ရွေးကောက်ခြင်းခံရသူများဖြစ်ကြသဖြင့် မေတ္တာထားခြင်း၊ အစေခံဝန်ထမ်းခြင်းနှင့် ဘုရားသခင်၏ဘုန်းအသရေတော်ကို ချီးမွမ်းခြင်းတည်းဟူသော ပိုမိုကျယ်ပြန့်သည့်မူဘောင်အတွင်း အသက်ရှင် နေထိုင်ကြရမည်ဖြစ်သည်။ ပထမအားဖြင့် ကျွန်ုပ်တို့၏ ခေါင်းဆောင်မှုအနေအထားသည် ဘုရားသခင်ပေးသနားတော်မူသော ဘဝ၏ရည်ရွယ်ချက်နှင့် အံဝင်ဂွင်ကျဖြစ်ရန် လိုအပ်ပါသည်။

## ကျွန်ုပ်တို့၏ခေါင်းဆောင်မှုကဏ္ဍကို ဘုရားသခင်၏အလိုတော်နှင့် တစ်ပြေးညီဖြစ်စေခြင်း

အမေရိကန်ပြည် အလီနွိုင်ပြည်နယ် ဆောက်ဘာရင်တန်မြို့ရှိ ဝီးလောခရိခ်ကွန်မြူနတီအသင်းတော် (Willow Creek Community Church)မှ သင်းအုပ်ဆရာ ဘီးလ်ဟိုင်ဘဲလ် (Bill Hybels) က ခန်းမအပြည့်ရှိနေကြသော သင်းအုပ်ဆရာများနှင့် ခရစ်ယာန်ပညာသည် အဆင့်ပုဂ္ဂိုလ်များအား 'မိမိ၏အသက်မွေးဝမ်းကျောင်းအလုပ်၌ ယုံကြည်မှုအပြည့်ရှိရန် အရည်အချင်းရှိရမည်ဖြစ်ကြောင်း' ပြောခဲ့ဖူးပါသည်။[၃] ကျွန်ုပ်အနေနှင့် အလုပ်တာဝန်တစ်ခုနှင့်ပတ်သက် ထိုမျှခိုင်ခံ့သေချာမှုမျိုး အမြဲခံစားခြင်းမရှိခဲ့သော်လည်း ခက်ခဲသောစိန်ခေါ်မှုများနှင့် ကြုံတွေ့ရသောအခါများတွင် ကျွန်ုပ်၏အလုပ်တာဝန်၌ ယုံကြည်မှုအပြည့်ရှိသောအခါ ကျွန်ုပ်လွယ်ကူစွာ စိတ်ပျက်ခြင်း သို့မဟုတ် အနိုင်ယူခံရခြင်းမရှိခဲ့ပေ။ ကျွန်ုပ်သည် အနီးဝန်းကျင်၌ အခြားအခွင့်အလမ်းများ ရှိမလားဟု ကြည့်လေ့ကြည့်ထမရှိခဲ့ပါ။ အကြောင်းမှာ ကျွန်ုပ်ယခုရှိနေသော နေရာသည် ကျွန်ုပ်ရှိသင့်ရှိထိုက်သော နေရာဖြစ်သည်ဟုယူဆသောကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်သည် ဆက်ကပ်ထားသူဖြစ်ပြီး လွယ်လွယ်နှင့် ပြန်လည်ခေါင်းထောင်

လာနိုင်သူဖြစ်ပါသည်။ အကြောင်းမှာ ကျွန်ုပ်လုပ်နေသည်မှာ ဘုရားသခင် ကျွန်ုပ်အား လုပ်စေတော်မူလိုသော အလုပ်ဖြစ်ကြောင်း သိရှိသောကြောင့် ဖြစ်ပါသည်။

သို့သော် လက်တွေ့ကမ္ဘာ၏ အကန့်အသတ်ဆောင်သော အလုပ်အကိုင် အခွင့်အလမ်းများနှင့် အခြားထိန်းချုပ်မှုများကြောင့် ကျွန်ုပ်တို့အတွက် ဘုရားသခင် မည်သို့အလိုတော်ရှိသည်ကို ကျွန်ုပ်တို့ ကျိုးနွံစွာ တောင်းလျှောက်တော်မူ သင့်သည်ဟု ယုံကြည်သည်။ သို့သော် ဘုရားသခင်က ကျွန်ုပ်တို့အား ချပေးတော်မူ သောအရာများအပေါ် ကျေနပ်ရောင့်ရဲသင့်သည်ဟု ကျွန်ုပ် ယုံကြည်သည်။ ကျွန်ုပ်တို့အနေဖြင့် အလုပ်တာဝန်၌ဖြစ်စေ၊ စိတ်ထက်သန်မှု၌ ဖြစ်စေ၊ „မြင်ပုံဖော်မှု (vision)၌ဖြစ်စေ ခိုင်မာသောအသိတရားမရှိဘဲ ခေါင်းဆောင်မှုနေရာ၌ ရှိသွား နိုင်ပါသည်။

ထို့နောက် ဘာဖြစ်သွားသနည်း။ အဖြေမှာ ကျွန်ုပ်တို့၏အမြင့်„ထောင်၌ များစွာမူတည်နေပါသည်။ ကျွန်ုပ်တို့သည် လက်ရှိရာထူးသည် ဘုရားသခင်က ကျွန်ုပ်တို့၏လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်နှင့် ကျွန်ုပ်တို့မိသားစုများအား ပံ့ပိုးထောက်မနိုင်ရန် ပေးသနားတော်မူခြင်းအဖြစ်ယူဆပါက ကျွန်ုပ်တို့ ကြည်နူး ဝမ်းမြောက်ပြီး ဘုရားသခင်အားကျေးဇူးတင်ကြမည်ဖြစ်သည်။ ထိုသို့သော „ထောင့်မှကြည့်ပါက သင့်လျော်လျောက်ပတ်သော တုံ့ပြန်မှုမှာ ကျွန်ုပ် တို့ပါဝင်သော အဖွဲ့အစည်းအောင်မြင်ရေးအတွက် ကျွန်ုပ်တို့၏ တာဝန်ဝတ ရားများကို အကောင်းဆုံးလုပ်ဆောင်ခြင်းဖြစ်ပါလိမ့်မည်။

ထိုသို့မဟုတ်ဘဲ ဘုရားသခင်၏အလိုတော်နှင့် ကျွန်ုပ်တို့၏လက်ရှိရာထူးနှင့် ဆက်စပ်မှုမရှိဟု ကျွန်ုပ်တို့ခံယူတော့ခြင်းမရှိပါက ဘာဖြစ်သွားမည်နည်း။ တစ်နည်းအားဖြင့်ဆိုပါက ကျွန်ုပ်တို့အား ဘုရားသခင်ရှိစေတော်မူလိုသော နေရာနှင့်ပတ်သက် ကျွန်ုပ်တို့၌ အသိတရားမရှိတော့သောအခါ သို့မဟုတ် ကျွန်ုပ်တို့ မေ့ပျောက်သွားသောအခါ ဘာဖြစ်သွားမည်နည်း။ ကျွန်ုပ်တို့၏ အခြေအနေဆုတ်ယုတ်သွားနိုင်ပါသည်။ ဘုရားသခင်၌ဖြစ်စေ၊ သို့မဟုတ် ကျွန်ုပ်တို့ကိုယ်တိုင်ကိုဖြစ်စေ သံသယဖြစ်သွားနိုင်ပြီး ကျွန်ုပ်တို့ကိုယ်တိုင်၏ အစီအစဉ်များကိုသာ အာ႐ုံစိုက်သွားနိုင်ပါသည်။ မိမိကိုယ်တိုင်၏ ခေါင်းဆောင်မှု ကဏ္ဍအပေါ် ပီတိဖြစ်သွားနိုင်ပါသည်။ ဘုရားသခင်အနေနှင့် ဤသို့သော အမှုတော်ဆောင်ခြင်းကို အလိုရှိတော်မူသည်ဖြစ် ဤသို့သော ခေါင်းဆောင်မှုကို လိုလားတော်မူသည်ဟုလည်းကောင်း၊ သခင်ခရစ်တော်အား လောကီအဖွဲ့အစည်း၌ သိရှိသဘောပေါက်ကြရန် လိုအပ်သည်ဟုလည်း ကောင်း ကျွန်ုပ်တို့ မည်သည့် နေရာ၌ရှိသည်ဖြစ်စေ မည်သည့်အလုပ်လုပ်သည်ဖြစ်စေ ဘုရားသခင်အတွက် အစေခံဆက်ကပ်ရမည်ဟုလည်းကောင်း မိမိတို့ကိုယ်ကို ပြောကာ ကျေနပ်မှု

ရှာဖွေနိုင်ပါသည်။ အမှန်အားဖြင့် ကျွန်ုပ်တို့သည် ကောင်းသော အလုပ်ကို လုပ်ဆောင်ကောင်း လုပ်ဆောင်ကြမည်ဖြစ်ပြီး ခရစ်ယာန်များသည် လုပ်ငန်းခွင် အသီးသီး၌ လိုအပ်ကောင်းလိုအပ်ကြမည်ဖြစ်သည်။ သို့သော် ထိုသို့သော အခြေအနေမျိုး၌ ကျွန်ုပ်တို့တစ်ဦးစီအတွက် အရေးကြီးသောအရာမှာ ကျွန်ုပ်တို့ လုပ်နေသောအရာသည် ဘုရားသခင်က ကျွန်ုပ်တို့အား လုပ်စေတော်မူလိုသော အလုပ် ဟုတ်မဟုတ်ဟူသောအချက်ဖြစ်သည်။

## သတိရှိပါ

မိမိ၏အလုပ်တာဝန် ဟုတ်မဟုတ် သေချာစွာမသိဘဲဖြစ်စေ ရည်ရွယ်ချက် မရှိဘဲဖြစ်စေ ခေါင်းဆောင်မှုမပြုရန် သတိထားပါ။ ဆိုလိုသည်မှာ ဘုရားသခင် ပေးသနားတော်မူသော ရည်ရွယ်ချက်အသိတရားမရှိဘဲ မလုပ်ဆောင်ရန် ဖြစ်သည်။ ဘုရားသခင်လုပ်စေတော်မူလိုသောအလုပ်ကို လွဲချော်သွားစေ နိုင်သကဲ့သို့ သင်လွဲချော်သွားသဖြင့် ကမ္ဘာကလည်း လွဲချော်သွားတော့မည် ဖြစ်သည်။ ဘုရားသခင်လမ်းပြတော်မူခြင်းကို မလိုက်လျှောက်သဖြင့် သင်၊ သင်၏ ဝန်ထမ်းများနှင့် သင့်မိသားစုအားလုံး နစ်နာဆုံးရှုံးရမည်ဖြစ်သည်။ အကြောင်းမှာ သင်သည် ဘုရားသခင်၏ဝိညာဉ်တော်နှင့် သဟဇာတမဖြစ် တော့သဖြင့် သင်၏ စိတ်နေစိတ်ထားနှင့် အမူအရာများသည် အနုတ်လက္ခဏာ ဆောင်ကုန်ကြ တော့မည်ဖြစ်သည်။ သင်၏အဖွဲ့အစည်းသည်လည်း နစ်နာဆုံးရှုံးမှုကြုံတွေ့ရ မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သင် ဖက်တွယ်နေသော ခေါင်းဆောင် ရာထူးကို လွှဲပြောင်းတာဝန်ယူသူအနေနှင့် ကောင်းစွာ ဆက်ကပ်လုပ်ဆောင်နိုင်မည် မဟုတ်တော့သောကြောင့် ဖြစ်သည်။

သင်ဆက်လက်ရှိနေချင်သောနေရာ၌ ရှိနေသေးသည့်တိုင် သို့မဟုတ် သင့်အနေဖြင့် အခြားမည်သည့်နေရာ၌မျှ မရှိသောကြောင့် ဖြစ်လျှင်လည်း သင် လုပ်ဆောင်နေသာအရာများသည် ဘုရားသခင်၏ အလိုတော်အတိုင်းမဟုတ်ဘဲ သင်ကိုယ်တိုင်၏ အစီအစဉ်အတိုင်းသာဖြစ်ကြသဖြင့် နောက်ဆုံးတွင် သင်၏လုပ်ရှားလုပ်ဆောင်မှုများသည် အရှုံးနှင့်သာ ရင်ဆိုင်ရမည်ဖြစ်သည်။ သင်မျှော်မှန်းသော ပန်းတိုင်ကိုရောက်ရှိပြီး အလွန်ကောင်းသော အကျိုးရလဒ်များကို ဖြစ်ထွန်းစေသည့်တိုင် သင်၏နှလုံးသားထဲ၌ ဟာတာတာဖြစ်နေပြီး အပြစ် ခံစားရသကဲ့သိုရှိနေမည်ဖြစ်သည်။ အဆိုးဆုံးမှာ သင်နှင့်ဘုရားသခင် တို့၏ ဆက်ဆံရေး ယိုယွင်းသွားခြင်းဖြစ်သည်။

ကဏ္ဍတစ်ခုနှင့်ပတ်သက်ပြီး သင်၏အလုပ်တာဝန်အသိတရား၌ အခက် အခဲရှိခဲ့သော် သင်၌ အပြောင်းအလဲလိုအပ်ပါလိမ့်မည်။ အသစ်အဆန်း တစ်ခုခု

လုပ်ရန် သင့်အား တာဝန်ပေးခြင်းဖြစ်နိုင်ပါသည်။ ထိုအခါ အလုပ်သစ် အခွင့်အလမ်းများရှိမရှိ သို့မဟုတ် ဝန်ထမ်းခြင်းအတွက် အခွင့်အလမ်း သစ်များ ရှိမရှိ စစ်ဆေးရန်လိုအပ်မည်ဖြစ်သည်။ သင်၏လက်ရှိအခန်းကဏ္ဍသည် သင်၏ခွန်အားနှင့် စိတ်အားထက်သန်မှုများဖြင့် မလုံလောက်တော့ကြောင်း၊ ထို့ကြောင့် သင်၌ရှိသော ကျွမ်းကျင်မှုဆုကျေးဇူးများကို ထိန်းသိမ်းနိုင်ခြင်း မရှိတော့ကြောင်း ယုံကြည်လာနိုင်ပါသည်။ သင်၏နှလုံးသားသည် အခြားအမှုတော် ဆောင်လုပ်ငန်းအတွက် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သင်၏ မေးခွန်းများနှင့်ပူပန်သောကများ၏ အကြောင်းတရားသည် မည်သို့ပင်ဖြစ်စေကာမူ သင်ကြုံတွေ့နေရသော အံ့ဩတုန်လှုပ်မှုအပေါ် သင်လုပ်နိုင်တာ တစ်ခုခုရှိပါ၏လော။ ဘုရားသင်သည် သင်ယခုအလုပ်လုပ်နေသောနေရာ သို့မဟုတ် အမှုတော်ဆောင်သောနေရာမှ အပြောင်းအလဲရှိစေတော်မူခြင်းလော။ သို့မဟုတ် သင်၏ခေါင်းဆောင်မှု၌ အပြောင်းအလဲရှိစေလိုတော်မူ လော။

အခြားတစ်ဖက်မှကြည့်လျှင် လိုအပ်နေသောအပြောင်းအလဲသည် သင်ထင်ထားသည်ထက် များစွာကွာခြားနိုင်ပါသည်။ သင်ကိုယ်တိုင်ပြောင်းလဲရေးအတွက် ခေါ်တော်မူခြင်းဖြစ်နိုင်ပါသည်။ ယခု သင် ခေါင်းဆောင်နေသော အခန်းကိုပြောင်းလဲစေလို လည်း ဖြစ်နိုင်ပါသည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့၏မကျေနပ်ချက် သို့မဟုတ် ဂနာမငြိမ်မှုသည် ကျွန်ုပ်တို့၌လိုအပ်နေသော ပြောင်းလဲမှုများကို ရင်မဆိုင်ချင်ကြသောကြောင့် ဖြစ်တတ်ပါသည်။ ကျွန်ုပ်တို့၌ လိုအပ်နေသောအပြောင်းအလဲများမှာ ကျွန်ုပ်တို့၏ပုဂ္ဂိုလ်ရေး သို့မဟုတ် အလုပ်ဦးစားပေးမှုများ၊ လုပ်ဖော်ဆောင်ဖက် များနှင့်ဆက်ဆံရေးများ၊ ကျွန်ုပ်တို့၏ ခေါင်းဆောင်မှုနည်းလမ်းများ၊ ကျွန်ုပ်တို့၏ဆုကျေးဇူးများနှင့် အရင်းအမြစ်များ သုံးစွဲမှုများ စသည်တို့ဖြစ်ပါသည်။ ဥပမာအားဖြင့် ကျွန်ုပ်တို့၏ မျှော်လင့်စောင့်စားချက်များသည် လက်တွေ့မကျသဖြင့် ့ ဝန်ထမ်းများအပေါ် တစ်ခါတစ်ရံမကျေမနပ်ဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့ ပိုင်ဆိုင်ထားသော ဆုကျေးဇူးများကို အခြားသူတို့လည်း ပိုင်ဆိုင်ကြမည်ဟုယူဆပြီး ကျွန်ုပ်တို့သိရှိနားလည်သကဲ့သို့ အခြားသူတို့လည်း သိရှိနားလည်ကြမည်ဟု ယူဆခြင်းရှိနိုင်ပါသည်။ အခြားသူတို့နှင့်အလုပ်လုပ်ရာ၌ဖြစ်စေ၊ သင်၏ တွေးခေါ်ပုံ၌ဖြစ်စေ၊ သင်၏ ခေါင်းဆောင်မှု၌ဖြစ်စေ ဘုရားသခင်က သင့်အား အပြောင်းအလဲများပြုလုပ်ရန် စေခိုင်းတော်မူခြင်း များဖြစ်လေမလား။

ကျွန်ုပ်၏အသက်တာ၌ အခက်ခဲဆုံး ဆုံးဖြတ်ချက်များအနက် တစ်ခုမှာ လွန်ခဲ့သော ဆယ်နှစ်ကျော်က ဘုရားသခင်စေခိုင်းတော်မူသော အလုပ် တာဝန်ဟု ယူဆပြီး စိတ်ရောကိုယ်ပါ လုပ်ကိုင်လာခဲ့သော အမှုတော်ဆောင် လုပ်ငန်းတစ်ခု၏ ခေါင်းဆောင်မှုကို လက်လွှတ်ရန် ဆုံးဖြတ်ချက်ချခြင်းဖြစ်သည်။ ကျွန်ုပ်၏

နှလုံးသားမှာ သာသနာပြုလုပ်ငန်းနှင့် ျမြင်ပုံဖော်မှု(ျပါံ) ၌ရှိနေခဲ့သည်။ ဆယ်နှစ်နီးပါးအမှုတော်ဆောင်လုပ်ငန်းတိုးတက်အောင် လုပ်ဆောင်ခဲ့သည်။ သာသနာနယ်ကိုလည်း ချဲ့ထွင်နိုင်ခဲ့သည်။ ဝန်ထမ်းအင်အားကိုလည်း တိုးချဲ့ ခန့်အပ်နိုင်ခဲ့ပြီး အမှုတော်ဆောင်လုပ်ငန်းလည်း တိုးတက်ကြီးထွားလာခဲ့သည်။ သို့သော် တစ်ခုခုမှားယွင်းနေခဲ့သည်။

ကျွန်ုပ်၏သင်ကြားပို့ချခြင်းအတတ်ဆုကျေးဇူးကို တိုးသထက်တိုး လျစ်လျူ့ခဲ့မိသည်ဟု ကျွန်ုပ်ခံစားခဲ့ရသည်။ ရန်ပုံငွေ ပိုမိုရရှိရေးတောင်းဆိုချက်နှင့် လုပ်ငန်းတိုးချဲ့ရေးတောင်းဆိုချက်တို့ ပိုမိုကြီးထွားလာသည်နှင့်အမျှ ကျွန်ုပ်၏ ကျွမ်းကျင်မှုနယ်ပယ် မဟုတ်သောကဏ္ဍများ၌ ပိုမိုပါဝင်လာခဲ့ရသဖြင့် ကျွန်ုပ်၏ကျွမ်းကျင်မှုနယ်ပယ်ဖြစ်သော လေ့လာမှု၊ စာရေးသားမှုနှင့် သင်ကြားပို့ချခြင်းအပိုင်း၌ အားစိုက်မှုယုတ်လျော့သွားခဲ့သည်။ ကျွန်ုပ်၏ခေါင်းဆောင် ရာထူးကို မစွန့်လွှတ်ချင်ပါ။ သို့သော် ပုဂ္ဂိုလ်ရေးပြ နာမှာ ပို ကြီးထွား လာနေပါသည်။ လိုအပ်သောအရာကို ပေးရပါမည်။ လိုအပ်သောအရာကို ပြောင်းရပါမည်။

စိတ်သောကရောက်ပြီး အိပ်မပျော်သောညများစွာကိုကျော်လွန်ပြီးမှ မိမိကိုယ်ကို ဝေဖန်သုံးသပ်မှုပြုပြီး ဆုတောင်းကာ တစ်ခုခုလုပ်မှဖြစ်မည်ကို ကျွန်ုပ်သိလိုက်သည်။ ကျွန်ုပ်၏အရင်းနှီးဆုံးမိတ်ဆွေအချို့နှင့်လည်းကောင်း၊ ဝိညာဉ်ရေး့န်ကြားရေးမှူးနှင့်လည်းကောင်း၊ ဇနီးသည်နှင့်လည်းကောင်း၊ နောက်ဆုံးတွင် ကျွန်ုပ်အလုပ်လုပ်နေသော အဖွဲ့အစည်း၏ အလုပ်အမှုဆောင်ကော်မတီနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခြင်းပြုခဲ့သည်။ စုပေါင်းအသိတရားဖြစ်စဉ်ထဲသို့ဝင်ရန် ကျွန်ုပ်ဆန္ဒရှိခဲ့သည်။ ဘုရားသခင်၏လမ်း့န်ဦးဆောင်တော်မူခြင်းကို အတူတကွတွေ့ရှိနိုင်ရေးအတွက် ကျွန်ုပ်ကို ကျွန်ုပ် အဖွဲ့အမှုတော်ဆောင်လုပ်ငန်းတို့ကို ဆက်လက်လုပ်ဆောင်လိုခဲ့သည်။ သို့သော် တချိန်တည်းတွင် အလုပ်နှစ်ခုလုပ်ခြင်းသည် လက်တွေ့ မကျသောကိစ ဖြစ်ပါသည်။ ယခု ကျွန်ုပ်ဦးဆောင်နေသော အမှုတော်ဆောင် လုပ်ငန်းအတွက်ဖြစ်စေ၊ ကျွန်ုပ်ကြိုးစားလုပ်ဆောင်နေသော အမှုတော် ဆောင်လုပ်ငန်းအသစ်အတွက်ဖြစ်စေ အဓိပ ာယ်သိပ်ပြီး မရှိလှပေ။ ကျွန်ုပ် အပြောင်းအလဲလုပ်ရန် လိုအပ်ပါသည်။ နည်းတစ်ခုသာ ဖြစ်နိုင်ခြေရှိပါသည်။ ကျွန်ုပ်နုတ်ထွက်ရေးနှင့် ဆက်ခံသူရှာဖွေရေးအတွက် စတင်လုပ်ဆောင်ကြပါတော့သည်။

လူပုဂ္ဂိုလ်ပြောင်းလဲရေးအကြောင်းကို နောက်အခန်းတွင် အဓိကထား ဆွေး နွေးကြမည်ဖြစ်သည်။ ယခုလောလောဆယ်တွင်မူ အောက်ပါအဓိကမေးခွန်းများအပေါ် အာံုစိုက်ကြမည်ဖြစ်သည်။

– သင်၏ခေါင်းဆောင်မှုအနေအထားသည် ဘဝအသက်တာအတွက် ဘုရားသခင် ပေးသနားတော်မူသော ရည်ရွယ်ချက်နှင့် အံဝင်ဂွင်ကျဖြစ်သည်ဟု သင်

သေချာပါ၏လော။

– သင် ယခုကြုံတွေ့နေရသော အခက်အခဲမျုးသည် သင်၏တွေးခေါ်စဉ်းစားပုံနှင့် ခေါင်းဆောင်ပုံတို့ကြောင့် ပိုမိုဖြစ်နိုင်ခြေရှိကြောင်း၊ သင်ပါဝင်သော အခန်းကဏ္ဍနှင့် တာဝန်ဝတ ရားများကြောင့် ဟုတ်ဟန်မတူကြောင်း သင်စဉ်းစားဖူးပါ၏လော။

– ဘုရားသခင်၏အလိုတော်နှင့်အညီ ရပ်တည်နိုင်ရန် လိုအပ်သောအပြောင်းအလဲများကို တတ်နိုင်သမျှပြုလုပ်သွားရန် ဆက်ကပ်ထားပါ၏လော။ တစ်နည်းအားဖြင့်ဆိုလျှင် သင်၏အတွေ့အကြုံများအားဖြင့် ဘုရားသခင်သည် သင့်အား ဆက်သွယ်တော်မူနိုင်သည်ကို သင်စဉ်းစားပါ၏လော။

– သင်နားထောင်ပါ၏လော

– သင်၏အသက်တာနှင့် ခေါင်းဆောင်မှုအတွက် ဘုရားသခင်၏ရည်မှန်းတော်မူချက်များကို ဆက်ကပ်ခံယူထားပါ၏လော။

## ဘုရားသခင်၏အလိုတော်နှင့် ကျွန်ုပ်တို့၏နေ့စဉ်ခေါင်းဆောင်မှုကို တစ်ပြေးညီထားရှိခြင်း

ခေါင်းဆောင်တစ်ဦးအနေဖြင့် ကျွန်ုပ်တို့၏ဘဝအသက်တာအတွက် ဘုရားသခင်၏အကြံအစည်တော်ကို ဆက်ကပ်အစေခံခြင်း၏ ဒုတိယအစိတ် အပိုင်းမှာ ကျွန်ုပ်တို့၏ခေါင်းဆောင်မှုအစိတ်အပိုင်းတစ်ခုစီအား ဘုရားသခင်၏ အလိုတော်နှင့်အညီ ကျွန်ုပ်တို့၏လိုအင်ဆန္ဒကို တစ်သားတည်းဖြစ် ရေးဖြစ်ပါသည်။ ကျွန်ုပ်တို့၏လိုအင်ဆန္ဒကို ဘုရားသခင်၏ဆန္ဒတော်နှင့် တသားတည်းဖြစ်စေ ရေးဆိုသည်မှာ ဘုရားသခင်အား ကျွန်ုပ်တို့၏ပုဂ္ဂိုလ်ရေး ခေါင်းဆောင်အဖြစ်နှင့် ကျွန်ုပ်တို့အဖွဲ့အစည်း၏ ခေါင်းဆောင်အဖြစ်ယုံကြည်ပြီး ယင်းယုံကြည်ချက်အတိုင်းကျင့်ကြံနေထိုင်ခြင်းဖြစ်သည်။ အခိုက်အတန့်ကာလတစ်ခု၌ ဘုရားသခင်၏အကြံအစည်တော် ဘာဖြစ်သည်ကို သိရှိခြင်းမရှိသည့်တိုင် ကျွန်ုပ်တို့၏စီမံကိန်းများကို ဘုရားသခင်၏အကြံ အစည်များထဲ ထည့်သွင်းပေါင်းစည်းကြရမည်ဖြစ်သည်။ ယခု ကျွန်ုပ်ပြောနေ သည်မှာ အံ့းပေးကျိုးနွံခြင်း စိတ်နေသဘောထားဖြစ်ပါသည်။ ကျွန်ုပ်တို့၏ သက်ဝင်ယုံကြည်မှုနှင့် ဘုရားသခင်နှင့်မဟာမိတ်ဖွဲ့ခြင်းနှင့် ကျွန်ုပ်တို့၏ ဆက်ကပ်ထားသော အလုပ်တာဝန်များမှပေါ်ထွက်လာသောနည်းလမ်းများအားဖြင့် ဂုဏ်သိက္ခာရှိစွာ ခေါင်းဆောင်နိုင်ရန်ကျွန်ုပ်တို့ကိုယ်ကို စိတ်အားဖြင့်ဖြစ်စေ၊ ခံစားချက်အားဖြင့်ဖြစ်စေ ဝိညာဉ်ရေးအားဖြင့်ဖြစ်စေ ပြင်ဆင်မှုပြုရမည်ဖြစ်သည်။

စိတ်ပညာရှင်လာရီခရက်ဘ် (Larry Crabb)က သူ၏Connections (အဆက်အသွယ်များ)ဟူသောစာအုပ်၌ ဘုရားသခင်၏အလိုတော်နှင့် ကျွန်ုပ်တို့၏လိုအင်ဆန္ဒများ တစ်ပြေးညီဖြစ်ခြင်း၏ ဆန့်ကျင်ဘက်အကြောင်းကို ရေးသားဖော်ပြပါသည်။[၄] ကျွန်ုပ်တို့၏ကိုယ်ပိုင်ရည်မှန်းချက်များအား သိလျက်ဖြစ်စေ၊ မသိဘဲလျက်ဖြစ်စေ ကျွန်ုပ်တို့အလိုကျလုပ်ဆောင်ခြင်းကို ဤသို့ဖော်ပြပါသည်။

- ကျွန်ုပ်တို့၌ ပြည့်ဝစုံလင်မှုရှိခြင်းကို သက်သေပြခြင်း (ကိုယ်ပိုင်မြို့ကြီးပြကြီးများ တည်ဆောက်ခြင်း)
- နာမည်ကြီးအောင်ပြုလုပ်ခြင်း (မီးထွန်းသူများအပြစ်ရှိနေခြင်း)
- လုံခြုံစွာထိန်းသိမ်းခြင်း (နံရံဆေးဖြူသုတ်သူများဖြစ်ခြင်း)
- ကိုယ်ပိုင်ပျော်ရွှင်မှုနှင့်ကျေနပ်မှုရှာဖွေခြင်း (သိုက်တူးသမားကောင်းများ ဖြစ်ခြင်း)

မှားယွင်းတတ်သောလူသားများဖြစ်သည့်အတိုင်း ကျွန်ုပ်တို့သည် ခေါင်းဆောင်မှုအခန်းကိုယူသောအခါ အကောင်းဆုံးအားဖြင့် ရောထွေးနေသော စိတ်ကူးများဖြင့် စတင်လေ့ရှိပါသည်။ ကျွန်ုပ်တို့၏ကိုယ်ပိုင်အစီအစဉ်ကို အဓိက ဦးစားပေးအဖြစ် ခံယူလိုက်လေ ဘုရားသခင်နှင့်ဖြစ်စေ၊ ကျွန်ုပ်တို့ ကိုယ်တိုင်နှင့်ဖြစ်စေ၊ ကျွန်ုပ်တို့၏လုပ်ဖော်ဆောင်ဖက်များနှင့်ဖြစ်စေ ကျွန်ုပ်တို့အမှုတော်ဆောင်လုပ်ငန်း၌ပါဝင်သူတို့ဖြစ်စေ ကျွန်ုပ်တို့နှင့် အဆက် အသွယ်ပြုနိုင်သောစွမ်းအားကို ပိုမိုအတားအဆီးဖြစ်လာလေဖြစ်ပါသည်။ အဘယ့်ကြောင့်နည်း။ အကြောင်းမှာ ကျွန်ုပ်တို့အနေနှင့် သိလျက်ဖြစ်စေ၊ မသိတသိဖြစ်စေ ဘုရားသခင်ထက် ကိုယ့်ကိုယ်ကို ပိုမိုဂရုစိုက်သောအခါ ကျွန်ုပ်တို့ကိုယ်တိုင်၏အရေး၌ ပိုမိုနစ်မြုပ်လာကြပြီး အခြားသူတို့ကို ပိုမိုလျော့နည်းစွာ ဂရုစိုက်လာကြ ဖြစ်သည်။ သင်ဂရုမစိုက်သောသူတို့နှင့် ဆက်သွယ်ဖို့ အလွန်ခက်ပါသည်။ ကျွန်ုပ်တို့၏ ကိုယ်ပိုင်အစီအစဉ်များသည် ကျွန်ုပ်တို့၏ ကိုယ်ကျိုးစီးပွားများ၏ တွန်းပို့မှုကြောင့် အခြားသူတို့နှင့်ဆက် သွယ်မှုသည် အကောင်းထက် အဆိုးဖက်သို့ ယိမ်းသွားနိုင်ပါသည်။

သခင်ယေရှုက လူတစ်ယောက်သည် တစ်ကြိမ်တည်းတွင် သခင်နှစ်ပါးကို အလုပ်အကျွေးမပြုနိုင်ဟု မိန့်ကြားတော်မူသကဲ့သို့ ကျွန်ုပ်တို့သည် သခင်နှစ်ပါးဖြစ်သော ဘုရားသခင်နှင့် ပိုက်ဆံကို တစ်ကြိမ်တည်းတွင် အစေမခံနိုင်ပေ (မဲ ၆း၂၄)။ အကယ်၍ ကျွန်ုပ်တို့အနေဖြင့် အတ အကျိုးစီးပွားများ သာဖြစ်သော ပိုက်ဆံ၊ ရာထူး၊ ကျော်ကြားလိုမှု၊ အောင်မြင်မှု၊ လုံခြုံမှု၊ အပျော်အပါး၊ ကျေနပ်မှုတို့ကိုသာဦးစားပေးပြီး ဘုရားသခင်ကိုလည်းကောင်း ဘုရားသခင်၏အလိုတော်ကိုလည်းကောင်း လျစ်လျူရှုကြမည်ဆိုပါက ကျွန်ုပ်တို့၏ ဝတ်ပြုကိုးကွယ်ခြင်းနှင့် ဘုရားသခင်နှင့်ဆက်သွယ်ခြင်းတို့သည် ပေါ့ပေါ့

ပျက်ပျက်ဖြစ်ပြီး ဗလာနတ္ထိဖြစ်သွားပေမည်။ ကျွန်ုပ်တို့ကိုယ်တိုင်လည်း ပိုမိုစိတ်ထား တင်းမာလာသူ၊ ပုန်ကန်သူနှင့် အေးတိအေးစက်ရှိသူတောင် ဖြစ်လာနိုင်ပါသည်။

ဤအရေးကိစ္စ များကို ကျွန်ုပ်တင်ပြခြင်းသည် ကျွန်ုပ်တို့၏အသက်တာနှင့် ခေါင်းဆောင်မှု၌ ဘုရားသခင်၏အလိုတော်နှင့်အညီဖြစ်သော စံပြအနေ အထားဖြစ်သည့် ဘုရားသခင်အားဖြူစင်စွာ အစေခံခြင်းကို ကျွန်ုပ်တို့ ပြုလုပ်နိုင် သည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ ကျွန်ုပ်တို့၏ဖုံးကွယ်ထားသော အစီ အစဉ်များကို ပိုမိုသိရှိလာရန်နှင့် ကျေးဇူးတော်အားဖြင့် ၎င်းတို့အားလုံးထွက် သွားစေရန် ဆုတောင်းကြရန်အတွက် တင်ပြခြင်းဖြစ်ပါသည်။ အထောက်အကူပြု ဆုတောင်းခြင်းတစ်ခုမှာ ဘုရားသခင်၏အကြံအစည်တော်များနှင့် အညီဖြစ်စေရန် ကျွန်ုပ်တို့၏ခေါင်းဆောင်မှုအခန်းကို ပြန်လည်လမ်းကြောင်း တည့်ပေးရန်နှင့် စိတ်နှလုံးအကြွင်းမဲ့သက်ဝင်ယုံကြည်မှုဖြင့် ဝတ်ပြုကိုးကွယ်နိုင်ရန် ခွန်အားပေး ပါမည့်အကြောင်း ဆုတောင်းခြင်းဖြစ်ပါသည်။ ထို့နောက် ဘုရားသခင်၏ အလိုတော်နှင့် တစ်ပြေးညီ ကျွန်ုပ်တို့၏ခေါင်းဆောင်မှုအစိတ် အပိုင်းတစ်ခုစီကို ရှိစေရန် ကျွန်ုပ်တို့ပြုလုပ်ရမည်ဖြစ်သည်။

## စစ်မှန်သောအရာ

*ကျွန်ုပ်တို့၏လိုအင်ဆန္ဒကို ဘုရားသခင်၏အလိုတော်နှင့် တစ်ပြေးညီဖြစ်စေ ခြင်းသည် အားလုံးအကျုံးဝင် တစ်ဆက်တစ်စပ်တည်း ဖြစ်နေသော ဖြစ်စဉ် ဖြစ်ပါသည်။*

ဘုရားသခင်၏အလိုတော်နှင့်အညီ ကျွန်ုပ်တို့ကိုယ်ကိုပြုပြင်ရေး၌ အလုပ် တစ်ခုခုကို လုပ်ရေးဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ဆက်ကပ်မှုပြုခြင်း၊ အခွင့်အလမ်း များနှင့်အခက်အခဲများစသဖြင့် အဓိကအရေးကိစ္စ များအပြင် သာမန်အရေး ကိစ္စ များ အထိ အကျုံးဝင်ကြသည်။ ဥပမာအားဖြင့် ခေါင်းဆောင်များဖြစ်သဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်ကိုပြည့်စုံစေရေး၌ ကျွန်ုပ်တို့၌ရှိသော ဝိညာဉ်ရေး ဆုကျေးဇူးများနှင့်စွမ်းရည်များ၊ ရာထူးတစ်ခု သို့မဟုတ် လုပ်ငန်းတစ်ခုအတွက် ဘုရားသခင်၏ခေါ်တော်မူသံကို နားစွင့်ခြင်း၊ ၎င်း ခေါ်တော်မူသံနှင့်ဆက်စပ်ပြီး ခေါင်းဆောင်မှုတာဝန်များထမ်းဆောင်ခြင်း စသည်တို့ပါဝင်မည်ဖြစ်သည်။ အခြားတစ်ဖက်၌ ကျွန်ုပ်တို့၏ခေါင်းဆောင်မှုအတွင်း သခင်ခရစ်တော်ကို အစေခံဆက်ကပ်နိုင်ရန်အတွက် ကျွန်ုပ်တို့အား ဘုရားသခင် ပေးသနားတော်မူသော နေ့စဉ်အခွင့်အလမ်းများကို လုပ်ဆောင်ခြင်းဖြစ်သည်။ အချုပ်အားဖြင့်ဆိုပါက ကျွန်ုပ်တို့၏လိုအင်ဆန္ဒကို ဘုရားသခင် ၏ဆန္ဒတော်နှင့် တစ်ပြေးညီဖြစ်စေရေးသည် အားလုံးအကျုံးဝင်သော ဘုရားသခင်ထံ အ႓ူးပေးကျိုးနွံခြင်း ဖြစ်စဉ်ဖြစ်ပါသည်။

ဘုရားသခင်၏အလိုတော်နှင့် တစ်ပြေးညီဖြစ်ရေး၊ အထူးသဖြင့် အလုပ်အကိုင်နှင့်ပတ်သက်သော အဓိကဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ပတ်သက်သော စမ်းသပ်မှုတစ်ခုမှာ ကျွန်ုပ်တို့လက်ရှိတာဝန်ယူနေရသောလုပ်ငန်း သို့မဟုတ် ဘုရားသခင်က ပေးသနားတော်မူသော အလုပ်တာဝန်နှင့်ပတ်သက် ကျွန်ုပ်တို့၌လိုအပ်သော ဝိညာဉ်ဆုကျေးဇူးများပိုင်ဆိုင်ထားခြင်း ရှိမရှိမေးမြန်းခြင်းဖြစ်သည်။ ၅ ဥပမာအားဖြင့် အုပ်ချုပ်စီမံရေး၌ ဆုကျေးဇူးပိုင်ဆိုင်ထားသူများသည် အဖွဲ့အစည်းတစ်ခု တည်ထောင်ဖွံ့ဖြိုးရေးအဆင့်ဆင့်၌ ထိရောက် ထက်မြက်သောခေါင်းဆောင်များဖြစ်နိုင်ချေရှိပါသည်။ တစ်ဖက်မှတီထွင် ဖန်တီး ဏ်ရှိသော မြင်ပုံဖော်သူများ(creative visionaries) အနေဖြင့်မူ ညံ့ဖျင်းသော အုပ်ချုပ်ရေးမှူးများဖြစ်ကောင်း ဖြစ်ကြမည်ဖြစ်သော်လည်း အခြားအဆင့်များ၌ အလွန်သြဇာညောင်းပြီး အကျိုးပြုသောခေါင်းဆောင်များ ဖြစ်နိုင်ပါသည်။ ခေါင်းဆောင်များရှာဖွေ ငှားရမ်းရေးတာဝန်ယူထားသူများအနေဖြင့် လက်ရှိအချိန်တွင် မိမိတို့အဖွဲ့အစည်း၏ အဆင့်အတန်းကို မှန်ကန်စွာအကဲဖြတ်နိုင်ရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာ လက်ရှိအချိန်အခါတွင် အဖွဲ့အစည်း၏ ခေါင်းဆောင်အဖြစ်ကိုက်ညီသောသူများကို ရွေးချယ်နိုင်မည်ဖြစ်သည်။

အခြေခံအမှန်တရားမှာ ဘုရားသခင်သည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီအား မိမိတို့နှင့်သက်ဆိုင်ရာလုပ်ငန်းကိုင်ငန်း၌ ခေါင်းဆောင်မှုပေးနိုင်ရန်အတွက် ဆုကျေးဇူးများ(gifts)နှင့် စွမ်းဆောင်ရည်များ(abilities)ကို ကိုယ်စီပေးသနားတော်မူခြင်းဖြစ်ပါသည်။ ခေါင်းဆောင်မှုအတွက် ကျွန်ုပ်တို့၌အရည်အချင်းရှိသည်ဟု ယူဆပါက ၎င်းသည် မည်သည့်ပုံစံ (အလုပ်အမျိုးအစား)ဖြင့် လာသည်ဖြစ်စေကာမူ တစ်စုံတစ်ခုသော အလုပ်တာဝန်အတွက် ခေါင်းဆောင်မှုပေးရန် ကျွန်ုပ်တို့ အဆင်သင့်ဖြစ်ရမည်ဖြစ်သည်။

သို့သော် ကျွန်ုပ်တို့၏လိုအင်ဆန္ဒကို ဘုရားသခင်၏ အလိုတော်နှင့် တစ်ပြေးညီ ဖြစ်စေခြင်းသည် အလုပ်အကိုင်ရရှိခြင်း သို့မဟုတ် အလုပ်တာဝန်ကြီးများ လုပ်ဆောင်ခြင်းထက်ပိုပါသည်။ ခေါင်းဆောင်များအဖြစ် ကျွန်ုပ်တို့၏ တရားဝင်အလုပ်တာဝန်များ မည်သို့ပင်ရှိစေကာမူ ဘုရားသခင်သည် ကျွန်ုပ်တို့ တစ်ဦးစီအား အလုပ်ကြီး အကိုင်ကြီးအတွက်ဖြစ်စေ၊ သာမန်ကိစ္စ များအတွက်ဖြစ်စေ 'ကောင်းသောအလုပ်များ'(အကျင့်ကောင်းများ – good works) လုပ်ဆောင်နိုင်ရန် ပြင်ဆင်ပေးတော်မူပါသည်(ဖေက် ၂း၁၀)။ ကျွန်ုပ်တို့၏မဟာဗျူဟာစီမံကိန်း သို့မဟုတ် သာမန်နေ့စဉ်အစီအစဉ်များ၌ ပါဝင်ခြင်းမရှိသည့်တိုင် နေ့စဉ်နှင့်အမျှ ကောင်းသောအလုပ်များ (အကျင့်ကောင်းများ) လုပ်ဆောင်နိုင်ရန် ဘုရားသခင် ခန့်အပ်တာဝန်ပေးသော အချိန်အခါအလိုက် အလုပ်တာဝန်များအတွက်ကိုလည်း အဆင်သင့်ဖြစ်ရန်လိုအပ်ပါသည်။ တစ်ဦးချင်း ပုဂ္ဂိုလ်များ(individuals) အနေဖြင့်

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကိုယ်ပိုင် အသက်တာဘဝများနှင့် ပုဂ္ဂိုလ်ရေး ဆက်ဆံမှုများ၌ ကောင်းသောအလုပ်များ လုပ်ဆောင်နိုင်ရန် အခွင့်အလမ်းများ (ဓမ္မသစ်ကျမ်း၌ ကိုင်ရော့စ်ကာလ kairos ဟုခေါ်)ကို အမိအရဖမ်းဆုပ်ပြီး ဘုရားသခင်၏စိတ်ကူးတော်ထဲ၌ရှိတော်မူသော 'ကောင်းသောအလုပ်' ကို အဖွဲ့အစည်းအတွက် အချိန်မရွေးလုပ်ဆောင်နိုင်ရန် သိရှိထားဖို့လိုအပ်မည်ဖြစ်သည်။ ဘုရားသခင်က ကျွန်ုပ်တို့အား လုပ်စေချင် တော်မူကြောင်းကို ကျွန်ုပ်တို့ မည်သို့သိနိုင်မည်နည်း။ ဘုရားသခင်ထံတော်မှ လာသော 'အလုပ်တာဝန် အပ်နှင်းမှု' တိုင်းအတွက် မမှားယွင်းနိုင်သော လမ်းညွှန်ဟူ မရှိပေ။ သို့သော် ဘုရားသခင်ပေးသနားတော်မူသော ဆုကျေးဇူးများကို ကောင်းမွန်စွာ ထိန်းသိမ်းပြီး မှန်ကန်စွာ ပုံမှန်သုံးစွဲသည့်အပြင် ထိုသို့သုံးစွဲခြင်းအပေါ် တာဝန်ယူခြင်းပြုပါက ကျွန်ုပ်တို့၏ လုပ်ဆောင်နိုင်သော စွမ်းရည်လည်း တိုးတက်မြင့်မားလာမည်ဖြစ်သည်။ ထို့အတူ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ဆက်စပ်မှုကို ဆုတောင်းခြင်းနှင့် ဝိညာဉ်ရေးကျင့်ဝတ်စည်းမျဉ်း များအားဖြင့် စွမ်းရည်မြင့်မားစေသဖြင့် ကိုင်ရော့စ်အချိန်ကာလ သို့မဟုတ် ထူးခြားအရေးပါသော ကာလအခိုက်အတန့်အတွက် ကျွန်ုပ်တို့၏ အဆင်သင့်ရှိမှု သည်လည်း အဆများစွာ တိုးမြ င့်လာမည်ဖြစ်သည်။

တမန်တော်ဝတ ၂ ၁၆း၉–၁၀ တွင်ဖော်ပြသော မာစီဒိုးနီးယား(မာကေဒေါနိပြည်)မှ ပေါလ်၏ဖိတ်ခေါ်သံကဲ့သို့သော ကျမ်းပိုဒ်များကို အခြေခံစဉ်းစားပြီး အချို့ခရစ်ယာန်တိုက တစ်စုံတစ်ခုမလုပ်မီ တိကျသောခေါ်တော်မူသံကို စောင့်ဆိုင်းသင့်သည်ဟုယူဆကြသည်။ ဤယူဆချက်ကိုအခြေခံသော လုပ်ဆောင်မှုကို သတိပြုရန်လိုအပ်မည်ဖြစ်သည်။ တစ်ဦးချင်းပုဂ္ဂိုလ်များသို့ ခေါင်းဆောင်မှု အသင်းအဖွဲ့များအနေဖြင့် သင်္ကေတများ သို့မဟုတ် သဘာဝ လွန်ဗျာဒိတ် အသိတရားများ (supernatural revelations)အပေါ် အလွန်အကျွံမှီခိုအားထားမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ သို့သော် ထိုသို့သောစံနှုန်းများ ကိုစောင့်ကြည့်ရမည့်အစား ဆင်ခြင်တုံတရားနှင့် ညဏ်အလိမ္မာပေါ်အခြေခံ ဆုံးဖြတ်ချက်များပြုလုပ်သင့်ပါသည်။ ကျွန်ုပ်တို့၏ဆုကျေးဇူးများနှင့် ခေါင်းဆောင်မှုတို့ကိုအသုံးပြုရာ၌ ကျွန်ုပ်တို့ ကိုယ်တိုင်ဆုံးဖြတ်ချက်များ ချမှတ်သည်ကို ဘုရားသခင် လိုလားတော်မူမည် ဖြစ်သည်။

ကျမ်းစာပါ ဘုရားသခင်၏ဦးဆောင်မှုဥပမာများသည် သာမန်မဟုတ်ကြဘဲ မဟာထူးကဲမှုများဖြစ်ပါသည်ဟု ပညာရှင် ဂယ်ရီဖရီဆင် (Gary Friesen)က ပြောပါသည်။[၆] သို့ဖြစ် ဘုရားသခင်၏အချုပ်အခြာအာဏာနှင့် ဘုရားသခင်ကိုယ်တိုင် ပါဝင်လိုတော်မူခြင်းမရှိသော သီးခြားကိစ ရပ်များအတွက် လူသား၏ လွတ်လပ်မှုနှင့် တာဝန်ရှိမှုတိုကို အလေးထားသော 'လမ်းညွှန်မှု ပညာရှိအမြင်' (wisdom view of guidance)ကို ဖရီဆင်က တင်ပြပါသည်။ ဘုရားသခင်၏

အချုပ်အခြာအာဏာကို အလေးထားခြင်းသည် ကျွန်ုပ်တို့ သိရှိနိုင်ခြင်းမရှိမီ အချိန်စောလျှို့ဝှက်စွာ အကောင်အထည်ဖော် ဆောင်တော်မူ ရန်ဖြစ်သည်။ ဘုရားသခင်ပါဝင်လိုခြင်းမရှိသော သီးခြားဖြစ်ရပ်များ၌ ဘုရားသခင်၏ လမ်းညွှန်တော်မူခြင်းကို ကြိုးပမ်းခြင်းသည် အချည်းနှီးဖြစ်ပါသည်။ ခရစ်ယာန် အားလုံးအတွက် ဘုရားသခင်၏အထွေထွေ အလိုတော်ဖြစ်သော ကိုယ်ကျင့်တရား ရှိပြီး အမူတော်ကိုအစေခံလုပ်ဆောင်ကာ ဆုံးဖြတ်ချက်ချမှတ်ရာတွင် လွတ်လပ်စွာ၊ တာဝန်သိစွာနှင့် ညဏ်အလိမ္မာရှိစွာချမှတ်ရေးကို ခရစ်ယာန်အားလုံးက လိုက်နာသင့်သည်ဟု ဖရီဆင်က တိုက်တွန်းပါသည်။ ခရစ်ယာန်တို့အနေဖြင့် မိမိတို့လွတ်လပ်စွာ လုပ်ဆောင်ရမည့်နေရာများ၌ မိမိတို့ဆန္ဒအတိုင်း ရွေးချယ်လုပ်ဆောင်မည်ကို ဘုရားသခင်အလိုရှိတော်မူသည်ဟု ဖရီဆင်က ယူဆပါသည်။

ဘုရားသခင်၏ အလိုတော်ကိုသိရှိရေး၌ သဘာဝလွှမ်းခြောင်းဆောင်မှုနှင့် လမ်းညွှန်မှုအပေါ် အလွန်အကျွံအားထားမှုကို ဖရီဆင်၏စာတမ်းက ထောက်ပြ ပြင်ဆင်လိုက်သည်။ ခရစ်ယာန်အားလုံးအတွက် ဘုရားသခင်၏ အထွေထွေ ဆန္ဒတော်သည် အဓိကလမ်းပြမြေပုံဖြစ်ကြောင်း ထောက်ပြပြီး ၎င်းအပေါ် အလေးဂရုစိုက်ကြရန် တိုက်တွန်းခြင်းသည် ဖရီဆင်၏အရေးပါ သောအကျိုးပြုမှု (contribution)ဖြစ်ပါသည်။ အမှန်တော့ လူသားများအတွက် ဘုရားသခင်၏ အလိုတော်သည် ယေဘုယျဆန်ကြောင်းကို သမ္မာကျမ်းစာသွန်သင်ချက်၌ လွန်ကဲစွာ ညွှန်ပြပါသည်။ သူတို့လိုလားတမ်းတသော နိမိတ်လက္ခဏာများ သို့မဟုတ် သင်္ကေတများမရှိသဖြင့် ဆုံးဖြတ်ချက်ချရန် မဝင့်မရဲဖြစ်နေသူတိုအား ဦးနှောက်ကိုသုံးပြီး ကောင်းသောဆုံးဖြတ်ချက်များ ချမှတ်ကြရန် ဖရီဆင်က ကူညီတိုက်တွန်းပါသည်။

သို့ပင်ဖြစ်သော်ငြားလည်း ဘုရားသခင်ပေးထားတော်မူသောစိတ်ဖြင့် နေ့စဉ် နေ့တိုင်းဆုံးဖြတ်ချက်များချမှတ်ကြရန် ဖရီဆင်က တိုက်တွန်းစေကာမူ ၎င်းအပြင် ကျွန်ုပ်တို့၏အရင်းအမြစ်များအား ကြည့်ရှုစောင့်ရှောက်သော ဘဏ္ဍာထိန်း ကောင်းများ ဖြစ်ကြစေကာမူ ကျွန်ုပ်တို့၏ ဘဝအသက်တာအတွက် ဘုရားသခင်၏ အလိုတော်ကိုသိရှိနိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်သည် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်တော်မူသည်ကို လျစ်လျူမရှုသင့်ပေ။ ဝိညာဉ်ရေးရာ အသက်ဝင်လှုပ်ရှားသော ပုဂ္ဂိုလ်သည် ဘဝအတွက် အရေးကြီးသော ဆုံးဖြတ်ချက် များအတွက်ဖြစ်စေ၊ နေ့စဉ်နှင့်အမျှကြုံတွေ့ရသော သာမန်ကိစ္စ များအတွက်ဖြစ်စေ ဆုံးဖြတ်ရာတွင် သန့်ရှင်းသောဝိညာဉ်တော်အား အမြဲမပြတ် တိုင်ပင်သင့်ပါသည် (ဖေက် ၂း၁၀)။ ဘုရားသခင်၏ အလိုတော်အတိုင်း ကျွန်ုပ်တို့၏စိတ်နှင့် လိုအင်ဆန္ဒကိုရင်းနှီးမြှုပ်နှံပြီး ဆုတောင်းခြင်းနှင့် ဘုရားသခင်အား နေ့စဉ် အစေခံ

ဝန်ထမ်းခြင်း၌ သန့်ရှင်းသော ဝိညာဉ်တော်က အမှန်တရား၊ ဉာဏ်ပညာ တို့ကို ဖွင့်ပြတော်မူသည့်အပြင် ဦးဆောင်မှုစသည်တို့ပါဝင်သော သိခြင်းတရားဖြစ်စဉ်ကို တစ်ဦးချင်းအတွက်ဖြစ်စေ၊ အစုအဖွဲ့အတွက်ဖြစ်စေ ကျွန်ုပ်တန်ဖိုးထားပါသည်။ နောက်ဆုံးတွင် ဆုံးဖြတ်ချက်ချမည့်အချိန် ရောက်ရှိ လာသောအခါ တစ်ဦးချင်း ပုဂ္ဂိုလ်များရော ခေါင်းဆောင်များပါ သူတို့၌ ရှိသော အသိ ဉာဏ်ကို အကောင်းဆုံး အသုံးပြုပြီး ဆုံးဖြတ်ချက်ချကြရမည်ဖြစ်သည်။၅

ကောင်းသော အလုပ်ကိုလုပ်ဆောင်ရန် ဘုရားသခင်၏ တိုက်တွန်းတော်မူခြင်းကိုသိရှိပြီး တုံ့ပြန်စေမည့် ကျွန်ုပ်တို့၏အထောက်အကူပြုမည့်စိတ်နေစိတ်ထားနှင့် လက်တွေ့ကျင့်ထုံးမှာ 'မျှော်လင့်မထားသောအရာကို မျှော်လင့် ခြင်း' (expect the unexpected) အတတ်ရရှိရေးဖြစ်ပြီး ၎င်းသည် ကျွန်ုပ်တို့၏ ယနေ့အတွက်၊ အရေးအခင်းအတွက်၊ ဆက်ဆံရေးအတွက် စိတ်ကူးမျှော်မှန်းချက်များကို အစားထိုးသွားမည့် အရာများဖြစ်နိုင်ပါသည်။ သို့သော် ပြောင်းလဲသွားသော အခြေအနေများနှင့်အတူ စီးဆင်းလိုက်သွားခြင်းနှင့် ဘုရားသခင်၏ မျှော်လင့်မထားသော ဦးဆောင်မှုထဲ လိုက်ပါသွားခြင်းတို့သည် ကျွန်ုပ်တို့အတွက် ခက်ခဲနိုင်ပါသည်။ ကျွန်ုပ်တို့၏ ကိုယ်ပိုင်အယူအဆဖြစ်ပါက ကာလအခိုက်အတန့်အတွင်း ပြောင်းလဲရန် အခက်အခဲရှိမည်မဟုတ်သော်လည်း အခြားသူတို့ကဖြစ်စေ သို့မဟုတ် အခြေအနေကဖြစ်စေ အတင်းအဓမ္မတွန်း အားပေးပြောင်းလဲစေကြပါက ကျွန်ုပ်တို့ ပို သာအာခံဖို့ရှိပါသည်။

ဆုံးရှုံးမည်ကိုကြောက်ခြင်း၊ ပန်းတိုင်ရောက်ရန် အလွန်အကျွံတင်းခံခြင်း ကဲ့သို့သော ဘုရားသခင်၏အလိုတော်ကို အာခံခြင်းအတွက် စိတ်ပိုင်းဆိုင်ရာနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ရှင်းလင်းဖော်ပြချက်များနှင့်အတူ အလွန်အရေးပါသော ဝိညာဉ်ရေးကိစ ရပ်များရှိပါသည်။ ဥပမာအားဖြင့် ခေါင်းဆောင်အမြောက်အမြားအနေနှင့် ထိန်းချုပ်မှုကိုလိုချင်မက်မောကြပြီး သူတို့မျှော်မှန်းထားသော ရလဒ်ကောင်းများ ပေါ်ထွက်ရေးကို အလွန်အလေးထားကြပါသည်။ ဘုရားသခင်၏ အကူအညီပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အကျိုးရလဒ်ကောင်းရရှိရေးကိုသာ အဓိကထားကြသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ် တိုင်အပေါ်တွင်လည်းကောင်း၊ ကျွန်ုပ်တို့၏ အောင်မြင်မှုပေါ်တွင်လည်းကောင်း အလွန်အကျွံမှီခိုခြင်းရှိနိုင်သည်။ ဘုရားသခင်၏ အစီအစဉ်တော်နှင့် ကျွန်ုပ်တို့၏အစီအစဉ်တို့ သဟဇာတ မဖြစ်ကြသောအခါ ဘုရားသခင်၏ အစီအစဉ်တော်ကို အာခံမှုပြုနိုင်ပါသည်။ ဘုရားသခင်၏ အလိုတော်ကို အာခံခဲ့သဖြင့် ငါးကြီး၏ဝါးမြိုခြင်းခံခဲ့ရသော ယောနကဲ့သို့ ကျွန်ုပ်တို့ အစွန်းရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ၊ ကျွန်ုပ်တို့၏အသက်တာနှင့် ခေါင်းဆောင်မှု၌ ဘုရားသခင်နည်းအမျိုးမျိုးဖြင့် ပါဝင်နေခြင်းကို အာခံသောအပြစ် ကျွန်ုပ်တို့ကျူးလွန်ကြပါသည်။

ကျွန်ုပ်၏လိုအင်ဆန္ဒကို ဘုရားသခင်၏ဆန္ဒတော်နှင့် တစ်ပြေးညီ

ဖြစ်စေရေးကို ကျွန်ုပ်၏အာခံမှုသည် ကျွန်ုပ်၏ မြင်ပုံဖော်မှုနှင့် အစီအစဉ်များကို စွန့် လွှတ်ခြင်းပြုပါက စိတ်ပျက်ခြင်း၊ မျက်နှာပျက်ခြင်း၊ ဆုံးရှုံးခြင်းနှင့် အိပ်မက် ပျောက်သွားခြင်းတို့ကို အကျိုးဆက်အဖြစ် ရရှိလိမ့်မည်ဟုယူဆခြင်းကြောင့် ပေါ်ထွက်လာရပါသည်။ စိတ်ပညာရှင် လာရီခရက်ဘ်က ကျွန်ုပ်အား 'မြို့ကြီး တည်ဆောက်သူ' (City Builder)ဟုခေါ် ဆိုကောင်းခေါ်ဆိုပါလိမ့်မည်။ မြို့ကြီးတည်ဆောက်သူများဖြစ်သော ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏လုံလောက်မှုကို အဓိကအာရုံစိုက်ကြသည်။ ဆုံးရှုံးမှုကို အခြားမည်သည့်အရာထက်မဆို ကျွန်ုပ်တို့ကြောက်ပါသည်။[၈] အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မြင်ပုံဖော်မှုရှိပြီး စိတ်ဓာတ်တက်ကြွလာကာ ၎င်းဖြစ်မြောက်ရေးအတွက် ဘုရားသခင်ထံတော်မှ ပူးပေါင်းမစတော်မူခြင်း မရရှိသည့်တိုင် အစွမ်းကုန်ကြိုးစား လုပ်ဆောင်ကြပါသည်။ အမှန်အားဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အောင်မြင်မှု သို့မဟုတ် အောင်မြင်မှု အသွင်အပြင်၌ အမြောက်အမြားရင်းနှီးမြှုပ်နှံခဲ့ကြသဖြင့် ဘုရားသခင် ပါဝင် တော်မူခြင်း ရှိရှိ မရှိရှိ ကျွန်ုပ်တို့ လုပ်နိုင်သည်ဟု ဘုရားသခင်ကို ဂရုမစိုက်သောအပြစ် ရှိနိုင်ပါသည်။ ဘုရားသခင် မပါဘဲ ကျွန်ုပ်တို့ရရှိလိုက်သော 'အောင်မြင်မှု'သည် အမှန်စင်စစ်အောင်မြင်မှုမဟုတ်ကြောင်း ကျွန်ုပ်တို့ ကောင်းကောင်းသိကြပါသည်။ သို့သော် တစ်ခါတရံ ကျွန်ုပ်တို့၏ အောင်မြင်လိုသော ဆန္ဒသည် ပြင်းပြလွန်းပြီး ဆုံးရှုံးမှုကို ကြောက်စိတ်သည်လည်း အားကောင်း လွန်းသဖြင့် အလွန်အရေးကြီးသော ကိစ္စရပ်များကို မေ့ပစ်ခဲ့ကြသည်။ ၎င်းမှာ ကျွန်ုပ်တို့ကိုယ်ကို ဘုရားသခင်က သူ၏ရည်ရွယ်ချက်များအတွက် သူ့နည်းသူ့ဟန် သူ့ခွန်အားဖြင့် အသုံးပြုတော်မူရန် ဆက်ကပ်အပ်နှံခြင်းပြုရန် မေ့ပစ်ခြင်းဖြစ်ပါသည်။

တစ်ခါတရံ ဝန်ထမ်းများသည် မမျှော်လင့်ဘဲ အလုပ်ထွက် တတ်ကြသည်။ အရေးပါသော အပျော်တမ်းဝန်ထမ်းများ၊ လုပ်ဖော်ဆောင်ဖက် များလည်း အလုပ်မှထွက်ကြသည်။ ဘတ်ဂျက်အကြပ်အတည်း များကြောင့် အသုံးစရိတ် လျှော့ချခြင်းလုပ်ရသည်။ အခြားသူများထံမှ ပြတ်တရက် အတွေးသစ်များနှင့် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာတတ်ပါသည်။ ဝန်ထမ်းများ၏ လိုအပ်ချက်များကြောင့် အချိန်နှင့်အရင်းအမြစ်များပေးရပါသည်။ တစ်ခါတစ်ရံ မိတ္တူစက်လည်း ပျက်တတ်ပါသည်။ မီးပျက်သည့်အခါလည်းရှိသည်။ ခေါင်းဆောင်အနေဖြင့် အပြုသဘောဆောင်သော တုံ့ပြန်မှုပေးရမည့်အရေးကိစ္စ များလည်း ပေါ်လာတတ်ပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် ခေါင်းဆောင်သည် အချိန်အခါမရွေး အဆင်သင့်ဖြစ်ရန်လိုပါသည်။ ဤသို့သောအခြေ အနေများတွင် ကျွန်ုပ်တို့၏လိုအင်ဆန္ဒကို ဘုရားသခင်၏အလိုတော်နှင့် တစ်ပြေးညီထားရှိခြင်း ဟူသည် ကျွန်ုပ်တို့၏လိုအင်ဆန္ဒကိုစွန့်လွှတ်ပြီး ဘုရားသခင်ဖြစ်စေချင်သော တုံ့ပြန်မှုအတိုင်း လိုက်လျှောက်ခြင်းပင်ဖြစ်သည်။ မျှော်လင့်မထားသော

အရေးအခင်းများပေါ်ပေါက်လာပါက စိတ်ရှည်သည်းခံခြင်းနှင့် နားလည်မှုရှိခြင်း၊ ပြန်လည်စီစဉ်ခြင်း၊ ပြန်လည်စတင်ခြင်း၊ ပြန်လည်စဉ်းစားခြင်းစသဖြင့် အခြားသူတို့၏ တောင်းဆိုမှုများ သို့မဟုတ် လိုအပ်ချက်များ လိုအပ်ကောင်း လိုအပ်မည်ဖြစ်သည်။ ဆိုလိုသည်မှာ သန့်ရှင်းသော ဝိညာဉ်တော်နှင့်သင့်မြတ်သော နည်းလမ်းများနှင့် လိမ္မာသောဝိညာဉ်ရေး ခေါင်းဆောင်မှုတို့အားဖြင့် တုံ့ပြန်မှု ပြုခြင်းဖြစ်ပါသည်။ ဤနေရာ၌ မေးရမည့်မေးခွန်းမှာ ကျွန်ုပ်တို့၏ဆန္ဒအတိုင်း ကျွန်ုပ်တို့နည်းဟန်ဖြင့် လုပ်မလား သို့မဟုတ် ဘုရားသခင်ဖြစ်စေချင်သော နည်းကိုလိုက်နာပြီး လုပ်မလားဟူသော မေးခွန်းဖြစ်သည်။

လွန်ခဲ့သော နှစ်အနည်းငယ်က ကျွန်ုပ်ထိန်းချုပ်နိုင်ခြင်းမရှိသော အခြေအနေများက ကျွန်ုပ်အားမျှော်လင့်မထားသော အရာကိုတုံ့ပြန်ရာ၌ ပိုမိုတိုးသာလျှော့သာဖြစ်စေခဲ့ပြီး ကျွန်ုပ်ရွေးချယ်ခြင်းမရှိသော အခြေအနေ၌ ဘုရားသခင်၏ အလိုတော်နှင့်အညီ ခေါင်းဆောင်မှုပေးနိုင်သည်ကို ကြုံတွေ့ခဲ့သည်။ ကျွန်ုပ်နှင့် ုံးဝန်ထမ်းတို့သည် တစ်ဦးလျှင်လစဉ် ဒေါ်လာ ၂၅၀ စီပေးခဲ့ကြသော ဂေါက်သီးသမား ၃၀၀ တို့အား ထိပ်တန်းအကျဆုံးဂေါက်ကွင်းတစ်ခု၌ ကစားကြရန် ကမကထပြုစီစဉ်ခဲ့ကြသည်။ နေ့လည်စာ သို့မဟုတ် ညနေစာ သုံးဆောင်နေစဉ် ကျွန်ုပ်တို့အမှုတော်ဆောင် လုပ်ငန်းအကြောင်းတင်ပြပြီး ရန်ပုံငွေရရှိရေး လုပ်ဆောင်ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့၏အမြတ်အစွန်းမယူသော အဖွဲ့အစည်း အနေဖြင့် ဤသို့သောအစီအစဉ်မှ ရန်ပုံငွေအတော်အတန် ရလိမ့်မည်ဟု မျှော်လင့်ပါသည်။ ဤအစီအစဉ်သည် ကျွန်ုပ်တို့အတွက် အရေးပါသော အစီအစဉ်ဖြစ်သော်လည်း ကျွန်ုပ်တို့စီစဉ်ထားသောအရာထက် တစ်စုံတစ်ခုသည် ပိုမိုအရေးပါသည်ကို ကျွန်ုပ်သိရှိခဲ့ရသည်။ ကျွန်ုပ်ကို ကျွန်ုပ်မှီခိုအားထားမှုနှင့် ကျွန်ုပ်၏အစီအစဉ်များကို မှီခိုအားထားမှုတို့ကို စွန့်လွှတ်ရန် ကျွန်ုပ်သင်ယူရမည်ဖြစ်ပြီး ဘုရားသခင်အပေါ် အာ႐ုံစူးစိုက်ကာ ယနေ့အတွက် ဘုရားသခင် ကျွန်ုပ်အတွက် စီစဉ်တော်မူသည်များကို မည်သို့အကောင်အထည်ဖော်ရမည်ကို အာ႐ုံစူးစိုက် ရတော့မည်ဖြစ်သည်။

ကျွန်ုပ်၏ မြို့ကြီးတည်ဆောက်သူ တိမ်း ွတ်မှုကိုသိသဖြင့် ဂေါက်သီး ိုက်ပြိုင်ပွဲမစမီနှင့် ပြိုင်ပွဲကာလအတွင်း ကျွန်ုပ်အတွက်ဖြစ်စေ၊ ကျွန်ုပ်၏စွမ်းဆောင်မှု အတွက်ဖြစ်စေ၊ ကျွန်ုပ်၏လုံလောက်မှုအတွက်ဖြစ်စေ ကူညီမစတော်မူရန် မဟုတ်ဘဲ ဘုရားသခင်၏ အကြံအစည်တော်များအတွက် ပိုမိုဆက်ကပ်ထမ်းဆောင်နိုင်ရန် ကူညီပါမည့်အကြောင်း ဆုတောင်းခဲ့ပါသည်။ သို့သော် ထိုနေ့က ကျွန်ုပ်တို့ ပြုလုပ်မည့်ပြိုင်ပွဲသုံးခုအနက် တစ်ခု သို့မဟုတ် တစ်ခုထက်မကကို ဖုံးလွှမ်း သွားမည့်ရေကြီးခြင်းအတွက် ကျွန်ုပ်စိတ်ပိုင်း ပြင်ဆင်မှုပြည့်ဝစွာ မပြုလုပ်ခဲ့ရပေ။

ပထမ၌ ကျွန်ုပ်သည် ဤနေ့တော့ သွားပါပြီဟု သောကဖြစ်ခဲ့ပါသည်။

မိုးကြောင့် ပျက်သွားသောပြိုင်ပွဲသည် ကျွန်ုပ်အပေါ် ဆိုးဝါးသောအကျိုးသက်ရောက်မှုရှိလိမ့်မည်ဟု ယူဆခဲ့သည်။ မြို့ကြီးတည်ဆောက်သူများသည် ကျဆုံးမှာကို အလွန်ကြောက်ရွံ့သူများဖြစ်သဖြင့် ထင်သလိုဖြစ်မလာသောအခါ ဆင်ခြင်တုံတရားနှင့်ဆန့်ကျင်စွာ နိဂုံးများဆွဲယူတတ်ကြပါသည်။ ထိုမိုးရွာသောနေ့က ကျွန်ုပ်ကိုကျွန်ုပ် စတင်အပြစ်တင်မိပါသည်။ ပြိုင်ပွဲသည် အရှုံးနှင့် အဆုံးသတ်သွားမည်ဟု ကျွန်ုပ်စိုးရိမ်နေခဲ့သည်။ ငွေနှင့်အတူ ကျွန်ုပ်၏ ဂုဏ်ကြားရေးမှုအဖြစ်လည်း အရှုံးနှင့်အဆုံးသတ်သွားလိမ့်မည်ဟု ယူဆခဲ့သည်။

ကံကောင်းထောက်မစွာ ခရက်ဘ်၏နက်ရှိုင်းသိကို သတိရခဲ့ပြီး ဘုရားသခင်၏ ဝိညာဉ်တော်က ကျွန်ုပ်အား စိတ်ပိုင်းအရဖြစ်စေ၊ ဝိညာဉ်ရေးအရဖြစ်စေ၊ ခံစားချက်အရဖြစ်စေ ပိုမိုကောင်းမွန်သောနေရာသို့ ပို့ဆောင်တော်မူခဲ့သည်။ မနက်စောစော ဂေါက်သီးသမားများ ထွက်သွားကြသောအခါ ရုံးဝန်ထမ်းများနှင့် လုပ်အားပေးများအားလုံး အတူတကွဆုတောင်းကြပါသည်။ မိုးတစ်ဖြည်းဖြည်းစဲသွားသောအခါ ကျွန်ုပ်တို့အတွက် ဘုရားသခင်ကြံစည်တော်မူသည်များကို ဆက်ကပ်လုပ်ဆောင်ရန် ကျွန်ုပ်တို့အား အဆင်သင့်ဖြစ်စေတော်မူပါ မည့်အကြောင်း ဆုတောင်းခဲ့ကြသည်။ ခံစားချက်ရှုထောင့်မှကြည့်လျှင် ကျွန်ုပ်အတွက် ခက်ခဲသော အကူးအပြောင်းဖြစ်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ပြိုင်ပွဲမအောင်မြင်မှာကို ကျွန်ုပ်အလွန်စိုးရိမ်ခဲ့ပြီး ကျွန်ုပ်ဖြစ်စေချင်သည့်အတိုင်း ပြီးမြောက်သွားရန် ကျွန်ုပ်အခိုင်အမာ ဆုံးဖြတ်ခဲ့သောကြောင့်ဖြစ်သည်။ ကျွန်ုပ်၌အပြောင်းအလဲဖြစ်ပျက်သွားသည်ကို တွေ့ကြုံခဲ့ပြီးနောက် တစ်နေ့လုံးအခြေအနေကောင်းမွန်ခဲ့သည်။

နံနက်ပိုင်းပြိုင်ပွဲနှင့် နေ့လည်ပိုင်းပြိုင်ပွဲများကို ရွှေ့ဆိုင်းခဲ့ရပါသည်။ သို့သော် မိမိတို့ကိုယ်ကို ရေမစိုအောင် အရိပ်ခိုနေကြသော ဂေါက်သီးသမားများစွာနှင့် စကားများစွာ ပြောဆိုခွင့်ရရှိခဲ့သည်။ ညနေပိုင်းအစီအစဉ်တွင် ဂေါက်သီးသမားအချို့သာပါဝင်ယှဉ်ပြိုင်ရန် ရောက်ရှိလာကြလိမ့်မည်ဟု ကျွန်ုပ်၏ဝန်ထမ်းများက စိုးရိမ်ခဲ့ကြသည်။ သို့သော် အမြောက်အမြားပါဝင်ခဲ့ကြသဖြင့် အကျိုးရလဒ်ကောင်းများ ပေါ်ထွက်ခဲ့သည်။ ညနေပိုင်းအစီအစဉ်အတွက်လာရောက်သူ များလွန်းသဖြင့် စားပွဲကုလားထိုင်များ တိုးချဲ့ချထားပေးခဲ့ရသည်။ အခန်းထဲရှိလူတို့စိတ်ဉာဏ် တက်ကြွကုန်ကြသည်။ ရက်ရောစိတ်လည်း အပြည့်ရှိကြသည်။ ကျွန်ုပ်တို့ မျှော်မှန်းထားသည်ထက် ရန်ပုံငွေပိုမိုရရှိခဲ့ကြသည်။

ထိုနေ့က ကျွန်ုပ်တို့ကြိုတင်ကြံစည်ထားသည့် အယူအဆများကို ဘေးဖယ်ပြီး ကျွန်ုပ်တို့၏အကြံအစည်များကို ဘုရားသခင်၏ အကြံအစည်တော်များနှင့် တစ်ပြေးညီဖြစ်စေရန် ကြိုးစားခဲ့ကြသည်။ ကျွန်ုပ်တို့ ကြံရွယ်လိုလားသော အကျိုးရလာဒ်များရရှိရေးအတွက် ကျွန်ုပ်တို့၏ ကိုယ်ပိုင်အစွမ်းအစများကို

အပြည့်အားထားပြီး ကြိုတင်စီစဉ်ထားချက်အတိုင်း တစ်သွေမတိမ်း လိုက်နာကျင့်သုံး လုပ်ဆောင်ရမည့်အစား ကျွန်ုပ်တို့ လိုအပ်သောအရာမှာ 'ဘုရားသခင်၊ ဤမျှော်လင့် မထားသောစိတ်ပျက်ဖွယ် အခြေအနေများအောက်တွင် ကျွန်ုပ်တို့အရှင်ဘုရား ဘာကိုလုပ်စေချင်တော်မူပါသနည်း။ ကိုယ်တော်ဘုရား ဘယ်မှာအလုပ်လုပ် တော်မူပါသနည်း။ ဤအခြေအနေအတွက် ကိုယ်တော်ရှင်ဖြစ်စေတော်မူလိုသော ကောင်းသောအလုပ်နှင့်အညီဖြစ်စေရန် ကျွန်ုပ်တို့မည်သို့လိုက်ပါ လုပ်ဆောင်ရ မည်နည်း' စသဖြင့် ဘုရားသခင်အား မေးမြန်းတော်မူရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ တစ်နေ့တာအစီအစဉ် နှင့်ပတ်သက် မည်သို့ကြုံတွေ့ရမည်ကိုလည်းကောင်း၊ မည်သည့်အကျိုးရလာဒ်များ ထွက်ပေါ်လာမည်ကိုလည်းကောင်း ကျွန်ုပ်သိရှိနိုင်ခြင်း မရှိပေ။ သို့သော် ပုံသေကားကျမဟုတ်ဘဲ တိုးသာလျှော့သာ ကျင့်သုံးခြင်း၏ ကြီးမားလှသော အကျိုးရလာဒ်ကိုတွေ့ခဲ့ရသည်။ ကျွန်ုပ်တို့လက်လှမ်းမမှီသော အခြေအနေများ မှပေါ်ထွက်လာကြခြင်းဖြစ်သည်။ တစ်နေ့တာအတွင်း ကျွန်ုပ်တို့အတွက် ဘုရားသခင်သည် အကောင်းဆုံးစီစဉ်ပေးတော်မူလိမ့်မည် ဟူသော သက်ဝင်ယုံကြည်မှုထားရှိခြင်း၏ အသီးအပွင့်ဖြစ်ပါသည်။

ယခုအခါ ကြိုတင်စီစဉ်ထားသည့်အတိုင်း ဖြစ်မလာသောအကြောင်း ချင်းရာများ ကျွန်ုပ်၌အများအပြားရှိပါသည်။ ငွေကြေးပန်းတိုင်မရောက်ခဲ့သောအချိန်၊ တန်ဖိုးထားရသောဝန်ထမ်း ဆုံးရှုံးရသောအချိန်၊ စိတ်ဝင်စားဖွယ် အစီအစဉ်ကို လျှော့ချရသော အချိန်များရှိခဲ့သည်။ တစ်ခါတရံ မျှော်လင့်မထားသော အခက်အခဲကို မည်သို့ယူဆရမည်ကို မသိခဲ့ဘဲ စိတ်ရှုပ်ထွေးခဲ့ရသည်။ တစ်ခါတစ်ရံ အကြောင်းတစ်စုံတစ်ခုကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏အစီအစဉ်ကို အနှောင့်အယှက်ပြုတော်မူခြင်းလောဟု စဉ်းစားခဲ့သည်။ ကျွန်ုပ်တို့ခက်ခဲစွာ ရုန်းကန်နေရခြင်းသည် ဘုရားသခင်ပါရှိတော်မူ ခြင်းမရှိလော၊ သို့တည်းမဟုတ် အခြားအင်အားစုများ ပါဝင်ပတ်သက်မှုကြောင့်လောဟု စဉ်းစားခဲ့ရသည်။ ကျွန်ုပ်တို့ ပိုမိုလိမ္မာပါးနပ်စွာနှင့် ပိုမိုအားစိုက်လုပ်ဆောင်ရန်လိုအပ် လော။ ယခုအချိန်တွင် ကျွန်ုပ်တို့၏ အစီအစဉ်များကို ခဏဘေးဖယ်ထားပြီး နောက်တစ်ကြိမ်တွင် ထပ်မံကြိုးစားကြရင်ကော၊ သို့မဟုတ် ကျွန်ုပ်တို့၏ ကမကထပြုမှုကို တစ်ခါတည်း စွန့်ပစ် သင့်သည်မဟုတ်လော။ ဤမေးခွန်းများအတွက် သိရှိသဘောပေါက်ခြင်း လိုအပ်ပါသည်။ လွယ်ကူသောအဖြေများ သို့မဟုတ် အားလုံးကောင်းပါသည် ခင်ဗျားဟူသော အဆုံးသတ်နိဂုံးများ ထွက်ပေါ်လာကြမည်မဟုတ်ပေ။

ဘုရားသခင်၏ ဦးဆောင်တော်မူခြင်းကို သိရှိသဘောပေါက်ရေးနှင့် စိတ်ပျက်ခြင်း၊ အနေရခက်ခြင်း၊ ကြောက်စရာဖြစ်ပေါ် တိုးတက်မှုများကြုံတွေ့ခြင်းတို့ ကို မည်သို့အဓိပ္ပာယ်ဖွင့်ဆိုခြင်းတို့၌ စိန်ခေါ်ချက်များရှိသည့်တိုင် ထိရောက်သော ဝိညာဉ်ရေးဦးဆောင်မှု၌ မိမိတို့၏အလိုဆန္ဒကို ဘုရားသခင်၏အလိုတော်နှင့်

တစ်ပြေးညီဖြစ်စေရေးသည် နေ့စဉ်လုပ်နေကျဦးစားပေးကိစ ဖြစ်သည်။ ကျွန်ုပ်တို့၏ အတွေးအခေါ်နှင့် ပြုမူလုပ်ဆောင်မှုတို့ကို တိုးသာလျှော့သာလုပ်ခြင်းနှင့် အုံးပေးကျိုးနွံခြင်းမပြုပါက ဘုရားသခင်၏အလိုတော်ကို သိရှိနားလည်ရေးဖြစ်စဉ်ထဲ ကျွန်ုပ်တို့ပါဝင်နိုင်မည်မဟုတ်ပေ။ အမှန်တော့ လိုက်လျှောက်ကျင့်သုံးလိုသော ဆန္ဒမရှိသူ ဘုရားသခင်သည် အဘယ့်ကြောင့် အသိဉာဏ်အလိမ္မာကို ဖွင့်ပြပေးသနားတော်မူမည်နည်းဟု မေးခွန်းမေးနိုင်ပါသည်။

မိမိအား အသိပေးဖော်ပြသည်ကို မယုံကြည်မလိုက်နာဘဲ ဘုရားသခင်၏ လမ်းပြပို့ဆောင်တော်မူခြင်းကို တောင်းလျှောက်ခြင်း၏အချည်းနှီးဖြစ်ပုံကို ဂျိမ်းစ်(ယာကုပ်)သဘောပေါက်ပုံရသည်။ သံသယနှင့်ပတ်သက် ဂျိမ်းစ်က ဤသို့ပြောသည်။

> သင်တို့အနက် တစ်စုံတစ်ယောက်သည် ဉာဏ်ပညာချို့တဲ့ပါလျှင် ဘုရားသခင်ထံ တောင်းလျှောက်စေ။ ဘုရားသခင်သည် သူ့အား ဉာဏ်ပညာကို ပေးသနားတော်မူလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်သည် လူခပ်သိမ်းတို့အားရက်ရောစွာ ကျေးဇူးပြုတော်မူတတ်သောကြောင့်ဖြစ်၏။ သို့ရာတွင် သင်တို့သည် ယုံမှားသံသယမရှိဘဲ ယုံကြည်သော စိတ်နှင့် တောင်းလျှောက်ကြရမည်။ ယုံမှားသံသယရှိသောသူသည် လေတိုက် လှုပ်ရှားတတ်နေသော ပင်လယ်လှိုင်းနှင့်တူ၏။ ဤကဲ့သို့သော သူသည် စိတ်နှစ်ခွရှိသူ၊ ပြုလေသမျှတို့၌ တည်ကြည်မှုမရှိသူဖြစ်သောကြောင့် ထာဝရဘုရား၏ထံတော်မှ တစ်စုံတစ်ရာကို ရရှိလိမ့်မည်ဟု မမှတ်စေနှင့် (ယာကုပ် ၁း၅–၈)။

ဤနောက်ခံ၌ သံသယဖြစ်ခြင်းသည် မည်သူမဆိုကြုံတွေ့နိုင်သော အခြေအနေများ၌ ဒွိဟ ဖြစ်နေရသူတို့အနေဖြင့် ဘုရားသခင်ထံတော်မှအသိဉာဏ် အလိမ္မာပေးသနားတော်မူပါရန် တောင်းလျှောက်လျှင် ဘုရားသခင်က ပေးတော်မူမည်ကို သဘောမပေါက်သူများကို ရည်ညွှန်းဟန်တူပါသည်။ သံသယရှိသူများကိုဆိုလိုပါသည်။ သို့သော် သံသယနှင့်ပတ်သက် ဤနေရာ၌ အဓိပ္ပာယ်ဖွင့်ဆိုမှုကို ကျွန်ုပ်မှန်သည်ဟုမယူဆပါ။ ဂျိမ်းစ်အသုံးပြုခဲ့သော diakrino ကို ပညာရှင်အများစုက သံသယရှိခြင်း (doubting) ဟုပြန်ဆိုကြရာ အရာနှစ်ခုကို ခွဲခြားခြင်းဖြင့် ဆုံးဖြတ်ချက်ပြုခြင်းဟူသော အဓိပ္ပာယ်လည်း သက်ရောက်ပါသည်။ သို့ဖြစ် ဤနေရာ၌ ဂျမ်းစ်ဆိုလိုသည်မှာ ဉာဏ်ပညာအတွက် ကျွန်ုပ်တို့ ဆုတောင်းသောအခါ ဘုရားသခင်က ဖွင့်လှစ်ပြသခြင်းအပေါ် ကျွန်ုပ်တို့ မေးခွန်းထုတ်ပြီး အငြင်းအခုံပြုကြရာ ၎င်းသည်ပင်လျှင် ဘုရားသခင်၏ ဉာဏ်ပညာ အပေါ် ကျွန်ုပ်တို့က သံသယရှိခြင်းဖြစ်တော့သည်။ ကျွန်ုပ်တို့၌ စိတ်နှစ်ခွ

ရှိနေပါသည်။ စိတ်တစ်ပိုင်းက ဘုရားသခင်၏အလိုတော်ကိုသိချင်နေပြီး နောက်စိတ်တစ်ပိုင်းက ဘုရားသခင် ဗျာဒိတ်ပေး ဖွင့်ပြသည်တို့နှင့်ကင်းလွတ်သော ကျွန်ုပ်တို့ကိုယ်တိုင်၏ ယုံကြည်မှုများနှင့် အတွေးအခေါ်များကို ဖက်တွယ်နေပါသည်။ အမှန်အားဖြင့် သိရှိသဘောပေါက်ခြင်းဖြစ်စဉ်၌ ဘုရားသခင်က ၎င်းတို့အား မည်သည့်အရာကို အသိပေးတော်မူခြင်းနှင့် မည်သို့ဆက်လက်ဆောင်ရွက်ရမည်တို့နှင့် ပတ်သက် ခေါင်းဆောင်များအကြား၌ ဘုံသဘောတူညီမှုရှိရန် လိုအပ်ပါသည်။ သို့သော် ဂျိမ်းစ်၏ဖော်ပြချက်သည် အခြားပုဂ္ဂိုလ်များနှင့်အတူ နားထောင်ပြီး သဘောပေါက်သိရှိခြင်းနှင့်မတူခြားနားသောအရာ ဖြစ်ပါသည်။ ဘုရားသခင်၏ လမ်းညွှန်ပြသတော်မူခြင်းကို ရှာဖွေသူတို့၌ဖြစ်ပေါ်နေသော စိတ်နှစ်ခွကိုဖော်ပြပါသည်။ ယင်းစိတ်ထားကြောင့် လူတို့အား စိတ်မတည်မငြိမ်ဖြစ်စေပြီး ဘုရားသခင်ထံတော်မှ ၎င်းတို့ ကြားသိနိုင်သော စွမ်းရည်ကို ယုတ်လျော့အားနည်းစေခဲ့သည်။ ဂျိမ်းစ်ပြောသွားသော စကားလုံးများကို ခေတ်စကားဖြင့် ကျွန်ုပ်က ဤသို့ပြန်ရေးလိုက်သည်။

> ခင်ဗျားတို့၌ ဏ်ပညာကင်းမဲ့နေပါက ရက်ရောစွာနှင့် နှစ်မြို့စွာ ပေးကမ်းစွန့်ကြဲတော်မူသော ဘုရားသခင်ထံ တောင်းကြပါ။ တောင်းသည့်အတိုင်း ခင်ဗျားတို့ကို ပေးတော်မူပါလိမ့်မည်။ သို့သော် တောင်းသည့်အခါ သက်ဝင်ယုံကြည်မှုအပြည့်ဖြင့် တောင်းကြပါ။ ဘုရားသခင်အသိပေး ဖော်ပြတော်မူသောအရာကို သင်လုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ မိမိ၏စိတ်ထဲမှာ အငြင်းအခုံမဖြစ်ပါစေနှင့်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏ ဦးဆောင်မှုအပေါ် စိတ်နှစ်ခွ ရှိသူသည် လေတိုက်မှုကြောင့် တက်လိုက်ဆင်းလိုက်ဖြစ်နေသော ပင်လယ်ရေလှိုင်းကဲ့သို့ ဖြစ်သည်။ ဘုရားသခင် အသိပေးဖော်ပြတော်မူ သောအရာကို လုပ်ဆောင်ပါမည်ဟု ဆက်ကပ်ထားပြီး လုပ်ဆောင်ခြင်း မရှိသူသည် စိတ်နှစ်ခွရှိသူဖြစ်ပြီး မည်သည့်နည်းလမ်း၌မဆို စိတ်မတည်ငြိမ်သူဖြစ်သဖြင့် ဘုရားသခင်ထံတော်မှ မည်သည့်အရာမျှ ရရှိရန် မျှော်လင့်မထားသင့်ပေ။ ယာကုပ် ၁–၅–၈ (စာရေးသူ၏ စကားဖြစ်သည်)

ကျွန်ုပ်တို့၌ စိတ်နှစ်ခွရှိသောအခါ ဘုရားသခင်အား အဆိုပြုချက်များအတွက် အရင်းအမြစ်အဖြစ် အသုံးပြုတော်မူသည့် သဘောသက်ရောက်ပြီး နောက်ဆုံး ဆုံးဖြတ်ချက်ကို ကျွန်ုပ်တို့ကိုယ်တိုင်၏ အခွင့်အရေးအဖြစ် မှတ်ယူကြပါသည်။ သို့ဖြစ် ဘုရားသခင်သည် ကျွန်ုပ်တို့ထံ တစ်စုံတစ်ခုမျှ ဖွင့်လှစ်ပြသတော်မူ မည်မဟုတ်ဟု အဓိပ္ပာယ်သက်ရောက်ကြောင်း ဂျိမ်းစ်က ဆိုသည်။ ဘုရားသခင်သည် သူ၏ဆန္ဒတော်ကို လိုက်လျှောက်သူတို့အား

ဦးဆောင်မှုပေးတော်မူသည်ဟု ဂျိမ်းစ်ကဆိုလိုသည်။ ဘုရားသခင်က မိမိ၏ဆန္ဒတော်ကို ဖွင့်ဟဖော်ပြသောအခါ ကျွန်ုပ်တို့ကလည်း ၎င်းနှင့်တစ်ပြေးညီ ကြံစည်ခြင်းမရှိပါက ကျွန်ုပ်တို့၏လက်ရှိအခြေအနေများနှင့်ပတ်သက် မိမိတို့ကိုယ်တိုင်အနက်ကောက်ပြီး အကောင်းဆုံးသောနည်းလမ်းဖြင့် လုပ်ဆောင်ရန်ရွေးချယ်ဆုံး ဖြတ်ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ အကောင်းဆုံးသောခွဲခြမ်းစိတ်ဖြာမှုသည် လက်တွေ့ကျသော အစီအစဉ်တစ်ခုကို ဖော်ထုတ်နိုင်ပြီး 'အောင်မြင်မှု'ရရှိစေခဲ့သည့်တိုင် ကျွန်ုပ်တို့မျှော်လင့်ထားသော အောင်မြင်မှုအစစ်အမှန်ကား အဘယ်သို့နည်း။ အခြားသူတို့၏ ကောင်းကျိုးချမ်းသာဖြစ်စေသောကောင်းသည့်အရာများ ပြုလုပ်နိုင်သော်လည်း ဘုရားသခင်၏ အလိုတော်ကိုနားထောင်ပြီး သူ၏ဦးဆောင်မှုနောက်သို့ ကျွန်ုပ်တို့လိုက်ခဲ့ပါက ကျွန်ုပ်တို့ရရှိမည့်အောင်မြင်မှုကား မည်သည့်အရာဖြစ်မည်နည်း။

သို့ဖြစ် ထိရောက်သော ဝိညာဉ်ရေးခေါင်းဆောင်များသည် သူတို့၏အကြံအစည်များကို ဘုရားသခင်၏ အကြံအစည်တော်များနှင့် တစ်ပြေးညီ သို့မဟုတ် တစ်သားတည်းဖြစ်စေရန် ဆက်ကပ်ကြခြင်းဖြင့် ဘုရားသခင်ထံတော်မှ ဉာဏ်ပညာကိုမျှော်လင့်ရရှိကြပါသည်။ သူတို့၏အသက်တာဘဝများ၏ အရေးကြီးသော အစိတ်အပိုင်းများ၌သာမဟုတ်ဘဲ အသေးအဖွဲ့ကိစ ရပ်များ၌ပါ ထိုသို့ပြုလုပ်ကြမည်ဖြစ်သည်။ ဘုရားသခင်၏အလိုတော်နှင့် ကျွန်ုပ်တို့၏ အကြံအစည်များကို တစ်ပြေးညီထားရှိခြင်းသည် နေ့စဉ်နှင့်အမျှ ဘုရားသခင်ထံတော်၌ ဆက်ကပ်ကိုးနွံခြင်းဖြစ်ပြီး အားလုံးအကျုံးဝင်ဖြစ်စဉ်တစ်ခု ဖြစ်ကြောင်း သဘောပေါက်သိရှိကြပါသည်။

## အကူအညီယူပါ

တစ်ဦးချင်းပုဂ္ဂိုလ်များဖြစ်စေ၊ ခေါင်းဆောင်များဖြစ်စေ၊ အမှုတော်ဆောင်လုပ်ငန်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ အသင်းဝင်များဖြစ်စေ၊ ကျွန်ုပ်တို့အားလုံးအနေဖြင့် ဘုရားသခင်၏အလိုတော်နှင့် ကျွန်ုပ်တို့၏အကြံအစည်များ တစ်ပြေးညီဖြစ်စေမည့်နည်းလမ်းများကို ရှာဖွေကြရမည်ဖြစ်သည်။ ဤနေရာ၌ အဆိုပြုချက်အချို့ကို ဖော်ပြပါသည်။

ဘုရားသခင်၏ ရည်မှန်းချက်များနှင့်ကိုက်ညီသော နှလုံးသားနှင့်စိတ်အတွက် နေ့စဉ်ဆုတောင်းပါ။ ကောင်းချီးပေးရန်အတွက် ဆုတောင်းခြင်းမျိုးမဟုတ်ဘဲ သင်၏ပုံမှန်ဆက်ကပ်ဆုတောင်းခြင်းအဖြစ် ဆုတောင်းပါ။ ခေါင်းဆောင်မှု၌ ကျွန်ုပ်တို့အတွက် အမြဲတမ်းသွေးဆောင်ခြင်းတစ်ခုမှာ မာနနှင့်စိတ်အလိုလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် အထူးအလေးဂရုပြုရန်နှင့် ဆုတောင်းရန်လိုအပ်ပါသည်။

သင်၏အစီအစဉ်များနှင့် အယူအဆများအား လိုအပ်ပါက အပြောင်းအလဲ၊ အတိုးအလျှော့လုပ်ရန် အဆင်သင့်ရှိပါ။ "မြင်ပုံဖော်မှု သို့မဟုတ် ပါ့ မထားပါနှင့်။ ဖွဲ့မရှိပါနှင့်"ဟု ကျွန်ုပ်မပြောပါ။ အခြေအနေများသည် တစ်ခါတစ်ရံ ကျွန်ုပ်တို့၏ ထိန်းချုပ်နိုင်မှု ပြင်ပတွင်ရှိနေတတ် ကြသည်ကိုလက်ခံပါ။ ထိုသို့သော အချိန်တွင် မျှော်လင့်မထားသောအရာများ၊ ထိန်းချုပ်နိုင်ခြင်းမရှိသောအရာများကို ဘုရားသခင်သည် ကျွန်ုပ်တို့မျှော်လင့်မထားသော နည်းလမ်းများအားဖြင့် အလုပ်လုပ်စေတော်မူသည်ဟုယူဆပြီး အခွင့်အလမ်းများအဖြစ် လက်ခံမှတ်ယူကာ အမှုတော်ဆောင်လုပ်ငန်းနှင့် သက်သေများအဖြစ် ကျွန်ုပ်တို့အတွက် ဘုရားသခင် စီစဉ်ပေးတော်မူသည်ဟု ယူဆရမည် ဖြစ်သည်။

ခိုင်မာသော အစီအစဉ်ရေးဆွဲခြင်းနှင့် ဘုရားသခင်၏ အလိုတော်နှင့်အညီ လိုက်လျှောက်ခြင်းတို့ကြား၌ ချိန်ခွင်လျှာထိန်းနည်းတစ်ခုမှာ မျှော်လင့်ထားသည်ကို မျှော်လင့်ခြင်းနှင့် မမျှော်လင့်သည်ကို မျှော်လင့်ခြင်းဖြစ်သည်။ အရေးအခင်းတစ်ခု သို့မဟုတ် စီစဉ်မှုတစ်ခု၏အောင်မြင်မှုကို သင်၏မဟာ ဗျူဟာကျသောအစီအစဉ်နှင့် အကောင်အထည်ဖော်မှုအပေါ်တွင် လုံးဝတည်မှီသကဲ့သို့စီစဉ်ပါ။ တစ်ချိန်တည်းတွင် အဖုအထစ်လေးများနှင့် အံ့အားသင့်မှုများအတွက်လည်း သင့်ကိုသင် စိတ်ပိုင်းအရ ဖြစ်စေ ခံစားချက်ပိုင်းအရဖြစ်စေ၊ ဝိညာဉ်ရေးအရဖြစ်စေ ပြင်ဆင်မှုပြုပြီး ၎င်းတို့ကို အထူးအခွင့် အလမ်းများအဖြစ်ယူဆပါ။

ပုံမှန်ကျင့်ထုံးတစ်ခုအဖြစ် လုပ်ငန်းသစ်တစ်ခုစတိုင်းပါဝင်သူတို့ကြားတွင် ပိုင်ဆိုင်မှုအသိတရားရှိရေးအတွက်နှင့် လစ်ဟာမှုမရှိစေရေးအတွက် အကြံပေး အဖွဲ့များဖွဲ့ပါ။ ယခုအချိန်အထိ ဝိညာဉ်ရေးခေါင်းဆောင်မှု၌ အလွန်အရေးကြီးသော အသင်းအဖွဲ့စိတ်ဓာတ်နှင့် အသင်းအဖွဲ့သိရှိ သဘောပေါက်မှုအကြောင်းကို ကျွန်ုပ်တို့ ပြောကြားခြင်းများမရှိပေ။ သင်၏အဖွဲ့အစည်းများ၌ဖြစ်စေ၊ သင်၏အမှုတော်ဆောင် လုပ်ငန်း၌ ဖြစ်စေ ဘုရားသခင်သည် လူပုဂ္ဂိုလ်တစ်ဦးတည်းထံသို့ ညာဏ်ပညာများ အားလုံးဖွင့်ပြ ပေးသနားတော်မည်မဟုတ်ပေ။

သင်နှင့်သင်၏ အကြီးအကဲများနှင့်ဆက်ဆံရေးကို စစ်ဆေးပါ။ သင်၏အမှုတော်ဆောင်လုပ်ငန်းအတွက် ဘုရားသခင်၏အလိုတော်ကို သိရှိနားလည် ရေး၌ အကူအညီပေးမည့်သူနှင့် တာဝန်ယူပတ်သက်မှုရှိပါသလား။ ဘုရားသခင်အား အလုပ်တာဝန်ပေးအပ်တော်မူခြင်းအပေါ် ကတိတည်ပါ။ ခေါင်းဆောင်မှုအတွက် ဘုရားသခင်က သင့်အားအလုပ်တာဝန်ပေးအပ်တော်မူခြင်းအပေါ် ကတိတည်ပါ။ ကျွန်ုပ်တို့ထဲမှ အများစုသည် ကျွန်ုပ်တို့အား ကြီးကြပ်သူများထံသို့ ကျွန်ုပ်တို့၏ အလိုဆန္ဒများကို အပ်နှင်းခြင်း သို့မဟုတ် ညွှန်ကြားရေးမှူးများအဖွဲ့သို့ အပ်နှင်း ခြင်းပြုရန် လိုအပ်ကြပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင် ကျွန်ုပ်တို့၏ အစီအစဉ်ကို အောင်မြင်စေရန် အပြင်းအထန်ကြိုးစားပါက ပြုလုပ်နိုင်သည်ဟု ယူဆသည့်တိုင်

ထိုသို့ပြုလုပ်ကြပါသည်။ အကြီးအကဲများ (အထက်အရာရှိများ)၏ အခန်းကဏ္ဍများကို လေးစားပါ။ သူတို့၏ ကြီးကြပ်ရေးတာဝန်များကို အလေးအနက်ထားရန် ဥာဏ်အာဏာရှိသူတို့အား ဖိတ်ခေါ်ပြုပါ။

အကယ် သင်သည်အသင်းတော်တစ်ပါး သို့မဟုတ် အသင်းတော် အဖွဲ့အစည်းတစ်ခုခု၌ အလုပ်လုပ်ခဲ့သော် ဘုရားသခင်၏ အကြံအစည်တော်များ သိရှိရေးအတွက် သင်၏ခေါင်းဆောင်အစုအဖွဲ့ကို ဖိတ်ခေါ်ပါ။ စိန်ခေါ်မှုနှင့်ကြုံတွေ့ရသောအခါ၌ဖြစ်စေ၊ အစီအစဉ်များ၌ကြီးမားသော ပြောင်းလဲမှုရှိသောအခါ၌ဖြစ်စေ၊ အကြပ်အတည်းနှင့်ကြုံတွေ့ရသောအခါ၌ဖြစ်စေ အနီးဝန်းကျင်ရှိ လူတို့ကို ဖိတ်ခေါ်ပြီး ဆုတောင်းပါ။ ဥပမာအားဖြင့် တစ်ခါကကျွန်ုပ်၏အဖွဲ့အစည်း၌ အမှုတော်ဆောင်လုပ်ငန်းချဲ့ထွင်ရန်အတွက် မြေယာသစ်ရှာဖွေသောအခါ အခက်အခဲနှင့်ကြုံရပါသည်။ ထို့ကြောင့် အခက်အခဲများအတွက် ဆုတောင်းရန် ညွှန်ကြားရေးမှူးများအဖွဲ့ကို ဖိတ်ခေါ်ခဲ့သည်။ အခက်အခဲများကိုဖြေရှင်းပေးတော်မူပါရန် ဘုရားသခင်အား အကြံအစီတော်နှင့်အညီဖြစ်စေတော်မူပါရန် ဆုတောင်းခဲ့ကြသည်။ ဘုရားသခင်ရှေ့တော်၌ အတူတကွလက်မြှောက်အပ်နှံပေးပြီး ဆုတောင်းခြင်းဖြစ်သော်လည်း အကျိုးပြုအားပေးအားမြှောက်ပြုသော အတွေ့အကြုံဖြစ်သည်။ ထိုသို့သော ဆုတောင်းခြင်းမျိုးကို အဖွဲ့အစည်းအတွင်းရှိ အခြားအဆင့်များ၌လည်း ကျွန်ုပ်ဦးဆောင်ပြီး ပြုလုပ်လေ့ရှိပါသည်။ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေ၌ရောက်နေသည်ဟု ယူဆရသောအခါ၌လည်းကောင်း သို့မဟုတ် ဖျက်လိုဖျက်ဆီး အလုပ်ခံရသည်ဟုယူဆရသောအခါ၌လည်းကောင်း စိတ်ဓာတ်ကြံ့ခိုင်ရေးအတွက်နှင့် ဖြေရှင်းရေးအတွက် ဆုတောင်းခဲ့ကြရာ အကျိုးထူးရရှိခဲ့ပါသည်။

အသင်းတော်အဖွဲ့အစည်းမဟုတ်သော အဖွဲ့အစည်းတစ်ခု၌ သင်သည် ခေါင်းဆောင်ဖြစ်ခဲ့ပါမူ သင်၏လုပ်ငန်းတူပုဂ္ဂိုလ်များနှင့် မိတ်ဆွေများကွန်ရက်မှ အခြား ပုဂ္ဂိုလ်များနှင့် ဆုတောင်းဖော်များတွေ့ရှိနိုင်ပါသည်။ သင်၏အသင်းတော်မှ အသင်းသားခေါင်းဆောင်အနည်းငယ်ဖြင့် ဖွဲ့စည်းထားသောအဖွဲ့ သို့မဟုတ် အခြားအဖွဲ့မှပုဂ္ဂိုလ်များနှင့် ဆုတောင်းအဖွဲ့ဖွဲ့ပြီး အဖွဲ့အသီးသီးရင်ဆိုင်နေရသော စိန်ခေါ်ချက်များအတွက် ပုံမှန်အတူတကွ ဆုတောင်းပေးနိုင်ကြပါသည်။

## စဉ်းစားစရာအချို့

အဖွဲ့အစည်းရေးရာပါရဂူတစ်ဦးဖြစ်သော ဂျင်ကောလင်းစ် (Jim Collins) က သူ၏အရောင်းရဆုံးစာအုပ်၌ ‘ကောင်း’ အဆင့်မှ ‘ကြီးမြတ်သော’ အဆင့် (from good to great) အထိရှိသော ကုမ္ပဏီများအကြောင်းကို ခေါင်းဆောင်များ၊

အဖွဲ့အစည်းများ၊ ကုမ္ပဏီများအတွက် အရေးကြီးလှသော အချက်အလက်များဖြင့် ထောက်ပြဖော်ပြထားပါသည်။ လူပုဂ္ဂိုလ်အနေဖြင့် ကျွန်ုပ်၌အားနည်းချက် မရှိဟု ငြင်းဆိုပါက သို့မဟုတ် ကျွန်ုပ်တို့အသင်းအဖွဲ့၌ အားနည်းချက်မရှိဟု ငြင်းဆိုပါက ကျွန်ုပ်တို့အဖွဲ့အစည်း၏ အခြေအနေကို ပိုမိုရှည်ကြာစေသော ရှိမည်ဖြစ်ပြီး ကျွန်ုပ်အသက်တာဖြစ်စေ သို့မဟုတ် အသင်းအဖွဲ့ဖြစ်စေ တိုးတက်စေလိမ့်မည် မဟုတ်ပေ။ ထိုသို့မဟုတ်ဘဲ ကျွန်ုပ်တို့၏အဖြစ်မှန်ကိုဖြစ်စေ၊ အဖွဲ့၏အခြေအနေ မှန်ကိုဖြစ်စေ လက်ခံရင်ဆိုင်ပါက အသက်ရှင်ကျန်ရေး အတွက်ရော အောင်မြင်မှုအတွက်ပါ မည်သို့သောအပြောင်းအလဲများ လိုအပ်ကြောင်းကို ပိုမိုသိရှိလာကြ မည်ဖြစ်သည်။[၆]

သင်ကိုယ်တိုင်၏ ခေါင်းဆောင်မှုနှင့်ပတ်သက်သော အချက်အလက်များကို ကြည့်ပြီး ခြိမ်းခြောက်ခြင်း၊ စိန်ခေါ်ခြင်း၊ စိတ်ပျက်ခြင်း၊ အနေရကြပ်ခြင်း စသည်တို့ခံစားရသောအခါ သင်မည်သို့တုံ့ပြန်မည်နည်း။ သင်ကိုယ်တိုင်၏ အစီအစဉ်ကို လက်လွှတ်ပြီး ဘုရားသခင်၏ ဦးဆောင်မှုကိုခံယူကာ သင်၏လိုအင်ဆန္ဒကို ဘုရားသခင်၏ အလိုတော်နှင့်တစ်ပြေးညီဖြစ်စေရန် သင့်ကိုသင် မည်ရွေ့မည်မျှ တံခါးဖွင့်မည်နည်း။

အောက်၌ဖော်ပြထားသော မေးခွန်းများအပေါ် ဝေဖန်သုံးသပ်ရန် သင်၏ နေ့စဉ်မှတ်တမ်း သို့မဟုတ် ပေးထားသောကွက်လပ်ကို အသုံးပြုရေးချပါ။ ပထမမေးခွန်းတိုင်းသည် ဖြေဆိုရမည့်အဓိကမေးခွန်းဖြစ်ကြသည်။ ထို့နောက် သင်၏သုံးသပ်မှုကို အထောက်အကူပြုရန် နောက်မေးခွန်းများကို ဖြေဆိုရမည် ဖြစ်သည်။ သင်၌ လုံလောက်သော သတ္တိရှိပါက သင်နှင့် သင်၏ခေါင်းဆောင်မှုနှင့် ပတ်သက်ပြီး ဤမေးခွန်းများကို သင်နှင့်အတူ ပွင့်လင်းစွာ ဆွေးနွေးဖြေကြားမည့် ခေါင်းဆောင်အဖွဲ့နှင့် အခြားလုပ်ဖော်ဆောင်ဖက်များ ကိုမေးပါ။ ဤအရေးကြီးသော မေးခွန်းများကို အခြားသူတို့နှင့် ဝေဖန်သုံးသပ်ရာ၌ အကျိုးရှိသောနည်းလမ်းတစ်ခုမှာ အခန်း(၁) အဆုံး၌ရှင်းပြထားသောပုံစံဖြစ်သည့် သုံးယောက်တစ်ဖွဲ့ (triads)များဖွဲ့ပြီး ဆွေးနွေးခိုင်းခြင်းဖြစ်သည်။

- ကျွန်ုပ်၏အစီအစဉ်များကို တစ်နည်းမဟုတ်တစ်နည်း ကပျက်ယဖျက် အလုပ်ခံရသောအခါ ကျွန်ုပ်တို့ မည်သို့တုံ့ပြန်ခဲ့သနည်း။ (ကျွန်ုပ်ဆန္ဒရှိသည့်အတိုင်းဖြစ်စေခဲ့သည်မဟုတ်လော။ ကျွန်ုပ်နှုတ်ခမ်းဆူပြီး မျက်နှာတုန်မှုန်နေသလား။ ကျွန်ုပ် ခါးခါးသီးသီးဖြစ်ပြီး မယုံသင်္ကာဖြစ်လာပါသလား။ မျှော်လင့်မထားသော အရေးအခင်းများထဲ၌ အခွင့်အလမ်းများရှာဖွေခြင်းဖြင့် ကျွန်ုပ်၏ စိတ်ပျက်ခြင်းနှင့် အနေရကြပ်ခြင်းကို ကျော်လွှားသွားနိုင်ပါမည်လော။ ကျွန်ုပ်အသက်တာဘဝနှင့် အခြေအနေထဲ၌ ဘုရားသခင် အလုပ်လုပ်တော်မူသည်ကို ကျွန်ုပ်

ယုံကြည်ပြီး ဆက်ကပ်အပ်နှံနိုင်ပါမည်လော။ ကျွန်ုပ် လဲကျသွားသောအခါ ကျွန်ုပ်ကို ကျွန်ုပ်ပြန်လည်ထူမပြီး သက်ဝင်ယုံကြည်မှုထဲ၌ အပြုသဘော ဆောင်စွာ လုပ်ဆောင်နိုင်ပါမည်လော)။

■ ကျွန်ုပ်၏အမြင်ကို လက်အောက်ငယ်သားများက စိန်ခေါ်လာသောအခါ ကျွန်ုပ် မည်သို့တုံ့ပြန်လေ့ရှိပါသနည်း။ (ကျွင်းသည် ကျွန်ုပ်၏နည်းလမ်းလား သို့မဟုတ် တိုက်ိုက်လုပ်ဆောင်နည်းလမ်းလား။ ကျွန်ုပ်သည် နားထောင်ချင်ဟန်ဆောင်နေပြီး ကျွန်ုပ် စီစဉ်ထားသည့်အတိုင်း လုပ်ဆောင်နေသည်မဟုတ်လော။ မည်သူ့ဆီကပဲလာလာ ဂဏ် အလိမ္မာနှင့် နက်ူိုင်းသိအတွက် ကျွန်ုပ် ိုးသားစစ်မှန်စွာ နားထောင်နေပါ၏လော။ ကျွန်ုပ်၏ အလုပ်သမားထံမှကြားရသော စကားလုံးများထဲမှ လှုပသောရတနာများကို ရွေးကောက်ပြီး အနှုတ် လက္ခဏာဆောင်သော စကားလုံးများကိုကျော်သွားရန် ကြိုးစားပါသလား။ ပြ နာဖြေရှင်းရေး သို့မဟုတ် ပိုမိုကောင်းမွန်သော အနာဂတ်အတွက် စေတနာဖြင့် ကျွန်ုပ်အားစိန်ခေါ်ပြီး ဆွေးနွေးပြောဆိုသူ့အပေါ် ကျေးဇူးတင်စကား ကျွန်ုပ် ပြောနိုင်ပါ၏လော)။

■ ကျွန်ုပ်၏ အတွေးအခေါ်အယူအဆများနှင့် အကြိုက်ဆုံးအစီအစဉ်များ အတွက် ကျွန်ုပ် မည်သို့ဆုတောင်းပါသနည်း။ (အပြောင်းအလဲအတွက် ကျွန်ုပ်၏နှလုံးသား ဖွင့်ထားပါ၏လော။ လိုအပ်ပါက ကျွန်ုပ်၏အနှစ် သက်ဆုံးအစီအစဉ်များကို စွန့်လွှတ်သည်အထိ ကျွန်ုပ်ပွင့်လင်းမှု ရှိပါ၏လော။ ဘုရားသခင်၏လမ်းညွှန်ပြသမှုအတွက် ုံးဝန်ထမ်းများ အား ကျွန်ုပ်နှင့်အတူ ဆုတောင်းရန် ဖိတ်ခေါ်ခြင်းပြုပါ၏လော)။

■ ကျွန်ုပ်လုပ်နေသောအရာများနှင့် ကျွန်ုပ်၏အဖွဲ့အစည်း သို့မဟုတ် အစုအဖွဲ့၏ဦးစားပေးလုပ်ငန်းများတို့အပေါ် အခြားသူတို့ထံမှ အကြံ ဏ်များနှင့် ဝေဖန်ချက်များကို မည်သည့်အတိုင်းအတာအထိ ရယူ လိုပါသနည်း။ ခေါင်းဆောင်မှုနှင့်ပတ်သက်သော သိခြင်းဖြစ်စဉ်၌ အခြားသူတို့အား မည်သည့်နေရာ၌ ကျွန်ုပ် ပါဝင်စေလိုပါသနည်း။

■ မည်သည့်နေရာ၌ ကျွန်ုပ်၏လိုအပ်ဆန္ဒနှင့် ဘုရားသခင်၏အလိုတော်တို့ တစ်ပြေးညီဖြစ်စေလိုပါသနည်း။

# အခန်း (၅)

## ဘုရားသခင်အား အတူတကွရှာဖွေခြင်း

### ခေါင်းဆောင်မှုလက်တွေ့ကျင့်ထုံး

သင်၏လုပ်ငန်းခွင့်အတွင်း အလွန်အရေးပါသော ဝိညာဉ်ရေး ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပါ

### ဝိညာဉ်ရေးအခြေခံမှု

ကျွန်ုပ်တို့အတွင်း ဘုရားသခင်၏ပြုမှုလုပ်ဆောင်တော်မူခြင်းကို ကျွန်ုပ်တို့ရှာဖွေနေသည်နှင့်အမျှ ဘုရားသခင်သည် ဘုန်းတန်ခိုးကြီးမားစွာ အလုပ်လုပ်တော်မူ ပါသည်

အစည်းအဝေးသည် ကြာမည်ဖြစ်ပြီး ပင်ပန်းမည်ကို ကျွန်ုပ်ပြောနိုင်ပါသည်။ အခြားကော်မတီဝင်များကဲ့သို့ ကျွန်ုပ်လည်း အစီအစဉ်အပြည့်ဖြင့် တက်ရောက်ခဲ့သည်။ ကျွန်ုပ်၏အစီအစဉ်ကို စာရွက်ဖြင့်ရေးသားထားသော်လည်း ၎င်းတို့၏ အစီအစဉ်များမှာမူ သူတို့၏မျက်နှာများပေါ်၌ အမူအယာဖြင့် တင်ပြထားကြသည်။

အစည်းအဝေးသည် ချောချောမောမောဖြစ်သွားမည်ဟု ကျွန်ုပ် ိုးသားစွာ ယုံကြည်ခဲ့သည်။ အချို့အရေးကြီးသောကိစ များ၌ အားလုံးသဘောတူညီမှုရရှိနိုင်မည်ဖြစ်ပြီး အဖွဲ့အစည်းဆိုင်ရာ ဦးစားပေးလုပ်ငန်းအချို့၌ တိုးတက်မှုရှိလိမ့်မည်ဟု ကျွန်ုပ်ယူဆခဲ့သည်။ သို့သော် ထင်သလိုဖြစ်မလာခဲ့ပေ။ အငြင်းပွားစရာပေါ်လာသည်နှင့် ကျွန်ုပ်လည်း ၎င်းတို့၏တုံ့ပြန်မှုများကို ပြန်လည်ချေပတုံ့ပြန်နေရသည်။ ကျွန်ုပ်သည် ပို  အနေရကြပ်လာပြီး တင်းမာနေခဲ့သည်။ အချိန်နှင့်အမျှ ပို သာ ၍ါသထွက်လာပါတော့သည်။ ကျွန်ုပ်ကဲ့သို့ သူတို့လည်း တန်းတူဖြစ်နေကြပြီး စိတ်ပျက်လက်ပျက်ဖြစ်နေခဲ့ကြသည်။

ဤအကြပ်အတည်းသည် အကျိုးမရှိဖြစ်ခဲ့သည်။ ပြ နာများကို ဖြေရှင်းရမည့် အစားကျွမ်းကျင်မှုကင်းမဲ့သော၊ နှလုံးသားကင်းမဲ့သော လူမိုက်များ ဖြစ်ခဲ့ကြသည်။ အနှုတ်လက္ခဏာဆောင်သော ခံစားချက်များ ပြင်းပြသောအခါ မည်သို့ဆက်သွယ်ကြမည်ကို မသိရှိကြပေ။ ဘုရားသခင်၏ အလိုတော်ကို သိဖို့ဝေးစွ၊ ကောင်းသောဆုံးဖြတ်ချက် ချမှတ်သူဖြစ်ဖို့ ဝေးစွ လူမိုက်နှင့်သာ တူကြတော့သည်။ ထိုသို့သောအခြေအနေ၌ သင်ရှိခဲ့ဖူးပါသလား။

## လိုအပ်သောအရာ

*သင်၏လုပ်ငန်းခွင်ထဲ၌ အလွန်အရေးပါသော ဝိညာဉ်ရေးပတ်ဝန်းကျင်ကို ဖန်တီးပါ*

ရွေ့လျားအင်အားများ (dynamics)က လုပ်ငန်းခွင်အခြေအနေ၊ ဝန်ထမ်းများဆက်ဆံရေး၊ အသင်းအဖွဲ့၏ အရည်အချင်းနှင့် ကော်မတီအစည်း အဝေးများအပေါ် ထိခိုက်မှုများဖြစ်စေပါသည်။ ၎င်း၌ အချင်းချင်းယုံကြည်စိတ်ချမှု၊ လေးစားမှုရှိသော ဆက်သွယ်ရေး၊ ဆီလျော်သောအစီအစဉ်၊ အချိန်ကိုထိရောက်စွာ သုံးစွဲခြင်း၊ ရှင်းလင်းပြတ်သားသော ဆုံးဖြတ်ချက်များ၊ လက်တွေ့ကျသော လုပ်ဆောင်ချက်ခြေလှမ်းများသည် အရေးပါသော အစိတ်အပိုင်းများအနက် အချို့ဖြစ်သည်။ ကောင်းသောစီမံကိန်းနှင့် ထိရောက်သောအကောင်အထည်ဖော် ခြင်းတို့ကို အစားထိုးမည့်အရာ မရှိသေးပေ။ ကျွန်ုပ်တို့၏အယူအဆများကို တင်ပြရာ၌ ကောင်းစွာနားထောင်ပေးခြင်းနှင့် စဉ်းစားပေးခြင်းရှိမရှိ စသည်တို့အပေါ် မူတည်ပြီး အဖွဲ့အစည်း၏ထုတ်လုပ်မှု တိုးတက်ခြင်းနှင့် ဆုတ်ယုတ်ကျဆင်းခြင်း တို့ကို တွေ့ရမည်ဖြစ်သည်။

လူအမြောက်အမြားအတွက် လုပ်ဖော်ဆောင်ဖက်များနှင့် ကော်မတီ အဖွဲ့ဝင်များအတွင်း နွေးထွေးသော ပုဂ္ဂိုလ်ရေးဆက်ဆံမှုရှိခြင်းသည် အလုပ်ကို အတူတကွ ကောင်းစွာလုပ်ဆောင်ရေး၌ အလွန်အရေးကြီးပါသည်။ ဖော်ရွေမှု၊ ိုးသားပွင့်လင်းမှုနှင့် နေ့စဉ်ဂရုစိုက်မှုရှိသော ဆက်ဆံရေးတည်ဆောက်ခြင်းသည် အစည်းအဝေးများနှင့် စီမံချက်များ အောင်မြင်ရေး၌ ရေရှည်လုပ်ဆောင်ရသော ကိစ ဖြစ်ပါသည်။

ထိရောက်သော စီမံခန့်ခွဲမှုအတွက် အစပြုရာနေရာဖြစ်သည့် အလုပ်ခွင်၌ အလွန်အရေးကြီးသော ဝိညာဉ်ရေးပတ်ဝန်းကျင်အခြေအနေဖန်တီးရေးကို ပစ်မှတ်ထားပြီး ကြွယ်ဝပြီး မြေဆီလွှာကောင်းသော ဝိညာဉ်ရေးမြေကြီး၌ အလုပ်ဆိုင်ရာဆက်ဆံရေးနှင့် ဖြစ်စဉ်များကို အမြစ်တွယ်စေရေးဖြစ်ကြောင်း ဝိညာဉ်ရေး ခေါင်းဆောင်များကလက်ခံကြသည်။ အနှစ်သာရအားဖြင့် ဤပြုမူလှုပ်ရှားမှုသည် တစ်ဦးချင်းပုဂ္ဂိုလ်များ၌ဖြစ်စေ၊ အလုပ်ခွင်အစုအဖွဲ့ များ၌

ဖြစ်စေ၊ ကော်မတီများ၌ဖြစ်စေ၊ ဘုရားသခင်နှင့်ဆက်သွယ်ရာ၌ သက်ဝင်ယုံကြည်မှုနှင့် တက်ကြွလှုပ်ရှားသော အသိတရားတို့ကို မွေးမြူကြီးထွား စေပါသည်။ သို့သော် ဘုရားသခင်၏ ဦးဆောင်မှုကို အတူတကွရှာဖွေရာ၌ တစ်ဦးနှင့်တစ်ဦး အပေါ်၌ဖြစ်စေ၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့အပေါ်၌ဖြစ်စေ အကောင်းမြင် စိတ်ထားရှိရန် လိုအပ်ပါသည်။ ထို့နောက် အဖွဲ့အစည်းတစ်ခုလုံးအတွက် အသင်းတော် ခေါင်းဆောင်က အသုံးပြုသော ဝိညာဉ်ရေးကျင့်ဝတ် စည်းမျဉ်းများနှင့် လက်တွေ့ကျင့်ထုံးများကို ပေါင်းစည်းလိုက်သောအခါ အသင်းအဖွဲ့တစ်ခုလုံး အနေဖြင့် တစ်ဖြည်းဖြည်း အချိန်နှင့်အမျှ အလုံးစုံပြောင်းလဲခြင်းကို ကြုံတွေ့လာရပါသည်။ ရည်မှန်းချက်မှာ အဖွဲ့အစည်း၏ အစိတ်အပိုင်းအသီးသီး၌ ဘုရားသခင် တည်ရှိတော်မူခြင်းနှင့် ပြုမူလှုပ်ရှားတော်မူခြင်းတို့ကို တွေ့ကြုံ ခံစားရန်ဖြစ်သည်။ သို့မှသာ လုပ်ငန်းဆက်ဆံရေးမှစ သိရှိနားလည်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ခေါင်းဆောင်မှုစသဖြင့် အရာအားလုံးသည် ဘုရားသခင်၌ အမြစ်တွယ်နေရမည် ဖြစ်သည်။

## သမ္မာကျမ်းစာ ထောက်

သမ္မာသစ်ကျမ်းသွန်သင်မှု၌ အသက်ဝင်သော ဝိညာဉ်အနှစ်သာရ ပြည့်ဝသည့်အလုပ်ခွင်ဖန်တီးရေး၌ အဓိကသော့ချက်မှာ ကျွန်ုပ်တို့ကိုယ်တိုင်၏ အတွင်းနှင့် အခြားအဖွဲ့ဝင် အသင်းသားများအတွင်း ဘုရားသခင်၏ ဝိညာဉ်တော်အား တက်ကြွစွာဆွဲယူတော်မူခြင်းဖြစ်သည်။ ဥပမာအားဖြင့် အသင်းတော်များ အချင်းချင်းဆက်ဆံရေး၊ ၎င်းတို့၏ဘုံသာသနာပြုရေးနှင့် အချင်းချင်းအကြား အမှုတော်ဆောင်ခြင်းတို့နှင့်ပတ်သက် တမန်တော်ပေါလ်က စာရေးအကြံပြုသောအခါ မိမိတို့အထဲရှိ သန့်ရှင်းသောဝိညာဉ်တော်၏ အခန်းကဏ္ဍကို အလေးထားခဲ့သည်။ အစုအဖွဲ့တစ်ခုစီ၏ အသင်းသားတစ်ဦးစီ၌ အဖွဲ့အစည်းတစ်ခုလုံးကို အကျိုးဖြစ်ထွန်းစေမည့် ဝိညာဉ်ဆုကျေးဇူးများ ပိုင်ဆိုင်ကြပါသည်–

> ညီအစ်ကိုတို့၊ သင်တို့ရေးသားမေးမြန်းသည့်ဝိညာဉ်တော်၏ ဆုကျေးဇူးများနှင့်ပတ်သက် သင်တို့အား သိစေလိုသောအချက်များရှိ၏။ ဝိညာဉ် တော်ဆုကျေးဇူးကား အမျိုးမျိုးရှိ၏။ သို့သော် ထိုဆုကျေးဇူးများကို ချပေးတော်မူသော ဝိညာဉ်တော်တစ်ပါးတည်းရှိ၏။ အစေခံရန်နည်းအမျိုးမျိုးရှိ သော်လည်း အစေခံရသည့်သခင်ကား တစ်ပါးတည်းရှိ၏။ အမှုတော်ဆောင်ရန် စွမ်းရည်အမျိုးမျိုးရှိသော်လည်း လူအသီးသီး၌ရှိသော စွမ်းရည်များကို ပေးတော်မူသောအရှင်ကား တစ်ပါးတည်းရှိ၏။ အများကောင်းကျိုးအတွက် လူအသီးသီးတို့နှင့် ဝိညာဉ်တော်ပါရှိကြောင်း တစ်နည်းတစ်ဖုံအားဖြင့်ဖော်ပြ၏ (၁ ကော ၁၂း၁၊ ၄–၇)။

သန့်ရှင်းသော ဝိညာဉ်တော်၏ဆုကျေးဇူးများကြောင့် အခြားသူတို့၏ ဘဝ အသက်တာကို ပိုမိုကုံလုံကြွယ်ဝစေရေးအတွက် အသင်းအဖွဲ့၏ အသင်းသား တစ်ဦးစီအား ဘုရားသခင်၏ကိုယ်စားလှယ်အဖြစ် ၎င်းတို့အားဖြင့် ဘုရားသခင် အလုပ်လုပ်တော်မူနိုင်သည်ကို ကျွန်ုပ်တို့မျှော်လင့်နိုင်ပါသည်။ ၎င်းအပြင် တမန်တော်ပေါလ်သည် အသင်းတော်ကို ခန္ဓာကိုယ်နှင့်နှိုင်းယှဉ်ဖော်ပြပါသည်။ ခန္ဓာကိုယ်၌ အစိတ်အပိုင်းများစွာရှိသည်။ အစိတ်အပိုင်းတစ်ခုစီသည် လိုအပ်ကုန် ကြသည်။ အသင်းသားတစ်ဦးစီအား အပြည့်အဝမသုံးခြင်းသည် အသင်းအဖွဲ့ (အသင်းတော်) တစ်ခုလုံး၏လုပ်ငန်းကို ကန့်သတ်သကဲ့သို့ဖြစ်သည် (၁ကော ၁၂း၁၂–၁၅ ကိုကြည့်)။ ၎င်း၏အကျိုးဆက်မှာ ဝိညာဉ်အနှစ်သာရပြည့်ဝသော ခေါင်းဆောင်များသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုကျေးဇူးများကို လက်ခံ ကြိုဆိုပြီး တတ်နိုင်သမျှ အသုံးပြုတော်မူသော အသင်းတော် သို့မဟုတ် လုပ်ငန်း ခွင်အခြေအနေကို ဖန်တီးတည်ဆောက်လိုကြသည့်အပြင် ၎င်းတို့၏အသက်တာ ဘဝများ၌ သန့်ရှင်းသော ဝိညာဉ်တော်ပြုမူလှုပ်ရှားတော်မူသောကြောင့် အသင်း ဝင်တစ်ဦးစီကိုလည်း တန်ဖိုးထားကြသည်ဟူသောအချက်ကို ပေါလ်၏သွန်သင် ချက်မှ ရရှိလိုက်ကြခြင်းဖြစ်သည်။

ပေါလ် စာရေးလိုက်သော ခရစ်ယာန်တို့သည် ၎င်းတို့၏ပုဂ္ဂလိက ဘဝ အသက်တာများ၌ ဝိညာဉ်ရေးအလုံးစုံပြောင်းလဲမှုများ ကြုံတွေ့ခဲ့ကြသည်ဟု ယူဆခဲ့ဟန်တူသည်။ ၎င်းတို့အား အခြားပုဂ္ဂိုလ်များနှင့်ဆက်ဆံရာ၌ ၎င်းတို့၏ ဝိညာဉ်ရေးအတွေ့အကြုံအတိုင်း ဆက်ဆံကြရန် တိုက်တွန်းခဲ့သည်။ ဥပမာအားဖြင့် ဂလာတိမြို့သား ခရစ်ယာန်တို့အား ၎င်းတို့ထဲ၌ ကျိန်းဝပ်တော်မူသော သန့်ရှင်းသော ဝိညာဉ်တော်ထဲမှပေါ်ထွက်လာသော အသက်ရှင်နေထိုင်မှုဖြင့် နေသွားကြရန် ပေါလ်ကတိုက်တွန်းခဲ့သည်။

> ငါဆိုသည်ကား ဝိညာဉ်တော်ညွှန်ကြားသည့်အတိုင်း ကျင့်ကြလော့။ လူ့ဇာတိအလိုသို့ မလိုက်ကြနှင့်။ ဝိညာဉ်တော်ကဖြစ်ပေါ်စေသည့် အသီး အပွင့်မူကား ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည် သည်းခံခြင်း၊ သနားကြင်နာခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ မိမိကိုယ်ကိုယ် ချုပ်တည်းခြင်း တို့ပေတည်း။ ဝိညာဉ် တော်သည် ငါတို့အားအသက်ရှင်စေပြီး ဝိညာဉ်တော်ဦးဆောင် လမ်းပြ တော်မူသည့်အတိုင်း ကျင့်ရကြမည် (ဂလာတိ ၅း၁၆၊ ၂၂–၂၃၊ ၂၅)။

အေးဖီးဆပ်/ဖေက် မြို့သားခရစ်ယာန်တို့ထံပေးပို့သောစာတွင်ပေါလ်က ယုံကြည်သူတို့အား မိမိတို့အနီးဝန်းကျင်ရှိ ပုဂ္ဂိုလ်များနှင့်ဆက်ဆံသောအခါ ဘုရားသခင်ထံတော်မှ ၎င်းတို့ကိုယ်တိုင်ရရှိလိုက်သော အတွေ့အကြုံအပေါ်

အခြေခံကြရန် တိုက်တွန်းခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်နှင့်အတူ ၎င်းတို့ ရရှိလိုက်သော ချစ်ခြင်းနှင့်ခွင့်လွှတ်ခြင်းတို့သည် ၎င်းတို့ဆက်ဆံရေး၏ အခြေခံဖြစ်သင့်ပါသည်။

> ဘုရားသခင်၏သန့်ရှင်းသော ဝိညာဉ်တော်ကို စိတ်မနာစေနှင့်။ အဘယ့်ကြောင့်ဆိုသော် ဝိညာဉ်တော်သည် သင်တို့အား ဘုရားသခင် ပိုင်တော်မူကြောင်း သက်သေခံတံဆိပ် အမှတ်အသားဖြစ် နောက်ဆုံး သောနေ့ရက်၌ သင်တို့သည် ကိုယ်တော်၏ကယ်တင်ခြင်းကို ခံရလိမ့်မည် ဖြစ်ကြောင်း အာမခံချက်ဖြစ်သောကြောင့်တည်း။ ထို့ကြောင့်နာကျည်းခြင်း၊ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း၊ အော်ဟစ်ငေါက်ငမ်းခြင်း၊ သူတစ်ပါး အသရေဖျက်ခြင်း၊ ခပ်သိမ်းသော မုန်းတီးခြင်းတို့ကို ပယ်ရှားကြလော့။ သင်တို့သည် တစ်ဦးကိုတစ်ဦး သနားချစ်ခင်ကြလော့။ ဘုရားသခင်သည် ခရစ်တော်ကြောင့် သင်တို့အား အပြစ်လွှတ်တော်မူသည့်နည်းတူ သင်တို့သည်လည်း တစ်ဦးနှင့်တစ်ဦး အပြစ်လွှတ်ကြလော့။ သင်တို့သည် ဘုရားသခင်၏ချစ်သားများဖြစ်သဖြင့် ကိုယ်တော်နှင့်တူအောင် ကြိုးစားကြရမည်။ ခရစ်တော်သည် ငါတို့ကို ချစ်တော်မူ ငါတို့အတွက် မိမိကိုယ်ကိုယ် ဘုရားသခင်နှစ်သက်တော်မူရာ မွှေးကြိုင်သော ယဇ်သကာအဖြစ်ဖြင့် ဆက်သတော်မူသကဲ့သို့ သင်တို့ သည်လည်း (မေတ္တာတရားကို ကျင့်သုံးကြလော့ (ဖေက် ၄း၃၀၊ ၅း၂)။

ခရစ်တော်နှင့် ကျွန်ုပ်တို့၏ဆက်ဆံရေးသည်လည်း ကိုယ်ကျိုးမကြည့်ခြင်း နှင့် အစေခံသောခေါင်းဆောင်မှု၏အခြေခံအဖြစ် တည်ရှိနိုင်ပါသည်။ ပေါလ်က ဖိလိပ္ပိ ခရစ်ယာန်တို့အား ၎င်းတို့ကိုယ်တိုင်၏ ဘုရားသခင်နှင့်ကြုံတွေ့ရသော ဝိညာဉ်ရေးအတွေ့အကြုံနှင့် သခင်ခရစ်တော်၏ ဥပမာတို့ထဲမှပေါ်ထွက်လာသော အပြုသဘောဆောင်သော နည်းလမ်းများအားဖြင့် တစ်ဦးနှင့်တစ်ဦး ဆက်ဆံကြရန် တိုက်တွန်းခဲ့သည်။

> သင်တို့သည် ခရစ်တော်၌ အသက်ရှင်ခြင်းအားဖြင့် ခွန်အားရရှိကြ၏။ ကိုယ်တော်၏မေတ္တာတော်သည် သင်တို့အား နှစ်သိမ့်ခြင်းကိုပေး၏။ သင်တို့သည် ဝိညာဉ်တော်နှင့် မိတ်သဟာယဖွဲ့ခွင့်ရရှိကြ၏။ သင်တို့ တွင် အချင်းချင်းသနားကြင်နာစိတ်ရှိကြ၏။ သို့ဖြစ် သင်တို့သည် တစ်စိတ်တစ်ဝမ်းတည်းရှိခြင်း၊ အချင်းချင်းချစ်ခြင်း၊ စိတ်သဘောတညီ တညွတ်တည်းရှိခြင်းအားဖြင့်ငါ့အား အကြွင်းမဲ့ဝမ်းမြောက်စေကြလော့။ ကြွားဝါလိုသောစိတ်၊ ကျော်စောကိတ္တိကို တပ်မက်သောစိတ်တို့ဖြင့် အဘယ်အမှုကိုမျှ မပြုကြနှင့်။ သူတစ်ပါးသည် မိမိထက်သာသည်ဟု

အစဉ်ယူဆလျက် စိတ်နှိမ့်ချကြလော့။ မိမိ၏အကျိုးကိုသာ မရှာဘဲ အချင်းချင်း၏အကျိုးကိုရှာကြလော့။ ခရစ်တော်ယေရှု၌ရှိသော စိတ်သဘောမျိုးကို သင်တို့၌လည်းရှိစေကြလော့။ ကိုယ်တော်သည် ဘုရားဇာတိတော်နှင့် ထာဝစဉ်ပြည့်စုံတော်မူ၏။ သို့ရာတွင် အညမနည်းဖြင့် ဘုရားသခင်နှင့် ဂုဏ်ရည်တူရန် ကြိုးစားသင့်သည်ဟု ထင်မှတ်တော်မမူ။ ယင်းသို့ပြုမည့်အစား မိမိအလိုအလျောက် ဘုန်းအသရေတော်ရှိသမျှကို စွန့်၍ အစေခံ၏ဇာတိကို ခံယူတော်မူ၏။ ကိုယ်တော်သည် လူ့အသွင်ကို ယူဆောင် လူကဲ့သို့သောအဖြစ်ကို ခံယူတော်မူပေသည်။ မိမိကိုယ်ကိုယ် နှိမ့်ချတော်မူလျက် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံသည့်တိုင်အောင် နာခံခြင်းလမ်းစဉ်ကို လိုက်လျှောက်တော်မူ၏ (ဖိလိပိ ၂း၁–၈)

အမှန်ပင် ပေါလ်၏သွန်သင်မှုသည် မိမိတို့၏အသက်တာဘဝကို အသက်စွမ်းအားဖြစ်သော ဝိညာဉ်အနှစ်သာရနှင့်ပြည့်ဝသော အရင်းအမြစ်မှ ဆင်းသက်လာသော အသက်တာမျိုးဖြင့် အသက်ရှင်နေထိုင်လိုသူတို့အတွက် လမ်းညွှန်များဖြစ်သည်။ အလုပ်ခွင်၌ဖြစ်စေ၊ အသင်းအဖွဲ့၌ဖြစ်စေ ကျွန်ုပ်တို့၏ ဆက်ဆံရေးများထဲ စီးဆင်းလာပြီး အဖွဲ့အတွက် လမ်းကြောင်းပေးသကဲ့သို့ဖြစ်သော ပုဂ္ဂိုလ်ရေး အလုံးစုံပြောင်းလဲခြင်းကို ကျွန်ုပ်တို့ တန်ဖိုးထားသင့်သကဲ့သို့ တွေ့ကြုံခံစားသင့်ပါသည်။ ခေါင်းဆောင်များအနေဖြင့် ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏ ချစ်ခြင်းနှင့်အစေခံကျွန်ကဲ့သို့သော နေထိုင်မှုတို့ကို ကျွန်ုပ်တို့၏ဆက်ဆံရေး၌ အတုယူသင့်သည့်အပြင် ကိုယ်ကျိုးမဖက်ခြင်းနှင့် အစေခံဝန်ထမ်းခြင်းတို့ကို ကျွန်ုပ်တို့၏ အစုအဖွဲ့တန်ဖိုးတရားများအဖြစ် ထားရှိခံယူသင့်ပါသည်။

ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်စွမ်းအားနှင့် ဝိညာဉ်တော်ပြည့်ဝသော ရုပ်ရှာဘဝတို့နှင့်ပတ်သက်သော ကျမ်းစာသွန်သင်ချက်အပြင် ဓမ္မသစ်ကျမ်းလာ ကြောင်းကျိုးဖော်ပြချက်အမြောက်အမြား၌လည်း ဘုရားသခင်၏ အလိုတော်ကို သိရှိသဘောပေါက်ရေး၌ ဝိညာဉ်ရေး ကျင့်ဝတ်စည်းမျဉ်းများနှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းညွှန်ပြသမှုတို့၏ တန်ဖိုးကိုဖော်ပြကြပါသည်။ ဥပမာအားဖြင့် ခရစ်ယာန်ဘာသာ၏ ကနဦးကာလ များ၌ အန္တိအုတ်မြို့မှ ခရစ်ယာန်တို့သည် ဘုရားသခင်၏အလိုတော်ကို ဝတ်ပြုကိုးကွယ်ခြင်းနှင့် အစာရှောင်ခြင်းအားဖြင့်သိရှိခဲ့ကြောင်း ကျွန်ုပ်တို့ ဖတ်ခဲ့ရသည်။ အသေးစိတ်ဖော်ပြခြင်းအားဖြင့် သိရှိခဲ့ကြောင်း ကျွန်ုပ်တို့ဖတ်ခဲ့ရသည်။ အသေးစိတ်ဖော်ပြခြင်းမရှိသော်လည်း သန့်ရှင်းသော ဝိညာဉ်တော်သည် ကျောင်းတို့၏ ပရောဖက်များနှင့် ဆရာများထဲမှ ဆောလ်(ရှောလု)နှင့် ဘာနဘပ်စ်(ဗာနဗ) တို့အား သာသနာပြုရန် ရွေးချယ်တော်မူခဲ့သည်ဟု ယုံကြည်ခဲ့ကြသည်။

ထိုသူတို့သည် သခင်ဘုရား၏ အမှုတော်ကိုဆောင်ရွက် အစာရှောင် လျက်နေကြစဉ် သန့်ရှင်းသောဝိညာဉ်တော်က သူတို့အား "ရှောလုနှင့် ဗာနဗတို့ကို ငါ၏အမှုတော်ဆောင်ရန်အတွက်သီးသန့်ရွေးချယ်ကြ လော့" ဟု မိန့်တော်မူ၏။ ထိုအခါ သူတို့သည် အစာရှောင် ဆုတောင်း ပတ နာပြုပြီးလျှင် ဗာနဗနှင့် ရှောလုတို့၏ ဦးခေါင်းပေါ်တွင် မိမိတို့လက်ကို တင်ကြ၏။ ထို့နောက် သူတို့အား အမှုတော်ဆောင်ရွက်ရန် စေလွှတ် လိုက်ကြ၏။ ဗာနဗနှင့် ရှောလုတို့သည် သန့်ရှင်းသော ဝိညာဉ်တော် စေလွှတ်တော်မူသည့်အတိုင်း သေလုက (ဆေလူးရှား) မြို့သို့ သွားရောက် ထိုမြို့မှ ကုပ္ပရု (ဆိုင်းပရပ်စ်) ကျွန်းသို့ သင်္ဘောလွှင့်ကြ၏။ (တမန်တော် ၁၃း ၂-၄)။

ခရစ်ယာန်ပညာသည်များနှင့် အမှုတော်ဆောင်များအတွက် ဤကျမ်းစာပါ လွှဲပြောင်းပေးနိုင်သော အခြေခံမှုသည် ယနေ့ခရစ်ယာန်လောကအတွက် အလွန် သင့်လျော်အပ်စပ်သောအခြေခံမှုဖြစ်ပြီး ဘုရားသခင်၏အလိုတော်ကို လိုက်လျှောက်ရာ၌ ရပ်ရွာအဖွဲ့အစည်းအနေဖြင့် ဝိညာဉ်ရေးကျင့်ဝတ်စည်းမျဉ်းများကို အစုအဖွဲ့ဖြင့် ကျင့်သုံးနိုင်သည်ကို ထင်ရှားရှင်းလင်းစွာ ဖော်ပြသည့်သာဓကဖြစ် သည်။ ယနေ့ရရှိနိုင်သော အသေးစိတ်ဖော်ပြသည့် မဟာဗျူဟာကျသော စီစဉ်မှု ဖြစ်စဉ်များသည် မည်မျှပင် ပြည့်စုံကောင်းမွန်စေကာမူ ဘုရားသခင်ထံတော်မှ ပိုမိုကြားနာသိရှိရေး၌ ခရစ်ယာန်တို့၏ဆုတောင်းခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်းနှင့် အစာရှောင်ခြင်းတို့ကို အစားမထိုးနိုင်ကြပေ။ ဘုရားသခင်ထံတော်မှ လမ်းညွှန် ပြသမှုကို မျှော်ကိုးစောင့်စားနေစဉ်မှာပင် အဖွဲ့အတွင်း ဏ်ပညာနှင့် လမ်းညွှန်မှု ရရှိပြီး အဖွဲ့အား အင်အားတိုးပွားစေကာ ပိုမိုစည်းလုံးညီညွတ်စေသော တစ်စုံတစ်ခု ဖြစ်ပွားခဲ့သည်။

စီမံအုပ်ချုပ်မှုတာဝန်ဝတ္တရားများနှင့် အစုအဖွဲ့၏လိုအပ်ချက်များကို နက်ရှိုင်းသော ဝိညာဉ်ရေးရှုထောင့်မှ ဘုရားသခင်ကို ချစ်ကြောက်သော ခေါင်းဆောင်များက ကိုင်တွယ်ဖြေရှင်းသောအခါ အမှုတော်ဆောင်လုပ်ငန်းများ အနေဖြင့် အကျိုးထူးများ ရရှိနိုင်ကြောင်းကို မွသစ်ကျမ်းဥပမာက မီးမောင်းထိုး ပြပါသည်။ ကနဦးအသင်းတော်ကာလက ကြုံတွေ့ခဲ့ရသောအရေးကိစ ကြောင့် တမန်တော်များက ဦးစားပေးလုပ်ငန်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ပြ နာဖြေရှင်း ခြင်းနှင့် လူသားအရင်းအမြစ်စီမံခန့်ခွဲမှု စသည်တို့နှင့်ပတ်သက် ကျွန်ုပ်တို့အား သွန်သင်ပြသမှုများ ရှိပါသည်။

တမန်တော်ဝတ [ အခန်းကြီး(၆)၌ ညီမျှမှုမရှိဟု ယူဆခြင်းမှ ပေါ်ထွက်လာသော ဂျေူးဆလင်အသင်းတော်၏ အငြင်းပွားမှုတစ်ခုအကြောင်း ဖော်ပြထားသည်။ နေ့စဉ် အစာရေစာဝေငှရာ၌ ဂရိစကားပြော ဂျူးမုဆိုးမများအား

ဟီဘရူးစကားပြော ဂျူးများက လျစ်လျူရှုကြသည်ဟု ဂရိစကားပြော ဂျူးများက ဟီဘရူးစကားပြော ဂျူးများကို စွပ်စွဲခဲ့ကြသည်။ ဤအငြင်းပွားမှုကိုဖြေရှင်းရန် လိုပါသည်။ တမန်တော်များကိုယ်တိုင် တာဝန်ယူပြီး အားလုံးကို တရားမျှတစွာ ဆက်ဆံဖြေ ရှင်းပေးနိုင်သော်လည်း ထိုသို့ပြုပါက ရေတိုလက်ငင်းအတွက်သာ အကျိုးဖြစ်ထွန်း နိုင်မည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ယုံကြည်သူအားလုံးနှင့် ဧဝံဂေလိ သတင်းကောင်း ဟောကြားခြင်းအတွက် အကျိုးရှိစေရန် ဟောကြားခြင်း နှင့်သွန်သင်ခြင်းအပေါ် အာရုံစူးစိုက်ရန်လိုအပ်သောကြောင့်ဖြစ်ပါသည်။ အစာရေစာ ဖြန့်ဝေရေးအတွက် ဝိညာဉ်တော်နှင့်ပြည့်စုံပြီး အသိ ဏ်အလိမ္မာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်များကို ပရိသတ်ကရွေးချယ်ကြရန် တမန်တော်တို့က ဖိတ်ခေါ်ခဲ့ကြသည်။ ထိုသို့ တာဝန်ခွဲဝေပေးခြင်းဖြင့် တမန်တော်တို့သည် ဆုတောင်းခြင်းနှင့် အမှုတော် ဆောင်လုပ်ငန်း၌ ပိုမိုအလေးထားဆက်ကပ်နိုင်ကြမည်ဖြစ်သည်(တမန် ၆း ၁–၆)။

ဤစာကောင်းစာမွန်က ယနေ့ကဏ္ဍတိုင်း၌ ခေါင်းဆောင်များ လက်တွေ့ အသုံးချနိုင်သော မူဝါဒအပြောက်အမြားကို ရည်ညွှန်းဖော်ပြပါသည်။ ပထမအားဖြင့် အသင်းတော်၏ အဓိကခေါင်းဆောင်များအနေနှင့် ၎င်းတို့ ကိုယ်တိုင်၏ ဆုကျေးဇူး များနှင့် အလုပ်တာဝန်ဖြစ်ကြသော ဆုတောင်းခြင်း၊ ဟောကြားခြင်းနှင့် သွန်သင် ခြင်းတို့ကို အလွန်တန်ဖိုးထားကြသဖြင့် ၎င်းတို့ထက် နိမ့်ကျသော တာဝန်ဝတ ရား များအတွက် အချိန်ပေးရန် ဆန္ဒမရှိကြခြင်းဖြစ်သည်။ ဒုတိယအားဖြင့် လောလော ဆယ်တွင် ယင်းပြ နာကို ၎င်းတို့လျစ်လျူရှုခြင်း မရှိသော်လည်း ၎င်းတို့ ကိုယ်တိုင်မဟုတ်ဘဲ အခြားသူတို့ တာဝန်ယူကိုင်တွယ်ရန် စီစဉ်ကြခြင်းဖြစ်သည်။ တတိယအားဖြင့် ဝိညာဉ်ရေးဟု မယူဆရသော အလုပ် တာဝန်များအတွက် ခန့်အပ်ခြင်းခံရသောသူများ၌ အုပ်ချုပ်စီမံမှုအရည်အချင်း အပြည့်အဝရှိခြင်းနှင့် ဝိညာဉ်တော်အပြည့်ရှိသော ဝိညာဉ်ရေးသက်ဝင်လှုပ်ရှားမှု ရှိခြင်းတို့ကိုပိုင်ဆိုင်ရန် အရေးကြီးကြောင်း အသင်းတော်ခေါင်းဆောင်များ အသိအမှတ်ပြုခြင်းဖြစ်သည်။

ခရစ်ယာန်ပညာသည်အနေနှင့် တရားဟောကြားခြင်းနှင့် သွန်သင်ခြင်းတို့ အတွက် သီးသန့်တာဝန်ပေးထားခြင်းခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ၊ ဤပုံပြင် က ဦးစားပေးအစီအစဉ်များရေးဆွဲခြင်း၊ ပြ နာများကို တိုက်ရိုက်ကိုင်တွယ် ဖြေရှင်းခြင်းနှင့် တာဝန်ဝတ ရားများကို သင့်လျော်စွာ ခွဲဝေပေးခြင်းတို့၏ အရေးပါမှုကို ဖော်ပြပါသည်။ ခေါင်းဆောင်များဖြစ်သဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့လုပ်ရ မည့်အရေးအကြီးဆုံးအရာဘာဖြစ်သည်ကို သိရမည့်အပြင် ကျင်းအပေါ် အပြည့် အဝအာရုံစိုက်ရမည်ဖြစ်သော်လည်း ပိုမိုကျယ်ပြန့်သော ကျွန်ုပ်တို့အဖွဲ့အစည်း၏ လိုအပ်ချက်များကိုလည်း လျစ်လျူရှုခြင်းမပြုရန် သတိထားရမည်ဖြစ်သည်။ ကျွန်ုပ် တို့အဖွဲ့အစည်း သို့မဟုတ် အမှုတော်ဆောင်လုပ်ငန်း၏ အုပ်ချုပ်စီမံရေးလိုအပ်

ချက်များကိုတာဝန်ယူမည့် ထိရောက်ပြီး မျှတန့်စပ်သည့်ရေရှည်ထိန်းထားနိုင်သော စနစ်တစ်ခုဖန်တီးကြရမည်ဖြစ်သည်။ ၄င်းအပြင် ဏ်အလိမ္မာနှင့်ပြည့်စုံပြီး ဝိညာဉ်တော်နှင့်ပြည့်ဝသည်ဟု လူသိများသော ပုဂ္ဂိုလ်များထဲမှ ႏုဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ရွေးချယ်ခြင်းဖြင့် ခိုင်မာသောဝိညာဉ်ရေးအခြေခံတစ်ခု ကို ဖန်တီးတည်ဆောက်ကြရမည်ဖြစ်သည်။

အမှန်အားဖြင့် စံပြပုဂ္ဂိုလ်များတွေ့ရှိရန်နှင့် တာဝန်လွှဲပေးရန်မှာ အပြောလွယ်သလောက် လက်တွေ့တွင်ခက်ခဲလှသည်။ မှန်ကန်သော အရည်အချင်းရှိသော မှန်ကန်သောႏုဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်းရှာဖွေ ခန့်အပ်ရေးသည် ခေါင်းဆောင်တစ်ဦး၏ အခက်ခဲဆုံးအလုပ်တာဝန် တစ်ခု ဖြစ်ပါသည်။ အချို့အလုပ်များ၌ သင့်တော်သော ဝန်ထမ်းခန့်အပ်ရန် ကျွန်ုပ် နှစ်ပေါင်းများစွာ ကြာညောင်းခဲ့ရသည်။ အချို့အလုပ်များအတွက် ကျွန်ုပ်လိုချင်သော အရည်အချင်းပြည့်မှီသော ပုဂ္ဂိုလ်များကို စိတ်မသက်သာစွာ ကျွန်ုပ်ခန့်အပ် သည်များရှိခဲ့သည်။ ကျွန်ုပ် စိတ်မသက်မသာဖြင့် အလုပ်ခန့်အပ်သောအခါ၌ဖြစ်စေ၊ ဘီးလ်ဟိုင်ဘဲလ် (Bill Hybel)၏ အလုပ်ခန့်ရာတွင်ကျင့်သုံးသော စံသုံးခုဖြစ်သည့် ကိုယ်ကျင့်သိက္ခာ(Character)၊ ကျွမ်းကျင်မှု(Competency)နှင့် လိုက်လျော ညီထွေရှိခြင်း (Compatibility)တို့ကို မလိုက်နာသောအခါ၌ဖြစ်စေ ကျွန်ုပ် မှားလေ့ရှိကြောင်း တွေ့ရပါသည်။

ကျွန်ုပ်ကိုယ်တိုင်၏အပေးအယူလုပ်ခြင်းသမိုင်းက ဤအခြေခံမှုကို မမှန်ကြောင်း ပြနိုင်ခြင်းမရှိဘဲ မှန်ကြောင်းကိုသာ အတည်ပြုလျက်ရှိပါသည်။ လောကီဝေါဟာရ အားဖြင့်အဆိုပါက သာမန်ကောင်းခြင်းမှ ကြီးမြတ်ခြင်းသို့ တိုးတက်ရန်အတွက် လူမှန်နေရာမှန်ရရှိရန် အကြွင်းမဲ့လိုအပ်သည်ဟု ဂျင်မ်ကောလ လင်းစ်(Jim Collins) ကဆိုသည်။[၁] ဝိညာဉ်ရေးဝေါဟာရအားဖြင့်ဆိုပါက ထိရောက်မှု အရှိဆုံးသော ဝိညာဉ်ရေးခေါင်းဆောင်များအနေနှင့် အလွန်အရေး ပါသော ဝိညာဉ်ရေးပတ်ဝန်းကျင် တည်ဆောက်နိုင်ရေးအတွက် အရည်အချင်း ပြည့်ဝပြီး ဝိညာဉ်တော်ပြည့်ဝသော ႏုဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ရွေးချယ်ခန့်ထားရမည်ဖြစ်သည်။ ကျွန်ုပ်တို့အသင်းအဖွဲ့၏ အစိတ်အပိုင်းဖြစ်လာ ကြသောအခါ ရွေးချယ်ခဲ့စဉ်က သိပ်ပြီးအားမရခဲ့သော ဝန်ထမ်းအချို့သည် အံ့သြဖွယ်ရာ ပုဂ္ဂိုလ်များဖြစ်လာကြသည်ကို ကျွန်ုပ်မကြာခဏ တွေ့လာရသည်။ သို့သော် မကြာခဏဆိုသကဲ့သို့ အားမရသောခန့်ထားမှုများက ကျွန်ုပ်တို့အား နောက်ပြန်ဆွဲသည့်အပြင် ပြ နာများကို တိုးပွားစေ ႔သာမကဘဲ မထင်မှတ်သော တင်းမာမှုများကိုပင် ဖြစ်ပေါ်စေပါသည်။

ခရစ်ယာန်အခင်းအကျင်းအတွင်း လူမှန်နေရာမှန်မဟုတ်သူများကို ဖယ်ရှားရေးသည် ခက်ခဲမည်ဖြစ်သည်။ အချို့ခရစ်ယာန် တစ်ဦးချင်းပုဂ္ဂိုလ်များ

အနေနှင့် မိမိတို့အားအထက်အရာရှိများက လူမှန်နေရာမှန်မဟုတ်ဟု ယူဆကြသည်ကို နားမလည်နိုင်ခဲ့ကြပေ။ မိမိတို့အလုပ်၌ဆက်ကပ်ထားသူများအဖြစ် ခံယူသူများဖြစ် ကြသည်။ တစ်ခါတစ်ရံ သူတို့၏တန်ဖိုးထားမှုသည် သူတစ်ပါးအပေါ် ကြင်းတို့ မည်မျှသဘောကောင်းကြောင်း၊ ၄င်းတို့ကို လူတွေက မည်မျှ နှစ်သက်ကြောင်း စသည်တို့နှင့်ဆက်စပ်ခဲ့ကြသဖြင့် အလုပ်၌ ၄င်းတို့၏ ကျွမ်းကျင်မှုနှင့် ပုဂ္ဂိုလ်ရေး အချက်အလက်များကို ရောထွေးခဲ့ကြသည်။ တစ်ခါတစ်ရံ လူမှန်နေရာမှန် မဟုတ်သူများ (wrong people)အား ထက်မြက်သော ခရစ်ယာန်များအဖြစ်လည်းကောင်း၊ စိတ်ထားကောင်းသူများအဖြစ်လည်းကောင်း၊ အများက လေးစားကြပါသည်။ အဘယ့်ကြောင့်ဆိုသော် အစုအဖွဲ့၌ မေတ္တာတရားနှင့် သဘောထားကြီးမှုတို့ကို အလေးထားကြသဖြင့် ကျွမ်းကျင်မှုမရှိသော ဝန်ထမ်းများကို ဆက်လက်ခန့်ထားရန် လိုအပ်သည်ဟု ယူဆခြင်းဖြစ်သည်။

ဝိညာဉ်ရေးခေါင်းဆောင်များအနေဖြင့် ၄င်းတို့၏အလုပ်သည် အသင်းအဖွဲ့ တစ်ခုလုံးအကြောင်း စဉ်းစားရန်နှင့် ၄င်းတို့အဖွဲ့အသင်းအတွက် မည်သည့်အရာက အကောင်းဆုံးဖြစ်မလဲဆိုသည်ကို စဉ်းစားရန်ဖြစ်သည်။ ယင်းအတွက် ဝန်ထမ်းများ ရွေးချယ်ခန့်ထားခြင်းနှင့် ထုတ်ပယ်ပစ်ခြင်းများ ပြုလုပ်ရမည်ဖြစ်သည်။ လူမှန်နေရာမှန်မဟုတ်သူများ အဖွဲ့၌ရှိခြင်းသည် အဖွဲ့ရှိ ပုဂ္ဂိုလ်တစ်ဦးချင်းအား နာကျင်မှုဖြစ်စေပါသည်။ လူမှန်နေရာမှန်မဟုတ်သူများ၊ အရည်အချင်းမပြည့်သူများ၊ အကျင့်စိုက်ချို့ယွင်းသူများ၊ အလုပ်အတွက် အခြားအရည်အချင်း လိုအပ်နေသူများ အားလုံးကိုပါ ထိခိုက်နစ်နာစေပါသည်။ လူမှန်ဖြစ်သူသည် အဆင်သင့်ရှိနေသော်လည်း နေရာမှန်မဟုတ်သူရှိသမျှ သူ့အတွက်နေရာလွတ်ရှိမည်မဟုတ်ပေ။ လူမှန်မဟုတ်သူများကို ဖယ်ရှားရန် ကျွန်ုပ်တို့ ဝန်မလေးသင့်ပေ။ ထို့အတူ အလုပ်အတွက် သင့်တော်သော ပညာသည်အဆင့်ပုဂ္ဂိုလ်များရှာဖွေရေးကို ဆက်လက်လုပ်ဆောင်သင့်ပါသည်။ ဝိညာဉ်အနှစ်သာရ ပြည့်ဝသူရရှိရေးသည် အဖွဲ့အတွက်အောင်မြင်မှုကိုဖြစ်စေမည့် လိုအပ်ချက်ဖြစ်ပါသည်။

## စစ်မှန်သော အရာ

ကျွန်ုပ်တို့အထဲ၌ ဘုရားသခင်၏ပြုမူလုပ်ဆောင်တော်မူချက်ကို ကျွန်ုပ်တို့ ရှာဖွေနေစဉ်မှာပင် ဘုရားသခင်သည် တန်ခိုးသြဇာကြီးမားစွာ ပြုမူလုပ်ဆောင်တော်မူလျက် ရှိပါသည်။

သင်၏အလုပ်၌ ဝိညာဉ်အနှစ်သာရပြည့်ဝသော ပတ်ဝန်းကျင်ဖန်တီးရေး အလေ့အထကို သမ္မာကျမ်းအခြေခံမှု သို့မဟုတ် စိတ်ဝိညာဉ်အခြေခံမှုအားဖြင့် တည်ဆောက်ခြင်းသည် ရှင်းပါသည်။ ဘုရားသခင်သည် မိမိ၏ဦးဆောင်တော်မူခြင်းကို လိုလားတောင်းဆိုသော အသင်းအဖွဲ့၌ တန်ခိုးကြီးမားစွာလုပ်ဆောင်တော်မူ

လျက်ရှိပါသည်။ ဘုရားသခင်၏ ရည်မှန်းတော်မူချက်များအတွက် ဆက်ကပ်လုပ်ဆောင်နေကြသော သူများအနေဖြင့် ပုဂ္ဂိုလ်ရေးအားဖြင့်ဖြစ်စေ၊ အစုအဖွဲ့အားဖြင့်ဖြစ်စေ ဘုရားသခင်၏လမ်းညွှန်ဦးဆောင်မှုကို လိုလားတောင်းဆိုသူတို့သည် ထူးခြားသောနည်းလမ်းများအားဖြင့် ဘုရာသခင်၏လမ်းညွှန်ဦးဆောင်တော်မူခြင်းကို အမှန်ပင် ထိတွေ့ခံစားနိုင်ကြပါသည်။

ကျွန်ုပ်ဦးဆောင်နေသော အမှုတော်ဆောင်လုပ်ငန်းကို ရပ်ရွာ အဖွဲ့အစည်းအသစ် တစ်ခုသို့ခြေဆန့်တိုးချဲ့သင့်မသင့်နှင့်ပတ်သက် ဆုံးဖြတ်ချက်ချမှတ်ရတော့မည့် အခြေအနေသို့ရောက်သောအခါ အဖွဲ့လိုက် ဝိညာဉ်ရေး သိရှိနားလည်သဘော ပေါက်မှုအပေါ် ကျွန်ုပ်၏ဆက်ကပ်မှုသည် အစမ်းသပ်ခံခဲ့ရပြီဖြစ်သည်။ ကျွန်ုပ်ကိုယ်တိုင်အနေဖြင့် စိတ်ဆုံးဖြတ်ပြီးဖြစ် ရှေ့သို့ ချီတက်ချင်နေခဲ့သည်။ သို့သော် ဘုတ်အဖွဲ့ဝင်သစ်များနှင့် မျှော်လင့်မထားသော ဘဏ္ဍာရေးနှင့် ဝန်ထမ်းပိုင်းတို့မှ ကျွန်ုပ်၏အယူအဆများအပေါ် စိန်ခေါ်မှု များပြုလုပ်ခဲ့ကြသည်။ ကျွန်ုပ်မှာ စိတ်မကြည်မလင်ဖြစ်ပြီး စိတ်ရှည်သည်းခံ လိုစိတ်မရှိဖြစ်ခဲ့သည်။ သို့သော် နောက်ဆုံးတွင် ကျွန်ုပ်အလျှော့ပေးခဲ့လျက် ကျွန်ုပ်တို့၏ တင်ကူးယူဆချက်များနှင့် မဟာဗျူဟာများအား ပြန်လည်သုံးသပ်မှုများ ပြုလုပ်ရန် ကျွန်ုပ်သဘောတူခဲ့သည်။

ရည်ရွယ်ချက်အမြောက်အမြားပါရှိသော မဟာဗျူဟာသုံးသပ်ရေးကော်မတီတစ်ခုကို ကျွန်ုပ်တို့ဖွဲ့စည်းခဲ့သည်။ မဟာဗျူဟာတွေးခေါ်မှု လျင်မြန်စေရန်၊ ကျွန်ုပ်တို့၏ အဓိကမဟာဗျူဟာများ ပြန်လည်သုံးသပ်ရန်၊ အဖွဲ့အစည်းတစ်ခုအနေဖြင့် မည်သည့်အချိန်တွင် ကြီးထွားတိုးတက်ရန် အဆင်သင့်ဖြစ်ရန်စသည်တို့အတွက် ဘုတ်အဖွဲ့ဝင်သစ်များကို ပါဝင်စေချင်ကြပါသည်။ သို့သော် အစည်းအဝေးသည် ကျွန်ုပ် မျှော်လင့်ထားသကဲ့သို့ ဖြစ်မလာခဲ့ပေ။ ပထမအားဖြင့် အငြင်းပွားမှု အတော်အတန်ရှိခဲ့သည်။ အဖွဲ့ဝင်များ၌ အလွန်ကွဲပြားခြားနားသော အမြင်များ ရှိခဲ့ကြသည်။ ကျွန်ုပ်သည် စိတ်အနှောင့်အယှက်ဖြစ်ပြီး ဒေါသလည်း ထွက်ပါသည်။ ကျွန်ုပ်၏ အနုစ်သက်ဆုံး ကမကထပြုမှုများနှင့် တင်ကူးယူဆချက်များကို ကော်မတီအဖွဲ့ဝင်လူကြီးများ မေးခွန်းထုတ်သောအခါ ကျွန်ုပ် ခံစစ်အနေအထားဖြင့် ရှိနေခဲ့သည်။ အစည်းအဝေးများပြုလုပ်နေစဉ် ပေါ်လွင်ထင်ရှားလာသော အချက်တစ်ခုမှာ တစ်ချိန်တည်းတွင် ကျွန်ုပ်တို့သည် အရာအများအပြားကို လုပ်ချင်ကြသောကြောင့် ကျွန်ုပ်တို့၏အမှုတော်ဆောင်လုပ်ငန်း တိုးချဲ့ခြင်းကို မလုပ်နိုင်ခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်တိုင်၏ ပစ်မှတ်ကိုလည်းကောင်း၊ စွမ်းအားကိုလည်းကောင်း ကျွန်ုပ်တို့၏အရင်းအမြစ်များကိုလည်းကောင်း ညစ်ထေးအောင်ပြုလုပ်လာခဲ့ကြသည်။

ကျွန်ုပ်ကြားခဲ့သည်များကို မနှစ်သက်ပါ။ အဘယ့်ကြောင့်ဆိုသော် အရန်အစီအစဉ်အဖြစ် ကျွန်ုပ်တို့ပြုစုပျိုးထောင်လာသည်တို့မှာ ကျွန်ုပ်တို့၏

ရေရှည်မျှော်မှန်းချက် နှင့်အညီဖြစ်သော ကျွန်ုပ်ကိုယ်တိုင် အဓိကဖန်တီးလာရသော အစီအစဉ်ဖြစ် တည်း။ သို့သော်လည်း ၎င်းအကြောင်းပြောဖန်များလာသောအခါ အဖွဲ့ဝင်လူကြီးများ၏ ကန့်ကွက်မှုများနှင့် စိုးရိမ်မှုများမှန်ကန်ကြောင်း ကျွန်ုပ်ပိုမိုသဘောပေါက် သိရှိလာခဲ့ရသည်။ ကျွန်ုပ်၌ ကင်းမဲ့နေခဲ့သော ညဏ်အလိမ္မာသည်လည်း ၎င်းမှ ပေါ်ထွက်လာရကြောင်း ကျွန်ုပ်ဝန်ခံရမည်ဖြစ်သည်။ တစ်ယောက်ပြောသည်ကို နောက်တစ်ယောက်က နားထောင်ပေးကြရာမှ ဘုံသဘောတူညီမှုတစ်ခု ရရှိလာနိုင်ခဲ့ပါသည်။

သို့သော် တစ်စုံတစ်ခုလွဲချော်နေဆဲဖြစ်သည်။ ကျွန်ုပ်တို့သည် အစည်းအဝေးများကို ရပ်ကွက်စားသောက်ဆိုင်တစ်ခုမှ ကျွန်ုပ်တို့၏ အစည်းအဝေးခန်းမကြီးများအနက် တစ်ခု၌ ပြောင်းရွှေ့ပြုလုပ်ခြင်းဖြင့် ပိုမိုကျယ်ဝန်းသောနေရာနှင့် ဆုတောင်းခြင်းအတွက် သီးသန့်နေရာရရန် ဆုံးဖြတ်ခဲ့ကြသည်။ အချင်းချင်း စကားနားထောင်ပေးခြင်းသည် ကောင်းသော အလုပ်ဖြစ်သော်လည်း ဘုရားသခင်အား နားထောင်ရန်လိုအပ်ကြောင်း၊ အစုအဖွဲ့အဖြစ်ဖြင့် ထိုသို့ပြုလုပ်ရန်လိုအပ်ကြောင်း ကျွန်ုပ်ပြင်းထန်စွာခံစားခဲ့ရသည်။

ကျွန်ုပ်တို့၏အခင်းအကျင်းသစ်၌ အစည်းအဝေးများကို ကျမ်းစာဖတ်ခြင်းဖြင့် စတင်လေ့ရှိပြီး ဆုတောင်းချိန်ကိုတိုးမြှ င့်ထားပါသည်။ ပုဂ္ဂိုလ်တစ်ဦးချင်းစီအား ဖြင့် ဘုရားသခင် ကျွန်ုပ်တို့အား စကားပြောတော်မူမည်ဟုမျှော်လင့်ထားကြပြီး မည်သူ့ကိုမဆို မိမိ၏အယူအဆကို လွတ်လပ်စွာထုတ်ဖော်ပြောကြားရန် တိုက်တွန်းခဲ့ကြသည်။ အချိန်ကြာလာသောအခါ အဖွဲ့အနေဖြင့် အယူအဆ တစ်ခုသည် ဘုရားသခင်ထံတော်မှလာသော အကြံကောင်းဟုတ်မဟုတ် သိရှိလာနိုင်ကြမည်ဟု ယုံကြည်ပါသည်။

ချက်ချင်းဆိုသလို ကျွန်ုပ်တို့အစည်းအဝေးများ၏ လေသံပြောင်းလဲသွားခဲ့သည်။ တစ်ဦးပြောသည်ကို နောက်တစ်ဦးက နားထောင်မှုစွမ်းရည်သည် ဆက်လက် တိုးတက်နေခဲ့သည်။ ပျောက်သွားသောအပိုင်းအစကလေးများ ပြန်ပေါ်လာကြသည်။ သာမန်သဘောတူညီမှုအဆင့်မှ အားတက်သရောအဆင့်သို့ တိုးတက်သွားခဲ့သည်။ ရပ်ရွာအဖွဲ့အစည်းသစ်တစ်ခုအဖြစ် တိုးချဲ့ရေးစဉ်းစားသောအခါ ထွင်းဖောက်အသိများ(break throughs) ပေါ်ပေါက်လာခဲ့သည်။ အမှန်အားဖြင့် အချို့အဖွဲ့ဝင်များအနေဖြင့် ကျွန်ုပ် မူလကထင်ထားသည်ထက်ပို ရှေ့သို့ ချီတက်လိုခဲ့ကြသည်။ ကျွန်ုပ်နှင့် သဘောချင်းမတိုက်ဆိုင်သည့်အပြင် ရှေ့ဆက် သွားရမည့်အစီအစဉ်ကို ရပ်တန့်သွားအောင်ပြုလုပ်ခဲ့သော ဘုတ်အဖွဲ့ဝင်လူကြီးများနှင့်အတူ တင်းမာစွာဖြင့် စတင်ခဲ့သောအစည်းအဝေးသည် အားသစ်လောင်းခြင်းခံရသည့် သွေးစည်းညီညွတ်သော ခေါင်းဆောင်မှုအဖွဲ့ဖြစ်လာပြီး အမှုတော်ဆောင်လုပ်ငန်းကို အမြန်ဆုံးတိုးချဲ့ရန် စိတ်အားထက်သန်သည့် အဖွဲ့ဖြစ်လာခဲ့ပါသည်။

ခြွင်းချက်တစ်ခုတော့ရှိခဲ့သည်။ ဘုတ်အဖွဲ့ဝင်လူကြီးတစ်ဦး နှုတ်ထွက်သွားခဲ့သည်။ ကျွန်ုပ်တို့အဖွဲ့အစည်း၏ သိရှိနားလည်မှုဖြစ်စဉ်အပေါ် အလွန်ဘဝင်မကျဖြစ်သဖြင့် ထိုသို့နှုတ်ထွက်ရခြင်းဖြစ်သည်။ ငြိမ်းချမ်းတည်ငြိမ်ရေးနှင့် ညီညွတ်မျှတရေးကို တန်ဖိုးထားသူဖြစ်သဖြင့် သူထွက်သွားသည်ကို ကျွန်ုပ်လက်ခံခဲ့ပါသည်။ သူ၏နှုတ်ထွက်သွားခြင်းသည် အဖွဲ့၏ပြ နာ သင်္ကေတမဟုတ်ဘဲ ခေါင်းဆောင်မှုအသင်းအဖွဲ့တစ်ခုကို ပိုမိုအကျိုးရှိစေသော မျှော်လင့်မထားသည့်လုပ်ငန်းဖြစ် စဉ်တစ်ခု၏ရလဒ်သာလျှင်ဖြစ်ပါသည်။

အခြေအနေကို ပြန်လည်သုံးသပ်သောအခါ ကျွန်ုပ်အဆိုပြုထားသောလုပ်ငန်းတိုးချဲ့ခြင်းကို ကျွန်ုပ် အလိုရှိသည့်အတိုင်း အများလက်ခံအောင် ဆောင်ရွက်နိုင်ခဲ့ပေမည်။ ဘုတ်အဖွဲ့ဝင်လူကြီးများ၏ သဘောတူညီမှုကို ရယူနိုင်ခဲ့မည်ဖြစ်သည်။ ကျွန်ုပ်တို့အဖွဲ့အစည်းအတွက် လုပ်ငန်းကို ချက်ချင်းတိုးချဲ့ခြင်းသည် မှန်ကန်သောဆုံးဖြတ်ချက် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ အကြောင်းမှာ လုပ်ငန်းတိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းနိုင်မည်ဖြစ်သောကြောင့်ဖြစ်သည်။ သို့သော် အဖွဲ့အစည်း၏ခေါင်းဆောင်မှုကို ဘုတ်အဖွဲ့၌ ခိုင်မာစွာတည်ဆောက်ခြင်းမပြုဘဲ ကျွန်ုပ်၏အစီအစဉ်ကို ဖွတ်တိုးတင်ပြခဲ့ပါက အမှုတော်ဆောင်လုပ်ငန်း တစ်ခုလုံးအတွက် မှားယွင်းသောဆုံးဖြတ်ချက်ဖြစ်သွားပေမည်။ ထိုအချိန်ကာလ၌ လုပ်ငန်းတိုးချဲ့ခဲ့မည်ဆိုပါက ကြီးမားသောဆုံးရှုံးမှုကို ရင်ဆိုင်ရနိုင်ပါသည်။ ထိုစဉ်က ကျွန်ုပ်၏အစီအစဉ်သည် ကျွန်ုပ်၏အစွမ်းအစနှင့် စိတ်ဆန္ဒတို့ကိုကျော်လွန်ပြီး ပိုမိုအသေးစိတ်ကျစွာလေ့လာသုံးသပ်ပြီး ပြုပြင်ရေးဆွဲရန် လိုအပ်နေခဲ့သည်။

အစုအဖွဲ့အားဖြင့် ဘုရားသခင်၏ ညဏ်ပညာနှင့် ဦးဆောင်မှုကို သိရှိနားလည်ရန် ကျွန်ုပ်၏ကြိုးပမ်းမှုကို အချို့က ကျွန်ုပ်၏အားနည်းချက်အဖြစ်ယူဆနိုင်ပါသည်။ ပိုမိုထက်မြက်တတ်စွမ်းသော ခေါင်းဆောင်အနေဖြင့် မှန်ကန်သောအရာကိုပြုလုပ်ရန် သိရှိနိုင်မည်ဖြစ်ပြီး အလားတူနိဂုံးကို ပိုမိုလျင်မြန်စွာဆွဲယူချမှတ်နိုင်မည်ဖြစ်သည်။ ပိုမိုထက်မြက်သော ခေါင်းဆောင်အနေနှင့် လမ်း၌ခလုတ်ကန်သင်းမပါဘဲ ဘုတ်အဖွဲ့ဝင်လူကြီးများ၏ ထောက်ခံမှုကို ပိုမိုလျင်မြန်စွာရယူနိုင်မည်ဖြစ်သည်။

ထိုသို့ဖြစ်နိုင်ဖွယ်ရာရှိပါသည်။ အချိန်ယူပြီး တစ်ယောက်ကိုတစ်ယောက်နားထောင်ပေးခြင်းနှင့် အစုအဖွဲ့သိရှိနားလည်ရေး၌ ဘုရားသခင်အားနားထောင်တော် မူခြင်းမှရရှိလိုက်သောအရာသည် တန်ဖိုးအနှိုင်းမဲ့ဖြစ်ပါသည်။ အသင်းအဖွဲ့ပိုင်ဆိုင်မှုနှင့် သွေးစည်းညီညွတ်ခြင်း၊ နက်ရှိုင်းသောခံယူချက်နှင့် ညဏ်အလိမ္မာရှိခြင်းတို့သည် အစုအဖွဲ့၏လုပ်ငန်းစဉ်မှ ရရှိလိုက်သော အသီးအပွင့်များဖြစ်ပြီး အခြားအရာများထက် ပိုမိုတန်ဖိုးရှိပါသည်။ အဖွဲ့အစည်း

ထဲမှအချို့တို့သည် ထက်မြက်ပြတ်သားသောခေါင်းဆောင်၏ ပုံရိပ်ကိုပိုမို နှစ်သက်ကြမည်ဖြစ်သည်။ သို့သော် ခေါင်းဆောင်မှုအဖွဲ့၌ အခြားသူတို့အပေါ် မှီခိုအားထားခြင်းသည် အားနည်းချက်ဖြစ်ပါက ယင်းအားနည်းချက်ကို ကျွန်ုပ်ပိုမို နှစ်သက်ပါသည်။ အစုအဖွဲ့အားဖြင့် အကောင်းဆုံးလမ်းကို ဘုရားသခင် အသိပေးတော်မူခြင်းသည် အနိုင်ကျင့်ခြင်းထက်လည်းကောင်း၊ မိမိလမ်း မိမိ ထွင်ခြင်းထက်လည်းကောင်း ပိုကောင်းပါသည်။

ခေါင်းဆောင်မှုအစုအဖွဲ့ သို့မဟုတ် ယုံကြည်သူများအစုအဖွဲ့ထဲမှ ပုဂ္ဂိုလ်များအားဖြင့် ဘုရားသခင်အလုပ်လုပ်တော်မူခြင်းအပေါ် မှီခိုအားထားသော နှိမ့်ချကျိုးနွံသူ အစေခံကျွန်များအနေနှင့် ဘုရားသခင်၏ခေါင်းဆောင်လမ်းပြမှုများကို မိမိတို့အစွမ်းအစဖြင့် သိရှိနိုင်ခြင်းမရှိသော်လည်း မိမိတို့၏ခေါင်းဆောင်မှုအဖွဲ့အားဖြင့် သိရှိနိုင်ကြမည်ဖြစ်သည်။ အရေးပေါ်အခြေအနေ၊ အကြပ်အတည်းကာလနှင့် အထူးအခွင့်အလမ်းရှိချိန်တို့၌ ရဲရင့်သောဦးဆောင်မှုလိုအပ်မည်ဖြစ်သော်လည်း တစ်ဦးတစ်ယောက်တည်း၏ အသိပညာ၊ ညဏ်အမြော်အမြင်နှင့် ဝိညာဉ်ရေး သိရှိခံစားလွယ်မှုတို့အပေါ် အလွန်အကျွံမှီခိုအားထားခြင်းသည် လေးနက်မှုမရှိ ခြင်းနှင့် မိုက်မဲခြင်းအန္တရာယ်တို့ကို ကြုံတွေ့နိုင်ခြေရှိပါသည်။ တစ်ဖက်မှ အတ ၏ တွန်းပို့မှုနှင့် ကိုယ့်အားကိုယ်ကိုးကြိုးပမ်းမှုများအနေဖြင့် ကောင်းသော အကျိုး ရလဒ်များ ပေါ်ပေါက်စေနိုင်သော်လည်း ဘုရားသခင်လိုလားတော်မူသော ပိုမိုကောင်းမွန်သောရလဒ်များနှင့် အကောင်းဆုံးရလဒ်များ လက်လွှတ်ဆုံးရှုံးခြင်းမျိုး မဖြစ်စေသင့်ပေ။

အသင်းတော်ရေးရာ စီးပွားရေးစွန့်ဦးထွင်သူနှင့် ထိရောက်သော ခေါင်းဆောင်ဖြစ်သည့် တမန်တော်ပေါလ်သည် မိမိ၏ကိုယ်ပိုင်စွမ်းအားအပေါ် မှီခိုလုပ်ဆောင်ခြင်းထက် မိမိအထဲ၌ရှိသော ဘုရားသခင်၏ကျေးဇူးတော်နှင့် သခင်ယေရှုခရစ်တော်၏ တန်ခိုးစွမ်းအားပေါ် မှီခိုအားထားခြင်းကို ပိုမိုနှစ်သက်ခဲ့သည်။ အမှန်အားဖြင့် ပေါလ်သည် မိမိ၏အားနည်းချက်များကို 'ကြွား' သည်အထိဖြစ်ခဲ့သည်။ သူအလိုအပ်ဆုံးဖြစ်သော ခွန်အားနှင့် တန်ဖိုးအထားဆုံး အရာတို့သည် ဘုရားသခင် ထံတော်ပါးမှလာကြကြောင်း သိရှိခဲ့သောကြောင့် ဖြစ်ပါသည်။

ကောရင့်မြို့သားများ ထံရေးသော သူ၏ဒုတိယစာစောင်၌ ဘုရားသခင်ကိုယ်တော် ရှင်ထံတော်ပါးမှ သူရရှိခဲ့သော ဝေါဟာရအကြောင်းကို ပြန်လည်ဖော်ပြပြီး သူ၏အမြင်ကို ပေါလ်ကရှင်းပြခဲ့သည်။ သူ့အကြောင်းကို ပြောပြသောအခါ တစ်ဦးချင်းပုဂ္ဂိုလ်(individual) အနေနှင့်ပြောပြခဲ့သော်လည်း သူ၏ကိုယ်ပိုင် အတွေ့အကြုံသည် သူ၏စာဖတ်ပရိသတ်တို့အတွက် အသင်းတော် အဖြစ်ဖြင့် ခွန်အားရရှိစေမည့် အခြေခံမှု(principle) တစ်ခုအဖြစ် ဖော်ပြခဲ့သည်။ သူ့၌ စိုးရိမ်ပူပန်မှုတစ်ခုရှိပြီး ၎င်းကို ဘုရားသခင်အား ဖယ်ရှားပစ်စေလို

တော်မူပါသည်။ (ပေါလ်က ကျင်းကို ရှင်းလင်းစွာ ဖော်ပြခြင်းမပြုခဲ့ပေ)။ သို့သော် ဘုရားသခင်က ဖယ်ရှားပေးရန် ငြင်းဆန်တော်မူခဲ့သည်။ ဘုရားသခင်က ပေါလ်အား ဤသို့မိန့်ကြား တော်မူခဲ့သည်။

''ငါ၏ ကျေးဇူးတော်ကိုသာလျှင် သင်လိုအပ်ပေသည်။ သင်အားနည်းသောအခါ ငါ့တန်ခိုးသည် အထင်ရှားဆုံးဖြစ်၏''(၂ကော ၁၂း၉)။ ဤအတွေ့အကြုံနှင့် အခြားအတွေ့အကြုံများကိုအခြေခံ ပေါလ်က ဤသို့နိဂုံးဆွဲခဲ့သည်။ ''သို့ဖြစ် ငါသည် ခရစ်တော်၏တန်ခိုးတော်တွင် ခိုလှုံနိုင်ရန် ငါ၏အားနည်းချက်များကြောင့် အထူးဝမ်းမြောက်လျက်ဂုဏ်ယူဝါကြွား၏။ ငါသည် အားနည်းခြင်း၊ စော်ကားခြင်း၊ ဆင်းရဲခြင်း၊ နှိပ်စက်ညှ င်းဆဲခြင်းနှင့် အနှောင့်အယှက်တို့ကို ခံနေရစဉ် ရောင့်ရဲတင်းတိမ်မှုရှိ၏''(၂ကော ၁၂း၉–၁၀)။ ဤနေရာ၌ ပေါလ်သည် သူ၏ပုဂ္ဂိုလ်ရေးအသက်တာအကြောင်း ပြောကြားခြင်းဖြစ်သော်လည်း ခေါင်းဆောင်မှုအတွက် လက်တွေ့အသုံးချမှုမှာ ဤသို့ဖြစ်သည်။ ထိရောက်သော ဝိညာဉ်ရေးခေါင်းဆောင်များအနေဖြင့် မိမိတို့၏အစွမ်းအစဖြင့် လုပ်ဆောင်နိုင်ခြင်းထက် မိမိတို့အဖွဲ့အတွင်း ဘုရားသခင်အလုပ်လုပ်တော်မူရန်နှင့် ကျင်းအားဖြင့် အောင်မြင်မှုရရှိရန် အသင်းအဖွဲ့ကို တိုက်တွန်းလိမ့်မည်ဖြစ်သည်။

အစုအဖွဲ့သိရှိနားလည်ရေးအတွက် အရေးကြီးသည့် ဝိညာဉ်ရေးပတ်ဝန်းကျင် တည်ဆောက်ရာ၌ ကျွန်ုပ်တို့အနေဖြင့် ခြေလှမ်းနှေးကွေးစေပြီး မိမိတို့ကိုယ်ကိုနှိမ့်ချကာ တစ်ဦးကိုတစ်ဦး နားထောင်ပေးလျက် ကျွန်ုပ်တို့၏ လုပ်ငန်းစဉ်ထဲသို့ ဘုရားသခင်အား ပါဝင်လာရန် ဖိတ်ခေါ်တော်မူခြင်းပြုရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့ထဲ၌လည်းကောင်း၊ ကျွန်ုပ်တို့အားဖြင့်လည်းကောင်း ဘုရားသခင် လုပ်ဆောင်နိုင်တော်မူသည်တို့ကို ကျွန်ုပ်တို့တန်ဖိုးထားရပေမည်။ ကျွန်ုပ်တို့ခွန်အားရှိပြီး စွမ်းဆောင်ရည်ရှိလျက် ယုံကြည်မှုအပြည့်ရှိနေသည့်တိုင် ဘုရားသခင်ထံတော်ပါးမှ ကျေးဇူးတော်ကြောင့် ပိုမိုကြီးမားသော အသိဉာဏ်ပညာနှင့် ခွန်အားများရရှိနိုင်သည့်အပြင် ကျွန်ုပ်တို့အထဲ၌ ဘုရားသခင်သည် ပိုမိုထိရောက်စွာ အလုပ်လုပ်တော်မူလိမ့်မည်ဖြစ်သည်။ ခေါင်းဆောင်များရော၊ ဝန်ထမ်းများပါ ဘုရားသခင်အား အတူတကွထိတွေ့နိုင်ရန် အချိန်ပေးကြရန်လိုသည်။ အဖွဲ့တစ်ခုလုံးအတွက် ဘုရားသခင်၏အကြံအစည်တော်ကိုသိရှိခြင်း ရှိ/မရှိ မသိရသော ခေါင်းဆောင်တစ်ဦးတည်း နောက်သို့မလိုက်ဘဲ အတူတကွကြိုးပမ်းကြရမည်ဖြစ်သည်။

## အကူအညီယူပါ

အလုပ်ခွင်၌ အသက်ဝင်သောဝိညာဉ်ရေးပတ်ဝန်းကျင်တစ်ခု ဖန်တီးရာ၌ ဝိညာဉ်ရေးခေါင်းဆောင်များဖြစ်သော ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်နှင့်ဆက်စပ်ပတ်သက်မှု၌ သက်ဝင်ယုံကြည်မှုနှင့် တက်ကြွလှုပ်ရှားသော အသိတရား

ရှိရမည်ဖြစ်သည်။ ၄င်းအတွက် ကျွန်ုပ်တို့အဖွဲ့အစည်း၏အစိတ်အပိုင်းတိုင်း၌ ဘုရားသခင် အနီးနားတွင်ရောက်ရှိတော်မူခြင်းနှင့် ပြုမူလုပ်ရှားတော်မူခြင်းတို့ကို ထိတွေ့ခံစားနိုင်ရန် လက်တွေ့ကျင့်ထုံးအချို့ကို ကျွန်ုပ်ရေးဆွဲထားပါသည်။ ၄င်းတို့ကို နေ့စဉ်မပျက်တောင် ပုံမှန်ကျင့်သုံးပါက အကျိုးပြုရလဒ်များ ပေါ်ထွက်လာမည် ဖြစ်သည်။

**အတူတကွဆုတောင်းပါ** – ပထမအားဖြင့် နေရာအခင်းအကျင်းက ခွင့်ပြုပါက တစ်ဦးတည်းဖြစ်စေ၊ သို့မဟုတ် လုပ်ဖော်ဆောင်ဖက် များနှင့်ဖြစ်စေ ဆုတောင်း ခြင်းသည် ထိရောက်ပြီး အဓိပ္ပာယ်လည်းရှိပါသည်။ ခေါင်းဆောင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့ဖြင့်ဖြစ်စေ၊ ဘုတ်အဖွဲ့ဝင်လူကြီးများနှင့်ဖြစ်စေ ဆုတောင်းနိုင်ပါသည်။ အုပ်စုအဖွဲ့ဝင်များလည်း အစည်းအဝေးမတိုင်မီဖြစ်စေ၊ အစည်းအဝေးအတွင်းတွင်ဖြစ်စေ၊ အစည်းအဝေးအပြီးတွင်ဖြစ်စေ၊ အထူးအစည်း အဝေးများတွင်ဖြစ်စေ အတူတကွဆုတောင်းနိုင်ကြပါသည်။ သင်နှင့် အတူ ဆုတောင်းနေကြသူတို့၏ ဘဝအသက်တာ၌ ဘုရားသခင်အလုပ်လုပ် တော်မူခြင်းနှင့် အဖွဲ့အစည်းတစ်ခုလုံးအတွက် အလုပ်လုပ်တော်မူခြင်းတို့အပေါ် အလေးဂရုပြုပါ။ ထူးခြားသောပြောင်းလဲမှုအပါအဝင် ဘုရားသခင်ဖွင့်လှစ် ပြသတော်မူလိုသော အရာဟူသမျှအတွက် အစုအဖွဲ့အနေဖြင့် နှလုံးသားတံခါး ဖွင့်ထားကြရန် တောင်းဆိုပါ။ သင်၏အခင်းအကျင်းသည် ဘာသာရေးအခြေပြု ဖြစ်စေ သို့မဟုတ် လောကီအခြေပြုဖြစ်စေ အရေးမကြီးပါ။ အရေးကြီးသည်မှာ ပါဝင်သူတိုင်းအနေဖြင့် အတူတကွဆုတောင်းရန် ဆန္ဒရှိကြပါက အကြပ်အတည်း ဖြေရှင်းနိုင်ရေးအတွက် အသိဉာဏ်ပညာပေးတော်မူပါရန် ဆုတောင်းရန်ဖြစ်သည်။ အစုအဖွဲ့ဝင်များအတွက်ဖြစ်စေ၊ ၎င်းတို့၏လိုအပ်ချက်များနှင့် အလုပ်အတွက်ဖြစ်စေ၊ ၄င်းတို့နှင့်ဆက်ဆံရေးအတွက်ဖြစ်စေ သင်တစ်ကိုယ်တည်း သီးသန့်ဆုတောင်း နိုင်ပါသည်။ ၎င်းတို့အား အပြည့်အဝအသိအမှတ်ပြုခြင်းအပြင် ၎င်းတို့တစ်ဦးချင်း၌ အသင်းအဖွဲ့အတွက် ဆုကျေးဇူးများနှင့် အကျိုးပြုပါဝင်မှုများ ပိုင်ဆိုင်ကြောင်းကို လည်း အသိအမှတ်ပြုရမည်ဖြစ်သည်။

**အုပ်စုအဖွဲ့အဝင်များအား တက်ကြွစွာ ချစ်ခင်လေးစားပါ** – ဝိညာဉ်ရေးခေါင်းဆောင်အဖြစ် သင်၌ရှိသောဆုကျေးဇူးများအနက် တန်ခိုးအကြီးဆုံး ဆုကျေးဇူးတစ်ခုမှာ သင်၏လုပ်ဖော်ဆောင်ဖက်များနှင့် ဝန်ထမ်းများအား မေတ္တာစစ်ဖြင့် ချစ်ခင်ခြင်းဖြစ်သည်။ ဤနေရာ၌ ကျွန်ုပ်ပြောနေသည်မှာ ချစ်ခြင်းမေတ္တာ ခံစားချက်မဟုတ်ပါ။ လုပ်ဖော်ဆောင်ဖက်များနှင့် အလွန် အကျွမ်းဝင်ရင်းနှီးသော ဆက်ဆံရေးကို ပြောနေခြင်းမဟုတ်ပါ။ ကောရိန္သုပထမ

စာစောင် အခန်းကြီး ၁၃ တွင် ပေါလ်က သူတစ်ပါးအား မည်သို့ဆက်ဆံရမည်ကို ဖော်ပြသော မေတ္တာ(agape) မျိုးဖြစ်သည်။

> မေတ္တာသည် သည်းခံတတ်၏။ ကြင်နာသနားတတ်၏။ မနာလိုစိတ်မရှိ။ မေတ္တာသည် ကြွားဝါခြင်းမရှိ။ မာန်မာနမရှိ။ မလျော်ကန်ပတ်သည့်အမှုကို မပြုတတ်။ ကိုယ်ကျိုးကို မရှာတတ်။ ဒေါသအမျက် မထွက်တတ်။ သူတစ်ပါး၏ အပြစ်ကိုမှတ် မထားတတ်။ မကောင်းမှုဒုစရိုက်ကြောင့် ဝမ်းမြောက်ဝမ်းသာမရှိတတ်။ သမ္မာတရားကြောင့် ဝမ်းမြောက်တတ်၏။ မည်သည့်အခါမျှ လက်မလျှော့တတ်။ မေတ္တာသည် အမြဲယုံကြည်တတ်၏။ အမြဲမျှော်လင့်တတ်၏။ အမြဲသည်းခံတတ်၏။ (၁ကော ၁၃း၄–၇)

လက်တွေ့ကျကျပြောရလျှင် လုပ်ဖော်ဆောင်ဖက်များကို လေးစားမှု ပြသခြင်းဖြင့် စတင်ပါ။ ၄င်းတို့ဘဝ သာယာဝပြောရေးအတွက် သင်အမှန်ပင် စိတ်ဝင်စားကြောင်းနှင့် သင်ရိုးသားဖြူစင်ကြောင်း အလုပ်ဖြင့်ပြပါ။ လိုအပ်သောအခါ ခွင့်လွှတ်ပါ။ သင့်အဖွဲ့အစည်း၌ အလုပ်လုပ်ခြင်းမှ ရပ်နားခိုင်းတော့မည့်အကြောင်း ပြောဆိုဆွေးနွေးနေသည့်ကြားမှ သူတို့၏အနာဂတ်၌ မျှော်လင့်ချက်ရှိကြောင်း ပြောပြပါ။ သူတို့ပြောသည်ကို နားထောင်ပေးပြီး ၄င်းတို့ကြုံတွေ့ နေရသည် များအတွက် ကူညီစဉ်းစားပေးခြင်းနှင့် ဆုတောင်းပေးခြင်းများ ပြုလုပ်ပါ။ သင့်တော်သည်ဟု ယူဆပါက သူတို့၌ မအီမသာဖြစ်ခြင်း၊ ပူပန်စိုးရိမ်ခြင်းနှင့် ကြောက်ရွံ့မှုလက္ခဏာများတွေ့ပါက သူတို့အား နှစ်သိမ့်အားပေးပါ။ လေသံကို ပျော့ပြောင်းစေပါ။ စကားကို ပြန်လည်သုံးသပ်ပါ။ သင်၏လုပ်ငန်း၌ ဘုရားသခင်၏ ပြုမူလုပ်ဆောင်တော်မူခြင်းကို အတူတကွကြည့်ပါ။ ရလဒ်များကိုသာ ကြည့်မနေပါနှင့်။ သူတို့၏အလုပ်နှင့် အသက်တာ၌ ဘုရားသခင်၏ လှုပ်ရှားတော်မူချက်များကို ပိုမိုတွေ့ရှိလာရေးနှင့် ဝမ်းမြောက်ကြိုဆိုစရာရှိက အတူတကွကြိုဆိုနိုင်ရန် ကူညီပေးပါ။

**အုပ်ချုပ်စီမံရေးအစည်းအဝေးများ၌ ဘုရားသခင် အနီးနားတွင်ရှိနေတော်မူခြင်းကို လက်တွေ့ခံစားကြည့်ပါ** – တစ်ဦးချင်းပုဂ္ဂိုလ်များနှင့် ဆက်ဆံရာ၌ဖြစ်စေ၊ အတူအလုပ်လုပ်ရာ၌ဖြစ်စေ၊ ဘုရားသခင်ပါဝင်ပတ်သက်မှုများကို သိရှိနားလည်ခြင်းအပြင် အစည်းအဝေးများနှင့် အစုအဖွဲ့လုပ်ငန်းများ၌ ဘုရားသခင် လုပ်ဆောင်တော်မူချက်များကိုသိရှိရန် အထူးကြိုးစားပါ။ သင့်အနေဖြင့် တရားဝင်ဖော်ပြထားသော အစီအစဉ်များနှင့် အသားကျနေမည်ဖြစ်သော်လည်း ဘုရားသခင်သည် သင်မျှော်လင့်မထားသော၊ လက်မလွှတ်ချင်သည့်အရာတစ်ခုကို ပြုလုပ်တော်မူနိုင်ပါသည်။ အထူးသဖြင့် ဘုရားသခင်၏ ဝိညာဉ်တော်လှုပ်ရှား

တော်မူခြင်းကို ဂရုစိုက်ကြည့်ပါ။ အဖွဲ့အတွက် သင့်တော်ပါက အခြားသူတို့နှင့် တွေ့ဆုံဆွေးနွေးစီစဉ်နေစဉ် ဘုရားသခင်ထံတော်ပါးမှ ဆက်သွယ်ပြောကြား တော်မူသည်တို့ကို အာရုံစိုက်နားစွင့်ပါ။ ''ဤအစည်းအဝေးကျင်းပနေစဉ် ကျွန်ုပ်လိုအပ်နေသောအရာကို ဘုရားသခင်ကူညီတွေ့မြင်စေတော်မူပါ''ဟု ကျွန်ုပ် မကြာခဏ ဆုတောင်းလေ့ရှိသည်။ ဥပမာအားဖြင့် ကျွန်ုပ်နားထောင်ရန် ပျက်ကွက်သည်ကို သတိပေးမည့်သူ လိုအပ်ပါသည်။ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးသည် အဆိုပြုချက်သစ်ကို လက်မခံကြောင်းအသိပေးမည့်သူ၊ အစည်းအဝေး ဟိုမရောက် သည်မရောက်ဖြစ်နေခြင်းကို အသိပေးမည့်သူ၊ သို့မဟုတ် အားလုံးကလက်ခံ သော်လည်း မည်သူမျှ အားတက်သရောမရှိကြောင်းကို အသိပေးမည့်သူ စသည်တို့လိုအပ်ပါသည်။ အရေးကိစ တစ်ခုနှင့်ပတ်သက် နက်ရှိုင်းသိမရှိဘဲဖြစ်စေ သို့မဟုတ် အဖွဲ့အတွင်း အကျိုးယုတ်စေမည့် တက်ကြွပြောင်းလဲမှုကို သတိမပြုမိဘဲ ဖြစ်စေ ကျွန်ုပ်သိရှိခြင်းမရှိပါက ကျွန်ုပ်ထိရောက်စွာ ဦးဆောင် နိုင်မည်မဟုတ်ပေ။

အုပ်ချုပ်စီမံအစည်းအဝေးများ၌ ဘုရားသခင်အနီးနားတွင် ရှိနေ တော်မူခြင်းကို လက်တွေ့ကျင့်သုံးခံစားခြင်းသည် ပါဝင်သူအဖြစ်နှင့် စစ်မှန်သော နားထောင်သူအဖြစ်ဖြင့် ပါဝင်ခြင်းလည်းဖြစ်သည်။ ကျွန်ုပ်၏အစီအစဉ်ကို အတင်းလက်ခံခိုင်းခြင်း သမို့မဟုတ် ကျွန်ုပ်စိတ်ဆုံးဖြတ်ပြီးဖြစ်ခြင်း သို့မဟုတ် အစည်းအဝေးကို ကျွန်ုပ်စိတ်ကြိုက် ကြိုးကိုင်ခြင်းတို့ကိုမပြုဘဲ တွေ့ဆုံဆွေးနွေး ပွဲအတွင်း ပေါ်ထွက်လာမည့် အသိဏာ်အလိမ္မာနှင့် လမ်းညွှန်မှုတို့ကို ကျွန်ုပ် စောင့်မျှော်နေခဲ့သည်။ အရေးကိစ တစ်ခုကိုဆွေးနွေးရန် ကျွန်ုပ်ရှင်းလင်းစွာ တင်ပြလိုက်သည်။ သို့သော် ပါဝင်သူအားလုံး အပြည့်အဝပါဝင်ဆွေးနွေးကြရန် ကျွန်ုပ် ဖိတ်ခေါ်ပါသည်။ လုပ်ငန်းစဉ်အတွင်း ဘုရားသခင်က လမ်းညွှန်တော်မူမည့် အကြောင်း မျှော်လင့်စေပါသည်။ တစ်ခါတစ်ရံ အစည်းအဝေးအဆုံးတွင် မိနစ်အနည်းငယ်ယူပြီး ပါဝင်သူတို့အား သူတို့၏အတွေ့အကြုံကို ပြန်လည် သုံးသပ် စေပါသည်။ အစည်းအဝေး၌ ဘုရားသခင်၏ဝိညာဉ်တော် အလုပ်လုပ် တော်မူခြင်း ကို သိရှိကြခြင်းရှိမရှိ မေးမြန်းလေ့ရှိပါသည်။[၂] အဖွဲ့အစည်း ဦးဆောင်သူတို့အား ထိုသို့သော မေးခွန်းများကို အများပြည်သူရှေ့တွင်မေးရန် သင့်တော်မည်မထင်ပေ။ မိတ်ဆွေ ခရစ်ယာန်တစ်ဦးဦးနှင့် အတွေ့အကြုံ မေးမြန်းခြင်း၊ ဖလှယ်ခြင်း၊ နေ့စဉ်မှတ်တမ်း၌ ရေးသားခြင်းများပြုနိုင်ပါသည်။

**ဆုတောင်းခြင်းနေ့နှင့် အစာရှောင်နေ့များ ပြုလုပ်ပါ** – သင်ကိုယ်တိုင်၏ ဝိညာဉ်အနှစ်သာရပြည့်ဝရေးနှင့် သက်ဝင်လှုပ်ရှားရေးအတွက် ဆုတောင်းခြင်းနှင့် အစာရှောင်ခြင်းတို့ကို ကျင့်သုံးခြင်းအပြင် အသင်းတော်အဖွဲ့အစည်းဖြစ်ပါက ႏုးဝန်ထမ်းတစ်ခုလုံး၊ ဘုတ်အဖွဲ့ဝင်လူကြီးအားလုံးနှင့် အသင်းသားအားလုံး

(သင်သည် သင်းအုပ်ဆရာဖြစ်ပါက) တို့ကိုစုစည်းပြီး ဘုရားသခင်ထံ အထူး ဆုတောင်းခြင်းပြုနိုင်ပါသည်။ ကျွန်ုပ်သည် အစာရှောင်အဖွဲ့နှင့်ဖြစ်စေ၊ အခြားသူတို့နှင့်ဖြစ်စေ ရက်ပေါင်းများစွာ အစာရှောင်ဆုတောင်းခြင်းကို ဦးဆောင်ခဲ့ရာ အသင်းတော်များရော၊ အခြားအမြတ်အစွန်းမယူသောအဖွဲ့များလည်း ပါဝင်ခဲ့ကြသည်။ ပါဝင်သူတို့ထံ ဘုရားသခင်သည် အမြဲတမ်းအဓိပ္ပာယ်ရှိစွာ ပြောဆိုတော်မူလေ့ရှိပါသည်။ ဥပမာအားဖြင့် ဘုရားသခင်သည် တစ်စုံတစ်ခုကို ရှင်းရှင်းလင်းလင်းဖြစ်စေတော်မူခြင်း၊ ကိုင်တွယ်ဖြေရှင်းရန်လိုအပ်နေသော အရေးကိစ ကို ဖွင့်လှစ်ပြသတော်မူခြင်း၊ အယူအဆတစ်ခုနှင့်ပတ်သက် နက်ႈိုင်းသိပေးခြင်း သို့မဟုတ် ခံယူချက်ခိုင်မာစေခြင်း သို့မဟုတ် စိတ်အား ထက်သန်စေခြင်းစသဖြင့် လမ်းညွှန်ပြသတော်မူပါသည်။ ပါဝင်သူတို့၏ ဘုရားသခင်ကိုသိလိုသော ဆာလောင်ခြင်းနှင့် မိမိတို့ကိုယ်တိုင်၏ အစားအသောက် နှင့် အမူအကျင့် အမျိုးမျိုးအပေါ် အလွန်အကျွံမှီခိုအားထားနေမှု (စိတ်ပိုင်းရော ႃပ်ပိုင်းပါ)တို့ကို ပိုမိုသိရှိနားလည်ရေးအတွက် အစာရှောင်ခြင်းသည် အလွန် အသုံးဝင်သည့်အပြင် အကူအညီလည်းဖြစ်ပါသည်။ ဘာသာရေးမဟုတ်သော အခင်းအကျင်းမႇခေါင်းဆောင်များသည် ဆုတောင်းခြင်းနှင့် အစာရှောင်ခြင်းကို သူတို့နည်းသူတို့ဟန်ဖြင့် လုပ်ဆောင်နိုင်ကြသော်လည်း အသင်းတော် မိသဟာယအဖွဲ့၊ တနင်္ဂနွေဥပုသ်စာဖြေတန်းနှင့် အခြားအဖွဲ့များထံမှ အကူအညီ တောင်းယူနိုင်ပါသည်။

တစ်ရက်တာဆုတောင်းခြင်းနှင့် အစာရှောင်ခြင်းကို ကျွန်ုပ်ဦးဆောင်သောအခါ ရည်ရွယ်ချက်၊ ကျမ်းစာအခြေခံ၊ ဆုတောင်းခြင်းနှင့် အစာရှောင်ခြင်းတန်ဖိုးတို့ကို ပထမဦးပြန်လည်သုံးသပ်ခြင်းဖြင့် ကျွန်ုပ် အစပြုလေ့ရှိပါသည်။ တရားကျင့်ရန် ကျမ်းချက်များကို အဆိုပြုပါသည်။ အဖွဲ့အစည်း၏ ဦးစားပေးလုပ်ငန်းများနှင့် လိုအပ်ချက်များကို ဖော်ပြသတ်မှတ်ပြီး တစ်နေ့တာဆုတောင်းရာတွင် ကျွန်ုပ်တို့အား အာႆစူးစိုက်စေပါသည်။ ပထမအကြိမ်သည် တစ်နာရီခန့်ကြာပြီး တစ်ဦးချင်းအတွက်နှင့် အဖွဲ့အတွက် ဆုတောင်းခြင်းပါဝင်သည်။ ထို့နောက် တစ်နေ့တာအတွင်း ဆိတ်ငြိမ်မှုနှင့် ဆုတောင်းခြင်းအတွက် မိမိတို့တတ်နိုင်သမျှ အချိန်ကိုသတ်မျတ်ယူကြရန် လူတိုင်းကိုတိုက်တွန်းရပါသည်။ နေ့လည်စာစားချိန်သည် အစာမစားဘဲနေရန်၊ ဗိုက်ဆာနေချိန်တွင် ဘုရားသခင်အား ဆာလောင်မွတ်သိပ်ခြင်းကို ပြန်လည်သုံးသပ်ရန် ကျမ်းစာဖတ်ခြင်းနှင့် ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်နှင့် မိမိတို့ဆက်စပ်မှုကိုသိရှိရန်တို့အတွက် အချိန်ကောင်းဖြစ်ပါသည်။ ဆုတောင်းနေ့များ၌ ဝင်္ကပါလမ်းလျှောက်ခြင်းနှင့် မွန်မြတ်သော ကျမ်းစာဖတ်ခြင်း (labyrinth walks and lectio divine) တို့သည် ပါဝင်သူတို့နှင့် ဘုရားသခင် တို့ဆက်စပ်မှုကို အထောက်အကူပြုသော ထပ်ဖြည့်ယာဥ်များဖြစ်ကြသည်။

ဆုတောင်းရာနေ့များသည် အတွေ့အကြုံပေါ်အခြေခံသော မိမိတို့၏ အတွေးအခေါ်နှင့် ခံစားချက်များကို ဖော်ထုတ်ခွင့်ပေးသည့်လူတိုင်း ပါဝင်နိုင်သော အခြေအနေ၌ အထိရောက်ဆုံးဖြစ်သည်။ တစ်နေ့တာကုန်ဆုံးချိန်တွင် တစ်နေ့တာ အတွေးအခေါ်များနှင့် နက်ရှိုင်းသိမှုများဆိုင်ရာ ကျွန်ုပ်တို့၏အတွေ့အကြုံများကို စုစည်းမျှဝေခံစားကြပါသည်။ တစ်ခါတစ်ရံ အခြားသူတို့ထံမှ မည်သည့်အရာများ ပေါ်ထွက်လာမည်နည်းဟု ကျွန်ုပ်ပူပင်သောကဖြစ်ခဲ့ရသည်။ အဖွဲ့အစည်းနှင့် ပတ်သက်ပြီး တစ်စုံတစ်ဦးက ပြုမြင်ပုံဖော်မှုအသစ်များ တင်ပြလေမလားဟု လည်းကောင်း၊ ကျွန်ုပ်အပေါ် အကောင်းမြင်မဟုတ်သော ဘုရားသခင်ထံတော်မှ လာသည့် ဖွင့်လှစ်ဖော်ပြချက်တစ်ခုကို တစ်စုံတစ်ဦးက တင်ပြလေမလား ဟုလည်းကောင်း စိုးရိမ်စိတ်ရှိခဲ့သည်။ ၎င်းအပြင် အဖွဲ့အစည်းကို ထိခိုက် နစ်နာစေမည့်လှုံ့ဆော်မှုကို တစ်စုံတစ်ဦးက ပြုလုပ်လေမလားဟုလည်း စိုးရိမ်ခဲ့ရသည်။

သို့သော် ကျွန်ုပ်စိုးရိမ်သကဲ့သို့ ဖြစ်မလာကြပေ။ အခြားသူတို့၏ အတွေး အခေါ်၊ ခံစားချက်နှင့် အတွေ့အကြုံများကို နားထောင်ပေးခြင်းသည် စိုးရိမ်စိတ်နှင့် မလုံခြုံမှုတို့ကြောင့် ပိတ်ပင်တားမြစ်ခြင်းထက် ပိုမိုအကျိုးရှိကြောင်း ကျွန်ုပ် သိလာရပါသည်။ တစ်စုံတစ်ဦး၏ကောက်ချက်များသည် အဖွဲ့အတွက် အကျိုးယုတ် စရာအဖြစ် ကျွန်ုပ် အမှန်ပင်စိုးရိမ်ပူပန်ပါက အားလုံးကိုခေါ်ပြီး တစ်ဦးအယူအဆကို အခြားတစ်ဦးက နားထောင်ပေးခြင်းဖြင့် အယူအဆများ ရှင်းလင်းစေရမည်ဖြစ်ပြီး အဖွဲ့၏သဘောတူညီမှု သို့မဟုတ် အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်စရာ မလိုပေ။ သင့်လျော်သော ခေါင်းဆောင်မှုအသင်းများ (စံပြခေါင်းဆောင်မှု အသင်းများ)အနေဖြင့် တွေ့ဆုံမှုပြုလုပ်ပြီးနောက် ပေါ်ထွက် လာသော အယူအဆ သစ်များ သို့မဟုတ် အရေးကိစ များကို ဆက်လက် လုပ်ဆောင်သွားရမည်ဖြစ်သည်။

## ဝန်ထမ်းမိသားစုများပါဝင်သော အားသစ်လောင်းအစီအစဉ် ပြုလုပ်ပါ

တစ်နှစ်လုံး အလုပ်ကိုကြိုးစားပမ်းစားလုပ်ပြီး ပင်ပန်းနွမ်းနယ်သည်ဟု ခံစားကြရသော ိုးဝန်ထမ်းများအတွက် နှစ်စဉ်ရက်များစွာပါရှိသော အားသစ် လောင်း အစီအစဉ်ပြုလုပ်ခြင်းဖြင့် သူတို့အား ခွန်အားပြည့်ဖြိုးစေလိမ့်မည်ဖြစ်သည်။ အားသစ်လောင်းအစီအစဉ်များသည် အသင်းအဖွဲ့စိတ်ဓာတ်ကိုလည်း တိုးပွားစေပါသည်။ ဝန်ထမ်းများ၏လိုအပ်ချက်များကို စိတ်ရင်းဖြင့် အသင်းအဖွဲ့တစ်ခုလုံးအတွက် စဉ်းစားပေးပါက အကျိုးထူးလာမည်ဖြစ်သည်။ အကယ်၍ သင်သည် အသင်းတော်၌ အလုပ်လုပ်နေသူဖြစ်ပါက သင်၏အချိန်ကို ဝတ်ပြုခြင်း၊ အဖွဲ့အားသင်ကြားပို့ချခြင်း၊ အဖွဲ့ငယ်ဖြင့်ဝေငှခြင်း၊ ပျော်ပွဲ

ရှင်ပွဲကလေးများပြုလုပ်ခြင်းတို့၌ မျှဝေအသုံးပြုပါ။ အရေးကြီးသည်မှာ အားသစ်လောင်းအတွေ့အကြုံကို ဘုရားသခင်၊ သက်ဝင်ယုံကြည်မှုနှင့် ဘုရားသခင်နှင့်ဆက်ဆံရေးတို့ကို အဓိကထားသော ဝိညာဉ်ရေးလှုပ်ရှားမှု၌ အခြေပြုခြင်းဖြစ်သည်။

အဖွဲ့အစည်းအတွင်း သူတို့၏ဝိညာဉ်ရေးဆုကျေးဇူးအနေအထားနှင့် ရာထူးအနေအထားပေါ်မူတည်ပြီး ခေါင်းဆောင်များကိုရွေးချယ်ပါ။ အားသစ်လောင်းအစီအစဉ် အစိတ်အပိုင်းတိုင်း၌ ဝိညာဉ်ရေးအရ ဆုကျေးဇူးရရှိသူများနှင့် အဖွဲ့အစည်းခေါင်းဆောင်များ၏ ပါဝင်မှုသည်အလွန်တန်ဖိုးရှိပါသည်။ အမှုဆောင်အရာရှိများနှင့် မန်နေဂျာများသည် အသင်းအတွက်ဖြစ်စေ၊ အဖွဲ့တစ်ခုလုံးအတွက် ဖြစ်စေ၊ ဝန်ထမ်းတစ်ဦးစီ၏ ကောင်းကျိုးချမ်းသာရေးအတွက် ယခုကဲ့သို့ပါဝင်ခြင်းသည် လိုအပ်မှုတစ်ခုကို ဖြည့်ဆည်းခြင်းဖြစ်သည်။

အရေးကိစ တစ်ခု၌ ကျွန်ုပ်သည် အဓိကခေါင်းဆောင်ဖြစ်ပါက သယ်ယူပို့ဆောင်ရေးကို တစ်ဦးဦးအား တာဝန်ယူစေပြီး ကျွန်ုပ်ကိုယ်တိုင်မှာမူ ဝိညာဉ်ရေးခေါင်းဆောင်အဖြစ်၌သာ အာ ုံစိုက်ပါသည်။ သီဆိုခြင်းနှင့် တေးဂီတသည် ကျွန်ုပ်၏ ဆုကျေးဇူးမဟုတ်သဖြင့် တစ်ဦးကိုကိုင်တွယ်စေပြီး ကျွန်ုပ်ကျွမ်းကျင်ရာဟုယူဆသော ကျမ်းစာသင်ပေးခြင်း၊ ဝိညာဉ်ရေးလေ့ကျင့်ခန်းများအတွက် ပြင်ဆင်မှုပြုခြင်း၊ နေ့စဉ်မှတ်တမ်းမေးခွန်းများ၊ နေ့တိုင်းအတွက် အဖွဲ့ငယ်များအတွက် လမ်းညွှန်မှုများပြုလုပ်ခြင်းစသည်တို့ကို ကျွန်ုပ်ကိုင်တွယ်ပါသည်။ ဝိညာဉ်ရေး သွန်သင်ပြသခြင်း၊ စိန်ခေါ်ချက်နှင့် ဆန်းသစ်ခြင်းတို့သည် ယခုအချိန်တွင် ုံးဝန်ထမ်းအတွက် ရင်းနှီးမြ ုပ်နှံမှု၌ အရေးပါသော အစိတ်အပိုင်းဖြစ်လာပါသည်။

ဝိညာဉ်အနှစ်သာရပြည့်ဝခြင်းကို ချဉ်းကပ်ရာ၌ ပိုမိုသိမ်မွေ့သော ချဉ်းကပ်နည်းလိုအပ်သည်ဟု သင့်အဖွဲ့အစည်းက ယူဆပါက အစုအဖွဲ့ဝတ်ပြုကိုးကွယ်ခြင်းနှင့် ကျမ်းစာလေ့လာခြင်းနေရာတွင် ဝိညာဉ်ရေးအရ ပိုမိုစိတ်ဝင်စားဖွယ်ကောင်းသော အတွေ့အကြုံများဖြင့် အစားထိုးနိုင်ပါသည်။ ဥပမာအားဖြင့်ဆိတ်ငြိမ်မှု၊ ကိုယ်ပိုင်ပြန်လည်သုံးသပ်မှု၊ အခြားဘာသာတရားများမှ ဝိညာဉ်ရေးခေါင်း ဆောင်များ၏အဆိုအမိန့်များကို ဆွေးနွေးလေ့လာခြင်း၊ စိတ်သစ်ကိုယ်သစ်ဖြင့် ဆန်းသစ်မှုရှာဖွေသူတို့အား မဟာတန်ခိုးရှင် သို့မဟုတ် အသက်စွမ်းအားနှင့် ထိတွေ့ဆက်စပ်မှုရှိစေရန်တို့အတွက် အချိန်ပေးရန် လိုအပ်ပါသည်။ သင်၏ လုပ်ငန်းခွင်ပြင်ပတွင် အစုအဖွဲ့ငယ်များအား ဥပမာ အသင်းတော်ချိန်းကြိုးဆက် ဆုတောင်းအဖွဲ့များအား သင်၏ဦးဆောင်မှုနှင့် ပါဝင်သူတို့အတွက် ဘုရားသခင်ထံ လမ်းညွှန်မှုပေးတော်မူပါမည့်အကြောင်း ဆုတောင်းပေးရန် တောင်းဆိုနိုင်ပါသည်။

**ႋးဝန်ထမ်းများနှင့်အတူ စုပေါင်းဝတ်ပြုကိုးကွယ်မှုပြုပါ** – ဘာသာရေး အဖွဲ့အစည်းတစ်ခု၌ ခေါင်းဆောင်လုပ်ရခြင်းအခွင့်ထူးတစ်ခုမှာ တစ်နှစ်လျှင် နှစ်ကြိမ်သို့မဟုတ် သုံးကြိမ် ဝန်ထမ်းအားလုံးပါဝင်သော ဝတ်ပြုကိုးကွယ်မှု အစီအစဉ်ပြုလုပ်ခြင်းဖြစ်သည်။ ကျွန်ုပ်သည် ဤအချိန်များ၌ ကျွန်ုပ်၏ အဓိကတန်ဖိုးတရားများ၊ ဉာသနာလုပ်ငန်းနှင့် ဘုရားသခင်အပေါ် ကျွန်ုပ်တို့ မှီခိုမှုတို့ကို အလေးထားဖော်ပြပါသည်။ ဤအချိန်များ၌ ႋးဝန်ထမ်းများအား ဘုရာသခင်ကို အတူတကွချီးမွမ်းခြင်း၊ သခင်ခရစ်တော်အား ပိုမိုဆက်ကပ်ခြင်း၊ ဘုရာသခင်ကို ပိုမိုယုံကြည်အပ်နှံခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်အား ပိုမိုအားကိုးခြင်းတို့အတွက် ပြောပြရန်အခွင့်အလမ်းများအဖြစ် အသုံးချခြင်းသည် ကျွန်ုပ်၏ အလုပ်တာဝန်ဖြစ်သည်ဟု ခံယူပါသည်။

**ဝိညာဉ်ရေးအသားပေးသော အထူးအစီအစဉ်များကိုပြုလုပ်ပါ** – ကျွန်ုပ်တို့ အဖွဲ့အစည်းအတွက် ဘုရားသခင်၏အလိုတော်ကိုသိရှိရန် ကျွန်ုပ်ကိုယ်တိုင် တစ်ဦးတည်း ကြိုးစားလုပ်ဆောင်ရမည့်အစား ကျွန်ုပ်တို့က ‘ဘုရားသခင်ကို အတူတကွရှာဖွေခြင်း’ ဟုခေါ်ဆိုကြသော အခြားသူတို့နှင့်အတူ ဘုရားသခင်၏ အလိုတော်ကို သိရှိရန်ကြိုးစားသောအခါ အထူးအစီအစဉ်ကိုပြုလုပ်ရန် စိတ်ကူး ရခဲ့သည်။ ရည်ရွယ်ချက်မှာ အလုပ်ခွင်၌ ပိုမိုအသက်ပါသော ဝိညာဉ်ရေးပတ် ဝန်းကျင် ဖန်တီးရေးဖြစ်သည်။ အလုပ်ခွင်၌ ဘုရားသခင်၏လမ်းညွှန်တော်မူကို နားလည်ရန်ဖြစ်သည်။ ထို့ကြောင့် အစီအစဉ်၌ ဝန်ထမ်းအားလုံးပါဝင်ရန် ဖိတ်ကြားခဲ့သည်။

**ဘုရားသခင်ကိုအတူတကွရှာဖွေခြင်း**(Seeking God Together) အစီအစဉ်သည် ရှာလင်သိပ် (Shalem Institute)၌ ကျွန်ုပ်ပို့ချခဲ့သော ၆ လ သင်တန်းဖြစ်သည်။ ‘အမှုဆောင်အရာရှိ၏ အသက်ဝိညာဉ် (The Soul of The Executive)၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဤစီမံချက်၌ တစ်ပတ်နှစ်ကြိမ် နှုန်းဖြင့် ရှစ်ကြိမ်ပို့ချရသော ‘‘လေးနက်သောပြောင်းလဲမှုအတွက် ဆုတောင်းခြင်း’’ (Prayer for Deep Change) အစီအစဉ်လည်းပါဝင်သည်။ ကျွန်ုပ်တို့ အဖွဲ့အစည်းအတွက် ႋးတွင်းစာစောင်ကို တစ်လတစ်ကြိမ်ထုတ်ဝေရာ ၄င်းအတွက် ကျွန်ုပ်ဆောင်းပါးများ ရေးသားရပါသည်။ နှစ်စဉ်ဝန်ထမ်းများ အားသစ်လောင်း အစီအစဉ်အတွက် ထောင့်ပေါင်းစုံပါရှိသော နက်ူင်းသည့် သင်ကြားပို့ချမှု (၅) ခုကို အားသစ်လောင်းအစီအစဉ်၏ အဓိကအကြောင်းအချက်ဖြစ်သော ဘုရားသခင် နှင့်ဆက်စပ်ခြင်း (Connection To God)နှင့်အညီ ကျွန်ုပ်ရေးဆွဲ ခဲ့သည်။ ႋးဝန်ထမ်းများနှင့်စာအုပ် (၄)အုပ်ကို အတူတကွဖတ်ူခဲ့ကြသည်။ ပေးဆပ်ခဲ့ရသော အချိန်နှင့် ခွန်အားတို့သည် အစီအစဉ်၏ကြီးမားကျယ်ပြန့်မှုကြောင့် မမျှမတ

ဖြစ်ခဲ့သော်လည်း ပုံမှန်အုပ်ချုပ်စီမံရေးတာဝန်ဝတ ရားပြင်ပ၌ ၄င်းသည် ဝိညာဉ်ရေး ခေါင်းဆောင်မှုအတွက် နမူနာယူစရာကောင်းသော ဥပမာကောင်းတစ်ခု ဖြစ်ခဲ့သည်။

ခြောက်လကြာ အစီအစဉ်ပြီးဆုံးသွားသောအခါ ဤအထူးအစီအစဉ်သည် အကြောင်းချင်းရာသုံးခုကြောင့် အကျိုးရှိသည်ဟု ကွန်ုပ်နိဂုံးဆွဲယူခဲ့သည်။ ပထမ၌ ုးဝန်ထမ်းများက စာအုပ်ဖတ်ခြင်းနှင့် ဆုတောင်းခြင်းအတွေ့အကြုံများကြောင့် ဘုရားသခင်နှင့်ပတ်သက် ၄င်းတို့၌အတွေးအခေါ်သစ်များရရှိစေပြီး သူတို့၏ ဝိညာဉ်ရေးတိုးတက်မှုကို ပိုမိုတန်ဖိုးထားစေခဲ့သည်ဟု ဖော်ပြခဲ့ကြသည်။ ဒုတိယ၌ ဝန်ထမ်းများက လုပ်ဖော်ဆောင်ဖက်များ၏ မိဘများနှင့် သားသမီးငယ်များကိုလည်း ဝိညာဉ်ရေးကျင့်ဝတ်စည်းမျဉ်းများနှင့် ဝိညာဉ်ရေးတိုးတက်မှုအကြောင်းတို့ကို ပြန်လည်ပြောပြလာကြသည်ကို ကွန်ုပ်သတိထားမိသည်။ တတိယ၌ 'ဘုရားသခင်ကို အတူတကွရှာဖွေခြင်း' အစီအစဉ်သည် ကွန်ုပ်တို့ အဖွဲ့အစည်း အတွက် အလွန်တန်ဖိုးရှိသော ဝိညာဉ်အနှစ်သာရပြည့်ဝခြင်းအပါအဝင် ပုဂ္ဂိုလ်ရေးနှင့် ပညာသည်အဆင့် တိုးတက်မှုတို့ကိုဖြစ်စေသည်ဟု အဆင့်မြင့်ဝန်ထမ်းတစ်ဦးက ကောက်ချက်သကဲ့သို့ဖြစ်ပါသည်။ ဝန်ထမ်းဦးရေတိုးလာသည်နှင့်အမျှ အဖွဲ့၏ ရည်မှန်းချက် ထမြောက်အောင်မြင်ရေးအတွက် လေးနက်မှုနှင့် စွမ်းဆောင်ရည် လည်း မြင့်တက်လာခဲ့သည်။

ဘာသာရေးမဟုတ်သော အဖွဲ့အစည်းခေါင်းဆောင်အနေဖြင့် ပုဂ္ဂိုလ် ရေးအရည် အသွေးတိုးတက်မှုဖြစ်စေသော စာအုပ်ဖတ်ခြင်းနှင့် ဆွေးနွေးခြင်း အစီအစဉ်တစ်ခုကို ုးဝန်ထမ်းများ သို့မဟုတ် လုပ်ဖော်ဆောင်ဖက်များနှင့်အတူ ကိုယ့်ထမင်းထုပ်ကိုယ်စီဖြင့် ပြုလုပ်စီစဉ်နိုင်ပါသည်။ ကွန်ုပ်တို့၏ယဉ်ကျေးမှု၌ ဝိညာဉ်အနှစ်သာရပြည့်ဝခြင်းသည် လူမျိုးစုံ၊ ဘာသာပေါင်းစုံပါဝင်သော အဖွဲ့အစည်း များ၌ အများသူငါတွေ့ဆုံဆွေးနွေးရန် သင့်လျော်သော အကြောင်းအရာတစ်ခု ဖြစ်ပါသည်။ ဘာသာအယူပြောင်းရေး၌ဖြစ်စေ၊ အစုအဖွဲ့နားလည် သဘော ပေါက်ရေး၌ဖြစ်စေ၊ တစ်ဦးချင်းတိုးတက်ရေးအတွက် ဖြစ်စေ၊ ဝိညာဉ်အနှစ်သာရ ပြည့်ဝခြင်းကို ကျယ်ပြန့်စွာကိုင်တွယ်ရာ၌ဖြစ်စေ အရင်းအမြစ်များအဖြစ် စာအုပ်များနှင့် ခေါင်းဆောင်များ အတော်အတန်ရှိပါသည်။ လောကီလုပ်ငန်းခွင်၌ ဝိညာဉ်ရေး ခေါင်းဆောင်လုပ်သူ၏ပန်းတိုင်မှာ မှန်ကန်သော ဝိညာဉ်ရေးရာ မေးခွန်းများ မေးမြန်းရန်ဖြစ်သည် (ခရစ်ယာန်အဖြေများပေးခြင်းသည် သင့်လျော် အပ်စပ်ခြင်း မရှိသော်လည်း ကိစ မရှိပါ)။[၃]

**ကျမ်းစာကို အတူတကွလေ့လာပါ** ခြောက်လအစီအစဉ် အောင်မြင် သွားပြီးနောက် 'ဘုရားသခင်ကို အတူတကွရှာဖွေခြင်း' အစီအစဉ်သည် ပုံစံသစ်များဖြင့် ဖြစ်လာပါသည်။ ထိုနှစ်နှောင်းပိုင်းတွင် အမှုတော်ဆောင်လုပ်ငန်း အတွက် ကျမ်းစာလေ့လာခြင်း(Bible Study for Ministry) ကိုစတင်ခဲ့သည်။

စာသင်နှစ်တစ်ခုလုံး ကျွန်ုပ်နှင့် ုးအဖွဲ့တို့ တစ်ပတ်နှစ်ကြိမ် အချိန်ယူ တွေ့ဆုံခဲ့ကြသည်။ ပထမ၌ ကျမ်းစာလေ့လာခြင်းကို ကျွန်ုပ်ကပင် ဦးဆောင်ခဲ့ပြီး ကျွန်ုပ်တို့ဖတ်ူနေသော ကျမ်းပိုဒ်အနေဖြင့် အမှုတော်ဆောင်နှင့် သူ၏ အမှုတော်ဆောင်လုပ်ငန်း၌ မည်သို့အသုံးချလျှင် ထိရောက်မည်ကို အလေးထား ခဲ့သည်။ ဆယ်ကျော်သက်များအတွင်း ဝိညာဉ်ရေးတိုးတက်မှု မြ င့်တင်ရေးနှင့် ုးဝန်ထမ်းများ၏ ဘုရားသခင်အကြောင်း စဉ်းစားတွေးခေါ်မှုနှင့် သူတို့ဘဝနှင့် ဆက်စပ်ပြီး တွေးခေါ်မှုစသည့် ကျွန်ုပ်တို့အလုပ်နှင့်ဆက်စပ်နေသော အကြောင်း အရာများကိုလည်း လေ့လာဆွေးနွေးခဲ့ကြသည်။

လောကီအဖွဲ့အစည်းမှ ဝိညာဉ်ရေးခေါင်းဆောင်များသည် 'လုပ်ငန်းခွင်မှ ဝိညာဉ်တော်' (Spirit at Work)အဖွဲ့များ ဖွဲ့စည်းရေးကို စဉ်းစားနိုင်ပါသည်။ အဖွဲ့ဝင်များအနေဖြင့် အမျိုးမျိုးသောဝိညာဉ်ရေးအစဉ်အလာများကို အလှည့်ကျပြောဆိုဖော်ပြပြီး လုပ်ငန်းခွင်အတွက် အဆိုပါအစဉ်အလာများမှ သင့်လျော်သော အသိ ဏ်ပညာများကို ဦးဆောင်ဆွေးနွေးကြရမည်ဖြစ်သည်။ အဖွဲ့များအနေနှင့် ဝိညာဉ်ရေးအရ ထိလွယ်ရှလွယ်ဖြစ်သူများအား အကျိုးပြုမည့် အခွင့်အလမ်းများကို ပေးကမ်းကြရမည်ဖြစ်သည်။ ရည်ရွယ်ချက်မှာ အချင်းချင်းထံမှ မိမိ၏ဝိညာဉ် ရေးခရီးစဉ်အတွက် သင်ခန်းစာများရယူနိုင် ရေးဖြစ်သည်။ နက်ိုင်း သိများ၊ ယုံကြည်ချက်များနှင့် အတွေ့အကြုံများကို ဝေငှခြင်းဖြင့် အများနှင့်ဆိုင်သော တန်ဖိုးတရားများကို ပိုမိုတန်ဖိုးထားစေပြီး လုပ်ဖော်ဆောင်ဖက်များအတွင်း ချစ်ခင်ရင်းနှီးမှုနှင့် အဖွဲ့အပေါ် ဆက်ကပ်မှုတို့ကို ပိုမိုခိုင်မာစေမည်ဖြစ်သည်။ သို့သော် ထိုအဖွဲ့များအား အုပ်စုကွဲယုံကြည်မှုများ တိုးပွားမြ င့်တင်ရေးအတွက် အသုံးမပြု မိရန်နှင့် ငယ်သားများအား မိမိဆန္ဒအတိုင်း အတင်းလက်ခံစေခြင်း မပြုရန်တို့ကို သတိထားရပေမည်။ လက်တွေ့အားဖြင့် လူအများလေးစားခြင်းခံရသော ပုဂ္ဂိုလ် တစ်ဦးအား စည်းုံးခြင်းနှင့် အစုအဖွဲ့ အစည်းအဝေးများပြုလုပ်ခြင်းများကို ပြုလုပ်စေခြင်းသည် အကောင်းဆုံး ဖြစ်နိုင်ပါသည်။

**ဝိညာဉ်ရေးခေါင်းဆောင်မှုထဲသို့ တခြားသူများကို ဆွဲခေါ်ပါ** – ကျွန်ုပ်တို့နှင့် အတူ တခြားသူများကို ဝိညာဉ်ရေးခေါင်းဆောင်မှုထဲသို့ ပိုမိုဆွဲခေါ်နိုင်လေ ဝိညာဉ်ရေးတိုးတက်မှုသည်လည်း စစ်မှန်သောအစုအဖွဲ့၏ ဦးစားပေးလုပ်ငန်းနှင့် အစုအဖွဲ့ယဉ်ကျေးမှု၏ဗဟိုချက် ပိုမိုဖြစ်လာလေဖြစ်ပါသည်။ ဥပမာအားဖြင့် အမှုတော်ဆောင်လုပ်ငန်းအတွက် ကျမ်းစာလေ့လာခြင်း၌ ုးအဖွဲ့သားများသည် မိမိတို့နှင့်ဘုရားသခင် ဆက်ဆံရေးကိုလည်းကောင်း၊ သူတို့၏ အမှုတော်ဆောင် လုပ်ငန်း၌ ဘုရားသခင် မည်သို့ပါဝင်လုပ်ဆောင်တော်မူသည်ကို လည်းကောင်း အလှည့်ကျပြောပြခြင်းအားဖြင့် ၎င်းတို့၏ ဝိညာဉ်ရေးသက်ဝင်လှုပ်ရှားမှုလည်း

ပိုမိုတိုးတက်မြင့်မားလာခဲ့သည်။ ႏုဝန်ထမ်းများအနေနှင့် ႕ထောင့်အမျိုးမျိုးနှင့် အတွေ့အကြုံအမျိုးမျိုးကို ကြားသိရသဖြင့် ပိုမိုအကျိုးဖြစ်ထွန်းကြသည်။ တေးဂီတ၌ ဆိုလို(တစ်ကိုယ်တည်း) သီဆိုခြင်းသည် စိတ်လှုပ်ရှားစေပြီး လှပကြည်နူးစေသော်လည်း သံစုံသီချင်းသံကသာ လူတိုင်းပါဝင်ခံစားနိုင်သော အတွေ့အကြုံနှင့် တန်ခိုးစွမ်းအားကို ဖြစ်ပေါ်ခံစားစေပါသည်။ တစ်ဦးချင်းပုဂ္ဂိုလ်များ ပိုမိုပါဝင်ပြီး မိမိတို့၏ဆုကျေးဇူးများကို ပိုမိုအသုံးပြုလာလေ အစုအဖွဲ့၏ သက်ဝင်လှုပ်ရှားမှုသည်လည်း ပိုမိုတိုးပွားလာလေဖြစ်ပြီး အရင်းအမြစ်အမြောက်အမြားထံမှ ကောင်းကြီးများကို ႏုဝန်ထမ်းများ ပိုမိုရရှိခံစားကြလေဖြစ်သည်။

ပိုမိုတောင့်တင်းခိုင်မာသော ဝိညာဉ်ရေးအစုအဖွဲ့ယဉ်ကျေးမှု ဖန်တီးရေးအတွက် ကျွန်ုပ်တို့နှင့်အတူ ဝိညာဉ်တော်ဦးဆောင်ပြီး ပါရှိတော်မူသည်ကို နားထောင်တတ်ရန် တခြားသူတို့အား သင်တန်းပေးရေးသည် အရေးကြီးပါသည်။ သင့်အဖွဲ့အစည်းထဲမှ ဝိညာဉ်ရေးခေါင်းဆောင်မှုအတွက် သင်နှင့်အတူ ဆုတောင်းခြင်းနှင့် တွေးခေါ်စဉ်းစားခြင်းပြုမည့် လူအချို့ကိုရွေးချယ်ပါ။ သူတို့သည် အလုပ်တာဝန်နှင့် သင့်တော်သော သူဖြစ်လာစေရန်နှင့် ဝိညာဉ်ရေးအရ ခေါင်းဆောင်နိုင်သောသူဖြစ်လာစေရန် သင်တန်းတက်မည့်သူများဖြစ်ရပါမည်။ ဝိညာဉ်ရေး ခေါင်းဆောင်မှုထဲသို့ လူအများအပြား ပိုမိုပါဝင်နိုင်လေ အတွေးအခေါ်အယူအဆသစ်များ ပိုမိုရရှိပေါ်ထွက်လာလေဖြစ်သည်။ အသစ်အဆန်းများကို ပိုမိုကြားရမည်ဖြစ်ပြီး ဘုရားသခင်ကလည်း အံ့သြဖွယ်နည်းလမ်းများဖြင့် ကျွန်ုပ်တို့လိုလားသော သက်ဝင်လှုပ်ရှားမှုကို ယူဆောင်တော်မူလာမည်ဖြစ်သည်။ ခေါင်းဆောင်မှုထဲသို့ တခြားလူများ ဆွဲခေါ်ပါဝင်စေခြင်းသည် အလုပ်ဆက်ခံမှု အစီအစဉ်ကိုလည်း အဆင်ပြေချောမွတ်စေမည်ဖြစ်သည်။

ဘာသာရေးမဟုတ်သောအဖွဲ့အစည်းများ၌ တခြားလူများအား ဝိညာဉ်ရေး ခေါင်းဆောင်မွေးထုတ်ရေးအစီအစဉ်သည် ဘာသာရေးအဖွဲ့အစည်းများမှာကဲ့သို့မဟုတ်ဘဲ ပုံစံခြားနားနိုင်ပါသည်။ အခြေခံမူမှာ အတူတူဖြစ်သည်။ တစ်ခုတော့ရှိသည်။ ဝိညာဉ်အနှစ်သာပြည့်ဝခြင်းကို တန်ဖိုးထားသူများကို ရွေးချယ်ပြီး သူတို့နှင့်သင့်လျော်အပ်စပ်သောနေရာ၌ ခေါင်းဆောင်မှုပေးနိုင်ရန် လေ့ကျင့်ပေးရမည်ဖြစ်သည်။

**အုပ်ချုပ်စီမံမှုဆုကျေးဇူးကို ဝိညာဉ်ရေးနှင့် သင်းအုပ်ဆရာ၏လက်နက် အဖြစ် အပြည့်အဝအသိအမှတ်ပြုပါ** – အကယ်၍ သင်သည် အုပ်ချုပ်စီမံရေး၌ အစွမ်းအစဆုကျေးဇူးရှိခဲ့ပြီး မန်နေဂျာရာထူး၌ရှိနေခဲ့သော် သင်၏မန်နေဂျာရာထူးကို ဝိညာဉ်ရေးအခန်းကဏ္ဍအဖြစ် ႕မြင်ကြည့်ပါ။ သင်ဦးဆောင်နေသော အဖွဲ့အစည်း ပိုမိုတိုးတက်အောင်မြင်ဖို့နှင့် သင်၏အသင်းအဖွဲ့အား နည်းအမျိုးမျိုးဖြင့်

ပိုမိုတောင့်တင်းခိုင်မာစေရန်အတွက် ဘုရားသခင်သည် အလုပ်လုပ်တော်မူမည်ကို သင်မျှော်လင့်ထားပါ။ အခြားတစ်ဖက်မှ သင်သည် အုပ်ချုပ်စီမံရေးကို စိတ်ဝင်စားခြင်းမရှိသော်လည်း ခေါင်းဆောင်မှုအခန်း၌ ပါဝင်ချင်ခဲ့သော် အုပ်ချုပ်စီမံရေး၌ အစွမ်းအစရှိသူများကို သင့်အနားသို့ခေါ်ပါ။ သို့မှသာ သင်၏ အဖွဲ့အစည်းသည် စနစ်တကျရှိမည့်အပြင် သင်ထူးချွန်ရာဆုကျေးဇူးအပိုင်း၌ အပြည့်အဝ အာရုံစိုက်နိုင်မည်ဖြစ်သည်။ မည်သည့်အဖွဲ့အစည်း၌ဖြစ်စေ၊ အမှုတော်ဆောင် လုပ်ငန်း၌ဖြစ်စေ ကောင်းသောအုပ်ချုပ်စီမံရေး အရေးကြီးသည်ကို မမေ့ပါနှင့်။ သန့်ရှင်းသောဝိညာဉ်တော်သည် အခြားဝိညာဉ်ဆုကျေးဇူးများအားဖြင့် ပြုမူ လုပ်ဆောင်တော်မူသကဲ့သို့ ၎င်းအားဖြင့်လည်း အလုပ်လုပ်ဆောင်တော်မူ မည်ကို သိရှိထားပါ။

အုပ်ချုပ်စီမံရေးဆိုင်ရာ ဝိညာဉ်ရေးအတိုင်းအတာကို အချိန်အတော်ကြာမှ ကျွန်ုပ် သဘောပေါက်လာခဲ့ရသည်။ တရားဟောခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်း၊ သင်ကြားပို့ချခြင်း၊ ဆွေးနွေးလမ်းညွှန်ခြင်းနှင့် ပြုစုစောင့်ရှောက်ခြင်းတို့ကို ဝိညာဉ်ရေးပြုမူ လှုပ်ရှားမှုများအဖြစ် သိရှိခဲ့သော်လည်း အုပ်ချုပ်စီမံမှုကို ထိုသို့ ကျွန်ုပ်မသိရှိခဲ့ပါ။ သို့ဖြစ် ကျွန်ုပ်သည် ကျွန်ုပ်၏စီမံခန့်ခွဲမှုအားဖြင့် ဘုရားသခင်လုပ်ဆောင်လို တော်မူလိမ့်မည်ကို လုံလောက်စွာ ဂရုစိုက်ခြင်းမပြုခဲ့ဘဲ ကျွန်ုပ်၏ ဇီဇသိစိတ်နှင့် စွမ်းဆောင်ရည်တို့ကိုအသုံးပြုပြီး အစည်းအဝေးများကို ဦးဆောင်လာခဲ့ပါသည်။ ၎င်း၏အကျိုးဆက်မှာ ကျွန်ုပ်အား စိတ်မချမ်းမသာ ဖြစ်စေသူတို့အပေါ် တမန်တော်ပေါလု၏အခေါ် 'အသွေးအသား' အားဖြင့် ကျွန်ုပ်၏တုံ့ပြန်ချေပမှုဖြစ်ပါ သည်။ အပြစ်လွှမ်းမိုးသော ကျွန်ုပ်၏အတ ကြောင့် စိတ်မရှည်ဖြစ်လာပြီး ကြမ်းတမ်းစွာပြောဆိုခြင်း၊ လူတို့အား တွန်းပို့မောင်းနှင်ခြင်းနှင့် သူတို့အားကင်းကွာစေသော အကျိုးမပြုသည့်နည်းလမ်းများဖြင့် ဆက်ဆံခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။[၆] သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူး သို့မဟုတ် လမ်းဖြစ်ရမည့်အစား ကျွန်ုပ်၏အုပ်ချုပ်စီမံမှုနည်းဟန်သည် ဝိညာဉ်ရေး အသက်တာနှင့် ခေါင်းဆောင်မှုတို့ကို ပေါင်းစည်းရေးအတွက် ထိရောက်သော စံပြဖြစ်မလာဘဲ ကျွန်ုပ်၏ဦးဆောင်မှုနှင့် စွမ်းဆောင်ရည်တို့ကို အကျိုးယုတ်စေသော နည်းဟန်ဖြစ်လာခဲ့သည်။

တစ်ချိန်တည်းတွင် မိသားစုမျှော်လင့်ခြင်း ဝန်ဆောင်မှုများ(Family Hope Services) အစီအစဉ်၌ ကျွန်ုပ်၏အုပ်ချုပ်စီမံရေးဦးဆောင်မှုသည် အဖွဲ့အစည်းအားကြီးမားစွာအကျိုးပြုခဲ့ကြောင်းနှင့် ၎င်းကို ကျွန်ုပ်က သေးတိမ်အောင်လုပ်ခဲ့ကြောင်းသိရှိခဲ့ရသည်။ ုးဝန်ထမ်းများအတွက် သင်းအုပ်ဆရာအဖြစ် မိသားစုမျှော်လင့်ခြင်းအဖွဲ့သို့ မူလက ကျွန်ုပ်ရောက်ရှိလာခဲ့ပါသည်။ သို့သော် ၎င်းသည် မည်သည့် အဓိပ ၗယ်ဆောင်ကြောင်းကို ကျွန်ုပ်ကောင်းစွာ မသိခဲ့ရပေ။ ကျွန်ုပ်သိသည်မှာ အချိန်ပြည့်ခရစ်ယာန်ဝန်ထမ်းများအတွက် ပိုမိုကောင်းမွန်သော အဖွဲ့

အစည်းဖြစ်စေ လိုသောဆန္ဒရှိခြင်းဖြစ်ပြီး ၎င်းအတွက် ကျွန်ုပ်၏အတွေ့အကြုံနှင့် အစွမ်းအစဆုကျေးဇူးများကိုအသုံးပြု မျှော်လင့်ခဲ့သည်။ ကျွန်ုပ်အတွက် အံ့ဩစရာတစ်ခုမှာ ဤကာလများအတွက် အုပ်ချုပ်စီမံရေး၌ အကောင်းဆုံးအကျိုးပြုနိုင်သည်ကို သိရှိလာရခြင်းဖြစ်ပါသည်။

အုပ်ချုပ်စီမံရေး၌ အစွမ်းအစဆုကျေးဇူးပိုင်ဆိုင်သူတို့အနေဖြင့် ၎င်းဝန်ထမ်းများအတွက် လုံခြုံမှုရှိပြီး မျှတမှုရှိသော အခြေခံဖွဲ့စည်း တည်ဆောက်မှုများနှင့် လုပ်ငန်းစဉ်များကို ဖန်တီးပေးသည့်အပြင် အောင်မြင်မှုအတွက် လိုအပ်သော သင်တန်းများကိုလည်း ပေးပါသည်။ အစည်းအဝေးများ၌ ဝန်ထမ်းတစ်ဦးစီ၏ ထူးချွန်မှုများကို ဖော်ထုတ်နိုင်ပါသည်။ အဖွဲ့အစည်းအတွက် အကျိုးရှိသော နည်းလမ်းများကို ဝန်ထမ်းများထံမှဆွဲထုတ်နိုင်ခြင်းဖြင့် သူတို့အတွက် ပျော်ရွှင်မှုနှင့် လေးနက်မှုကိုလည်း ရရှိစေပါသည်။ ဝန်ထမ်းများအား သူတို့၏အရေးကိစ များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုစေပြီး အဖွဲ့အစည်းက သူတို့အားကူညီပံ့ပိုးနိုင်သည်များကို ကူညီပေးပါသည်။

အုပ်ချုပ်စီမံရေးအလုပ်ကို ဆင်ခြင်တုံတရားနှင့် ၎င်းပင်ကူညီလိုသောစိတ်ဥာဏ်တို့ဖြင့် ဦးဆောင်ခြင်းသည် ကြည့်ရှုစောင့်ရှောက်သည့် သဘောသက်ရောက်ပါသည်။ ဝန်ထမ်းအနေဖြင့် သူ့အားအဖွဲ့အစည်းက ဂရုစိုက်ကြောင်း သိရှိခံစားသွားမည်ဖြစ်သည်။ အလုပ်အပေါ် ကျေနပ်မှု၊ စိတ်နေစိတ်ထားနှင့် ထုတ်လုပ်မှုများကြီးထွား မြင့်မားသွားမည်ဖြစ်သည်။ ဝန်ဆောင်မှု လုပ်ငန်းအချို့၌ရှိတတ်ဖြစ်တတ်သော အမြတ်ထုတ်ခံရသည်ဟု ခံစားခြင်း၊ မတရားဆက်ဆံခံရသည်ဟုယူဆခြင်း၊ လျစ်လျူရှုခြင်းနှင့် တန်ဖိုးအထားမခံရဟုခံစားခြင်း စသည့်ဝန်ထမ်းများ၏ အနုတ်သဘောခံစားချက်များကိုကာကွယ်နိုင်ပါသည်။ ဝန်ထမ်းများအတွက် ဝိညာဉ်ရေး ခေါင်းဆောင်၏အုပ်ချုပ်စီမံရေးကြိုးပမ်းမှုများက ဘုရားသခင်သည် အလုပ်သမားရော အလုပ်ရှင်ပါ ဂရုစိုက်ကြောင်းပြသခြင်းဖြစ်သည်။ ယင်းသည် ဝိညာဉ်ရေး ရာလုပ်ငန်းခွင်ပတ်ဝန်းကျင်တည်ဆောက်ရာ၌ အရေးကြီးလှသည်။

## စဉ်းစားရမည့်အချက်

သင်၏နေ့စဉ်မှတ်တမ်း၌ဖြစ်စေ၊ သို့မဟုတ် အောက်တွင်ပေးထားသော ကွက်လပ်၌ဖြစ်စေ အောက်ပါမေးခွန်းများကို သုံးသပ်ရေးမှတ်ပါ။ ထို့နောက် သင့်အဖွဲ့အစည်း သို့မဟုတ် ခေါင်းဆောင်မှုအသင်းကိုဖိတ်ခေါ်ပြီး ဝိညာဉ်ရေး ခေါင်းဆောင်မှုအကြောင်းကို အတူတကွစဉ်းစားပါ။

- မြေသြဇာကောင်းသော ဝိညာဉ်ရေးမြေကြီး၌ ကျွန်ုပ်၏ခေါင်းဆောင်မှု လက်တွေ့ကျင့်ထုံးများနှင့်လုပ်ငန်းခွင် ဆက်ဆံရေးအတွက် အကောင်းဆုံး အမြစ်တွယ်စေရ မည့်အရာကား အဘယ်နည်း။

- ကျွန်ုပ်နှင့်တွဲလုပ်ရန် ငှားရမ်းခန့်အပ်ထားသောသူတို့၏ ဝိညာဉ်ရေးအသက် စွမ်းအားအတွက် လုံလောက်စွာ အာရုံစိုက်ခြင်းမပြုသည့်အတွက် ကျွန်ုပ် ရလိုက်သောသင်ခန်းစာကား အဘယ်နည်း။

- ကျွန်ုပ်၏အခင်းအကျင်းအတွင်း ပိုမိုတောင့်တင်းခိုင်မာသော ဝိညာဉ်ရေး ပတ်ဝန်းကျင်တည်ဆောက်ရန် ကျွန်ုပ်လုပ်နိုင်သောအရာကား အဘယ်နည်း။

- ကျွန်ုပ်၏လုပ်ဖော်ဆောင်ဖက်များနှင့် ရုံးဝန်ထမ်းများ၏ ဝိညာဉ်ရေးဖွံ့ဖြိုး တိုးတက်ရေးအတွက် ကျွန်ုပ် မည်သို့အားပေးလုပ်ဆောင်နိုင်မည်နည်း။

# အခန်း (၆)

# ပြောင်းလဲခြင်းကို မိတ်ဆွေအဖြစ် လက်ခံခြင်း

## ခေါင်းဆောင်မှုကျင့်ထုံး

ပြောင်းလဲခြင်းကို ပုဂ္ဂိုလ်ရေးဦးစားပေးအဖြစ်ပြုလုပ်ပါ

## ဝိညာဉ်ရေးအခြေခံမှု

ပြောင်းလဲခြင်းသည် ကျွန်ုပ်တို့၏အလုပ်တာဝန်ဖြစ်သည်။
ပြောင်းလဲခြင်းသည် စိတ်ကြိုက်ရွေးချယ်စရာမဟုတ်ပါ။

အနည်းဆုံးအားဖြင့် ပြောင်းလဲခြင်းသည် တစ်ဦးချင်းအနေနှင့်ဖြစ်စေ၊ ခေါင်းဆောင်များအနေနှင့်ဖြစ်စေ ကြီးပွားတိုးတက်လိုသူများအတွက် ရွေးချယ်စရာမဟုတ်ပေ။ မိမိတို့၏ လုပ်ငန်းများနှင့် အမှုတော်ဆောင်လုပ်ငန်းများ၌ ထိရောက်ပြီး အကျိုးပြုပုဂ္ဂိုလ်ဖြစ်လိုသူတို့အတွက် ရွေးချယ်စရာမဟုတ်ပေ။

အသင်းတော်၌ကြုံတွေ့ရသော ပြဿနာများကလည်း ပြောင်းလဲခြင်းကို တောင်းဆိုနေကြသည်။ အသင်းတော်အမြောက်အမြား၌ ကြုံတွေ့နေရသော ခက်ခဲနက်နဲသော အရေးကိစ္စများဖြစ်သည့် ဟိုးလေးတစ်ကျော်ကိစ္စများမှသည် ဘုရားကျောင်းတက်သူကျဆင်းခြင်း၊ သင်းကွဲခြင်း၊ အချင်းချင်းတိုက်ခိုက်ကြခြင်း အထိ ပြဿနာများက ပြောင်းလဲခြင်းကိုတောင်းဆိုနေကြသည်။ လူ့အဖွဲ့အစည်း၌ ကြုံတွေ့နေရသော လူမှုရေး၊ နိုင်ငံရေးနှင့် ပတ်ဝန်းကျင်အရေးကိစ္စရပ်များက ပြောင်းလဲခြင်းကို တောင်းဆိုနေကြသည်။ ကျွန်ုပ်တို့ကိုယ်တိုင်၏နာကျင်မှုများ၊ စိတ်ဖိစီးမှုများ၊ အားမလိုအားမရဖြစ်မှုနှင့် ဆက်ဆံရေး၊ အလုပ်နှင့် အမှုတော်ဆောင်လုပ်ငန်းများ၌ စိတ်ပျက်မှုများအားလုံးက ပြောင်းလဲခြင်းကို တောင်းဆိုနေကြသည်။ ကျွန်ုပ်တို့ပြောင်းလဲခြင်းမပြုပါက အထက်ပါပြဿနာများကို ပိုမိုကြုံတွေ့ကြရမည် ဖြစ်သည်။

သင်သည် 'တန့်' နေသော အဖွဲ့အစည်းတစ်ခုခု၌ အလုပ်လုပ်ကောင်း လုပ်နိုင်ပါသည်။ အကြောင်းတစ်ခုခုကြောင့် ၎င်းသည် ဖြေရှင်းရန်ခက်ခဲသော ပြ နာများရှိနေနိုင်ပါသည်။ ဥပမာအားဖြင့် အသင်းတော်အမြောက်အမြားအတွက် မျှော်လင့်အားထားရာ မိန့်ူးတန်ဆောင်များနှင့် ရိပ်သာများဖြစ်နေချိန်တွင် အချို့ အသင်းတော်များသည် တရားစီရင်ရာရိပ်သာများနှင့် အကျိုးယုတ်စေရာ အင်အားများအဖြစ် ရှိနေနိုင်ပါသည်။ ခေါင်းဆောင်များသည် အားမလိုအားမရ ဖြစ်ကြပြီး စိတ်တွေဝေနေကြပါသည်။ ုးဝန်ထမ်းများသည် စိတ်ဓာတ်ကျဆင်း ခြင်း၊ နာကျင်ခြင်းနှင့် ဒေါသထွက်ခြင်းများခံစားကြရသည်။ တစ်ဖက်၌ ထိပ်တိုက် ရင်ဆိုင်မှုများ အမြောက်အမြားကြုံတွေ့ရပြီး အခြားတစ်ဖက်တွင် အသက်ကင်းမဲ့ သော အစဉ်အလာဝါဒကြီးစိုးနေသည်ကို တွေ့ရသည်။ မဟာအသင်းတော်ကြီး အချို့ တိုးတက်ဖွံ့ဖြိုးနေကြစဉ်တွင် အသင်းတော်အများစုကြီးမှာ အသင်ငင်နေ ကြသည်။ ထိုသို့ဖြစ်ရသည်မှာ ပြိုင်ဆိုင်မှုကြောင့်မဟုတ်ဘဲ ဝိညာဉ်ရေးလမ်းညွှန်မှု နှင့် ရပ်ရွာနွေးထွေးမှုကိုတောင့်တနေသော ခေတ်သစ်လွန်ကမ္ဘာကြီးနှင့် မည်သို့မျှ သဟဇာတမဖြစ်တော့ရလောက်အောင် ခေတ်နောက်ကျကျန်ရစ်ခဲ့ကြသော ကြောင့်ဖြစ်သည်။[၁]

အခြားအသင်းတော်များနှင့် အဖွဲ့အစည်းများအနေနှင့် တိုးတက် ကြီးထွားကြမည်ဖြစ်သော်လည်း ပြောင်းလဲရန်ဆန[ မရှိကြခြင်းကြောင့် ၎င်းတို့အတွက် ဘုရားသခင်၏အလိုတော်ကို မသိလိုက်ဘဲရှိနေနိုင်ပါသည်။ အာဏာရှိသူများအနေနှင့် လက်ရှိအခြေအနေကို အားရကျေနပ်ကြလျက် အပြောင်းအလဲမလိုချင်ကြပေ။ ၎င်းတို့၏ ခေါင်းဆောင်မှုအသင်းအဖွဲ့၏ ဆောင်ပုဒ်မှာ 'မပျက်လျှင် မပြင်ပါနှင့်' ဟု ဖြစ်သည်။ သို့သော် ယင်းအဖွဲ့အစည်းများအတွက် ဘုရားသခင်၌ အကြံအစီတော်ရှိပြီး ခေါင်းဆောင်များက နားထောင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းမပြုခဲ့ကြပါက တစ်စုံတစ်ခုသည် ကျိုးပဲ့ပျက်စီးနေပြီဖြစ်ကြောင်း သိထားရမည်ဖြစ်သည်။ အဖွဲ့အစည်းနှင့်ပတ်သက်ပြီး ဘုရားသခင်က အသစ် အဆန်းတစ်ခုခုကို အလိုတော်ရှိခြင်းဟုတ်မဟုတ် သိရှိရန်အစုအဖွဲ့အားဖြင့် သိရှိရေးကြိုးပမ်းမှု လိုအပ်ကောင်းလိုအပ်မည်ဖြစ်သည်။ ခေါင်းဆောင်များအနေနှင့် ဘုရားသခင်၏ ဦးဆောင်လမ်းပြတော်မူခြင်းအပေါ် နှလုံးသားဖွင့်လှစ်ခြင်းမရှိကြပါက လက်ရှိအခြေအနေ(ဗိုလ်နေမြဲ ကျားနေမြဲ) အပေါ် ခိုင်မြဲသောဆက်ကပ်မှုပြုခြင်းသည် 'တန့်နေခြင်း' တစ်မျိုးပင်ဖြစ်တော့သည်။

ခေါင်းဆောင်မှု၌လည်း ပြ နာရှိနေပါသည်။ သင်းအုပ်ဆရာအများ အပြားနှင့် အဖွဲ့အစည်းခေါင်းဆောင်အမြောက်အမြားသည် အရည်အချင်းရှိပြီး အများလေးစားခြင်းခံကြရသော်လည်း မိမိကိုယ်ကို သိက္ခာမဲ့စွာ၊ အရည်အချင်း ညံ့ဖျင်းစွာ၊ အတ ဆန်စွာနေထိုင်ကြသည်။ မည်သည့်ခေါင်းဆောင်မှ ပြီးပြည့်စုံခြင်း မရှိသော်လည်း ကျွန်ုပ်တို့အား ခေါင်းဆောင်အဖြစ် ျမြင်သတ်မှတ်သူတို့

ယုံကြည်လေးစားလာရန် ကျွန်ုပ်တို့ကိုယ်တိုင်စံထားချက်များ ထားရှိကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဆန္ဒကိုသာရှေ့တန်းတင်ခြင်း သို့မဟုတ် ကိုယ့်ကိုယ်ကို အမွှမ်းတင်ခြင်းစသည်တို့ကိုမပြုပဲ ဘုရားသခင်နှင့် အခြားသူတို့ရှေ့တွင် မိမိကိုယ်ကိုယ် ကျိုးနွံနှိမ့်ချကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့ အနီးဝန်းကျင်ရှိ ယဉ်ကျေးမှုကို ကောင်းစွာသိရှိရန်လိုပါသည်။ မိမိတို့၏ စိတ်နှင့်ခန္ဓာကိုယ်ကိုလည်း ဂရုစိုက်ရပါလိမ့်မည်။ တခြားသူတို့၏အမြင် ရှုထောင့်များကိုလည်း ဂရုစိုက်ပေးရပါမည်။ စကားပြောရာ၌ဖြစ်စေ၊ သင်ကြားပို့ချရာ၌ဖြစ်စေ ကောင်းစွာကြိုတင်ပြင်ဆင်မှုပြုကြရမည်ဖြစ်သည်။ အရေးအကြီးဆုံးမှာ ကျွန်ုပ်တို့ကိုယ်ကို ဂုဏ်သိက္ခာရှိစွာနှင့် တန်ဖိုးရှိစွာနေထိုင်သွားကြကာ ဝန်ထမ်းများအတွက်လည်း အားကိုးအားထားဖြစ်ကြရပါမည်။

ကျွန်ုပ်အသက် ၅၀ ရှိပါပြီ။ ဤကာလအတွင်း တာဝန်မဲ့ဦးဆောင်မှုကြောင့် အသင်းတော်အမြောက်အမြား ပြဿနာတက်ခဲ့ကြသည် ကိုမြင်တွေ့ခဲ့ရသည်။ အများလေးစားခြင်းခံရသော သင်းအုပ်ဆရာအမြောက်အမြားသည် အိမ်ထောင်ရေး ဖောက်ပြန်မှုကြောင့်လည်းကောင်း၊ ငွေကြေးအလွဲသုံးစား လုပ်မှုကြောင့်လည်းကောင်း အမှုတော်ဆောင်လုပ်ငန်းကို စွန့်ခွာခိုင်းခြင်းခံခဲ့ကြရသည်။ ယင်းကြောင့် မိသားစုဘဝနှင့် အမှုတော်ဆောင်လုပ်ငန်းများလည်း ပြိုကွဲခဲ့ရသည်။ ကက်သလစ်ဘုန်းတော်ကြီး အမြောက်အမြားသည် ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာကျူးလွန်မှုများကြောင့် နာမည်ဆိုးဖြင့်ကျော်ကြားခဲ့ပြီး ပြစ်ဒဏ်စီရင်ခြင်း၊ အမှုတော်ဆောင်ဘဝမှ ထုတ်ပယ်ခြင်း (တာဝန်မှုပ်သိမ်းခြင်း)၊ ဒေါ်လာသန်းပေါင်းမျေးစွာ ကုန်ကျသော နစ်နာကြေးပေးပြီး ဖြေရှင်းချက်များနှင့် အလွဲအပြစ်ရှုဝါဒ (cynicism) ကြီးထွားခြင်း စသည်တို့ကိုကြုံတွေ့လာရသည်။ အပြောင်းအလဲလိုအပ်သည်မှာ ကြာလှပြီဖြစ်သည်။ အချို့ခေါင်းဆောင်များအနေနှင့် ပိုမိုတာဝန်ယူမှုရှိရန်နှင့် အသင်းသူအသင်းသားများအတွက် ပိုမိုကောင်းမွန်စွာ အကျိုးပြုလုပ်ဆောင်နိုင်ရန် နောက်ဆုံးတွင်တုံ့ပြန်မှုများ၊ ပြောင်းလဲမှုများ ပြုလုပ်လာကြသည်။

သင်၏ဘဝ၌ဖြစ်စေ၊ သင့်အဖွဲ့အစည်း၌ဖြစ်စေ လှုပ်ရှားမှုကင်းမဲ့ခြင်း၊ လက်ရှိအခြေအနေကို ခေါင်းမာစွာဖက်တွယ်ခြင်း၊ စိတ်တံခါးပိတ်ခြင်း၊ ခေါင်းဆောင်များအတွင်း ဂုဏ်သိက္ခာနှင့် လေးစားမှုကင်းမဲ့ခြင်းတို့ကိုကြုံတွေ့ပါက ၄င်းတို့နှင့် ပတ်သက်ပြီး တစ်ခုခုလုပ်ဆောင်ရေးအတွက် သင် မည်သို့ရွေ့မည်မျှ လမ်းဖွင့်ထားပါသနည်း။ သင်ကိုယ်တိုင်အတွက်ဖြစ်စေ၊ သင့်အဖွဲ့စည်းအတွက်ဖြစ်စေ၊ ခေါင်းဆောင်မှု၌ဖြစ်စေ စိတ်ကူးစိတ်သန်း သို့မဟုတ် ရူမြင်ပုံဖော်မှု တစ်ခုခုရှိပါ၏လော။ သင်ကိုယ်တိုင်လိုအပ်သော ပြောင်းလဲမှုများ မလုပ်လျှင် မဖြစ်သောအကြံအစီရှိပါ ၏လော။

## လိုအပ်သောအရာ

*ပြောင်းလဲခြင်းကို သင်၏ပုဂ္ဂိုလ်ရေးဦးစားပေးအဖြစ်ပြုလုပ်ပါ*

သင်ကိုယ်တိုင်အတွက်ဖြစ်စေ၊ သင်အလုပ်လုပ်နေသော အဖွဲ့အစည်းအတွက်ဖြစ်စေ ဘုရားသခင် ပေးသနားတော်မူသော အိပ်မက် သို့မဟုတ် ဗျာဒိတ်ရူပါရုံ ... မြင်ပုံဖော်မှုသည် မည်သည့်အရာဖြစ်မည်ဟု သင်ယုံကြည်သနည်း။

အလွန်အစွမ်းထက်သော ပုဂ္ဂိုလ်များ၏အကျင့် (၇) ခု(The Seven Habits of Highy Effective People) စာအုပ်ကိုရေးသားသူ စတီဖင်ကော်ဗီ (Stephen Covey)က အစွမ်းထက်သော သို့မဟုတ် ထိရောက်သောပုဂ္ဂိုလ်များသည် ပန်းတိုင်ကိုမျှော်ကိုးပြီး စတင်ကြသည်(effective people begin with the end in mind)ဟုဆိုသည်။ ဆိုလိုသည်မှာ မည်သို့သောပုဂ္ဂိုလ်မျိုးဖြစ် လိုခြင်းနှင့် ပတ်သက် သူတို့ကိုလမ်းညွှန်သွားမည့် အိမ်မက် သို့မဟုတ် ျမြင်ပုံဖော်မှု ရှိကြသည်ဟူ ဖြစ်သည်။ ၄င်းက သူတို့၏အတွေးအခေါ်နှင့် အစီအစဉ်ကို လမ်းညွှန်မှုပေးပါသည်။ သင်၌ မည်သည့်အိပ်မက် သို့မဟုတ် ျမြင်ပုံဖော်မှုရှိသနည်း။ ကျွန်ုပ်တို့အားလုံး၌ အိပ်မက်၊ ျမြင်ပုံဖော်မှုရှိကြသည်။ အချို့သည် ကြီးကျယ်သော မျှော်မှန်းချက်များထားရှိကြပြီး၊ အချို့ကမူ သာမန်ရည်မှန်းချက်လောက်သာ ထားရှိကြသည်။ ထိုအိပ်မက်များ အမှန်ဖြစ်ပေါ်လာရေးအတွက် ခေါင်းဆောင်အားလုံးက ကူညီချင်ကြပါသည်။

ကျွန်ုပ်တို့အားလုံး၌ အိပ်မက်များရှိသည်မှန်လျှင် ပိုမိုများပြားသော အိပ်မက်များ၊ ျမြင်ပုံဖော်မှုများသည် အဘယ့်ကြောင့် အမှန်ဖြစ်ပေါ်ခြင်း မရှိကြသနည်း။ ကျွန်ုပ်တို့သည်အောင်မြင်ရန် စိတ်ဆုံးဖြတ်ထားသူများဖြစ်သဖြင့် အလုပ်ကြိုးစားသူများဖြစ်သော်လည်း ရှေ့မတိုးနိုင်ဘဲ တန့်နေကြသဖြင့် စိတ်ပျက်စရာရောက်ကြရသည်။ ကျွန်ုပ်တို့၏ အိပ်မက်များသည် ကတိပြုထားသော တိုင်းပြည် (Promised Land)ထက် တံလှပ်နှင့်ပို တူလာသည်ဟု ယုံကြည် သွားနိုင်ပါသည်။ ကျွန်ုပ်တို့၏ ကြိုးပမ်းမှုများကို မည်သည့်အရာက ဖျက်လိုဖျက်ဆီးလုပ်သည်ကို သိချင်ကြပါသည်။

## ပြောင်းလဲရန် ဆန္ဒရှိပါ

စိတ်ပျက်ဖွယ်အိပ်မက်များ၏ အရင်းအမြစ်မှာ ပြောင်းလဲရန် ဆန္ဒမရှိခြင်းဖြစ်သည်။ ဤနှစ်များအတွင်း ကျွန်ုပ်တို့အားလုံး မှားခဲ့ကြကြောင်းကို ဝန်ထံလိုခြင်းမရှိကြပေ။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် ကြောက်ရွံ့ခြင်း၏ တုတ်နှောင်ခြင်းကို ခံကြရသည်။ မသိသောအရာကိုကြောက်ရွံ့ခြင်း၊ အကျိုးအမြတ်

ရရှိမှုများ ဆုံးရှုံးမည်ကိုကြောက် ရွံ့ခြင်း၊ စိတ်မှန်းဖြင့် ဆုံးရှုံးမှုများကိုကြောက်ရွံ့ခြင်း၊ အပြောင်းအလဲလုပ်သဖြင့် အန္တတ် လက္ခဏာအကျိုးဆက် ပေါ်ပေါက်လာမည်ကိုကြောက်ရွံ့ခြင်း စသည်တို့၏ ဖမ်းစားခြင်းခံကြရသည်။ ပုဂ္ဂိုလ်ရေးအားနည်းချက်များဖြစ်သော ပျင်းရိခြင်း၊ စွဲလမ်းခြင်း၊ ပြန်မြင်ပုံဖော်မှု ကင်းမဲ့ခြင်း၊ အမြင်ကျဉ်းခြင်း၊ ခေါင်းမာခြင်း စသည်တို့ ကြောင့် ပြောင်းလဲခြင်းကို အာခံကြပါသည်။ တစ်ခါတစ်ရံ စိတ်ပင်ပန်း၊ ကိုယ်ပင်ပန်းဖြစ်ကြသည်၊ သို့မဟုတ် အထီးကျန်ဖြစ်ကြသည်။ တစ်စုံတစ်ခု မှားနေသည်ကို ကျွန်ုပ်တို့ မကြာခဏသိရှိကြသည်။ သို့သော် မည်သည့်အရာကို ပြောင်းလဲရမည်ကို မသိနိုင်ကြပေ။ ရှေ့သို့ ချီတက်နိုင်ရန် သစ်လွင်သောအမြင်ဖြင့် ပြောပြလမ်းညွှန်သွားမည့် အမှန်ပြောပြသူလိုအပ်ပါသည်။

လမ်းလွဲသော ကိုယ်ကျိုးစီးပွားကလည်း ကျွန်ုပ်တို့အသက်တာဘဝနှင့် ခေါင်းဆောင်မှုအတွက် ဘုရားသခင် ပေးသနားတော်မူသော ပြန်မြင်ပုံဖော်မှုကို လိုက်လျှောက်ရာ၌ လိုအပ်သောပြောင်းလဲမှုများ ပြုလုပ်ရေးကို ဟန့်တားကြပါသည်။ သင့်ကို ဘုရားသခင်ပေးသနားတော်မူသော ပြန်မြင်ပုံဖော်မှုကို လိုက်လျှောက်ရန် လိုအပ်သော သင်၏ခေါင်းဆောင်မှုကို လက်ရှောင်ပြီး သင်၏ နှိမ်းကန်မှုနှင့် နာကျင်မှု သက်သာလျော့ပါးစေရန်အတွက် သင်၏ရည်မှန်းချက်များနှင့် ဦးစားပေးမှုများကို ပြောင်းလဲခဲ့ဖူးပါ၏လော။ သင်၏အလုပ်အကိုင် သို့မဟုတ် ရာထူးအားဖြင့် ရရှိနိုင်သောအရာတစ်ခုခုကြောင့် သင်အလေးဂရုစိုက် ရမည့်အလုပ်တာဝန်အပေါ်၌ အာရုံမစိုက်နိုင်ဘဲ နေခဲ့ဘူးပါ၏လော။ မည်သူမဆို တာဝန်လစ်ဟင်းမှု သို့မဟုတ် အာရုံလွဲမှားမှုတစ်ခုခုကို ကြုံဖူးကြမည်ဟု ကျွန်ုပ်ယုံကြည်သည်။ ကိုယ်ကျိုးစီးပွားနှင့် ပုဂ္ဂိုလ်ရေးကျေနပ်ဖိမ်ခံမှုတို့သည် ပြောင်းလဲခြင်းအတွက် အလွန်အားကြီးသော တွန်းအားများဖြစ်သော်လည်း ဘုရားသခင်၏ ရည်ရွယ်တော်မူချက်များ အကောင်အထည်ဖော်ရန်အတွက် လိုအပ်သော နည်းလမ်းများကား မဟုတ်ကြပေ။

အသက်တာဘဝနှင့်ခေါင်းဆောင်မှု၌ ပြ နာများကိုဖြေရှင်းရေးအတွက် မှန်ကန်သောပြောင်းလဲခြင်းသည် လိုအပ်သည်သာမကဘဲ အသက်ရှင်နေထိုင်မှုဘဝ၏အစိတ်အပိုင်းလည်းဖြစ်သည့်အပြင် ဘုရားသခင်ပေးသနားတော်မူသော အိပ်မက်များနှင့် ပြန်မြင်ပုံဖော်မှုများ အကောင်အထည်ဖော်ရန် ဝိညာဉ်ရေးခရီးစဉ်၌ လှုပ်ရှားသွားနေသည့်သဘောလည်း သက်ရောက်ပါသည်။ ကျွန်ုပ်တို့ ယခုရှိနေသော အမှတ်အမှ အမှတ်ဘီသို့ ရောက်ချင်လျှင် အပြောင်းအလဲမရှိလျှင် ရောက်နိုင်မည်မဟုတ်ပေ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဦးဆောင်မှုနှင့် အမှုတော်ဆောင်လုပ်ငန်း၌ ကြီးမားသောအောင်မြင်မှုရလဒ်များနှင့် ခံစားချက်ကောင်းများ လိုချင်ကြသည်။ သို့သော် လိုချင်သောနေရာရောက်ရန် လိုအပ်သော လိုက်လျော ညီထွေရှိမှုပြုလုပ်ရမည်ကို တစ်ခါတစ်ရံ ဆန္ဒမရှိတတ်ကြပေ။ ပြောင်းလဲခြင်းသည် ကျွန်ုပ်တို့၏အသက်တာဘဝ၏ အစိတ်အပိုင်းအားလုံး၌ပါဝင်သော အစိတ်

အပိုင်းဖြစ်သည်။ သို့သော် ကျွန်ုပ်တို့၏ အိပ်မက်များအကောင်အထည်ဖော်ရေး၌ အထောက်အကူဖြစ်သော လိုက်လျောညီထွေရှိခြင်းနှင့် ပြုမူလုပ်ရှားမှုများတည်းဟူသောပြောင်းလဲခြင်းကို မိတ်ဆွေအဖြစ် မယူဆပါကပြောင်းလဲရန် ဝန်လေးနေကြမည်ဖြစ်သည်။

**နက်ရှိုင်းသောပြောင်းလဲခြင်းတည်းဟူသောအတွင်းထဲ၌ ခေါင်းဆောင်ကို တွေ့ရှိခြင်း** ဟု အကြမ်းဖျင်းဘာသာပြန်ဆိုနိုင်သော Deep Change: Discovering the Leader Within ဟူသောစာအုပ်၌ ရောဘတ်ဂွင်း (Robert Quinn)က ကျွန်ုပ်တို့ကိုယ်တိုင်အတွက်ဖြစ်စေ၊ ကျွန်ုပ်တို့ လုပ်နေသော အဖွဲ့အစည်းအတွက်ဖြစ်စေ ကျွန်ုပ်တို့၌ အာခံလိုသော တိမ်းညွှတ်မှုရှိသည့်တိုင် ပြောင်းလဲခြင်းတောင်းဆိုသံကို နားထောင်ရန်အရေးကြီးကြောင်း အလေးပေးဖော်ပြပါသည်။၂ ကျွန်ုပ်တို့သည်အရာများ ၄င်းတို့ရှိသည့်နေရာတွင် ဆက်လက်ရှိနေစေရန် တစ်သက်လုံး သို့မဟုတ် ရာထူးရှိနေစဉ်ကာလပတ်လုံး ထိန်းသိမ်းနိုင်ကောင်း ထိန်းသိမ်းနိုင်မည်ဖြစ်သော်လည်း အမှန်ပြောင်းလဲရန်လိုအပ်သောအရာများကို ပြောင်းလဲရန် ပျက်ကွက်ပါက ကျွန်ုပ်တို့ကိုယ်တိုင်နှင့် အဖွဲ့အစည်းအတွင်း စိတ်ဖိစီးခြင်း၊ ရပ်တန့်ခြင်းနှင့် ဆုတ်ယုတ်ခြင်းတို့ကို ဖြစ်ပေါ်စေမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ပြင်ပကမ္ဘာနှင့် အတွင်းကမ္ဘာတို့ သဟဇာတမဖြစ်ပါက ဆိုလိုသည်မှာ ဖြစ်သင့်ဖြစ်ထိုက်သောအရာနှင့် အမှန်ဖြစ်ပျက်နေသည်တို့အကြား ကွာဟမှုကြီးမားပါက ကျွန်ုပ်တို့စိတ်သဏ္ဍာန်၌ အကျိုးယုတ်စေသော အကျိုးဆက်များ ဖြစ်ထွန်း လိမ့်မည်ဖြစ်သည်။ လိုအပ်သောပြောင်းလဲမှုများ မပြုသောအခါ ဖြစ်ပေါ်လာနိုင်သော အခြေအနေကို ဂွင်းကဤသို့ဖော်ပြပါသည်။

> အချိန်ကြာလာသောအခါ ကျွန်ုပ်တို့အထဲရှိအရာသည် စတင်ခမ်းခြောက်သွားပါသည်။ ကျွန်ုပ်တို့သည် သိမှုအဆင့်၊ ဆင်ခြင်တုံတရားအဆင့်၊ ပန်းတိုင်ရှာဖွေသောအဆင့်၌ အဓမ္မနေထိုင်စေခြင်းခံရတော့သည်။ ကျွန်ုပ်တို့သည် အသက်စွမ်းအားကို ဆုံးရှုံးသွားခဲ့ပြီး အကျင့်စည်းကမ်းအရဖြင့်သာ စတင်လုပ်ဆောင်ကြပါတော့သည်။ ကျွန်ုပ်တို့၏ ခွန်အားသည် သဘာဝအလျောက် ပြန်လည်ပြည့်ဖြိုးလာခြင်းမရှိခဲ့ပေ။ ထို့အပြင် ကျွန်ုပ်တို့ပြုလုပ်သွားသောအရာ၌ ပျော်မွေ့ခြင်းကိုမခံစားမတွေ့ကြုံခဲ့ကြပေ။ ကျွန်ုပ်တို့သည် ဖြည်းညင်းစွာ သေနေခြင်းကို ခံစားနေကြရသည်။၃

လိုအပ်သောပြောင်းလဲမှုများပြုလုပ်ရန် ပျက်ကွက်ခဲ့ကြသဖြင့် ကျွန်ုပ်တို့၌ စိတ်ပိုင်း ဆိုင်ရာနာကျင်မှုနှင့် ခံစားချက်ဆိုင်ရာ နာကျင်မှုတို့ကိုသာမက ဝိညာဉ်ရေးအရ နာကျင်မှုကိုလည်း ခံစားရပါသည်။ ကျွန်ုပ်တို့အသက်တာ၌ ဘုရားသခင်

စွက်ဖက်နေခြင်းကို ငြင်းပယ်လိုက်ပါက ဘုရားသခင်ကို အာခံသော ပုံစံနှင့် အလုမ်းဝေးကင်းကွာသွားသောပုံစံကို ပြုလုပ်ဖန်တီးနိုင်ခြေရှိပါသည်။ ဘုရားသခင်တောင်းဆို တော်မူသော ပြောင်းလဲမှုများကိုပြုလုပ်ရန် ငြင်းဆိုခြင်းကို ကျမ်းတတ်ပုဂ္ဂိုလ်များက တစ်ခါတစ်ရံ 'အသည်းမာသွားခြင်း' (hardening of our hearts)ဟု ခေါ်လေ့ရှိကြသည်။ ဥပမာအားဖြင့် မိုးဇက် (မောရှေ)အားဖြင့် ဖာိုးဘုရင်အား အစ ရေးလ်လူမျိုးများကို လွှတ်ပေးရန် မိန့်ကြားတော်မူခဲ့သည်။ 'ထို့နောက် ထာဝရ ဘုရားက မောရှေအား ''ဘုရင်သည် အလွန်ခေါင်းမာလျက်ရှိ၏။ သူသည် ဣသရေလအမျိုးသားတို့အား မလွှတ်ဘဲနေ၏'' (ထွက်မြောက် ၇း၁၄)။ တစ်ဖန် မိုးသီးဒဏ်ကို အကြီးအကျယ်ခံခဲ့ရသော်လည်း မိုးဇက်၏ ဆုတောင်း ချက်ကြောင့် ထာဝရဘုရားက မိုးသီးများရပ်စဲစေတော်မူသည်ကို ''ထိုသို့ မိုးမရွာ၊ မိုးကြိုးသံနှင့် မိုးသီးများရပ်စဲသည်ကို ဘုရင်မြင်သောအခါ သူနှင့်တစ်ကွ သူ၏မှူးမတ်တို့သည် ကတိမတည်ဘဲ ခေါင်းမာမြဲ ခေါင်းမာလျက်ရှိကြသည်။ ထာဝရဘုရားသည် မောရှေအား မိန့်တော်မူခဲ့သည့်အတိုင်း ဘုရင်သည် ဣသရေလအမျိုးသားတို့အား သွားခွင့်မပြုဘဲ နေပြန်၏'' ဟုဖတ်ရပါသည် (ထွက် ၉း၃၄–၃၅)။ နောက်ဆုံး ဖာိုးဘုရင်၏ ခေါင်းမာမှုသည် ပျက်စီးခြင်းသို့ ရောက်စေခဲ့သည်။ ထွက်ပြေးသွားသော အစ ရေးလ်လူမျိုးများနောက်သို့ လိုက်သွားသော သူ၏စစ်သားများအားလုံးသည် ပင်လယ်ထဲ၌ နစ်မြုပ် သေဆုံးကုန်ကြသည် (ထွက် ၁၄း၂၈)။

ကျွန်ုပ်တို့အထဲ၌ သန့်ရှင်းသော ဝိညာဉ်တော်ရှိတော်မူသော ခရစ်ယာန်များအနေနှင့် အသည်းမာခြင်း(ခေါင်းမာခြင်း)သည် သေခြင်းသို့ ပို့ဆောင်သွားမည် မဟုတ်ပေ။ သို့သော် ဘုရားသခင်၏အလိုတော်ကို အာခံခြင်းသည် ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ဆက်ဆံရေး၏ အသက်ဝင်နေမှုကို ကြီးမားစွာ သေးသိမ်သွားစေမည်ဖြစ်သည်။ ဘုရားသခင်ခေါ်တော်မူသံကို မသိကျိုးကျွံပြုခြင်းကြောင့် ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေးသည် မည်သို့အဝိုပ ာယ်ရှိတော့မည်နည်း။ သန့်ရှင်းသော ဝိညာဉ်တော်၏နှိုးဆော်သံကို လျစ်လျူ ခြင်းကြောင့် ဘုရားသခင်ထံတော်မှ ဝိညာဉ်ရေးခွန်အားများကို ကျွန်ုပ်တို့ မည်မျှတွေ့ကြုံခံစားရတော့မည်နည်း။

ပြောင်းလဲခြင်းကို မည်သူကမျှ လွယ်ကူသည်ဟုမပြောကြပေ။ အများလက်မခံသော ူပါို သို့မဟုတ် ူမြင်ပုံဖော်မှု(Vision)နှင့် ၄င်းကို အဖွဲ့အစည်းတစ်ခုလုံးအတွက် တာဝန်ယူမှုတို့၏အထီးကျန်မှု၊ ခက်ခဲပင်ပန်းမှုနှင့် ဖိအားတို့ကို ခေါင်းဆောင်များသာ သိရှိခံစားကြပါသည်။ သို့ရာတွင် အိပ်မက် အကောင်အထည်ဖော်ရာ၌ ရင်ဆိုင်ကြုံတွေ့ရသော ကိုယ်ကျိုးစွန့်မှု၊ နာကျင်မှုနှင့် စွန့်စားမှုကဲ့သို့သော ပုဂ္ဂိုလ်ရေး၊ ပညာသည်ဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာ

ပြောင်းလဲမှုများကို ထက်မြက်ထိရောက်သော ခေါင်းဆောင်များအနေနှင့် မလွဲမသွေ ကြုံတွေ့ကြရမည်ဖြစ်သည်။ ခေါင်းဆောင်များအနေနှင့် အဖွဲ့အစည်း၏ အလုပ်တာဝန်ကို ပြီးမြောက်စေရန် အပ်နှင်းထားသော အခွင့်အာဏာကိုသုံးပြီး အစွမ်းကုန်လုပ်ဆောင်ကြရ မည်ဖြစ်သည်။ တစ်ဖက်မှအဖွဲ့၏ တန်ဖိုးတရားများကို ထိန်းသိမ်းပြီး ရရှိလာမည့် အသီးအပွင့်များ၊ ဝန်ထမ်းရွေးချယ်ခြင်း၊ လုပ်ငန်းခွင် ဆက်ဆံရေးစသည်တို့အတွက် စံနှုန်းများသတ်မှတ်ကြရမည်ဖြစ်သည်။

ဂွင်းက ဤသို့ရှင်းပြသည်။ ''ခေါင်းဆောင်များအနေဖြင့် ထိုသို့လုပ်ရခြင်းမှာ မှန်ကန်သောအရာဖြစ်ပြီး ကြီးမားသော ရင်တွင်းကျေနပ်မှု ယူဆောင်ပေးသော ကြောင့်ဖြစ်သည်။''[၆] ထိုသို့သော တစ်ဦးချင်းပုဂ္ဂိုလ်များသည် ''နက်ရှိုင်းသော ပြောင်းလဲမှုများပြုလုပ်ရန်နှင့် အကောင်းဆုံးလုပ်ဆောင်ရန် ဆက်ကပ်ထားသော အတွင်းသဘောအားဖြင့် နှိုးဆော်တိုက်တွန်းခြင်းခံရသောခေါင်းဆောင်များဖြစ် ကြသည်''[၇]ဟု ဂွင်းကဆိုသည်။ ကျွန်ုပ်တို့နောက်တစ်ချက် ထပ်တိုးနိုင်မည် ထင်သည်။ ဝိညာဉ်ရေးခေါင်းဆောင်များသည် လိုအပ်သော စွန့်လွှတ်အနစ်နာခံမှု များ ပြုလုပ်ရန်ဆန္ဒရှိကြပြီး ယင်းခက်ခဲသောပြောင်းလဲမှုများကိုပြုလုပ်ရသော နာကျင်မှုကိုလည်း တောင့်ခံနိုင်စွမ်းရှိသူများဖြစ်သည်။ အကြောင်းမှာ မည်သည့် အရာထက်မဆို ဘုရားသခင်၏အလိုတော်ကိုဖြည့်ဆည်းရန် ဆက်ကပ်ထားသူ များဖြစ်သောကြောင့်တည်း။

ကျွန်ုပ်တို့၏အနာဂတ်အတွက် အိပ်မက် သို့မဟုတ် ပုံရိပ် (မြင်ပုံဖော်မှု) ထားရှိခြင်းနှင့် မလုံလောက်ပေ။ ထို့အတူ ခေါင်းဆောင် သို့မဟုတ် သုတေသနပြုလုပ်သူက အကျိုးရလဒ်များတောင်းဆိုခြင်းနှင့်လည်း မလုံလောက်ပေ။ ယနေ့အထိ မရှိသေးသော အရာ ဖန်တီးပြုလုပ်ရေးအထိ ပြုလုပ်ကြရမည်ဖြစ်သည်။ ၄င်းကို ကျွန်ုပ်တို့ ကိုယ်တိုင်မှအစပြုကာ လုပ်ငန်းစဉ်တစ်လျှောက်လိုအပ်သော ပုဂ္ဂိုလ်ရေးနှင့် အဖွဲ့အစည်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများပြုလုပ်ရေးအတွက် ကျွန်ုပ်တို့ လိုလို လားလားရှိကြခြင်းဖြင့် စတင်ကြရမည်ဖြစ်သည်။

## ပြောင်းလဲခြင်းကိုယ်စားလှယ် လုပ်ပါ

မည်သည့်အရာပြောင်းလဲရန် လိုအပ်သည်နှင့်ပတ်သက် ပြင်ပအရာကို ကျွန်ုပ် တို့ ပထမအာရုံစိုက်လေ့ရှိကြသည်။ ဆိုလိုသည်မှာ တခြားသူများ၊ ကျွန်ုပ်တို့၏လုပ် ဖော်ဆောင်ဖက်များ၊ သူဌေး၊ ဘုတ်အဖွဲ့၊ ကျွန်ုပ်တို့၏အလုပ်အကိုင်၊ ပြိုင်ဆိုင်မှု၊ ကျွန်ုပ်တို့၏လုပ်ငန်းခွင် ပတ်ဝန်းကျင် စသည်တို့နှင့်ပတ်သက်ပြီး မှားယွင်းမှုများ ဖြစ်ပါသည်။ အမှန်စင်စစ်၊ ကျွန်ုပ်တို့အလုပ်လုပ်နေသောစနစ်၌ တစ်ခါတစ်ရံ ပြောင်းလဲခြင်းလိုအပ်ပါသည်။ အဖွဲ့အစည်းဆိုင်ရာ တက်ကြွပြောင်းလဲ

မှုများကို မကြာခဏရင်ဆိုင်ရန်လိုအပ်ပြီး ပြောင်းလဲပစ်ရမည်ဖြစ်သည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့၏လုပ်ငန်းခွင်ကိုပင် ပြောင်းလဲတန်ပြောင်းလဲရမည်ဖြစ်ပြီး အလုပ်သစ်ရှာဖွေရမည်ဖြစ်သည်။

သို့သော် ပထမဆုံးပြောင်းလဲရန် လိုအပ်သောအရာမှာ ကျွန်ုပ်တို့တန်ခိုးအာဏာဘောင်အတွင်း၌ရှိသော ကျွန်ုပ်တို့ကိုယ်တိုင်၏ အတွင်းထဲ၌ရှိသည့် အရာဖြစ်လေ့ရှိသည်။ တခြားသူတို့ပြောင်းလဲသည်ကို ကျွန်ုပ်တို့လိုလိုလားလားရှိတတ်ပြီး မဖြစ်မနေပြောင်းလဲရန်ကိုပင် တင်းခံပြောဆိုတတ်ပါသည်။ သို့သော် ကျွန်ုပ်တို့ကိုယ်တိုင်ကော မည်သို့နည်း။ ကျွန်ုပ်တို့ မည်သူမည်ဝါဖြစ်သည်ကို ပွင့်လင်းစွာ စစ်ဆေးကြည့်ရှုရန် အဆင်သင့်ဖြစ်ပြီလား။ တခြားသူများနှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေး၊ မည်သို့အလုပ်အတူလုပ်ပုံ၊ မည်သို့ ကျွန်ုပ်တို့၏ အသက်တာဘဝများကို စီစဉ်နေထိုင်ပုံနှင့် ကျွန်ုပ်တို့၏ဦးစားပေးမှုများ၊ ကျွန်ုပ်တို့၏အချိန်သုံးစွဲပုံစသည်တို့ပါဝင်ရမည်ဖြစ်သည်။ ဝေဖန်မှုကို မည်မျှ ပွင့်လင်းစွာခံယူရန်နှင့် တုံ့ပြန်ရန်ဆန္ဒရှိပါသနည်း။ ကျွန်ုပ်တို့အကောင်းဆုံး လုပ်နိုင်ရန်နှင့် ကျွန်ုပ်တို့လုပ်နိုင်သည်ထက်သာလွန် လုပ်နိုင်သူတို့အား အလုပ်တာဝန်လွှဲပေးနိုင်ရန်တို့အတွက် အထူးဂရုစိုက်နိုင်ရန် အလို့ငှာ လိုအပ်သောပြောင်းလဲမှုများပြုလုပ်နိုင်ရန် ကျွန်ုပ်တို့၏ အားသာချက်များနှင့် အားနည်းချက်များ (အကန့်အသတ်များ)အပေါ် မည်မျှပွင့်လင်းစွာဖော်ပြမည်နည်း။

အရေးကိစ များနှင့် လူပုဂ္ဂိုလ်တို့အား နေ့စဉ်နှင့်အမျှ နည်းလမ်းသစ်များဖြင့်ချဉ်းကပ်တတ်ရန်လိုပါသည်။ ဥပမာအားဖြင့် ကျွန်ုပ်တို့အနေနှင့် ယုံကြည်စိတ်ချမှုနှင့်သြဇာရှိမှုကို ပိုမိုပြသရန်လိုအပ်ကောင်းလိုအပ်မည်ဖြစ်သည်။ ထိန်းချုပ်မှုကို ပိုမိုလျှော့ပေးပြီး ပိုမိုပွင့်လင်းမှုပြကာ ပိုမိုလိမ္မာပါးနပ်ဖို့လိုမည်ဖြစ်သည်။ ကျွန်ုပ်တို့အနေနှင့် ပြ နာများကို ထိပ်တိုက်ဖြေရှင်းခြင်းပြုရန်လိုလိမ့်မည်ဖြစ်သည်။ သို့မဟုတ် စိန်ခေါ်မှုများကြောင့် ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိရန် သင်ယူရလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ဦးစားပေးမှုများ၊ လုပ်ထုံးလုပ်နည်းများ၊ ဆက်ဆံရေးများကို ပြောင်းလဲရန်လိုအပ်လိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့အနေနှင့် ဝေဖန်မှုအပေါ် ကျွန်ုပ်တို့၏ စိတ်နေစိတ်ထားနှင့် တုံ့ပြန်မှုကိုလျှော့ ပြုလုပ်ရန်လိုအပ်မည်ဖြစ်ပြီး ပိုမိုအပြုသဘောဆောင်သော စိတ်ထား မွေးမြူရန်လိုအပ်မည်ဖြစ်သည်။ ဤနေရာ၌ တကယ်အရေးကိစ မှာ ကျွန်ုပ်တို့ကိုယ်တိုင်၏အတွင်း၌ လိုအပ်နေသော ပြောင်းလဲခြင်းများနှင့် ကျွန်ုပ်တို့ကိုယ်ကို ထပ်တူပြုကြပါ၏လော။ ထို့အပြင် ပြောင်းလဲမှုများပြုလုပ်ရန် ကျွန်ုပ်တို့ အမှန်ပင်လုပ်နေကြပါ၏လော။

အဖွဲ့အစည်းအဆင့်၌ ပြ နာအမြောက်အမြားသည် ခေါင်းဆောင်အတွက် လွယ်ကူစွာဖြေရှင်းနိုင်သော ပြ နာများဖြစ်ကြသည်။ ၎င်းတို့ကို အဆင့်ဆင့်တိုး တက်ပြောင်းလဲမှုများလုပ်ခြင်းဖြင့် ဖြေရှင်းနိုင်ပါသည်။ ဌာနနှစ်ခု

အနေဖြင့် ပိုမိုကျယ်ဝန်းသော အစည်းအဝေးခန်းမ လိုအပ်နေရာ တစ်စုံတစ်ယောက်က အဆိုင်းဖြင့် အလုပ်လုပ်ရန် သို့မဟုတ် အလုပ်ခွင်ပြင်ပတွင် အစည်းအဝေးပြုလုပ်ရန် အဆိုပြုပါသည်။ အုပ်ချုပ်စီမံမှုလက်ထောက်အရာရှိအားလုံးက ခရစ မတ်နေ့နှင့် နှစ်သစ်ကြားကာလ၌ ရက်အားယူချင်ကြသည်။ တစ်ဖက်မှ လူသားအရင်းအမြစ်ဌာနက အလှည့်ကျရက်အားယူစနစ်ကို အဆိုပြုပါသည်။

မိသားစု မျှော်လင့်ချက်ဝန်ဆောင်မှုလုပ်ငန်း အစည်းအဝေးတစ်ခု၌ ကျွန်ုပ်တို့သည် အဖွဲ့သားများအား မိသားစုတစ်စုတည်းဖြစ်ကြကြောင်း၊ ဝန်ထမ်းများအတွင်း နေရာ ၆ခု၌ ကွဲပြားမှုများရှိသော်လည်း အဖွဲ့တစ်ခုတည်းမှ ဖြစ်ကြကြောင်းကို ရှင်းပြသော်လည်း အခက်အခဲတွေ့ကြရသည်။ လစဉ်စာစောင်တိုးချဲ့ရေး အစီအစဉ်အပြင် သုံးလတစ်ကြိမ် ဝန်ထမ်းအားလုံး တွေ့ဆုံမှုနှင့် အသင်းအဖွဲ့တည်ဆောက်မှု အတွေ့အကြုံများနှင့် စိတ်ဦးချင်းအား အီးမေးလ်ထားရှိခြင်းပြုခဲ့ကြသည်။ ဌာနများအကြား ထိတွေ့မှုတိုးမြှင့်နိုင်မာစေရန်နှင့် တင်းမာမှုများယုတ်လျော့စေရန် အစီအစဉ်ဝန်ထမ်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဝန်ထမ်းများအကြား ထိတွေ့မှုရှိစေသော သုံးလတစ်ကြိမ်တွေ့ရသည့် ဖွံ့ဖြိုးတိုးတက်ရေး အကြံပေးကော်မတီ တစ်ခုကိုလည်းဖွဲ့စည်းခဲ့သည်။ ၎င်းတို့သည် သာမန်အစီအစဉ်မျှသာဖြစ်ပြီး လေ့လာရေးအဖွဲ့များ သို့မဟုတ် အတိုင်ပင်ခံပုဂ္ဂိုလ်များ လိုအပ်သောအစီအစဉ်များ မဟုတ်ပေ။ သို့သော် ၎င်းတို့သည် အသင်းအဖွဲ့ စိတ်ဓာတ်ကိုဖွံ့ဖြိုးတိုးတက်စေပြီး အချင်းချင်းဆက်သွယ်ရေးကို တိုးတက်ကြီးထွား စေလျက် ကျွန်ုပ်တို့အား ရှေ့သို့တက်လှမ်းစေသော စစ်မှန်သည့် ပြောင်းလဲမှုများကို ဖြစ်ပေါ်စေခဲ့သည်။ ဘာလုပ်ရမည်ကို သင်သိလျှင် ၎င်းကိုလုပ်ဆောင်ခြင်းအပြင် အခြားအစားထိုးစရာ ဘာမျှမရှိပေ။

ထို့ထက် ပိုမိုကျယ်ပြန့်စွာဆိုရလျှင် အဆင့်ဆင့်ပြောင်းလဲခြင်းများ (incremental changes)သည် အဖွဲ့အစည်းတိုးတက်ရေးကို အမှန်ပင် ပြုလုပ်နိုင်ပါသည်။ ဥပမာအားဖြင့် မိသားစုမျှော်လင့်ခြင်းအဖွဲ့၌ ဆယ်နှစ်ကြာ ဦးစီးလာခဲ့သော လူမှုရိပ်သာ (၄)ခုရှိပြီး နောက်ထပ်တစ်ခု ထပ်တိုးရန် ဆုံးဖြတ်ခဲ့သည်။ ၂ နှစ်တာကာလအတွင်း နေရာတစ်ခုတွေ့ပြီး ရန်ပုံငွေလည်း ရှာဖွေခဲ့သည်။ ဝန်ထမ်းသစ်များကို ခန့်အပ်လေ့ကျင့်ပေးခဲ့ပြီး အမှုတော်ဆောင်လုပ်ငန်းနှင့်ပတ်သက် နည်းဟန်နှင့်အတွေးအခေါ်လည်း ပြောင်းလဲခြင်းမပြုခဲ့ပေ။ ကျွန်ုပ်တို့အဖွဲ့အစည်းအားရှိပြီး စနစ်များနှင့် ကျင့်သုံးမှုများအားဖြင့် ရှေ့သို့တိုးတက်စေနိုင်ခဲ့သည်။

အချို့အခြေအနေများ၌ အဆင့်ဆင့်ပြောင်းလဲခြင်းထက် ပိုမိုလေးနက်ခရီးရောက်သော ပြောင်းလဲမှု လိုအပ်မည်ဖြစ်သည်။ ဥပမာ–တစ်စုံတစ်ဦး၏

ပုဂ္ဂိုလ်ရေးအသက်တာ သို့မဟုတ် ခေါင်းဆောင်မှုသည် တန့်နေမည် သို့မဟုတ် အဖွဲ့အစည်းသည် ရေကမတိုးနောက်မဆုတ် အခြေအနေ၌ရှိနေမည် သို့မဟုတ် လုံးလည်နေမည် သို့မဟုတ် ဆုတ်ယုတ်နေမည်ဆိုပါက အရေးကြီးသော ပြုမူလုပ်ဆောင်မှု လိုအပ်မည်ဖြစ်သည်။ ထိုအချိန်သည် ကျွန်ုပ်တို့သုံးနေကျ လုပ်ဆောင်မှုနည်း ဟန်ပြောင်းလဲပြီး တီထွင်ကြံဆရန် အမှန်ပင်လိုအပ်သော အချိန်ဖြစ်ပါသည်။ ''ကျွန်ုပ်တို့ကိုယ်တိုင်နှင့် ကျွန်ုပ်တို့အနီးပတ်ဝန်းကျင်နှင့် ပတ်သက်ပြီး ကျွန်ုပ်တို့၏ အခြေခံတင်ကူးယူဆချက်များ၊ စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် လုပ်ငန်းလုပ်ဟန်များ၊ ပါရာဒိုင်းများကိုပြောင်းပြီး အယူအဆသစ်များ ဖန်တီးဖော်ထုတ်ရန် လိုအပ်ပါသည်''ဟု ဂွင်းက ညွှန်ပြခဲ့သည်။[၆] တစ်နည်းအားဖြင့် ဆိုလျှင် ဂွင်းအခေါ် နက်ရှိုင်းသောပြောင်းလဲခြင်း(deep change)ကို လိုလားစွာလက်ခံရန် လိုအပ်ပါသည်။

တစ်ကြိမ်တွင် ကျွန်ုပ်တို့၏ရန်ပုံငွေရှာဖွေရေး လုပ်ငန်းများရပ်တန့်ကုန်ပြီး အဖွဲ့ရုံး၌ တန်ဖိုးတရားများနှင့် လုပ်နည်းလုပ်ဟန်များအပေါ် ထိပ်တိုက် ငြင်းခုန်မှုများကြောင့် တင်းမာမှုကြီးထွားလာခဲ့ရာ ဌာနတစ်ခု၌ လူပုဂ္ဂိုလ်အပြောင်း အလဲလုပ်ရန် လိုအပ်သည့်အမှန်တရားကို ကျွန်ုပ်တို့ရင်ဆိုင်ခဲ့ရသည်။ ရုံးဝန်ထမ်းများဖက်မှ စိုးရိမ်ပူပန်မှု ကြီးစွာရှိကြသဖြင့် ဌာနမှဝန်ထမ်းတစ်ဝက် နုတ်ထွက်ခြင်းကို ကျွန်ုပ်တို့လက်ခံခဲ့ရသည်။ အမှန်မှာ ၄င်းတို့ မနုတ်ထွက်လျှင် ထုတ်ပယ်ခြင်းခံကြရမည်ဖြစ်သည်။ အခြေအနေသည် အကြပ်အတည်း အဆင့်သို့တက်လာခဲ့ပါသည်။ ကျွန်ုပ်တို့၏ ဖြေရှင်းချက်သည် ကျန်ရစ်သူ ဝန်ထမ်းများအတွက် နောက်ထပ်အကြပ်အတည်း တစ်ခုဖြစ်ပေါ်စေခဲ့သည်။ သို့သော် ၄င်းသည် မှန်ကန်သောလုပ်ဆောင်ချက်ဖြစ် ခဲ့သည်။ အခြေအနေတည်ငြိမ် သွားသောအခါ လူမှန်နေရာမှန်ဖြစ်သွားသဖြင့် ခွန်အားသစ်များပေါ်ထွက်လာပြီး ချက်ချင်းဆိုရလောက်အောင် တိုးတက်မှုရှိလာ ခဲ့သည်။

ကျွန်ုပ်တို့၏လုပ်ငန်းခွင်၌ ပေထက်အက္ခရာမတင်သော စည်းမျဉ်း တစ်ခုရှိပါသည်။ လူကောင်းသူကောင်းများသည် ၎င်းတို့၏စိတ်ထားမှန်နေသမျှ လုပ်ငန်းခွင်မှထွက် ခွာခြင်းမပြုရဟူ ဖြစ်သည်။ အလုပ်ကြိုးစားပြီး လူချစ်လူခင် ပေါသော မည်သည့်အလုပ်သမားမဆိုသည် ကောင်းသောအလုပ်သမားဖြစ်သည် ဟု ဝန်ထမ်းများက ခံယူကြသည်။ အလုပ်သမားများ၏ လုပ်ဆောင်မှုစွမ်းရည်သည် အမှုဆောင်ဒါရိုက်တာ၏ စီမံခန့်ခွဲမှုအယူအဆ၊ တန်ဖိုးတရားနှင့် မျှော်လင့် ချက်များနှင့်အညီ သဟဇာတဖြစ်ခြင်းသည် ရုံးဝန်ထမ်းမိတ်ဆွေများအား ပျော်ရွှင်ကျေနပ်စေခြင်းထက် ပိုမိုအရေးကြီးသည်ဟူသောရပ်တည်ချက်ကို ထားရှိရန်လိုအပ်သည်။ စနစ်ဟောင်းအတိုင်း ကျေနပ်အားရဖွယ်မရှိသော အလုပ်သမားများနှင့်အတူ အတိုးအလျှော့လုပ်ခြင်း၊ နှစ်သိမ့်ချော့သိပ်ခြင်း၊

ပဋိပက္ခရှောင်ရှားခြင်း၊ သိမ်မွေ့စွာ ပြုစုပျိုးထောင်ခြင်း၊ လမ်းညွှန်ကြပ်မတ်ခြင်း စသည်တို့အားဖြင့် ကျွန်ုပ်တို့ ရပ်တန့်နိုင်ပါသည်။ သို့သော် ၄င်းသည် နာကျင်မှုကိုရှည်ကြာစေပြီး ကျေနပ်ဖွယ်မရှိသော လုပ်ငန်းခွင်ကို ဆက်လက်တည်ရှိစေခြင်းနှင့် ဌာနများမှဝန်ထမ်းများအကြား တင်းမာမှုကို ရှည်ကြာစေလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့အနေနှင့် လူမှန်နေရာမှန် မဟုတ်သူများကို ဆွဲထုတ်ပြီး လူမှန်နေရာမှန်ဖြစ်မည့်သူများကိုသာ ဆွဲသွင်းရန်လိုအပ်မည်ဖြစ်သည်။

နက်ရှိုင်းသောပြောင်းလဲခြင်းနောက်ဥပမာတစ်ခု–အနှစ် ၂၀ ကြာ အမျိုးသားများ သာဦးစီးသော စီမံခန့်ခွဲမှုရာထူးများအတွက် အမျိုးသမီးများကို ရှာဖွေခန့်အပ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ အုပ်ချုပ်စီမံရေးအဖွဲ့၌ အမျိုးသမီးတစ်ဦးစ၊ နှစ်ဦးစ ပါဝင်ခဲ့ကြသော်လည်း ယခုအခါ အမျိုးသမီးများ၏အစွမ်းအစ ဆုကျေးဇူးများကိုအသုံးပြုရန် ကျွန်ုပ်တို့၌ "ပါ" သို့မဟုတ် ပုံဖော်"မြင်မှု ထားရှိလာပါသည်။ အမျိုးသမီးများနှင့် အမျိုးသားများ အတူတကွ ပါဝင်သော တွေ့ဆုံဆွေးနွေးပွဲအဖွဲ့များ၊ အမျိုးသမီး အုပ်ချုပ်စီမံရေးအဖွဲ့ဝင်များနှင့် မန်နေဂျာများခန့်အပ်ခြင်းဖြင့် ကျွန်ုပ်တို့၏အစု အဖွဲ့ယဉ်ကျေးမှုကိုပြောင်းလဲရန် ဆုံးဖြတ်ခဲ့ကြသည်။ ပြောင်းလဲခြင်းသည် လွယ်လင့်တကူရောက်မလာခဲ့ပေ။ စိတ်မပါ တော့မဟုတ်ပါ။ ဂျင်ဒါ (gender) ခေါ် ကျားမတန်းတူ ဆက်ဆံရေးနှင့် ပတ်သက် အမျိုးသားဝန်ထမ်းများရော အမျိုးသမီးဝန်ထမ်းများပါ အစဉ် အလာအတွေးအခေါ်များ အပြည့်ရှိကြပြီး ပဋိပက္ခဖြေရှင်းရေးကျွမ်းကျင်မှု မရှိခဲ့ကြပေ။ သို့ဖြစ် ကျွန်ုပ်တို့၏ ပိုမိုကျယ်ပြန့်သော ဂျင်ဒါညီမျှရေးပေါ်လစီကြောင့် ပထမဆုံးအမျိုးသမီး ဒါရိုက်တာတစ်ဦးကို ငှားရမ်းခန့်အပ်ခြင်း၊ အမှုဆောင်အဖွဲ့၌ အမျိုးသမီးများအားထားရှိခြင်းနှင့် ဘုတ်အဖွဲ့၌ အရည်အချင်းပြည့်ဝသော အမျိုးသမီးအများအပြားကို ခန့်အပ်ခဲ့ပါသည်။

အသင်းတော်၌ သင်းအုပ်ဆရာများသည် သူတို့ကျွမ်းကျင်ရာနှင့် အရည်အချင်းကိုလိုက်ပြီး အလုပ်တာဝန်ပြောင်းလဲခြင်း ရှိတတ်ပါသည်။ ကျွန်ုပ်သိသော ခေါင်းဆောင်တစ်ဦးသည် စီနီယာပါစတာအဖြစ် ၁၂ နှစ်တိုင်လုပ်ခဲ့ပြီးနောက် အသင်းတော်၏အုပ်ချုပ်စီမံရေး တာဝန်အားလုံးကို ဆန္ဒအလျောက်စွန့်လွှတ်ခဲ့ပြီး တရားဟောခြင်း၊ သင်ကြားပို့ချခြင်းနှင့် ကြည့်ရှုစောင့်ရှောက်ခြင်းတို့၌သာ အပြည့်အဝဆက်ကပ် လုပ်ဆောင်တော့သည်။ ယခုအခါ သူသည် ပိုမိုပျော်ရွှင်လျက်ရှိနေပြီး သူတာဝန်ယူသော အမှုတော်ဆောင်လုပ်ငန်း၌ ပိုမိုထိရောက်စွာ အုပ်ချုပ်စီမံခြင်းခံခဲ့ရသည်။ အကယ် သာ အပြောင်းအလဲမလုပ်ဘဲ မူလရာထူးနှင့် တန်ခိုးအာဏာကိုသာ ဖက်တွယ်မက်မောခဲ့ပါက အသင်းတော်ကို နောက်ပြန်ဆွဲနေသော ဖြည်းည င်းစွာသေနေခြင်းကို ဆက်လက်တွေ့ကြုံခံစားပြီး အင်အားဆုတ် ယုတ်သွားမည်ဖြစ်သည်။

တစ်ခါတစ်ရံ နက်ရှိုင်းသောပြောင်းလဲခြင်းကို လက်ခံခြင်းဟူသည် ပိုမိုကြီးမားကျယ်ပြန့်သော "မြင်ပုံဖော်မှုဖန်တီးရေးအတွက် ကာလရှည် လက်ခံ

လာခဲ့သော ဦးစားပေးမှုများနှင့် တင်ကူးယူဆချက်များ (assumptions) ကို ထိရောက်စွာပြောင်းလဲရန် ဆန္ဒရှိခြင်းဖြစ်ပါသည်။ လွန်ခဲ့သောနှစ်အနည်းငယ်က မိသားစု မျှော်လင့်ခြင်းအဖွဲ့၌ 'ရပ်ရွာအဖွဲ့အစည်းအသီးသီးအတွက် သစ်ပင်အိမ်' (Tree House for every community)၏ ကြီးမားပြီး သန့်ရှင်းသော ရဲတင်းခြင်း ပန်းတိုင်(Big Holy Audacious Goal - BHAG) အစီအစဉ်ကိုလက်ခံခဲ့ကြသည်။ ထိုစဉ်က သစ်ပင်အိမ်တစ်ခုစီကို ဝန်ထမ်းအပြည့်ခန့်အပ်နိုင်ရန် ခက်ခက်ခဲခဲကြိုးစားခဲ့ရသည်။ (သစ်ပင်အိမ်သည် မိသားစုမျှော်လင့်ခြင်းအဖွဲ့၏ ကျွန်ုပ်တို့ပါဝင်သော ရပ်ရွာအဖွဲ့အစည်းတစ်ခုစီ၏ လူငယ်လူမှုရိပ်သာ (outreach) တစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့သည် လက်ရှိအစီအစဉ်များ၏လိုအပ်ချက် အသီးသီးကို ပထမဖြည့်ဆည်းပေးခြင်း ရပ်တည်ချက်ကိုစွန့်လွှတ်ပြီး ရပ်ရွာအဖွဲ့အစည်းများအပြားသို့ တတ်နိုင်သမျှတိုးချဲ့ခြင်းနှင့် အကျိုးပြုခြင်းကို ရွေးချယ်ခဲ့ကြသည်။ အဖွဲ့အတွင်း၌ ဝန်ထမ်းများအား လက်ရှိအစီအစဉ်များကို ဆက်လက်လုပ်ဆောင်ကြမည့်အကြောင်း ကတိပြုပြောပြခဲ့သည်။ သို့သော် မဟာဗျူဟာကျသော စီမံကိန်း၊ ဆုတောင်းခြင်းနှင့် ဝန်ထမ်းများပါဝင်သောတွေ့ဆုံဆွေးနွေးခြင်း အများအပြားတို့အားဖြင့် ကျွန်ုပ်တို့သည် အောင်မြင်နေသော အမှုတော်ဆောင်လုပ်ငန်းကို ထိန်းသိမ်းခြင်းအဆင့်မှ သာသနာပြုအသိစိတ်မှ ပေါ်ထွက်လာသော စွန့်လွှတ်အနစ်နာခံခြင်းကို တန်ဖိုးထားသည့်အဆင့်သို့ ရွှေ့ပြောင်းခဲ့ကြသည်။ ဘုရားသခင်ပေးသနားတော်မူသော ူမြင်ပုံဖော်မှုကို လိုက်လျှောက်နိုင်ရေးအတွက် ကျွန်ုပ်တို့သည် ပြောင်းလဲလိုသောဆန္ဒရှိရမည်ဖြစ်ပြီး ခေါင်းဆောင်များသည် အဖွဲ့အစည်းအတွင်း ပြောင်းလဲရေးကိုယ်စားလှယ်များ (အေးဂျင့်များ)အဖြစ် ရပ်တည်ရန်လိုအပ်မည်ဖြစ်သည်။

ကျွန်ုပ်တို့သည် အမှန်ပင် ပြောင်းလဲခြင်းကိုလိုလားသဖြင့် ပြောင်းလဲရေးကိုယ်စားလှယ် ဖြစ်လာခြင်းဖြင့် ပြောင်းလဲခြင်းကို ပုဂ္ဂိုလ်ရေးဦးစားပေးအဖြစ် ထားရှိသဖြင့် ပိုမိုထက်မြက်ထိရောက်သော ခေါင်းဆောင်များဖြစ်လာကြပါသည်။ ကျွန်ုပ်တို့၏ ဘဝအသက်တာနှင့် ခေါင်းဆောင်မှုအတွက် ဘုရားသခင်၏ အကြံအစည်တော်ကို လိုက်လျှောက်ပြီး ကျွန်ုပ်တို့အထဲ၌ ဘုရားသခင်ဖန်ဆင်းပေးတော်မူသော အိပ်မက်များအကောင်အထည်ဖော်ရာ၌ ကျွန်ုပ်တို့အား ပြောင်းလဲခြင်းကို ကူညီပံ့ပိုးသွားမည်ဖြစ်သည်။

## စစ်မှန်သောအရာ

ပြောင်းလဲခြင်းသည် ကျွန်ုပ်တို့၏အလုပ်တာဝန်ဖြစ်သည် ပြောင်းလဲခြင်းကို ပုဂ္ဂိုလ်ရေးဦးစားပေးအဖြစ်ထားသော ခေါင်းဆောင်မှုလက်တွေ့ ကျင့်သုံးမှု၏ အခြေခံမှာ ဝိညာဉ်ရေးအခြေခံမှုဖြစ်သော ပြောင်းလဲခြင်းအတွက် ကျွန်ုပ်တို့အား

ဘုရားသခင်ခေါ်တော်မူသည်ဟူသော အချက်ဖြစ်သည်။ ဤအမှန်တရားကို ကျွန်ုပ်တို့ ပိုမိုသဘောပေါက်ဆုပ်ကိုင်လေ ဘုရားသခင် ညွှန်ပြတော်မူသော ပြောင်းလဲခြင်းများကို ကျွန်ုပ်တို့ ပိုမိုစိတ်အားထက်သန်စွာ လက်ခံနိုင်လေဖြစ်ပြီး ဝိညာဉ်ရေးဦးဆောင်သူများအဖြစ် ကျွန်ုပ်တို့၏ အခြေခံသည်လည်း ပိုမိုခိုင်မာလာမည်ဖြစ်သည်။ ကျွန်ုပ်တို့ဖြစ်တည်မှုအရှိတရား၏ အနက်ရှိုင်းဆုံးနေရာ၌ ဘုရားသခင်က ကျွန်ုပ်တို့အား သက်ဝင်ယုံကြည်မှုနှင့် နောင်တတရားရကြရန် ဖိတ်ခေါ်တော်မူပါသည်။ ခေါင်းဆောင်များဖြစ်သဖြင့် ကျွန်ုပ်တို့သည် အစေခံကျွန်များ(servants) ဖြစ်လာကြရန် ခေါ်တော်မူခြင်း ခံကြရပါသည်။

## ကျွန်ုပ်တို့သည် သက်ဝင်ယုံကြည်မှုရှိရန်နှင့် နောင်တတရားရကြရန် ခေါ်တော်မူခြင်းခံကြရသည်

ဓမ္မသစ်ကျမ်းသွန်သင်ချက်အရ ကျွန်ုပ်တို့၏ပြောင်းလဲခြင်း အလုပ်တာဝန်သည် ဘုရားသခင်က ကျွန်ုပ်တို့အတွက်နှင့် ကျွန်ုပ်တို့အတွင်း၌ အလုပ်လုပ်တော်မူခြင်းမှ အစပြုပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ဝိညာဉ်ရေးအရ ပြောင်းလဲစေ မည့်အရာများကို ပေးသနားတော်မူလျက်ရှိပြီး ကျွန်ုပ်တို့အထဲ၌ ပြောင်းလဲခြင်းကို စတင်ဖြစ်ပေါ်စေတော်မူသည်။ ကျွန်ုပ်တို့အတွက် ဘုရားသခင် ကြံရွယ်တော်မူသော အသက်တာအတွင်း ပြောင်းလဲခြင်းဖြစ်စဉ်များ၌ အရေးအကြီးဆုံးသော ပြောင်းလဲခြင်းမှာ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းဖြစ်သည်။ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ကျွန်ုပ်တို့သည် ထာဝရမျှော်လင့်ခြင်း ကင်းမဲ့သော အပြစ်သားများအဖြစ်မှ မျှော်လင့်ခြင်းနှင့်အတူ အပြစ်လွတ်ခြင်းခံရသော ပုဂ္ဂိုလ်များအဖြစ် ပြောင်းလဲသွားကြသည်။

သို့ဖြစ် သက်ဝင်ယုံကြည်မှု(faith)သည် ကျွန်ုပ်တို့ကိုယ်စား ဘုရားသခင်ပြုမူ လုပ်ဆောင်တော်မူခြင်းနှင့် ကျွန်ုပ်တို့၏ ဘုရားသခင်၏ ကျေးဇူးတော်ကို သိရှိနားလည်ခြင်းနှင့် လက်ခံခြင်းတို့ကို ပေါင်းကူးဆက်စပ်ပေးသော တံတားဖြစ်ပါသည်။ ၎င်းသည် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးအနေအထားနှင့် ထာဝရကံကြမ္မာအတွင်း ဖြစ်ပွားနေသောပြောင်းလဲခြင်းအား အသိတရားနှင့်ယှဉ်သော ဆက်စပ်မှုဖြစ်သည် (ယောဟန် ၃း၁၆၊ ၅း၂၄)။ ထို့အပြင် သက်ဝင်ယုံကြည်မှုကိုယ်တိုင်သည် မည်သည့်ကမ္ဘာ့အမြင်မှုဖြစ်စေ သို့မဟုတ် ဘဝအသက်တာလမ်းကြောင်းမှုဖြစ်စေ အခြေခံကျသော ပြောင်းလဲခြင်းဖြစ်ပြီး လူသား၏ကိုယ်ပိုင်ဖူလုံမှု သို့မဟုတ် အတ အခြေပြုတွေးခေါ်မှုမှသည် ဘုရားသခင်နှင့် ဘုရားသခင်ပေးသနားတော်မူသော ထာဝရအသက်သို့ ကူးပြောင်းသည်ကို အလေးအနက်ထားသော ယုံကြည်မှုဖြစ်သည်။

ကျွန်ုပ်တို့၏အသက်တာဘဝ ပိုမိုတိုးတက်ကောင်းမွန်ရေး၌ဖြစ်စေ၊ အဖွဲ့အစည်း ပိုမိုအောင်မြင်ကြီးထွားရေး၌ဖြစ်စေ ဘုရားသခင်သည် ကျွန်ုပ်တို့အတွင်း ပြောင်းလဲခြင်းများ၏အရှင်ဖြစ်ပါသည်။ ကျွန်ုပ်တို့နှလုံးသားများနှင့် စိတ်များထဲ၌ စိတ်ကောင်းစေတနာချပေးသူမှာ ဘုရားသခင်ဖြစ်သည်။ ပြောင်းလဲခြင်းအတွက် ကျွန်ုပ်တို့အား ဘုရားသခင်က သတိပေးနှိုးဆော်တော်မူသည်။ ပိုမိုကောင်းမွန်သောနေရာသို့ရောက်ရှိရေးအတွက် ကျွန်ုပ်တို့အထဲ၌ အလုပ်လုပ်ဆောင်တော်မူသည်။ ကျွန်ုပ်တို့၏ စိတ်ကူးစိတ်သန်းအားလုံးနှင့် အိပ်မက်များသည် ဘုရားသခင်ထံတော်ပါးမှ လာကြသည်တော့ မဟုတ်ပေ။ တန်ဖိုးရှိပြီး လိုက်လျှောက်သင့်သော အယူအဆများကို ဘုရားသခင်က ချပေးတော်မူပြီး အကောင်အထည်ဖော်လာနိုင်ရေးအတွက်လည်း ကျွန်ုပ်တို့အား ကူညီမစတော်မူသည်။

အထက်တစ်နေရာတွင် ဖော်ပြပြီးဖြစ်သည့်အတိုင်း ကျွန်ုပ်တို့၏ အသက်တာဘဝများအတွက် ဘုရားသခင်၏ အကြံအစည်တော်များအနက် ပထမနှင့်အထူးခြားဆုံးသော ပြောင်းလဲခြင်းမှာ ကျွန်ုပ်တို့အထဲ၌ ကယ်တင်ခြင်းအတွက် အလုပ်လုပ်တော်မူခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ အခြေအနေနှင့်ပတ်သက် မျှော်လင့်ခြင်း ကင်းမဲ့သောအပြစ်သားများအဖြစ်မှ မျှော်လင့်ခြင်းပြည့်ဝသော အခွင့်လွှတ်ခံ လူသားများအဖြစ်သို့ ကျွန်ုပ်တို့၏ ကြိုးပမ်းမှုနှင့် ဆနြမပါဘဲ ပြောင်းလဲစေတော်မူသည် (ဖေက် ၂း၈–၉၊ ရော ၃း၂၁–၂၄၊ ၆း၂၃)။ သခင်ခရစ်တော်၏အသက်တာ၊ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့ကို သက်ဝင်ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဖြစ်တည်မှုဆိုင်ရာ စိတ်ပျက်ခြင်း၊ သုညဗလာဖြစ်ခြင်း(emptiness)၊ အပြစ်လွှမ်းမိုးသောအပြစ်ခံစားချက်(sin-ridden guilt)၊ ကျွန်ုပ်တို့၏ဘဝ အသက်တာ၌ ဘုရားသခင်မရှိခြင်းခံစားချက်အဖြစ်မှ တည်ငြိမ်အေးချမ်းခြင်းနှင့် ပျော်ရွှင်ခြင်းအဖြစ်သို့ ရောက်ရှိသွားကြသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား မသိနားမလည်ခြင်းနှင့် မယုံကြည်ခြင်းအဖြစ်မှ သခင်ယေရှုခရစ်တော်အား ကျွန်ုပ်တို့၏ကယ်တင်ရှင်အဖြစ် သက်ဝင်ယုံကြည်ခြင်းအဖြစ်သို့ ပြောင်းလဲခြင်းကို ဖြစ်ပေါ်စေတော်မူသည်။

ကျွန်ုပ်တို့သည် သက်ဝင်ယုံကြည်မှုရှိသော အသက်တာဘဝဖြင့် စတင်နေထိုင် သည့်အချိန်မှစ ဘုရားသခင်သည် ကျွန်ုပ်တို့၏အသက်တာ၌ ရင်ဆိုင်နေရသော ဆင်းရဲခြင်းနှင့် စမ်းသပ်မှုများမှတစ်ဆင့် အကျိုးပြုပြောင်းလဲခြင်းများကို ဆက်လက်ဖြစ်ပေါ်စေတော်မသည်။ ရောမမြို့ရှိ ခရစ်ယာန်များထံသို့ စာရေးသားရာတွင် တမန်တော်ပေါလ်(ပေါလု)က အကျိုးရလွှဲကောင်းများ ဖြစ်ပေါ်လာစေရန် ကျွန်ုပ်တို့၏အခက်အခဲများကို သုံးတော်မူသည်ဟုဖော်ပြခဲ့သည်။ ''ဆင်းရဲဒုက္ခ များအတွက်လည်း ငါတို့ ဝါကြွားဝမ်းမြောက်ကြပေသည်။ ဆင်းရဲဒုက္ခသည် ခံနိုင်ရည်ကိုလည်းကောင်း၊ ခံနိုင်ရည်သည် ဘုရားသခင်၏

နှစ်သက်မှုကိုလည်းကောင်း၊ ဘုရားသခင်၏နှစ်သက်မှုသည် မျှော်လင့်ခြင်းကို လည်းကောင်း ပြုစုပေးတတ်ကြောင်းကို ငါတို့သိကြ၏'' (ရော ၅း၃-၄)။ ဖိလိပိမြို့ရှိ ယုံကြည်သူတို့ထံသို့လည်း ပေါလ်က ''သို့ဖြစ် သင်တို့တွင် ဤကောင်းမြတ် သည့်အမှုကို စတင်ပြုတော်မူသော ဘုရားသခင်သည် ခရစ်တော်ယေရှု၏ နေ့ရက်မတိုင်မီ ထိုအမှုကို ပြီးစီးသည့်တိုင်အောင် ပြုတော်မူလိမ့်မည်''ဟု စိတ်ချစွာရေးသားခဲ့သည်။ ပေါလ်၏စိတ်ထဲ၌ သူတို့၏ ထာဝရကယ်တင်ခြင်းနှင့် မွန်မြတ်သောသူဖြစ်ခြင်း သို့မဟုတ် သန့်ရှင်းမွန်မြတ်စေခြင်း(sanctification) ရှိပုံရသည်။ သန့်ရှင်းမွန်မြတ်စေခြင်း၌ သခင်ယေရှုနှင့် ပိုမိုတူလာခြင်း၊ မေတ္တာတရား၊ ဖြူစင်ခြင်းနှင့် အပြစ်အနာအဆာကင်းမဲ့ ခြင်းတို့ပါဝင်သည်။ ၎င်းကို သူတို့အတွက် ပေါလ်၏ဆုတောင်းချက်၌တွေ့နိုင်ပါသည်။

> သင်တို့သည် အမြတ်ဆုံးသောအရာကိုရွေးယူနိုင်အံ့သောငှာ အသိပညာ၊ ပိုင်းခြား ဝေဖန်တတ်သော စွမ်းရည်တို့နှင့်ပြည့်စုံ မေတ္တာပါရမီ တိုးသည်ထက်တိုးလာကြစေရန် သင်တို့အတွက် ငါဆုတောင်းပတ္ထနာ ပြုပါသည်။ သို့မှသာလျှင် သင်တို့သည် ခရစ်တော်ကြွလာတော်မူသော နေ့ရက်၌ အပြစ်ဆိုဖွယ်မရှိဘဲ အညစ်အကြေးနှင့် ကင်းစင်လိမ့်မည်။ ထို့အပြင် ဘုရားသခင်၏ ဘုန်းအသရေတော် ထွန်းတောက်စေရန်နှင့် ဂုဏ်တော်ကို ချီးကျူးကြစေရန် ယေရှုခရစ်အားဖြင့်သာလျှင်ရနိုင်သော စစ်မှန်သည့်အရည်အသွေးကောင်းများနှင့် ပြည့်စုံလိမ့်မည်(ဖိလိပိ ၁း၉-၁၀)။

ဘုရားသခင်သည် ယုံကြည်သူတို့အသက်တာ၌ အဓိကပြောင်းလဲစေသူ ဖြစ်သည်။ သက်ဝင်ယုံကြည်မှုနှင့် ကယ်တင်ခြင်းအတွက် အစအဦးပြုသူနှင့် ကျွန်ုပ်တို့ထဲ၌ မွန်မြတ်သန့်ရှင်းစေခြင်း ဖြစ်စဉ်တစ်ခုလုံးကို ပြီးမြောက်စေသူဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ဘုရားသခင်သည် ယုံကြည်သူတို့၏အသက်တာ၌ သူ၏ အလိုတော်နှင့် ပြောင်းလဲခြင်းဖြစ်စေရန် တက်ကြွစွာပါဝင်တော်မူသည်။ ဘုရားသခင်သည် သူ၏ 'အကြံတော်အတိုင်းလိုက်လျှောက်လိုသောစိတ်နှင့် လိုက် လျှောက်နိုင်သောစွမ်းအားကို သင်တို့အထဲ၌ အစဉ်ပြုပြင်လျက်ရှိသည်' (ဖိလိပိ ၂း၁၃)။ ကျွန်ုပ်တို့အတွက် ဘုရားသခင်လိုလားတော်မူသော အသက်တာသို့ ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်က ယုံကြည်သူတို့အား ပို့ဆောင်တော် မူသည်။ သူတို့၏အပြစ်ရှိသော စေ့ဆော်မှုများ(impulses) မှ ကာကွယ်ပေး တော်မူသည်။

ဤသို့ဖြင့် ပေါလ်သည် ယုံကြည်သူတို့အား 'ဝိညာဉ်တော်သည် ငါတို့အား အသက်ရှင်စေပြီ၊ ဝိညာဉ်တော်ဦးဆောင်လမ်းပြတော်မူသည့်အတိုင်း ကျင့်ရကြမည်'

(ဂလာတိ ၅း၂၅) ဟု တိုက်တွန်းခဲ့သည်။ ဆိုလိုသည်မှာ ပြောင်းလဲသောအသက်တာဘဝဖြင့် နေထိုင်ကြရမည်ဟူ ဖြစ်သည်။ အပြစ်သွေးဆောင်ရာသို့ လိုက်ပါမသွားဘဲ (ကျွန်ုပ်တို့အတွက် ပိုမိုအသားကျသော နေထိုင်မှုဖြစ်သည့်) သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား လွတ်လပ်မှု၊ တည်ကြည်ဖြောင့်မတ်မှု၊ ချစ်ခြင်း၊ ပျော်ရွှင်ခြင်းနှင့် ဝိညာဉ်တော်၏ အခြားအသီးအပွင့်များကို တွေ့ကြုံခံစားရာ၌ ကူညီမစတော်မူမည်ဖြစ်သည်။ ၎င်းတို့သည် ကျွန်ုပ်တို့အသက်တာအတွက် သခင်ခရစ်တော်လိုလားသော အလှုံ့ပယ်ကြွယ်ဝမှုဖြစ်သည်(ရော ၈း၅–၁၁၊ ဂလာတိ ၅း၂၂–၂၅)။ ကျွန်ုပ်တို့ ဘုရားသခင် လိုအပ်ကြောင်းဖြစ်စေ၊ ပြောင်းလဲခြင်း လိုအပ်ကြောင်းဖြစ်စေ မသိမီကတည်းကပင် ဘုရားသခင်သည် ကျွန်ုပ်တို့အထဲ၌ အလုပ်လုပ်ဆောင်တော်မူခဲ့သည်။ ကျွန်ုပ်တို့လုပ်ရမည့်အရာမှာ ကျွန်ုပ်တို့ နှလုံးသားထဲ၌ ဘုရားသခင်ထည့်ထားတော်မူသော ူမြင်ပုံဖော်မှု (ူပါံ) ကို ယုံကြည်ပြီး ၎င်းကိုလိုက်လျှောက်ရာ၌ လိုအပ်သောပြောင်းလဲခြင်းများကို သတ်မှတ်ဖော်ပြရာ၌ဖြစ်စေ၊ အကောင်အထည်ဖော်ရာ၌ဖြစ်စေ ဘုရားသခင်သည် ကျွန်ုပ်တို့အား တက်ကြွစွာကူညီတော်မူကြောင်းကို ယုံကြည်ရန်ဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့အသက်တာအတွင်း ဘုရားသခင်လုပ်ဆောင်တော်မူသည်ဟူသော အသိတရားနှင့်အညီ ပြုမူလုပ်ဆောင်ကြမည်ဖြစ်သည်။

## ဖြည်းဖြည်းသက်သာလုပ်ပါ

တစ်ချိန်တည်းတွင် အလုပ်အများအပြား ကိုင်တွယ်နေရသော ကျွန်ုပ်အတွက် ပြောင်းလဲခြင်းများပြုနေရသည်မှာ အလွန်ခက်ခဲပင်ပန်းပါသည်။ ကျွန်ုပ်၏ အလုပ်အချိန်ဇယားသည် အပြည့်ဖြစ်လေ့ရှိပြီး တစ်နာရီ မိုင်တစ်သန်းပြေးသူနှင့်တူတော့သည်။ ကျွန်ုပ်အသက်တာသည်လည်းကောင်း သို့မဟုတ် အလုပ်သည်လည်းကောင်း ချောချောမောမောရှိနိုင်မည်မဟုတ်ပေ။ သို့သော် ကျွန်ုပ်သည် အကျိုးရလဒ်ကောင်းများရရှိရေးအတွက် နေ့မအား ညမအားနှင့် လျင်မြန်စွာလုပ်နေရပါသည်။ ပြဿနာမှာ တစ်ခါတစ်ရံ ကျွန်ုပ် လိုချင်သောရလဒ်များ မရရှိသည့်အပြင် မလိုလားအပ်သော အကျိုးဆက် အမြောက်အမြားဖြစ်ပေါ်စေခြင်းဖြစ်သည်။

အလျင်စလိုမလုပ်ဘဲ ဖြည်းဖြည်းလုပ်ရန်လိုကြောင်း မကြာခဏဆိုသလို ကျွန်ုပ် သင်ခန်းစာရခဲ့သည်။ လျင်မြန်စွာ ဆုံးဖြတ်ချက်ချမှတ်ခြင်း သို့မဟုတ် အလုပ်များပိုမိုပြီးစီးခြင်း စသည့်ဖိအားပေးမှုများ ကြုံတွေ့နေရချိန်တွင် တစ်စုံတစ်ခုမှားနေကြောင်း ကျွန်ုပ်ခံစားသိရှိပါက ကျွန်ုပ် နားချိန်လိုအပ်ပါသည်။ ကျွန်ုပ်တွေ့ကြုံနေရခြင်းအတွက်ဖြစ်စေ သို့မဟုတ် တခြားသူတို့၏ တုံ့ပြန်မှုများအတွက်ဖြစ်စေ ဂရုစိုက်စဉ်းစားရန် လိုအပ်ပါသည်။

ဖြည်းဖြည်းသက်သာလုပ်ခြင်းသည် ကျွန်ုပ်တို့အား ဘုရားသခင်၏ အသံတော်အပြင် ကျွန်ုပ်တို့ကိုယ်တိုင်၏ ရင်တွင်းဖွင့်အသံများနှင့် ကျွန်ုပ်တို့ ဦးဆောင်နေသော အဖွဲ့၏အသံများကို ကြားနာချိန်ရစေပါသည်။ စိတ်ကို တည်ငြိမ်မှုရှိစေသော ဝိညာဉ်ရေးကျင့်ဝတ်စည်းမျဉ်းများသည် ကျွန်ုပ်တို့ကိုယ်တိုင်၏ အသံရော ဘုရားသခင်၏အသံတော်ပါ ကြားသိစေရာ၌ ကူညီနိုင်ပါသည်။ ကျွန်ုပ်တို့၏စိတ်ကိုဖွင့်ပြီး ပါးစပ်ကိုပိတ်ရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့၏လုပ်ဖော် ဆောင်ဖက်များနှင့် ကျင်းတို့နှင့်ပတ်သက်သူများ ဝင်ရောက်လာ နိုင်မည်ဖြစ်ပြီး သိရှိခံစားခြင်းနှင့် ပြောဆိုဆွေးနွေးခြင်းပြုနိုင်ကြမည်ဖြစ်သည်။

ကျွန်ုပ်တို့မြင်သင့်သည်များ မြင်တွေ့နိုင်အောင်နှင့် ကြားသင့်သည်များ ကြားသိ ိုင်ရန်အတွက် အမြန်နှုန်းဖြင့် ပြေးလွှားနေရသော ကျွန်ုပ်တို့၏ တစ်နေ့တာအစီအစဉ်များကို ဖြည်းဖြည်းသက်သာပြုလုပ်ရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့အနေနှင့်တာဝန်ကို အဓိကထားသောအကျင့်ရှိသည်ဖြစ်စေ သို့မဟုတ် လူပုဂ္ဂိုလ်ကို အဓိကထားသော အကျင့်ရှိသည်ဖြစ်စေ၊ ကျွန်ုပ်တို့၏ ပုံမှန် အချိန်ဇယားကို ခဏဖယ်ထားပြီး မိနစ်အနည်းငယ်ဖြစ်၊ နာရီအနည်းငယ်ဖြစ်စေ သို့မဟုတ် ရက်အနည်းငယ်ပင်ဖြစ်စေ ကျွန်ုပ်တို့၌ လိုအပ်နေသောအရာကို ရှာဖွေခြင်း၊ နားထောင်ခြင်းပြုပါက အကျိုးရှိနိုင်ပါသည်။

နားထောင်ခြင်းအကြောင်းကို အခန်း(၇) တွင် အသေးစိတ်ဖော်ပြပါသည်။ ဤနေရာ၌ အရေးကြီးသည်မှာ လူတို့အား အချင်းချင်းသဟဇာတဖြစ်စေမည့် ခြေလှမ်းများဖြစ်သော နှလုံးသားများ၊ စိတ်များ၊ သတိများ၊ ပန်းတိုင်များ၊ ဖြစ်စဉ်များအား ဖြည်းဖြည်းသက်သာ အချိန်ယူစဉ်းစားခြင်းဖြစ်သည်။ တခြားသူတို့ ပြောသည်ကို ဂုစိုက်နားထောင်ပေးသောအခါ စိတ်ထဲ မအီမသာဖြစ်နိုင်ပါသည်။ ဟိုမရောက် ဒီမရောက်ဘဲ သက်သက်မဲ့အချိန်ဖြုန်းနေသည်ဟု ထင်ကောင်းထင် နိုင်ပါသည်။ သို့သော် အကျိုးရလဒ်မှာ ပိုမိုရှင်းလင်းသေချာခြင်းနှင့် ပိုမိုခွန်အား ရလာခြင်းဖြစ်ပေလိမ့်မည်။ ဖြည်းဖြည်းသက်သာလုပ်ပြီး နားထောင်ရန်လိုအပ်ခြင်း ကို ဂွင်းက ဤသို့ရှင်းပြသည်။

> အဖွဲ့အစည်း၏ ရင်တွင်းပွင့်အံ့သံ ကြားသိခြင်းသည် အသံသြဇာနှင့် ပြည့်စုံသော ူမြင်ပုံဖော်မှုတစ်ခုကိုဖွင့်ချရာ၌ အကူအညီဖြစ်ပါသည်။ ဤတာဝန်ကိုပြီးမြောက်စေရန် လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့တစ်ဖွဲ့ အနေဖြင့် အလုပ်တာဝန် အဓိကထားသော တွေးခေါ်မှုကို ိုက်ချိုးပစ်ရန် ဆန္ဒရှိရပေမည်။ ရင်တွင်းပွင့်အံ့သံကြားသိနိုင်ရန် ကြိုတင်ပြင်ဆင်မှု၊ သုံးသပ်ဆင်ခြင်မှုနှင့် သတိတို့လိုအပ်ပါသည်။ လူတို့အနေဖြင့် နားထောင်ရဲသော သတိ နှင့် ပြောင်းလဲခြင်း၌ ဆက်ကပ်မှုတို့ရှိကြပါက ရင်တွင်းပွင့်အံ့သံသည် ဦးတည်ချက်ကို ပေးလိမ့်မည်ဖြစ်သည်။[၁၁]

# ဆုတောင်းခြင်းသည် အကူအညီဖြစ်သည်

အရေးကိစ အများအပြား၌ ကျွန်ုပ်သည် တစ်စုံတစ်ခုဖြစ်ထွန်းရန် အလုပ်ကို ပင်ပင်ပန်းပန်းလုပ်ခဲ့သော်လည်း ရှေ့မတိုးနိုင်ဘဲ တန့်နေသည်ဟု အကြိမ်ကြိမ် ခံစားခဲ့ရသည်။ ထိုသို့သော အခြေအနေများ၌ ကျွန်ုပ်သည် စိတ်မသက်မသာဖြစ်ပြီး ပို သာ ကြိုးစားလုပ်ချင်စိတ်ဖြစ်ပေါ်ခဲ့သည်။ သို့သော် နောက်ပိုင်းတွင် ကျွန်ုပ် အလိုအပ်ဆုံးသောအရာသည် ခဏအနားယူခြင်းဖြစ်ကြောင်း သိရှိလာခဲ့သည်။ တန်ဖိုးထားသော အယူအဆ၊ လိုချင်သောရလဒ်၊ ဝန်ထမ်း၊ ဖြစ်စဉ်တို့ကို ခဏမေ့ ထားခြင်းသည် အကောင်းဆုံးသောလုပ်ရပ်ဖြစ်ပါလိမ့်မည်။ ထိုသို့ပြုခြင်းသည် ပထမ၌ ခက်ခဲနိုင်ပါသည်။

ထိုသို့ခက်ခဲသော လမ်းဆုံလမ်းခွရောက်ချိန်တွင် ဆုတောင်းခြင်းသည် အလွန်အကူအညီဖြစ်ကြောင်း ကျွန်ုပ် သိရှိလာရသည်။ အခက်အခဲ အတား အဆီးများကို ိုက်ချိုးပစ်နိုင်သောခွန်အား ပေးတော်မူပါရန် ဘုရားသခင်အား တောင်းခြင်း မဟုတ်ဘဲ သူ၏အလိုတော်ကိုနာခံရန် ဆုတောင်းခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ယေရှု၏ဘဝအတွေ့အကြုံမှ သင်ခန်းစာယူနိုင်ပါသည်။ ရောမစစ်သားများ ၏ ကြမ်းတမ်းရက်စက်စွာ ဆက်ဆံခံရခြင်း၊ ကားတိုင်ပေါ်တွင် အသတ်ခံရခြင်းတို့ကို ကြိုမြင်သောအခါ ဘုရားသခင်အား “မိမိအလိုအတိုင်း မဟုတ်ဘဲ ကိုယ်တော်ရှင်၏အလိုတော်အတိုင်း ဖြစ်စေပါ”ဟုပြောခဲ့သည် (တမန်တော် ၂၂း၄၂)။ ကျွန်ုပ်တို့အလိုရှိသည့် အတိုင်းဖြစ်စေရန် ဆုတောင်း ခြင်းမဟုတ်ဘဲ ဘုရားသခင်၏ အလိုတော်အတိုင်းဖြစ်စေရန် (ဘုရားသခင်၏ အလိုတော်ကို မသိသည့်တိုင်) ဆုတောင်းကြရမည်ဖြစ်သည်။

နောက်ထပ် ခြေလှမ်းတစ်ခုလှမ်းရန် ကျွန်ုပ်တို့ အဆင်သင့်ဖြစ်သောအခါ မမြင်မတွေ့နိုင်ခဲ့သောအရာများ မြင်တွေ့နိုင်ရန် အသိဉာဏ်ပညာအတွက်နှင့် ကျွန်ုပ်တို့ ရှောင်ရှားလာခဲ့သော အမှန်တရားကိုလက်ခံရန် ကျေးဇူးတော်အတွက် ဆုတောင်းနိုင်ပါသည်။ ထို့နောက် ကျွန်ုပ်တို့၏ လိုအင်ဆန္ဒနှင့် ဘုရားသခင်၏ အလိုတော်တို့ တစ်ပြေးညီဖြစ်စေရန် သို့မှသာ ဘုရားသခင်လိုလားတော်မူသော အကျိုးဆက်များကို ကျွန်ုပ်တို့ စစ်မှန်စွာလိုလားနိုင်စေရန် ဆုတောင်းနိုင်ပါသည်။ အထူးသဖြင့် အပြောင်းအလဲလုပ်ရန် လိုအပ်ပြီဟု ကျွန်ုပ်သိသောအခါ ရွတ်ဆိုလေ့ ရှိသော ကျွန်ုပ်တီထွင်ထားသည့်ဆုတောင်းချက်ရှိသည်။ ဤသို့ဖြစ်သည်–

> ကိုယ်တော်ဘုရား ကျွန်တော်မျိုး မြင်တွေ့ရန်လိုအပ်သောအရာကို တွေ့မြင်နိုင်ရန် မျက်စိကို ဖွင့်ပေးတော်မူပါ။ အမှန်တရားကို ရင်ဆိုင်ရဲ သော သတိ ကို ပေးသနားတော်မူပါ။ အသိပေးဖွင့်ချမှုအပေါ် ပြုမူ လုပ်ဆောင်နိုင်ရန် အားပေးသနားတော်မူပါ။

တစ်ခါက ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏လက်ရှိ လူငယ်လူမှုရိပ်သာတစ်ခုကို အားဖြည့်ပေးမည့် အစီအစဉ်သစ်တစ်ခုပြုလုပ်ရန် အဆင့်သင့်ရှိနေကြသည်။ အရာအားလုံး စနစ်တကျရှိသည်ဟု ယူဆကြသည်။ ခြွင်းချက်တစ်ခုတော့ ရှိသည်။ လက်ရှိအစီအစဉ်နှင့် အစီအစဉ်သစ်ကို မည်သို့ပေါင်းစည်းရမည်နည်းဟူသော အချက်နှင့်ပတ်သက် ကျွန်ုပ်တို့ သဘောတူညီမှုမရနိုင်ဖြစ်ပါသည်။ အစီအစဉ်တီထွင်သူနှင့် ကျွန်ုပ်တို့မကြာခဏ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ နှစ်ယောက်စလုံး စိတ်မချမ်းမသာဖြစ်ကြသည်။ တစ်ယောက်ယောက်က အလျှော့မပေးနိုင်ကြသည်ကို နားမလည်နိုင်ဖြစ်ကြသည်။ ထိုအခြေအနေမှ ကျွန်ုပ်သည် ခဏ နားထွက်ကာ နက်ရှိုင်းသိရလိုရငြား ဆုတောင်းလိုက်သည်။ ထိုအခါကျမှ ပြ နာသည် ကျွန်ုပ်တို့ နှစ်ဦးစလုံး လိုချင်နေကြသော ထိန်းချုပ်မှုဖြစ်ကြောင်း သဘောပေါက်လာပါသည်။ အတိုးအလျှော့ တစ်ခုခုလုပ်ရတော့မည်ကို ကျွန်ုပ်သိလိုက်သည်။ သိသည့်အတိုင်းလည်း လုပ်ခဲ့ပါသည်။ သို့သော် ကျွန်ုပ်အတွက် သိသာထင်ရှားလာသည်မှာ တန်ဖိုးထားရသော ထက်မြက်သည့်ဝန်ထမ်းသည် အလျှော့အတင်းလုပ်ချင်ပုံမရ သို့မဟုတ် လုပ်နိုင်မည်သူ မဟုတ်ဟူ ဖြစ်သည်။

မည်သူမျှ မနစ်နာစေဘဲ နှစ်ဦးနှစ်ဖက် နိုင်/နိုင် ဖြေရှင်းချက်(win-win solution) သို့မဟုတ်ဝင်း–ဝင်း ဖြေရှင်းချက်ဖြစ်စေရန် ကျွန်ုပ် တွေ့မြင်ရန် လိုအပ်သောအရာကို တွေ့မြင်စေတော်မူပါရန် ဆုတောင်းလိုက်သည်။ နောက်ဆုံးတွေ့ဆုံပွဲဖြစ်သည်။ ကျွန်ုပ်၏ လုပ်ဖော်ဆောင်ဖက်သည် သူ အဆိုပြုထားသော အစီအစဉ်မှလွဲ အလျှော့အတင်းလုပ်ရန် ဆန္ဒမရှိကြောင်း ထင်ရှားလာပါသည်။ ကျွန်ုပ်ဖြစ်စေချင်သည်နှင့် ပြောင်းပြန်ဖြစ်ကြောင်း ခံစားလိုက်သဖြင့် အရမ်းစိတ်ဓာတ်ကျသွားသည်။ သို့သော် တစ်ချိန်တည်းမှာပင် ကျွန်ုပ် ဆုတောင်းသံကို နားညောင်းတော်မူကြောင်း ကျွန်ုပ် သိလိုက်ရသည်။ ကျွန်ုပ်တို့၏ စိတ်ကူးအိပ်မက်သည် လက်တွေ့ဖြစ်လာနိုင်မည် မဟုတ်ကြောင်း သဘောပေါက်လိုက်သည်။ ၎င်းကို ကျွန်ုပ် လွှတ်လိုက်တော့မည်။ ထို့အတူ ဝန်ထမ်းလည်း ထွက်သွားရပါမည်။

သင်သည် ပြောင်းလဲခြင်းနှင့် နေးကန်နေရလျှင် သင်၏နှလုံးသားထဲ၌ ဘုရားသခင် ထည့်ပေးထားတော်မူသော အိပ်မက်များနှင့် မြင်ပုံဖော်မှုများအတွက် ဘုရားသခင်ထံ ဆုတောင်းပါ။ သင်၏ပြောင်းလဲခြင်းကို ကြောက်သောစိတ်ကို ဖယ်ရှားပေးရန်နှင့် သင်ရင်ဆိုင်ရမည့်အရာကို ပြသပေးရန် ဘုရားသခင်ထံ ဆုတောင်းပါ။ ယခု လိုအပ်နေသောပြောင်းလဲခြင်းများအတွက် နှစ်သိမ့်ကျေနပ်မှု၊ သတိ၊ ဏ်ပညာ၊ ခွန်အားနှင့် ကျေးဇူးတော်တို့အတွက် ဘုရားသခင်ထံ ဆုတောင်းပါ။ (ကျွန်ုပ်တို့အထဲ၌ အကျိုးပြုသော ပြောင်းလဲခြင်းများ ဖြစ်ထွန်းလာ

ရေးအတွက် ဘုရားသခင်ထံ ဆုတောင်းပါ။ ဤဥပမာကို ကော ၁း၉–၁၂ ၌ကြည့် ပါရန်)။ သင့်ဘဝ၌ ဤအထိ ပို့ဆောင်ပေးတော်မူသော ဘုရားသခင်နှင့် လာမည့် အနာဂတ်ကာလများအတွက် မျှော်လင့်ချက်များ ပေးသနားတော်မူသော ဘုရားသခင်ကို ကျေးဇူးတင်ပါ။

## စဉ်းစားရန်အချက်

ကျွန်ုပ်သည် စတားထရက် (Star Trek) ပြ်ရှင်ဇာတ်ကားကိုကြိုက်ပြီး ကြီးပြင်းလာခဲ့သည်။ ယူအက်စ်အက်စ်အင်တာပရိုက်စ် (USS Enterprise) နှင့် အခြားအာကာသယာဉ်များ အာကာသကြယ်စုများတစ်လျှောက် ပျံသန်းကြသော ပုံပြင်များ၊ ဂြိုလ်သားများနှင့် ရင်ဆိုင်တွေ့ကြပုံ၊ ကမ္ဘာသူကမ္ဘာသားများအား ကယ်တင်ရန် ကြိုးစားကြပုံများသည် ကျွန်ုပ်၏ စိတ်ကူးပုံရိပ်ကို ဖမ်းစားခဲ့ကြသည်။ ၎င်းတို့သည် ဘဝအသက်တာနှင့် ခေါင်းဆောင်မှုနှင့်ပတ်သက်ပြီး ကျွန်ုပ်၏ ကိုယ်ပိုင် ယုံကြည်မှုနှင့် တင်ကူးယူဆချက်များနှင့်ယှဉ်ပြီး ၎င်းတို့ကို မကြာခဏ စဉ်းစား သုံးသပ်လေ့ရှိသည်။ စတားထရက်၏ အပိုင်းတစ်ခုဖြစ်သော လာမည့် မျိုးဆက်ကိုကြည့်ပြီး ကျွန်ုပ်၏ပတ်ဝန်းကျင်ကို ထိန်းချုပ်လိုသော တိမ်းညွတ်မှုနှင့် ပြောင်းလဲခြင်းကိုအာခံသော တိမ်းညွတ်မှုတို့ကို စဉ်းစားသုံးသပ်စေခဲ့သည်။

မော့ဘ်(Moab)ဟုခေါ်သော စကြဝဠာပြင်ပ၌ရှိသော အာကာသထဲရှိ ဂြိုလ်တစ်ခုဖြစ်သော မော့ဘ်ဖော(Moab Four) ဂြိုဟ်၌ လူတို့နေထိုင်ရာ ကိုလိုနီ တစ်ခုကို အင်တာပရိုက်စ်ယာဉ်က တွေ့ရှိခဲ့သည်။ လွန်ခဲ့သော မျိုးဆက်ရှစ်ခုက ကိုလိုနီဝါဒီများ ၎င်းသို့ရောက်ရှိခဲ့ကြပြီး မျိုးရိုးဗီဇအရ စီမံထားသော ပြီးပြည့်စုံသော လူ့အဖွဲ့အစည်းတစ်ရပ် တည်ထောင်ရန် သွားခဲ့ကြခြင်းဖြစ်သည်။ ၎င်းသည် ယူတိုးပီးယား(Utopia)ဟုခေါ်သော စိတ်ကူးယဉ်ပြီးပြည့်စုံသော အသက်တာနှင့် စံပြရပ်ရွာအဖွဲ့အစည်းလည်းဖြစ်သည်။

ဇာတ်လမ်းအရ မော့ဘ်ဖော သို့မဟုတ် မော့ဘ်လေးဂြိုဟ်ရှိ လူသားများနှင့် ဂြိုဟ်တစ်ခုလုံး ဖျက်ဆီးပစ်သည့်အန္တရာယ်အကြောင်း အင်တာပရိုက်စ် အာကာသ ယာဉ်မှူးများက တွေ့ဆုံ သတိပေးရမည်ဖြစ်သည်။ သို့သော် ကိုလိုနီသမားများက အင်တာပရိုက်စ်ယာဉ်မှူးများနှင့် ဆက်သွယ်ရန်ငြင်းဆန်ခဲ့ကြသည်။ ၎င်းတို့၏ ပြီးပြည့်စုံသော ကမ္ဘာ၏အရေး၌ ပြင်ပမှဝင်ရောက်စွက်ဖက်မှုမှန်သမျှကို မကြိုက်ကြပေ။ သူတို့ဖန်ဆင်းထားသော အသက်တာဘဝ ဘက်ညီမှုကို ဖျက်ဆီး စေမည့်အရာဟူသမျှကို ဆန့်ကျင်ကြသည်။

ကံမကောင်းအကြောင်းမလှစွာ သူတို့၌ ရွေးချယ်စရာမရှိပေ။ အန္တရာယ်က ချဉ်းကပ်လာနေပြီ၊ တစ်ခုခုတော့ လုပ်ရတော့မည်ဖြစ်သည်။ နောက်ဆုံးတွင် ကိုလိုနီ ခေါင်းဆောင်များက အခြေအနေမှန်ကို သိရှိခဲ့ကြပြီး ၎င်းတို့၏ဂြိုဟ်

ကာကွယ်ရေးအတွက် စီစဉ်ကြံဆရန် အာကာသယာဉ်မှူးများအား ဆင်းသက်ခွင့်ပေးကြသည်။ဒေသခံလူများနှင့် ယာဉ်မှူးများ ထိတွေ့ဆက်ဆံမှုများမလွဲမသွေရှိခဲ့ရာမှ မျှော်လင့် မထားသောအရာများလည်း ဖြစ်ပေါ်လာကြသည်။

ပထမဦး ကိုလိုနီသမားအများအပြားက သူတို့၏ ဖိနှိပ်ချုပ်တည်းခြင်းခံရသော ပြီးပြည့်စုံသည့်ကမ္ဘာကလေးမှ အပြင်သို့ထွက်သွားချင်သောဆန္ဒကို ဖော်ပြလာကြသည်။ ထို့နောက် ပျက်ကိန်းဆိုက်တော့မည့် ဂြိုဟ်ကလေး၏ လွတ်မြောက်ရာလမ်းကို ကမ္ဘာသားများ၏ နည်းပညာအပေါ် အပြည့်အဝမှီခိုရန်ဖြစ်သည်။ အပြစ်အနာအဆာမရှိဘဲ မွေးဖွားလာရသော ကိုလိုနီသမားများက လုံးဝမစဉ်းစားဖူးသော အရာဖြစ်သည်။ အင်တာပိုက်စ်ယာဉ်မှူးများသိရှိနားလည်သော ခေတ်မီနည်းပညာကို ကိုလိုနီသမားများက တီထွင်ကြံဆခြင်းမရှိခဲ့ဖူးကြချေ။

မျှော်လင့်ထားသည့်အတိုင်း နောက်ဆုံးတွင် ဂြိုဟ်ကိုကာကွယ်နိုင်ခဲ့ကြသည်။ သို့သော် ကယ်တင်မှု၏ရိုက်ခတ်ဒဏ်က မေးခွန်းတစ်ခု ချန်ထားလိုက်သည်။ ကိုလိုနီနယ်သားများအနေနှင့် သူတို့၏ပြီးပြည့်စုံစွာဖန်ဆင်းထားသော ကမ္ဘာလေးကို ဆက်လက်ထိန်းသိမ်းခြင်း ပြုသင့် မပြုသင့်ပြ နာကို ရင်ဆိုင်ရင်း ဇာတ်လမ်းကပြီးဆုံးသွားသည်။ သူတို့သည် လက်ရှိအခြေအနေကို ထိန်းသိမ်းပြီး မကြာသေးမီက ကြုံတွေ့ခဲ့ကြသော အကျိုးကျေးဇူးများကို ထိန်းသိမ်းခံစားနိုင် ကြသည်။ သို့မဟုတ် သူတို့၏ ကိုလိုနီကို ထိန်းချုပ်ထားမှုများကို ဖြေလျှော့ပေးနိုင်သည်။ ပြောင်းလဲခြင်းများ၏ အကျိုးကျေးဇူးများကိုရရှိခံစားရန် စွန့်စားမှုယူနိုင်သည်။ ပိုမိုကြွယ်ဝသော အသိပညာနှင့် ပုဂ္ဂိုလ်ရေးကျေနပ်မှုများကို ပိုမိုကြီးမားသော လွတ်လပ်မှု၏ ရလဒ်အဖြစ်ရရှိခံစားနိုင်ကြသည်။ ပြောင်းလဲခြင်းများကြောင့် ပေါ်ပေါက်လာသော ကုန်ကျစရိတ်များနှင့် ဆိုးကျိုးများထက် ကောင်းကျိုးရလဒ်များက များစွာသာလွန်မည်ဖြစ်သည်။

သင်သည် မည်သို့သော အဖွဲ့အစည်းကို ဦးဆောင်ချင်ပါသနည်း။ အနာဂတ်ရူမြင် ပုံဖော်မှုသေးသေးနှင့် စွန့်စားမှုကင်းမဲ့ပြီး ပန်းတိုင်ကို တစ်နှစ်၊ ၂ နှစ်အတွင်း ရရှိနိုင်သော အဖွဲ့အစည်းသေးသေးလေးလော။ သို့မဟုတ် သင်းအုပ်ဆရာနှင့် စာရေးဆရာဖြစ်သော ဟင်နရီဘလက်ကာဘီ(Henry Blackaby) ပြောနေသော အလွန့်အလွန်ကြီးမားပြီ သင်တစ်ဦးတည်း၏ခွန်အားဖြင့် ပြီးမြောက်စေနိုင်ခြင်းမရှိသော စွန့်စားမှုဖြင့် ပြီးသည့်အဲ့ဖွယ်ဖြစ်တန်ရာချေအမြောက်အမြားရှိသော "ပါ္ခ " ရူမြင်ပုံဖော်မှုကို ဖန်တီးတည်ဆောက်ရန် ဆန္ဒရှိပါ၏လော။

# ပြန်လည်သုံးသပ်ရမည့် မေးခွန်းများ

တစ်ဖြည်းဖြည်းသေနေသော အသက်တာကို ရှောင်ရှားလိုသော ခေါင်းဆောင်တစ်ဦး၏ အသက်တာ၌ အချို့အချိန်များ၌ နက်ရှိုင်းသော ပြောင်းလဲခြင်းသည် အဓိကဖြစ်သည်။ ၄င်းသည် နားထောင်ခြင်းကို သင်ယူခြင်းမှ အစပြုပြီး ကျွန်ုပ်တို့ ရင်ဆိုင်ရန်လိုအပ်နေသော အမှန်တရားကို သိရှိသဘော ပေါက်ရာမှ ပေါ်ပေါက်လာသော လက်တွေ့လုပ်ဆောင်မှုပြုခြင်း၌ အဆုံးသတ် ပါသည်။ သင်၏နေ့စဉ် မှတ်တမ်း၌ဖြစ်စေ သို့မဟုတ် အောက်တွင်ပေးထားသော နေရာလွတ်(ကွက်လပ်) ၌ဖြစ်စေ အောက်ပါမေးခွန်းများကို စဉ်းစားသုံးသပ်ခြင်းပြုပါ။ အဖွဲ့ဝင်များအား နက်ရှိုင်းစွာစဉ်းစားနိုင်ရန်နှင့် တစ်ဦးချင်း၏အဖြေများကို အချင်းချင်းလေးနက်စွာ နားထောင်ပေးနိုင်စွမ်းရည်ကို တိုးတက်ခိုင်မာစေရန် တို့အတွက် အခန်း(၁)တွင် မိတ်ဆက်ပေးထားသော သုံးစုတစ်ဖွဲ့(triad) ပုံစံကို အသုံးပြုပါ။

- ဖြည်းဖြည်းသေနေခြင်း အတွေ့အကြုံကို ကျွန်ုပ်ခံစားကြုံတွေ့ရသောအချိန်ကို ပြန် စဉ်းစားသောအခါ ကျွန်ုပ်၏အတွင်းအတ နှင့် ပြင်ပကမ္ဘာတို့၌ သဟဇာတ ကင်းမဲ့မှု၏ ရလဒ် အဖြစ်တွေ့ရပါသည်။ ထိုအခါ ပြောင်းလဲခြင်းအတွက် ကျွန်ုပ်၏ရင်တွင်းခေါ်သံကို နားမထောင်ဘဲ မတုံ့ပြန်ရအောင် မည်သည့်အရာက ကျွန်ုပ်အားပြုခဲ့သနည်း။

- တာဝန်အဓိကထားသော တွေးခေါ်မှု(ကျွန်ုပ်၏အသက်တာ သို့မဟုတ် အလုပ်၌ ပုံမှန်ပုံသေဖြစ်သည်)ကို ဂိုက်ချိုးပစ်ပြီး အချိန်အခိုက်အတန့်တစ်ခုပေးကာ ပြောင်းလဲခြင်းအတွက် သုံးသပ်ခြင်း၊ ဆုတောင်းခြင်း၊ နားထောင်ခြင်းနှင့် သတိစုစည်းခြင်း စသည်တို့အတွက် ကျွန်ုပ် ဘာလုပ်နိုင်သနည်း။

– ယခုအချိန်တွင် ကျွန်ုပ်အထဲ၌ မည်သည့်ပြောင်းလဲခြင်းကို ဘုရားသခင်ဖြစ်စေတော်မူပါသနည်း။ သို့မဟုတ် ကျွန်ုပ်၏ စိတ်ရောကိုယ်ပါ ပတ်သက်ပါဝင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဖြစ်စေရန် မည်သည့်အရာများ လိုအပ်ပါသနည်း။

– ကျွန်ုပ်၏နှလုံးသားထဲ၌ရှိနေသော "ပါ" သို့မဟုတ် ပုံဖော်"မြင်မှုတစ်ခုကို လိုက် လျှောက်လုပ်ဆောင်နိုင်ရန် ကျွန်ုပ်၏အသက်တာဘဝထဲမှ လွတ်မြောက်မှုကိုပေး မည့်အရာကား အဘယ်နည်း။

# အခန်း (၇)

# ကောင်းစွာနားထောင်ခြင်း

## ခေါင်းဆောင်မှုကျင့်ထုံး

ကောင်းစွာနားထောင်ခြင်းဖြင့် ဦးဆောင်ပါ

## စိတ်ဝိညာဉ်ရေးအခြေခံမှု

အသင်းအဖွဲ့သားအသီးသီးအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်သည် စကားပြောတော်မူပြီး အလုပ်လုပ်တော်မူသည်

''ခင်ဗျားလိုချင်တဲ့အရာကို ရရှိဖို့ ခင်ဗျားမှာ နည်းလမ်းရှိနေတာပဲ'' ဟု ကျွန်ုပ်အား မိတ်ဆွေတစ်ဦးက ပြောခဲ့ဖူးသည်။ ပထမ၌ ၎င်းကို ချီးကျူးခြင်းအဖြစ် ယူဆပြီးနောက် ထပ်မံစဉ်းစားလိုက်သည်။ ရလဒ်ကောင်းများ ရရှိနိုင်သော စွမ်းရည်အပေါ် ကျွန်ုပ်အား သဘောကျချီးကျူးခြင်းလော သို့မဟုတ် ကျွန်ုပ်၏ အစီအစဉ်တစ်ခုတည်းကိုသာ တွန်းအားပေးနေမှုကြောင့် အားလုံးက လက်မြှောက်ပြီး ကျွန်ုပ်အစီအစဉ်ကို လက်ခံကြခြင်းလော စသဖြင့် ချင့်ချိန် တွက်ဆခဲ့သည်။

နောက်မိတ်ဆွေတစ်ယောက်က ကျွန်ုပ်အား ''ခင်ဗျားဟာ ခေါင်းဆောင် လုပ်မှ ကျေနပ်မဲ့ ပုဂ္ဂိုလ်ပဲ''ဟု ကောက်ချက်ချခဲ့သည်။ ကျွန်ုပ်၏ ကမကထပြုမှု သို့မဟုတ် ဦးဆောင်မှုကို အသိအမှတ်ပြုခြင်းလော သို့တည်းမဟုတ် တခြားလူ တို့အား ဩဇာလွှမ်းမိုးခြင်းနှင့် အခြားအဖွဲ့များအား 'သိမ်းပိုက်ခြင်း'ကြောင့် ကျွန်ုပ်အား အပြစ်တင်ခြင်းလော။

နောက်လုပ်ဖော်ဆောင်ဖက်တစ်ဦးက ကျွန်ုပ်နှင့် သဘောချင်း မတိုက်ဆိုင်မှုကို လအတန်ကြာဖြေရှင်းရန် ကြိုးစားသော်လည်း မအောင်မြင်သည့် အဆုံး ကျွန်ုပ်အား ''တော်တော်ခေါင်းမာတဲ့လူပဲ'' ဟုပြောခဲ့သည်။ စိတ်ထဲမှ ကျွန်ုပ်၏ ချက်ချင်းတုံ့ပြန်မှုမှာ ''ကျေးဇူးတင်ပါတယ်'' ဟူ ဖြစ်သည်။ ပြီးမှ ကျွန်ုပ် ထပ်စဉ်းစားသည်။ အခြားပုဂ္ဂိုလ်များ၏ထင်မြင်ယူဆချက်များ၊ အကျိုးစီးပွားများ၊ အကြံပြုချက်များကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုဘဲ မိမိ၏ရပ်တည်မှုကို အတင်းဖက်တွယ် ဆုပ်ကိုင်ထားသူဟုဆိုလိုခြင်းဟုတ်ပါ၏လော။

အဖွဲ့အစည်း၏ စီအီးအိုများ၊ အမှုဆောင်ဒါိုက်တာများ၊ ဝါရင့် သင်းအုပ်ဆရာကြီးများ သို့မဟုတ် အဆင့်မြင့်အုပ်ချုပ်စီမံရေးမှူးများအနေနှင့် မိမိဆန္ဒကိုသာ အဓိကထားသူများနှင့် ဆရာကြီးလုပ်သူများအဖြစ် မကြာခဏ ဂုဏ်သတင်းကြီးကြသည်။ ကျွန်ုပ်တို့အား အောင်မြင်မှုသို့ ရောက်ရှိစေသော အကျင့်စရိုက်များသည် အချို့ပုဂ္ဂိုလ်များအတွက် အချို့အခြေအနေများ၌ မနှစ်မြို့စရာ၊ စိတ်အနှောင့် အယှက်ဖြစ်စရာနှင့် မကျေနပ်စရာများဖြစ်စေနိုင်ပါသည်။ ကျမ်းစာလာတန်ဖိုး တရားများ၊ သွန်သင်ချက်များနှင့်ဆန့်ကျင်ပြီး တခြားလူတို့အား ကျွန်ုပ်တို့ နာကျင်မှုဖြစ်စေကြသည်။

မိမိတို့၏ဦးဆောင်မှု၌ အောင်မြင်မှုဖြစ်စေသော အမျိုးမျိုးသော အရည်အသွေးများ၊ ပုဂ္ဂိုလ်ရေးစရိုက်လက္ခဏာများနှင့် စွမ်းရည်များနှင့် အသားကျ သွားသော ခေါင်းဆောင်များအနေနှင့် အထိရောက်ဆုံးနှင့် အထက်မြက်ဆုံး ဖြစ်ရန်အတွက် အခြားသူတို့နှင့်အတူ အလုပ်လုပ်ရာတွင် ၎င်းတို့ကိုလည်း ထည့်သွင်းစဉ်းစားရမည့်အပြင် နှိမ့်ချကျိုးနွံမှုနှင့် မိမိကိုယ်ကိုယ် သိရှိရန် လိုအပ်မည်ဖြစ်သည်။ ကျွန်ုပ်တို့အနေနှင့် ''ကျွန်ုပ်တို့ကိုယ်တိုင် ဖြစ်နေခြင်း ကြောင့် (being ourselves) အောင်မြင်မှုရကြမည်ဟု မယူဆသင့်ပေ။ ထိုသို့ယူဆပါက ကျွန်ုပ်တို့နှင့်အတူ အလုပ်လုပ်နေသူတို့အား ဂုမစိုက်ကြောင်း ပြသရာရောက်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် လုပ်ဖော်ဆောင်ဖက်များ၊ ိုးဝန်ထမ်းများနှင့် လုပ်အားပေးများနှင့် တစ်ဖွဲ့တည်းဖြစ်ခဲ့ကြလျှင် သူတို့လည်း အဖွဲ့အစည်းအောင်မြင်မှုကို လိုလားသူများဖြစ်ကြသဖြင့် လုံလောက်စွာ လေးစားမှု ပြုခြင်း၊ နားထောင်ပေးခြင်းများ ပြုလုပ်ရမည်ဖြစ်သည်။

## လိုအပ်သောနေရာ

*ကောင်းစွာနားထောင်ခြင်းဖြင့် ဦးဆောင်ပါ*

အလွန်ထိရောက်ထက်မြက်သော အဖွဲ့အစည်းခေါင်းဆောင်များအနေနှင့် အောင်မြင်မှုဟူသည် အသင်းအဖွဲ့လုပ်ငန်းဖြစ်ကြောင်း သတိရရန်လိုပါသည်။ ကျွန်ုပ်တို့သည် ခေါင်းဆောင်ဖြစ်သဖြင့် အားလုံးအဆင်ပြေသွားမည် သို့မဟုတ်

ဆုံးဖြတ်ချက်ချမှတ်ရာ၌ ကျွန်ုပ်တို့အား အခြားသူတို့ အကူအညီမလိုအပ် စသဖြင့် ယူဆပါက အမြော်အမြင်ကင်းမဲ့ရာကျမည်ဖြစ်သည်။

အောင်မြင်သောခေါင်းဆောင်များသည် လမ်းထွင်သူများသာမဟုတ်ဘဲ အဖွဲ့အစည်း အကျိုးအတွက် အလုပ်နှင့်သင့်လျော်သူ၊ ကျွမ်းကျင်မှုရှိသူ၊ စိတ်ဝင်စားမှုရှိသူနှင့် စိတ်အားထက်သန်သူများကိုလည်း သိမ်းသွင်းစည်းရုံးကာ လုပ်စေသူလည်း ဖြစ်ကြသည်။ တစ်ခါတစ်ရံ အလုပ်တာဝန်တစ်ခုနှင့်ပတ်သက် မိမိထက် ကျွမ်းကျင် တတ်မြောက်သူရှိပါက သူ့နောက်သို့လိုက်ခြင်းသည် တစ်ခါတရံ အကောင်းဆုံး ခေါင်းဆောင်မှုဖြစ်ကြောင်းတွေ့ရသည်။ အဖွဲ့အစည်းအတွင်း လုပ်ဖော်ဆောင်ဖက်များအဖြစ် မည်သည့်အဆင့်အတန်း၌ရှိကြစေကာမူ သူတို့ကို တန်ဖိုးထားရန်လိုအပ်ပါသည်။ အသင်းသားတစ်ဦးစီသည် အသင်းအဖွဲ့တစ်ခုလုံး အတွက် သူတို့နည်းသူတို့ဟန်ဖြင့် ပေးဆောင်နိုင်သော အရည်အချင်းရှိသူများ ဖြစ်ကြသည်။ သူတို့တစ်ဦးချင်းစီ၏ အကျိုးပြုပါဝင်မှုမရှိပါက အလုပ်၌ နစ်နာဆုံးရှုံးမှု ရှိနိုင်သည်။ ဝန်ထမ်းများအတွင်း ခွန်အားစုစည်းမှုရှိစေရန် တစ်ဦးချင်း၏ ဖြစ်နိုင် ခြေများကို စုစည်းပြီး စီမံခန့်ခွဲမှုပညာရှင် စတီဖင်ကော်ဗီ (Stephen Covey) ပြောသော ၁ + ၁= ၂ မဟုတ်ဘဲ ၁+၁=၃ ကို ရရှိနိုင်မည်ဖြစ်သည်။

လက်တွေ့ကျကျပြောရလျှင် လူမှန်နေရာမှန်အနေအထားတွင်ရှိသည်ဟု ယူဆခြင်းဖြင့် ကျွန်ုပ်တို့သည် အကောင်းဆုံးနားထောင်သူများဖြစ်ပြီး ုးဝန်ထမ်းများကို အတည်ပြုလက်ခံရာကျပါသည်။ နားထောင်ကောင်းသော ခေါင်းဆောင်များအနေနှင့် အသင်းသားများနှင့် အခြားသူတို့ထံမှ တစ်ဦး ချင်းစီ၏ ထူးခြားသော အသိပညာ၊ အတွေ့အကြုံနှင့် အမြင့်ူထောင့် တို့ကိုအခြေပြုပြီး အသိညဏ်ပညာနှင့် နက််ုင်းသိများ ရရှိနိုင်ပါသည်။

နားထောင်ခြင်းသည် စကားစမြည်ပြောတိုင်း အသုံးချရမည့် ကျွမ်းကျင်မှုဖြစ်သည်။ သို့သော် ဝန်ထမ်းအားလုံကို ကြားနိုင်ရန်နှင့် ၄င်းတို့အကောင်းဆုံးအကျိုးပြု ပါဝင်နိုင်ရန် အခြေခံဖွဲ့စည်းတည်ဆောက်မှုများနှင့် အခွင့်အလမ်းများ ဖန်တီးပေးရန် ကျွန်ုပ်တို့ လုပ်ဆောင်နိုင်ပါသည်။ အကြံပြုစာသေတ ာမျိုး ကျွန်ုပ်တို့ စီစဉ်နိုင်ပါသည် (ကောင်းသောအကြံ ဏ်များကို လူသိမခံဘဲ ဝေငှနိုင်ရန်)။ အဖွဲ့အစည်း ၏ မဟာဗျူဟာစီမံကိန်း ဝန်ထမ်းများကို အဆင့်အားလုံးတွင်ပါဝင်ခွင့်ပြုနိုင်ပါ သည်။ ပေါ်လစီအပြောင်းအလဲများပြုသောအခါ အထူးအာုံစိုက်သည့်အဖွဲ့များဖွဲ့ပြီး တိုင်ပင်ဆွေးနွေးစေနိုင်သည်။ ဌာနဆိုင်ရာ ပြ နာများနှင့် အစုအဖွဲ့ပြ နာများကို အကောင်းဆုံးဖြေရှင်းနိုင်မည့် ၄င်းတို့ကိုယ်တိုင်၏အကြံပြုချက်များ ပေးကမ်းနိုင်သည်။

တစ်ခါက မိသားစုမျှော်လင့်ခြင်းအဖွဲ့သည် အဖွဲ့ပိုင်ုံးများ ပြောင်းရွှေ့ရေး အတွက် အုပ်ချုပ်စီမံရေးလက်ထောက်များအားလုံးကို ဖိတ်ခေါ်ပြီး အကြံညဏ်

တောင်းခဲ့သည်။ သူတို့သည် အမှုဆောင်အရာရှိများထက် ႏုႏ်အချိန် အများဆုံးလုပ်နေရ သူများဖြစ်သည်။ တယ်လီဖုန်းသုံးစွဲခြင်းနှင့် ရက်အားနေ့များ သုံးစွဲခြင်းတို့နှင့်ပတ် သက် ပြ နာတက်လာသောအခါ အုပ်ချုပ်စီမံရေးအဖွဲ့သည် ပြ နာ ဖြေရှင်းရန် ကြိုးပမ်းမှုများကို အထက်စီးဖြင့် ပြုလုပ်ခဲ့သည်။ သို့သော် ပြေလည်ခြင်း မရှိပါ။ သို့နှင့် အုပ်ချုပ်စီမံရေးလက်ထောက်များကို နောက်ဆုံးတွင် ခေါ်ပြီး ဖြေရှင်းခိုင်းခဲ့သည်။ အမှုဆောင်အရာရှိများ တင်ပြသည်ထက် ပိုမိုကောင်းမွန် သောဖြေရှင်းနည်းကို ၎င်းတို့တင်ပြနိုင်ခဲ့သည်။ ယင်းကြောင့် ပါဝင်ပတ်သက်သူ အားလုံး ပိုမိုစိတ်ချမ်းမြေ့သွားကြပြီး ပိုမိုကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုကိုပါ ရရှိခဲ့သည်။

ကျွန်ုပ်တို့ကိုယ်တိုင်၏အကြောင်းများ၊ ကျွန်ုပ်တို့အတွက် အရေးပါသော အကြောင်းအရာများနှင့်ပတ်သက်ပြီး အမှန်တရားကို တီးတိုးပြောပြသော ရင်းတွင်းအသံများ သင်နှင့် ကျွန်ုပ်၌ရှိသကဲ့သို့ ကျွန်ုပ်တို့နှင့်အတူ လုပ်နေသူများ၊ အဖွဲ့အစည်း၊ အသင်းတော် သို့မဟုတ် အသင်းအဖွဲ့ တစ်ခုလုံးတို့၌လည်း အတွင်း အသံများရှိကြပါသည်။ ခေါင်းဆောင်များအနေနှင့် နားထောင်သူများဖြစ်လာကြ သောအခါ တခြားသူတို့နှင့်အဖွဲ့အစည်းအတွင်းသံများကို ကြားသိသဘောပေါက် လာနိုင်ကြလျက် သူတို့၏လုပ်ဖော်ဆောင်ဖက်များ၏ အသိပညာနှင့် အတွေ့အကြုံ တို့မှလာသော နက်႐ႈိင်းသိကိုပါ သိရှိနိုင်ကြသည်ဟု ရောဘတ်ဂွင်းကပြောသည်။ ၁ ကျွန်ုပ်တို့အတစ်ဦးချင်း၏ရင်းတွင်းအသံများသည် အမှန်တရားနှင့် ဏ်ပညာလမ်းညွှန်အဖြစ် အားကိုးအားထားထိုက်သဖြင့် အဖွဲ့အစည်းတစ်ခုလုံး အတွက်လည်း အားကိုးထိုက်သည်ဖြစ် တစ်ဦးချင်းစီ၏ နက်႐ႈိင်းသိထက် အစုအဖွဲ့၏နက်႐ႈိင်းသိသည်လည်း ပိုမိုကြီးမားပြီး ပိုမိုအားကိုးအားထား ထိုက်ပေးသည်။

ခံစားသိရှိခြင်းသည် အစစ်အမှန်တရားဖြစ်သည် (perception is reality) ဟူသောစကားကို သင်ကြားဖူးနားဝ ဖြစ်ပေလိမ့်မည်။ ႏုဝန်ထမ်းများက ပြ နာ တစ်ခုခုရှိသည်ဟု ခံစားသိရှိကြပါက ပြ နာရှိနေပါသည်။ ခေါင်းဆောင်များက နားထောင်ပြီး ကိုင်တွယ်ဖြေရှင်းချိန်ပေးသည်အထိ ပြ နာအဖြစ်ရှိနေမည် ဖြစ်သည်။ တစ်ခါတရံ ခေါင်းဆောင်က ဖြေရှင်းချက်ကို သိရှိသော်လည်း လက်တွေ့လုပ်ဆောင်မှုနှင့် ပိုမိုနီးစပ်သောသူတို့မှာ ႏုဝန်ထမ်းများဖြစ်ကြသည်။ အမှုဆောင်အရာရှိများ သို့မဟုတ် အထက်အရာရှိကြီးများ စဉ်းစားခဲ့ဖူးခြင်းမရှိသော စိန်ခေါ်ချက်များ၏ လက်တွေ့ကျသည့်ဖြေရှင်းချက်များကို ဖောက်သည်များ သို့မဟုတ် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများနှင့် အနီးကပ်ဆုံးရှိသူများဖြစ်သည့် ဝန်ထမ်းများက တစ်ခါတရံ ပေးစွမ်းနိုင်ကြသည်။ သို့ဖြစ် နက်႐ႈိင်း သိပေးသောအသံများကို ကောင်းစွာနားထောင်ခြင်းသည် အဖွဲ့အစည်း၏ လုပ်ငန်း

တာဝန်ပြီးမြောက်စေရာ၌ အသင်း၏ဦးဆောင်မှုကို များစွာအထောက် အကူဖြစ်စေပြီး အထူးသဖြင့် ကြီးမားသောပြောင်းလဲခြင်းသို့ ပို့ဆောင်မည့် သိရှိခြင်းဖြစ်စဉ်အားကြီးစွာ အထောက်အကူပြုမည် ဖြစ်သည်။

ဝမ်းနည်းစရာကောင်းသည်မှာ ကျွန်ုပ်တို့ မကြာခဏ နားမထောင်ကြခြင်း ဖြစ်သည်။

ကျွန်ုပ်တို့ မကြာခဏ ကောင်းစွာနားထောင်ခြင်းမရှိသည့် အဓိက အကြောင်းမှာ ကျွန်ုပ်တို့ကိုယ်တိုင်၏ စိတ်ကူးစိတ်သန်းများ၊ အိပ်မက်များ၊ မိမိတို့အရေးကိစ ၌ နစ်မြုပ်နေခြင်းများ၊ ရည်မှန်းချက်များနှင့် ပန်းတိုင်များကိုသာ အလေးထားကြခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ တွေးသလိုလုပ်သလို လူတိုင်းကို သွေးဆောင်ခြင်း သို့မဟုတ် အတင်းလုပ်ခိုင်းခြင်းပြုလုပ်တတ်ကြသည်။ အလုပ်တာဝန်ပြီးမြောက်ရေးအတွက် သဘောိုးဖြင့် ထိုသို့ပြုလုပ်ရခြင်း ဖြစ်သော်လည်း ကျွန်ုပ်တို့၏ လုပ်နည်းလုပ်ဟန်သည် ကျွန်ုပ်တို့ကျဆုံးရေးအတွက် အာမခံချက်ဖြစ်သွားနိုင်ပေသည်။

အကြိမ်ပေါင်းမြောက်မြားစွာ၌ ကျွန်ုပ်တို့နားထောင်ရန်ပျက်ကွက်ပြီး တခြားသူတို့ အပေါ် အတင်းအဓမ္မပြောင်းလဲရန် ကြိုးပမ်းသောအခါ အာခံကြမည်ဖြစ်သည်။ ၎င်းတို့၏ဆန့်ကျင်မှုကို ပွင့်လင်းစွာပြောဆိုခြင်း သို့မဟုတ် သွယ်ဝိုက် ဆန့်ကျင်ပြောဆိုခြင်းပြုကြပြီး လက်ဦးယူမှု အသစ်များ (အစပြုမှု အသစ်များ) ဆန့်ကျင်ရေးကိုပြသကြမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ညွှန်ကြားချက်များကို လျစ်လျူရှုခြင်း၊ ကျွန်ုပ်တို့နောက်ကွယ်၌ အယူအဆသစ်သည် မကောင်းကြောင်း၊ အလုပ်ဖြစ်မည်မဟုတ်ကြောင်း ပြောဆိုနိုင်ပါသည်။ အစီအစဉ်သစ်၏ဆန့်ကျင် ဘက်ကို ကြံရွယ်လုပ်ဆောင်နိုင်ကြသည်။ အကြံကောင်းမဟုတ်ကြောင်း ပြသသည့်အနေဖြင့် ၎င်းမအောင်မြင်ရန် သိလျက်ဖြစ်စေ၊ မသိမသာဖြစ်စေ လုပ်ဆောင်နိုင်ကြသည်။

အခန်းထဲရှိ လူအသီးသီးသည် ကျွန်ုပ်တို့၏အယူအဆများအနက် အနည်းဆုံး တစ်ခုကို လက်ခံကြသည်ဟူသော အတွေ့အကြုံမျိုး ကျွန်ုပ်တို့ ခံစားဖူးကြမည် ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့ရှေ့သို့ ဆက်လက်ချီတက်ရန် ကြိုးစားသောအခါ အဟန့်အတားခံရသည်ကို ကြုံတွေ့ကြရသည်။ သို့သော် ခေါင်းဆောင်မှုဟူသည် အလွန်စိတ်ပျက်ဖွယ် ကောင်းသော အရာမဟုတ်ကြောင်း ကျွန်ုပ်သိရှိလာခဲ့သည်။ ကောင်းစွာ နားထောင်တတ်လေ တခြားလူတို့ ပိုမို လေးစားခြင်းခံရသည်ဟုခံစား ရေလေဖြစ်ပြီး အတွေးအခေါ်သစ်များ၊ ႏူထောင့် အသစ်များ ပိုမိုဖွင့်ပေးလေဖြစ် လျက် မှားယွင်းသော တံခါးများ ပိုမိုပိတ်သွားလေ ဖြစ်ပေမည်။ ဆိုလိုသည်မှာ အသင်းအဖွဲ့ သားများ၏ပြောကြားချက်များကို ပိုမိုသတိကြီးစွာထား နားထောင်လေ ကျွန်ုပ်တို့အတွက် အကောင်းဆုံးလမ်းကို

ရွေးချယ်တတ်လေဖြစ်ပြီး ကျွန်ုပ်တို့၏ ဏ်ပညာလည်း ပိုမိုကြီးထွားလာလေဖြစ်ကာ အခြားပုဂ္ဂိုလ်များကလည်း ကျွန်ုပ်တို့နှင့် ပိုမိုပူးပေါင်းလုပ်ဆောင်လာလေဖြစ်လျက် ကျွန်ုပ်တို့လျှောက်သော လမ်းကို ပိုမိုလိုက်လျှောက်လေ ဖြစ်သွားပေမည်။

တစ်ခါတရံ လက်တွေ့ဖြစ်ရပ်မှန်များကို ကျွန်ုပ်တို့ထက် ပိုမို အတွေ့အကြုံရှိသော သူများ သို့မဟုတ် အထောက်အထား ပိုမိုကြွယ်ဝများထံမှ ပိုမိုတိကျမှန်ကန်စွာ သိရှိနိုင်ပါသည်။ ပြောသူ၏အသက်အရွယ်၊ ယောကျ်ားမိန်းမ၊ လူမျိုး အဖွဲ့အစည်းအတွင်း ရာထူးအနေအထား စသည်တို့ကိုမခွဲခြားဘဲ ပြောပြသော အမှန်တရားများကို ကောင်းစွာနားထောင်ခြင်းဖြင့် ကျွန်ုပ်တို့ကိုယ်တိုင်အတွက်ဖြစ်စေ၊ အဖွဲ့အစည်းအတွက်ဖြစ်စေ၊ အချိန်၊ စွမ်းအား၊ အရင်းအနှီးများ ဖြုန်းတီးပစ်ရမည့်အစား များစွာသက်သာစေမည်ဖြစ်သည်။ ထို့အပြင် အလုပ်မဖြစ်သော အယူအဆများကို များများလွှင့်ပစ်နိုင်လေ အခြားသူတို့ကလည်း ကျွန်ုပ်တို့အပေါ် ယုံကြည်မှုနှင့် လေးစားမှု ပိုမိုထားရှိလာလေဖြစ်ကာ ကျွန်ုပ်တို့နှင့် ပိုမို ပူးပေါင်းလုပ်ဆောင်လာနိုင်လေ၊ ပိုမိုနောက်လိုက်ရန် ဆန္ဒရှိလေဖြစ်ပေမည်။

## မည်သူ့မည်မျှ ကောင်းမွန်စွာ နားထောင်ပါသနည်း

ထိရောက်သော နားထောင်ခြင်း၌ အချက်နှစ်ခုဖြစ်သော စိတ်နေစိတ်ထားနှင့် ကျွမ်းကျင်မှုတို့ရှိပါသည်။ စိတ်နေစိတ်ထားသည် အခြေခံဖြစ်သည်။ သူတစ်ပါးက ကျွန်ုပ်တို့သည် သူတို့ထံမှ သင်ကြားနာယူရေးအတွက် စိတ်ထားဖွင့်ထားခြင်းမရှိဟု ယူဆပါက ကမ္ဘာပေါ်ရှိ ကျွမ်းကျင်မှုဟူသမျှလည်း အကျိုးရှိမည်မဟုတ်ပေ။ သို့သော် ကျွန်ုပ်တို့အထဲ၌ သူတစ်ပါးထံမှ သင်ကြား နာယူလိုသူများအနေဖြင့် သူများနှင့်စဆက်စပ်ပြီး ခလုတ်တိုက်လဲကျသွားနိုင်ပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့၌ လုံလောက်သောနားထောင်ခြင်း အတတ်ပညာမရှိသော ကြောင့် ဖြစ်ပါသည်။

သင်၏ဘုတ်အဖွဲ့၊ ုံးဝန်ထမ်းများနှင့် အခြားမိတ်ဖက်များက လက်မခံသော ဆုံးဖြတ်ချက်တစ်ခု ချမှတ်ခဲ့ရသည့်ဖြစ်စဉ်ကို ပြန်ပြောင်းဆင်ခြင်စဉ်းစားပါ။ ဆုံးဖြတ်ချက်ကြောင့် အထိခိုက်ဆုံးဖြစ်သူများကို သင် မည်မျှလောက် ထည့်သွင်းစဉ်းစားခဲ့သနည်း။ အခြားသူတို့၏ အကြံ ဏ်များကို သင် မည်မျှပွင့်လင်းစွာ လက်ခံထည့်သွင်းခဲ့သနည်း။ သူတစ်ပါးထံမှ သင်ကြားနာယူရန်နှင့် အပြောင်းအလဲပြုရန် သင့်စိတ်ကို ဖွင့်ထားခဲ့ပါ၏လော။ စကားပြောဆိုခြင်းကို မည်သူက အများဆုံးပြုခဲ့သနည်း။ စကားစမြည်ပြောရန် အခြားသူတို့အား သင် ဖိတ်ကြားနိုင်ပါသည်။ သို့သော် သင်၏လုပ်ဖော်ဆောင်ဖက်များက သူတို့ပြောသည်ကို နားထောင်ပေးမည်ဟုမယူဆခဲ့ပါက သို့မဟုတ် သင်နှင့်သဘောချင်းမတိုက်ဆိုင်ပါက

မလုံခြုံဟုယူဆခဲ့ပါက ထိုသို့သောပြောဆိုခြင်း၌ အဓိပ္ပာယ်ရှိစွာ ၄င်းတို့ ပါဝင်ကြမည် မဟုတ်ပေ။

တစ်ခါတရံ ကျွန်ုပ်တို့သည် တခြားလူတို့၏အယူအဆများကို စိတ်မဝင်စားကြောင်း မထင်မှတ်ဘဲ သို့မဟုတ် အကြံအစည်ရှိရှိဖြင့် သတင်းပါး လေ့ရှိတတ်ကြသည်။ ဥပမာအားဖြင့် တခြားလူတို့၏အယူအဆများကို ကျွန်ုပ်တို့၏ဆုံးဖြတ်ချက်များ၌ ထည့်သွင်းခြင်းမပြုသောအကျင့် (သမိုင်း) ရှိကောင်းရှိမည်ဖြစ်သည်။ သူတို့ စကားပြောသောအခါ ကျွန်ုပ်တို့ ပျင်းနေနိုင်ပါသည်။ သူတို့စကားပြောနေစဉ် ကြားဖြတ်နှောင့်ယှက်နိုင်ပါသည်။ သူတို့၏ အယူအဆများကို ရှင်းရှင်းလင်းလင်း မသိကြပေ (သူတို့ ဘာပြောချင်သည်ကို အမှန်သိချင်စိတ် မရှိကြောင်းပြသခြင်း ဖြစ်သည်)။ ပိုမိုပြည့်စုံစွာ ဆက်ပြောရန် အားပေးတိုက်တွန်း ခြင်းမပြုဘဲ နေကြမည်ဖြစ်သည်။ သူတို့၏အယူအဆများကို ပိုမိုနက်ရှိုင်း ပြည့်စုံစွာသိရှိရန် ပျက်ကွက်ကြမည်ဖြစ်သည်။ (စစ်မှန်သောသိချင်စိတ်နှင့် ဖြစ်တန်ရာခြေအသစ်များအတွက် စိတ်တံခါးမဖွင့်ဘဲရှိ)။ အခြားသူတို့က တစ်ခါမျှမပြောခဲ့ကြသကဲ့သို့ သို့မဟုတ် ဆန့်ကျင်ဖက်အမြင်ကို တင်ပြကြသကဲ့သို့ ကျွန်ုပ်တို့၏အယူအဆများကိုသာ တောက်လျှောက်တင်ပြကြမည်ဖြစ်သည်။

ဤအဖြစ်အပျက်များကို ကျွန်ုပ်လုပ်ကြံဖန်တီးသည်ဟု သင်ယူဆပါသလား။ တစ်ချိန်လုံး ထိုသို့ဖြစ်ပျက်နေပါသည်။ ခေါင်းဆောင် အမြောက်အမြားသည် သူတို့ကသာ အများဆုံးလုပ်ခဲ့ရမှန်း သို့မဟုတ် စကားအများဆုံးပြောခဲ့မှန်း သိပုံမရကြပေ။ သို့မဟုတ် စကားနားထောင်ဟန်ဆောင်ပြီး မည်သူ့ကိုမျှ အူး လုပ် မရကြောင်း သိဟန်မတူကြပေ။ သူတို့သည် လိမ္မာပါးနပ်စွာ သို့မဟုတ် မလိမ္မာမပါးနပ်စွာ ဆက်သွယ်နေကြပါသည်။ ''ခင်ဗျား ဘာပြောပြော ကျွန်ုပ် ဂရုမစိုက်ဘူး'' ပုံစံဖြင့် ဆက်ဆံကြပါသည်။

## နားထောင်ခြင်းဖြင့် ဆက်ကပ်ပါ

ပုံစံကျ သို့မဟုတ် ပုံစံမကျ အကျိုးပြုဖြစ်စဉ်တစ်ခုတည်ဆောက်ခြင်းသည် ခက်ခဲသော အလုပ်တစ်ခုဖြစ်ပါသည်။ ၄င်းမှ အဖွဲ့အစည်း၏အထဲမှ အသံနှင့် အဖွဲ့အစည်းထဲမှအသံများ ပေါ်ထွက်လာနိုင်ပါသည်။ သို့သော် ၄င်းသည် တန်ဖိုးရှိသော ကြိုးပမ်းမှုရလ္လ်ဖြစ်သည်။[၂] ၄င်း၏ ဆန့်ကျင်ဖက်မှာ စိတ်အနှောင့်အယှက် ဖြစ်ခြင်း၊ စိတ်ပျက်ခြင်း၊ ဖြေရှင်းမရသော ပဋိပက္ခ၊ ခံပြင်းခြင်းနှင့် ဆုံးရှုံးခြင်းတို့ ဖြစ်သည်။ ၄င်းတို့အတွက် ရစရာအကျိုးမရှိဟုယူဆပါက အလုပ်သမားများအနေနှင့် သူတို့၏အမြင်ကို ပြောကြမည်မဟုတ်ပေ။ သူတို့၏ စစ်မှန်သောခံစားချက်များ နှင့် အတွေးအခေါ်များကို လက်ခံအသုံးပြုမည်မဟုတ်ဟု

ယူဆသောအကြီးအကဲအား မကြာခဏပြောပြခြင်းသည် ကိုယ့်သေတွင်းကိုယ်တူးရာကျမည်ဟု ခံယူကြမည်ဖြစ်သည်။ ထိုသို့ဖြစ်ပါက အားလုံးဆုံးရှုံးသွားမည်ဖြစ်သည်။ ခေါင်းဆောင်အနေနှင့် တခြားလူတို့၏ အယူအဆများဆုံးရှုံးသွားပြီး မပြောဘဲနေသူများအနေနှင့် စိတ်ဓာတ်ကျလျက် သူတို့အလုပ်၌တာဝန်မကျေဟု ခံစားနိုင်ပါသည်။ အဖွဲ့အစည်းအနေနှင့် အင်အားချိနဲ့သွားကာ ထိရောက်မှုကျဆင်းသွားမည်ဖြစ်သည်။

ကောင်းစွာနှင့် ထိရောက်စွာနားထောင်ခြင်း၌ စိတ်နေစိတ်ထားနှင့် ပြုမူချက်များ လိုအပ်ပါသည်။ ပထမအားဖြင့် ကောင်းသောနားထောင်သူများသည် အခြားသူတို့ပြောသည်ကို စိတ်ကိုဖွင့်ပြီး နားထောင်ပါသည်။ ကျွန်ုပ်တို့သိသည်ဟု ယူဆသော သို့မဟုတ် ပြောသူသိသည်ကို ကျွန်ုပ်တို့သိသည်ဟု ယူဆသမျှကို ဘေးဖယ်ရန်လိုပါသည်။ ကျွန်ုပ်တို့ကြားသိခြင်းကြောင့် ပြောင်းလဲရန် စိတ်ကိုိုးသားစွာ ဖွင့်ထားကြောင်း ဖော်ပြရမည်ဖြစ်သည်။ တစ်စုံတစ်ယောက် စကားပြောနေစဉ် ကျွန်ုပ်တို့၏လာမည့်အစီအစဉ်အကြောင်း သို့မဟုတ် တစ်စုံတစ်ခု အကြောင်းစဉ်းစားခြင်းမပြုမိရန် မိမိကိုယ်ကို ထိန်းချုပ်တတ်ရန် ကြိုးစား ရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ပန်းတိုင်မှာ ထိုပုဂ္ဂိုလ်၏အမြင်ကို သဘောပေါက်ရန်နှင့် ၄င်း၏အကျိုးရလဒ်များကို သဘောပေါက်သိရှိရန်နှင့်သူပြောသော အမှန်တရားကိုသိရှိသဘောပေါက်ပြီး ၄င်းအတိုင်း ရွေ့ရှားရန်ဖြစ်သည်။

ဒုတိယအားဖြင့် ထိရောက်သော နားထောင်သူများသည် တခြားလူတို့ပြောလိုသည့်အရာကို စစ်မှန်စွာကြားသိပြီး ဆက်စပ်ပေးသူများဖြစ်ကြသည်။ အခြားသူတို့အနေနှင့် သူတို့၏အယူအဆများကို ကောင်းစွာသဘောပေါက်ပြီး လေးလေး စားစားစဉ်းစားပေးခြင်းခံရသည်ဟုမယူဆကြပါက ခေါင်းဆောင်၏အယူအဆ များကိုနားထောင်ရန် အကျိုးပြုစွာပါဝင်ရန်နှင့် ၄င်းတို့စိတ်ရှိလာတော့မည်မဟုတ်ပေ။ ဤအမှန်တရားက အဆင့်မြင့်စွာ ထိရောက်သောပုဂ္ဂိုလ်များ၏အကျင့်စရိုက် ခုနှစ်ခုထဲမှတစ်ခုဖြစ်သော ‘မိမိကို သူများနားလည်သိရှိရန် မကြိုးစားမီသူတစ်ပါးအား ပထမနားလည်သိရှိရန် ကြိုးစားပါ’ ဟူသောအချက်ကို စတီဗင်ကော်ဗီက ရှင်းပြခဲ့သည်။

နားထောင်ခြင်း၏အပေါ်ယံအဆင့်၌ ပြောသူအသုံးပြုသောစကားလုံးများကို ကြက်တူရွေးကဲ့သို့ ကျွန်ုပ်တို့ရွတ်ဆိုနိုင်ပါသည်။ ရောဂါကုထုံးပညာရှင်များက ‘ရောင်ပြန်ဟပ် နားထောင်ခြင်း’ (reflective listening) ဟုခေါ်သောနည်းသည် တခြားလူပြောသည်ကို ကျွန်ုပ်တို့အား အာရုံစိုက်ရာ၌အထောက်အကူအဖြစ်သုံးနိုင်ပါသည် (ကနဦး၌ လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ)။ ပြောသူအတွက်လည်း သူပြောသည်ကို နားထောင်ပေးသည်ဟုယူဆသဖြင့် ကျေနပ်သွားစေသည်။ ကျွန်ုပ်အတွေ့အကြုံအရဆိုရလျှင် သူတို့ပြောသည်ကို

ကျွန်ုပ်စစ်မှန်စွာ ကြားသည်ဟု သဘောပေါက်သည်အထိ ထပ်ခါထပ်ခါ ပြန်ပြောလေ့ရှိကြသည်။ တစ်ခါတရံ တစ်စုံတစ်ဦးပြောသည့်စကားလုံးများအတိုင်း အတိအကျပြန်ပြောပြခြင်းအားဖြင့် စကားဝိုင်း အသက်ဝင်လာပြီး ရှေ့က ဆက်သွားနိုင်သည်ကိုတွေ့ရသည်။ ဥပမာအားဖြင့် သင့်အဖွဲ့အစည်း၏ အသစ်ဆောက်လုပ်မည့် အဆောက်အဦးအတွက် စိတ်ပူနေသော အသင်းသားအား သင်ကြားခဲ့သောစကားလုံးများအတိုင်း ပြန်ပြောပြခြင်းဖြင့် တုံ့ပြန်နိုင်ပါသည်။ ''ယခုအချိန်မှာ ကျွန်ုပ်တို့ ငွေရေးကြေးရေးအရ မတတ်နိုင်တဲ့အတွက် အဆောက်အဦ သစ်ဆောက်လုပ်ခြင်းဟာ အချိန်အခါကောင်းမဟုတ်ဘူးလို့ ခင်ဗျားထင်တယ်ပေါ့''။ ထိုသို့မဟုတ်ဘဲ ပြောသည့်အတိုင်း တစ်လုံးမကျန် အတိအကျပြန်ပြောခြင်းသည် အဆင်မပြေဟုယူဆပါက အဓိကကျသော ဝေါဟာရများကိုရွေးချယ်ပြီး ထပ်ပြောပါ။ ဒီအချိန်မှာ ကျွန်ုပ်တို့တည်ဆောက်နိုင်ခြင်း မရှိသေးပါဟု ခင်ဗျားဆိုလိုပါသလား'' စသဖြင့်။

နားထောင်ခြင်း၌ ပိုမိုလေးနက်စွာခံယူပြီး ကြားသမျှကို မိမိစကားဖြင့် ပြန်ပြောနိုင် ရမည်ဖြစ်သည်။ မိမိစကားဖြင့်ပြောပြခြင်းသည် ပြောသူကို ကောင်းကောင်းကြား သိသည့်အပြင် ပြောသူဆိုလိုရင်းကိုလည်း ကောင်းစွာ သဘောပေါက်သည့် သဘောလည်း သက်ရောက်ပါသည်။ အထက်တွင် အသင်းသားပြောသွားသော စကားဖြစ်သည့် ''ယခုအချိန်မှာ ကျွန်ုပ်တို့ ငွေရေးကြေးရေးအရ မတတ်နိုင်တဲ့အတွက် အဆောက်အဦသစ် ဆောက်လုပ်ခြင်းဟာ အချိန်အခါကောင်း မဟုတ်ဘူးလို့ ခင်ဗျားထင်တယ်ပေါ့'' ဟူသောစကားကို ဤသို့ သင်တုံ့ပြန်ပြောဆိုနိုင်သည်။ ''ယခု အဆောက်အဦ စီမံချက်ကို ဒီအတိုင်းဆက်လုပ်သွားရင် ကျွန်ုပ်တို့ ဘတ်ဂျက်လောက်မှာ မဟုတ်ဘူးလို့ ခင်ဗျား စိတ်ပူနေတာမဟုတ်လား''။

သို့ရာတွင် ကျွန်ုပ်တို့အနေနှင့် ကျွန်ုပ်တို့ကိုယ်တိုင်၏ စကားလုံးများကို သုံးသောအခါ တခြားလူတို့၏ဆိုလိုရင်း (အတွေးရော ခံစားချက်ပါ)ကို အတိကျဆုံး ဖော်ပြရန် လိုအပ်မည်ဖြစ်သည်။ သူတို့ပြောသည်ကို ကျွန်ုပ်တို့ စကားဖြင့် ပြန်ပြောသောအခါ သူတို့ပြောသည့်အတိုင်း မဟုတ်ကြောင်း၊ သို့မဟုတ် သူတို့ပြောသည်ကို ပြန်ပြောသူက ကောင်းကောင်းသဘောပေါက်ဟန်မတူကြောင်း ခံစားပါက ၎င်းတို့စိတ်အနှောင့်အယှက်ဖြစ်သွားနိုင်ပါသည်။ သူတို့ကို အ...လုပ်သည်ဟု ခံစားနိုင်ပါသည်။ သို့ဖြစ် ကျွန်ုပ်တို့အနေနှင့် တခြားလူပြောသည်ကို ကောင်းစွာနားထောင်ပြီး သူဘာကိုဆိုလိုကြောင်း ကောင်စွာသဘောပေါက်သည်ကို သိစေရမည်ဖြစ်သည်။ သူပြောသည်ကို ကျွန်ုပ်တို့ ဤသို့နားလည်သဘောပေါက်ကြောင်း၊ တစ်လွဲသဘောပေါက်ခြင်း မဖြစ်ရလေအောင် သူ့အားပြောပြပြီး အတည်ပြုစေရန်လိုပါသည်။ ဥပမာအားဖြင့်

ဤဆောက်လုပ်ရေးစီမံချက်အတိုင်း ကျွန်ုပ်တို့ ရှေ့ဆက်သွားပါက အကုန်အကျ ပိုများလာမည်ကို စိုးရိမ်သဖြင့် သင့်အနေနှင့် စိတ်မချမ်းမသာဖြစ်ရခြင်း မဟုတ်လောဟု သူ့အားမေးနိုင်ပါသည်။

နားထောင်ခြင်း၌ အနက်ကိုင်းဆုံးအဆင့်ရောက်ရှိရန် နှုတ်အားဖြင့်မဟုတ်ဘဲ ကိုယ်အမူအရာဖြင့်ပြောချင်သည်ကိုလည်းကောင်း၊ တမင်မပြောဘဲနေသောအရာကို လည်းကောင်း ကျွန်ုပ်တို့ဖမ်းမိရန်လိုပါသည်။ သူတို့ပြောကြားချက်များကို မျဉ်းကြားထဲမှဖတ်တတ်ရန် ကျွန်ုပ်တို့ သင်ကြားတတ်မြောက်ရန်လိုပါသည်။ သူတို့၏ လေယူလေသိမ်း၊ စကားလုံးရွေးချယ်မှု၊ ကိုယ်လက်လှုပ်ရှားမှုအမူအရာနှင့် အခြား နှုတ်ထွက်စကားမဟုတ်သည့် သဲလွန်စများကို သိရှိရပါမည်။ ကျွန်ုပ်တို့ နားမလည်သဖြင့် သူတို့ကျွဲမြီးတိုကောင်း တိုနိုင်ပါသည်။ သူတို့အလေးထား သောအရာကို ကောင်းစွာမဖော်ပြနိုင်သဖြင့် ၄င်းတို့ စိတ်အနှောင့်အယှက် ဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့နှင့် သဘောချင်းမတိုက်ဆိုင်သဖြင့် ၄င်းတို့စိုးရွံ့ခြင်း ဖြစ်နိုင်ပါသည်။

လက်ပိုက်ခြင်း၊ မျက်နှာနီရဲခြင်း စသည့်နှုတ်ထွက်စကားမဟုတ်သော သဲလွန်စများထဲမှ သူသည် ဒေါသထွက်ခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ်အနှောင့် အယှက်ဖြစ်ခြင်းများကို ကျွန်ုပ်တို့သိရှိနိုင်ပါသည်။ အကြောင်းရင်းကိုမသိရသဖြင့် ရှင်းရှင်းလင်းလင်းဖြစ်ရန် ကျွန်ုပ်တို့ကြိုးစားရပါမည်။ ဤအဆိုပြုချက်အပေါ် ခင်ဗျား စိတ်ဆိုးပုံရပါသည်။ ခဏတာရပ်ပြီး သူ့အရိပ်အကဲကိုကြည့်ပါ။ တုံ့ပြန်မှုမပြုပါက ညင်သာစွာ မေးပါ။ ''မှန်တယ် မဟုတ်လား။ ဘယ်လိုသဘောရသလဲ''။ ယခုအထိ ထိုပုဂ္ဂိုလ် ဘာစဉ်းစားသည်ကို မသေချာသေးလျှင် ''ခင်ဗျား ဘာတွေ စဉ်းစားနေ သလဲဆိုတာ ကျွန်ုပ်တို့ကိုပြောပြပေးပါလား'' ဟုပြောနိုင်သည်။ သူနှင့် ကျွန်ုပ်တို့၏ စကားစမြည်ပြောခြင်း အခြေအနေပေါ် မူတည် လည်းကောင်း၊ နှုတ်အားဖြင့် ဖြစ်စေ၊ ကိုယ်အမူအယာအားဖြင့်ဖြစ်စေ ကျွန်ုပ်တို့အား အသိပေးသည့်အချက် အပေါ်မူတည် လည်းကောင်း ကျွန်ုပ်တို့ကလည်း ကျွန်ုပ်တို့၏ ကိုယ်ပိုင် အယူအဆများကို ဖော်ပြနိုင်ပါသည်။ ''ခင်ဗျားအတွက် ဤအဆိုပြုချက်ရဲ့ အစိတ်အပိုင်းတွေဟာ ပုဂ္ဂိုလ်ရေးအရ အဆင်မပြေနိုင်ဘူးလို့ထင်ရတယ်။ ဒီကိစ ရှင်းရှင်းလင်းလင်းဖြစ်အောင် ခင်ဗျားအမြင်ကို ကျွန်ုပ်အား ပြောပြနိုင်သလား'' စသဖြင့်မေးနိုင်ပါသည်။

တခြားလူတို့၏ ခံစားချက်များနှင့်ပတ်သက် သူတို့အနေဖြင့် တိကျပြတ်သားစွာဖော်ပြရန် အခက်အခဲရှိပါက ကျွန်ုပ်တို့အကြံပြုချက်များ ပေးနိုင်ပါသည်။ စိတ်ကုထုံး ပညာရှင်တစ်ဦး သို့မဟုတ် တရားသူကြီးလေသံဖြင့် ပြောဆိုဆက်ဆံပါက ပြောင်းပြန်အကျိုးသက်ရောက်မှုကိုသာ ရမည်ဖြစ်သည်။ စိုးရိမ်ပူပန်မှု၊ ကြောက်ရွံ့ခြင်း၊ မလုံခြုံခြင်း သို့မဟုတ် လက်ရှိအခြေအနေနှင့်

အံဝင်ဂွင်ကျဖြစ်သော သူတို့၏ခံစား ချက်တို့နှင့်ပတ်သက်ပြီး ၎င်းတို့ရွေးချယ်စရာများကို ကျွန်ုပ်တို့က ယဉ်ကျေးသိမ်မွေ့စွာ ကမ်းလှမ်းအကြံပြုပါက နက်ရှိုင်းသိရှိရေး၌ အကူအညီဖြစ်ပေမည်။ အရေးကြီးသည်မှာ ပြောသူစဉ်းစားသည်ကိုလည်းကောင်း၊ ခံစားသည်ကိုလည်းကောင်း ရှင်းလင်းထင်ရှားစေပြီး သူပြောသည်ကို ကျွန်ုပ်တို့နားလည်သဘောပေါက်ကြောင်း ဖော်ပြရန်ဖြစ်သည့်အပြင် ဆက်လက်သူပြောချင်သည်ကို ဆက်ပြောရန်နှင့် နားထောင်ရန်ဖြစ်ကြောင်း အသိပေးခြင်းဖြစ်သည်။ အသင်းသားအနေနှင့် ဒေါသထွက်သည့်တိုင် ၎င်းကိုဖော်ပြမည်မဟုတ်ပေ။ သို့မဟုတ် ဖော်ပြရန်အဆင်သင့် ဖြစ်ချင်မှဖြစ်ပေမည်။ သို့သော်ကျွန်ုပ်တို့အနေနှင့် သူ၏ခံစားချက်နှင့် နှုတ်ထွက်မဟုတ်သော ကိုယ်လက်အမူအရာအားဖြင့် သဘောပေါက်သောအခါ ကျွန်ုပ်တို့ သူပြောသည်ကို အမှန်ပင်နားထောင်နေကြောင်း၊ သူ၏အတွေ့အကြုံသည် အလွန်ပင်အရေးကြီးကြောင်း အသိပေးပြသရမည်ဖြစ်သည်။

ဤမျှနားထောင်ခြင်း၏အလေးနက်ဆုံးအဆင့်၌ ကျွန်ုပ်တို့သည် ပြောသူအား သူ၏အတွေးအခေါ်နှင့် ခံစားချက်များကို တိကျရှင်းလင်းစွာ မဖော်ပြသည်များကို ပြန်လည်ဖော်ပြပေးခြင်းဖြစ်သည်။ ဤသို့သော နားထောင်ခြင်းကို ကျွန်ုပ်တို့ ကောင်းစွာပြုပါက ကျွန်ုပ်တို့၏ စားမြုံ့ပြန်သုံးသပ်ချက်မှ သင်ခန်းစာရယူနိုင်ကြ မည်ဖြစ်သည်။ ''ကျွန်ုပ်ပြောချင်တာက အဲဒါပဲ။ ကျွန်ုပ်ဘယ်လိုဖော်ပြရမလဲဆိုတာ မသိခဲ့ဘူး'' စသဖြင့်တုံ့ပြန်နိုင်ပါသည်။ သူတို့လည်း သူတို့၏ ခံစားချက်နှင့်ပတ်သက် ရှင်းရှင်းလင်းလင်းဖြစ်လာနိုင်ပါသည်။ ''မှန်တယ်။ အဲဒီတုန်းက ကျွန်ုပ် ဒေါသထွက်ခဲ့တယ်''ဟူ ။ သူတို့ကို ထိခိုက်စေသော အင်အားကြီးမားသည့် ခံစားချက်ကို နောက်ဆုံးတွင် ဖော်ပြေနိုင်ကြသဖြင့် သူတို့လည်း ဝန်ထုပ်ကြီး အလုံးကျသွားသကဲ့သို့ဖြစ်သွားနိုင်ပါသည်။

ပိုမိုကြီးမားသော ရှင်းလင်းသေချာမှုအတွက် ကျွန်ုပ်တို့၏လေ့လာမှုများ (observations)နှင့် ကျွန်ုပ်တို့၏မေးခွန်းများသည် နားထောင်ခြင်းကဲ့သို့ ရှင်းရှင်းလင်းလင်းဖြစ်သော ဆက်သွယ်ရေးလောက် အရေးမကြီးဟုမဆိုလိုပေ။ ကျွန်ုပ်တို့ဆန္ဒရှိသကဲ့သို့ ကောင်းစွာနားလည် မလည်မှာ ကျွန်ုပ်တို့၌ တစ်ခါတရံ မသေချာပေ။ နားထောင်သူတို့အနေနှင့် ပြောသူ၏စကားကို ၎င်းတို့ကောင်းစွာ နားလည်သည်ဟု မကြာခဏ ယူဆတတ်ကြသည်။ ပြ နာမှာ ပြောသူက နားထောင်သူ တို့အနေနှင့် သူပြောသည်ကို ကောင်းစွာ သဘောပေါက်ခြင်းရှိမရှိ မသေချာမီ နားထောင်သူတို့က သူတို့၏ထင်မြင်ယူဆချက်အတိုင်း ရှေ့ဆက်သွားကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် တခြားလူတို့အနေနှင့် သူတို့၏အတွေးအအခေါ်နှင့် ခံစားချက်ကို ကောင်းစွာသိရှိနားလည်သည်အထိ အချိန်ပေးစောင့်ဆိုင်းသင့်ပါသည်။ သူတို့ပြောသည်ကို နားထောင်သူတို့ ကောင်းစွာသဘောပေါက်သည်ဟု သိရှိခြင်းမပြုမီ

မိမိတို့၏အမြင်များကို အလျင်စလို မတင်ပြသင့်ပေ။ သို့မှသာ ပဋိပက္ခများ၊ ကွဲပြားသောအမြင်များကြားမှအပြုသဘောဖြင့် အတူတကွ လုပ်ဆောင်နိုင်ကြမည်ဟု မျှော်လင့်နိုင်မည်ဖြစ်သည်။ တခြားလူအနေနှင့် သူ့အား ကောင်းစွာနားထောင်ပေးသည်ဟုခံယူပါက တွေ့ဆုံဆွေးနွေးပွဲများ၌ ပိုမိုပါဝင်လို စိတ်ရှိလာပြီး အဖွဲ့အစည်း၌ အဆောက်အဦသစ်လိုအပ်မှုအပေါ် အကဲဖြတ်ရာ၌ သူလည်း ပါဝင်လိုစိတ်ရှိလာမည်ဖြစ်သည်။ စွန့်စားမှု မည်မျှကြီးမားသနည်း။ မဆောက်ဘဲနေခြင်း၏ အကျိုးဆက်များကား အဘယ်သို့နည်း။ အခြားရွေးချယ်စရာ စဉ်းစားထားခြင်းများ ရှိပါသလား။

အချုပ်အားဖြင့်ဆိုပါက ကောင်းစွာနားထောင်ခြင်း၌ နားထောင်သောအခါ စိတ်ကိုဖွင့်ထားရန်နှင့် ကျွန်ုပ်တို့ ကောင်းစွာနားထောင်ခဲ့ပြီး ကောင်းစွာသဘောပေါက်ခဲ့ကြောင်း တခြားသူတို့အား အသိပေးရန်လိုပါသည်။

တတိယအားဖြင့် ထိရောက်သောနားထောင်သူခေါင်းဆောင်များအနေနှင့် ဖော်ပြခဲ့ကြသောအမြင်များကို ထည့်သွင်းစဉ်းစားကြရမည်ဖြစ်သည်။ အကယ်၍ ကျွန်ုပ်သည် တစ်စုံတစ်ဦးနှင့် အကြီးအကျယ်သဘောချင်း မတိုက်ဆိုင်ပါက အဘယ့်ကြောင့် သဘောမတူနိုင်ကြောင်းကို ကျွန်ုပ်ရှင်းပြသွားမည်ဖြစ်သည်။ အကယ်၍ ကျွန်ုပ် သဘောတူပါက ၎င်းကိုလက်ခံအတည်ပြုပြီး အယူအဆကောင်းယူလာ သူအား ကျေးဇူးတင်ရမည်ဖြစ်သည်။ အကယ်၍ ကျွန်ုပ် မည်သို့စဉ်းစားရမည်ကို မသိခဲ့ပါက မသိကြောင်းပြောပြမည်ဖြစ်သည်။ အကယ်၍ ကျွန်ုပ်သည် တွေ့ဆုံဆွေးနွေးပွဲအဖွဲ့တစ်ခု၌ အစီအစဉ်ကြီးကြပ်သူဖြစ်ခဲ့ပါက ဆွေးနွေးပွဲမှပေါ်ထွက်လာသော အရေးပါသည့်အယူအဆအားလုံးကို မှတ်ထားပြီး ဆုံးဖြတ်ချက်တစ်ခု ချမှတ်နိုင်သည်အထိ လုပ်ငန်းဖြစ်စဉ်တစ်ခု ဖန်တီးသွားမည်ဖြစ်သည်။ (တစ်ခါတရံ ဘုံသဘောတူညီမှု ရသည်အထိလည်းကောင်း၊ တစ်ခါတရံ အများစုသဘော တူညီမှုရသည်အထိလည်းကောင်း၊ တစ်ခါတရံ ကျွန်ုပ်က ဆုံးဖြတ်ချက်ချသည် အထိလည်းကောင်း၊ တစ်ခါတရံ လက်ရှိကိစ ၌ ပိုမိုတတ်သိကျွမ်းကျင်သောသူထံ သို့လည်းကောင်း လွှဲပြောင်းပေးခဲ့သည်)။ ရွေးချယ်စရာများကို ကျွန်ုပ်တို့ ပြန်လည်သုံးသပ်သောအခါ လူတိုင်း၏ အယူအဆများကိုပါဝင်စေပြီး တစ်စုံတစ်ဦး၏ အမြင်ကို သေးသိမ်စေခြင်းမပြုမိရန် ကျွန်ုပ် သတိထားခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတစ်ခု၌ တစ်ခါတရံ အလွန်စိတ်လှုပ်ရှားဖွယ်ကောင်းသော အရေးကိစ တစ်ခု သို့မဟုတ် အလွန်အရေးပါသောကိစ တစ်ခု၌ အစီအစဉ်ကြီးကြပ် သူအတွက် ဓမ္မဒိဌါန်ကျစွာနှင့် မျှတစွာဖြင့် အပြည့်အဝပါဝင်ရန် အလွန်ခက်ခဲပါသည်။ ထိုသို့သောအချိန်အခါတွင် (အဖွဲ့အစည်းထဲမှဖြစ်စေ၊ ဒါိုက်တာအဖွဲ့ဝင်များထဲမှဖြစ်စေ သို့မဟုတ် ပညာသည်တစ်ဦးဦးဖြစ်စေ)

တစ်စုံတစ်ဦးကိုခေါ်ပြီး ဆွေးနွေးပွဲကိုစီစဉ်ကြီးကြပ်စေနိုင်ပါသည်။ မဟာ ဗျူဟာကျသောစီမံကိန်းရေးဆွဲ ရေးအစည်းအဝေးများ သို့မဟုတ် ဝန်ထမ်းမကျေနပ်ချက်များ ကြားနာရသော အစည်းအဝေးများ၌ တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့ကိုပါဝင်စေခြင်းသည် အလွန်သင့်မြတ်သောအချိန်အခါ သို့မဟုတ် စီစဉ်မှုဖြစ်သည်။

အောက်ပါနည်းလမ်းများအတိုင်း စစ်မှန်စွာ သင်နားထောင်ပါက ပိုမိုများပြားသော အကျိုးပြုရလဒ်များ သင်ရရှိလိမ့်မည်ဖြစ်သည်။

(၁) သင်နှင့် သင့်အဖွဲ့အစည်းအနေဖြင့် အသင်း၏ ဏ်ပညာထဲမှ အကျိုးကျေးဇူးများ ရရှိခံစားလိမ့်မည်ဖြစ်သည်။

(၂) အသင်းသားများအနေနှင့် သူတို့ပြောသည်ကို နားထောင်ပေးသည်ဟုခံစားခြင်းဖြင့် နောက်ဆုံးစီမံကိန်း၌ ပိုမိုပါဝင်လာကြမည်ဖြစ်သည်။

(၃) သင်၏ကောင်းစွာနားထောင်ခြင်းကြောင့် လေးစားမှုနှင့် ပွင့်လင်းမှုတို့ကို အစုအဖွဲ့၏တန်ဖိုးတရားများအဖြစ် တည်ဆောက်စေမည်ဖြစ်ပြီး သင်၏ဥပမာကို ကြည့်ပြီး အသင်းသားများကိုယ်တိုင် ပိုမိုနားထောင်တတ်ရန် သင်ခန်းစာရယူကြမည်ဖြစ်သည်။

(၄) သူတစ်ပါးကလည်း သင့်အား ပိုမိုလေးစားယုံကြည်လာကြပြီး သူတို့ကိုယ်တိုင်လည်း ပိုမိုကောင်းမွန်သောနားထောင်သူများဖြစ်လာကာ တစ်ယောက်ကိုတစ်ယောက်အပေါ် ယုံကြည်မှုနှင့် လေးစားမှုလည်း တိုးပွားလာမည်ဖြစ်သည်။

စီမံခန့်ခွဲမှုပါရဂူဖြစ်သူ ပီတာဆင်ကဲ(Peter Senge)က သူ၏ အဖွဲ့အစည်းကို သင်ယူခြင်းဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲတစ်ခု၌ အမှုဆောင်အရာရှိများ အနေနှင့် အဆက်အသွယ်ပြုသောအခါ၌ဖြစ်စေ၊ အချင်းချင်းပူးပေါင်း ဆောင်ရွက်သောအခါ၌ဖြစ်စေ၊ တစ်ဘက်လူ၏အတွေးအခေါ်နှင့် အတွေ့အကြုံ မှသင်ယူလိုသောဆန္ဒရှိသောအခါ၌ဖြစ်စေ ကုမ ဏီများသည် အအောင်မြင်ဆုံးနှင့် အသင်းခေါင်းဆောင်မှု အအောင်မြင်ဆုံး ဖြစ်ကြောင်း အလေးထားဖော်ပြခဲ့သည်။ ကြီးထွားအောင်မြင်နေသောအဖွဲ့အစည်းများမှ အောင်မြင်သော ခေါင်းဆောင်များ အနေနှင့် အတူတကွလုပ်ဆောင်ခြင်းနှင့် အတူတကွဖန်တီး တီထွင်ခြင်းကြောင့် ရာထူး အဆင့်ဆင့်ထားရှိခြင်းကိုပင် လျှော့ချနိုင်မည်ဖြစ်သည်။[၃] တစ်နည်းအားဖြင့်ဆိုရလျှင် ထိရောက်ထက်မြက်သော ခေါင်းဆောင်များသည် အသင်းအဖွဲ့တစ်ခုလုံး၏ အပြည့်အဝပါဝင်မှုကို စစ်မှန်စွာတန်ဖိုးထား ကြသည်ဟူသောအချက်ကို ပါရဂူဆင်ကဲကလည်း ထောက်ခံပါသည်။ အားလုံးအပြည့်အဝပါဝင်ခြင်းသည် ကောင်းစွာနားထောင်ခြင်းကို သင်ယူကြခြင်းသဘော သက်ရောက်ပါသည်။

## စစ်မှန်သောအရာ

*သန့်ရှင်းသောဝိညာဉ်တော်သည် အသင်းသားအသီးသီးအားဖြင့် မိန့်ကြားတော်မူပြီး အလုပ်လုပ်တော်မူသည်*

ကောင်းမွန်သောဆက်ဆံရေးနှင့် ခေါင်းဆောင်မှု၌ ကောင်းစွာ နားထောင်ခြင်းသည် အဓိကသော့ချက်ဖြစ်သည်။ စာအုပ်အရောင်းရဆုံး စာရေးဆရာ၊ နိုင်ငံတကာ စီးပွားရေးအတိုင်ပင်ခံနှင့် အလုပ်ရုံဆွေးနွေးပွဲ ခေါင်းဆောင်ဖြစ်သူ စတီဗင်ကော်ဗီ(Stephen Covey)က အလွန်ထိရောက်သော ပုဂ္ဂိုလ်များသည် မိမိအား သူတစ်ပါးက နားလည်ရန်ကြိုးစားခြင်းထက် မိမိက သူတစ်ပါးကို နားလည်ရန် ပထမကြိုးစားကြသည်ဟုဆိုသည်။[၆] ပထမ၌ အဖွဲ့အစည်း၏အလုပ် တာဝန်နှင့်ပတ်သက် သူတို့တွင် အရေးကြီး ပြောစရာရှိတတ်သဖြင့် ကျွန်ုပ်တို့၏ လုပ်ဖော်ဆောင်ဖက်များနှင့် အခြား ဖောက်သည်များပြောသည်ကို နားထောင်ရန် လိုအပ်ပါသည်။ ဒုတိယ၌ အသင်း သားများအနေနှင့် သူတို့ပြောသည်ကို ကောင်းစွာနားထောင်ပေးခြင်းမရှိဟု ခံစားကြပါက လျစ်လျူရှုခြင်းခံရသည်ဟု ခံစားနိုင်သည့်အပြင် အကျိုးယုတ်စေမည့် အကျိုးဆက်အများအပြား ဆင့်ကဲဆင့်ကဲဖြစ်ပေါ်လာစေနိုင်ပါသည်။

သာမန်ရှုထောင့်မှကြည့်လျှင် အဖွဲ့အစည်းထဲမှ နက်ရှိုင်းသိများ၊ ကျွမ်းကျင်မှုများ၊ လူပုဂ္ဂိုလ်များ၊ ရုံးဝန်ထမ်းများနှင့် ဖောက်သည်နှင့် အခြား ဆက်ဆံရေးများအားလုံးပါဝင်သော အရင်းအမြစ်အားလုံးကို အပြည့်အဝ အသုံးချနိုင်မှသာ အဖွဲ့အစည်းအနေနှင့် အအောင်မြင်ဆုံး ဖြစ်သွားပေမည်။ ဘာသာရေးအဖွဲ့အစည်းဖြစ်စေ၊ လောကီရေးအဖွဲ့အစည်းဖြစ်စေ အသင်းသား တစ်ဦးချင်းစီ၏ ပူးပေါင်းပါဝင်မှုကို တန်ဖိုးထားမှသာ ကျွန်ုပ်တို့သည် ထိရောက်မှုအရှိဆုံး ခေါင်းဆောင်များဖြစ်လာမည်ဖြစ်ပြီး တစ်ပါးသူတို့ကို ကောင်းစွာနားထောင်ပေးခြင်းဖြင့် အချင်းချင်းလေးစားယုံကြည်ရသော ပတ်ဝန်းကျင်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ဝိညာဉ်ရေးရှုထောင့်မှကြည့်လျှင် ခရစ်ယာန်အဖွဲ့အစည်းတစ်ခု သို့မဟုတ် အခြားခရစ်ယာန်များနှင့် အတူတကွလုပ်ဆောင်သောအခါ ခေါင်းဆောင်၏ ကောင်းစွာ နားထောင်ခြင်းနောက်ကွယ်တွင် ဝိညာဉ်ရေးအခြေခံမှုဖြစ်သော ဆက်ကပ်မှုဖြစ်သည့် သန့်ရှင်းသောဝိညာဉ်တော်သည် အသင်းသားတစ်ဦးချင်းစီ အားဖြင့် မိန့်ကြားတော်မူပြီး အလုပ်လုပ်ဆောင်တော်မူသည်ဟူသော ခံယူချက်ရှိပါသည်။ သခင်ခရစ်တော်၏ ခန္ဓာကိုယ်အမှတ်လက္ခဏာတစ်ခုမှာ ယုံကြည်သူတစ်ဦးချင်းထဲ၌ သန့်ရှင်းသော ဝိညာဉ်တော်ရှိတော်မူပြီး အသင်းတော်၊ အစုအဖွဲ့၊ အသင်း စသည်တို့ကို အကျိုးဖြစ်ထွန်းစေသော ထူးခြားသည့်စွမ်းဆောင်မှု

တစ်ဦးချင်းစီ၌ ရှိစေတော်မူခြင်းဖြစ်သည်။[၅] သန့်ရှင်းသော ဝိညာဉ်တော် စွမ်းရည်ထည့်ထားပေးတော်မူသည့် အသင်းသားတစ်ဦးဦးကို လျစ်လျူ ပါက ခန္ဓာကိုယ်တစ်ခုလုံးဖြစ် သည့် အဖွဲ့တစ်ခုလုံးကို ထိခိုက်နစ်နာစေပါသည်။ သို့ဖြစ် အသင်းအဖွဲ့ တစ်ခုလုံး၏အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော် အလုပ်လုပ်တော်မူခြင်းကို တန်ဖိုးထားပြီး ယုံကြည်အပ်နှံပါက အသင်းသား များအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့အား မိန့်ကြားတော်မူသည်ကို ပိုမိုတန်ဖိုးထားပြီး ပိုမိုအာရုံစိုက်နားထောင်လျက် အဖွဲ့အစည်းတစ်ခုလုံး အကျိုးစီးပွားအလို့ငှာ ၎င်းတို့၏စွမ်းရည်ဆုကျေးဇူးများကို ပိုမိုအသုံးပြုသွား နိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့ကိုယ်တိုင်၏အယူအဆများသည် အမြဲမှန်ကန်ခြင်းမရှိသကဲ့သို့ အုပ်ချုပ်စီမံရေးလက်ထောက်၊ ဂျူနီယအမှုဆောင်အရာရှိ၊ ကော်မတီဝင်လူကြီး၊ သာမန် အသင်းသား သို့မဟုတ် လက်ထောက်သင်းအုပ် ဆရာတို့၏အယူအဆ အသီးသီးသည်လည်းကောင်း၊ အမြင့်ဆုံးထောင့်အသီးသီးသည်လည်းကောင်း ညဏ်အမြော် အမြင်ရှိမှုပါရှိပြီး သန့်ရှင်းသောဝိညာဉ်တော် ချီဆောင် တော်မူသောအရာများဖြစ်သည်ဟု ကျွန်ုပ်ဆိုလိုသည်မဟုတ်ပေ။ ခေါင်းဆောင် ဖြစ်သော ကျွန်ုပ်ဆိုလိုသည်မှာ သခင်ခရစ်တော်၏ ခန္ဓာကိုယ်အနေဖြင့် အသင်းသားများ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ကူညီခြင်းဖြင့် ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော် အလုပ်လုပ်တော်မူသည်ဟု ခံယူသည်ဟူသော အချက်ဖြစ်သည်။ ကျွန်ုပ်တို့ခေါင်းဆောင်များ၏ တာဝန်မှာ ဘုရားသခင်၏ ပြုမူလုပ်ဆောင်တော်မူခြင်းကို သိရှိနားလည်ရန် ကြိုးစားခြင်းနှင့် အခြား အသံများကြားထဲမှ ဘုရားသခင်၏အသံတော်ကို နားထောင်သိရှိရန် ကြိုးပမ်းခြင်း ဖြစ်သည်။

လွန်ခဲ့သောနှစ်များအတွင်း ကျွန်ုပ်၏ခေါင်းဆောင်မှုကိုပြသလိုသောအခါနှင့် အကျိုးရလဒ်များ ထွက်ပေါ်စေလိုသောအခါများ၌ တခြားလူပြောသည်ကို နားထောင်ခြင်းသည် အခက်ခဲဆုံးဖြစ်ကြောင်း တွေ့ရှိလာခဲ့သည်။ အကောင်းဆုံး လမ်းကို ကျွန်ုပ်သိပြီး ၎င်းအတိုင်းဖြစ်စေချင်ခဲ့သည်။ ကျွန်ုပ်နှင့် သဘောချင်း မတိုက်ဆိုင်သောအခါနှင့် ကျွန်ုပ်၏အယူအဆများကို သဘော မပေါက်ကြသောအခါ သူတို့အပေါ် ကျွန်ုပ်စိတ်မရှည်နိုင်ခဲ့ပေ။ သူတို့အနေနှင့် တစ်စုံတစ်ခု ပေးကမ်းနိုင်စွမ်း မရှိဟု ကျွန်ုပ် တစ်ခါတရံယူဆလေ့ရှိသည်။ အကြောင်းမှာ သူတို့အပေါ် ကျွန်ုပ် အစွဲအလမ်းရှိသောကြောင့်ဖြစ်စေ၊ သူတို့နှင့်ဆက်ဆံလာခဲ့ရသော အတိတ်သမိုင်း ကြောင့် သူတို့ထံမှ များများ မျှော်လင့်မထားသောကြောင့်ဖြစ်စေ၊ သူတို့ကို အထင်သေးခဲ့သည်။ အခြားအချိန်များတွင် အကယ် သူတို့ကို ကျွန်ုပ် နားထောင်ပါက သဘောမတူနိုင်ဖြစ်ပြီး ယင်းကိစ အတွက် ကျွန်ုပ်ဖြေရှင်းကိုင်

တွယ်ရမည်ဖြစ်သည်။ ပဋိပက္ခဖြစ်ပွားသည်ကို ကျွန်ုပ်မနှစ်သက်သဖြင့် မမေးမမြန်းဘဲနေခြင်းက အလုပ်လည်းသက်သာ၊ အချိန်လည်း သက်သာသည်။

ကျွန်ုပ်တို့၏အယူအဆအပေါ် သူတို့၏ထင်မြင်ချက်များကို ကြားသိရသောအခါ တခြားလူပြောသည်ကို နားထောင်ခြင်းဟူသည့် ပုဂ္ဂိုလ်ရေးအရ အလွန်ခက်ခဲ ပင်ပန်းပါသည်။ ပုဂ္ဂိုလ်ရေးအရ အငြင်းပွားခြင်းသည် အခြေအနေကို ပိုမိုဆိုးဝါးစေပါသည်။ တိုက်ခိုက်ခြင်းဖြင့် တုံ့ပြန်မလား သို့မဟုတ် ရှောင်ထွက် ခြင်းဖြင့် တုံ့ပြန်မလားအခြေအနေသို့ ဆိုက်ရောက်နိုင်ပါသည်။ အငြင်းပွားမှာ ကျွန်ုပ်တို့ ကောင်းစွာနားထောင်ခြင်းမပြု ဖြစ်သည်။ အကြောင်းမှာ တခြားသူတို့ နှင့် အငြင်းပွားရှိစွာ ထိတွေ့ဆက်ဆံခြင်းမပြု ဖြစ်သည်။ သူတို့ထံမှ သင်ယူခြင်း မပြုသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့၏လုပ်ရပ် သို့မဟုတ် အမြင်မှန်ကန်ကြောင်း ပြသရန် လိုအပ်သည်ဟုခံစားပါက ဆက်သွယ်မှုအားလုံး၊ ဆက်ဆံရေးအားလုံး ပြိုကွဲပျက်စီးသွားတော့သည်။

နားထောင်ခြင်းနှင့် တခြားသူများထံမှအကြံဉာဏ်များရယူခြင်း၌ အချိန်နှင့် အဖိုးအခတော့ ပေးရပါသည်။ ဆန္ဒမပါဘဲ မိမိတို့ကိုယ်ကို နှေးကွေးစေခြင်း၊ မိမိတို့ ကိုယ်ကိုနှိမ့်ချကာ မညာမတာဝေဖန်တိုက်ခိုက်မှုများကို နားထောင်ပေးခြင်း၊ တခြားသူတို့ စကားပြောနိုင်ရန် မိမိတို့အစီအစဉ်ကို အလျှော့အတင်းလုပ်ပေးခြင်း၊ စီမံချက်များအတွက် အချိန်ဇယားများကို တိုးချဲ့ပေးခြင်းများပြုရပါသည်။ သို့သော် အခြားတစ်ဖက်၌ နားမထောင်ခြင်းကြောင့် ကြီးမားသောအဖိုးအခပေးရ ပါသည်။ အသိဉာဏ်ပညာ၊ ယုံကြည်စိတ်ချမှုနှင့် အဆက်အသွယ်တို့ကို (လေးစားပွင့်လင်း ခြင်းကင်းမဲ့စွာနှင့် နားမထောင်ခြင်းတို့ကြောင့်) မလွဲမသွေလက်လွှတ် ဆုံးရှုံး ရမည်ဖြစ်သည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့၏ပန်းတိုင်ရောက်ရှိရေးစွမ်းရည်ကို ယုတ်လျော့ချိနဲ့စေမည်ဖြစ်သည်။ အဖိုးအခကို ယခုပဲပေးပါ။ နောက်မှပေးလျှင် အတိုးပါပေးရလိမ့်မည်ဟူသည့်သဘောဖြစ်သည်။

တခြားသူတို့၏စကားကို ကောင်းစွာနားမထောင်ခြင်းနှင့်ပတ်သက် ကျွန်ုပ်၌ နာကျင်ရသော အမှတ်ရချက်များအနက်တစ်ခုမှာ ကျွန်ုပ်တို့၏ ညနေလူငယ်အစီအစဉ်အတွက် အထူးသင်ရိုးညွှန်းတမ်းတစ်ခုရေးဆွဲရန် ကျွန်ုပ်၏ကြိုးပမ်းမှုဖြစ်သည်။ ိုးအဖွဲ့က နှစ်ပေါင်းများစွာ အချိန်ကုန် ငွေကုန်ရေးဆွဲလာခဲ့သော သင်ိုးမာတိကာကို ိုးဝန်ထမ်းများက အသုံးပြု ိုသာမကဘဲ ၄င်းကို လိုလားစွာလက်ခံရန်အတွက်ပါ ကျွန်ုပ် တောက်လျှောက် တိုက်တွန်းနှိုးဆော်လာခဲ့သည်။ အရေးပါသော ိုးဝန်ထမ်းအချို့နှင့်အတူ သွေးဆောင် စည်းိုးခြင်းမအောင်မြင်သောအခါ ကျွန်ုပ်သည် ပြောင်းလဲခြင်းအတွက် အင်အားသုံးရန် ကြိုးစားခဲ့သည်။ အချို့သော ဝန်ထမ်းသစ်များက သင်ိုး ညွှန်းတမ်းကို သဘောကျနှစ်ခြိုက်ပုံပြကြသော်လည်း ဝန်ထမ်းဟောင်းအချို့ကမူ

ပို သာဆန့်ကျင်လာခဲ့ကြသည်။ သူတို့အနေနှင့် အသုံးပြုမည်ဖြစ်သော်လည်း မတတ်သာ သုံးခြင်းသာဖြစ်ပေမည်။ ဤကိစ ကို ဖြေရှင်းပြီးပြီဟု ကျွန်ုပ်ယုံကြည်ထင်မှတ်ခဲ့သည်။ အကြောင်းမှာ ဥပဒေကို ကျွန်ုပ် ကိုယ်တိုင်ရေးဆွဲခဲ့ ဖြစ်သည်။ သို့သော် မကျေနပ်သံများနှင့် တီးတိုးပြောဆိုသံများ ဆက်လက်ကြားနေရသည်။

သို့ရာတွင် နောက်ဆုံး၌ အမှန်ပင် ကျွန်ုပ် အရှိန်သတ်ပြီး သူတို့၏ မကျေနပ်ချက်များကို စစ်မှန်စွာနားထောင်ပေးသောအခါ (ကျွန်ုပ်သည် ရှစ်နှစ်ကြာ စီမံချက်၏ ကြီးကြပ်ရေးမှူးနှင့် အယ်ဒီတာတစ်ယောက်အဖြစ်ပါဝင်ခဲ့) သူတို့၏ ကောက်ချက်များကို ပိုမိုလက်ခံလာနိုင်ခဲ့ပါသည်။ သူတို့၏စိုးရိမ်မှုအချို့သည် ကျွန်ုပ်ကိုယ်တိုင်၏ စိုးရိမ်မှုပင်ဖြစ်သည်ကိုတွေ့လာရပါသည်။ ကျမ်းစာနောက်ခံနှင့် ဝိညာဉ်ရေးကိစ ရပ်များ၌ အလေးထားမှု မလုံလောက်ခြင်း၊ ခေတ်မမှီတော့သည့် လုပ်ရှားမှုများ၊ လူငယ်ခေါင်းဆောင်များ မလူးသာမလွန့်သာချည်နှောင်ထားသော ကြိုတင်စီစဉ် ထားသည့်အကြောင်းအရာများကို တွေ့လာခဲ့ရသည်။ ကျွန်ုပ်သည် အချိန်ပေး နားထောင်ပြီး အလျှော့အတင်းပြုလုပ်ရန် အဆင်သင့်ဖြစ်ကြောင်း ပြသလိုက်သောအခါ အကျိုးဆက်မှာ သင်္ခန်းစာတမ်းများကို ပြန်လည်တည်းဖြတ်ခြင်း၊ အသုံးပြုနည်းနှင့်အချိန်တို့၌ တိုးသာလျှော့သာရှိခြင်း၊ ကျွန်ုပ်တို့အစီအစဉ်၌ သင်္ခန်းစာတမ်း၏အရေးပါပုံကို ကျွန်ုပ်က အချိန်ပေးပြီး ပိုမိုကောင်းမွန်စွာရှင်းပြခြင်းတို့ ဖြစ်သည်။ ပို၍ရှင်းရှင်းပြောရလျှင် အပေါ်စီး သို့မဟုတ် အထက်စီးဆန်သော ဆက်ဆံမှုသည် အလျှော့ပေးလိုက်လျော ခြင်းကိုသာယူဆောင်လာပြီး ပူးပေါင်းဆောင်ရွက်ခြင်း၊ နားလည်သဘောပေါက်ခြင်း၊ ထိရောက်မှုကို တိုးမြှင့်ခြင်းတို့ကိုဆုံးရှုံးပါသည်။ နှလုံးသားနှင့် စိတ်ကိုဖွင့်ပြီး နားထောင်ခြင်းသည် ဝန်ထမ်းများ၊ လူငယ်များနှင့် ခေါင်းဆောင်ဖြစ်သော ကျွန်ုပ်အတွက်ပါ ပိုမိုကောင်းမွန်သော အကျိုးရလဒ်များကို ဆောင်ကျဉ်းပေးခဲ့သည်။

## နားထောင်ခြင်းအကျိုးပေး

ပိုမိုကောင်းမွန်သောခေါင်းဆောင်ဖြစ်ရန် လုပ်သင့်လုပ်ထိုက်သောလုပ်ရမည့် လုပ်ရှားမှုစာရင်းရှည်ကိုတွေ့ရသောအခါ လက်မြှောက်အရှုံးပေးချင်စိတ် သို့မဟုတ် စိတ်ပျက်မှုများ ကျွန်ုပ်တို့ ခံစားလေ့ရှိတတ်သည်။ များပြားလှသောတာဝန်ဝတ ရား၏ ဖိစီးမှုဒဏ်ကို ကျွန်ုပ်တို့ခံစားနေနိုင်ပါသည်။ ကျွန်ုပ်တို့ကို နားထောင်စေလိုသူများသည် ယခုအခါ ကျွန်ုပ်တို့အား စိတ်ရှုပ်ထွေးအောင် စတင်လုပ်ဆောင်နေနိုင်ပါသည်။ အဖြေမရှိသောအယူအဆ အမြောက်အမြားကြား၌ လမ်းလျှောက်သွားနိုင်ပါသည်။ ဆန့်ကျင်ဖက်အမြင်အမျိုးမျိုးကြား၌ ကျွန်ုပ်တို့ ခံစားနေရသော အကြပ်အတည်းက ကျွန်ုပ်တို့အား လုံးပါးသွားစေနိုင်ပါသည်။

ပိုမိုနားထောင်ရမှာလား။ ကျွန်ုပ်တို့ခေါင်းထဲမှထွက်ပေါ်လာသော တုံ့ပြန်မှုမှာ ကျွန်ုပ်တို့နားများ အူသွားသည်အထိ ကြားနေရသော 'ပါးစပ်ပိတ်' ဟူသောအသံ ဖြစ်သည်။

ထိုသို့သောနိမ့်ကျနေသောအချိန်တွင် ကျွန်ုပ်တို့ သတိရရန်လိုအပ်သောအရာမှာ ကောင်းစွာနားထောင်ခြင်းသည် ကျွန်ုပ်တို့ထမ်းနေသောဝန်ကို ပေါ့ပါးစေရန်ဖြစ်ပြီး ပိုမိုလေးလံစေရန်မဟုတ်ပေ။ ကောင်းမွန်စွာနားထောင်ခြင်းအတတ်ပညာကို ပျိုးထောင်ပြီး လက်တွေ့ကျင့်သုံးခြင်းနှင့် လိုအပ်သောအခါ ဆုံးဖြတ်ချက်ချမှတ်နိုင်သော ကျွန်ုပ်တို့၏ အခွင့်အာဏာကို ပိုသာ တိုးပွားမြင့်တက်စေနိုင်ပါသည်။ အကြောင်းမှာ အချို့ပုဂ္ဂိုလ်များအနေနှင့် ကျွန်ုပ်တို့၏ တရားဝင် ရာထူးအနေအထား (အဖွဲ့ဖွဲ့စည်းပုံဇယားပါရာထူး) ကြောင့် ကျွန်ုပ်တို့အား လေးစားကြမည် ဖြစ်သော်လည်း အများစုကြီးကမူ ကျွန်ုပ်တို့၏ရာထူးကြောင့်မဟုတ်ဘဲ ကျွန်ုပ်တို့ မည်သူမည်ဝါဖြစ်ခြင်းနှင့် ခေါင်းဆောင်မှုပုံစံကိုကြည့်ပြီး စစ်မှန်စွာလေးစားကြ မည်ဖြစ်သည်။ ခေါင်းဆောင်များ၊ လုပ်ဖော်ဆောင်ဖက်များနှင့် စတိတ်ဟိုလ်ဒါများ (stakeholders) အနေဖြင့် အချင်းချင်းအပြန်အလှန်နားထောင်ပေးခြင်းဖြင့် အခြားပုဂ္ဂိုလ်များ၏ လေးစားခြင်း၊ စေတနာထားခြင်းနှင့် သစ္စာရှိခြင်းတို့ကို ရရှိခံစားကြမည်ဖြစ်သည်။ ဆုံးဖြတ်ချက်များသည် ပိုမိုကောင်းမွန်လာပြီး ဆက်ကပ်မှုများလည်း ပိုမိုခိုင်မာလာကာ တင်းမာမှုများ ယုတ်လျော့နည်းပါးသွားမည်ဖြစ်သည်။

အခြားတစ်ဖက်မှ ခေါင်းဆောင်များအနေနှင့် သင်နှင့်ဖြစ်စေ၊ အခြားပုဂ္ဂိုလ်များနှင့်ဖြစ်စေ သဘောကွဲလွဲမှုကိုခွင့်ပြုထားသဖြင့် ပဋိပက္ခ ပိုမိုကြီးထွားလာနိုင်ပါသည်။ သို့သော် အပြုသဘောဆောင်သော ပဋိပက္ခ (အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်၌ ဆက်ကပ်မြ ုပ်နှံထားကြသော ပုဂ္ဂိုလ်များ၏ ကွဲပြားခြားနားသော ဖော်ပြချက်များကို အချင်းချင်းလေးစားပွင့်လင်းစွာနှင့် ကိုယ်ကျိုးမပါဘဲ ထုတ်ဖော်ခြင်း)သည် ကောင်းသောအရာဖြစ်သည်။ အောင်မြင်မှု အတွက် အချင်းချင်းယုံကြည်လေးစားနေကြသော အသင်းသား များအတွင်း ရှိနေသော အပြုသဘောဆောင်သည့် ပဋိပက္ခသည် အဓိကဖြစ်သည်ဟု စီမံခန့်ခွဲမှု အတိုင်ပင်ခံ ပက်ထရစ်လင်ချီယိုနီ (Patrick Lencioni)က ရှင်းပြသည်။

> အချင်းချင်းယုံကြည်လေးစားမှုရှိနေကြသော အသင်းများသည် အဖွဲ့အစည်း၏အောင်မြင်မှုနှင့် ပတ်သက်ပြီး အရေးကြီးသောအရေးကိစ များနှင့် ဆုံးဖြတ်ချက်များ၌ အခြေအတင်ငြင်းခုံဆွေးနွေးခြင်းကို မကြောက်ကြပေ။ အကောင်းဆုံးအဖြေရရှိရေးအတွက်ဖြစ်စေ၊ အမှန်တရားတွေ့ရှိရေး အတွက်ဖြစ်စေ၊ ကြီးမားသောဆုံးဖြတ်ချက်များ ချမှတ်ရာ၌ဖြစ်စေ၊

အချင်းချင်းငြင်းခုံခြင်း၊ သဘောကွဲလွဲခြင်း၊ စိန်ခေါ်ခြင်း၊ မေးခွန်းထုတ်ခြင်းများပြုလုပ်ရန် ဝန်မလေးကြပေ။ အစမူလ၌ အသင်းသားများအကြား သဘောကွဲလွဲမှုများ ရှိကြသော်လည်း နောက်ဆုံးတွင် စစ်မှန်သော အရေးပါသည့် ဆုံးဖြတ်ချက်များကို အတူတကွရရှိချမှတ် နိုင်ခဲ့ကြသည်။ အဘယ့်ကြောင့်ဆိုသော် ၄င်းတို့အနေဖြင့် အယူအဆအားလုံး၊ ထင်မြင်ချက် အားလုံးကို စားပွဲပေါ်သို့ယူဆောင်တင်ပြခဲ့ကြပြီး စဉ်းစား ဆွေးနွေးခဲ့ကြရင်း အသင်းသားများအကြား ယုံကြည်မှုအပြည့်ဖြင့် တစ်ခုမျှမကျန်ရစ်စေဘဲ ထည့်သွင်းစဉ်းစားခဲ့ကြသော ကြောင့်ဖြစ်သည်။
၆

ထို့ကြောင့် ပဋိပက္ခကို ကျန်းမာတောင့်တင်းသော အသင်းအဖွဲ့တစ်ခု၏ လက္ခဏာရပ်အဖြစ် ယူဆနိုင်သည့်အပြင် ကောင်းသောဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးအတွက် လိုအပ်သောအရာဖြစ်တတ်ပါသည်။ ဤတက်ကြွ ပြောင်းလဲမှုသည် လောကီအဖွဲ့အစည်းများအတွက်ဖြစ်စေ၊ အမြတ်အစွန်းမယူသော အဖွဲ့အစည်းများအတွက်ဖြစ်စေ၊ အသင်းတော်အတွက်ဖြစ်စေ အမှန်တရား ဖြစ်ပါသည်။ နိုင်ငံတကာလူသားမျိုးနွယ်အတွက် ဘုံဟုဆိုနိုင်သော Hobitat for Humanity International အဖွဲ့၏ အမှုဆောင်ဒါရိုက်တာ၊ ယခင်ဖော်ကျွန်းကုမ္ပဏီ ၅၀၀ ထဲမှ ကုမ္ပဏီအများအပြား၏အမှုဆောင်သင်းအုပ်ဆရာ စသည့်ရာထူးများ ပိုင်ဆိုင်သူ ဂျိုနသန်ရော့ဖော့(Jonathan Rockford)က မကြာသေးမီက ကျွန်ုပ်တို့အား ဤသို့ပြောပြသည်။ 'ယုံကြည်စိတ်ချမှုရှိလျှင် အသင်းသားများအနေနှင့် ပဋိပက္ခ၌ လုံခြုံစွာပါဝင်နိုင်ကြမည်ဖြစ်ပြီး ကွဲပြားသောထင်မြင်ယူဆချက်များကို ဖော်ပြရန် ဝန်လေးကြမည်မဟုတ်' ဟုဆိုသည်။ လုံခြုံစိတ်ချမှသာ ထိုသို့လုပ်ကြသည်သာမဟုတ်ဘဲ အဖွဲ့၏အလုပ်တာဝန်အရလည်း ထိုသို့လုပ်ရန် လိုအပ်ပါသည်။ ဆိုလိုသည်မှာ အဖွဲ့အစည်းများအနေဖြင့်လည်း ကောင်းသော ဆုံးဖြတ်ချက်များရရှိရန် ကောင်းသောပဋိပက္ခများ လိုအပ်သည်ဟု အလေးပေး ပြောပြပါသည်။

အမှန်အားဖြင့် အပြန်အလှန်လေးစားမှုရှိပါက ပဋိပက္ခကိုကြိုဆိုသင့်ပါသည်။ သမ္မာကျမ်းစာ သုတ္တံကျမ်း ၂၇း ၁၇ ၌ 'သံဖြင့် ထက်အောင်ပြုရသကဲ့သို့ လူတို့သည်လည်း အချင်းချင်းထံမှ ပညာကိုသင်ယူရကြ၏' ဟုဆိုသည်။ သို့သော် ပဋိပက္ခကို ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှု သို့မဟုတ် သင့်လျော်အပ်စပ်သောဆုံးဖြတ်ချက် ချမှတ်ရေးဖြစ်စဉ်ကို ပျက်ပြားအောင်ပြုခြင်းအဖြစ်သို့ သက်ဆင်းသွားပါက ပြ ဿနာဖြစ်သွားနိုင်သည်။ အသင်းသားများအား အချင်းချင်းလေးစားမှုမရှိ၊ ကြမ်းကြမ်းတမ်းတမ်းပြောဆိုဆက်ဆံမှု၊ လိုရာဆွဲမှု စသည့်ငြိုငြင်စိုင်းသောလွတ်လပ်ခွင့်ကိုပြုပါက ပွင့်လင်းသော ပဋိပက္ခသည် နာကျင်စေသည့် အကျိုးယုတ်စေသော

ပဋိပက္ခအဖြစ်သို့ သက်ဆင်းသွားမည်ဖြစ်သည်။ ထို့အတူ ခွန်အားအကြီးဆုံး သို့မဟုတ် ခြိမ်းခြောက်သံဖြင့် အကျယ်ဆုံးအော်နိုင်သူကို အားလုံးအတွက် ဆုံးဖြတ်ချက်ချခွင့်ပြုမည်ဆိုပါက အသင်းအား ပြန်ပေးဆွဲခွင့်ပြုရာကျသွားမည်ဖြစ်သည်။ တစ်ဖက်မှ ကွဲပြားခြားနားမှုများနှင့်ပတ်သက်သော အများလိုက်နာရမည့် စည်းမျဉ်းပြုစုထားပါက ကျွန်ုပ်တို့အနေဖြင့် လုံခြုံမှုရှိပြီး ကောင်းမွန်ကျန်းမာသော ပတ်ဝန်းကျင်ကို ဖန်တီးနိုင်မည်ဖြစ်သည်။

ဆုံးဖြတ်ချက်ချမှတ်ရာ၌ အမြင့်ဆုံးအခွင့်အာဏာရှိသူတို့ကို ဖော်ပြ သတ်မှတ်နိုင်ပါက ကျွန်ုပ်တို့၏ခေါင်းဆောင်မှုသည် ပိုမိုထိရောက်မည်ဖြစ်သည်။ ၎င်းသည် အခြေအနေပေါ်မူတည်ပြီး တစ်ခါတရံခေါင်းဆောင်၌ဖြစ်စေ၊ တစ်ခါတရံ အများစုလက်ထဲ၌ဖြစ်စေ၊ တစ်ခါတရံ ဘုံသဘောတူညီချက်အရဖြစ်စေ၊ တစ်ခါတရံ တစ်ဦးချင်းပုဂ္ဂိုလ်၌ဖြစ်စေ၊ သို့မဟုတ် ဒါိုက်တာအဖွဲ့ကဲ့သို့သော ပြင်ပအဖွဲ့တစ်ခု၌ဖြစ်စေ ရှိတတ်ပါသည်။ ကျွန်ုပ်တို့နှင့် ကွဲပြားစွာကြံဆတွေးခေါ်သူတို့ပြောသည်ကို နားထောင်သောအခါ ကျွန်ုပ်တို့၏ခေါင်းဆောင်မှုအနေအထားကို စွန့်လွှတ်ရန် မလိုပေ။ ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင်ကသာ ပြုရမည်ဟူသော အစွန်းရောက်ရပ်တည်မှုကို ကိုင်ထားရမည်ဟုလည်း မဆိုလိုပေ။ ထို့အတူ ကျွန်ုပ်တို့၏ ထိန်းချုပ်မှုဖြစ်စဉ်ကို ဩဇာအကြီးဆုံးပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့သို့ လွှဲပေးရန်လည်း မဟုတ်ပေ။ လုပ်ငန်းစဉ်နှင့် အခွင့်အာဏာကို ကောင်းစွာ လိုင်းတားပြီး တွေ့ဆုံဆွေးနွေးပွဲများ၌ တက်ရောက်ပါဝင်သူအသီးသီးအား ထောက်ခံအားပေးခြင်းဖြင့် အကျိုးဖြစ်ထွန်းစေနိုင်ပါသည်။

ကောင်းစွာနားထောင်ခြင်းနှင့် အသင်းတစ်ခုလုံး အားတက်သရော ပါဝင်စေခြင်း၌ ခေါင်းဆောင်အနေနှင့် မည်သည့်အချိန်တွင် မည်သည့်နည်းဖြင့် ဆုံးဖြတ်ချက်ချမည်ကို ရွေးချယ်ဆုံးဖြတ်ရမည်ဖြစ်သည်။ ခေါင်းဆောင်က နောက်ဆုံး ဆုံးဖြတ်ချက်ချမှတ်ရာတွင် အသင်းအဖွဲ့ကို မည်သို့ပါဝင်စေရမည့်အရေးသည် မည်သို့သော အသင်းဖြစ်ခြင်းနှင့်ဆက်စပ်ပါသည်။ ဘောလုံးပွဲ၌ ကစားပုံ ကစားနည်းနှင့် မည်သူက မည်သည့်နေရာမှ ကစားရမည်ကို နည်းပြက ဆုံးဖြတ်ပါသည်။ စစ်ပွဲ၌ နောက်ဆုံး ဆုံးဖြတ်ချက်ကို တပ်မှူးက လုပ်ပါသည်။ အမေရိကန်ပြည်၏ တရားလွှတ်တော်ချုပ်၌ တရားသူကြီးများက မဲပေးကြပြီး အများစု မဲဖြင့်ဆုံးဖြတ်ပါသည်။ အဖွဲ့တစ်ခု၏ဆုံးဖြတ်ချက်ကို အဖွဲ့ဝင်များက အတူတကွဆုံးဖြတ်ရန် ဆန္ဒရှိကြပါက ၎င်း၌ အဖွဲ့အနေဖြင့် ထိုသို့ပြုလုပ်နိုင်ရန် ဦးဆောင်ဆော်ဩသူရှိပေရမည်။ ထိုသူသည် ရွေးချယ်ခြင်းခံရသူဖြစ်နိုင်သကဲ့သို့ တာဝန်ပေးခြင်း မခံရသူလည်း ဖြစ်နိုင်ပါသည်။ သို့သော် ဩဇာရှိသူဖြစ်ရပေမည်။ ထို့ကြောင့် အဖွဲ့၏ ဘုံသဘောတူညီချက်များ၌ ဩဇာရှိသူ သို့မဟုတ် အပြောအဟောကောင်းသူက ပထမဦးဆောင်ပြီးမှ အများစုကလိုက်လျောထောက်ခံမှု

ပြုကြသည်က များလေ့ရှိသည်။ ထို့အတူ တစ်စုံတစ်ဦးက အပြောအဟော ကောင်းကောင်းဖြင့်ပြောလာပြီး သူ့အား ကြည်ညိုလေးစားကြပါက သူတို့၏ ရပ်တည်မှုများကို သူ့ဖက်သို့ ချက်ချင်းပြောင်းပစ်နိုင်ပါသည်။

ဘာသာရေးအခြေပြု အခင်းအကျင်းတစ်ခုထဲမှ ဝိညာဉ်ရေးခေါင်းဆောင်များအနေဖြင့် ကျွန်ုပ်တို့၏နားထောင်ခြင်းသည် အသင်းတစ်ခု သို့မဟုတ် အဖွဲ့အစည်းကြီးတစ်ခု၏ အဖွဲ့ဝင်တစ်ဦးချင်းအားဖြင့် သန့်ရှင်းသောဝိညာဉ်တော် နည်းအမျိုးမျိုးဖြင့် အလုပ်လုပ်တော်မူသည်ကို မျှော်လင့်ကြောင်း ဖော်ပြခြင်းဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်မှလာသောအရာကို အခြားမည်သည့်အရာ ထက်မဆို ကျွန်ုပ်တို့ တန်ဖိုးထားကြောင်း နားထောင်ခြင်းက ပြသပါသည်။ ကိုယ့်လမ်းကိုယ်ထွင်၊ ကိုယ်မှန်တာကိုယ်လုပ်၊ ကိုယ့်အာဏာကိုယ်သုံး၊ ကိုယ့်အမွှန်းကိုယ်တင်၊ ကိုယ့်အစီအစဉ်ကိုယ်မြှင့် လုပ်ခြင်းသည် အလုပ်တာဝန်နှင့် အသင်းမှ သွေဖီခြင်းဖြစ်သည်။

လောကီအခင်းအကျင်း၌ ဝိညာဉ်ရေးခေါင်းဆောင်မှုဟူသည် ဘုရားသခင်၏ တခြားလူတို့အပေါ် မေတ္တာထားတော်မူခြင်းကို ကျွန်ုပ်တို့အားဖြင့် အလုပ်လုပ်တော်မူသည့်အပြင် ကျွန်ုပ်တို့အထဲ၌လည်း အလုပ်လုပ်တော်မူမည်ကို မျှော်လင့်ခြင်းဖြစ်သည်။ တခြားလူတို့၏ ဝိညာဉ်ရေးအသက်တာ မည်သို့ရှိနေစေကာမူ သူတို့ကို ကျွန်ုပ်တို့ နားထောင်ခြင်းသည် သူတို့ကိုလေးစားခြင်းကို ပြသခြင်းနှင့် သူတို့၏နက်ရှိုင်းသိမျှားနှင့် အယူအဆများမှ အကျိုးဖြစ်ထွန်းရရှိရန် ဖြစ်သည်။ ပိုမိုနက်ရှိုင်းသောအဆင့်၌ တစ်ပါးသူတို့အား နားထောင်ခြင်းသည် သူတို့အားဖြင့် အမှန်တရားကို ဘုရားသခင်ဖွင့်လှစ်ဖော်ပြနိုင်သည်ကို မျှော်လင့်ခြင်းဖြစ်သည်။ တခြားလူတို့ထံမှ ကျွန်ုပ်တို့ကိုယ်တိုင်၏အကြောင်းကိုလည်းကောင်း၊ ကျွန်ုပ်တို့၏ ခေါင်းဆောင်မှုနည်းလမ်းကိုလည်းကောင်း၊ အခြားသူများအပေါ် ကျွန်ုပ်တို့ ပေါ်လစီများ၏ အကျိုးသက်ရောက်စေမှုများကိုလည်းကောင်း၊ မယုံကြည်သူများက ကျွန်ုပ်တို့နှင့်ထိတွေ့ဆက်ဆံမှု အတွေ့အကြုံကိုလည်းကောင်း စသဖြင့် ကျွန်ုပ်တို့သိရှိနိုင်ပါသည်။

ခရစ်ယာန်အခင်းအကျင်းတစ်ခု၌ ုံးဝန်ထမ်းများက သူတို့နှင့်သူတို့၏ ထူးချွန်မှုဆုကျေးဇူးများကို ကျွန်ုပ်တို့ အမှန်ပင်တန်ဖိုးထားကြောင်း သိရှိလာသောအခါ တစ်ဖက်မှ သန့်ရှင်းသောဝိညာဉ်တော်ကလည်း သူတို့အားဖြင့် အလုပ်လုပ်တော်မူမည်ဟု မျှော်လင့်ထားသဖြင့် ကျွန်ုပ်တို့ကို ဆန့်ကျင်မည့်အစား ကျွန်ုပ်တို့နှင့် အတူတကွ ပိုမိုလုပ်ချင်လာကြမည်ဖြစ်သည်။ သူတို့အနေဖြင့် ပြိုင်ဆိုင်ခြင်း သို့မဟုတ် ဆန့်ကျင်ခြင်းလုပ်ရမည့်အစားကျွန်ုပ်တို့နှင့် ပိုမို ပူးပေါင်းဆောင်ရွက်လို ကြမည်ဖြစ်သည်။ လေ့လာမှုများအရ လူအများစုသည် လစာတိုးမြှင့်ခြင်းနှင့် အားလပ်ချိန် ပိုမိုရရှိခြင်းတို့ထက် သူတို့၏ပါဝင်လုပ်ဆောင်မှု

ကိုတန်ဖိုးထားပြီး အသိအမှတ်ပြုခြင်းကို ပိုမိုအလေးထားကြသည်။ လူတို့သည် နောက်ကျောကို ခဏခဏလှည့်ကြည့်နေရသော ကျီးလန့်စာစားနေရသည့် အလုပ်ပတ်ဝန်းကျင်ထက် သူတို့ကို တန်ဖိုးထားပြီး အချင်းချင်းယုံကြည်လျက် သစ္စာရှိသောပတ်ဝန်းကျင်၌ ပိုမိုလုပ်ကိုင်လိုကြသည်။ အခြားသူတို့အား လေးစားစွာနားထောင်ခြင်းဖြင့် ကျွန်ုပ်တို့လိုလားသော သူတို့၏ပူးပေါင်းဆောင်ရွက်မှု၊ တက်ကြွစွာပါဝင်လှုပ်ရှားမှုနှင့် သစ္စာရှိမှုတို့ကို ကျွန်ုပ်တို့ရရှိနိုင်မည်ဖြစ်သည်။

## ကူညီပါရစေ

ကောင်းစွာနားထောင်ခြင်းဖြင့် ခေါင်းဆောင်မှု၌ ပုံစံအမျိုးမျိုးရှိသည်။ ဥပမာအားဖြင့် မဟာဗျူဟာကျသော စီမံကိန်း၌ အပြောင်းအလဲကြောင့်ဖြစ်စေ၊ သို့မဟုတ် ပြောင်းလဲခြင်းကင်းမဲ့မှုကြောင့်ဖြစ်စေ၊ ထိခိုက်မှုရှိနိုင်သော အဖွဲ့အသီးသီး၏ ကိုယ်စားလှယ်များအား အချိန်ပေးပြီး နားထောင်ခြင်းဖြင့် သတင်းအချက်အလက် စုဆောင်းမှုဖြစ်စဉ်ကိုကြီးမားစွာ အကျိုးကျေးဇူး ကြွယ်ဝစေနိုင်ပါသည်။ အဖွဲ့အစည်းကြီးတစ်ခုလုံးနှင့်ပတ်သက်လာသောအခါ ကွင်းဆင်းလေ့လာမှု မှတ်တမ်းများ၊ အရပ်လွှသေအစီရင်ခံစာများ သို့မဟုတ် ပစ်မှတ်အဖွဲ့များ (focus groups)သည် ခေါင်းဆောင်များ မျှဝေဖတ်ရှုနိုင်သော တန်ဖိုးရှိသည့် သတင်းအချက်အလက်များကို ပေးစွမ်းနိုင်ကြသည်။ သာမန် အသေးအဖွဲကိစ္စများ နှင့်ပတ်သက် (ဥပမာ–ဌာနတစ်ခုချင်း သို့မဟုတ် လုပ်ငန်း အသင်းများ) ခေါင်းဆောင်များအနေဖြင့် တစ်ဦးချင်းကိုအချိန်ပေးပြီး နားထောင် ပေးနိုင်သည့်အပြင် အသင်းအစည်းအဝေးများကိုလည်းတက်နိုင်ရန် အချိန်ပေး ရန်လိုသည်။

အခင်းအကျင်းမရွေး၊ နောက်ခံဖောက်သည်များမရွေး၊ အရေးကိစ္စ အတိုင်းအတာမရွေးဘဲ အရေးအကြီးဆုံးမှာ သီးသန့်နားထောင်ခြင်း ကျင့်ထုံး များပါရှိသော ခေါင်းဆောင်မှုပုံစံ ဖန်တီးရေးဖြစ်သည်။ ကျွန်ုပ်တို့၏ အားသာချက်များနှင့် အားနည်းချက်များကို ပိုမိုကောင်းစွာ သိရှိခြင်းသည် နားထောင်သူအတွက် များစွာအထောက်အကူပြုနိုင်ပါသည်။ ၎င်းအတွက် ဤကဏ္ဍအဆုံး၌ဖော်ပြသော သုံးဦးတစ်ဖွဲ့(triad) လေ့ကျင့်ခန်းသည် သင့်အဖွဲ့ အစည်းကြီးအတွင်းရှိ သင်ကိုယ်တိုင်အတွက်ဖြစ်စေ၊ သင်၏ခေါင်းဆောင်မှု အသင်းအတွက်ဖြစ်စေ၊ အခြားအဖွဲ့များအတွက်ဖြစ်စေ အထောက်အကူ ဖြစ်နိုင်ပါသည်။

## နားထောင်ခြင်းနှင့် လက်တွေ့ကျင့်ထုံးများ

ကောင်းသောနားထောင်မှု ပတ်ဝန်းကျင်တစ်ခုဖန်တီးရေး၌ အောက်ပါလက်တွေ့ကျင့်ထုံးသုံးခုသည် အလွန်အရေးပါကြသည်။ လက်တွေ့ကျင့်ထုံးတစ်ခုစီကို ဤအခန်းတွင်ဖော်ပြထားသောအချက်များမှ ရရှိပါသည်။ ခေါင်းဆောင်များသည် ဤကျင့်ထုံးများကို အစုအဖွဲ့တစ်ခု သို့မဟုတ် အဖွဲ့အစည်းကြီးတစ်ခုထံယူဆောင်သွားပြီး လက်တွေ့လုပ်ဆောင်ရန် တာဝန်ယူကြရမည်ဖြစ်သည်။ အတော်ဆုံး ခေါင်းဆောင်များအနေဖြင့် လုပ်ငန်းစဉ်တည်ဆောက်ရေးနှင့် သင်းဖွဲ့လုပ်ငန်းအတွက် အကျိုးပြုပတ်ဝန်းကျင်ဖန်တီးရေး၌ လုပ်ဖော်ဆောင်ဖက်များ၊ ံုးဝန်ထမ်းများနှင့် အခြားအသင်းအဖွဲ့ဝင်ပုဂ္ဂိုလ်များ ပါဝင်ကြရန် ဖိတ်ခေါ်ကြရမည်ဖြစ်သည်။ အခြေအနေတစ်ခုစီအတွက် ခေါင်းဆောင်မှု၌ ပါဝင်ရခြင်းအဓိပ ာယ်ကို ခေါင်းဆောင်ကရှင်းပြပြီး လုပ်ငန်းအသင်းများ၌ မည်သူတွေပါဝင်ရမည်ကို ဆုံးဖြတ်ရမည်ဖြစ်သည်။ ထိုစဉ်ခေါင်းဆောင်အဖြစ် သတ်မှတ်ခြင်းမခံရသူများအနေနှင့် သဘောတူထားပြီးဖြစ်သော ပန်းတိုင်များသို့ရောက်ရှိရေး၌ ခေါင်းဆောင်များနှင့်အတူ အလုပ်လုပ်ရမည့်အရေးပါသောအခန်းမှ ပါဝင်ကြရမည်ဖြစ်သည်။

## ယုံကြည်မှုနှင့် လုံခြုံမှုရှိသော ပတ်ဝန်းကျင်ကို ဖန်တီးပါ

ခေါင်းဆောင်ဖြစ်သောသင့်အနေဖြင့် လေးစားထိုက်သော ဆက်သွယ်ရေးအတွက် စံနှုန်းတစ်ခုဖန်တီးပြီး ၎င်းအတိုင်း လိုက်နာကျင့်သုံးပါက အများ၏လေးစားခြင်းနှင့် အကျိုးပြုဝေဖန်မှုကိုရရှိမည်ဖြစ်သည်။ ၎င်း၌ အောက်ပါတို့ပါဝင်ကြသည်။

(၁) စိတ်အားထက်သန်စွာနှင့် လျောက်ပတ်သင့်တင့်စွာဖော်ပြသော ထင်မြင်ယူဆချက်များအပေါ် ပြစ်ဒဏ်ပေးခြင်းမပြုရ။

(၂) ဆုံးဖြတ်ချက်ချခြင်းဖြစ်စဉ်တစ်လျှောက် တတ်နိုင်သမျှ ပွင့်လင်းမြင်သာစေပါ။ ၇ အခြားပုဂ္ဂိုလ်များ၏ အကြံပြုချက်များအပေါ် စစ်မှန်စွာပွင့်လင်းမှု မရှိပါက ကျွန်ုပ်တို့၏ နားထောင်ခြင်းသည် ပြပွဲသာဖြစ်ပြီး ဂုဏ်သိက္ခာရှိမည်မဟုတ်ပေ။ ပေါ်ထွက်လာမည့်ရလဒ်သည် သိပြီးသားဖြစ်လျှင် ဖြစ်စဉ်၌မပါဝင်ဘဲနေခြင်းဖြင့် ကျွန်ုပ်တို့၏ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်ပါသည်။ ကျွန်ုပ်တို့၏အမြင်နှင့် ခံယူချက်များကိုပြောင်းလဲရန် ဆန္ဒရှိခြင်းဖြင့် ကျွန်ုပ်တို့၏ ပွင့်လင်းမှုကိုပြသနိုင်ပါသည်။ ကျွန်ုပ်တို့၏မျှော်လင့်ကိုးစားချက်များ၊ ချဉ်းကပ်မှုများကိုပြုပြင်ခြင်း၊

စီမံကိန်းများ ကိုပြောင်းလဲခြင်း၊ အဖွဲ့အစည်းကြီး၏ ရည်မှန်းချက်များအတွက် အလျှော့အတင်း ပြုခြင်းများပြုလုပ်ရန် ဆန္ဒရှိကြောင်း ပြသရပေမည်။

(၃) သင်သည် စစ်မှန်စွာနားထောင်လျက်ရှိကြောင်းနှင့် အခြားပုဂ္ဂိုလ်တို့၏ အကြံပြုချက်များကို တန်ဖိုးထားကြောင်းပြသပါ။ သူတို့ပြောသည်ကို နားထောင် ကြောင်း၊ သဘောပေါက်ကြောင်း တစ်ဖက်သားအားသိစေရန် တစ်နည်း နည်းဖြင့်ပြသပါ။[၈] တုံ့ပြန်မှုပြုနားထောင်ခြင်း(reflective listening) ကိုအသုံးပြုပါ။ အသင်းသားများအား ကောင်းသော နားထောင်ခြင်း အတတ်ပညာကို အချင်းချင်း အပေါ်အသုံးပြုကြရန် အားပေးပါ။[၉]

## နားထောင်ပြီး ဆုံးဖြတ်ချက်ချသောဖြစ်စဉ်ကို ဖန်တီးပြီး လုပ်ဆောင်ပါ

(၁) ပြ နာ၊ စိန်ခေါ်ချက်၊ လိုအပ်ချက် စသည်တို့ကို သင်တွေ့သည့်အတိုင်း သေချာစွာဖော်ပြပါ။ အသင်းသားများကိုခေါ်ပြီး အဖွဲ့၏တာဝန်အပေါ် အာ ံ စိုက်နိုင်ရန် စာရင်းပြုစုရာ၌ ကူညီစေပါ။

(၂) ဆုံးဖြတ်ချက်ကို မည်သူက မည်သည့်အချိန်တွင်ပြုမည်ကို ရှင်းရှင်းလင်းလင်း ပြုပါ။ ၄င်း၌ အဖွဲ့၏တာဝန်အတိုင်းအတာကိုလည်း ထည့်သွင်းဖော်ပြပါ (အချက်အလက်ရှာဖွေစုဆောင်းခြင်း၊ အဆိုပြုခြင်း၊ ဆုံးဖြတ်ချက် ချမှတ်ခြင်း တို့လည်း ပါဝင်)။ ဆုံးဖြတ်ချက်များ ချမှတ်ရန်လိုအပ်သောအခါ မည်သူက သို့မဟုတ် အဖွဲ့အစည်းက နောက်ဆုံးအခွင့်အာဏာရှိရမည်ကိုလည်း ထင်ရှားစေရန်လိုသည်။

(၃) တခြားသူတို့ထံမှ အကြံ ဏ်များ ဖိတ်ခေါ်ပါ။ သဘောကွဲလွဲမှုအပါအဝင် တွေ့ဆုံဆွေးနွေးခြင်းကို အားပေးပါ။[၁၀]

(၄) ကျွန်ုပ်တို့အချင်းချင်းအားဖြင့် ဘုရားသခင်မိန့်ကြားတော်မူသည်ကိုသိရှိရန် အလို့ငှာ ဆုတောင်းခြင်းနှင့် နားထောင်ခြင်းကို အားပေးပါ။

(၅) တတ်နိုင်သမျှ ဘုံသဘောတူညီချက်ရရန် ကြိုးစားပါ။ သို့ရာတွင် အဖွဲ့အစည်း ကြီးအတွက်ဖြစ်စေ၊ အသင်းအတွက်ဖြစ်စေ အကောင်းဆုံးဖြစ်မည်ဟု ယူဆ ပါက ဆုံးဖြတ်ချက်ချမှတ်ရန် မကြောက်ပါနှင့် (ဥပမာအားဖြင့် တစ်ခါတရံ အချိန်ကောင်းသည် အဓိကအရေးကိစ ဖြစ်ပြီး လက်တွေ့လုပ်ရပ်လိုအပ် မည်ဖြစ်သည်။ အချို့အချိန်များ၌ အဖွဲ့သားများ၌ ညဏ်အမြော်အမြင် ကင်းမဲ့ကြပြီး လုပ်ချင်စိတ်လည်းကင်းမဲ့တတ်ကြသည်။ ထိုသို့သောအရေး ကိစ များ၌ အသင်း အဖွဲ့ထဲမှ တစ်ဦးတစ်ယောက်က လက်တွေ့ကျသော၊

အတွေးအခေါ်နှင့် တုံ့ပြန်မှု တို့ကိုပေါ်ထွက်စေနိုင်သော အစီအစဉ်တစ်ခုကိုတင်ပြလာပါသည်။ ထိုအခါ ခေါင်းဆောင်အနေနှင့် အခြားအသုံးဝင်သော အကြံ ဏ်များ ထွက်လာစရာ မရှိတော့ဟုယူဆလျှင် အဖွဲ့၏ပူးပေါင်းပါဝင်မှုသည် အကျိုးရှိသည့်အပိုင်း ဆုတ်ယုတ်ကျဆင်းသွားသဖြင့် တွေ့ဆုံဆွေးနွေးပွဲကို အဆုံးသတ်ခြင်းသာ အကောင်းဆုံးဖြစ်နိုင်ပါသည်။ သို့မဟုတ် ယနေ့အစီအစဉ်ကို အဆုံးသတ်ကြောင်း ကြေညာပါ)။

(၆) အကြံ ဏ်များ စုဆောင်းခြင်းနှင့် တွေ့ဆုံဆွေးနွေးပွဲ ပြီးသွားပြီဖြစ်သဖြင့် လုပ်ငန်းစဉ် ရပ်နားမည်ဖြစ်ကြောင်း အချက်ပြပါ။ အဆင့်(၂) နှင့် (၃) အတိုင်း သင်ကောင်းစွာလုပ်သွားပါက ထိုသို့ရပ်နားသည်ကို မည်သူမျှ အံ့သြကြမည် မဟုတ်ပေ။ ထို့နောက် အားလုံးနားလည်သဘောပေါက်သော ပြတ်သားသော ဆုံးဖြတ်ချက်ကိုချမှတ်ပြီး ဆုံးဖြတ်ချက်အတိုင်း အမြန်ဆုံးကောင်အထည်ဖော်ပါ။

လုပ်ငန်းစဉ်ကို ရပ်နားခြင်းနှင့် ဆုံးဖြတ်ချက်အတိုင်းဆောင်ရွက်ခြင်းတို့သည် အောင်မြင်မှုအသီးအပွင့် ရရှိခံစားရမည်ဟုမျှော်လင့်ချက်နှင့် ပူးပေါင်းပါဝင်သူတို့၏ ယုံကြည်မှုကို ရှင်သန်စေရေးအတွက် အလွန်အရေးကြီးပါသည်။ နားထောင်ခြင်းကို ရှည်လျားစွာပြုလုပ်ပါက လုပ်ငန်းစဉ်သည် အကျိုးပြုရမည့်အစား အကျိုးယုတ်စေသောအရာဖြစ်လာပြီး ပါဝင်သူတို့အား စိတ်ဓာတ်ကျစေကာ လိုအပ်သော ပြုမူလုပ်ဆောင်မှုကို နှေးကွေးသွားစေမည်ဖြစ်သည်။ တစ်ခါတရံ နားထောင်ဟန်ဆောင်ပြီး ရပ်နားရမည့်အချိန်၌ မရပ်နားဘဲ နေကြသည်။ တစ်ခါတရံ ပဋိပက္ခကိုရှောင်ရှားလိုကြသဖြင့် တိတ်တိတ်နေကြပါသည်။ တစ်ခါတရံ ဆုံးဖြတ်ချက်မချနိုင်ဘဲ တွေဝေနေကြသည်။ အဖွဲ့လုပ်ငန်းစဉ်များ၌ ရှင်းလင်းတိကျသောရည်မှန်းချက်၊ လက်တွေ့ကျသောလုပ်ငန်းစဉ်၊ အပြုသဘော ဆောင်သော အပြည့်အဝ ပါဝင်ပတ်သက်မှုနှင့် ပိတ်သိမ်းမှု (ရပ်နားမှု)တို့ လိုအပ်ပါသည်။

## အလွန်အကျွံတုံ့ပြန်မှုမပြုမိရန် သို့မဟုတ် အလျင်စလိုတုံ့ပြန်မှု မပြုလုပ်ရန် သတိပြုပါ

(၁) သင့်အနေဖြင့် အခံဖက်၌ရှိသောအခါ သို့မဟုတ် အနေရကြပ်သောအခါ သို့မဟုတ် ပုဂ္ဂိုလ်ရေးအရခံယူသောအခါ အခြားပုဂ္ဂိုလ်များ၏ အတွေးအခေါ်နှင့် ခံစားချက်များကို နှုတ်အားဖြင့်ဖြစ်စေ သို့မဟုတ် အခြားနည်းဖြင့်ဖြစ်စေ တုံ့ပြန်တော့မည်ဆိုလျှင် သတိထားပါ။

(၂) အကျိုးမရှိသော တန်ပြန်တုံ့ပြန်မှုများ၌ မျက်လုံးများ ဟိုဒီလှည့်ခြင်း၊ သက်ပြင်းချခြင်း၊ မျက်ခုံးပင့်ခြင်း၊ အသံမြှင့်ခြင်းနှင့် အခြားကိုယ်အမူအရာဖြင့် မနှစ်မြို့ကြောင်း ပြခြင်းများပါဝင်သည်။

အချို့ပုဂ္ဂိုလ်များအတွက် ခပ်ပြင်းပြင်းတုံ့ပြန်ခြင်းသည် ထွက်ပေါက် သဘောဆန်ပြီး အချို့အတွက်မူ ပျော်စရာဖြစ်သည်။ သို့သော် သင်သည် ခေါင်းဆောင် နေရာ၌ရှိသဖြစ်သဖြင့် သင်ဖော်ပြသော သင်၏အယူအဆများနှင့် ခံစားချက်များကိုကျော်ပြီး အများကအဥပဒ်ယကောက်ယူကြမည်ကို မမေ့သင့်ပေ။ သင်ပြောသည်ကို သူတို့က ''ဘောဇ်၏ထင်မြင်ချက်''အဖြစ် ကြားကြမည်ဖြစ်ပြီး သင်နှင့် သဘောချင်းမတိုက်ဆိုင်သည်ကို မအီမသာ ဖြစ်ကြလျက် သင့်စိတ် အနှောင့်အယှက်ဖြစ်မည်ကို စိုးရိမ်သူများဖြစ်ကြသည်။ သင့်ထင်မြင်ချက်အပေါ် တွင်လည်း အမှတ်အပြည့်နီးပါးပေးကြကာ သင်လက်မခံလျှင် အလွန်ထိခိုက်နာကျင် မည့်သူများဖြစ်သည်။

သို့ဖြစ် အခြားပုဂ္ဂိုလ်များ၏အကြံဉာဏ်များကို တန်ဖိုးထားပါက ကျွန်ုပ်တို့အနေဖြင့် ခံယူချက်များနှင့် ထင်မြင်ချက်များ လွတ်လပ်စွာ စီးဝင် လာမှုကို အတားအဆီး မပြုမိရန် သတိထားရပေမည်။ အထူးသဖြင့် အပြစ်တင်ခြင်း၊ ဩဇာလွှမ်းမိုးခြင်း၊ ပြန်ပြောရဲသောသူများကို ပညာပေးခြင်း စသည်တို့ မပြုမိရန် အရေးကြီးပါသည်။ တာဝန်ရှိသူများ မိမိတို့ ဆန္ဒအလျောက် လွတ်လပ်စွာ ပါဝင်ပတ်သက်လာသည်ကို ကျွန်ုပ်တို့ လိုလားကြောင်းကို မမေ့ပါနှင့်။

(၃) သို့သော် တစ်စုံတစ်ဦး၏ပါဝင်မှုသည် အကျိုးယုတ်စေပါက သို့မဟုတ် အလုပ်တာဝန်မှသွေဖီသွားပါက ပြောဆိုဆွေးနွေးပွဲကို လမ်းကြောင်းမှန်ပေါ် ပြန်ရောက်ရန် သင့်အနေဖြင့် တည့်မတ်စေရမည်ဖြစ်သည်။ တစ်ခါတရံလုပ်ငန်းစဉ် ပျက်ပြားစေရန် တခြားသူတို့ ကြိုးစားကြလိမ့်မည် ဖြစ်သည်။ သူတို့၏ဒေါသ သို့မဟုတ် အခြားပုဂ္ဂိုလ်များ၏ မကျေနပ်ချက် စသည်တို့ကိုအခြေခံ အဖျက် သဘောပြုလုပ်နိုင်သည်။ အဆိုးမြင် ကောက်ချက်များပေးခြင်း သို့မဟုတ် အစည်း အဝေး၌ အနှောင့်အယှက်ပြုခြင်း စသည့်နည်းလမ်းများဖြင့် ဆက်ဆံမှု ပျက်ပြား အောင် ပြုလုပ်နိုင်သည်။ အခြေအနေတစ်ခုစီကို အပြုသဘောဖြင့် လိမ္မာပါးနပ်စွာ ကိုင်တွယ်ရန် လိုအပ်မည်ဖြစ်သည်။ တစ်ခါတစ်ရံ အဖွဲ့ဆွေးနွေးပွဲများ၌ စံနှုန်းများရှိသည်ကို သတိပေးရန်လိုအပ်မည်ဖြစ်သည်။ တစ်ခါတရံ ဆွေးနွေးပွဲစည်း စနစ်ကျရန် နှုတ်ဖြင့် ခပ်မာမာသတိပေးရန် လိုအပ်မည်ဖြစ်သည်။ တစ်ခါတရံ ဘေးထွက် ဆက်စပ်သောအကြောင်းအရာ ပေါ်တက်လာသဖြင့် လုပ်ငန်း စဉ်ကို

ခဏာမျှရပ်နားပြီး ၄င်းကိုကိုင်တွယ်ရန် လိုအပ်လိမ့်မည်ဖြစ်သည်။ တစ်ခါတရံ စိတ်ရှည်သည်းခံရန် လိုအပ်မည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် စိုးရိမ်ကြောက်ရွံ့မှုကြောင့် သူတို့၏အယူအဆနှင့် ခံစားချက်ကို အချိန်ယူပြီးဖော်ထုတ် ပြသရန် လိုအပ်မည် ဖြစ်သောကြောင့်ဖြစ်သည်။ ထိုသို့သော အရေးကိစ မျာ၌ ထိုပုဂ္ဂိုလ်များအနေဖြင့် အလုပ်တာဝန်မှ သွေဖီခြင်း သို့မဟုတ် သူတို့လိုချင်သည်ကို ရှာဖွေရင်း အကျိုးမရှိသောတုံ့ပြန်မှုများ ပြုသွားခြင်း ဖြစ်နိုင်သည်။

# ဆန်းစစ်သုံးသပ်မှုပြု မေးခွန်းများ

ဤအခန်းကိုဖတ်သောအခါ အောက်၌ဖော်ပြထားသော ဆန်းစစ်သုံးသပ်မှုပြု မေးခွန်းများကိုသုံးလက်မနှင့် ငါးလက်မအရွယ်ရှိကတ်ပြား သို့မဟုတ် ကွက်လပ်၌ ရေးဖြည့်ပါ။ သို့မဟုတ် သင်၏နေ့စဉ်မှတ်တမ်း၌ ရေးမှတ်ပါ။ ိုးဝန်ထမ်းများ၊ ခေါင်းဆောင်မှုအသင်း သို့မဟုတ် သက်တူရွယ်တူပညာသည်အဖွဲ့တစ်ခုတို့ကို ဖိတ်ခေါ်ပြီး မေးခွန်းများကို သုံးဦးတစ်ဖွဲ့ပုံစံဖြင့် အတူတကွအဖြေပေးရန် ကြိုးစားပါ။ မိမိတို့ကိုယ်တိုင်၏ နားထောင်ခြင်းအတတ်နှင့် ပတ်သက် နက်ိုင်းသိရှိလိုသော ခေါင်းဆောင်များနှင့် အစုအဖွဲ့ယဉ်ကျေးမှု အတွင်း ကောင်းစွာနားမထောင်ခြင်းကို မြ င့်တင်လိုသသော ခေါင်းဆောင်များ အတွက် ဒိုင်ယားလော့ခေါ် တွေ့ဆုံဆွေးနွေးပွဲများနှင့် သုံးဦးတစ်ဖွဲ့ တွေ့ဆုံမှုပုံစံများသည် အခြေအနေနှင့် သဟဇာတဖြစ်သောအရာများဖြစ်သည် (သုံးဦးတစ်ဖွဲ့ပုံစံနှင့် ပတ်သက် ပိုမိုပြည့်စုံသော လမ်းညွှန်ချက်ကို အခန်း (၁) ရှိ 'အကူအညီယူပါ' အပိုင်း၌ ဖတ်ူနိုင်ပါသည်)။

(၁) ကျွန်ုပ်၏လုပ်ဖော်ဆောင်ဖက်များ သို့မဟုတ် ကျွန်ုပ်နှင့် ဝန်ထမ်းများကြား၌ ဆက်သွယ်မှုကင်းမဲ့မှုကြောင့်ဖြစ်စေ သို့မဟုတ် အပြန်အလှန် နားလည်သဘော ပေါက်ခြင်းကင်းမဲ့မှုကြောင့်ဖြစ်စေ မည်သို့သော တင်းမာမှုများ ရှိသနည်း။

(၂) ပိုမိုထိရောက်သော နားထောင်သူဖြစ်လာရေးအတွက် ကျွန်ုပ် မည်သည့် သင်ယူမှုပြုရန် လိုအပ်သနည်း။

(၃) ကျွန်ုပ် လျစ်လျူရှုရန် မဖြစ်နိုင်တော့သော ကျွန်ုပ်၏အဖွဲ့အစည်းကြီး သို့မဟုတ် လုပ်ဖော်ဆောင်ဖက်များက ကျွန်ုပ်အား သိစေချင်ကြသောအရာကား အဘယ်နည်း။

## သုံးဦးတစ်ဖွဲ့အတွက် ညွှန်ကြားချက်များ(ဆယ်မိနစ်)

**၄ မိနစ်** – ဆန်းစစ်ဝေဖန်မှုပြုမေးခွန်းများအပေါ် သူ၏တုံ့ပြန်မှုများကို နားထောင်သူကို စကားပြောသူက ဝေမျှသည်။ ကြည့်ရှုလေ့လာသူသည် အချိန်ကို ကြည့်ထိန်းပြီး စကားဖြင့်မဟုတ်သော ဆက်သွယ်မှုများကို အာရုံစိုက်မှတ်ထားရမည်။

**၄ မိနစ်** – နားထောင်သူသည် မေးခွန်းများကို ရှင်းလင်းခြင်းဖြင့် စကားပြောဆိုသူအား အတွေးအခေါ်များနှင့် အတွေ့အကြုံများ စိစစ်သုံးသပ်သည်ကို ကူညီနေသည်။ နားထောင်သူ၏ အခန်းကဏ္ဍသည် သူ၏ထင်မြင်ချက်ကို သွတ်သွင်း ဖော်ပြရန်နှင့် စပ်စုရန်မဟုတ်ပေ။ ပြောသူဝေမျှသွားသည့် အယအဆများနှင့် ခံစားချက်များကို ရှင်းလင်းရန်သာဖြစ်သည်။ ကြည့်ရှုလေ့လာသူသည် ပြောသူနှင့် နားထောင်သူတို့အကြား ပြောဆိုဆွေးနွေးမှုထဲမှ ပေါ်ထွက်လာသော ထူးခြားချက်များကို အချိန်နှင့်အညီ ထိန်းသိမ်းမှတ်သားရပေမည်။

**၂ မိနစ်** – ကြည့်ရှုလေ့လာသူသည် ပြောသူနှင့် နားထောင်သူတို့၏အတွေ့အကြုံမှ သူမြင်တွေ့ကြားသိခံစားသမျှကို ပြန်လည်ဝေငှရမည်ဖြစ်သည်။

ပုဂ္ဂိုလ်သုံးဦး၏ အခန်းကဏ္ဍများကိုပြောင်းပြီး ကဏ္ဍပြောင်းလုပ်ငန်းစဉ် ပြီးဆုံးသည်အထိ ပြုလုပ်ကြရန်ဖြစ်သည်။

## လေ့ကျင့်ခန်းအပေါ် သုံးသပ်ချက်

သုံးဦးတစ်ဖွဲ့ပုံစံ လေ့ကျင့်ခန်းထဲမှ သင်၏အတွေ့အကြုံကို တစ်မိနစ်အတွင်း ရေးမှတ်ပါ။ ထို့နောက် သင် အဖွဲ့ထဲမှ အခြားပုဂ္ဂိုလ်များ၏ မှတ်ချက်များနှင့် နှိုင်းယှဉ်ပါ။ သင်တွေ့ရှိသော ထူးခြားချက်ကား အဘယ်နည်း။

–ပြောသူအဖြစ်

–နားထောင်သူအဖြစ်

–ကြည့်ရှုလေ့လာသူအဖြစ်

လေ့ကျင့်ခန်းထဲမှ တခြားသူတို့ပြောကြားချက်များအနက် လာမည့်အပတ်အတွင်း သင်စဉ်းစားချင်နေသောအရာနှင့် ဆုတောင်းလိုသော အရာတို့ကို အချင်းချင်းဝေငှပြီးမှ လေ့ကျင့်ခန်းကို အဆုံးသတ်ပါ။

## စဉ်းစားစရာအချို့

ပျော်ရွှင်ဖွယ်ရာအဖြစ်ဖြင့် သင့်ကိုသင် နားထောင်သောခေါင်းဆောင်အဖြစ် မမြင် နိုင်ဘဲရှိနေသည်ဆိုပါက တောလည်ရာကျမ်း ၂၂း၂၁–၃၅ မှ ဘာလမ်(ဗာလမ်) နှင့် သူ၏ မြည်းအကြောင်းကိုသတိရလျှင် အထောက်အကူဖြစ်ပါလိမ့်မည်။ ဘုရားသခင်သည် မြည်းအားဖြင့် မိန့်ကြားတော်မူနိုင်ခဲ့လျှင် လူငယ်သင်းအုပ်ဆရာ၊ စားသောက်ဆိုင်အကူ၊ ယာဉ်မောင်း၊ ဘုတ်အဖွဲ့ဥက္ကဋ္ဌ၊ မျက်နှာကို ဆံပင်ဖုံးထားသဖြင့် မိမိအားပြောသူ မည်သူဖြစ်သည်ကို သင်ကိုယ်တိုင်ကောင်းစွာ မသိရသော အလယ်တန်းကျောင်းသား သို့မဟုတ် သင်၏အီးမေးလ်လိပ်စာ ရထားသူ မည်သူမဆို စသည်တို့အားဖြင့်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့အား

မိန့်ကြားတော်မူနိုင်ပါသည်။ အမှန်စင်စစ် ကျွန်ုပ်သည် ပြက်လုံးထုတ်ပြော နေခြင်းဖြစ်သည်။ သို့သော် ထိရောက်သောခေါင်းဆောင်များသည် မိမိတို့၏ အားနည်းချက်များနှင့် အကန့်အသတ်များကို ကောင်းစွာသိရှိသူများဖြစ်သဖြင့် ကျိုးနွံနှိမ့်ချမှု အတော်အတန်ရှိသူများဖြစ်ကြသည်။ တစ်ဖက်မှ ဘုရားသခင်က အံ့သြဖွယ်နည်းလမ်းများဖြင့် လုပ်ဆောင်တော်မူမည်ကိုလည်းကောင်း၊ နိမိတ်ဖွင့် အသိပေးတော် မူမည်ကိုလည်းကောင်း မျှော်လင့်ချက်ကြီးမားစွာ ထားသူများလည်း ဖြစ်ကြသည်။

# အခန်း (၈)

# ဘုရားသခင်ကို ယုံကြည်အပ်နှံပါ

## ခေါင်းဆောင်မှုလက်တွေ့ကျင့်ထုံး

ဘုရားသခင်ကို အမြဲယုံကြည်အပ်နှံပါ

## ဝိညာဉ်ရေးအခြေခံမှု

ဘုရားသခင်ကို ယုံကြည်အပ်နှံမှု ခိုင်မြဲခြင်းသည် ဝိညာဉ်ရေး
အသက်ဝင်လှုပ်ရှားမှုနှင့်ခေါင်းဆောင်မှု၌ မရှိမဖြစ်သောအရာဖြစ်သည်

## ဘုရားသခင်ကို ကျွန်ုပ်ယုံကြည်အပ်နှံမှု မရှိတော့ပါ

အမြင်မကြည်လင်မှု၊ စိတ်ပျက်မှု၊ တုန်လှုပ်ခြောက်ခြားဖွယ် အတွေ့အကြုံများနှင့်အတူ ဆယ်နှစ်ကြာမျှ နေထိုင်လာခဲ့ရသဖြင့် ကျွန်ုပ်၏ သက်ဝင်ယုံကြည်မှုကို ခါလှုပ်ယိုင်နဲ့စေခဲ့သည်။ သခင်ခရစ်တော်ကိုတော့ ကျွန်ုပ် ယုံကြည်နေဆဲ၊ ကိုးကွယ်နေဆဲဖြစ်သော်လည်း ကျွန်ုပ်အထဲ၌ အပြောင်းအလဲ ဖြစ်သည်။ ယင်း ပြောင်းလဲမှုများသည် ကောင်းသောအရာများကား မဟုတ်ကြပေ။

ဟမ်လိုင်းတက္ကသိုလ်(Hamline University)၏ ၁၉၉၅ ခုနှစ် ဇန်နဝါရီလမှစခဲ့သော သင်ကြားရေးကာလ၌ စာသင်ကြားပို့ချခြင်းမပြုရန် ကျွန်ုပ် ရွေးချယ်ခဲ့သည်။ အကြောင်းမှာ ကိုလိုရေဒိုစပရိန်းစ်၌ ပြုလုပ်မည့် ရှစ်ရက်ကြာ 'လူမျိုးများအတွက် အနာရောဂါပျောက်ကင်းခြင်း' (Healings for the Nations) ခေါ် အားသစ်လောင်းအစီအစဉ်၌ ပါဝင်နိုင်ရန်ဖြစ်သည်။ ဝတ်ပြုကိုးကွယ်ခြင်း၊ ဆုတောင်းခြင်း၊ မိမိကိုယ်ကိုယ်ဆန်းစစ်ခြင်းနှင့် ကလေးဘဝအရေးကိစ များလေ့လာခြင်းနှင့် မိမိ၏ပုံရိပ်ကိုလေ့လာခြင်းများပြုခဲ့ကြသည်။ ကျွန်ုပ်၏အနာဂတ်နှင့်ပတ်သက် ဘုရားသခင်၏လမ်းညွှန်မှုကို ကျွန်ုပ် ရှာဖွေခဲ့သည်။ ကျွန်ုပ် ရရှိလိုက်သောအရာအပေါ် အပြည့်အဝအံ့သြခဲ့ရသည်။

ဘုရားသခင်နှင့် ကျွန်ုပ်၏ဆက်ဆံရေး၌ တစ်စုံတစ်ခုလွဲမှားနေကြောင်း ဒုတိယညတွင် ကျွန်ုပ် ႏုတ်တရက်သဘောပေါက်ခဲ့သည်။ ဤပုံစံဖြင့် ကျွန်ုပ် မည်မျှကြာ တွေ့ကြုံခံစားခဲ့ရသည်ကိုကား ကျွန်ုပ် မမှတ်မိပါ။ သို့သော် အမှန်တရားသည် မမျှော်လင့်ဘဲ ႏုတ်တရက် ကျွန်ုပ်ရှေ့၌ ပေါ်လာခဲ့သည်။ ကျွန်ုပ် အသက်တာတစ်ခုလုံး ဘုရားသခင်ကို ချီးကျူးဂုဏ်ပြုခဲ့သည်။ ကျွန်ုပ်အမြင်တွင် ဘုရားသခင်သည် ကျွန်ုပ်အား လဲကျစေတော်မူခဲ့သည်။ အားသစ်လောင်းစခန်း၌ ကျွန်ုပ်အား ကူညီမစတော်မူရန် ဘုရားသခင်ကို ကျွန်ုပ် မျှော်လင့်စောင့်စား နေဆဲဖြစ်သော်လည်း ႏုတ်တရက် ကျွန်ုပ် သဘောပေါက်ခဲ့သည်မှာ ကျွန်ုပ်၏ အနက်ရှိုင်းဆုံးအပိုင်း၌ ဘုရားသခင်ကို ကျွန်ုပ် စစ်မှန်စွာ ယုံကြည်အပ်နှံမှု မရှိခဲ့ခြင်းပင်ဖြစ် သည်။ ၎င်းအတွက် ကျွန်ုပ်သည် အကြီးအကျယ်စိတ်ပျက်ခဲ့ရပြီး နာကျင်စွာခံစားခဲ့ရသည်။ ဘုရားသခင်ကို ကျွန်ုပ် အပြစ်တင်ခဲ့သည်။

၁၉၈၀ ပြည့်လွန်နှစ်များအလယ်၌ ကျွန်ုပ်နှင့် ဇနီးသည်တို့သည် ချီကာဂိုမြို့ပြင်ရှိ အသင်းတော်လေးတစ်ခု၌ သင်းအုပ်ဆရာလုပ်ခဲ့ကြသည်။ ၎င်း၌ လေးနှစ်တာ အမှုတော်ဆောင်ကြစဉ်အတွင်း ကျွန်ုပ်တို့ ကလေးပျက်ကျခဲ့သည်။ ကျောင်းနေဖက် သူငယ်ချင်းတစ်ဦး အသက် ၂၈ နှစ်အရွယ်တွင် သေဆုံးခဲ့သည်။ ကျွန်ုပ်တို့၏ အသင်းတော်သည် ပုံမှန်သွားနေခဲ့သည်။ ကျွန်ုပ်သည် တစ်ပတ်လျှင် နာရီပေါင်း ၇၀ ကျော် အလုပ်လုပ်ခဲ့သော်လည်း ကျွန်ုပ်၏ကြိုးပမ်းမှုသည် လုံလောက်ပုံ မပေါ်ပေ။ ကျွန်ုပ်တို့၏ အမှုတော်ဆောင်လုပ်ငန်းသည် အဓိပ္ပာယ်ရှိစွာ ႏွီးကန် လှုပ်ရှားနေသော်လည်း ကျွန်ုပ်ထက် အဆများစွာကြီးမားသော အင်အားစု များသည် ကြီးထွားနေသော အသင်းတော်နှင့် စိတ်အားထက်သန်သော အမှုတော်ဆောင်လုပ်ငန်း ဖြစ်မလာစေရန် တားဆီးပိတ်ပင်ခဲ့ကြသည်။ ထိုအခြေအနေ၌ ကျွန်ုပ်အား ဘုရားသခင် ကူညီတော်မူခြင်းမရှိသည်ကို ကျွန်ုပ် နားမလည်နိုင်ခဲ့ပေ။

ထို့နောက် ကျွန်ုပ် နာမကျန်းဖြစ်ခဲ့သည်။ ၁၉၈၆ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် ကျွန်ုပ်၏ ပထမသားဦးမွေးခဲ့သည်။ ကျွန်ုပ်၏ အရေပြားရောဂါ ကုဆရာဝန်၏ တယ်လီဖုန်းမှ လေးနက်သောအသံကြောင့် ပြဿနာတစ်ခု ရှိကြောင်း ရိပ်မိခဲ့သည်။ ဒေါက်တာက ကျွန်ုပ်အား ကျွန်ုပ်၌ သေလောက်သော အရေပြားရောဂါရှိကြောင်း၊ အလွန်ဆုံး ၁၀ နှစ်လောက် အသက်ရှင်နိုင်ကြောင်း သိမ်မွေ့ညင်သာစွာ ပြောပြခဲ့သည်။

ဤဆေးစစ်ချက်အကြောင်းကြားရသည်မှာ ရွံ့အိုင်ထဲ နစ်နေသည်နှင့် တူတော့သည်။ ဘာဖြစ်ခဲ့သလဲ။ ကျွန်ုပ် မျှော်မှန်းသကဲ့သို့မဟုတ်ဘဲ ဘုရားသခင်သည် ကျွန်ုပ်တို့ အသင်းတော်၌ ကျွန်ုပ်တို့၏ကြိုးပမ်းမှုများကို ကောင်းချီးပေးတော်မူခြင်း မပြုခဲ့ပေ။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ သမီးကို

သေခြင်းမှ ကယ်တင်တော်မူခြင်း မပြုခဲ့ပေ။ ယခုလည်း ကျွန်ုပ်၏ သားဦးသည် ဆယ်ကျော်သက်အရွယ် မတိုင်ခင် အဖေမရှိသော သား၊ ကျွန်ုပ် မိန်းမသည် မုဆိုးမ ဖြစ်လာကြတော့မည်။

ထို့နောက် ကျွန်ုပ်မိခင်သည် အယ်လ်ဇိုင်းမာရောဂါ (အတိတ်မေ့ရောဂါ) ခံစားလာခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် တစ်ခုခုမှားနေကြောင်း ကျွန်ုပ်တို့သိရှိ လာခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ်များအစောပိုင်းကာလ၌ အမေ၏ရောဂါ ဆန်းစစ်ချက်ကို အတည်ပြုခဲ့ပြီး သူမ၏အခြေအနေသည် တဖြည်းဖြည်း ပိုမိုဆိုးဝါးလာခဲ့သည်။ ကျွန်ုပ်၏ ဖခင်သည်လည်း စောစီးစွာ အငြိမ်းစားပေးခြင်း ခံခဲ့ရသည်။ မိဘနှစ်ပါး၏ အငြိမ်းစားဘဝ အစီအစဉ်များသည် ပြိုလဲပျက်စီး ကုန်တော့သည်။ အဖေ၏ ကျန်းမာရေးအခြေအနေသည် အမေထက် ပိုမိုလျင်မြန်စွာ ဆုတ်ယုတ်ကျဆင်းခဲ့သည်ကို ကျွန်ုပ်တို့ လက်ပိုက်ကြည့်နေခဲ့ရသည်။ မိဘနှစ်ပါး အတွက် ကျွန်ုပ်တို့ လုပ်နိုင်သောအရာမရှိပေ။ အမေ့ကိုပြုစုခြင်းသည် အဖေ့အတွက် တန်ဖိုးကြီးမားလွန်းသဖြင့် ၁၉၉၈ ခုနှစ်တွင် ကွယ်လွန်သွားခဲ့သည်။ အမေလည်း ၂၀၀၂ ခုနှစ် တွင် အဖေ့နောက်သို့ လိုက်သွားခဲ့သည်။

ဤအဖြစ်အပျက်များသည် ကျွန်ုပ်အတွက် မည်သည့်အဓိပ္ပာယ်မှ မရှိကြပေ။ ကျွန်ုပ် မိဘနှစ်ပါးသည် ခရစ်ယာန်ကောလိပ်တစ်ခု၌ ဆက်ကပ်ထားသော အလုပ်သမားများဖြစ်ကြသည်။ သို့သော် ဘုရားသခင်သည် သူတို့အား ကြည့်ရှုစောင့်ရှောက်တော်မူခြင်း ပြုခဲ့ဟန်မတူပေ။ ခရစ်ယာန်အမှုတော်ဆောင်လုပ်ငန်း၌ ကျွန်ုပ်သည် အပြင်းအထန်ကြိုးစားပြီး ဆက်ကပ်ခဲ့သော်လည်း ကျွန်ုပ်သည် ကောင်းချီးမင်္ဂလာခံစားရမည့်အစား ဖျားနာခြင်းနှင့် သေခြင်းတရားတို့၏ ဝိုင်းရံခြင်းခံခဲ့ရသည်။ ခရစ်ယာန်အမှုတော်ဆောင်လုပ်ငန်း၌ အချိန်ပြည့် ဆက်ကပ်မည်ဟု ဆုံးဖြတ်ခဲ့ပြီးနောက် ဘုရားသခင်ကို သစ္စာရှိစွာဆက်ကပ်လျှင် ဘုရားသခင်ကလည်း ကျွန်ုပ်တို့အား ကြည့်ရှုစောင့်ရှောက်တော်မူမည်ဟု ဘုရားသခင်နှင့် သဘောတူညီချက်ယူထားခဲ့သည်ဟု ကျွန်ုပ်ထင်မှတ်ခဲ့သည်။

ယခုအခါ 'ကြည့်ရှုစောင့်ရှောက်တော်မူမည်' ဆိုသည့်အဓိပ္ပာယ်ကို ကျွန်ုပ်သေချာ မသိတော့ပါ။ နောက်ကြောင်းပြန်ကြည့်သောအခါ ကျွန်ုပ်နှင့် ကျွန်ုပ်၏မိသားစုကို အန္တရာယ်မှ ဘုရားသခင် ကွယ်ကာစောင့်ရှောက်တော်မူမည်ဟု ကျွန်ုပ် မသိမသာ တွေးခဲ့ပုံရပါသည်။ ကျွန်ုပ်၏အမှုတော်ဆောင်လုပ်ငန်းကို အတိုင်းအတာတစ်ခုအထိ ဘုရားသခင်ကောင်းချီး ပေးတော်မူလိမ့်မည်ဟု ယူဆခဲ့သည်။ သို့သော် ကျွန်ုပ် မျှော်လင့်ထားသလို ဖြစ်မလာခဲ့ပေ။ နာကျင်မှုများ၊ ဆုံးရှုံးမှုများ၊ စိတ်ပျက်မှုများနှင့် ရုန်းကန်လှုပ်ရှားမှုများကိုသာ ကြုံတွေ့ရပြီး ကျွန်ုပ်၏ပြင်းထန်စွာ ကြိုးပမ်းမှုနှင့် သစ္စာရှိမှုတို့သည် ဘာမှအရာထင်ပုံမပေါ်ပေ။ ဘုရားသခင်သည် ကျွန်ုပ်မိဘနှစ်ပါးပေါ်တွင်လည်းကောင်း၊ ကျွန်ုပ် မိသားစုပေါ်တွင်

လည်းကောင်း ပျက်ကွက်တော်မူခဲ့သည်ဟု ကျွန်ုပ်ယူဆခဲ့ပြီး ကျွန်ုပ်၏ စိတ်ပျက်မှု သည် သံသယနှင့် နာကျည်းမှုအဖြစ်သို့ ပြောင်းသွားခဲ့သည်။

ကျွန်ုပ်လမ်းဆုံလမ်းခွရောက်နေမှန်း ကျွန်ုပ်သိပါသည်။ ရှေ့သို့ သွားရမည် ဆိုလျှင် ကျွန်ုပ် တစ်ခုခုဆုံးဖြတ်ရတော့မည်ဖြစ်သည်။ ဘုရားသခင်အပေါ် ယုံကြည်အပ်နှံ ခြင်းပြုမည်လော၊ မပြုဘဲနေမည်လော။ ကျွန်ုပ်၏အသက်တာ၌ ဘုရားသခင်၏ကောင်းခြင်းကို တိတ်တဆိတ် သံသယဝင်နေသော ခရစ်ယာန် ခေါင်းဆောင် တစ်ဦးအဖြစ် ကျွန်ုပ် မနေနိုင်တော့ပါ။ ပြ နာကို ကျွန်ုပ်တွေ့ခဲ့ပြီ။ ယခုကျွန်ုပ် ရွေးချယ်ရတော့မည်။ ကျွန်ုပ်အမေ၏ရောဂါနှင့် ကျွန်ုပ် အသက်တာ၌ ဆုံးရှုံးမှုများပေါ် ဆက်လက်နာကျည်းပြီးနေသွားမည်လော။ သို့တည်းမဟုတ် ဘုရားသခင်သည် ကျွန်ုပ်အသက်တာ၌ အကောင်းအားဖြင့် ဆက်လက် လုပ်ဆောင်တော်မူကြောင်း ယုံကြည်အပ်နှံရမည်လော၊ တစ်ခုခုရွေးချယ် ရတော့မည်ဖြစ်သည်။

ဘုရားသခင်သည် ကျွန်ုပ် ဝမ်းနည်းပူဆွေးနေစဉ်နှင့် အခက်အခဲများ တွေ့ကြုံနေရချိန်တို့၌ ကျွန်ုပ်တို့နှင့်အတူ ပါရှိတော်မူကြောင်း သက်သေ ပြနိုင်ပါကလည်းကောင်း သို့မဟုတ် အတူပါရှိတော်မူခြင်းမရှိကြောင်း သက်သေပြနိုင်ပါကလည်းကောင်း ကျွန်ုပ်အနေဖြင့် သံသယကိုဖြစ်စေ၊ နာကျည်းမှုကိုဖြစ်စေ၊ ယုံကြည်အပ်နှံမှုကိုဖြစ်စေ ရွေးချယ်စရာလိုတော့မည် မဟုတ်ပေ။ သို့သော် ကျွန်ုပ်၌ သက်သေမရှိပါ။ တစ်ဖက်မှ ကျွန်ုပ်၌ နာကျင်ရသော အတွေ့အကြုံ အများအပြားရှိခဲ့သည်။ အခြားတစ်ဖက်မှ ကျွန်ုပ်သည် ရင့်ကျက်လာပြီး စမ်းသပ်မှုများကြားမှ အသက်တာနှင့် ခေါင်းဆောင်မှုနှင့်ပတ်သက် နက်ရှိုင်းသိအများအပြား ရရှိခဲ့သည်။ ၄င်းအပြင် ကျွန်ုပ်တို့၏အမှုတော်ဆောင် လုပ်ငန်း၏ အကူအညီကို အတော်အတန်ရခဲ့သော သာမန်ယုံကြည်သူတို့နှင့် အဦပ ၁ယ်ရှိသောဆက်ဆံရေး တည်ဆောက်နိုင်ခဲ့သည်။ သို့ဖြစ် အကောင်း အားဖြင့်ဖြစ်စေ၊ အဆိုးအားဖြင့်ဖြစ်စေ သက်သေပြသနိုင်ခြင်း မရှိသောကြောင့် ဘုရားသခင်အား ယုံကြည်အပ်နှံခြင်းသည်သာ ကျွန်ုပ် ရွေးချယ်ရမည့်အရာ ဖြစ်ကြောင်း၊ မရေရာမသေချာသောအချက်များအပေါ် အခြေခံသော နိဂုံးမဟုတ်ကြောင်း ကျွန်ုပ်သိရှိလာခဲ့သည်။

ယုတိ နည်းအရဆိုရလျှင် တတိယ ရွေးချယ်စရာရှိပါသည်။ ကျွန်ုပ်၏ ဘုရားသခင် အပေါ် ယုံကြည်မှုအားလုံးကို စွန့်လွှတ်နိုင်ပါသည်။ ဘုရားသခင်သည် ချစ်ခြင်း မေတ ၁နှင့် ကောင်းသော ဘုရားသခင်ဖြစ်တော်မူခြင်းကိုလည်းကောင်း သို့မဟုတ် ကျွန်ုပ်အပေါ် မကောင်းခဲ့သော၊ ဂု မစိုက်ခဲ့သော ဘုရားသခင်ဖြစ်သဖြင့် သူ့အပေါ် နာကျည်းခံပြင်းသော ဘုရားသခင်အဖြစ်လည်းကောင်း ရှိနေနိုင်ပါသည်။ သို့သော် အမှန်တရားမှာ ဘုရားသခင်အား ကျွန်ုပ် ယုံကြည်ခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်၏ ကယ်တင်ခြင်းကို ကျွန်ုပ်စိတ်ချယုံကြည်ခဲ့သည်။ သံသယနှင့် နာကျည်းနေလင့်ကစား ကျေးဇူးတော်ကြောင့်နှင့် သခင်ယေရှုခရစ်တော်ကြောင့် ဘုရားသခင်သည် ကျွန်ုပ်၏သက်ဝင်ယုံကြည်မှုအား တိုးပွားစေခဲ့ပြီး သူ့အား ပိုမိုသိကျွမ်း စေတော်မူခဲ့သည်။ ၎င်းအပြင် ကျေနပ်နှစ်သိမ့်မှု၊ ပျော်ရွှင်မှုနှင့် ငြိမ်းချမ်းမှုတို့ကို ဆောင်ကျဉ်းပေးသော ဘုရားသခင်၏ မေတ္တာတော်ကိုလည်း ကျွန်ုပ် တွေ့ကြုံခံစားခဲ့ရသည်။ ဘုရားသခင်ကို မယုံကြည်တော့ပါဟုလည်းကောင်း၊ ဘုရားသခင် ကျွန်ုပ်အား ချစ်တော်မူခြင်းမရှိဟုလည်းကောင်း ကျွန်ုပ် ဟန်ဆောင်ပြောနေခြင်းသည် မိုးသားရာကျမည်ဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် ကျွန်ုပ်၏နှလုံးသား၊ စိတ်နှင့်အတွေ့အကြုံတို့၌ ဘုရားသခင်၏ မေတ္တာတော်နှင့် ဂရုစိုက်တော်မူခြင်းတို့ကို များစွာကြုံတွေ့ခံစား ခဲ့ရသောကြောင့် ဖြစ်သည်။ သို့သော် တစ်ချိန်တည်းတွင် ကျွန်ုပ်၏စိတ်ထဲတွင် ဘုရားသခင်နှင့် ကျွန်ုပ်၏ဆက်ဆံရေး၌ ကြီးမားသော အဟန့်အတားကြီးတစ်ခုက ခံနေကြောင်း ဝန်မခံလျှင်လည်း မိုးသားရာကျမည် ဖြစ်သည်။ အမှန်မှာ ကျွန်ုပ်၌ ယုံကြည်အပ်နှံမှုပြဿနာ(trust problem) ရှိခဲ့သည်။

ဤအဖြစ်သနစ်များ ကျွန်ုပ်အတွက် ရှင်းရှင်းလင်းလင်းဖြစ်သောအခါ ကျွန်ုပ် ဘာကိုရွေးချယ်ရမည်ကို ချက်ချင်းသိလိုက်သည်။ နာကျည်းမှုကို စိတ်ထဲ သယ်ဆောင်နေရခြင်းကို ကျွန်ုပ် ငြီးငွေ့လာခဲ့သဖြင့် ကျွန်ုပ် ကြုံတွေ့နေရသော အသိတရား မကြည်မလင်ဖြစ်မှုကို ဖြေရှင်းရန် စိတ်အားထက်သန်နေခဲ့သည်။ ကျွန်ုပ်၏ ခက်ခဲကြမ်းတမ်းသော ဘဝအတွေ့အကြုံများအတွက် ဘုရားသခင်ကို အပြစ်တင်ရမည့်အစား သမ္မာကျမ်းစာ၏ ဘုရားသခင်ကို ယုံကြည်အပ်နှံနိုင်ပါသည်။ နှစ်ပေါင်းများစွာ ကျွန်ုပ် ချစ်ခင်လာခဲ့ပြီး နည်းလမ်းမျိုးစုံဖြင့် သိကျွမ်းလာခဲ့သော ဘုရားသခင်ကို ယုံကြည်အပ်နှံနိုင်တော့မည်ဖြစ်သည်။

ယုံကြည်အပ်နှံမှု သို့မဟုတ် ယုံကြည်စိတ်ချမှု (trust) သည် မရေမရာ၊ မတင် မကျဖြစ်သောအခြေအနေများကြား၌ပြုရသော ရွေးချယ်မှုဖြစ်သည်။ ဉပ်သက်သေ အခိုင်အမာများပေါ်တွင်အခြေခံသော ယုတ္တိ နည်းကျနိဂုံးမဟုတ်ဘဲ မမြင်မတွေ့ရသောအရာအပေါ် သက်ဝင်ယုံကြည်ခြင်းဖြစ်သည်။ ၎င်းသည် အမြင်အာရုံကို ကာဆီးနေကြသော အကြေးခွံများကို မျက်စိထဲမှ ခွာချလိုက်သောအခါ ဉတ်တရက်မြင်နိုင်ခဲ့ရသော အခိုက်အတန့်နှင့်တူသည်။ ဘုရားသခင်ကို ယုံကြည်အပ်နှံနိုင်သည်ကို ကျွန်ုပ် သဘောပေါက်ခဲ့သဖြင့် ၎င်းကို ဝမ်းသာစွာ ကျွန်ုပ် ရွေးချယ်ခဲ့သည်။

ဘုရားသခင်ကို ယုံကြည်အပ်နှံမှု၌လိုအပ်သော ကျေးဇူးတော်ကို ဘုရားသခင် ကျွန်ုပ်အား ပေးသနားတော်မူခဲ့ပြီး ယင်းအတွေ့အကြုံသည် ကျွန်ုပ်၏ဘဝ၌ အလှည့်အပြောင်းကာလဖြစ်လာခဲ့သည်။ ၎င်းသည်

အနာရောဂါပျောက်ကင်းခြင်းနှင့် အသစ်စတင်ခြင်း အတွေ့အကြုံကဲ့သို့ ဖြစ်ပါသည်။ နောက်တစ်ပတ်အကြာတွင် ဆုတောင်းသောအခါ ကျွန်ုပ် မျက်စိထဲ၌ ကျွန်ုပ်၏ အမှုတော်ဆောင်လုပ်ငန်းထဲ၌ သခင်ယေရှုနှင့်အတူ ရှေ့သို့ ချီတက်လျှောက်လှမ်း နေသည်ကို မြင်ယောင်ခဲ့သည်။ နှစ်ပေါင်းများစွာအတွင်း ကျွန်ုပ်တစ်ယောက်တည်း မဟုတ်ကြောင်း တွေ့ကြုံခံစားခဲ့ရသည်။

## လိုအပ်သောအရာ

*ဘုရားသခင်ကို အမြဲယုံကြည်ကိုးစားပါ*

ကျွန်ုပ်တို့ကမ္ဘာကြီးအနေဖြင့် သံသယ၊ ကြောက်ရွံ့ခြင်း၊ မလုံခြုံမှု၊ ယုတိ ဗေဒနှင့် သက်သေအထောက်အထားတို့အလွန်အကျွံမှီခိုမှုနှင့် အသက်တာနှင့် ခေါင်းဆောင်မှုတို့ကို ပြောင်းလဲစေနိုင်သော သက်ဝင်ယုံကြည်မှုကို အဟန့်အတား ပြုမှု စသည်တို့ကိုလွတ်မြောက်စေနိုင်သော အလုံးစုံပြောင်းလဲပစ်နိုင်သည့် ဘုရား သခင်၏တန်ခိုးတော်ကို တွေ့ကြုံခံစားခဲ့ရသော ခေါင်းဆောင်များ ပိုမိုလိုအပ်ပါ သည်။ အသင်းတော်များ၊ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများ၌ ခရစ်တော်ကို ချစ်ခင်မြတ်နိုးပြီး သက်ဝင်ယုံကြည်မှုအားဖြင့် အသက်ရှင်ပြီးဦးဆောင်သော ခေါင်းဆောင်များလိုအပ်ပါသည်။ သံသယနှင့် သက်ဝင်ယုံကြည်မှုလမ်းဆုံလမ်းခွ၌ ရပ်နေရသော်လည်း သူတို့၏အသက်တာ၊ မိသားစုနှင့် ဦးဆောင်မှုတို့၌ ဘုရားသခင်ကို အမြဲတမ်းရွေးချယ်ပြီးနေလာခဲ့သော ခေါင်းဆောင်များ လိုအပ်သည်။

မည်သူမျှ ရောက်ရှိခံစားနိုင်ခြင်းမရှိသော အသက်ရှင်နေထိုင်ခြင်းကို ငြင်းပယ်ခြင်းအကြောင်းဖြစ်စေ သို့မဟုတ် စံပြဝိညာဉ်ရေး ဖြစ်တည်မှုဘဝကိုဖြစ်စေ ကျွန်ုပ် ပြောနေခြင်း မဟုတ်ပေ။ မှားယွင်းနိုင်သော၊ လက်တွေ့ဘဝ၌ တွေ့နေရသော သာမန်ထက်အနည်းငယ်မျှသာ အဆင့်သာသော ခေါင်းဆောင်များအကြောင်းကို ကျွန်ုပ်ပြောဆိုခြင်းဖြစ်သည်။ သူတို့ကိုယ်တိုင်၌ ကိုယ်တိုင် မကောင်းဆိုးဝါးများနှင့် သက်ဝင်ယုံကြည်မှုပြ နာများရှိနေသော ခေါင်းဆောင်များကို ပြောဆို ခြင်းဖြစ်သည်။ သူတို့၌ စိတ်ပျက်ခြင်း၊ စိတ်မသက်မသာဖြစ်ခြင်း၊ ဒေါသနှင့် နာကျည်းမှုများရှိသော်လည်း ၎င်းတို့ကိုကျော်လွှားချင်ကြသည်။ သူတို့၏အမှောင်ဆုံး အတွေးအခေါ်များ၊ ကြောက်ရွံ့မှုများ၊ နာကျင်မှုများ၊ ဖိအားပေးမှုများအပေါ် သက်ဝင်ယုံကြည်မှုအလင်း ကျရောက်လာကာ ဘုရားသခင်၌ စစ်မှန်သော ယုံကြည်အပ်နှံသည့်ဘဝဖြင့် အသက်ရှင်နေထိုင်နိုင်ရန် အစဉ်အမြဲကြိုးပမ်း နေကြသည်။ သူတို့၏ ယုံကြည်စိတ်ချမှု၊ အသက်စွမ်းအား၊ ဦးဆောင်မှုစွမ်းရည်တို့ကို ယုတ်လျော့ချိနဲ့စေမည့် ပြ နာများနေရာတွင် ဘုရားသခင်သည် သူတို့အား

စွန့်ပစ်တော်မူခြင်းမရှိကြောင်းနှင့် သူတို့၏အသက်တာနှင့် ခေါင်းဆောင်မှုဘဝများ၌ ဘုရားသခင် အလုပ်လုပ်တော်မူကြောင်းတို့ကို ယုံကြည်ရန်ရွေးချယ် ကြမည် ဖြစ်သည်။

## သက်ဝင်ယုံကြည်မှု ထောင့်အထွေထွေ

သက်ဝင်ယုံကြည်မှုဟူသည် 'မျှော်လင့်သည့်အရာများကို စိတ်ချခြင်း၊ မမြင်နိုင် သောအရာများကို သေချာခြင်းဖြစ်၏' (ဟေဗြဲ ၁၁း၁)။ ကျွန်ုပ်တို့ လုပ်ဆောင်မှုများ၏အကျိုးရလဒ်များနှင့်ပတ်သက်သည့် ဘုရားသခင်အား သက်ဝင်ယုံကြည်မှုက ညွှန်ကြားခြင်းမပြုပေ။ တန်ဖိုးရှိသောအကျိုးရလဒ်များကို ဘုရားသခင်က တစ်နည်းနည်းဖြင့် လုပ်ဆောင်ပေးတော်မူလိမ့်မည်ဟု ဘုရားသခင်အား ယုံကြည်စိတ်ချခြင်းဖြစ်သည်။ ဘုရားသခင်၏ ပြုမှုလုပ်ဆောင်တော်မူချက်များကို ကျွန်ုပ်တို့ သိရှိနားလည်နိုင်သည်ဖြစ်စေ၊ မသိရှိနိုင်ဘဲ နေသည်ဖြစ်စေ ဘုရားသခင်သည် ကျွန်ုပ်တို့အသက်တာနှင့် ဦးဆောင်မှုထဲ၌ အလုပ်လုပ်တော်မူသည်ဟု သက်ဝင်ယုံကြည်မှုက ယုံကြည်သည်။ သက်ဝင်ယုံကြည်မှုသည် မော်အတတ် သို့မဟုတ် ပဥ လက်အတတ်နှင့် အံ့ဖွယ်ဖြစ်ရပ်များ အပေါ် တည်မှီခြင်းမပြုပေ။ အခြေအနေအားလုံး၌ ကောင်းသောအရာများကို လုပ်ဆောင်တော်မူရန် သက်ဝင်ယုံကြည်မှုက လိုလားသော်လည်း ဘုရားသခင်၏ အလိုတော်အရသာဖြစ်ပေမည် (ရောမ ၈း၂၈–၂၉)။

ဘုရားသခင်သည် သနားကရုဏာနှင့်ပြည့်စုံတော်မူသောဘုရား၊ စိတ်ရှည် ကျေးဇူးကရုဏာနှင့် ကြွယ်ဝသောဘုရား၊ သစ္စာတည်သော ဘုရားဖြစ်ကြောင်းကို သက်ဝင်ယုံကြည်မှုအားဖြင့် သိရသည် (ထွက် ၃၄း၆)။ ကျွန်ုပ်တို့၏နာကျင်သော အတွေ့အကြုံများက ဘုရားသခင်သည် ကျွန်ုပ်တို့အား ဂရုမစိုက်ကြောင်း၊ သို့မဟုတ် လူသားတို့၏ အရေးကိစ္စများ၌ပါဝင်ခြင်းမရှိ ကြောင်းပြသသည်ဟူသော မှားယွင်းသည့် နိဂုံးဆွဲခြင်းကို သက်ဝင်ယုံကြည်မှုက လက်မခံပေ။ ကျွန်ုပ်တို့၏ မျှော်လင့်ချက်များ၊ အိပ်မက်များ၊ ချစ်ရသောသူများနှင့် အသက်တာများအားလုံး ပျက်စီးသွားသည့်တိုင် သက်ဝင်ယုံကြည်မှုသည် ဘုရားသခင်ကို ဖက်တွယ်ထားပါသည်။ ကျွန်ုပ်တို့၏နာကျင်ရသော စိတ်ပျက်မှုများ၊ ကြေကွဲစရာများ၊ ဆင်းရဲဒုက္ခများကို သက်ဝင်ယုံကြည်မှုက ကောင်းသည်ဟု မပြောပါ။ လူသား၏အခြေအနေ၌ ကြောက်မက်ဖွယ်များကို အသိအမှတ်ပြု သော်လည်း မျှော်လင့်ခြင်းကို စွန့်လွှတ်ခြင်းမရှိပေ။

နောက်ဆုံးတွင် သက်ဝင်ယုံကြည်မှုအနေဖြင့် ဘဝအသက်တာထဲမှ ထွက်လာ သောရလဒ်များကို လက်မြှောက်အရှုံးပေးလိုက်သည်၊ ပစ္စုပ္ပန်ကိုကျော်ပြီး

ထာဝရကိုကြည့်ပါသည်။ ဘုရားသခင်နှင့် ယုံကြည်သူတို့ကို မည်သူကမျှ သွေးခွဲနိုင်မည်မဟုတ်ဟုလည်းကောင်း၊ ဘုရားသခင်သည် ကျွန်ုပ်တို့အား ဘယ်တော့မှ စွန့်ပစ်မည်မဟုတ်ဟုလည်းကောင်း၊ ကျွန်ုပ်တို့အား ဘယ်တော့မှ ပစ်ထားမည်မဟုတ်ဟုလည်းကောင်း ယုံကြည်သည် (ရောမ ၈း၃၅-၃၉၊ ဟေဗြဲ ၁၃း၅)။

## ရေတိုအရေးကိစ္စ များအတွက် ရေရှည်သက်ဝင်ယုံကြည်မှု

လူစီးသင်္ဘောကြီး တိုင်တင်းနစ် နစ်မြုပ်သည့်အကြောင်းကိုကိုးကားထားသည့် ဇာတ် ကားထဲမှမြင်ကွင်းတစ်ခုကို ကျွန်ုပ် မကြာခဏ စဉ်းစားပါသည်။ သင်္ဘောကြီးနစ် နေသည့်အချိန်မှာ ဘုန်းကြီးတစ်ပါးသည် ကျမ်းစာကိုဖတ်ပြီး သေမည့်သူများကို နှစ်သိမ့်စကားဆိုနေပါသည်။ သူ့ကိုဝိုင်းအုံနေကြသူတို့အနေဖြင့် အံ့ဖွယ်ဖြစ်ရပ် (miracle) ဖြစ်သည့် ကယ်တင်ခြင်းကို မျှော်လင့်နေကြကြောင်း ယခုအခါ ကျွန်ုပ် ကောင်းစွာသဘောပေါက်ခဲ့သည်။ ယင်းသည် လူ့သဘာဝဖြစ်နားလည်နိုင်သော သင့်လျော်သည့်အပြုအမူဖြစ်သည်။ ကျွန်ုပ်တို့ ဒုက္ခရောက်နေသောအခါ ဘုရားသခင်ကို တမ်းတအော်ခေါ်ရန် ကျမ်းစာက ကျွန်ုပ်တို့အား တိုက်တွန်းပါသည်။

သို့သော် ခိုကိုးရာမဲ့ဖြစ်နေကြသော လူအများကို ဘုန်းတော်ကြီးက ဆာလံ ၂၃ ကိုဖတ်ပြသောအခါ သူဘာတွေစဉ်းစားမည်ကို ကျွန်ုပ်စဉ်းစားကြည့်သည်။ ဘုရားသခင်၏အကူအညီကိုရယူရန် ဂါထာမန္တန်ရွတ်ဆိုသလို ကျမ်းပိုဒ်ကို ရွတ်ဆိုခြင်းလော။ ယုံကြည်သူများနှင့် အားလုံးအတွက် ဘုရားသခင်က အံ့ဖွယ်တစ်ခုခုလုပ်ပေးတော်မူလိမ့်မည်ဟု မိုက်မဲစွာ သူ မျှော်လင့်ခဲ့လော။ နောက်ကြောင်းပြန်စဉ်းစားပါက အများစုကြီးအတွက် မည်သို့မျှ မဖြစ်နိုင် သောရလဒ်ဖြစ်ပါသည်။ ထိုသို့မဟုတ်ဘဲ သမ္မာရင့်သင်းအုပ်ဆရာများနှင့် ဝိညာဉ်ရေးခေါင်းဆောင်များ သိထားပြီးဖြစ်သောအချက်ဖြစ်သည့် ကျန်းမာရေး၊ လုံခြုံမှု၊ ကူညီမစမှု၊ ကောင်းကြီးမင်္ဂလာ စသည်တို့ကို ဘုရားသခင်၌ သက်ဝင်ယုံ ကြည်မှုရှိခြင်းက အာမခံချက်မပေးကြောင်းကိုသိသဖြင့် လုပ်ပိုးလုပ်စဉ်ကို လုပ်ခြင်းပေလော။ အရေးကြုံနေစဉ် ဘုရားသခင်၌ သက်ဝင်ယုံကြည်မှုရှိခြင်းသည် ကျွန်ုပ်တို့ အသက်တာအတွက် ရေရှည်မျှော်လင့်ချက်ဆိုင်ရာ တစ်ခုတည်းသော ပင်မ မူလဇစ်မြစ်ဖြစ်သည်။ ရေတိုကာလ၌ ပျော်ရွှင်ဖွယ်အခြေအနေများကို မျှော်လင့်ခြင်းသည် လူ့သဘာဝဖြစ်သည်။ သို့သော် ရေရှည်တွင် အရေးအကြီးဆုံးမှာ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ထာဝရဆက်ဆံရေးနှင့် ကျွန်ုပ်တို့၏လက်ရှိအခြေအနေများအတွင်း ထာဝရရည်မှန်းချက်များအတွက် ဘုရားသခင်က မည်သို့ လုပ်ဆောင်တော်မူမည်နည်းဟူသောအချက်ဖြစ်ကြောင်း ရင့်ကျက်သော ရှုထောင့်မှကြည့်လျှင် တွေ့နိုင်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေကောင်းတစ်ယောက်သည် ကင်ဆာရောဂါရှိပြီး အိုးသို့ကူးစက် သွားနေပြီဖြစ်ကြောင်း ဆေးစစ်ချက်အရသိရသည်။ သူတို့ မျှော်လင့်မထားသော သတင်းဆိုးနှင့်ပတ်သက် သူတို့လင်မယား နှစ်ယောက်ကို ကျွန်ုပ်တွေ့ပြီး စကားပြောသောအခါ နှစ်ဦးစလုံး၏မျက်နှာနှင့် အသံများ၌ ကြောက်ရွံ့ထိတ်လန့်မှုနှင့် စိတ်အားငယ်မှုများဖြင့်ပြည့်နေကြသည်။ တုန်လှုပ်ခြောက်ခြားပြီး မယုံနိုင်အောင်ဖြစ်ခဲ့ကြသည်။ တစ်ဖက်မှ ဘုရားသခင်ထံဆုတောင်းပြီး အံ့ဖွယ်ဖြစ်ရပ်အတွက် ဆုတောင်းခဲ့ကြသည်။ သက်ဝင်ယုံကြည်မှု ပိုမိုထားရှိလျှင် ဘုရားသခင်က သူတို့ကို ပိုမိုကူညီမစ လိမ့်မည်ဟုယုံကြည်ကြသည်။ သူတို့သည် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ခဲ့ကြသည်။ တုံ့ပြန်မှုတစ်ခုစီသည် လုံးဝ သာမန်ဖြစ်ပြီး နားလည်ပေးနိုင်သော အခြေအနေဖြစ်သည်။ မိတ်ဆွေများအား သူတို့ကို အားပေးနှစ်သိမ့်စေလိုကြပြီး ကြောက်ရွံ့ထိတ်လန့်မှုကြောင့် သူတို့၏ သက်ဝင်ယုံကြည်မှုယိုင်လဲမသွားစေရန် ကူညီစေချင်ကြပြီး ကင်ဆာရောဂါကို ရင်ဆိုင်တိုက်ခိုက်ရာ၌ သူတို့ကို အားပေးစေချင်ကြသည်။

သူတို့လင်မယားနှင့် သားသမီးများအတွက် ကျွန်ုပ် အရမ်း စိတ်ထိခိုက်ခဲ့သည်။ သူတို့၏လက်ငင်းရင်ဆိုင်နေရသော ကင်ဆာရောဂါ ပျောက်ကင်းရေး ရေတိုဆန္ဒကိုကျော်ပြီး ရေရှည်တည်တံ့သော သက်ဝင်ယုံကြည်မှုထားရှိရေးကို ကျွန်ုပ်လိုလားခဲ့သည်။ သူ၏ ကင်ဆာပျောက်ကင်းရေးအတွက် ကျွန်ုပ် ဆုတောင်းခဲ့သည်။ ဤဝေဒနာကြားထဲမှ ဘုရားသခင်၏ မေတ္တာတော်နှင့်အတူ ရှိနေတော်မူခြင်းကို သိရှိရေးအတွက် ကျွန်ုပ်ဆုတောင်းခဲ့သည်။ သူတို့၏ ထာဝရမျှော်လင့်ချက်ထဲ၌ နှစ်သိမ့်ကျေနပ်မှုစွမ်းရည်ရှိရေးနှင့် သူတို့၏ ဆင်းရဲဒုက္ခအလယ်တွင် ဘုရားသခင်က ပြုမူဆောင်ရွက်တော်မူလိုသောအရာကို မြင်တွေ့ရေးအတွက်ကိုလည်း ဆုတောင်းခဲ့သည်။

ကျွန်ုပ်၏မိတ်ဆွေအနေဖြင့် ကင်ဆာကိုနိုင်သည်ဖြစ်စေ၊ မနိုင်သည်ဖြစ်စေ သူတို့၌ ဘုရားသခင်နှင့်ရင်းနှီးစွာဆက်ဆံမှုရှိစေသော သက်ဝင်ယုံကြည်မှု လိုအပ်ပါသည်။ ရောဂါနှင့်အတူနေရသောဘဝမှ ပေါ်ထွက်လာသော အခွင့်အလမ်း အသီးသီးကို အကောင်းဆုံး အသုံးပြုနေသွားနိုင်သော အသက်ရှင်နေထိုင်မှုကို ရယူစေချင်ပါသည်။ သူသည် အကယ် အသက်ကြာကြာမရှင်ရဘဲရှိခဲ့သော် ရောဂါဒဏ်ကိုရင်ဆိုင်နိုင်ရန် အထူးသဖြင့် ဇနီးသည်အနေနှင့် ရေရှည်ကာလအတွက် ခိုင်မာနက်ရှိုင်းသော သက်ဝင်ယုံကြည်မှုရှိရန်လိုပါသည်။ သို့မှသာ ကျန်ရစ်မည့် သားသမီးများကို ကြည့်ရှုစောင့်ရှောက်နိုင်မည်ဖြစ်သည်။ လင်ယောက်ျားမရှိတော့သည့်နောက်ပိုင်း ဝမ်းနည်းကြေကွဲရသော်လည်း ဘဝကို ရင်ဆိုင်ကျော်လွှားနိုင်မည်ဟုယုံကြည်ချက်ရှိရန်လိုသည်။ ရှေ့ဆက်သွားရမည့်ဘဝတစ်လျှောက် သူမ၏ ဘုရားသခင်နှင့် ထာဝရဆက်ဆံရေးမှ ရေရှည်တွင်မျှော်လင့်ခြင်း၊ နှစ်သိမ့်ကျေနပ်ခြင်းနှင့် ရည်ရွယ်ချက်တို့အပေါ် သူမအနေဖြင့် ရေရှည်အမြင် ရှိရန်လိုသည်။

အဖြေများမထွက်လာဘဲရှိခြင်း၊ ပဋိပက္ခပေါ်ပေါက်လာခြင်း၊ ဖြေရှင်းချက်များ အံ့သြဖွယ်ထွက်မလာခြင်း၊ ျမြင်ပုံဖော်မှု မရေရာခြင်း၊ သင် တန်ဖိုးထားသော ဝန်ထမ်း ထွက်သွားပြီး မထိရောက်သောသူများကျန်ခဲ့ခြင်း၊ လိုအပ်သောငွေကြေး မရောက်လာခြင်း၊ သင် ပင်ပင်ပန်းပန်းလုပ်ခဲ့သော်လည်း အသီးအပွင့် မထွက်လာခြင်း၊ ဆုတောင်းသော်လည်း အဖြေမရခြင်း စသည်တို့ကို ကြုံတွေ့ပါက ခေါင်းဆောင်တစ်ဦးအနေဖြင့် သင်မည်သို့ တုံ့ပြန်မည်နည်း။ ရေတိုအရေးကိစ များကို ကိုင်တွယ်ဖြေရှင်းရာ၌ သင့်တွင် ရေရှည်အခြေခံ သက်ဝင်ယုံကြည်မှုရှိပါ၏လော။

ဘာပဲဖြစ်နေဖြစ်နေ ယုံကြည်အပ်နှံမှုပြုရန်ရွေးချယ်ခြင်းသည် ပြ နာ၏ အကြောင်းရင်းကို ရှာဖွေရန်နှင့် ဖြေရှင်းရန် ခေါင်းဆောင်၏တာဝန်ဝတ ရားကို စွန့်လွှတ်ခြင်း မဟုတ်ပေ။ ပြ နာ သို့မဟုတ် အကြပ်အတည်းပေါ်ပေါက် လာသောအခါ ၎င်းကို အလျင်မြန်ဆုံးအရေးယူဖြေရှင်းခြင်းသည် အကောင်းဆုံး ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ကိုယ်လုပ်ရမည့်အလုပ်ကိုမလုပ်ဘဲ ဘုရားသခင်ကို မျှော်ကိုးခြင်းမပြုသင့်ပေ။ ကျွန်ုပ်တို့၏တာဝန်ဝတ ရားများကို လုပ်ဆောင်သောအခါ ရေရှည်အမြင်ထားပြီး လုပ်ဆောင်ရမည်ဖြစ်သည်။ ယခုအချိန်တွင် ကျွန်ုပ်တို့သဘောမပေါက် သေးသည့်တိုင် ဘုရားသခင်သည် ကျွန်ုပ်တို့နှင့် အတူပါရှိပြီး ကျွန်ုပ်တို့၏ အဖွဲ့အစည်းထဲ၌ အလုပ်လုပ်တော်မူသည်ဟု ယုံကြည်ခြင်းသည် ယုံကြည်အပ်နှံမှုပင် ဖြစ်သည်။ ဘုရားသခင်အား အမြဲတမ်း ယုံကြည်အပ်နှံမှုပြုသော ဝိညာဉ်ရေး ခေါင်းဆောင်များအနေဖြင့် ကျွန်ုပ်တို့သည် သစ ၥရှိစွ အလုပ်လုပ်ပြီး အသိ ဏ်ပညာကို ရှာဖွေကာ လိုအပ်သော ခက်ခဲသည့်ဆုံးဖြတ်ချက်များ ချမှတ်ကြရမည် ဖြစ်သည်။ ဘုရားသခင်အပေါ် ကျွန်ုပ်တို့ထားရှိသော ဖြတ်တောက် မရသည့် မေတ ၱနှောင်ကြိုးဖြင့် ပတ်စည်းခြင်းကို ကျွန်ုပ်တို့ ဆက်လက်ခံယူခြင်းဖြင့် ကောင်း မြတ်သောအရာ၊ ကိုယ်တော်နှစ်သက်ဖွယ်သောအရာ၊ အပြစ်ဆိုဖွယ်မရှိသော အရာ တည်းဟူသော ဘုရားသခင်အလိုရှိတော်မူသောအရာသည် အဘယ်အရာ ဖြစ်သည်ကို ကျွန်ုပ်တို့သိရှိကြမည်ဖြစ်သည် (ရော ၁၂း၂)။

## စစ်မှန်သောအရာ

*ဘုရားသခင်၌ ခိုင်မြဲသောယုံကြည်အပ်နှံမှုရှိခြင်းသည် ဝိညာဉ်ရေး အသက်စွမ်းအားနှင့် ခေါင်းဆောင်မှု၌ မရှိမဖြစ်သော အရာဖြစ်သည်*

အမှန်ကိုရင်ဆိုင်ကြပါစို့။ မဖြေရှင်းရသေးသော အဆိုးမြင်ခံစားချက်များ နှင့်တွယ်ကပ်နေသော သံသယတို့ထိပ်၌ ယုံကြည်အပ်နှံမှုကိုဖာထေးရန် ကြိုးပမ်းခြင်းသည် အရာထင်မည်မဟုတ်ပေ။ ကျွန်ုပ်တို့၏ ဂုဏ်သိက္ခာနှင့် တခြားသူတို့အား အဓိပ ၸာယ်ရှိစွာနှင့် အောင်မြင်စွာ ဦးဆောင်မှုပေးနိုင်သော

ကျွန်ုပ်တို့၏စွမ်းရည်တို့ကြောင့် ကျွန်ုပ်တို့၏သက်ဝင်ယုံကြည်မှုသည် စစ်မှန်ရန်တောင်းဆိုကြသည်။ ကျွန်ုပ်တို့၏ ယုံကြည်အပ်နှံမှုသည် ကျမ်းပိုဒ်များ ကိုးကားခြင်းထက် နက်ရှိုင်းနေရပေမည်။ သို့မဟုတ် အခြေအနေဆိုးကို ဟန်ဆောင်ပြီး ဖုံးဖိထားခြင်းထက် ပိုမိုနက်ရှိုင်းပါသည်။ ထိုသို့မဟုတ်ပါက ကျွန်ုပ်တို့၏ ဝိညာဉ်ရေးဦးဆောင်မှုသည် အနှစ်မပါသော အခွံသာဖြစ်ပေမည်။

ကျွန်ုပ်၏မှောင်မိုက်သော သံသယနှင့်ယုံကြည်အပ်နှံမှု ဆိုးရွားရသော နေ့များ၌ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ကောင်းချီးမင်္ဂလာနှင့် အားပေးခြင်း အခိုက်အတန့်များကို မကြာခဏကြုံတွေ့ခဲ့ရသည်။ သို့သော် ကျွန်ုပ်၏ ဒေသနာ ဟောကြားခြင်း၊ သင်ကြားပို့ချခြင်းနှင့် နှီးနှောတိုင်ပင်ဆွေးနွေးခြင်းများ၌ သူတို့အား ဘုရားသခင်၌ သက်ဝင်ယုံကြည်မှုရှိရန်တိုက်တွန်းခြင်းမပြုနိုင်ခဲ့သော အကြိမ်များရှိခဲ့သည်။ (ပြောင်းပြန်အားဖြင့် သက်ဝင်ယုံကြည်မှုအကြောင်း အမှန်ပင် ကြိုးစားပြီးပြောခဲ့သည့်အကြိမ်များရှိခဲ့သည်။ အကြောင်းမှာ မိမိကိုယ်ကိုယ် သဘောပေါက်ရန် ကြိုးပမ်းခြင်းဖြစ်နိုင်ပါသည်)။ ထို့နောက် ပဋိပက္ခများ ပေါ်ပေါက်လာသောအခါ ကျွန်ုပ်အတွက် ဘုရားသခင်၏ အနီးနားတွင်တည်ရှိနေတော်မူခြင်းနှင့် ကြည့်ရှုစောင့်ရှောက်တော်မူခြင်းတို့အပေါ် သံသယရှိရန် လွယ်ကူသွားပါသည်။

အကျိုးဆက်မှာ ကျွန်ုပ်သည် သတင်းကောင်းကြွေးကြော်ခြင်းနှင့် သက်ဝင်ယုံကြည်မှုမြှင့်တင်ခြင်း အမှုတော်ဆောင်လုပ်ငန်းမှ ကရုဏာတရားနှင့် အစေခံခြင်းအမှုတော်ဆောင်လုပ်ငန်းများသို့ ရောက်မှန်းမသိ ရောက်ရှိသွားခြင်းဖြစ် သည်။ ဒုက္ခဆင်းရဲရောက်နေသူတို့ထံ ကျွန်ုပ်၏နှလုံးသားအမှန်ပင် ရောက်ရှိသွား ပါသည်။ နာကျင်နေသူတို့အား ဘုရားသခင် စွန့်ပစ်တော်မူသည်ဟု ကျွန်ုပ်၏ ယုံကြည်မှုကြောင့် ကျွန်ုပ်၏ အစားထိုးလိုသောဆန္ဒကြောင့် ဖြစ်ကောင်းဖြစ်နိုင်ပါ သည်။ ကျွန်ုပ်မသိတော့ပါ။ မမြင်ရသော ဘုရားသခင်နှင့် မသိနိုင်သောအနာဂတ် တို့အပေါ် သက်ဝင်ယုံကြည်ခြင်း၌ အခြေမခံဘဲ လက်ရှိအသက်တာ၌ သူတစ်ပါး အတွက် သေချာသောမျှော်လင့်ချက်ပေးသည့်အရာကို ကျွန်ုပ်လုပ်ချင်နေခဲ့သည်။ အစေခံခြင်းအမှုတော်ကို လုပ်ဆောင်သဖြင့် ကျွန်ုပ် အသက်ကုန်ဆုံးသောအခါ ဂုဏ်ယူရမည့်အလုပ်အဖြစ် ကျွန်ုပ်ယူဆခဲ့သည်။

လူမှုအစေခံခြင်းလုပ်ငန်းကို ကျွန်ုပ် ကရုဏာနှလုံးသားဖြင့် လုပ်ဆောင်နိုင်ပါသည်။ ဓမ္မသစ်ကျမ်းအကြောင်းကို အဆင့်မြင့်ပညာရှုထောင့်မှ သင်ကြားပို့ချနိုင်သည်။ ဓမ္မဒ နဘာသာရပ်များကို ပညာရှင်ဆန်ဆန် ဆွေးနွေးနိုင်ပါသည်။ သို့သော် ခရစ်ယာန်တို့အား သက်ဝင်ယုံကြည်မှုအားဖြင့် အသက်ရှင်ပြီး အစေခံခြင်းဖြင့် ခေါင်းဆောင်မှုပေးရန် ကျွန်ုပ်အား တောင်းဆို လာပါက ကျွန်ုပ်၌ နှလုံးသားနှင့်စိတ်ပါမည်ဖြစ်သော်လည်း ဝိညာဉ်ကား ပါရှိမည်မဟုတ်ပေ။

ထိရောက်သောခေါင်းဆောင်ဖြစ်ရေးအတွက် သင်းအုပ်ဆရာများ၊ အမှုဆောင်အရာရှိများနှင့် အုပ်ချုပ်ရေးမှူးများအနေနှင့် စစ်မှန်သော သက်ဝင်ယုံကြည်မှု၌ အခြေတည်ကြရမည်ဖြစ်သည်။ ဘုရားသခင်အား ယုံကြည်အပ်နှံသူတို့အနေနှင့် ပုဂ္ဂိုလ်ရေးခွန်အားနှင့် တည်ငြိမ်မှုကိုကြုံတွေ့ကြရပြီး ဒုက္ခရောက်နေသူများနှင့် မရေမရာဖြစ်နေသူတို့အား ကူညီရာ၌ ခွန်အားရှိကြသည်။ ဝိညာဉ်ရေးအခြေခံ မှုအကြောင်းကို ယေရမိက ဤသို့ရှင်းပြသည်။ "ငါကို ကိုးစားယုံကြည်သူအား ငါကောင်းချီးပေးမည်။ ထိုသူသည် ရေအနီးတွင်စိုက်သဖြင့် ရေရှိရာသို့ အမြစ်ထိုး သွားသည့် သစ်ပင်နှင့်တူ၏။ ထိုအပင်သည် အရွက်များစိမ်းလန်းလျက်ရှိသဖြင့် ပူပြင်းသည့်ရာသီကို မကြောက်၊ မိုးခေါင်သောအခါ၌လည်း စိုးရိမ်စရာမရှိဘဲ အသီးများသီးမြဲ သီး နေတတ်၏ (ယေရမိ ၁၇း၇–၈)။

နောက်ဆုံးတွင် စစ်မှန်သောသက်ဝင်ယုံကြည်မှုဖွံ့ဖြိုးတိုးတက်စေရေးသည် ကျွန်ုပ် တို့အထဲ၌ ဘုရားသခင် အလုပ်လုပ်တော်မူခြင်းပေါ်တွင် မူတည်နေပါသည်။ ကျွန်ုပ်တို့အားလုံး၌ ကမ္ဘာကြီးက တမ်းတနေသော ဝိညာဉ်ရေးအရ စစ်မှန်ပြီး ရင့်ကျက်သောခေါင်းဆောင်များဖြစ်ရန် အကူအညီလိုအပ်ပါသည်။ စိတ်ဆန္ဒ၏ လုပ်ဆောင်မှုအဖြစ် ယုံကြည်အပ်နှံရန် ကျွန်ုပ်တို့ စတင်နိုင်သော်လည်း လမ်းခရီး၌ ကျွန်ုပ်တို့၏စိတ်နှင့် နှလုံးသားတို့ကို ဘုရားသခင်အလုံးစုံပြုပြင်ပြောင်းလဲစေတော်မူခြင်းမပြုပါက ကျွန်ုပ်တို့လိုချင်သောနေရာသို့ရောက်နိုင်မည်မဟုတ်ပေ။ ကျွန်ုပ်တို့လုပ်ရမည့်ကဏ္ဍမှာ ကျွန်ုပ်တို့၌ ရှိသမျှသောအရင်းအမြစ်များကို အသုံးပြုခြင်းဖြစ်သည်။ ဘုရားသခင်ကို ရှာဖွေပြီး ကျွန်ုပ်တို့အား အလုံးစုံပြုပြင်ပြောင်းလဲစေရန် သင်းအုပ်ဆရာများ၊ အတိုင်ပင်ခံပုဂ္ဂိုလ်များ၊ ဝိညာဉ်ရေးအရ ရင့်ကျက်သောမိတ်ဆွေများ၊ ဆရာ၊ ဆရာမများ၊ စာအုပ်များ၊ တွေ့ဆုံဆွေးနွေးပွဲများ၊ ခရီးရှည်လမ်းလျှောက်ခြင်းများ၊ ဝိညာဉ်ရေးကျင့်ဝတ်စည်းမျဉ်းများ၊ အနာငြိမ်းအားသစ်လောင်းခြင်းများနှင့် အခြားအထောက်အကူပြုပစ ည်းကိရိယာတို့က ကူညီနိုင်ပါသည်။ ကျွန်ုပ်တို့၏အသက်တာနှင့် ခေါင်းဆောင်မှု၌ ဘုရားသခင် အလုပ် လုပ်တော်မူသည်ကို ကျွန်ုပ်တို့အား မျက်စိဖွင့် သိမြင်စေတော်မူရန်နှင့် ကျွန်ုပ်တို့အထဲ၌ ရေရှည်ကိုမျှော်ကိုးပြီး ခိုင်မြဲသောသက်ဝင်ယုံကြည်မှုကို ဖန်တီးပေးတော်မူပါရန် ဘုရားသခင်ထံ ဆုတောင်းကြရမည်ဖြစ်သည်။

## အကူအညီယူပါ

ကျွန်ုပ်တို့အများစုအတွက် ဘုရားသခင်အား ယုံကြည်အပ်နှံခြင်းသည် အသစ် အဆန်းအယူအဆ မဟုတ်ပေ။ ဘုရားသခင်အပေါ် ယုံကြည်အပ်နှံမှုရှိရန် တောင်းဆိုမှုသည် ကျမ်းစာသွန်သင်မှုနှင့် ဂျူးဘာသာနှင့် ခရစ်ယာန်ဘာသာအစဉ်အလာတို့၏ အနှစ်သာရဖြစ်သည်။ ဆာလံကျမ်းပြုဆရာတစ်ဦးက ဤသို့ရေးသား

ခဲ့သည်။ ''အိုအနန္တတန်ခိုးရှင်ထာဝရဘုရား၊ ကျွန်တော်မျိုးသည် ကြောက်လန့်သောအခါ ကိုယ်တော်ရှင်အား ကိုးစားပါ၏။ ငါသည် ဘုရားသခင်အား ကိုးစားသဖြင့် အဘယ်သူကိုမျှကြောက်လန့်မည်မဟုတ်။ ကိုယ်တော်၏ ကတိတော်အတွက် ကိုယ်တော်အား ထောမနာပြုပါ၏။ လူသည် ငါ့အား အဘယ်သို့ပြုနိုင်မည်နည်း'' (ဆာလံ ၅၆း၃–၄)။ သခင်ယေရှုအားဖမ်းဆီးပြီး သေစေရန် ပို့ဆောင်ကြသောအခါ သူ့တပည့်များအား ဘုရားသခင်နှင့် သူ့အပေါ်တွင် ဆက်လက် အားကိုးအားထားပြုရန် မှာကြားတော်မူခဲ့သည်။ ''သင်တို့ စိတ်မပူကြနှင့်။ ဘုရားသခင်ကို ယုံကြည်ကြလော့။ ငါ့ကိုလည်းယုံကြည်ကြလော့'' (ယော ၁၄း၁)။ အမေရိကန်ပြည်ထောင်စု၏ ငွေစက္ကူပေါ်၌ 'ဘုရားသခင်၌ ကျွန်ုပ်တို့ ယုံကြည်အပ်နှံပါ၏' (In God We Trust)ဟု ယင်းယုံကြည်မှုကိုဖော်ပြထားသည်။

သို့သော် လက်တွေ့ကမ္ဘာ၏ အသက်ရှင်နေထိုင်မှုနှင့် ခေါင်းဆောင်မှု၌ ဘုရားသခင်ကို ကျွန်ုပ် ဘယ်အတွက် ယုံကြည်အပ်နှံရမည်နည်း။ ကျွန်ုပ်၏ ထာဝရကယ်တင်ခြင်းမှလွဲ ၎င်းကိုသိရှိရန် ကျွန်ုပ် အတော်ႇန်းကန်ခဲ့ရသည်။ ရေတိုအတွက် ဘုရားသခင်ကို ကျွန်ုပ် အားကိုးအားထားပြုနိုင်သောအရာ ရှိပါ၏လော။ ရေရှည်အတွက် ခိုင်မာသော ကတိကဝတ်များ ရှိပါ၏လော။ တစ်ဦးချင်းပုဂ္ဂိုလ်အနေနှင့်ဖြစ်စေ၊ ခေါင်းဆောင်အနေဖြင့်ဖြစ်စေ၊ အသင်းတော် သို့မဟုတ် အဖွဲ့တစ်ခု၏ အသင်းသားတစ်ဦးအနေနှင့်ဖြစ်စေ၊ ဘုရားသခင်ထံတော်ပါးမှ ကျွန်ုပ်မျှော်လင့်နိုင်သောအရာ ရှိပါ၏လော။ အကယ်၍ ဘုရားသခင်သည် သစ္စာရှိခဲ့သော် လက်တွေ့ဘဝတွင် ၎င်းသည် မည်သို့အဓိပ္ပာယ်ရှိသနည်း။

အောက်တွင် ဖော်ပြထားသောအချက်များသည် သက်ဝင်ယုံကြည်သူအတွက် ကျမ်းစာသွန်သင်ချက်အခြေခံသော လမ်းညွှန်ချက်များနှင့် သင့်လျော်လျောက်ပတ်သော မျှော်လင့်ချက်များဖြစ်သည်။ မည်သည့်အချက်ကမျှ သီးသန့်အပြုအမူ တစ်ရပ်အတွက် ညွှန်ကြားဖော်ပြချက် မပါရှိချေ။ ဘုရားသခင်အပေါ် ယုံကြည်အပ်နှံမှုစိတ်ထားရှိရေးအတွက် ဓမ္မဒနအခြေခံကိုဖော်ပြခြင်းဖြစ်ပြီး ထိုမှနေ သင့်အနေနှင့် သန်မာကျစ်လျစ်သော ခေါင်းဆောင်မှုကိုပေးစွမ်းနိုင်မည်ဖြစ်သည်။

ဘုရားသခင်၏အလိုတော်နှင့် လမ်းစဉ်များကို သိရှိသဘောပေါက်ရာ၌ သင့်တွင် အကန့်အသတ်များရှိကြောင်း အမြဲသတိရပါ။

ထာဝရဘုရားက ငါ၏အကြံအစည်တော်များသည် သင်တို့အကြံအစည် များနှင့်မတူ။ ငါ၏နည်းနာများသည်လည်း သင်တို့နည်းနာများနှင့်ခြားနား၏။ မိုးကောင်းကင်သည် ကမ္ဘာမြေကြီးထက်မြင့်မားသကဲ့သို့ ငါ၏အကြံအစည်တော်များသည် သင်တို့၏အကြံအစည်များထက် မြင့်မားသတည်း။ (ဟေရှာယ ၅၅း၈–၉)။

သခင်ယေရှု သေဆုံးပြီးနောက် တပည့်တော်နှစ်ပါးသည် သခင်ယေရှုအား ဧမောက်သို့သွားသောလမ်းခရီး၌ တွေ့ခဲ့ကြ၏။ သူတို့နှစ်ယောက် ဆွေးနွေးသည့်

အကြောင်း ကိုယ်တော်က မေးတော်မူသောအခါ 'သူတို့သည် မျက်နှာညှိုးငယ်စွာဖြင့် ထိုနေရာတွင် ရပ်လျက်နေ၏' (လုကာ ၂၄း၁၇)။

ဘဝလမ်းခရီး၌ တစ်နေရာရာ၌ တန့်နေပြီး လမ်းကြောင်းပျောက်ကာ ခေါင်းငုံ့ပြီး အားလုံးဆုံးရှုံးသွားပြီဟု လက်မြှောက်အရှုံးပေးတော့မည့်အဖြစ်ကို သတိပြုပါ။ ဘဝလမ်းတစ်လျှောက်ကြုံခဲ့ရသော အရေးအခင်းများသည် သင့်အတွက် အဓိပ္ပါယ် နားမလည်နိုင်အောင်ဖြစ်ပြီး ၎င်းတို့၌ ဘုရားသခင် မည်သို့ပါဝင်ဖြစ်ပျက်မည်ကို သင် နားမလည်နိုင်ဖြစ်ပါက ဘုရားသခင်၏ နည်းနာများကို လူတို့သိရှိနားလည်ရာ၌ အကန့်အသတ်ရှိကြောင်းကို ပြန်လည်သတိရပါ။ ဘုရားသခင်သည် သင် နားလည်နိုင်သည့်အဆင့်မျှသာမက သင့်စိတ်ကူးဖြင့် စဉ်းစား ပင်မရသော အဆင့် သို့မဟုတ် နည်းနာများဖြင့် လုပ်လေ့လုပ်ထရှိကြောင်း သင်သိထားပါ။

သင်၏အသက်တာနှင့် ခေါင်းဆောင်မှုဘဝ၌ ဘုရားသခင် အလုပ်လုပ်တော်မူပြီး သင့်အား ဦးဆောင်ကာ လမ်းညွှန်ပေးတော်မူမည်ကို မျှော်လင့်ပါ။

ထာဝရဘုရားအား စိတ်နှလုံးအကြွင်းမဲ့ကိုးစားလော့။ မိမိ၏အသိဉာဏ်ကို အဘယ်အခါ၌မျှ အားမကိုးနှင့်။ သင်ပြုလေသမျှသောအမှုတို့တွင် ထာဝရဘုရားအား သတိရလော့။ သို့ပြုလျှင် ကိုယ်တော်သည် သင့်အား လမ်းမှန်ကို ညွှန်ပြတော်မူလိမ့်မည် (သုတ္တံ ၃း၅–၆)။

သင်တို့အနက် တစ်စုံတစ်ယောက်သည် ဉာဏ်ပညာချို့တဲ့ပါလျှင် ဘုရားသခင်ထံ တောင်းလျှောက်စေ။ ဘုရားသခင်သည် သူ့အား ဉာဏ်ပညာကို ပေးသနားတော်မူလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်သည် လူခပ်သိမ်းတို့အားရက်ရောစွာ ကျေးဇူးပြုတော်မူတတ်သောကြောင့်ဖြစ်၏။ သို့ရာတွင် သင်တို့သည် ယုံမှားသံသယ မရှိဘဲ ယုံကြည်သောစိတ်နှင့် တောင်းလျှောက်ကြရမည်။ ယုံမှား သံသယရှိသောသူသည် လေတိုက် လှုပ်ရှားနေသော ပင်လယ်လှိုင်းနှင့်တူ၏ (ယာကုပ် ၁း၅–၆)။

ဘုရားသခင်ကိုယုံကြည်အပ်နှံခြင်း၊ ဘုရားသခင်နှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဘုရားသခင်၏အလိုတော်ကိုလိုက်နာခြင်း၊ ဉာဏ်ပညာအတွက် တောင်းဆိုခြင်း တို့သည် ဘုရားသခင်၏အလိုတော်ကို အလိုအလျောက် သိရှိနိုင်ခြင်း သို့မဟုတ် အခြေအနေအရပ်ရပ်၌ အကောင်းဆုံး မည်သို့ပြုမူဆောင်ရွက်ရမည်ကို သိရှိခြင်း တို့အတွက် အာမခံချက်မပေးပါ။ ကျွန်ုပ်တို့ပြုခဲ့သမျှသော ဆုံးဖြတ်ချက်များသည် ဘုရားသခင် ဩဇာမှတ်သွင်းသောအရာများအဖြစ် ယူဆရန် ကျွန်ုပ် တိုက်တွန်း ခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့ပြုသမျှအရာအတွက် ဘုရားသခင်ထံ ဆုတောင်းခဲ့ကြသော်လည်း ပြုခဲ့သမျှသည် ဘုရားသခင်အလိုတော်အတိုင်း မဖြစ်နိုင်ပေ။ အချို့သည် ညဏ်ပညာအတွက် ဆုတောင်းကြမည်ဖြစ်သော်လည်း ဆုံးဖြတ်ချက်ဆိုးများ ချမှတ်ကောင်း ချမှတ်မည်ဖြစ်သည်။ လိမ္မာပါးနပ်သော

တစ်ဦးချင်းပုဂ္ဂိုလ်များနှင့် ထိရောက်သောခေါင်းဆောင်များအနေနှင့် အမျိုးမျိုးသောအရင်းအမြစ်များ၊ ပါရဂူများနှင့် အတွေ့အကြုံများထဲမှ တတ်နိုင်သမျှပညာယူပြီး ကောင်းသောဆုံးဖြတ်ချက်များ ချမှတ်လေ့ရှိကြသည်။

ဝိညာဉ်ရေးအရ ရင့်ကျက်သော တစ်ဦးချင်းပုဂ္ဂိုလ်များနှင့် ခေါင်းဆောင်များအနေနှင့် ဘုရားသခင်၏ဦးဆောင်မှုနှင့် လမ်းညွှန်မှုတို့၏ ကြီးမားသောတန်ဖိုးကို နေ့စဉ်နှဲ့အမျှ သူတို့၏အသက်တာဘဝ၌ နည်းကြီးနည်းသေးများဖြင့် ဘဝအစိတ်အပိုင်းတိုင်း၌ သိရှိကြပါသည်။ ကျွန်ုပ်တို့တစ်ဦးချင်းစီအနေနှင့် ဘုရားသခင်၏ ပြုမူတော်မူချက်များကို အချိန်ကြာလာသောအခါ မည်သို့သိရှိနားလည်ရမည်ကို သိရှိလာကြသည်။ သက်ဝင်ယုံကြည်မှုရှိသူသည် ဘုရားသခင်သည် အမြဲတက်ကြွ လှုပ်ရှားတော်မူပြီး ကျွန်ုပ်တို့၏လိုအင်ဆန္ဒများကို သူ၏အလိုတော်၌ အပ်နှင်းစေ လိုတော်မူလျက်အခြေအနေများကို ကျွန်ုပ်တို့နားလည်သည့်အတိုင်း နိဂုံးမဆွဲဘဲ ဝိညာဉ်တော်မှုတ်သွင်းသော ဏ်ပညာနှင့် လမ်းညွှန်ချက်အတိုင်း ရှာဖွေကာ နည်းလမ်းမျိုးစုံဖြင့် အလိုတော်နှင့်အညီ ကျွန်ုပ်တို့၏လမ်းကြောင်းများကို ကိုယ်တော်ရှင် ညွှန်ပြတော်မူမည်ဖြစ်သည်။

## သင်၏ဆင်းရဲခြင်းအတွေ့အကြုံများထဲမှ သင်၏စ႐ိုက်လက္ခဏာနှင့် သက်ဝင် ယုံကြည်မှုကို ဘုရားသခင် တည်ဆောက်ပေးသွားမည်ကို မျှော်လင့်ပါ

ဆင်းရဲဒုက္ခများအတွက်လည်း ငါတို့ဝါကြွားဝမ်းမြောက်ကြပေသည်။ ဆင်းရဲဒုက္ခသည် ခံနိုင်ရည်ကိုလည်းကောင်း၊ ခံနိုင်ရည်သည် ဘုရားသခင်၏ နှစ်သက်မှုကိုလည်းကောင်း၊ ပြုစုပေးတတ်ကြောင်းကို ငါတို့သိကြ၏။ ဤမျှော်လင့်ခြင်းသည် ငါတို့အား စိတ်ပျက်စေလိမ့်မည်မဟုတ်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ငါတို့အား ပေးသနားတော်မူသော သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ငါတို့၏စိတ်နှလုံးထဲသို့ မေတ္တာတော်ကို သွန်းလောင်းတော်မူသောကြောင့်တည်း (ရောမ ၅း၃–၅)။

ဘုရားသခင်အား ချစ်မြတ်နိုး ကိုယ်တော်၏အကြံတော်နှင့်အညီ ခေါ်ယူရွေး ကောက်ခြင်းကို ခံရသောသူတို့ တွေ့ကြုံခံစားရသော အမှုခပ်သိမ်းတို့မှ အကျိုး ပေါ်ထွက်လာစေရန် ကိုယ်တော်သည် သူတို့နှင့်အတူ လုပ်ဆောင်တော်မူကြောင်း ငါတို့သိကြ၏။ ဘုရားခသ်သည် မိမိရွေးချယထားသူတို့အား မိမိ၏သားတော် ကဲ့သို့ဖြစ်လာကြစေရန် သီးသန့်ထားတော်မူ၏။ ဤသို့ပြုတော်မူခြင်းမှာ သားတော်အား ညီအမြောက်အမြားထဲတွင် နောင်တော်ကြီးဖြစ်စေရန်ပင်တည်း (ရောမ ၈း၂၈–၂၉)။

သင်တို့သည် စုံစမ်းနှောင့်ယှက်ခြင်းအမျိုးမျိုးတို့ကြောင့် ယခုခဏမျှ ဝမ်းနည်းရကြသော်လည်း အထက်ဖော်ပြပါအကြောင်းကြောင့် ရွှင်လန်း ဝမ်းမြောက်ကြလော့။ ထိုစုံစမ်းနှောင့်ယှက်ခြင်းများကို ခံရခြင်းမှာ ဘုရားသခင်အား အကယ်ပင် သင်တို့ ယုံကြည်ကိုးစားမှုရှိမရှိကို စစ်ဆေးရန်ဖြစ်သည်။ ဖောက်ပြန်ပျက်စီးတတ်သော ရွှေကိုပင်လျှင် အရည်ကျို စစ်တမ်းတင်ရသည်ဖြစ်ရာ ရွှေထက်များစွာ ပိုမိုအဖိုးထိုက်သည့် သင်တို့၏ ယုံကြည်ခြင်းကိုလည်း တည်တံ့ခိုင်မြဲစေရန် စစ်တမ်းတင်ရမည်။ သို့မှသာလျှင် သင်တို့သည် သခင်ယေရှုခရစ်တော်ကြွလာတော်မူချိန်၌ ဂုဏ်ပြုချီးကျူးခြင်းနှင့် ဘုန်းအသရေကို ခံယူနိုင်ကြပေလိမ့်မည်။ သင်တို့သည် ခရစ်တော်ကို မမြင်ဖူးကြသော်လည်း ချစ်ကြ၏။ ယခု မမြင်မတွေ့ရသော်လည်း သင်တို့သည် ကိုယ်တော်ကို ယုံကြည်ကြ၏။ သို့ဖြစ် သင်တို့သည် နှုတ်ဖြင့်မဖော်ပြနိုင်အောင် လွန်စွာ ဘုန်းကြီးသော ရွှင်လန်းဝမ်းမြောက်ခြင်းရှိကြ၏။ အဘယ့်ကြောင့်ဆိုသော် သင်တို့သည် သခင်ယေရှုအား ယုံကြည်ခြင်း၏အကျိုး ကြောင့် ကယ်တင်ခြင်းကို ခံယူနေကြရပြီဖြစ်သောကြောင့်တည်း (၁ပေ ၆–၉)။

အချို့ခရစ်ယာန်တို့သည် ကလေးဆုံးရှုံးခြင်း၊ ကြောက်မက်ဖွယ် မတော်တဆဖြစ်မှု သို့မဟုတ် ရက်စက်သော ရာဇဝတ်မှုကဲ့သို့သော ကြောက်ခွဲဖွယ် ဖြစ်ရပ်များကြုံတွေ့ကြရသဖြင့် အလွန်နာကြည်းနေကြသည်။ စွန့်ပစ်ခြင်း ခံရသည်ဟုခံစားနေကြသည်။ ကောင်းမြတ်တော်မူသော ဘုရားသခင်သည် ထိုသို့သောအဖြစ်အပျက်မျိုးကို ဖြစ်ပျက်ခွင့်ပြုတော်မူမည် မဟုတ်ဟု ၎င်းတို့ကယူဆကြသည်။ ထိုသို့သော အခြေအနေမျိုး၌ ပထမဆုံး သတိရစရာမှာ သမိုင်းစဉ်ထဲ၌ ဘုရားသခင်၏ပြုမူလုပ် ဆောင်ချက်များ (သခင်ခရစ်တော်၏ အသက်တာ၊ စွန့်လွှတ်အနစ်နာခံသော သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းနှင့် ကျွန်ုပ်တို့၏ ဘဝအတွေ့အကြုံအစိတ် အပိုင်းများ) က ဘုရားသခင်သည် ကျွန်ုပ်တို့၏အသက်တာဘဝထဲ၌ ဆက်လက်ပါဝင် လုပ်ဆောင်တော်မူပြီး နောက်ဆုံးတွင် ပြစ်ဒဏ်စီရင်ခြင်းနှင့် သေခြင်းတို့မှ ကယ်တင်လိမ့်မည်ဟု ကျွန်ုပ်တို့အား ယုံကြည်ရန် အားပေးအားမြေ ှာက်ပြုပါသည်။

ဒုတိယအားဖြင့် ကျွန်ုပ်တို့၏ဆင်းရဲဒုက္ခများကို ဘုရားသခင်က ဖြစ်ပေါ်စေတော် မူခြင်းမဟုတ်ကြောင်း ရောမဩဝါဒစာစောင်၌ တမန်တော် ပေါလ်ကဆိုခဲ့သည်။ လူသား၏အရေးအခင်းနောက်ကွယ်၌ ဘုရားသခင် လက်ရာတော်ပါခြင်းရှိမရှိ ကျွန်ုပ်တို့ မသိရပေ။ ခရစ်ယာန်အသက်တာ၌ ကောင်းသောအရာများ ဖြစ်ထွန်းရေးအတွက် လုပ်ဆောင်ခြင်းဖြစ်ကြောင်း ရောမကျမ်းပိုဒ်များက ဆိုပါသည်။ ကျွန်ုပ်တို့၏ စုံစမ်းနှောင့်ယှက်ခြင်းများ၏ မူလဇစ်မြစ်များ မည်သို့ရှိစေကာမူ ဘုရားသခင်သည် ကျွန်ုပ်တို့၏နာကျင်ရသော ဆင်းရဲဒုက္ခများကို သခင်ခရစ်တော်နှင့် ကျွန်ုပ်တို့အား ပိုမိုတူညီစေသော

အပြုသဘောဆောင်သည့် အကျိုးရလဒ်များအဖြစ်သို့ အလုံးစုံပြုပြင်ပြောင်းလဲပေးတော်မူသည်။

တတိယအားဖြင့် ကောင်းသောအရာအကြောင်းကို ထိုနေ့ရက်ကာလ၌လည်းကောင်း သို့မဟုတ် ကျွန်ုပ်တို့၏ အသက်တာ ကာလအတွင်း၌လည်းကောင်း အမြဲတမ်းသိရှိနိုင်လိမ့်မည်ဟု ပေါလ်က ပြောခြင်းမပြုခဲ့ပေ။ သို့ရာတွင် ကျွန်ုပ်တို့၏စိတ်များ ပြန်လည်အားသစ်လောင်းပြီး အလုံးစုံပြုပြင်ပြောင်းလဲခြင်း (transformation)ကို ကျွန်ုပ်တို့ကြုံတွေ့ရသောအခါ ဘုရားသခင်၏ အလိုတော်သည် ကောင်းမွန်ကြောင်းကို ကျွန်ုပ်တို့ တိုးသထက်တိုး သိရှိလာနိုင်မည်ဖြစ်သည် (ရောမ ၁၂း၂)။

စတုတ အားဖြင့် ရောမသြဝါဒစာစောင် အခန်းကြီး(၈)၌ ကောင်းမွန်သောအရာနှင့်ပတ်သက်  ပေါလ် စဉ်းစားခဲ့သောအရာမှာ သခင်ခရစ်တော်နှင့် ကျွန်ုပ်တို့ ပို ပို တူလာကြခြင်းဖြစ်သည့်အပြင် ကျွန်ုပ်တို့၏ကယ်တင်ခြင်းကို တွေ့ကြုံခံစားရခြင်းဖြစ်သည်။ ကျွန်ုပ်တို့လိုလားသောအစီအစဉ်အတိုင်း ကာလရှည်ပျော်ရွှင်ချမ်းသာကြွယ်ဝသောအသက်တာကို ပေါလ်က ကတိပေးခြင်း မပြုပေ။ လူသားများအနေဖြင့် ဤဘဝအသက်တာအပေါ် အလေးထားပြီး ကောင်းခြင်းကို ုပ်သဘောအားဖြင့် ဖော်ပြလေ့ရှိကြသော်လည်း ဘုရားသခင်၏အမြင်ကမူ ထာဝရသဘောဖြစ်သည်။ ကျွန်ုပ်တို့က ဘဝအသက်တာ၊ လွတ်လပ်မှုနှင့် ပျော်ရွှင်မှုလိုက်စားခြင်းကို တန်ဖိုးထားနေစဉ် ဘုရားသခင်ကမူ သူနှင့် ကြာရှည်ခံမည့်ဆက်ဆံရေး၊ သူ့အားကျွန်ုပ်တို့က ချီးကျူးဂုဏ်ပြုခြင်းတို့ကို အလေးထားတော်မူသည်။

ရှင်ပေတ ုသြဝါဒစာ ပထမစောင် အခန်းကြီး(၁)၌ ကျွန်ုပ်တို့၏ ရေရှည်မျှော်လင့်ချက်က ရေတိုမျှော်လင့်ချက်နှင့် ပျော်ရွှင်မှုအတွက် အခြေခံချမှတ်ပေးသည်ဟု ဖတ်ရပါသည်။ စုံစမ်းနှောင့်ယှက်ခြင်း၏အကြောင်းရင်းမည်သို့ပင်ရှိနေစေကာမူ ကျွန်ုပ်တို့၏ဆင်းရဲဒုက္ခအတွင်း ဘုရားသခင်၏ ရည်ရွယ်ချက်များထဲတွင် ကျွန်ုပ်တို့အထဲ၌ ခိုင်မာသော သက်ဝင်ယုံကြည်မှုကို ဘုရားသခင် အမှန်ပင်ဖန်ဆင်း ထည့်သွင်းပေးတော်မူခြင်းလည်း ပါဝင်သည်။ သို့သော် ဒုက္ခဆင်းရဲကို ဘုရားသခင်အသုံးပြုတော်မူခြင်းသည် ကျွန်ုပ်တို့၏ သက်ဝင်ယုံကြည်မှုခိုင်မြဲခြင်းနှင့် စစ်မှန်ခြင်းရှိ/မရှိ စမ်းသပ်သိရှိတော်မူလိုခြင်းဖြစ်ပြီး သခင်ယေ ူခရစ်တော် ပေါ်လာသောအခါ သူ့အားချီးမွမ်းခြင်း၊ ဘုန်းအသရေနှင့်ပြည့်စုံခြင်းနှင့် ဂုဏ်ပြုခြင်းပြုလုပ်နိုင်ရန်ဖြစ်သည်။ သို့ဖြစ် ဘုရားသခင်၏ အန္တိမရည်ရွယ်ချက်မှာ ကျွန်ုပ်တို့၌ ခွန်အားအပြည့်အဝ တည်ဆောက်ခြင်းမပြုမီ ကျွန်ုပ်တို့၏ အားနည်းချက်များကို မကြာခဏဖော်ပြခြင်းဖြစ်စဉ်အားဖြင့် ပျော်ရွှင်မှုနှင့် မျှောင်လင့်ချက်အပြည့်ရှိသော ယုံကြည်အပ်နှံမှုရှိရေးဖြစ်သည်။

ဤနေရာ၌ ယင်းဖြစ်စဉ်လုပ်ဆောင်မှုကိုဖော်ပြပါမည်။ အခက်အခဲများ

ကြုံတွေ့ရသောအခါ ကျွန်ုပ်တို့၏ ဝိညာဉ်ရေး၊ ခံစားချက်နှင့် စိတ်ပိုင်းဆိုင်ရာရင့်ကျက်မှုအဆင့် ပေါ်ထွက်လာသည်။ သက်ဝင်ယုံကြည်မှု၌ ကျွန်ုပ်တို့ ရင့်ကျက်ခြင်း မရှိသေးပါက စုံစမ်းနှောင့်ယှက်ခြင်းများက ကျွန်ုပ်တို့၏သံသယ၊ ပုန်ကန်မှုနှင့် အရှုံးပေးခြင်းတို့အတွက် အကာအကွယ်ယူရန် အဆင်သင့်ဖြစ်မှုကို ဖွင့်လှစ်ဖော်ပြ မည်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့၏ ကနဦးတုံ့ပြန်မှုကို ကျော်လွှားနိုင်ပြီးသောအခါနှင့် ကျွန်ုပ်တို့၏အခြေအနေကောင်းမွန်ရေးအတွက် ဘုရားသခင်အား ပြန်လည်မျှော်ကြည့်ကိုးစားသောအခါ ကောင်းခြင်းကို ကျွန်ုပ်တို့ထိတွေ့ခံစားလာပြီး ကျွန်ုပ်တို့၏ သက်ဝင်ယုံကြည်မှုလည်း ပိုမိုခိုင်ခံ့တောင့်တင်း လာမည်ဖြစ်သည်။

အချိန်ကြာလာသောအခါ စုံစမ်းနှောင့်ယှက်ခြင်းကြုံတွေ့ရသောအခါ ဘုရာသခင်အား ကိုးစားခြင်းသည် ဘုရားသခင်သည်သာ ကျွန်ုပ်တို့၏ မျှော်လင့်ချက်ဖြစ်သည် ကိုပြသလိုက်ခြင်းဖြစ်ပြီး ဆင်းရဲဒုက္ခအလယ်၌ရှိသောအခါ သက်ဝင်ယုံကြည်မှုအားဖြင့် အဆင်သင့်တုံ့ပြန်နိုင်ရန် ကျွန်ုပ်တို့ သင်ယူရမည်ဖြစ်သည်။ လက်ရှိအခြေအနေများအပေါ် ကျွန်ုပ်တို့ အာရုံစိုက်ခြင်းမှ ကျွန်ုပ်တို့၏ အနှိမကယ်တင်ခြင်းအတွက် ဘုရာသခင်၏အကြံအစည်တော်အပေါ် တိုးသထက်တိုး အာရုံ စိုက်တတ်ရန် ကျွန်ုပ်တို့ သင်ယူရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ သက်ဝင်ယုံကြည်မှု ပိုမိုခိုင်မာလာပြီး ပိုမိုကျစ်လျစ်လာသည်နှင့်အမျှ သခင်ခရစ်တော်လည်း ချီးကျူးခြင်း၊ ဂုဏ်အသရေရှိခြင်းကို ပိုမိုရရှိလာမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏အသက်တာ၌ကြုံတွေ့ရသော အလုံးစုံပြောင်းလဲခြင်းသည် သခင်ခရစ်တော်နှင့် သူ့အပေါ် ကျွန်ုပ်တို့၏ သက်ဝင်ယုံကြည်ခြင်းတို့၌ အခြေခံခဲ့သော ကြောင့်ဖြစ်ကြောင်း အခြားပုဂ္ဂိုလ်များက တွေ့ရှိလာမည်ဖြစ်သောကြောင့်တည်း။

၁၉၈၆ ခုနှစ် ကျွန်ုပ်၏ဆိုးဝါးသော ကျန်းမာရေးစစ်ချက်က ဖော်ပြသည့်တိုင် ကျွန်ုပ်၏ အရေပြားရောဂါသည် လုံးဝပျောက်ကင်းသွားခဲ့သည်။ အမှန်အတိုင်း ပြောရလျှင် ကျွန်ုပ်ရော၊ မိသားစုတစ်ခုလုံးပါ ပျော်မြူးမဆုံးဖြစ်ခဲ့သည်။ ၎င်းထက် ပိုသည်မှာ ရောဂါဆိုးကြောင့်ကြောက်ရွံ့ခြင်း၊ မရေရာခြင်း၊ ကိုယ့်ကိုယ်ကိုယ် ပြန်စစ်ဆေးခြင်းနှင့် ဘုရားသခင်အပေါ် ပိုမိုအားကိုးခြင်းတို့ကို ကြုံတွေ့ခဲ့ရာ ၎င်းသည် ကျွန်ုပ်တို့အတွက် ဝိညာဉ်ရေးအရ အလုံးစုံပြောင်းလဲခြင်းကိုဖြစ်ပေါ် စေခဲ့သည်။ ဤအတွေ့အကြုံများ အခြားမည်သူတစ်ဦးတစ်ယောက်မျှ မတွေ့ကြုံစေလိုပါ။ သို့သော် ထိုသို့သော အတွေ့အကြုံဆိုးထဲမှ ဘုရသခင်သည် လူတိုင်းအတွက် အခွင့်အလမ်းကောင်းများ ယူဆောင်ပေးတော်မူပြီး ဆင်းရဲဒုက္ခတွင်းမှ ဘုရားခသင်၏ကောင်းချီးမင်္ဂလာများ ရရှိခံစားနိုင်ရန် ကျွန်ုပ်ဆုတောင်းနေမည် ဖြစ်သည်။

## သခင်ခရစ်တော်၏ ဆင်းရဲဒုက္ခများထဲ၌ မျှဝေခံစားနိုင်မည့် အခွင့်အလမ်းများမှ ခွန်အားရယူပါ

ငါတို့သည် ဘုရားသခင်၏သားသမီးများဖြစ်သဖြင့် ကိုယ်တော်၏ လူစုတော် အတွက် ကိုယ်တော် လျာထားတော်မူသော ကောင်းချီးမင်္ဂလာများကို ခံစားရကြမည်။ ခရစ်တော်အတွက် ဘုရားသခင် လျာထားတော်မူသည့် ဂုဏ်အသရေကိုလည်း ခံစားရကြမည်။ အဘယ့်ကြောင့်ဆိုသော် ငါတို့သည် ခရစ်တော်နှင့်အတူ ဝေဒနာခံစားကြလျှင် ကိုယ်တော်နှင့်အတူ ဘုန်းအသရေတော် ခံစားရ ကြမည်ဖြစ်သောကြောင့်တည်း (ရောမ ႏ၁၇)။

စုံစမ်းနှောင့်ယှက်ခြင်းနှင့် ဆုံးရှုံးမှုများနှင့်ယှဉ်ပြီးပါလာသော ဆင်းရဲခြင်း အပြင် သခင်ခရစ်တော်အား အစေခံခြင်းကြောင့် တစ်ခါတစ်ရံ ကျွန်ုပ်တို့ တိုက်ရိုက်ကြုံတွေ့ရသော ဆင်းရဲခြင်းများ ကြုံတွေ့လေ့ရှိပါသည်။ ကမ္ဘာ၏ နေရာဒေသ အများအပြား၌ သူတို့၏ သက်ဝင်ယုံကြည်မှုကြောင့် ခရစ်ယာန်များ ဒုက္ခဆင်းရဲ ရောက်ကြရသည်။ စိတ်ပိုင်းဆိုင်ရာများနှင့် ခံစားချက်ပိုင်းဆိုင်ရာ ဆင်းရဲခြင်း ဝေဒနာခံစားသူများလည်း အများအပြားရှိကြသည်။ အနည်းဆုံးအားဖြင့် ခရစ်ယာန်တို့သည် သခင်ယေရှု ခေတ်ကာလက လူများ၏တုံ့ပြန်မှုနှင့် အလားတူ တုံ့ပြန်မှုများဖြစ်သည့် မယုံကြည်ခြင်း၊ လွဲမှားသောစွပ်စွဲချက်များ၊ ဒေါသ၊ မနာလိုခြင်း၊ ငြင်းပယ်ခြင်း၊ ဆန့်ကျင်ခြင်း စသည်တို့ကိုကြုံတွေ့ကြရသည်။ သခင်ခရစ်တော်၏ ဆင်းရဲခြင်းဝေဒနာကို မျှဝေခံစားခြင်းသည် နာကျင်ပြီး ဖိစီးမှုများလှသော်လည်း မျိုးဆက်တိုင်း၌ ၎င်းကို အခွင့်ထူးအဖြစ် ခရစ်ယာန်တို့က ယူဆလာခဲ့ကြ သည်။

## သင့်ကို ဘယ်တော့မှ စွန့်လွှတ်မည်မဟုတ်သော သခင်ယေရှု ခရစ်တော်အား တွယ်ကပ်ပါ

'ငါသည် သင့်ကို အဘယ်အခါ၌မျှမစွန့်၊ အဘယ်အခါ၌မျှ ပစ် မထား' (ဟေဗြဲ ၁၃း၅)။

အဘယ်ကြောင့်ဆိုသော် မည်သည့်အရာမျှ ငါတို့အား ကိုယ်တော်၏ မေတ္တာတော်နှင့် မကွဲမကွာစေနိုင်၊ သေခြင်းဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင် တမန်များဖြစ်စေ၊ ကောင်းကင်အာဏာပိုင်ဖြစ်စေ၊ ပစ္စုပ္ပန်အရာဖြစ်စေ၊ အနာဂတ်အရာဖြစ်စေ၊ ကောင်းကင်အထက်အရာဖြစ်စေ၊ မြေအောက်အရာဖြစ်စေ၊ ဖန်ဆင်းထားသော မည်သည့်အရာပင်ဖြစ်စေ၊ ငါတို့အရှင် ခရစ်တော်ယေရှုအား ဖြင့် ဘုရားသခင်ဖော်ပြတော်မူသော မေတ္တာတော်နှင့် ငါတို့အား မကွဲမကွာစေနိုင်ဟု ငါ ဇေကန်အမှန်သိသော ကြောင့်တည်း (ရောမ ၈း၃၈–၃၉)။

ခရစ်ယာန်ခေါင်းဆောင်များက သူတို့၏ အဖွဲ့အစည်း သို့မဟုတ် အမှုတော်ဆောင်လုပ်ငန်း၌ ကောင်းသောအရာဖြစ်ပေါ်သောအခါ ဘုရားသခင် ပေါ်လာလို့ (God showed up) ဟူသော မှားယွင်းသည့်ကောက်ချက်ကို ကျွန်ုပ် မကြာခဏကြားနေရသည်။ 'ဘုရားသခင်ပေါ်လာလို့' သူတို့ မျှော်မှန်းထားသော ရန်ပုံငွေကို ရှာဖွေနိုင်ကြသည်။ 'ဘုရားသခင်ပေါ်လာလို့' ၎င်းတို့အနေဖြင့် ကန်ထိုက် စာချုပ်ရရှိခြင်း၊ ရည်မှန်းချက်များပြည့်စုံခြင်း၊ အားလုံးသဘော တူညီချက်ရရှိခြင်း ကြုံတွေ့ကြသည်။ သူတို့ပြောချင်သည်မှာ ဘုရားသခင်၏ အနီးနားတွင် ရှိနေတော်မူခြင်းကို ပြအကောင်အထည်နှင့် မြင်နေရကြောင်း သို့မဟုတ် ၎င်းတို့အနေဖြင့် သန့်ရှင်းသော ဝိညာဉ်တော်ကို ထူးဆန်းသောနည်းဖြင့် ကြုံတွေ့နေကြရကြောင်း ဖြစ်ဟန်တူသည်။ သို့ရာတွင် ထိုသို့ပြောဆိုသူတို့အနေဖြင့် တစ်စုံတစ်ခုအတွက် ဘုရားသခင်အား ကျေးဇူးတင်ချင်ပုံရသည်ဆိုပါက ထိုသို့ပြောဆိုခြင်းသည် ဒုက္ခဆင်းရဲရောက်နေသူအတွက် နာကြည်းစရာဖြစ်နိုင်ပြီး ဘုရားသခင် အနီးနားတွင်ရှိနေတော်မူခြင်းကို မတွေ့ကြုံ၊ မခံစားနိုင်ဘဲ ရှိနိုင်ပါသည်။ ကျွန်ုပ် တို့လိုလားသည့်အတိုင်း ဖြစ်ပျက်မှသာ ဘုရားသခင်အနီးနားတွင် ရှိနေတော်မူ သည်ဟုဆိုခြင်းသည် ဆိုးဝါးသော ဓမ္မဒ နဖြစ်ပေမည်။

ရင့်ကျက်သောဝိညာဉ်ရေး ခေါင်းဆောင်များအနေဖြင့် သူတို့လိုချင်သော ရလဒ်များရခြင်း မရခြင်းပေါ်တွင် ဘုရားသခင်၏ တည်ရှိတော်မူခြင်းနှင့် ပတ်သက် သူတို့၏အယူအဆကိုအခြေမခံကြပေ။ ဘုရားသခင်သည် အမြဲတမ်းပေါ်လာပြီး ဘယ်တော့မှထွက်ခွာခြင်းမပြုဟု ယုံကြည်ကြသည်။ ကျွန်ုပ်တို့ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ဘုရားသခင်သည် အမြဲ(အနီးအနားတွင်) ရှိနေပါသည်။ သခင်ယေရှုအပေါ် ကျွန်ုပ်တို့၏သက်ဝင်ယုံကြည်မှုကို တွယ်ကပ်ထားသဖြင့် ဘုရားသခင်ကလည်း ကျွန်ုပ်တို့အား ဆက်လက်ချစ်ခင်ပြီး ကျွန်ုပ်တို့၏ဝိညာဉ်များကို လည်း ထာဝရကြည့်ရှုစောင့်ရှောက်တော်မူမည်ဖြစ်သည်။

ကျွန်ုပ်တို့အား ဘုရားသခင်ချစ်တော်မူခြင်းနှင့် အနီးနားတွင် ရှိနေတော်မူခြင်းသည် ကျွန်ုပ်တို့ကို ဒုက္ခဆင်းရဲခြင်းနှင့် သေခြင်းမှလွတ်မြောက်စေရန် အာမခံခြင်း မဟုတ်ပေ။ သို့သော် ကျွန်ုပ်တို့ မည်သည့်အရာကို ရင်ဆိုင်ရသည်ဖြစ်စေ ဘုရားသခင်က ကျွန်ုပ်တို့အား စွန့်ပစ်ခြင်းမပြုဟူသော အာမခံချက်ရှိပါသည်။ ကျွန်ုပ်တို့ ကြုံတွေ့ခဲ့သည်များမှာ မည်မျှပင်နာကျင်ဖွယ်ကောင်းသော အတွေ့အကြုံများ ဖြစ်နေစေကာမူ ၎င်းတို့သည် ကျွန်ုပ်တို့အသက်တာဘဝများ၌ နောက်ဆုံးအတွေ့အကြုံ မဟုတ်ကြပေ။ အပြင်ပန်းအားဖြင့် မည်သို့သောအသွင်ကို ဆောင်ယူစေကာမူ ယုံကြည်အပ်နှံခြင်း၏အဓိပ္ပာယ်မှာ ကျွန်ုပ်တို့နှင့် ဘုရားသခင်အတူရှိနေ တော်မူဆဲဖြစ်ကြောင်း၊ ကျွန်ုပ်တို့နှင့် ဘုရားသခင်တို့အကြားရှိ ထာဝရမေတ္တာ နှောင်ကြိုးသည် ဘယ်သောအခါမျှ ပြတ်သွားမည်မဟုတ်ကြောင်း

ယုံကြည်ခြင်း ဖြစ်သည်။ ဘုရားသခင်သည် သူ၏ကောင်းပြီး ကျေနပ်နှစ်သက်ဖွယ်ဖြစ်သော ပြီးပြည့်စုံသည့်အလိုတော်ကို ပြည့်စုံတော်မူရန် သေမင်းအရိပ်လွှမ်းမိုးသောတောင်ကြားမှ ဖြတ်သန်းလျှောက်သွားရသော အချိန်အခါများ၌ပင် တစ်ဆက်တည်းပြုမူလုပ်ဆောင်တော်မူလျက်ရှိတော်မူသည်။ ''ငါသည် သင့်ကို အဘယ်အခါ၌မျှ မစွန့်၊ အဘယ်အခါ၌မျှ ပစ်မထား''ဟု မိန့်တော်မူသောကြောင့်ဖြစ်သည် (ဟေဗြဲ ၁၃း၅)။

## စဉ်းစားရန်အချက်

ငါသည် အဘယ့်ကြောင့် ဤမျှ စိတ်ညို းငယ်ရသနည်း။ အဘယ်ကြောင့် ပူပင်သောက ရောက်ရသနည်း။ ငါသည် ဘုရားသခင်အား မျှော်ကိုးလျက်နေပါမည်။ ငါ၏ ကယ်တင်ရှင်၊ ငါ၏ဘုရားအား တစ်ဖန်ထောမနာပြုပါမည်(ဆာလံ ၄၂း၅)။

ဘဝအသက်တာနှင့် ခေါင်းဆောင်မှု၌ အရာအပြောင်းအပြား 'မှားယွင်း' နိုင်ပါသည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့၏ အတွေ့အကြုံသည် သစ္စာဖောက်ခံရသောအခါ သို့မဟုတ် တစ်ယောက်ယောက်သေသွားသောအခါ အလွန်နာကျင်ရပါသည်။ သို့သော် နာကျင်မှု၏အတိုင်းအတာ သို့မဟုတ် စိန်ခေါ်မှု၏ အခက်အခဲတို့က သမ္မာကျမ်းဆိုင်ရာအခြေခံအမှန်တရားကို ခြေဖျက်နိုင်မည် မဟုတ်ပေ။ ၎င်းမှာ ကျွန်ုပ်တို့၏ဒုက္ခဆင်းရဲခြင်းသည် ကျွန်ုပ်တို့အနေနှင့် အလိုတော်နှင့်အညီ ကောင်းခြင်းအတွက် အံ့ဖွယ်နည်းလမ်းများဖြင့် ဘုရားသခင် အလုပ်လုပ်တော်မူသည်ကို ကြီးထွားခြင်းနှင့် တွေ့မြင်ခြင်းအခွင့်အလမ်းကို ပေးသနားတော်မူခြင်းဖြစ်သည်။

အရာများကောင်းကောင်းမွန်မွန်ဖြစ်သွားသောအခါ ဘုရားသခင်၌ သက်ဝင်ယုံ ကြည်မှုရှိရေးကို ထည့်သွင်းစဉ်းစားလေ့ မရှိကြပေ။ သို့သော် အရာများ မျှော်လင့်သလို မဟုတ်ဘဲ အခြေအနေဆိုးသွားသောအခါ သို့မဟုတ် အရေးအခင်း၏ ဝါးမြိုခြင်းခံရသောအခါ ယုံကြည်အပ်နှံမှုသည် ကြီးမားသော အရေးကိစ္စ တစ်ရပ်ဖြစ်လာပါသည်။ အတွေ့အကြုံတိုင်းသည် လမ်းပေါ်မှ ဆူးညှော့ခလုတ်နှင့်တူသည်။ ကျွန်ုပ်တို့၏ တုံ့ပြန်မှုပေါ်မူတည် ပြောင်းလဲမှုများ ရှိပါသည်။ ယုံကြည်အပ်နှံမှုပြုရန် ကျွန်ုပ်တို့ရွေးချယ်မှုပြုလေ၊ ကျွန်ုပ်တို့၏ အခြေအနေရပ်များအားဖြင့် ဘုရားသခင်ထုတ်လုပ်တော်မူသော ကောင်းမြတ်သောအရာကို ကျွန်ုပ်တို့ ပိုမိုရရှိနိုင်လေဖြစ်ပြီ ကျွန်ုပ်တို့၏ အခွင့်အလမ်းသည်လည်း ဘုရာသခင်၏ပြုမူလုပ် ဆောင်တော်မူချက်၏ အစိတ်အပိုင်းတစ်ခုအဖြစ် အသိနှင့်ယှဉ်လျက် အကျိုးရှိစွာနှင့် ပျော်ရွှင်စွာပါဝင်နိုင်လေဖြစ်ပေမည်။

သင်၏နေ့စဉ်မှတ်တမ်း၌ဖြစ်စေ သို့မဟုတ် အောက်တွင်ပေးထားသော

ကွက်လပ်များ၌ဖြစ်စေ၊ နောက်ပိုင်းတွင် ယုံကြည်ရသော မိတ်ဆွေတစ်ဦး သို့မဟုတ် သင်၏ ခေါင်းဆောင်မှုအသင်းနှင့်ဖြစ်စေ အောက်ပါမေးခွန်းများအပေါ် တုံ့ပြန်မှုပြုပါ။ သင့်ကိုယ်ကို မေးပါ။

- ဘုရားသခင်နှင့်အတူ ကျွန်ုပ် ခံစားချက်အရဖြေရှင်းရန်လိုအပ်သော အရေးကိစ္စ ကား အဘယ်နည်း။ ၎င်းကိစ္စကိုဖြေရှင်းနိုင်မှသာ ယုံကြည်ခြင်းခံရသော အနေအထားဖြင့် ယခင်ကလို နေထိုင်ပြီး ဦးဆောင်နိုင်မည်ဖြစ်သည်။

- ကျွန်ုပ်၏သက်ဝင်ယုံကြည်မှုအရေးကိစ္စများကို ကူညီဖြေရှင်းပေးရန် ဘယ်ကိုသွားပြီး အကူအညီတောင်းရမည်နည်း။

- ကျွန်ုပ်၏ သံသယ၊ ကြောက်ရွံ့ခြင်းနှင့် ဆင်းရဲခြင်းတည်းဟူသော အမှောင်မိုက်ဆုံး အခိုက်အတန့်များ၌ မည်သည့်ကျမ်းချက်ကို သတိရပြီး တွယ်ကပ်ရန် လိုမည်နည်း။

- ဘုရားသခင်ကို ကျွန်ုပ်တို့ အမြဲတမ်းယုံကြည်ကြောင်းပြသရန် ကျွန်ုပ်၏ ခေါင်းဆောင်မှုအသင်းနှင့် ကျွန်ုပ်အနေဖြင့် မည်သို့သောဘာသာစကားကို သုံးရန် လိုအပ်ပါသနည်း။

# အခန်း (၉)

# ဝိညာဉ်ရေးခေါင်းဆောင်မှု၏အသည်းနှလုံး

## ခေါင်းဆောင်မှုလက်တွေ့ကျင့်ထုံး

ဘုရားသခင်၏မေတ္တာ ဂုဏ်တော်နှင့် ကျေးဇူးတော်အတွက်
သင့်ကိုသင် အပြည့်အဝ ဖွင့်ထားပါ

## ဝိညာဉ်ရေးအခြေခံမှု

ပုဂ္ဂိုလ်ရေးအလုံးစုံပြုပြင်ပြောင်းလဲရေးနှင့် တက်ကြွလှုပ်ရှားသော
ဝိညာဉ်ရေး ခေါင်းဆောင်မှုအတွက် တစ်ခုတည်းသော
ခိုင်မြဲသည့်အခြေခံ အုတ်မြစ်ဖောင်ဒေးရှင်းကို
ဘုရားသခင်၏ကျေးဇူးတော်က ဖန်ဆင်းတော်မူသည်။

ခရစ်ယာန်တစ်ဦးအနေနှင့်ဖြစ်စေ၊ ခေါင်းဆောင်တစ်ဦးအနေဖြင့်ဖြစ်စေ၊ ကျွန်ုပ် တွေ့ကြုံခံစားခဲ့သမျှနှင့် သင်ယူရရှိခဲ့သမျှအနက် အကြီးဆုံးမှာ ဘုရားသခင်၏ ထုထည်ကြီးမားလှသော မေတ္တာ ဂုဏ်တော်နှင့် ဘဝကိုပြောင်းလဲစေသည့် တန်ခိုးစွမ်းအားရှိသော ဘုရားသခင်၏ ကျေးဇူးတော်တို့ကို ထိတွေ့ခံစားရခြင်းဖြစ်သည်။

ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ၁၉၉၃ ခုနှစ်တွင် မိသားစုနှင့်အတူ ကျွန်ုပ် မင်နီယာပိုလစ်မြို့သို့ အချိန်မီရောက်လာခဲ့သည်။ ရောဂါကုသူ (therapist) နှင့် စာရေးဆရာဖြစ်သော ဂျက်ဖ်ဗန်ဗန်ဒါရင် (Jeff VanVonderen) ပို့ချမည့် ရှက်ကြောက်ခြင်းနှင့်ပတ်သက်သော တစ်ပတ်ကြာနှီးနှောဖလှယ်ပွဲ (seminar) ကိုတက်ရောက်ရန် လာရခြင်းဖြစ်သည်။[၁] ထိုစဉ်က ကျွန်ုပ်တွင် အလုပ်အကိုင်မရှိသဖြင့် ထိုသို့တက်နိုင်ခြင်းဖြစ်သည်။ ပထမည၌ ကြားခဲ့ရသော အရာက ကျွန်ုပ်၏ဘဝကို အလုံးစုံပြောင်းလဲစေခဲ့သည်။ ကျွန်ုပ်တို့ယဉ်ကျေးမှု၌ ရှက်ကြောက်ခြင်း (Shame) ပျံ့နှံ့နေမှုကို ဂျက်ဖ်က ပြောခဲ့သည်။ ရှက်ကြောက်ခြင်းနှင့် အပြစ် သို့မဟုတ် အပြစ်ရှိခြင်း (guilt) တို့ မတူကြောင်း စိတ်ပညာရှင်များက ဆိုကြသည်။ အပြစ် (အပြစ်ရှိခြင်း)သည် သင်လုပ်ခဲ့သောအရာ

တစ်ခုခုအတွက် မကောင်းသောခံစားချက် (bad feeling) ဖြစ်ပြီး ရှက်ကြောက်ခြင်းသည် သင်ကိုယ်တိုင် လူတစ်ဦးအဖြစ်ဖြင့် မကောင်းသောခံစားချက်ရှိခြင်းဖြစ်သည်။ ဆိုလိုသည်မှာ သင့်အနေဖြင့် မကောင်းသောအရာတစ်ခုခုလုပ်ခဲ့သည်သာမဟုတ်ဘဲ သင်ကိုယ်တိုင် ဆိုးခြင်း(bad) ဖြစ်သည်။ သို့မဟုတ် မကောင်းခြင်းဖြစ်သည်။ ရှက်ကြောက်ခြင်းသည် ကျွန်ုပ်တို့အသက်တာဘဝများ၏မြေဆီလွှာ၌ ကိန်းအောင်းနေလျှင် အမျိုးမျိုးသော သီးနှံပင်များ သို့မဟုတ် အပင်ငယ်များကို ပေါက်ပွားစေသည်ဟု သူကရှင်းပြသည်။ ၎င်းတို့အနက် တစ်ခုမှာ ကျွန်ုပ်တို့အားလုံး အကျွမ်းတဝင်ရှိသောပေါင်းပင်(weed) နှင့်တူပြီး အနှုတ်သဘောဆောင်ပြီး မိမိကိုယ်ကိုယ် ကိုယ်တိုင်အပြစ်ပေးသော မိမိကိုယ်ကိုယ် ဖျက်ဆီးသည့်အမူအကျင့်ဖြစ်သည်။ ၎င်း၏အနှစ်သာရမှာ မိမိတို့၏ဘဝ၌ ပေါင်းပင်များကိုပျိုးထောင်သူတို့အနေဖြင့် မိမိကိုယ်ကိုယ် ယုံကြည်မှုနိမ့်ကျပြီး မိမိတို့ဘဝ၌ ဘုရားသခင် အကောင်းလုပ်သည်များကို မမြင်နိုင်ကြသူများဖြစ်ကြသည်။ ၎င်း၏လက္ခဏာများကို ကျွန်ုပ်တို့ဝန်းကျင်ရှိ ယဉ်ကျေးမှုထဲ၌ တစ်ချိန်လုံးတွေ့နေရပါသည်။ ကလေးရော လူကြီးပါ မူးယစ်ဆေးဝါးသုံးစွဲနေခြင်း၊ အလွန်အကျွံစားခြင်းနှင့်သောက်ခြင်း၊ စည်းလွတ်လိင်ဆက်ဆံခြင်း၊ ကိုယ့်ကိုယ်ကိုယ် နာကျင်အောင် ပြုခြင်း၊ သေကြောင်းကြံခြင်း စသည်တို့ကိုတွေ့နေရပါသည်။ သို့ဖြစ် ဂျက်ဖ်၏ပြောပြချက်များသည် အဓိပ္ပာယ်ရှိသည်ဟု ကျွန်ုပ် ယူဆပါသည်။

သို့ရာတွင် ကျွန်ုပ်သည် နောက်တစ်ချက် ဂျက်ဖ်ပြောပြသည့်အချက်အပေါ်ပြင်ဆင်မှု မပြုခဲ့ပေ။ ရှက်ကြောက်ခြင်း၏ကူးစက်မှုခံခဲ့ရသော မြေဆီလွှာထဲမှ ပေါက်ပွားလာသော အပင်ငယ်သည် အလွန်လုပနိုင်ကြောင်း ဂျက်ဖ်က ရှင်းပြပါသည်။ ၎င်းသည် ကြီးမားသော အောင်မြင်မှုပန်းဖြစ်ပါသည်။ ဤပန်းကိုပြုစုပျိုးထောင်ပေးသူတို့အနေဖြင့် မိမိတို့ကိုယ်တိုင်နှင့် တခြားလူတို့အား သက်သေပြချင်သည်မှာ မိမိတို့သည် အမှန်ပင် အဆင်ပြေပါသည်ဟူ ဖြစ်သည်။ သို့ဖြစ်ယခုအါ အောင်မြင်မှုဟူသည် အလွန်ကောင်းသောအရာဖြစ်သည်။ သို့ရာတွင် မိမိတို့ကိုယ်တိုင်၏ကျေနပ်နှစ်သိမ့်မှုအတွက် ပင်ပန်းခက်ခဲစွာ အောင်မြင်မှုရရှိရေးအတွက်လုပ်ဆောင်ခြင်းသည် မမှန်ပေ။ ကျွန်ုပ်တို့သည် အခိုက်အတန့်တစ်ခု၌ စိတ်ပျက်ဝမ်းနည်းမှုကြောင့် လက်မြှောက်အရှုံးပေးနိုင်ပါသည်။ ကျွန်ုပ်တို့ရှာဖွေနေသော ငြိမ်းချမ်းရေးမရနိုင်ဘဲ မောပန်းနွမ်းနယ်ပြီး အားကုန်သည်အထိ မိမိတို့ကိုယ်ကို မညှာမတာ အားကုန်မောင်းကာ လုပ်ဆောင်နိုင်ပါသည်။

ဂျဖ်၏ဒေသနာသည် ကျွန်ုပ်၏နှလုံးသားအား ဖောက်ထွင်းခဲ့သည်။ ဘွဲ့ဒီဂရီတစ်ခုနှင့် ဘွဲ့လွန်ဒီဂရီသုံးခုပိုက်ထားသော ကျွန်ုပ်သည် တစ်စိတ်တစ်ပိုင်းအားဖြင့် ကျွန်ုပ်၏အောင်မြင်မှုများထဲ၌ ကျေနပ်မှုရရှိရေးအတွက် အလုပ်ကို

အလွန်ကြိုးစားလုပ်ဆောင်နေသူဖြစ်ကြောင်း ကျွန်ုပ်သိပါသည်။ အလုပ်အကိုင်မရှိ၊ မိမိနှင့်ထိုက်တန်သောအလုပ်ကို မရနိုင်၊ အလုပ်လျှောက်တိုင်းအငြင်းပယ်ခံရသော ကျွန်ုပ်သည် ပရိသတ်ထဲ ဝင်ထိုင်လိုက်သောအခါ အရှုံးသမားဟူသော ခံစားချက်အပြည့်နှင့်ဖြစ်သည်။ ကျွန်ုပ်ကိုယ်ကျွန်ုပ် တန်ဖိုးရှိသောလူပုဂ္ဂိုလ်အဖြစ် မယူဆပါ။ ထိုစဉ်က မိမိကိုယ်ကိုယ် မည်မျှအထိ အဆိုးမြင်ခဲ့ကြောင်း တွက်ဆ ပင်မရပေ။ သို့သော် ယခုအခါ ရှက်ကြောက်ခြင်းကို ကျွန်ုပ် အကြီးအကျယ် ခံစားခဲ့ရသည်။ ကုန်လွန်သွားသော ဒုစရိုက်(Sin) များအတွက် ဖြစ်စေ၊ မလုံလောက်မှုနှင့် မှားယွင်းသော ခြေလှမ်းများအတွက် ရှက်ကြောက်ခြင်း၊ အငြင်းပယ်ခံရသဖြင့် ရှက်ကြောက်ခြင်း၊ အလုပ်လက်မဲ့ဖြစ်သဖြင့် ရှက်ကြောက်ခြင်းတို့ကို ခံစားခဲ့ရသည်။ ကျွန်ုပ်၏ ဆုံးရှုံးမှုအားလုံး၊ မပြည့်စုံမှုနှင့် အားနည်းချက်များအားလုံး တစ်ခုပေါ်တစ်ခု ဆင့်နေကြပါသည်။ ထိပ်ဆုံးတွင် ဇနီးသည်၏ မိသားစုများသည် အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်များနှင့် အပြည့်ရှိကာ နေရာယူကြသည်။ ထိုညနှောင်းပိုင်းတွင် ကျွန်ုပ်သည် သူတို့၏ အောင်မြင်မှုများနှင့် ရာထူးနှင့် တန်ခိုးသြဇာ တို့အကြောင်းပြောဆိုကြားနာရမည့် မိသားစုများဆုံတွေ့ပွဲသို့သွားရမည်ဖြစ်သည်။ ကျွန်ုပ်အကြောင်းမေးမြန်းကြသောအခါ ကျွန်ုပ်ဖြေကြားနိုင်သောအဖြေမှာ 'ယခုထိ ကျွန်ုပ် အလုပ်မရှိသေးပါ'' ဟူ ဖြစ်ပေလိမ့်မည်။

ယခုအခါ ဂျက်ဖ်ပြောသမျှကို ကျွန်ုပ် တစ်လုံးမကျန် နားထဲစွဲနေခဲ့သည်။ ပိုမို ကောင်းမွန်သော အသက်ရှင်နေထိုင်မှုဘဝနှင့် မိမိကိုယ်ကိုယ် မြင်မှုရှိကြောင်း သူက ရှင်းပြခဲ့သည်။ မိမိတို့၏စွမ်းရည်များနှင့် အောင်မြင်မှုများကိုကြည့်ပြီး ကျေနပ်နေရမည့်အစား ဘုရားသခင်ကိုကြည့်ပြီး ဘုရားသခင်က မိမိကို မည်သို့ မြင်တော်မူမည်ကို စဉ်းစားပါ။ ကျွန်ုပ်သည် ဘုရားသခင်၏ မွန်မြတ်သော ဖန်ဆင်းခံသတ ဝါဖြစ်သောကြောင့် ကျွန်ုပ်အား ဘုရားသခင်ချစ်တော်မူသည်။ ကျွန်ုပ်၏အောင်မြင်မှုများ၊ ရာထူးအဆင့်အတန်းနှင့် ရေပန်းစားမှုတို့ကြောင့် မဟုတ်ပေ။ သို့သော် ဒုစရိုက် သို့မဟုတ် အပြစ်(Sin) သည် ပြ နာဖြစ်သည်။ ၎င်းကိုလည်း ဘုရားသခင် ဂရုစိုက်တော်မူသည်။ ၎င်းအတွက် သခင်ယေရှု ကြွလာတော်မူပြီး အသေခံသွားခြင်းဖြစ်သည်။ ၎င်းကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ် မေတ ာထားတော်မူခြင်းဖြစ်သည်။ ''ငါတို့သည် အပြစ်ကျူး လွန်လျက်ရှိနေကြစဉ်ကပင် ခရစ်တော်သည် ငါတို့အတွက် အသေခံတော်မူ၏။ ဤနည်းအားဖြင့် ဘုရားသခင်သည် ငါတို့အား အဘယ်မျှချစ်တော်မူကြောင်းကို ထင်ရှားစွာပြတော်မူ၏'' (ရောမ ၅း၈)။ ဘုရားသခင်သည် ကျွန်ုပ်အား သူ၏ သားတစ်ဦးပမာချစ်တော်မူပြီး ကျွန်ုပ်၏အပြစ်ဟူသမျှကို ခွင့်လွှတ်တော်မူ၏။

ထိုည၌ ကျွန်ုပ်အတွက် အလုပ်အကိုင်လိုအပ်နေဆဲဖြစ်သော်လည်း ကျွန်ုပ်၌

အမှန်လိုအပ်နေသောအရာမှာ ဘုရားသခင်၏ရှေ့တော်မှောက်၌ ကျွန်ုပ်၏ ထိုက်တန်မှုနှင့် တန်ဖိုးတရားအတွက် အာမခံချက်အသိတရားဖြစ်ကြောင်း သဘော ပေါက်ခဲ့သည်။ ကျွန်ုပ်၏ကြိုးစားနှုန်းကန်မှုအားလုံး၊ ကျွန်ုပ်ကိုယ်တိုင် ၏အစွမ်းအစပေါ်အခြေခံသော ကိုယ်ပိုင်ကျေနပ်မှုအတွက် ကြိုးပမ်းမှုအားလုံး တို့ကိုစွန့်လွှတ်ပြီး ဘုရားသခင်၏မေတ္တာတော်၊ ကရုဏာတော်နှင့် ကျေးဇူးတော် တို့အပေါ် အပြည့်အဝမှီခိုအားထားရန် ရွေးချယ်ခဲ့သည်။

## လိုအပ်သောအရာ

*ဘုရားသခင်၏မေတ္တာတော်နှင့် ကျေးဇူးတော်၌ သင့်ကိုသင် အပြည့်အဝ ဖွင့်ချပါ*

တစ်ခါတစ်ရံ အဆိပ်သင့်ရှက်ကြောက်ခြင်း (toxic shame) ဟုခေါ်သော ပျံ့နှံ့သက်ရောက်သောရှက်ကြောက်ခြင်းသည် ကျွန်ုပ်တို့၏ ချစ်ဖွယ်ကောင်းခြင်း နှင့် တန်ဖိုးတရားအသိတရားများကို စားသုံးစုပ်ယူသွားသော အပျက်သဘော ဆောင်သည့် ကိုယ်ပိုင်ပုံသွင် (self-image) ကိုဖန်တီးပါသည်။ ကျွန်ုပ်တို့၌ ပြုပြင်မရလောက်အောင် တစ်ခုခုမှားယွင်းနေသည်ဟု ယုံကြည်ကြသည်။ ကျွန်ုပ်တို့၏အသက်တာဘဝ အစိတ်အပိုင်းအားလုံးကို ထိခိုက်စေသော မပြည့်စုံမှု အသိတရား (Sense of deficiency) ကို သိလျက်ဖြစ်စေ၊ မသိဘဲလျက်ဖြစ်စေ ကျွန်ုပ်တို့ သယ်ပိုးနေကြသည်ဟု ယုံကြည်ကြသည်။ အချို့သည် ရှက်ကြောက် ခြင်းကို ငြင်းပယ်ခြင်းဖြင့်ကိုင်တွယ်ကြသည်။ ကျွန်ုပ်တို့၌ ပြဿနာမရှိဟု လည်းကောင်း၊ လူတိုင်းဒီလိုပဲ လုပ်နေကြသည်ဟုလည်းကောင်း မိမိတို့ကိုယ်ကိုယ် လှည့်စားခဲ့ကြသည်။ အချို့က မိမိတို့၏နာကျင်မှုကို မူးယစ်ဆေးဝါး ဖြင့် လည်းကောင်း၊ အရက်အလွန်အကျွံသောက် လည်းကောင်း၊ အလုပ်အလွန်အကျွံ လုပ်ခြင်းဖြင့်လည်းကောင်း၊ လိင်ဆက်ဆံမှုဖြင့်လည်းကောင်း၊ အမြဲတမ်းတက်ကြွ လှုပ်ရှားမှုဖြင့်လည်းကောင်း၊ အခြားအာရုံပြောင်းစေသော နည်းများနှင့် ယာယီ ကျေနပ်မှုပေးသော လှုပ်ရှားမှုများဖြင့်လည်းကောင်း ကုစားရန်ကြိုးစားကြပါသည်။ ကျွန်ုပ်အတွက် အမှန်ဖြစ်သော အောင်မြင်မှုအားဖြင့် မိမိကိုယ်ကိုယ် ကျေနပ်မှုရယူခြင်းနှင့် တခြားလူတို့အား အထင်ကြီးစေခြင်းတို့ကို သုံးပါသည်။ သို့သော် ရှက်ကြောက်ခြင်းကို ကြာရှည်ခံမည့်တစ်ခုတည်းသောကုသနည်းမှာ လူပုဂ္ဂိုလ်တစ်ဦးဘဝ၌ မည်သည့်လက္ခဏာကိုပြစေကာမူ ဘုရားသခင်၏ မေတ္တာတော်နှင့် ကျေးဇူးတော်သာလျှင်ဖြစ်သည်။

ကျွန်ုပ်တို့၏ ကိုယ်ပိုင်ကြိုးပမ်းမှုများနှင့် ကင်းလွတ်လျက် ကျွန်ုပ်တို့ကိုယ်စား

ဘုရားသခင်၏ ပြုမူလုပ်ဆောင်ချက်အပေါ် ယုံကြည်အပ်နှံမှုနှင့်ပတ်သက် ကျွန်ုပ်တို့၏ လိုအပ်ချက်ကို မီးမောင်းထိုးပြရာ၌ ပီတက်စတင့်အစဉ်အလာသည် တာဝန် ကျေပွန်ခဲ့သည်။ တမန်တော်ပေါလ်က ဤသို့ရှင်းလင်းစွာ သွန်သင်ခဲ့သည်။

> ''သင်တို့သည် ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းကို ခံကြရ၏။ သင်တို့၏ကြိုးစားအားထုတ်မှုရလာဒ်ကြောင့် ခံကြရသည်မဟုတ်။ ဘုရားသခင် ချပေးတော်မူသော ဆုကျေးဇူးဖြစ် အဘယ်သူမျှ ဝါကြွားစရာအကြောင်းမရှိ'' (ဖေက် ၂း၈–၉)။

အသက်တာဘဝကို စစ်မှန်စွာပြောင်းလဲစေသောအရာမှာ ပုဂ္ဂိုလ်ရေး နည်းလမ်းဖြင့် ဘုရားသခင်၏မေတ္တာတော်နှင့် ကျေးဇူးတော်ကို တွေ့ကြုံ ခံစားခြင်းဖြစ်သည်။ သမ္မာကျမ်းစာသည် အဖခမည်းတော်၊ ကိုယ်တော်ရှင် သခင်ယေရှုခရစ်တော်နှင့် သန့်ရှင်းသောဝိညာဉ်တော်တို့ကို ထိတွေ့ ဆက်ဆံမှုရှိကြသောကြောင့် ဘဝအသက်တာပြောင်းလဲသွားကြသော အမျိုးသားများနှင့် အမျိုးသမီးများဖြင့် ပြည့်နေပါသည်။ ကျမ်းစာတော်၏ စကားပြေရေးသားချက်များသည် ဖော်ပြရေးသားချက်(descriptive) ဆန်ပြီး ညွှန်ပြဖော်ပြမှု (prescriptive–ဆိုလိုသည်မှာ ဘုရားသခင်ကို ကျွန်ုပ်တို့ကိုယ်တိုင် မည်သို့ထိတွေ့ခံစားရမည်ကို တိကျစွာမပြော ကြပေ) ဆန်သော်လည်း ၎င်းတို့သည် မကြာခဏဆိုသလိုညွှန်ပြသဘောဆန်(suggestive - အဆိုပြုသဘော) လေ့ရှိပါသည်။ ဓမ္မသစ်ကျမ်းထဲမှ အကြောင်းအရာများနှင့် သွန်သင်ချက်များသည် ဘုရားသခင်၏ ကျေးဇူးတော်သည် ကျွန်ုပ်တို့၏နှလုံးသားများ၊ စိတ်များနှင့် အသက်တာဘဝများအား တက်ကြွစွာ ထိတို့ပြောင်းလဲစေရန် ဘုရားသခင် ရည်ရွယ်တော်မူကြောင်းကို ကျမ်းစာတစ်လျှောက်လုံး ရှေ့နောက်ညီညွတ်စွာ ရည်ညွှန်းသည်ကို တွေ့ရပါသည်။ ဘုရားသခင်၏မေတ္တာတော်သည် ချစ်ခြင်းကို နှိုးဆော်ထကြွစေပါသည်။ သူ၏အမှန်တရားသည် ဝန်ခံခြင်းကိုနှုန်းဆော် ထကြွစေပါသည်။ သူ၏ ကောင်းမြတ်ခြင်းသည် ကိုယ်ကျင့်တရားရှိရေးအတွက် နှိုးဆော်ထကြွစေပါသည် စသဖြင့်ဖြစ်ပေါ်စေတော်မူသည်။

ယုံကြည်သူတို့အသက်တာ၌ ဘုရားသခင်၏ ကျေးဇူးတော်၏ ဘဝပြောင်းလဲစေသော တန်ခိုးနှင့်ပတ်သက်သော သမ္မာကျမ်းလာဖော်ပြချက်နှစ်ခုကို စဉ်းစားကြပါစို့။ ဤကျမ်းချက်များကို အစောပိုင်း၌ ကျွန်ုပ်တို့ကြည့်ရှုလေ့လာခဲ့ပြီး ဖြစ်သည်။ သို့သော် ဤနေရာ၌ သီးသန့်မေးခွန်း တစ်ခုနှင့်ဆက်စပ်ပြီး ထပ်မံကြည့်ရှုကြရမည် ဖြစ်သည်။ ဘုရားသခင်၏ကျေးဇူးတော်သည် တစ်စုံတစ်ဦးအပေါ်၌ ပုဂ္ဂိုလ်ရေးနည်းလမ်းဖြင့် တို့ထိသောအခါ သူ၏အသက်တာ ပြောင်းလဲသွားခြင်းနှင့်ပတ်သက် သူက အဘယ်သို့ပြောပါသနည်း။

ငါတို့သည် ငါတို့အရှင်သခင်ယေရှုခရစ်၏ ခမည်းတော်ဘုရားသခင်၏ ဂုဏ်တော်ကို ချီးကျူးကြကုန်စို့။ ကိုယ်တော်သည် မဟာကရုဏာတော်ကြောင့် သခင်ယေရှုခရစ်ကို သေခြင်းမှ ရှင်ပြန်ထမြောက်စေတော်မူခြင်းအားဖြင့် ငါတို့အားဘဝသစ်ကို ပေးတော်မူသဖြင့် စိတ်ချရသော မျှော်လင့်ခြင်းကို ရရှိစေတော်မူ၏။ သို့ဖြစ် ငါတို့သည် ကိုယ်တော်၏ လူစုတော်အတွက် ဘုရားသခင်လျာထားတော်မူသော ကောင်းချီးမင်္ဂလာများကို ခံစားနိုင်ရန် မျှော်မှန်းကြပေသည်။ ကိုယ်တော်သည် ထိုကောင်းချီးမင်္ဂလာများကို ကောင်းကင်ဘုံတွင် သင်တို့အဖို့ လျာထားတော်မူ၏။ ယင်းတို့သည် ယိုယွင်းပျက်စီးမှေးမှိန် မသွားနိုင်။ သင်တို့သည် ဘုရားသခင်ကို ယုံကြည်သူများဖြစ်သည့်အလျောက် အဆုံးစွန်သော ကာလ၌ ပေါ်လွင်ထင်ရှားရန် အသင့်ရှိသည့်ကယ်တင်ခြင်း ကျေးဇူးတော်ကိုခံစားရချိန်တိုင်အောင် ကိုယ်တော်သည် သင်တို့အား တန်ခိုးတော်ဖြင့် စောင့်ထိန်းလျက်ထားတော်မူ၏။ သင်တို့သည် စုံစမ်း နှောင့်ယှက်ခြင်းအမျိုးမျိုးတို့ကြောင့် ယခုခဏမျှ ဝမ်းနည်းရကြသော်လည်း အထက်ဖော်ပြပါအကြောင်းကြောင့် ရွှင်လန်းဝမ်းမြောက်ကြလော့။ .. သင်တို့သည် ခရစ်တော်ကို မမြင်ဖူးသော်လည်း ချစ်ကြ၏။ ယခုမတွေ့မမြင်ရသော်လည်း သင်တို့သည် ကိုယ်တော်ကို ယုံကြည်ကြ ၏။ သို့ဖြစ် သင်တို့သည် နှုတ်ဖြင့်မဖော်ပြနိုင်အောင် လွန်စွာ ဘုန်းကြီးသော ရွှင်လန်း ဝမ်းမြောက်ခြင်းအကျိုးကြောင့် ကယ်တင်ခြင်းကို ခံယူနေကြရ ပြီဖြစ်သောကြောင့်တည်း (၁ ပေ ၁း၃–၆၊ ၈–၉)။

ဘုရားသခင်သည် လူသားအပေါင်းတို့အား ကယ်တင်ရန်အတွက် မိမိ၏ကျေးဇူးတော်ကို ပေါ်လွင်ထင်ရှားစေတော်မူပြီ။ ငါတို့သည် မိမိတို့၏ ကြီးမြတ်သည့် ဘုရားသခင်တည်းဟူသော ကယ်တင်ရှင်ယေရှုခရစ်၏ ဘုန်းအသရေတော် ထင်ရှားပေါ်ထွန်းမည့် မင်္ဂလာနေ့မြတ်ကိုစောင့်မျှော်ကာ ဘုရားမဲ့တရားမဲ့ပြုကျင့်ခြင်းနှင့် လောဘရမ္မက်ဆန္ဒတို့ကို စွန့်ပစ်ကြရန်လည်းကောင်း၊ အိန္ဒြေစောင့်စည်းခြင်း၊ ိုးသားဖြောင့်မတ်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းတို့ဖြင့် ဤလောက၌ အသက်ရှင်ကြစေရန်လည်းကောင်း ထိုကျေးဇူးတော်က ငါတို့အား ဆုံးမသွန်သင်လျက်ရှိ၏။ ငါတို့အား ဆိုးညစ်မိုက်မဲမှုအပေါင်းမှ ကယ်ဆယ်တော်မူရန်လည်းကောင်း၊ ငါတို့သည် စိတ်နှလုံးဖြူစင်သန့်ရှင်းလျက် ကိုယ်တော်သာလျှင် ပိုင်တော် မူသောသူများဖြစ်လျက် အကျင့်ကောင်းများ၌ စိတ်အားထက်သန်ကြစေရန်လည်း ကောင်း ခရစ်တော်သည် ငါတို့အတွက် မိမိကိုယ်ကိုယ် စွန့်တော်မူ၏ (တိတု ၂း၁၁–၁၄)

အသစ်မွေးဖွားခြင်း၊ မျှော်လင့်ခြင်း၊ ပျော်ရွှင်ခြင်း၊ မိမိကိုယ်ကို ထိန်းချုပ်ခြင်း၊ တရား၌ မွေ့လျော်ခြင်း၊ ကောင်းသောအရာကိုပြုလုပ်ရာ၌ စိတ်အားထက်သန်ခြင်း စသည်တို့သည် ယုံကြည်သူ၏အသက်တာဘဝ၌ ဘုရားသခင်၏ကျေးဇူးတော်နှင့်စပ်ဆိုင်သော ပြုမူလုပ်ဆောင် တော်မူချက်၏ အကျိုးရလဒ်များဖြစ်ကြသည်။ ကျွန်ုပ်တို့အနေဖြင့် သွေးဆောင်ဖြားယောင်းမှုနှင့် အပြစ်ဒုစရိုက်၏ ဝိက်ခတ်ဒဏ်တို့နှင့် အမြဲ ုန်းကန်လှုပ်ရှားနေရပါသည်။ အကြောင်းမှာ ဘုရားသခင်သည် ကျွန်ုပ်တို့အား ဘာမျှမဖြစ်သကဲ့သို့ အပြစ်ရှိသောအနေအထားဖြင့် ထားခဲ့ပြီး ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်များမှ မကယ်တင်လိုသောကြောင့်မဟုတ်ဘဲ ကျွန်ုပ်တို့လူသားများ၏ဘဝထဲသို့ တက်ကြွလှုပ်ရှားပြီး ဘဝကိုပြောင်းလဲစေသောနည်းများအားဖြင့် ဝင်ရောက်တော်မူသောကြောင့်ဖြစ်သည်။ ဘုရားသခင်၏ ရှေ့တော်၌ ကျွန်ုပ်တို့သည် အမှန်ပင် တန်ဖိုးရှိသောသူများဖြစ်ကြောင်းကို ကျွန်ုပ်တို့ ယုံကြည်ရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် သူ၏ဖန်ဆင်းခြင်းခံရသူများနှင့် အချစ်ခံရသူများဖြစ်သည်။ သို့ဖြစ် ကြီးထွားရေးအတွက် အံ့ဖွယ်အခွင့်အလမ်းရရှိထားသူများဖြစ်သဖြင့် သခင်ခရစ်တော်၌ သက်ဝင်ယုံကြည်မှုနှင့် ကျွန်ုပ်တို့အထဲ၌ ဘုရားသခင်ရှိတော်မူပြီး ကျွန်ုပ်တို့အားဖြင့် အလုပ်လုပ်တော်မူခြင်း၌ ကျွန်ုပ်တို့အမှုတော်ဆောင်ကြရမည်ဖြစ်သည်။ ဘုရားသခင်ကို တွေ့ကြုံခံစားရာ၌ ပုဂ္ဂိုလ်နှစ်ဦး၏ အတွေ့အကြုံသည် ထပ်တူထပ်မျှဖြစ်ချင်မှဖြစ်ပေမည်။ ဘုရားသခင်အနီးနားတွင် ရှိနေတော်မူခြင်းနှင့် ကျေးဇူးတော်ကြောင့် နိုးထလာသူများအနေဖြင့် ပိုမိုကောင်းမွန်သောဘဝသို့ ပြောင်းလဲသွားကြမည်ဖြစ်သည်။ ထိုသို့ပြောင်းလဲရာတွင် ချစ်ခြင်းမေတ္တာနှင့် ခွင့်လွှတ်ခြင်းတို့အားဖြင့် မကြာခဏ အစပြုလေ့ရှိသည်။

အကယ် သင်၏ဘဝသည် အလုပ်အကိုင်ကြီးတစ်ခုကို မဖြစ်မနေလုပ်ရမည့်ဘဝ ဖြစ်ပြီး ယင်းအတွက် ကြိုးစားရာတွင် ခြေကုန်လက်ပန်း ကျနေပြီဟု ခံစားလျှင်လည်းကောင်း သို့မဟုတ် သင့်အနေဖြင့် အပြစ်ဒုစရိုက်ထဲ၌ တဝဲလည်လည်ဖြစ် နေသည်ဟု ခံစားလျှင်လည်းကောင်း သို့တည်းမဟုတ် ကြံရာမရဖြစ်ခြင်းကို ခံစားလျှင်လည်းကောင်း သင်သည် ဘုရားသခင်၏ မေတ္တာတော်နှင့် ကျေးဇူးတော်ကို တွေ့ကြုံခံစားရန် ဘုရားသခင်ထံတော်မှ အံ့အားသင့်ဖွယ်(surprise) မျှော်လင့်ရန်အဆင်သင့်ဖြစ်နေပြီဆိုသည့်အခြေအနေ၌ ရောက်နေပါသည်။ ကျွန်ုပ်တို့အား ဘုရားသခင် ကောင်းချီးပေးမည့်အချိန်ကို ကျွန်ုပ်တို့ မထိန်းချုပ်နိုင်သကဲ့သို့ ဘုရားသခင်ကို တွေ့ကြုံထိတွေ့ရန် ကျွန်ုပ်တို့ကိုယ်ကို အဆင်သင့်ဖြစ်ရန် အတင်းကြိုးစားလုပ် ရမည်မဟုတ်ပေ။ သို့သော် ကျွန်ုပ်တို့၏ အသက်တာဘဝနှင့်ပတ်သက် မကျေနပ်မှုအပေါ် ပိုမိုပွင့်လင်းမှုရှိလာလေ ကျွန်ုပ်တို့အနေဖြင့် ပိုမိုအဆင်သင့်ဖြစ်လာလေ ဖြစ်မည်ဖြစ်သည်။

သင်၏ဗလာနတ္ထိဖြစ်ခြင်း (emptiness) ၊ ရှက်ကြောက်ခြင်းနှင့်

ကြုံရာမရဖြစ်ခြင်း ခံစားချက်များကိုသိရှိနိုင်ရန် သင်၏အရှိန်ကို လျှော့လိုက်ပါ။ သင်၏အသိတရားများ နောက်ကျိသွားအောင် မလုပ်ဖို့လိုပါသည်။ သို့မဟုတ် သင်၏နာကျင်မှုကို အလုပ်ပိုလုပ်ခြင်း၊ ထမင်းပိုစားခြင်း သို့မဟုတ် အရက်ပိုသောက်ခြင်း၊ လှုပ်ရှားမှုပိုလုပ်ခြင်း သို့မဟုတ် သင်၏ဝိညာဉ်နာကျင်မှုမှ လမ်းလွှဲပေးမည့် အခြားမည်သည့်အလုပ်မျှ မလုပ်ပါနှင့်။ ကျွန်ုပ်တို့၏ ရွေးချယ်မှုအရဖြစ်စေ သို့မဟုတ် ဘုရားသခင်၏ ဝင်ရောက်စွက်ဖက်မှုကြောင့်ဖြစ်စေ ကျွန်ုပ်တို့အားလုံး ဘုရားသခင်ကသာ ပေးနိုင်သောနေရာသို့သွားကြရန် လိုပါသည်။ ဘုရားသခင်ထံတော်သို့ စိတ်ရောကိုယ်ပါ ဖွင့်ထားပြီးလာကြရန်နှင့် သူ ပေးတော်မူမည့် မည်သည့်အရာကိုမဆို လက်ခံရေးအတွက် လက်ဗလာဖြင့် လာကြရန် လိုပါသည်။

တစ်ခါတစ်ရံ ညကြီးသန်းခေါင် အိပ်ယာမှနိုးလျှင် ရင်ထဲတွင် ဗလာနတ္ထိခံစားတတ်ပါသည်။ ဗလာနတ္ထိခံစားချက်ကို ရှောင်ရန် ကျွန်ုပ် ကြိုးစားလေ့ရှိပြီး ယင်းခံစားချက်ကို သက်သာစေမည့် မည်သည့်ပျော်ရွှင်ဖွယ် အမှတ်ရချက်ကိုမဆို သို့မဟုတ် ပျော်စရာစိတ်ကူးယဉ်မှုတစ်ခုခုကို ပြောင်းလဲ အာရုံစိုက်လေ့ရှိပါသည်။ တစ်ခါတစ်ရံ ကျွန်ုပ်၏ ဗလာနတ္ထိခံစားမှုနှင့် တမ်းတလိုချင်မှုကြောင့် ပေါ်ပေါက်လာသော နာကျင်သည့်ခံစားချက်များမှ အာရုံလွှဲစေပြီး သက်သာစေမည့် ကျွန်ုပ် အတွေ့အကြုံထဲမှ အခြားအကြောင်း အရာများဆီသို့ ကူးသွားပါသည်။

နောက်ပိုင်းတွင် ကျွန်ုပ်သိလာရသည်မှာ ဤအခိုက်အတန့် ကလေးများသည် ကျွန်ုပ်၏ဘုရားသခင်အား လိုအပ်မှုကို ပြန်လည် သိရှိသတိရ စေကြသဖြင့် ကျွန်ုပ်အတွက် အကောင်းဆုံးအခွင့်အလမ်းများ ဖြစ်လာကြခြင်း ဖြစ်သည်။ ယခုအခါ ထိုသို့သောအတွေ့အကြုံများ ကြုံတွေ့ လာရလျှင် ကျွန်ုပ်ကို ကျွန်ုပ် အတင်းတိုက်တွန်းကာ ယင်းခံစားချက်များကို တတ်နိုင်သမျှ ကြာကြာ ထိန်းသိမ်းနိုင်ရန် ကြိုးစားပါသည်။ သို့သော် ကြာရှည်မခံကြပေ။ ဘုရားသခင်ကို ရင်ဆိုင်ပြီး သူကသာ ဖြည့်ဆည်းပေးနိုင်သည့် နည်းဖြင့် ကျွန်ုပ်အား ဖြည့်ဆည်း ပေးတော်မူပါရန် တောင်းလျှောက်ပါသည်။ ဘုရာသခင်အား သူ၏ကြီးမားလှသော မေတ္တာတော်နှင့် ကျေးဇူးတော်ကို အံ့သြဖွယ် နည်းလမ်းဖြင့် ဖွင့်ပြအသိပေး တော်မူပါရန် တောင်းလျှောက်လေ့ရှိပါသည်။ အခန်း (၆) ၌ဖော်ပြသည့်အတိုင်း ကျွန်ုပ်တွေ့မြင်သိရှိရန်လိုအပ်သောအရာတိုင်းကို တွေ့မြင်သိရှိစေပါရန် (ဘုရားသခင်၏ ရှုထောင့်မှ) အမှန်တရားကိုရင်ဆိုင်ရဲသော သတ္တိနှင့် ဖွင့်ပြ အသိပေးတော်မူသောအရာပေါ်၌ ပြုမူလုပ်ဆောင်နိုင်သော ခွန်အားတို့ကိုပေးပါရန် တောင်းလျှောက်ပါသည်။ တစ်ခါတစ်ရံ သခင်ယေရှု၏ နာမတော်ကို အကြိမ်ကြိမ်ရွတ်ဆို လေ့ရှိပါသည်။

အခိုက်အတန့်တစ်ခု၌ မည်သည့်ဆုတောင်းချက်ကို ရွေးချယ်သည်ဖြစ်စေ

တက်ကြွလှုပ်ရှားမှုသည် အတုတုပင်ဖြစ်သည်။ ၎င်းမှာ ကျွန်ုပ်တို့အသက်တာ၌ ကြုံတွေ့နေရသော ဗလာနတ္ထိဖြစ်မှု၊ နာကျင်မှုနှင့် တမ်းတမှုတို့ကို မရှောင်ဘဲ ရင်ဆိုင်ပြီး ဘုရားသခင်အားချဉ်းကပ်ကာ သူ၏မေတ္တာတော်နှင့် လက်ခံတော်မူခြင်းတို့အတွက် ကျွန်ုပ်တို့အား အာမခံချက်ပေးတော်မူပါရန် တောင်းလျှောက်ကြမည်ဖြစ်သည်။ ဟေဗြဲဩဝါဒစာစောင်ရေးသူက ဤသို့တိုက်တွန်းပါသည်။ 'သို့ဖြစ်၍ ကူညီရန် လိုအပ်ချိန်၌ ကရုဏာတော်နှင့် ကျေးဇူးတော်ကို ခံစားခြင်းငှာ ငါတို့သည် ရဲရင့်သောစိတ်နှင့် ကျေးဇူးတော်ရှိရာ ဘုရားသခင်၏ပလ္လင်တော်သို့ တိုးဝင်ချဉ်းကပ်ကြစို့' (ဟေဗြဲ ၄း၁၆)။

## စစ်မှန်သောအရာ

*ဘုရားသခင်၏ကျေးဇူးတော်သည် ပုဂ္ဂိုလ်ရေးအလုံးစုံပြောင်းလဲခြင်းနှင့် တက်ကြွလှုပ်ရှားသော ဝိညာဉ်ရေးခေါင်းဆောင်မှုတို့အတွက် တစ်ခုတည်းဖြစ်သော သေချာသည့်အခြေခံအုတ်မြစ်ကို ဖန်တီးတည်ဆောက်ပေးတော်မူသည်။*

သတင်းကောင်းကို တွေ့ကြုံခံစားခြင်းသည် ရှက်ကြောက်ခြင်းအတွက် အဆိပ်ဖြေဆေး(antidote) ဖြစ်ပြီး ကျွန်ုပ်တို့၏ပုဂ္ဂိုလ်ရေး အလုံးစုံ ပြောင်းလဲခြင်းနှင့် ဝိညာဉ်ရေးခေါင်းဆောင်မှုတို့အတွက် တစ်ခုတည်းဖြစ်ပြီး သေချာသည့်အခြေခံအုတ်မြစ်ဖြစ်သည်။ တမန်တော် ပေါလ်သည် လှောင်ပြောင်ခြင်း၊ ငြင်းပယ်ခြင်း၊ နှိပ်စက်ခြင်းတို့ကိုခံရသော်လည်း ဘုရားသခင်၏ကျေးဇူးတော်နှင့် ထိတွေ့မှုရှိခြင်း၊ ဘုရားသခင်၏ မေတ္တာတော်ပေါ်၌ အကြွင်းမဲ့မှီခိုခြင်းနှင့် သူ့အား ဘုရားသခင်က လက်ခံတော်မူခြင်းတို့ကြောင့် ခေါင်းမော့ပြီး သွားလာနိုင်ကာ လူအများကို ဆွဲဆောင်နိုင်ခဲ့သည်။ မိမိကိုယ်တိုင်၏အမြင်နှင့် တခြားသူတို့၏အမြင်အားဖြင့် မိမိကိုယ်ကိုယ် တည်ဆောက်ခြင်းမဟုတ်။ မိမိကိုယ်ကိုယ် ဂုဏ်ယူဝင့်ကြွားမှု မပြု။ မိမိကိုယ်တိုင်၏ အပြစ်ဒုစရိုက်များပြားမှုကို ကောင်းစွာသိရှိသော်လည်း ရှက်ကြောက်ခြင်းနှင့် စိတ်ပျက်ဝမ်းနည်းခြင်းကို ငြင်းဆန်ခဲ့သည်။ ပေါလ်သည် သူ၏ဝိသေသလက္ခဏာ (identity)နှင့် ကိုယ်ပိုင်ထိုက်တန်မှု (self-worth) တို့ကို သူ့အပေါ် ဘုရားသခင်၏ ကျေးဇူးတော်အမြင်မှ ဆွဲယူသဖြင့် ယုံကြည်စိတ်ချမှုနှင့် ပျော်ရွှင်မှုတို့ကို ရရှိခံစားခဲ့သည်။ ၎င်းသည် ဘုရားသခင်၏ ပြီးပြည့်စုံသော စံထားချက်များနှင့်ထောင့်မှ တစ်ခုတည်းသောအဆင့်မီကောင်းမွန်သည့် ကိုယ်ပိုင်ပုံပန်းသွင်ပြင်အတွက် အခိုင်မာဆုံးအခြေခံဖြစ်သည်။

ပေါလ်က တီမိုသေ(တိမောသေ) သို့ ဤသို့စာရေးခဲ့သည်။ 'ဘုရားသခင်သည် ထိုသတင်းကောင်းကိုကြေညာရန် ငါ့ကို တမန်တော်နှင့် ဆရာအဖြစ် ခန့်ထားတော်မူ၏။ ထိုအကြောင်းကြောင့် ငါသည် ဤဆင်းရဲဒုက္ခများကို

ခံရခြင်းဖြစ်ပေသည်။ သို့ရာတွင် ငါ၌ ယုံကြည်စိတ်ချမှုရှိသေး၏။ အဘယ့်ကြောင့် ဆိုသော် ငါသည် အဘယ်သူကို ကိုးစားသည်ကိုလည်းကောင်း၊ ထိုအရှင်၏ လက်ဝယ် ငါပေးအပ်ထားသောအရာကို ကိုယ်တော်ရှင်သည် တရားစီရင်တော်မူရာ ငါအသေအချာသိသောကြောင့်ဖြစ်၏ (၂ တိ ၁း၁၁-၁၂)။ ရောမမြို့သားယုံကြည်သူ များသို့လည်းပေါလ်က ဤသို့ကြေညာခဲ့သည်။ ''ငါသည် သတင်းကောင်းကို လုံးဝယုံကြည်စိတ်ချ၏။ ထိုသတင်းကောင်းသည် ဦးစွာ ယုဒလူမျိုး၊ ထို့နောက် လူမျိုးခြားတို့တွင် ယုံကြည်သူအပေါင်းတို့အား ကယ်တင်သော ဘုရားသခင်၏ တန်ခိုးတော်ဖြစ်၏။ ဘုရားသခင်သည် လူတို့အား အဘယ်သို့သောနည်းဖြင့် မိမိနှင့် မှန်ကန်စွာဆက်ဆံစေတော်မူသည်ကို သတင်းကောင်းက ပေါ်လွင်ထင် ရှားစေ၏။ ထိုနည်းမှာ အစမှအဆုံးတိုင်အောင် ယုံကြည်ခြင်းအပေါ်တွင် အခြေခံသည့် နည်းဖြစ်၏။ ထို့ကြောင့် ကျမ်းစာတွင် 'ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်နှင့် မှန်ကန်စွာ ဆက်ဆံသူသည် အသက်ရှင်လိမ့်မည်' ဟုလာသတည်း(ရောမ ၁း၁၆-၁၇)။

သူ၏ကြီးမားသော အောင်မြင်မှုများသည် ဖာရိရှဲတို့၏ စံနှုန်းဖြင့် တိုင်းတာပါက သူ့အတွက် သက်ဝင်ယုံကြည်မှု၌ အခြေတည်ပြီး ဖြစ်တည်မှု နည်းအားဖြင့် သိရှိလာခဲ့ရသော သခင်ခရစ်တော်နှင့်နှိုင်းယှဉ်ပါက အဓိပ္ပာယ် မရှိလှဟုပေါလ်က ဖိလိပိမြို့သား ခရစ်ယာန်တို့အား စာရေးရှင်းပြခဲ့သည်။ ဆိုလိုသည်မှာ လူတို့ပြုစုထားသော ဆက်နွယ်မှုဆိုင်ရာ စံချိန်စံညွှန်းများဖြင့် ကြည့်ပါက သူ့၌ကြွားဝါစရာ အမြောက်အမြားရှိသော်လည်း သူတကယ်ဂရုစိုက် သောအရာမှာ ဘုရားသခင် ပေးသနားတော်မူသော ဆုကျေးဇူးဖြစ်သည့် ဝိညာဉ်ရေး အသက်တာသာဖြစ်သည်ဟု ပေါလ်က ဆိုသည်။ သူ၏အသက်တာသည် သခင်ခရစ်တော်၌ သက်ဝင်ယုံကြည်ရာမှရရှိလာသော ဖြောင့်မတ်ခြင်းတရားကြောင့် အလုံးစုံပြောင်းလဲသွားကြောင်း၊ ၎င်းအပြင် သူ၏ သခင်ခရစ်တော်နှင့် အစွမ်းကုန် ဆက်ဆံရာမှ ပြောင်းလဲသွားခြင်းဖြစ်ကြောင်း ပေါလ်က ရှင်းပြသည်။

> ထိုမျှမက ငါ၏အရှင်ခရစ်တော်ယေရှုကို သိကျွမ်းရခြင်းသည် ထိုအရာများနှင့် အရာခပ်သိမ်းတို့ထက် တန်ခိုးရှိသည်ဖြစ် ယင်းတို့ကို ငါ့အား ရှုံးစေသည့်အရာများဟု မှတ်ယူ၏။ ငါသည် ကိုယ်တော်အတွက် ခပ်သိမ်းသောအရာတို့ကို စွန့်ပယ်ခဲ့၏။ ခရစ်တော်ကို အမြတ်ရနိုင်ရန် လည်းကောင်း၊ ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်နိုင်ရန်လည်း ကောင်း ထိုအရာများကို အမှိုက်သရိုက်ကဲ့သို့ ငါထင်မှတ်၏။ ငါသည် ပညတ်တရားကို စောင့်ထိန်းခြင်းအားဖြင့် ဖြောင့်မတ်ခြင်း မရရှိပေ။ ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်သာလျှင် ဖြောင့်မတ်ခြင်းကို ရရှိ၏။ ထိုကဲ့သို့သော ဖြောင့်မတ်ခြင်းသည် ဘုရားသခင်ပေးသနားတော်မူသော

ဖြောင့်မတ်ခြင်းဖြစ် ယုံကြည်ခြင်းအပေါ်တွင် အခြေခံပေ သည်။ ငါသည် ခရစ်တော်ကို သိကျွမ်းခြင်း၊ ထမြောက်ရှင်ပြန်တော်မူ ခြင်း၏တန်ခိုး ကိုခံစားခြင်း၊ ခရင်တော်နှင့်အတူ ဆင်းရဲဒုက္ခခံခြင်း၊ ကိုယ်တော် အသေခံတော်မူခြင်း၌ ပါဝင်ခြင်းတို့ကိုသာလိုချင်တောင့်တ၏။ သို့မှသာ ငါကိုယ်တိုင် သေခြင်းမှ ရှင်ပြန်ထမြောက်ခွင့်ကိုရမည်ဟု မျှော်လင့် နိုင်ပေသည်။ ငါသည် အောင်မြင်မှုကိုရရှိပြီး အပြစ်ဆိုဖွယ် မရှိသူဖြစ်ပြီဟု မဆိုလို။ သို့ရာတွင် ထိုဆုကို ငါ့အားပေးရန်အတွက် ခရစ်တော်ယေရှုသည် ငါ့ကို ဆွဲဆောင်ရရှိတော်မူပြီဖြစ်ရာ ငါသည် ထိုဆုကို ရရှိနိုင်ရန် ကြိုးစားလျက်နေ၏ (ဖိလိပ္ပိ ၃း၈–၁၂)။

ပေါလု၏မျှော်လင့်ခြင်းသည် သခင်ခရစ်တော်အားဖြင့်လည်းကောင်း၊ သူ၏ သက်ဝင်ယုံကြည်မှုအားဖြင့်လည်းကောင်း ဘုရားသခင်က ထည့်သွင်း ပေးတော်မူသော ဖြောင့်မတ်ခြင်းတရားပေါ်တွင် လုံးဝတည်မှီနေခဲ့သည်။ သို့သော် သူ၏ သခင်ခရစ်တော်ကို သိရှိခြင်းသည် ရပ်တန့်ခြင်းမရှိသကဲ့သို့ ပုဂ္ဂိုလ်ရေးမဆန်ခြင်းလည်း မဟုတ်ပေ။ သူ့၌ သခင်ခရစ်တော်အစပြုခဲ့သော ကြီးထွားလာနေသည့် ဆက်ဆံရေးရှိပြီး ၎င်းကို တက်ကြွပြောင်းလဲသော နည်းများအားဖြင့် သူ့အား အလုံးစုံပြောင်းလဲစေခဲ့သည်။

ကျွန်ုပ်တို့အပေါ် ဘုရားသခင်၏ကျေးဇူးတော်အမြင် (၎င်းသည် သက်ဝင်ယုံကြည်မှုအားဖြင့် ကျေးဇူးတော်ကြောင့် ရရှိလာသော ကယ်တင်ခြင်း သတင်းကောင်းဖြစ်သည်) ထဲ၌ ကျွန်ုပ်တို့အနေနှင့် ကျွန်ုပ်တို့၏ဘဝအသက်တာနှင့် ခေါင်းဆောင်မှုအပေါ် တခြားလူတို့ မည်သို့ပင် ႁမြင်ကြစေကာမူ စိုးစဉ်းမျှ မျက်နှာပူခြင်း သို့မဟုတ် အရှက်ရခြင်းဖြစ်စရာ မလိုပေ။ ကျွန်ုပ်တို့၌ အဓိပ ၺာယ်နှင့် ရည်မှန်းချက် အမြဲတစေရှိပါသည်။ လမ်းခရီးတစ်လျှောက် ကျွန်ုပ်တို့ မည်မျှပင် ဒုက္ခဆင်းရဲခံရစေကာမူ နောက်ဆုံးတွင် စိတ်ချလုံခြုံမှုကိုရရှိမည် သာဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၌ အမြစ်တွယ်ထားပြီးဖြစ်သဖြင့် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ကြိုးပမ်းမှုများနှင့် အပြောင်းအလဲမြန်သော ခံစားချက်များ၊ စိတ်နေစိတ်ထားများအပေါ်၌ အားကိုးခြင်းမပြုဘဲ ဘုရားသခင်ပေးသနားတော်မူမည့် အရာများပေါ် မှီခိုအားထားရမည်ဖြစ်သည်။

ဘုရားသခင်၏ ကျေးဇူးတော်ကို ကျွန်ုပ်တို့ ပုဂ္ဂိုလ်ရေးအရ ပိုမိုတွေ့ကြုံခံစားလေ ကျွန်ုပ်တို့၏နှလုံးသားများဖြင့် ဘုရားသခင်ကို ပိုမိုချစ်ခင်ကြရန် ကျွန်ုပ်တို့ ပိုမိုလွတ်လပ်လာလေ ဖြစ်ပေမည်။ ဤအခြေခံမှုကို သခင်ယေရှုက သူ့အား သူမ၏မျက်ရည်များဖြင့် ပူဇော်သောအမျိုးသမီးကို ဥပမာထား ဤသို့မှတ်ချက်ချတော် မူသည်။ "ဤအမျိုးသမီးသည် များစွာသောအပြစ်တို့မှ ပြေလွတ်လေပြီ။ ထိုသို့ပြေလွတ်ကြောင်းကို သူ၏ကြီးမားသော မေတ္တာက

သက်သေခံ၏။ အပြစ်အနည်းငယ်သာ ပြေလွတ်သူမူကား အနည်းငယ်သာလျှင် ချစ်တတ်၏'' (လုကာ ၇း၄၆–၄၇)။ ဘုရားသခင်၏ ကြီးမားလှသော မေတ္တာတော်၊ ကရုဏာတော်နှင့် ကျွန်ုပ်တို့ ပိုမိုထိတွေ့မှုရှိလေ ဘုရားသခင်ကို ကျွန်ုပ်တို့ ပိုမိုချစ်ခင်လာလေဖြစ်ပေမည်။

ဘုရားသခင်၏ကျေးဇူးတော်ကြီးမားခြင်းကို ပုဂ္ဂိုလ်ရေးနည်းဖြင့် ကျွန်ုပ်တို့ထိတွေ့ ခံစားသောအခါ တခြားလူတို့ကိုလည်း သူတို့ရှိသည့်အတိုင်း ပိုမိုလက်ခံလာနိုင် မည်ဖြစ်ပြီး သူတို့အား ကျေးဇူးတော်ကို ပိုမိုပြသနိုင်မည်ဖြစ်သည်။ တစ်ဖက်မှကြည့်လျှင် အကယ် ကျွန်ုပ်တို့သည် ရှက်ကြောက်ခြင်းမှ မလွတ်မြောက်နိုင်သေးဘဲ မိမိတို့ကိုယ်ကိုယ် ကျေနပ်စေလိုမှုကြောင့် လုပ်ဆောင်နေကြဆဲဖြစ်ပါမူ ကျွန်ုပ် တို့နှင့်နီးစပ်သောသူများဖြစ်သည့် လင်မယား၊ သားသမီးများနှင့် ုံးဝန်ထမ်းများကိုလည်း ကောင်းစွာပြုမှုလုပ်ဆောင်ရန် မျှော်လင့်ကြမည်ဖြစ်သည်။ သူတို့အား ကျွန်ုပ်တို့၏ကိုယ်ပွားများအဖြစ် ူမြင်ကာ သူတို့စိတ်ချမ်းသာလျှင် ကျွန်ုပ်တို့လည်း စိတ်ချမ်းသာကြသည်။ ကျွန်ုပ်တို့အနေဖြင့် ဇနီးသည်၊ လင်ယောကျ်ားများ၊ သားသမီးများ၊ လုပ်ဖော်ဆောင်ဖက်များအား မည်ရွေ့မည်မျှ ထိန်းချုပ်ရန် ကြိုးစားကြသည် ကို သိရှိနိုင်မည်မဟုတ်ပေ။ သို့ရာတွင် ကျွန်ုပ်တို့၏ဘဝများ၌ မဖြေရှင်းရသေးသော ရှက်ကြောက်ခြင်းရှိနေဆဲဖြစ်ပြီး သူတို့အား ကျွန်ုပ်တို့၏ ရောင်ပြန်ဟပ်မှုများ (reflections) အဖြစ် ူမြင်ကြပါက ကျွန်ုပ်တို့ အလွန်အကျွံထိန်းချုပ်ခြင်း အမှားကျူးလွန်နိုင်ဖွယ်ရှိပါသည်။ သူတို့အနေဖြင့် ကျွန်ုပ်တို့၏ စံချိန်စံညွှန်းများကို မမှီခဲ့ကြသော် သို့မဟုတ် တခြားလူတို့က သူတို့၏ စံချိန်စံညွှန်းများကို ကျွန်ုပ်တို့အား အတင်းလိုက်နာ ခိုင်းခဲ့ကြသော် ကျွန်ုပ်တို့ မျက်နှာပျက်ခြင်းမှ လွတ်မြောက်နိုင်မည်မဟုတ်ပေ။

အကယ် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ထိုက်တန်မှုအသိတရားကို ဘုရားသခင်၏ မေတ္တာတော်နှင့် ကျေးဇူးတော်ပေါ်၌ တည်မှီစေပါက တပါးလူတို့ကိုလည်း အလားတူ ပြုလုပ်စေနိုင်ပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင်အားရကျေနပ်ဖို့အတွက် တခြားလူတို့အား အလုပ်လုပ်စေရန် ကြိုးပမ်းခြင်းမှ ကျွန်ုပ်တို့ လွတ်မြောက်သွားမည်ဖြစ်သည်။ အကြောင်းမှာ သူတို့၏လုပ်ဆောင်မှုကြောင့်ဖြစ်သည်။ သူတို့ကို သူတို့၏ အရှိအတိုင်းလက်ခံရန် ကျွန်ုပ်တို့ ပိုမိုလွတ်လပ်လာမည်ဖြစ်ပြီး သူတို့ တွေးခေါ်ပြုမူပုံနှင့်ပတ်သက် ကိုယ်ပိုင်ရွေးချယ်မှုများ ပိုမိုပေးနိုင်မည်ဖြစ်သည်။ တခြားလူတို့ပြုမူလုပ်ဆောင်ချက်များကို ကျွန်ုပ်တို့ လက်မခံနိုင်သောအကြိမ်အါမျိုး ရှိနိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ထိုက်တန်မှုကို သူတို့၏ ရွေးချယ်မှုများနှင့် ဆက်စပ်ထား မရပေ။ ကျွန်ုပ်တို့သည် သူတို့နှင့် ပိုမိုကောင်းမွန်ပြီး အပြုသဘော ဆောင်သောဆက်ဆံရေးကို တည်ဆောက်ရန် ပိုမိုလွတ်လပ်လာ မည်ဖြစ်သည်။

ဘုရားသခင်အပေါ် ကျွန်ုပ်တို့၏နက်ရှိုင်းသော မေတ္တာနှင့် အပြစ်ဒုစရိုက်နှင့်

ရှက်ကြောက်ခြင်းတို့မှ ကျွန်ုပ်တို့၏ လွတ်မြောက်ခြင်းတို့သည် ကျွန်ုပ်တို့၏ အမှုတော်ဆောင်လုပ်ငန်းများနှင့် အဖွဲ့အစည်းများ၏ ထိရောက်သော ဝိညာဉ်ရေးခေါင်းဆောင်များအဖြစ် စွမ်းဆောင်နိုင်မှုကို အကြီးအကျယ်ထိခိုက်စေနိုင်ပါ သည်။ ခေါင်းဆောင်မှု၌ ကျွမ်းကျင်မှုအများအပြားလိုအပ်သော်လည်း ကျွန်ုပ်တို့ကိုယ်တိုင်၏ကျေးဇူးတော်နှင့် ထိတွေ့ဆက်ဆံမှုအတွေ့အကြုံနှင့် ထိုကျေးဇူးတော်အကြောင်းကို တခြားလူတို့အား ပြောပြဖော်ထုတ်သည့်စွမ်းရည်တို့သည် ဝိညာဉ်တော် ဦးဆောင်မှု၌ ပိုမိုအရေးကြီးပါသည်။ သတင်းကောင်း၏ အမှန်တရားကို ကိုယ်တိုင်တွေ့ကြုံခံစားခြင်းနှင့် သိရှိနားလည်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏လုပ်ငန်းခွင်၏အရေးပါသော ဝိညာဉ်ရေးပတ်ဝန်းကျင် ဖန်တီးတည်ဆောက်ရေး၌ ထိရောက်သောကူညီပံ့ပိုးသူများဖြစ်လာနိုင်သည်။

ဆိုလိုသည်မှာ ကျေးဇူးတော်၊ ကရုဏာတော်နှင့် ဘုရားသခင်၏လက်ခံတော်မူခြင်းတို့ကို ကျွန်ုပ်တို့ ပိုမိုတွေ့ကြုံခံစားလေ တခြားလူတို့အား ဤဆုကျေးဇူးများကို ပေးကမ်းရန်နှင့် ကျေးဇူးတော်ပတ်ဝန်းကျင် တည်ဆောက်မြှင့်တင်ရန်တို့အတွက် ကျွန်ုပ်တို့ ပိုမိုပြင်ဆင်ခွင့် ရရှိလေဖြစ်ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ကိုယ်ပိုင်ထိုက်တန်မှုသည် ဘုရားသခင်၏မေတ္တာတော်နှင့် ခွင့်လွှတ်တော်မူခြင်းတို့အပေါ်တွင် အခြေခံသည်ဟူသော ခံယူချက်ပိုမိုပြင်းပြလေ ကျွန်ုပ်တို့၏ လုပ်ဖော်ဆောင်ဖက်များ၊ ဖောက်သည်များနှင့် အသင်းသားများအပေါ် အကဲဖြတ်ဆုံးဖြတ်မှုနှင့် အပေါ်စီး ဆက်ဆံမှုမပြုဘဲ ပိုမိုတန်ဖိုးထားတတ်လာလေဖြစ်ပေမည်။ ကျွန်ုပ်တို့ထံမှ တခြားလူတို့ကလည်း ကျေးဇူးတော်ကို တွေ့ကြုံခံစားလာရသောအခါ သူတို့၌ ပိုမိုပျော်ရွှင်မှုနှင့် ဘုရားသခင်၏ကောင်းမြတ်ခြင်း၌ ပိုမိုစိတ်ချယုံကြည်လာကြ မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ကျေးဇူးတော်ခံစားခြင်းအတွေ့အကြုံကို တွေ့မြင်သိရှိ လာကြသောအခါ သူတို့ကလည်း ကျေးဇူးတော်အကြောင်းကို တခြားလူတို့ထံ ပေးကမ်းမျှဝေချင်သောစိတ် ပိုမိုပေါက်ဖွားလာမည်ဖြစ်သည်။

ခေါင်းဆောင်များအတွက် ကျေးဇူးတော်နှင့်ပြည့်စုံသော ခေါင်းဆောင်မှုဟူသည် လုပ်ဆောင်မှုစွမ်းရည်ဆိုင်ရာ စံချိန်စံညွှန်းများကို လျှော့ချပေးခြင်း သို့မဟုတ် ရလဒ်များရရှိရေးဦးစားပေးမှုကို လျှော့ချပေးခြင်း မဟုတ်ကြောင်း မမေ့ရန်လိုပါသည်။ ၎င်းအစား ကျေးဇူးတော်ဟူသည် ဘုရားသခင်၏မွန်မြတ်သော ဖန်ဆင်းခံ ပုဂ္ဂိုလ်၏ထိုက်တန်မှုကို အတည်ပြုလက်ခံခြင်း၊ သခင်ခရစ်တော်အားဖြင့် အချစ်ခံရခြင်းနှင့် ကယ်တင်ခြင်းခံရခြင်းတို့ကို အသိအမှတ်ပြုခြင်းဖြစ်သည်။ သို့ဖြစ် သူ၊ သူမ၏ ကျွမ်းကျင်မှုအဆင့်အတန်း၊ အသိဉာဏ်ထက်မြက်မှု၊ နည်းစနစ်များ၊ ပိုရှည်အခြေအနေနှင့် ပုဂ္ဂိုလ်ရေးဟန်ပန်များသည် အရေးမကြီးကြပေ။ လူတို့အားအရှက်ခွဲခြင်း သို့မဟုတ် တန်ဖိုးမဲ့စွာနှင့်

အရေးမပါသော ပုဂ္ဂိုလ်များအဖြစ် ဆက်ဆံခြင်း၊ အခြားကိစ ရပ်များနှင့် ဆက်စပ်ပြီးဆက်ဆံခြင်းစသည်တို့မှ ကျေးဇူးတော်က ကျွန်ုပ်တို့အား ထိန်းချုပ်လမ်းညွှန်သွားမည်ဖြစ်သည်။ ကျေးဇူးတော်သည် ကျွန်ုပ်တို့ကိုယ်တိုင် အချစ်ခံရသကဲ့သို့ တခြားလူတို့ကိုလည်း ချစ်ခြင်းမေတ္တာထားခြင်းနှင့်ဆိုင်ပါသည်။

## အကူအညီယူပါ

ဘုရားသခင်၏ကျေးဇူးတော်ကို ကျွန်ုပ်တို့ကိုယ်တိုင် တွေ့ကြုံခံစားရေးနှင့် ကျေးဇူးတော်ခံစားသော ဝိညာဉ်ရေးခေါင်းဆောင်ဖြစ်ရေး၌ ကျွန်ုပ်တို့၏ အကောင်းဆုံး အကူအညီသည် ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ဆက်ဆံရေးကို နောက်ခံပြု ဘုရားသခင်ထံမှလာသော အတွေ့အကြုံဖြစ်သည်။ ကျွန်ုပ်တို့ ကိုယ်တိုင်၏အစွမ်းအစ သို့မဟုတ် အင်အားဖြင့် ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ဆက်စပ်သောအတွေ့ အကြုံကို ဖန်တီးနိုင်မည်မဟုတ်ပေ။ အကြောင်းမှာ ၎င်းသည် ဘုရားသခင် ရွေးချယ်တော်မူသောအချိန်၌ ဘုရားသခင် ထံတော်ပါးမှ လာသော အရာဖြစ်ပြီး ကျွန်ုပ်တို့၏ အသိတရားအဆင်သင့်ဖြစ်မှု သို့မဟုတ် မဖြစ်မှုနှင့် ဆက်စပ်ခြင်း မရှိသောကြောင့်ဖြစ်သည်။ တစ်ခါတစ်ရံ ဘုရားသခင်သည် ကျွန်ုပ်တို့အား လုံးဝအံ့အားသင့်စေတော် မူလေ့ရှိသည်။ ကျွန်ုပ်တို့ လုံးဝမမျှော်လင့် သောအချိန်တွင် ကျွန်ုပ်တို့၏ အသက်တာ၌ ဝင်ရောက်တို့ထိတော်မူပြီး ကျွန်ုပ်တို့အား မျက်ရည်စက်လက်နှင့်ဖြစ်စေ သို့မဟုတ် ပျော်ရွှင်မှုအပြည့်နှင့်ဖြစ်စေ အံ့အားသင့်စေတော်မူသည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့အား တစ်နည်းနည်းဖြင့် အသိပေးဖော်ပြတော်မူပါရန် သို့မဟုတ် ကူညီမစတော်မူပါရန် နှစ်နှင့်ချီပြီး တောင်းလျှောက်ကြသော်လည်း တိတ်ဆိတ်မှုကိုသာ ကျွန်ုပ်တို့ ကြုံတွေ့ခဲ့ရသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား သူ၏ကျေးဇူးတော်နှင့် မေတ္တာတော်အားဖြင့် မည်သည့်အချိန်တွင် မည်သည့်နည်းဖြင့် တို့ထိဆက်ဆံတော်မူမည်ကို ကျွန်ုပ်တို့ ထိန်းချုပ်ဖို့နေနေသာသာ သိတောင်သိနိုင်ကြမည်မဟုတ်ပေ။ ထို့အတူ ကျွန်ုပ်တို့၏ခေါင်းဆောင်မှုအားဖြင့် တခြားလူတို့အပေါ်၌လည်း အတူတူပင်ဖြစ်သည်။

သို့ပင်ဖြစ်သော်ငြားလည်း ဟီးဘ႑ူး(ဟေဗြဲ) ကျမ်းပြုစုသူက ဘုရားသခင်ကို ယုံကြည်မှုအပြည့်ဖြင့် စိတ်အားထက်သန်စွာ တောင်းလျှောက်ပါက ဘုရားသခင် ၏ ကောင်းချီးမင်္ဂလာများကို ပိုမိုရရှိခံစားကြရမည်ဟုဆိုသည်။ ''ယုံကြည်ခြင်း မရှိသောသူသည် ဘုရားသခင်၏စိတ်တော်နှင့် မတွေ့နိုင်ရာ။ အဘယ့်ကြောင့် ဆိုသော် ဘုရားသခင်ထံတော်သို့ ချဉ်းကပ်သူသည် ကိုယ်တော်ရှိတော်မူကြောင်း ကိုလည်းကောင်း၊ ကိုယ်တော်သည် မိမိကိုရှာသောသူအား အကျိုးပေးတော်မူ ကြောင်းကိုလည်းကောင်း ယုံကြည်ရမည်ဖြစ်သောကြောင့်တည်း (ဟေဗြဲ ၁၁း၆)။ ဘုရားသခင် စိတ်တော်ကို တို့ထိတော်မူသော သက်ဝင်ယုံကြည်မှုနှင့် ဘုရားသခင် က ဆုလဒ်တော်ပေးတော်မူသောအရာသည် ဘုရားသခင်ကို နှလုံးသား၊ စိတ်နှင့်

အပြုအမူတို့အားဖြင့် ရှာဖွေစေသောအရာသည် မျှော်လင့်စောင့်စားခြင်း (expectancy) ပင်ဖြစ်သည်။

ထို့အပြင် ဘုရားသခင်အား ပိုမိုသိရှိစေတော်မူစေရန် ပိုမိုနားလည်သဘောပေါက်စေရန်နှင့် ပိုမိုထိတွေ့ခံစားနိုင်စေရန်အတွက် ကျွန်ုပ်တို့အား ဘုရားသခင်ပေးသနားတော်မူသော သန့်ရှင်းသောဝိညာဉ်တော်နှင့် အသိတရားနှင့်ယှဉ်သောဆက်ဆံရေးကို ကျွန်ုပ်တို့ ပျိုးထောင် တည်ဆောက်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်၏တို့ထိခြင်း၊ တိုက်တွန်းခြင်း၊ အားပေးခြင်းခံယူစေခြင်းနှင့် ဩဇာလွှမ်းမိုးခြင်းတို့ကို ဘုရားသခင်ပေးပို့တော်မူသော ဒေသနာတော်များကို လက်ခံခြင်းနှင့် ၎င်းတို့ကိုပြုမူလုပ်ဆောင်ခြင်းအားဖြင့် တုံ့ပြန်နိုင်ပါသည်။ ကျွန်ုပ်တို့အထဲ၌ သန့်ရှင်းသောဝိညာဉ်တော်၏ ပြုမူလုပ်ဆောင်တော်မူခြင်းများကို တမန်တော်ပေါလ်က သန့်ရှင်းသော ဝိညာဉ်တော်၏ အသီးအပွင့်များအဖြစ် ဖော်ပြထားသော ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်သည်းခံခြင်း၊ သနားကြင်နာခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ မိမိကိုယ်ကိုယ် ချုပ်တည်းခြင်းတည်းဟူသော စရိုက်လက္ခဏာများအားဖြင့် ကျွန်ုပ်တို့ သိရှိနိုင်ပါသည် (ဂလာတိ ၅း၂၂–၂၃)။ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ဘုရားသခင်၏တိုက်တွန်းနှိုးဆော်မှုကို ကျွန်ုပ်တို့လက်ခံပြီး ိုးသားဖြောင့်မတ်ခြင်း၊ ဘုရားဝတ်၌ မွေ့လျော်ခြင်း၊ အကျင့်သီလကောင်းခြင်းတို့ပါဝင်သော တန်ဖိုးတရားများနှင့်အညီဖြစ်သည့် အလုံးစုံပြောင်းလဲခြင်းကို ကျွန်ုပ်တို့ ကြုံတွေ့ခံစားနိုင်မည်ဖြစ်သည် (တိတု ၂း၁၁–၁၄)။

တက်ကြွလှုပ်ရှားမှုသဘာဝရှိသော ခရစ်ယာန်အသက်တာကို ပေါလ်က သန့်ရှင်းသော ဝိညာဉ်တော်နှင့်အတူ နေထိုင်ခြင်းအဖြစ် အနှစ်ချုပ်ပြောကြားခဲ့သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏အသီးအပွင့်များနှင့် ဝိညာဉ်တော်၏ဦးဆောင်မှုကို ကာလအတန်ကြာ တွေ့ကြုံဆက်ဆံမှုပိုမိုရရှိလေ ကျွန်ုပ်တို့ တောင့်တသော အလျှံပယ်ကြွယ်ဝသောအသက်တာကို ကျွန်ုပ်တို့ ပိုမိုကြုံတွေ့ခံစားလေဖြစ်ပေ မည်။ ၎င်းကို တစ်နေရာတွင် တမန်တော်ပေါလ်က ''အသက်ရှင်ခြင်းနှင့် ငြိမ်သက်ခြင်း''ဟု ဖော်ပြခဲ့သည်။

> လူ့ဇာတိသဘော၏စေခိုင်းမှုအရ အသက်ရှင်သူတို့သည် လူ့ဇာတိသဘောနှင့်ဆိုင်သောအရာများကိုသာ စိတ်စွဲလမ်းကြ၏။ သို့ရာတွင် ဝိညာဉ်တော်၏ညွှန်ကြားချက်အရ အသက်ရှင်သူတို့မူကား ဝိညာဉ် တော်အလိုရှိသောအရာများကို စိတ်စွဲလမ်းကြ၏။ ဇာတိသဘောနှင့်ဆိုင်သောအရာများကို စိတ်စွဲလမ်းသူသည် အသက်သေလိမ့်မည်။ ဝိညာဉ်တော်နှင့်ဆိုင်သောအရာများကို စိတ်စွဲလမ်းသူကား အသက်ရှင်သန် ငြိမ်သက်ခြင်းကို ရရှိလိမ့်မည် (ရောမ ၈း၅–၆)။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဘုန်းတန်ခိုးအကြီးဆုံးနှင့် အကူအညီတော်ကို အသန်မာဆုံးအချိန်၌မဟုတ်ဘဲ အားအနည်းဆုံးအချိန်၌ တွေ့ကြုံခံစားလေ့ရှိသည်ကို သတိရရန်လိုမည်ဖြစ်သည်။ ပြီးခဲ့သောအခန်း၌ ဆွေးနွေးခဲ့သည့်အတိုင်း ကျွန်ုပ်တို့၏အသက်တာနှင့် ခေါင်းဆောင်မှု၌ စိတ်ပျက်မှုများ၊ ဝမ်းနည်းကြေကွဲမှုများ၊ စိန်ခေါ်မှုများ အမြောက်အမြားကို တွေ့ကြုံခဲ့ရသည်။ အချို့အချိန်များ၌ ကျွန်ုပ်၏မပြည့်စုံမှုများနှင့် ဆုံးရှုံးမှုများကြောင့် စိတ်ပူပ်ခဲ့ရပြီး ကျွန်ုပ်မျှော်လင့်ခဲ့သောအကျိုးရလဒ်များ မတွေ့ခဲ့ရသဖြင့် စိတ်ပျက်ခဲ့ရပါသည်။ သို့သော် ကျွန်ုပ်တို့၏ ဒုန်းကန်လှုပ်ရှားမှုများက ကျွန်ုပ် မထင်မှတ်သော နည်းလမ်းများဖြင့် ဘုရားသခင်ကို အကူအညီတောင်းရန် သတိပေးခဲ့ကြသည်။ ဘုရားသခင်၏ မေတ္တာတော်နှင့် ကျေးဇူးတော်ကို ကျွန်ုပ် ပိုမိုနက်ရှိုင်းသော နည်းလမ်းများဖြင့် တို့ထိခံစားလာခဲ့ရပြီး ဘုရားသခင်ကို ကျွန်ုပ်တို့မျှော်ကြည့်သောအခါ ကျွန်ုပ်တို့ ကြိုတင်စီစဉ်ထားနိုင်ခြင်းမရှိသော နည်းလမ်းများအားဖြင့် ကျောင်းချီးမင်္ဂလာ ခံစားလာရပါသည်။ ခေါင်းဆောင်တစ်ဦးအနေဖြင့် ကိုယ်ပိုင်ဉာဏ်၊ တီထွင်ဖန်တီးမှု၊ အလုပ်ကြိုးစားမှုတို့ကြောင့်ရရှိလာသော အောင်မြင်မှုများပေါ် ဂုဏ်ယူတတ်သည့်အကျင့်ရှိသော်လည်း ၎င်းထက် ပိုမိုအရေးကြီးသည်မှာ ကျွန်ုပ်အထဲ၌ ဘုရားသခင်၏အလုပ်လုပ်တော်မူမှု၊ လုပ်ဖော်ဆောင်ဖက်များနှင့် ကျွန်ုပ်၏ခေါင်းဆောင်မှုကြောင့် အကျိုးကျေးဇူးခံစားသူများဖြစ်ကြောင်း အတွေ့အကြုံအရ သိခဲ့ရသည်။

ကျွန်ုပ်တို့၏ ဒုန်းကန်လှုပ်ရှားမှုများ၊ အကန့်အသတ်များနှင့် နာကျင်ဖွယ်အတွေ့အကြုံများသည် ကျွန်ုပ်တို့အား ဘုရားသခင်ကို ပိုမိုမှီခိုအားထားရာသို့ ပို့ဆောင်ပေးသော ယာဉ်များဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့၏ဦးဆောင်မှု၌ ဘုရားသခင်ထံတော်ပါးမှ အကြွယ်ဝဆုံးသော ကောင်းချီးမင်္ဂလာများနှင့် အကြီးမားဆုံးသောအသီးအပွင့်များကို ကျွန်ုပ်တို့ကြုံတွေ့နိုင်ပါသည်။ တမန်တော်ပေါလ်သည် သူ၏အမှုတော်ဆောင် လုပ်ငန်း၌ သူ၏အသကန့်အသတ်များနှင့် အခက်ခဲဆုံးအခိုက်အတန့်များအတွင်း ဘုရားသခင်သည် သူ၏အထဲ၌လည်းကောင်း၊ သူ့အားဖြင့်လည်းကောင်း အလုပ်လုပ်တော်မူသည်ကို တွေ့ကြုံခံစားခဲ့သည့်အတိုင်း ဝမ်းသားစွာဖော်ပြခဲ့သည်။ ဘုရားသခင်အား ကျွန်ုပ်တို့မှီခိုအားထားသောအခါ ဘုရားသခင်က အကောင်းဆုံး လုပ်ဆောင်တော်မူသည်ဟု ပေါလ်ထံ အသိပေးဖော်ပြသည်ကို သူကပြောပြသည်။ ပေါလ်က ဤသို့ရေးခဲ့သည်။

> သို့ဖြစ် ငါသည်ခရစ်တော်၏ တန်ဖိုးတော်တွင် ခိုလှုံနိုင်ရန် ငါ၏အားနည်းချက်များကြောင့် အထူးဝမ်းမြောက်လျက် ဂုဏ်ယူဝါကြွား၏။ ငါသည် အားနည်းသောအခါ၌ တန်ခိုးနှင့်ပြည့်စုံလျက်ရှိသဖြင့် ခရစ်တော်အတွက်ကြောင့် အားနည်းခြင်း၊ စော်ကားခံခြင်း၊ ဆင်းရဲခြင်း၊ နှိပ်စက်ညှဉ်းဆဲခြင်းနှင့် အနှောင့်အယှက်တို့ကိုခံနေရစဉ် ရောင့်ရဲ

တင်းတိမ်မှုရှိ၏ (၂ ကော ၁၂း၉–၁၀)။

ကျွန်ုပ်တို့အများစုသည် ကျွန်ုပ်တို့၏ မာနနှင့်အတ ကိုစွန့်လွှတ်ရန် အခက်အခဲတွေ့နေကြပါသည်။ သို့သော်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့ အနေဖြင့် မရေရာမှု၊ အားနည်းချက်များ၊ ဆုံးရှုံးမှုများကြုံတွေ့ရသော အချိန်များတွင် ကျွန်ုပ်တို့အတွက် မျှော်လင့်ချက်များကို အမြဲမပြတ် ပေးသနားတော်မူပါသည်။ ယင်းသည်ပင်လျှင် ကျေးဇူးတော်၏ အနှစ်သာရ ဖြစ်တော့သည်။ ကျွန်ုပ်တို့ လိုအပ်သောအချိန်တွင် ဘုရားသခင်၏ကရုဏာတော်နှင့် ကူညီမစတော်မူခြင်းတို့သည် ကျွန်ုပ်တို့၌ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် မည်သို့ရှိစေကာမူ ကျွန်ုပ်တို့အားဖြင့် အလုပ်လုပ်တော်မူသည်ကို ပြသပါသည်။

ကျွန်ုပ်တို့ စိုးရိမ်သကဲ့သို့ ဘုရားသခင်အပေါ် မှီခိုခြင်းက ကျွန်ုပ်တို့အား သေးသိမ်စေခြင်းမရှိပေ။ ထိုသို့နေနေသာသာ ကျွန်ုပ်တို့အားဖြင့် ဘုရားသခင် အလုပ်လုပ်တော်မူပါရန် သူ့အား အပြည့်အဝယုံကြည်အပ်နှံပါက ကျွန်ုပ်တို့အားပေး သနားတော်မူသော ဆုကျေးဇူးများကို ပိုမိုလွတ်လပ်စွာ သုံးစွဲနိုင်ကြမည်ဖြစ်ပြီး ယင်းကြောင့် ပိုမိုအောင်မြင်သော အမှုတော်ဆောင်လုပ်ငန်း၏ အကျိုးရလဒ်များကို တွေ့ရမည်ဖြစ်သည်။ ဘုရားသခင်အတွက် ဘုန်းအသရေတော်ကို ကျွန်ုပ်တို့ ပိုမိုဆောင်ပေးလာလေ၊ ကျွန်ုပ်တို့အားဖြင့် ဘုရားသခင်၏ဘုန်းအသရေတော် ပိုမိုထွန်းလင်းတောက်ပလာလေဖြစ်ပြီး ကျွန်ုပ်တို့၏ မိုက်မဲသိမ်ဖျင်းသောမာနနှင့် အတ ကို ပိုမိုစွန့်လွှတ်နိုင်လေဖြစ်ပေမည်။ ကျွန်ုပ်တို့၏ စစ်မှန်သောအလုပ်တာဝန်မှ အာရုံလွှဲစေနိုင်သည့် တခြားလူတို့အမြင်၌အောင်မြင်သူ သို့မဟုတ် လူကောင်း အခေါ်ခံလိုခြင်း သို့မဟုတ် မမှန်သောနည်းလမ်းများဖြင့် မိမိကိုယ်ကိုယ် ကျေနပ် နှစ်သိမ့်မှုပေးခြင်းတို့ကို ပိုမိုစွန့်လွှတ်နိုင်မည်ဖြစ်သည်။ သို့ဖြစ် အကျိုးရှိသော ခေါင်းဆောင်မှုနှင့် အမှုတော်ဆောင်လုပ်ငန်းအတွက် ဘုရားသခင်၏ ဝိညာဉ်တော်၌ မိမိအသက်တာကိုအပ်နှံပြီး ဘုရားသခင်၏ကျေးဇူးတော်၌ ခိုလှုံကိုးစားပါက ဘုရာသခင်၏ဘုန်းအသရေတော် ပိုမိုတောက်ပလာသည့်အပြင် ကျွန်ုပ်တို့ အတွက်လည်း ပိုမိုအသိအမှတ်ပြုခံရခြင်းနှင့် အောင်မြင်မှုပိုမို ရရှိလာမည်ဖြစသ်ည်။

အကျဉ်းအားဖြင့် ကျေးဇူးတော်ခံစားသော ဝိညာဉ်ရေးခေါင်းဆောင်များ ဖြစ်လာရန်အတွက် ဘုရားသခင်၏မေတ္တာတော်နှင့် ကျေးဇူးတော်တွေ့ကြုံခံစားရေး၌ ကျွန်ုပ်တို့အတွက် အကောင်းဆုံးအကူအညီပေးမည့်သူမှာ ဘုရားသခင်ဖြစ်သည်။ ကျွန်ုပ်တို့လုပ်ရမည့်ကဏ္ဍမှာ ကျွန်ုပ်တို့က ဘုရားသခင်အား ကျိုးနွံစွာတောင်း လျှောက်ရန်ဖြစ်ပြီး ဘုရားသခင်ဘက်မှ သန့်ရှင်းသောဝိညာဉ်တော်အား ကျွန်ုပ် တို့အား ပေးသနားတော်မူမည်ဖြစ်ည်။ သန့်ရှင်းသောဝိညာဉ်တော်နှင့်အတူ နေထိုင်တတ်ရန် ပိုမိုသိရှိလာရေးအတွက် ပိုမိုနက်ရှိုင်းသော ဝိညာဉ်ရေးအသက်တာ၊ ဝိညာဉ်ရေးကျင့်ဝတ်စည်းမျဉ်းများ လက်တွေ့ကျင့်ကြံခြင်း၊ ဘုရားသခင်၏ရည်မှန်း

ချက်များနှင့် တစ်ပြေးညီကြိုးစားခြင်း၊ လုပ်ငန်းခွင်၌ အသက်ဝင်သော ဝိညာဉ်ရေး ပတ်ဝန်းကျင်ဖန်တီးခြင်း၊ ပြောင်းလဲခြင်းအတွက် ဝိညာဉ်တော်၏တိုက်တွန်းနှိုး ဆော်တော်မူခြင်းကို နာခံခြင်း၊ အချင်းချင်းအကြား ဘုရားသခင်၏အသံတော်ကို နားထောင်ခြင်း၊ ဘုရားသခင်၏လမ်းညွှန်တော်မူချက်အား ယုံကြည်လိုက်နာခြင်း၊ ကျွန်ုပ်တို့အား အလုံးစုံပြောင်းလဲရန် ဘုရားသခင်၏ကျေးဇူးတော်အား ခွင့်ပြုခြင်း စသည်တို့ကိုလုပ်ဆောင်ပါက ကျွန်ုပ်တို့၏ အသက်တာနှင့် ခေါင်းဆောင်မှုသည် ဝိညာဉ်တော်ဖြင့် ပြည့်ဝသောအသက်တာနှင့် ဦးဆောင်မှုဖြစ်လာပေမည်။

## စဉ်းစားစရာအချို့

ခေါင်းဆောင်များအတွက် ကျွန်ုပ်တို့၏စိတ်ဝိညာဉ်(Soul) သည် ကျွန်ုပ်တို့၏ ဖြစ်တည်မှုဘဝ၏အမွန်မြတ်ဆုံးအစိတ်အပိုင်းဖြစ်သည်။ ကျွန်ုပ်တို့ မည်သူမည်ဝါ ဖြစ်ခြင်း၌ ဆက်တိုက်ပြုစုပျိုးထောင်ခြင်း (nurture) နှင့် အာရုံစိုက်ခြင်း (attention) တို့လိုအပ်ပါသည်။ ကျွန်ုပ်တို့ မည်သူမည်ဝါဖြစ်သည်၊ ဘုရာသခင်နှင့် မည်သို့သောဆက်ဆံမှုရှိသည်၊ ဘာကို စဉ်းစားသည်၊ မိမိကိုယ်ကိုယ် အဘယ်သို့ ခံစားသည်၊ လောကကြီး၌ ကျွန်ုပ်တို့၏အသက်တာနှင့် ခေါင်းဆောင်မှု ကို မည်သို့စီမံခန့်ခွဲသည် စသည့်လှုပ်ရှားမှုဟူသမျှသည် ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်မှ စတင်ပေါက်ဖွားလာကြသည်။ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေး ပိုမိုအသက်ဝင်လာလေ ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်သည်လည်း ပိုမိုကျန်းမာသန်စွမ်း လာလောဖြစ်ပြီး ဘုရားသခင်ဖြစ်စေတော်မူလိုသည့်အတိုင်း ပိုမိုကောင်းမွန်သော ဝိညာဉ်ရေးခေါင်းဆောင်များ ဖြစ်လာလေဖြစ်ပေမည်။

ဤစာအုပ်ကို သင် မပိတ်မီ ပြန်လည်သုံးသပ်အကဲဖြတ်ခြင်းနှင့် ဆုတောင်းခြင်းအတွက် ခဏမျှအချိန်ယူပါရန် သင့်အား ကျွန်ုပ် တိုက်တွန်း လိုပါသည်။ သင်၏ နေ့စဉ်မှတ်တမ်း၌ ရေးမှတ်ခြင်းဖြင့် သင် အစပြုနိုင်ပါသည်။ ထို့နောက် တစ်ဦးတည်းဖြစ်စေ သို့မဟုတ် သင်၏ခေါင်းဆောင်မှုအသင်းနှင့်ဖြစ်စေ ဆုတောင်းပါ။ သင့်အသက်တာနှင့် ခေါင်းဆောင်မှုအတွင် ဘုရားသခင် အစပြုတော်မူခဲ့သော အမှုတော်ကို ဆက်လုပ်ဆောင်တော်မူရေးအတွက် ဆုတောင်းပါ။

အချိန်အခိုက်အတန့်တစ်ခု၏ တိတ်ဆိတ်ငြိမ်သက်မှုအတွင်း သင်၏စိတ်နှင့် နှလုံးသားကိုဖွင့်ပြီး ဘုရားသခင်ထံ ဆုတောင်းပါ။ ဤစာအုပ်ကို ဖတ်ရှုခြင်းနှင့် သုံးသပ်ခြင်းပြုရာမှ ဘုရားသခင်က သင့်အား အမြင်ဖွင့် အသိပေးတော်မူ သမျှအတွက် သူ့အား ကျေးဇူးတင်ပါ။ သင်၏ဝိညာဉ်ရေးအသက်တာကို ပိုမိုကြွယ်ဝနက်ရှိုင်းစေမည့် နက်ရှိုင်းသိများ(insights) အတွက် ကျေးဇူးစကားဆိုပါ။

သင်၏အသက်တာဘဝနှင့် ခေါင်းဆောင်မှု၌ ခက်ခဲကြပ်တည်းသောကာလများ၌ဖြစ်စေ၊ သက်တောင့်သက်သာရှိသော ကာလများ၌ဖြစ်စေ ဘုရားသခင်၏ကျေးဇူးတော်၊ ကရုဏာတော်နှင့် အမှုတော်တို့အားဖြင့် အလုပ်လုပ်တော်မူခြင်းအတွက် ဘုရားသခင်အား ကျေးဇူးတင်စကားဆိုပါ။

ယုံကြည်စိတ်ချက်မှုအတွက်လည်းကောင်း၊ ဘုရားသခင်သည် သင်၏မိတ်ဆွေဖြစ်ကြောင်း နှလုံးသားဖြင့် ယုံကြည်နိုင်ရန်အတွက်လည်းကောင်း၊ သင့်အတွက် အကောင်းဆုံးအကျိုးစီးပွားများကို သိရှိတော်မူရေးအတွက်လည်းကောင်း၊ သင်၏အသက်တာထဲ၌ တည်ရှိနေတော်မူပြီး တက်ကြွလှုပ်ရှားတော်မူရေးအတွက် လည်းကောင်း ဘုရားသခင်အား တောင်းလျှောက်တော်မူပါ။ သင် တွေ့မြင်သိရှိရန် လိုအပ်သောအရာများကို တွေ့မြင်သိရှိနိုင်ရေးအတွက်လည်းကောင်း၊ အမှန်တရားကို ရင်ဆိုင်နိုင်ရေးအတွက် သတိရှိရန်လည်းကောင်း၊ ဘုရားသခင် အသိပေးတော်မူချက်အပေါ် ပြုမူလုပ်ဆောင်နိုင်ရန် ခွန်အားပေးရေးအတွက်လည်းကောင်း ဘုရားသခင်အား တောင်းလျှောက် အသနားခံတော်မူပါ။

ထိရောက်သော ဝိညာဉ်တော်ဦးဆောင်သည့် ခေါင်းဆောင်တစ်ဦးဖြစ်ရေးအတွက် လည်းကောင်း၊ သင်၏ ဝိညာဉ်ရေးအသက်တာနှင့် ခေါင်းဆောင်မှုတို့ကို ပေါင်းစည်းနိုင်သော သင်၏စွမ်းရည်အား ပိုမိုတိုးပွားစေရေးအတွက် လည်းကောင်း၊ သင်၏ ဝိညာဉ်အသက်တာကို ပိုမိုနက်ရှိုင်းစေရေးအတွက်လည်းကောင်း သင်၏ဆုတောင်းချက်အပေါ် ''ကိုယ်တော်ရှင်သခင်ယေရှုခရစ်တော်၏ ကျေးဇူးတော်၊ ဘုရားသခင်၏မေတ္တာတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ မိတ်သဟာယဖွဲ့ခြင်းတို့သည် သင့်အပေါ်၌ အစဉ်အမြဲတည်ရှိပါစေသော''၂

# နောက်ဆက်တွဲ (၁)

## Lectio Divina: Divine Reading of Scripture
## မွန်မြတ်သော ကျမ်းစာဖတ်ခြင်း

၃၀–၆၀ မိနစ်အဖွဲ့စက်ရှင်

၆ မိနစ် – တိတ်ဆိတ်သော ဆုတောင်းခြင်းနှင့် ပြင်ဆင်မှုပြုခြင်း

၈ မိနစ် – ပထမကျမ်းချက်ဖတ်နေစဉ်အတွင်း အစုအဖွဲ့ဝင်များအနေဖြင့် သူတို့နားထဲဝင်လာသော စကားလုံး သို့မဟုတ် အယူအဆကိုဖမ်းမိရန် ကြိုးစားပါ။ ထို့နောက် ထို 'စကားလုံး'ကို အချင်းချင်းဝေမျှကြသည်။ ကောက်ချက် သို့မဟုတ် ဆွေးနွေးချက် မပါရပေ။

၈ မိနစ် – ဒုတိယကျမ်းချက်ဖတ်နေစဉ် နားထောင်သူတို့အနေဖြင့် စိတ်ကူးဖြင့် အကြောင်းအရာကို နားထောင်ကြသည်။ ကျမ်းချက်ပါ စကားလုံးများသည် သူတို့ ရှေ့တွင် ဖြစ်ပျက်နေသကဲ့သို့ စိတ်ကူးဖြင့် နားထောင်ကြရသည်။ တစ်ဖန်ခေတ မျှ စမြုံ့ပြန်သုံးသပ်မှုပြုပြီးနောက် အစုအဖွဲ့ဝင်များအနေဖြင့် သူတို့၏အတွေ့အကြုံများကို ခဏမျှ အချင်းချင်းမျှဝေကြပါသည်။

၈ မိနစ် – တတိယကျမ်းချက်ဖတ်နေစဉ် ပါဝင်သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်က ကျမ်းချက်အားဖြင့် သူတို့၏ လက်ရှိ အသက်တာအကြောင်း ပြောကြားတော်မူသည်ကို နားထောင်ကြသည်။ အစုအဖွဲ့ဝင်များအနေဖြင့် ခဏမျှဆိတ် ငြိမ်စွာနေပြီးနောက် မိမိအစီအစဉ်ဖြင့် ဆုတောင်းနိုင်ကြပါသည်။

မိနစ် ၂၀ – ပါဝင်သူတို့သည် မိနစ် ၂၀ ကြာမျှ တိတ်ဆိတ်စွာထိုင်ပြီး တွေးတောကြံဆနိုင်ပါသည်။

၁၀ မိနစ် – ကျမ်းချက်နှင့် အစုအဖွဲ့ဝင်တို့၏ အတွေ့အကြုံများအပေါ် အဖွဲ့၏ ပွင့်လင်းသော ဆွေးနွေးမှုဖြင့် ဤစက်ရှင်ကို နိဂုံးချုပ်လိုက်ပြီး ဆုတောင်းခြင်းဖြင့် အဆုံးသတ်လိုက်သည်။

နောက်ဆုံးအပိုင်းနှစ်ခုကို မွန်မြတ်သော ကျမ်းစာဖတ်ခြင်းအတွက် အချိန်ပေးသည့်အနေဖြင့် ချန်ထားပါသည်။

# နောက်ဆက်တွဲ (၂)

## ဝိညာဉ်တော်ဦးဆောင်သောခေါင်းဆောင်
ခေါင်းဆောင်မှုလက်တွေ့ကျင့်ထုံး(၉)ခုနှင့်လိုက်ဖက်သော
စိတ်ဝိညာဉ်အခြေခံမှုများ

### (၁) ခေါင်းဆောင်မှုလက်တွေ့ကျင့်ထုံး(၁)
နက်ရှိုင်းသော ဝိညာဉ်ရေးအသက်တာမှ စီးဆင်းလာသော
သင်၏ခေါင်းဆောင် မှုကို စိတ်ကူးပုံဖော်ပါ။

**ဝိညာဉ်ရေးအခြေခံမှု(၁)**

ခေါင်းဆောင်မှုအသီးအပွင့်ဆွတ်ခူးရေး၌ ဘုရားသခင်၏ ကျွန်ုပ်တို့အထဲ၌လည်း
ကောင်း၊ ကျွန်ုပ်တို့အားဖြင့်လည်းကောင်း အလုပ်လုပ်တော်မူခြင်း
လိုအပ်ပါသည်။ (လုကာ ၂း၄၆–၄၉၊ ၄း၄၂–၄၃၊ ၅း၁၅–၁၆၊ ၂၂း၄၂။
ယောဟန် ၁၅း၁–၁၃၊ ၁ ကော၁၂း၄–၇)၊ ဖိလိပ္ပိ ၂း၁၂–၁၃)။

### (၂) ခေါင်းဆောင်မှုလက်တွေ့ကျင့်သုံးမှု(၂)
သင်ကိုယ်တိုင်၏ ဝိညာဉ်ရေးအသက်တာကို တက်ကြွစွာပြုစုပျိုးထောင်ပါ

**ဝိညာဉ်ရေးအခြေခံမှု(၂)**

ဝိညာဉ်ရေးအသက်ဝင်လှုပ်ရှားမှုသည် ဘုရားသခင်သို့ ဦးတည်သော
စစ်မှန်သည့် နှလုံးသားနှင့် စိတ်ပြောင်းလဲခြင်းမှ စီးဆင်းလာပါသည် (မဲ
၂၂း၃၇–၃၉၊ ကောလောသဲ ၁း၂၈–၂၉၊ ၃း၁၇၊ ရောမ ၅း၅၊ ၈း၁၃–၁၄၊
၉း၂၁၊ ဖိလိပ္ပိ ၂း၅–၁၁၊ ဂလာတိ ၅း၂၂–၂၆၊ ဟေဗြဲ ၅း၇)။

### (၃) ဝိညာဉ်ရေးလက်တွေ့ကျင့်သုံးမှု(၃)
သီးသန့်ဝိညာဉ်ရေးကျင့်ဝတ်စည်းကမ်းများကို ပြုစုပါ

**ဝိညာဉ်ရေးအခြေခံမှု(၃)**

ကျင့်ဝတ်စည်းမျဉ်းများသည် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးအသက်တာကို
နက်ရှိုင်းစေပြီး ကျွန်ုပ်တို့၏ခေါင်းဆောင်မှုကို တန်ခိုးစွမ်းအားတိုးပွားစေပါသည်
(၂ပေ ၁း၃–၁၁)။

## (၄) ခေါင်းဆောင်မှုလက်တွေ့ကျင့်ထုံး(၄)

ဘုရားသခင်၏အကြံအစည်တော်များ(ရည်မှန်းတော်မူချက်များ)ကို ပထမထား အမြဲဆက်ကပ်လုပ်ဆောင်ပါ။

**ဝိညာဉ်ရေးအခြေခံမှု(၄)**

ဘုရားသခင်၏အလိုတော်နှင့်အညီ ကျွန်ုပ်တို့၏လိုအင်ဆန္ဒကို တစ်ပြေးညီထားရေးသည် အားလုံး အကျိုးဝင်တစ်ဆက်တည်း ဖြစ်နေသောဖြစ်စဉ်ဖြစ်သည် (ကော ၁း၉–၁၀၊ ယာကုပ် ၁း၅–၇)

## (၅) ခေါင်းဆောင်မှုလက်တွေ့ကျင့်ထုံး(၅)

သင်၏လုပ်ငန်းခွင်၌ အသက်ဝင်သော ဝိညာဉ်ရေးပတ်ဝန်းကျင်တစ်ခု ဖန်တီးတည်ဆောက်ပါ

**ဝိညာဉ်ရေးအခြေခံမှု(၅)**

ကျွန်ုပ်တို့အထဲ၌ ဘုရားသခင်၏ပြုမူလုပ်ဆောင်တော်မူချက်များအတွက် ကျွန်ုပ်တို့ တောင်းလျှောက်တော်မူသည်နှင့်အညီ ဘုရားသခင်သည် ဘုန်းတန်ခိုးကြီးမားစွာ အလုပ်လုပ်တော်မူသည် (တမန် ၆း၁–၆၊ ၁၃း၁–၃၊ ၁ ကော ၁၂း ၁–၇၊ ၂ ကော ၁၂း ၉–၁၀၊ ဂလာတိ ၅း၁၆–၂၅၊ ဖေက် ၄း၃၀၊ ၅း၁၂၊ ဖိလိပိ ၂း၁–၈)

## (၆) ခေါင်းဆောင်မှုလက်တွေ့ကျင့်သုံးမှု(၆)

ပြောင်းလဲခြင်းကို ပုဂ္ဂိုလ်ရေးဦးစားပေးအပြစ် ထားပါ

**ဝိညာဉ်ရေးအခြေခံမှု(၆)**

ပြောင်းလဲရေးသည် ကျွန်ုပ်တို့၏အလုပ်တာဝန်ဖြစ်သည် (မာကု ၁၀း၄၅၊ ယောဟန် ၃း၁၆၊ ၅း၂၄၊ ရောမ ၃း၂၁–၂၄၊ ၅း၁–၆၊ ၈း၅–၁၁၊ ဖိလိပိ ၁း၆၊ ၂း၁၂၊ ကောလောသဲ ၁း၉–၁၂၊ တိတု ၂း၁၁–၁၄)။

## (၇) ခေါင်းဆောင်မှုလက်တွေ့ကျင့်ထုံး(၇)

ကောင်းစွာနားထောင်ပေးခြင်းဖြင့် ဦးဆောင်ပါ

**ဝိညာဉ်ရေးအခြေခံမှု(၇)**

သန့်ရှင်းသောဝိညာဉ်တော်သည် အစုအသင်းအဖွဲ့ဝင်တစ်ဦးချင်းစီအားဖြင့် မိန့်ကြားတော်မူပြီး အလုပ်လည်း လုပ်တော်မူသည် (၁ကော ၁၂၊ ဖိလိပိ ၂း၃–၈)။

## (၈) ခေါင်းဆောင်မှုလက်တွေ့ကျင့်ထုံး(၈)

ဘုရားသခင်အား အမြဲယုံကြည်အပ်နှံကိုးစားပါ။

## ဝိညာဉ်ရေးအခြေခံမှု(၈)

ဘုရားသခင်၌ ခိုင်မာစွာ ယုံကြည်ကိုးစားခြင်းသည်
ဝိညာဉ်ရေးအသက်စွမ်းအား နှင့် ခေါင်းဆောင်မှု၌
မရှိမဖြစ်သောအရာဖြစ်သည်။ (ဆာလံ ၂၃၊ ၄၂း၅–၆၊ ၅၆း၃–၄၊ သုတ္တံကျမ်း
၃း၅–၆၊ ဟေရှာယ ၅၅း၈–၉၊ ယေရမိ ၁၇–၂၈၊ ရောမ ၅း၃–၅၊ ၈း၂၈–
၂၉၊ ၁၂း၂၊ ယောဟန် ၁၄း၁၊ ဟေဗြဲ ၆း၁၃–၁၅၊ ၁၁း၁၊ ယာကုပ် ၁း၅–၆၊
၁ပေ ၁း၆–၉)

## (၉)ခေါင်းဆောင်မှုလက်တွေ့ကျင့်ထုံး(၉)

ဘုရားသခင်၏မေတ္တာတော်နှင့် ကျေးဇူးတော်အတွက် သင့်ကိုသင်
အပြည့်အဝ ဖွင့်ထားပါ

## ဝိညာဉ်ရေးအခြေခံမှု(၉)

ပုဂ္ဂိုလ်ရေးအလုံးစုံပြုပြင်ပြောင်းလဲရေးနှင့် တက်ကြွလှုပ်ရှားသော
ဝိညာဉ်ရေး ခေါင်းဆောင်မှုအတွက် တစ်ခုတည်းသော ခိုင်မြဲသည့်အခြေခံ
အုတ်မြစ်ဖောင်ဒေးရှင်းကို ဘုရားသခင်၏ကျေးဇူးတော်ကဖန်ဆင်းတော်မူသည်။
(ဧဖက် ၂း၈–၉၊ ၁ပေ ၁း၃–၆၊၈–၉၊ တိတု ၂း၁၁–၁၄၊ တိမော ၁း၁၁–၁၂၊
ဟေဗြဲ ၄း၁၆၊၁၁း၆၊ ရောမ ၁း၁၆–၁၇၊ ၈း၅–၆၊ ဖိလိပိ ၃း၈–၁၂၊ ၂ကော
၁၂း၉–၁၀)

# မှတ်စုများ
# နိဒါန်း

၁။ ပညာသည်များသည် အကြောင်းအမျိုးမျိုးကြောင့် ခြေကုန်လက်ပန်းကျဖြစ်ကြပါသည်။ ဖြစ်တတ်မှုအများဆုံးတစ်ခုမှာ မိမိ၏ကျွမ်းကျင်မှုနယ်ပယ်ပြင်ပ၌ လုပ်ဆောင်မှုကာလကိုတိုးချဲ့ရန် ကြိုးပမ်းခြင်းဖြစ်သည်။ ဤနေရာ၌ ကျွန်ုပ် ပြောချင်သည်မှာ ခြေကုန်လက်ပန်းကျခြင်းမဟုတ်ပေ။ တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်စေ၊ အဖွဲ့အစည်းကြီးဖြစ်စေ၊ အစုအသင်းထဲမှ လုပ်ဖော်ဆောင်ဖက်များဖြစ်စေ၊ ၎င်းတို့၏ အတွင်းအလုံးစုံပြောင်းလဲခြင်းနှင့် အခြားအရေးပါသော လိုအပ်ချက်များကို လျစ်လျူပြီး အောင်မြင်မှု တစ်ခု တည်းပေါ်တွင် အလွန်အကျွံအာရုံစိုက်သော မည်သည့်ယဉ်ကျေးမှု သို့မဟုတ် စနစ်မဆို အမြစ်တွယ်နေသည့် စွန့်စားမှုများရှိကြောင်း ကျွန်ုပ် မီးမောင်းထိုးပြလိုခြင်းဖြစ်သည်။

၂။ ကျွန်ုပ်၏သာယာသော လုပ်ငန်းခွင်ပတ်ဝန်းကျင်အမြင်သည် ထရီးဟောက်စ်ရိပ်သာ (TreeHouse) လူငယ်များနှင့်အတူလုပ်ခဲ့သော အတွေ့အကြုံပေါ်တွင် အခြေခံသည့် ခြေထောက်သုံးချောင်းပါ ဖိုခုံလောက်(ဖိုဂနောက်) ပုံစံဖြစ်သော လူငယ်များ ဒူပေနာပေခံနိုင်ရေးအစီအစဉ်ပေါ် အခြေခံပါသည်။ ခြေထောက်တစ်ချောင်းသည် ကြည့်ရှုစောင့်ရှောက်ခြင်းနှင့် ပံ့ပိုးကူညီခြင်းပတ်ဝန်းကျင်ဖြစ်သည်။ ဒုတိယခြေထောက်သည် မြင့်မားသော်လည်း လက်တွေ့ကျသော မျှော်လင့်စောင့်စားချက်များဖြစ်သည်။ တတိယခြေထောက်သည် လူ့အဖွဲ့အစည်းကို အကျိုးပြုမည့်လမ်းပါဝင်သော အခွင့်အလမ်းများဖြစ်သည်။ လူငယ်များနှင့် သုတေသနပြုချက်အပေါ်အခြေခံပြီး ဤမိုဒယ်ကိုပြုစုခဲ့သော ဘွန်နီဘင်းနပ်(Bonnie Benard)၏ စာအုပ်(အိုရီဂွန်ပြည်နယ် ပို့လင်းမြို့ အခြေစိုက် အနောက်မြောက်ဒေသဆိုင်ရာ ပညာရေးလက်တွေ့စမ်းသပ်ခန်း (Portland, Oregon: Northwest Regional Educational Laboratory, 1991) ဖြစ်သည့် Fostering resiliency in Kids: protective factors in the family, school and community (ကလေးများ၌ ဒူပေနာပေ ခံနိုင်ရည်ရှိရေးနှင့် မိသားစု၊ ကျောင်းနှင့် ရပ်ရွာအဖွဲ့အစည်းများအတွင်း အကာအကွယ်ပေးရန် အချက်အလက်များ) စာအုပ်နှင့် ဂျင်းအန်တိုနေလို (Jean Antonello) Getting Kids to Talk: Safe and Successful Teen Support Groups (Plymouth, Minn: Family Hope Services, 2004, စာမျက်နှာ ၁၂၉–၁၃၀) (ကလေးများအား စကားပြောစေခြင်း သို့မဟုတ် လုံခြုံဘေးကင်းပြီး အောင်မြင်မှုရှိသော ဆယ်ကျော်သက် အထောက်အကူပြုအဖွဲ့များ) တို့ကိုဖတ်ပါ။

၃။ ခရစ်ဝင်ကျမ်းလေးစောင်အရ ယနေ့အချိန်တွင် 'ဝိညာဉ်အနှစ်သာရပြည့်ဝခြင်း' (spirituality)ဟု ကျွန်ုပ်တို့ပြန်ဆိုသော ဝေါဟာရမျိုးကို သခင်ယေရှုက သုံးစွဲတော်မူခဲ့ခြင်းမရှိပေ။ သို့သော် ယနေ့ ကျွန်ုပ်တို့သုံးနေသော ဝိညာဉ်အနှစ်သာရပြည့်ဝခြင်းဟုပြန်ဆိုသော ဝေါဟာရနှင့် အဓိပ္ပာယ်အလွန်နီးစပ်သော ဘဝအသက်တာ၏အရည်အချင်းနှင့် ဘုရားသခင်နှင့် ဆက်ဆံမှုတို့ကို ပြောတော်မူခဲ့သည်။ တမန်တော်ပေါလ်(ပေါလု)သည် သူ၏ဩဝါဒစာစောင်အများအပြား၌ ဝိညာဉ်အနှစ်သာရပြည့်ဝခြင်း အယူအဆကို ကျယ်ပြန့်စွာဖော်ပြပါသည်။ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ဆက်ဆံရေး၊ သန့်ရှင်းသောဝိညာဉ်တော်နှင့် ကျွန်ုပ်တို့၏ဆက်ဆံရေး၊ ဝိညာဉ်ရေးပုဂ္ဂိုလ် သို့မဟုတ် ဝိညာဉ်အနှစ်သာရရှိသောပုဂ္ဂိုလ်(pneumatikos) နှင့်ဆိုင်သော ခရစ်ယာန် ဝိညာဉ်အနှစ်သာရပြည့်ဝခြင်းတို့နှင့် ဆက်စပ်မှုရှိကြောင်းကို ပေါလ်က ဖော်ပြပါသည် (ရောမ ၁း၁၁၊ ၇း၁၄၊ ၁၅း၂၇၊ ၁ကော ၂း၁၃–၁၄၊ ၁၅၊ ၃း၁၊ ၉း၁၁၊ ၁၀း၃–၄၊ ၁၂း၁၊ ၁၄း၁၊ ၃၇၊ ၁၅း၄၄၊ ၄၆၊ ဂလာတိ ၆း၁၊ ဧဖက် ၁း၃၊ ၅း၁၉၊ ၆း၁၂၊ ကောလောသဲ ၁း၉၊ ၃း၁၆ တို့ကိုကြည့်ပါရန်)။ ဓမ္မသစ်ကျမ်းပြုဆရာများအနက် pneumatikos ဟူသော ဝေါဟာရ ကိုသုံးသော ကျမ်းပြုသူတို့မှာ ပီတာ(ပေတရု၊ ၁ပေ ၂း၅)နှင့် ဗျာဒိတ်ကျမ်းပြု ဆရာ(ဗျာ ၁၁း၈) တို့ဖြစ်သည်။ ဗျာဒိတ်ကျမ်း၌ ဥပမာဥပမေယျ သဘော (figuratively) ဖြင့် ကြိယာဝိသေသနအဖြစ် သုံးပါသည်။

၄။ ဥပမာအဖြစ် မာကု ၁၀း၂၆–၃၀ ၌ ပီတာ (ပေတရု)အား သခင်ယေရှုက ဤဘဝ၌ စွန့်လွှတ်အနစ်နာခံသူသည် ဤကာလ၌ အဆတစ်ရာမက ပိုမိုများပြားစွာ ရရှိမည်ဖြစ်ညပီးနောက်ဘဝ၌ ထာဝရအသက်တာကို ရရှိလိမ့်မည်ဟု ကတိတော်ပြုခဲ့သည်။

၅။ အခန်းတိုင်း၌ဖော်ပြထားသော ဝိညာဉ်ရေးလက်တွေ့ကျင့်ထုံးများနှင့် ဝိညာဉ်ရေးအခြေခံမှုများကို ပြည့်စုံစွာ စာရင်းပြုစုပြီး နောက်ဆက်တွဲ (၂) ၌ ဖော်ပြသည်ကို ဖတ်ရှုနိုင်ပါသည်။

## အခန်း(၁)

၁။ ဥပမာအားဖြင့် ပဥ မအဆင့်ခေါင်းဆောင်များ(အမြင့်ဆုံးအဆင့်) အကြောင်းဖော်ပြချက်ကိုကြည့်ပါ။ သူတို့၌ ပညာသည်အမြင့်၌ မြင့်မားခိုင်မာသော ကျွမ်းကျင်မှုနှင့် စိတ်စွမ်းအားရှိကြသည့်အပြင် မိမိဂုဏ်ကို နှိမ့်ချသောကျိုးနွံမှုဖြင့် ဦးဆောင်မှုပေးကြသည်ကို ဂျိမ်းစ်စီကောလင်းစ် (James C, Collins) ၏ Good to Great: Why Some Companies Make the Leap...and

Others Don't (New York: Harper Business, 2001, pp 17-39) (ကောင်းခြင်းအဆင့်မှ ကြီးမြတ်ခြင်းအဆင့်သို့ အဘယ့်ကြောင့် အချို့ကုမ္ပဏီများ ခုန်ပျံကျော်လွှားအောင်မြင်ကြပြီး အချို့ကုမ္ပဏီများ မအောင်မြင်ရသနည်း) စာအုပ်၌ ဖတ်ရှုနိုင်ပါသည်။

၂။ ဘီးလ်သရောလ် (Bill Thrall)၊ ဘရုစ်မက်နီ ခေါလ် (Bruce McNichol) နှင့် ကင်မက်အယ်ရတ်သ် (Ken McElrath)တို့က အောင်မြင်မှုလှေခါးများ၏ စွမ်းဆောင်ရည်နှင့် စရိုက်လက္ခဏာတို့ကြားရှိ ခြားနားချက်များ၊ စရိုက်လက္ခဏာ ပြုစုပျိုးထောင်ကို ဦးစားပေးရန်လိုအပ်မှုနှင့် ခေါင်းဆောင်မှု၌ အမြင့်ဆုံးအကျိုး ရလဒ်များအတွက် လှေခါးနှစ်ခုပေါင်းစည်းရေးတို့ကို ၎င်းတို့၏စာအုပ်ဖြစ်သော The Ascent of a Leader: How Ordinary Relationships Develop Extraordinary Character and Influence (San Francisco: Jossey-Bass, 1999, PP 31,144) **ခေါင်းဆောင်တစ်ဦးတက်သွားခြင်း သို့မဟုတ် သာမန်ဆက်ဆံရေးဘဝမှ ထူးကဲစွာ စရိုက်လက္ခဏာ ပြုစုပျိုးထောင်ခြင်း နှင့် ဩဇာလွှမ်းမိုးခြင်းသို့ တိုးတက်သွားခြင်း**၌ ပေါ်လွင်ရှင်းလင်းစွာ ရေးသားဖော်ပြကြသည်။ စာရေးသူတို့သည် စရိုက်လက္ခဏာ တစ်ခု၏ ဝိညာဉ်ရေးအပိုင်းကဏ္ဍကို တစ်အုပ်လုံး၌ အလေးပေးဖော်ပြကြပြီး အထူးသဖြင့် ဘုရားသခင် ယုံကြည်စိတ်ချမှုရှိရန်နှင့် ကျေးဇူးတော်ခံစားသော သို့မဟုတ် ကျေးဇူးသိတတ်သော ပတ်ဝန်းကျင်ဖန်တီးတည်ဆောက်ရေးတို့၏ အရေး ကြီးပုံကို အလေးပေးဖော်ပြကြသည်။

၃။ စီမိုက်ကယ်သွမ်ဆင် (C. Michael Thompson) ရေးသားသော The Congruent Life: Following the Inward Path to Fulfilling Work and Inspired Leadership (San Francisco: Jossey-Bass, 2000, p.10 - သင့်တော်သောအသက်တာဘဝ သို့မဟုတ် အတွင်းအဖွဲ့ လမ်းကြောင်း လိုက်လျှောက်ခြင်းမှသည် အလုပ်တာဝန်ပြီးမြောက်စေခြင်းနှင့် နှိုးဆော်ခြင်းခံရသော ခေါင်းဆောင်မှု၊ စာ–၁၀)။ ''ဆက်ကပ်ထားသော အတွင်းဘဝ အသက်တာ'' (devoted inner life) နှင့်ပတ်သက် သွမ်ဆင်က ဝိညာဉ်ရေး အသက်တာဘဝကိုဆိုလိုပြီး ၎င်းကို အကျယ်တဝင့်ရှင်းပြသွားသည်။ အထူးသဖြင့် အခန်း(၁၀) ဖြစ်သော 'ပုဂ္ဂိုလ်ရေး ဝိညာဉ်ရေးတိုးတက်မှု' (စာ ၂၃၄–၂၆၆) ကို ဖတ်ရှုပါရန်။

၄။ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးအသက်တာဘဝကို နက်ရှိုင်းစေမည့် အသေးစိတ်ကျသော နည်းများကို အခန်း(၂)နှင့်(၃)တို့တွင် အကျယ်တဝင့် ဆွေးနွေးခဲ့ပါသည်။ ကျွန်ုပ်တို့၏ခေါင်းဆောင်မှုကို အလုံးစုံပြောင်းလဲစေမည့် ဝိညာဉ်ရေးလက် တွေ့ကျင့်ထုံးများနှင့် အခြေခံမှုများကို အခန်း (၄) မှ (၉)

အထိ ဖော်ပြထားပါသည်။ ဤနေရာ၌ အရေးကြီးသည်မှာ ကျွန်ုပ်တို့ကိုယ်ကိုယ် ခေါင်းဆောင်များအဖြစ် ရှင်းလင်းပြတ်သားစွာ ခံယူပြီးနေသွားရန်ဖြစ်သည်။

၅။ ဂျိမ်းစ်စီကောလင်းစ် (James C, Collins) ကလည်း အလားတူ ကောက်ချက်မျိုးကို 'စတော့ဒေးလ်ဝိရောဓိ' (Stockdale Paradox) နှင့်ယှဉ် ဖော်ပြပါသည်။ ဗီယက်နမ်စစ်တုန်းက 'ဟန္ဒိုင်းဟီလ်တန်' (Hanoi Hilton)၌ စစ်အကျဉ်းသားဖြစ်သော ရေကြောင်းဗိုလ်ချုပ်ကြီး စတော့ဒေးလ်သည် အဖမ်းခံနေရစဉ်အတွင်း ကြမ်းတမ်းသော နေ့စဉ်ဘဝဖြင့်နေရသော်လည်း သူ့အား ဖမ်းထားသူတို့ကို နောက်ဆုံးတွင် အနိုင်ယူပြီး လတ်မြောက်သွားသည့် ပုံပါ (ပုံဖော်မြင်မှု) ထားရှိခြင်းဖြင့် အသက်ရှင်ကျန်ရစ်ခဲ့သည် (Good to Great, 83-87)။

၆။ ရောဘတ်အက်စ်မဂ္ဂီး (Robert S. McGee)၏ နက်ရှိုင်းသိပါရှိသော ထူးခြားမှုအတွက် အပြည့်အစုံရှာဖွေခြင်း သို့မဟုတ် ဘုရားသခင်၏မျက်စိထောင့်မှ သင်၏စစ်မှန်သော ထိုက်တန်မှုကို တွေ့ရှိခြင်းဟု အကြမ်းဖျင်းပြန်ဆိုနိုင်သော The Complete Search for Significance: Seeing Your True Worth through God's Eyes (Houston: Rapha Publiching, 1994) ကိုဖတ်ပါရန်။ လူသားတို့၏ဆုံးရှုံးမှုကို ကြောက်ခြင်းနှင့် ငြင်းပယ်မှုကိုကြောက်ခြင်းတို့ကြောင့် အလုပ်စွမ်းဆောင်မှုနှင့် တခြားလူတို့အား ကျေနပ်အားရစေလိုသည့် ကြိုးပမ်းမှုများအပေါ် အထူးအာရုံစိုက်ခြင်းအကြောင်းကို မဂ္ဂီးက စူးစမ်းလေ့လာခဲ့သည်။ ဤကြောက်ရွံ့မှုများနှင့် တစ်လွဲရည်မှန်းချက်များ၏နောက်ကွယ်၌ ရှက်ကြောက်ခြင်းရှိပြီး ၎င်းအတွက်ဖြေဆေးမှာ ဘုရားသခင်၏ အကြွင်းမဲ့မေတ္တာတော်နှင့် သခင်ခရစ်တော်၏ကယ်တင်ခြင်းအမှုတော်တို့အပေါ် စစ်မှန်သော သိရှိသဘောပေါက်ခြင်းနှင့် အတွေ့အကြုံရှိခြင်းတို့ဖြစ်သည်။ ရှက်ကြောက်ခြင်းနှင့် ကျေးဇူးတော်အကြောင်း ပိုမိုအသေးစိတ်ကျသော ဆွေးနွေးမှုနှင့် ကိုယ်ပိုင်ပုံရိပ်များ၊ ဆက်ဆံရေးများနှင့် ခေါင်းဆောင်မှုတို့အပေါ် ထိခိုက်မှုများအကြောင်းတို့ကို အခန်း(၉)၌ ဖော်ပြထားပါသည်။ ယင်းကို ဖတ်ရှုကြပါရန်။

၇။ ဝိညာဉ်ရေးခေါင်းဆောင်များအနေဖြင့် တခြားလူတို့၏ ဝိညာဉ်ရေးအလုံးစုံပြုပြင်ပြောင်းလဲရေးပျိုးထောင်ရာတွင် ပိုမိုထိရောက်ရေးအတွက် စတိုင်နှင့် ပိုမိုနှစ်သက်မှုများပါဝင်သော ၎င်းတို့နှင့်အတူ လက်တွဲလုပ်နေသူတို့၏ အမျိုးမျိုးသော ဝိညာဉ်ရေးအတိုင်းအတာများကို သိရှိရန်လိုပါသည်။ ဝိညာဉ်ရေးညွှန်ကြားရေးမှူးများနှင့် အသင်းတော်ခေါင်းဆောင်များအတွက် ရည်ရွယ်ပြုစုထားသော Discover Your Spiritual Type (သင်၏ဝိညာဉ်ရေးပုံစံကို သိအောင်လုပ်ပါ) (Bethesda: Alban Institute, 1995;

pp 37-45) (Corinne Ware)က ပြည်သူလူထုအတွင်းတွေ့ရသော ဝိညာဉ်ရေးပိုမိုနှစ်သက်မှုလေးမျိုးအကြောင်းနှင့် ကိုက်ညီအပ်စပ်သော အထောက်အကူပြုအလုံးစုံ ပြုပြင်ပြောင်းလဲခြင်းပန်းတိုင် များအကြောင်း ဆွေးနွေးထားသည်။ ပိုမိုရှင်းလင်းစွာသိရှိနိုင်ရေးအတွက် အမျိုးအစားများကို ဤသို့ခွဲခြားပါသည်။

(၁) အချို့က သင်ကြားရေး (အသိပညာ) ကို ပိုမိုလိုလားကြသည်။ (၂) အချို့က ခံစားချက်ကို ဦးစားပေးကြသည်။ (၃) အချို့က တွေးခေါ်ဆင်ခြင်မှုကို နှစ်သက် ကြသည်။ (၄) အချို့ကမူ တက်ကြွလှုပ်ရှားခြင်းနှင့် အစေခံခြင်းကို ပိုကြိုက်ကြ သည်။ တစ်ဦးချင်းအနေဖြင့် ဤလေးမျိုးအနက် တစ်ခုမကအားဖြင့် ဘုရားသခင်ကို သိရှိကိုးကွယ်ကြပါသည်။ ခေါင်းဆောင်များအပါအဝင် ခရစ်ယာန်တို့သည် ဤပုံစံ လေးမျိုးကို ပြုစုပျိုးထောင်ခြင်းဖြင့် မိမိတို့နှင့် ဘုရားသခင်တို့၏ဆက်ဆံရေးကို ပိုမိုကြွယ်ဝနက်ရှိုင်းစေနိုင်ပါသည်။ ဝဲယား၏ပုံစံလေးမျိုးကို အသုံးပြုသောအသင်းတော်များ၌ ဝိညာဉ်ရေး အလုံးစုံ ပြုပြင်ပြောင်းလဲရေးအတွက် အကျိုးပြုသည့် အကြံ ဉာဏ်များ ပေးသွားသော ဂျွန်အက္ကမန်း (John Ackerman) ၏ Listening to God: Spiritual Formation in Congregations (ဘုရားသခင်ကို နားထောင်တော်မူပြီး အသင်းတော်များ၌ ဝိညာဉ်ရေးတည်ဆောက်ခြင်း) (Bethesda: Alban Institute, 2001, pp 43-57) ကိုလည်း ဖတ်ရှုနိုင်ပါသည်။

၈။ ဝိညာဉ်တော်က ဦးဆောင်ပြီး ဝိညာဉ်တော်က တန်ခိုးစွမ်းအားပေး တော်မူသော ခေါင်းဆောင်မှုကို ပီတာ(ပေတရု)၏ ဥပမာများဖြစ်သည့် တမန်တော်ဝတ္ထု ၄း၈–၁၂၊ ၅း၁–၇၊ ၉း၃၄၊ ၉း၄၀၊ ၁၀း၊ ၁၅း၇–၁၂ တို့၌တွေ့နိုင်ပါသည်။ ပေါလ်(ပေါလု)၏ အတွေ့အကြုံများကို တမန်တော်ဝတ္ထုအခန်းကြီး ၁၃ မှ ၂၈ ၌လည်းကောင်း၊ သူ၏သြဝါဒစာစောင်များ၌လည်းကောင်း၊ သူ့အသက်တာနှင့် ခေါင်းဆောင်မှု၌ ဝိညာဉ်တော်၏ လုပ်ဆောင်တော်မူ ချက်များကို မကြာခဏဖော်ပြလေ့ရှိသည်။

၉။ လုကာ ၂း၄၆–၄၉၊ ၄း၄၂–၄၃၊ ၅း၁၅–၁၆၊ ၂၂း၄၂၊ ဖိလိပိ ၂း၅–၁၁၊ ဟေဗြဲ ၁၂း၂ တို့ကို ဖတ်ပါရန်။

## အခန်း (၂)

၁။ ဒါးလက်စ်ဝီးလပ် (Dallas Willard) ၏ The Spirit of the Disciplines: Understanding How God Changes Lives (San Francisco:

HarperSanfrancisco, 1988, p.14) (ကျင့်ဝတ်စည်းမျဉ်းများ၏ ဝိညာဉ်တော် သို့မဟုတ် အသက်တာဘာဝများကို ဘုရားသခင် မည်သို့ ပြောင်းလဲတော်မူခြင်းကို နားလည်သဘောပေါက်ခြင်း)။

၂။ မာတင်အယ်လ်စမစ် (Martin L. Smith) ၏ The Word is Very Near You: A Guide to Praying with Scripture (Cambridge, Mass: Cowley Publications, 1989, pp. 19-22) (နှုတ်ကပတ်တော်သည် သင်နှင့်နီးကပ်စွာရှိတော်မူသည် သို့မဟုတ် ကျမ်းစာတော်နှင့်အတူ ဆုတောင်းခြင်းလမ်းညွှန်)

၃။ ၎င်း–စာ ၁၈
၄။ ၎င်း
၅။ ၎င်း– စာ ၂၁–၂၂
၆။ ၎င်း–စာ–၁၉
၇။ ဥပမာအဖြစ် ရောမ ၈း၃၈–၃၉ နှင့် ဖေက် ၁း၃–၁၄ တို့ကိုကြည့်ပါရန်။

၈။ ဤအခန်း၏ 'အကူအညီယူပါ' အပိုင်းနှင့် အခန်း (၉) တို့ကိုကြည့်ပါရန်။ ကျွန်ုပ်တို့အပေါ် ဘုရားသခင်၏ မေတ္တာတော် ထားရှိတော်မူခြင်းအကြောင်း ပိုမိုသိရှိခြင်းဖြင့် ဘုရားသခင်ကို ကျွန်ုပ်တို့ ပိုမိုချစ်ခင်သွားနိုင်ကြောင်း ဖော်ပြပါသည်။ ဆင်းရဲဒုက္ခခံစားနေရချိန်နှင့် ကျွန်ုပ်တို့ဘဝ၌ မရေရာမှုများကြုံတွေ့နေရချိန်တို့၌ပင် ဘုရားသခင်ကို ကျွန်ုပ်တို့ ယုံကြည်စိတ်ချရေးအတွက် မည်သို့ရွေးချယ်ရမည်ကို အခန်း (၈)၌ ဖတ်ရှုနိုင်ပါသည်။

၉။ ဘုရားသခင်ထံတော်၌ဆက်ကပ်ရန် ထင်ထင်ရှားရှားခေါ်သော ဥပမာကို ယာကုပ် ၁း၇ ၌ တွေ့နိုင်ပါသည်။ ရောမ ၁၀း၃ ၌ သတင်းကောင်းအား လိုလားစွာတုံ့ပြန်ခြင်းသည် ဘုရားသခင်၏ဖြောင့်မတ်ခြင်း၌ ဆက်ကပ်ခြင်းနှင့်အလားတူဖြစ်ကြောင်း ပေါလ် ညွှန်ပြပါသည်။ ဘုရားသခင်၏ သားတော်ဖြစ်သော သခင်ခရစ်တော်သည် နောက်ဆုံးသောအချိန်တွင် ဘုရားသခင်၏ အလိုတော်အတိုင်း နာခံတော်မူမည့်အကြောင်း ပေါလ်က အလေးထားဖော်ပြပါသည်။ သို့မှသာ 'ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့ကို လုံးဝဥဿုံ အုပ်စိုးတော်မူပေအံ့' (၁ကော ၁၅း၂၈)။ ထို့အပြင် သမ္မာကျမ်းစာ အစမှအဆုံး၊ ကမ္ဘာဦးကျမ်းမှ ဗျာဒိတ်ကျမ်းအထိ ဘုရားသခင်အား နာခံရန် လိုအပ်မှုအကြောင်း အကြိမ်တစ်ရာကျော်ဖော်ပြပါသည်။

၁၀။ စီမိုက်ကယ်သွမ်ဆင် (C. Michael Thompson)၏ စာအုပ် The Congruent Life: Following the Inward Path to Fulfilling Work and Inspired Leadership (San Francisco: Jossey-Bass, 2000, p.58)

(ထပ်တူကျသော အသက်တာ သို့မဟုတ် အတွင်းကျသောလမ်းကို လိုက်လျှောက်ပြီး အလုပ်ကိုပြီးမြောက်စေသော တိုက်တွန်းစေ့ဆော်ခြင်း ခံရသည့် ခေါင်းဆောင်မှု)။

၁၁။ ဘရာသား လောရင့်စ် (Brother Lawrence) ၏စာအုပ်ဖြစ်သော The Practice of the Presence of God: Conversations and Letters of Brother Lawrence (Oxford, England: One-world Publications, 1999, စာ ၂–၃၊ ၇၄)။ မူရင်းစာအုပ်ကို ၁၆၉၂ ခုနှစ်တွင် ထုတ်ဝေခဲ့သည် (ဘုရားသခင်၏ အနီးနားတွင်ရှိနေတောမူခြင်းကို လက်တွေ့ကျင့်သုံးခြင်း သို့မဟုတ် ဘရာသာလောရင့်စ်၏ အပြန်အလှန် ပြောဆိုဆွေးနွေးခြင်းများနှင့် ရေးသောစာများ)ကို ဖတ််ူပါရန်။

၁၂။ ၎င်း– စာမျက်နှာ ၁၂

၁၃။ ၎င်း၊ စာ ၁၀၊ ၃၂

၁၄။ ၎င်း၊ စာ ၂၀

၁၅။ ၎င်း စာ ၉

၁၆။ အမ်ခရိုင်ဂ်ျဘန်းစ် (M. Craig Barnes) ရေးသောစာအုပ် Searching for Home: Spirituality for Restless Souls (Grand Rapids: Brazos Press, 2003, p.33) (မနားရသော ဝိညာဉ်များအတွက် ဝိညာဉ်အနှစ်သာရ ပြည့်ဝခြင်း သို့မဟုတ် မိသားစုအား ရှာဖွေခြင်း)။ ဘန်းစ်က ဤသို့ရေးသည်။ 'မိသားစု သို့မဟုတ် အိမ်ထောင်သည် ကျွန်ုပ်တို့၏ စစ်မှန်သော မိသားစု ဖြစ်သည့် အဖခမည်းတော်၊ သားတော်နှင့် သန့်ရှင်း သောဝိညာဉ်တော် တို့နှင့်အတူ ထာဝရမှထာဝရသို့ နေနိုင်ရေးအတွက် ကျွန်ုပ်တို့အား ဖန်တီး ရာနေရာဖြစ်သည်'။

၁၇။ ဘရာသာလောရင့်စ်၏စာအုပ် The Practice of the Presence of God, စာ ၂၄–၂၆၊ ၆၃၊ ၇၉။

၁၈။ ၎င်း – စာ ၃၀၊ ၄၆

၁၉။ ၎င်း – စာ ၃၁

၂၀။ ၎င်း – စာ ၃၃

၂၁။ ၎င်း – စာ ၄၇၊ ၈၁

၂၂။ ၎င်း – စာ ၄၇၊ ၇၈–၇၉

၂၃။ ၎င်း – စာ ၄၇

၂၄။ ၎င်း – စာ ၅၆၊ ၅၈

၂၅။ ၎င်း – စာ ၇၂–၇၅

၂၆။ ၎င်း – စာ ၉၀၊ ၁၁၂
၂၇။ ၎င်း – စာ ၁၀၁–၁၀၅

၂၈။ ဂျီရယ်လ်ဂျီမေ (Gerald G. May) ၏ စာအုပ်ဖြစ်သော The Awakened Heart: Opening Yourself to the Love You Need (San Francisco: HarperSanFrancisco, 1991, အထူးသဖြင့် စာမျက်နှာ ၁၃၃–၂၁၁ ကိုကြည့်ပါရန် (နိုးကြားသော နှလုံးသား သို့မဟုတ် သင်လိုအပ်နေသော မေတ္တာအတွက် သင့်ကိုယ်သင် တံခါးဖွင့်ထားပါ)

၂၉။ မေ၏ The Awakened Heart စာ ၁၃၃–၁၃၄
၃၀။ ဘရာသာလောရင့်စ်၏ The Practice of the Presence of God စာအုပ်– စာ ၃၃
၃၁။ May, The Awakened Heart. 157
၃၂။ Brother Lawrence, The Practice of the Presence of God.

၃၃။ May, The Awakened Heart စာ ၁၅၈–၁၅၉။ ဤဆုတောင်းချက်မတိုင်မီ ကျမ်းစာ၌ ဆာလံ ၂၂း၁၉၊ မာကု ၁၀း၄၇၊ လုကာ ၁၈း၁၃ တို့ကိုဖတ်ရန် မေက ဖော်ပြသည်။ သခင်ယေရှု၏ဆုတောင်းတော်မူချက်နှင့်ပတ်သက် အကြောင်းဇစ်မြစ်များနှင့် ဓမ္မဒ နနောက်ခံများကိုပိုမိုပြည့်စုံစွာ ဆွေးနွေးထားသည်ကို တိုနီဂျုံးစ် (Tony Jones)၏ စာအုပ် The Sacred Way (မွန်မြတ်သောလမ်း–Grand Rapids: Zondervan, 2005, pp 59-66)၌ ဖတ်ရှုနိုင်ပါသည်။

၃၄။ Braother Lawrence, The Practice of the Presence of God – စာ ၇၂–၇၅။
၃၅။ May, The Awakened Heart စာ ၁၆၇
၃၆။ Brother Lawrence, The Practice of the Presence of God. စာ ၄၁–၄၂။
၃၇။ ၎င်း စာ ၉၀၊ ၁၁၂။
၃၈။ May, The Awakened Heart စာ ၂၁၁။
၃၉။ Smith, The Word is Very Near You. စာ ၃၇။
၄၀။ ၎င်း – စာ ၄၇။
၄၁။ ၎င်း – စာ ၅၁။
၄၂။ ၎င်း – စာ ၅၁–၅၂။

၄၃။ တွေးခေါ်ကြံဆခြင်းဆိုင်ရာ ဆုတောင်းခြင်းနှင့်ပတ်သက် လက်တွေ့ကျသော အကြံပြုချက်အများအပြားကို စမစ်၏စာအုပ်ဖြစ်သော The Word

Is Very Near You – စာမျက်နှာ ၁၃၀–၁၄၂ နှင့် May ၏စာအုပ် The Awakened Heart စာမျက်နှာ ၁၉၆–၂၀၆ တို့ကိုကြည့်ပါရန်။

၄၄။ Brother Lawrence, The Practice of the Presence of God, စာ ၄၇။

၄၅။ အဖွဲ့လိုက်လက်တွေ့လေ့ကျင့်ခန်းများ၊ ဘဝအသက်တာနှင့် အလုပ်နောက်ခံအများအပြား၌ ဘုရားသခင်၏အနီးနားတွင်ရှိနေတော်မူခြင်းကို လက်တွေ့ကျင့်သုံးခံစားခြင်းအပါအဝင် နောက်ထပ်အကြံပြုချက်များအတွက် တီလ်ဒင်အက်ဒွပ်စ် (Tilden Edwards)ရေးသားသော Living in the Presence: Spiritual Exercises to Open Our Lives to the Awareness of God (San Francisco: HarperSanfrancisco, 1995–ဘုရား သခင်၏ရှေ့တော်မှောက်၌ အသက်ရှင်နေထိုင်ခြင်း သို့မဟုတ် ကျွန်ုပ်တို့ ဘဝအသက်တာများ လမ်းဖွင့်ထားခြင်းမှသည် ဘုရားသခင်အား သိရှိရေး အထိ ဝိညာဉ်ရေးလေ့ကျင့်ခန်းများပြုလုပ်ခြင်း။

## အခန်း (၃)

၁။ ရစ်ချတ်ဂျေဖော်စတာ (Richard J. Foster) ရေး Celebration of Discipline: The Path to Spiritual Growth (New York: Harper & Row, 1978 စာအုပ် (စည်းကမ်းကျင့်ဝတ်ကိုကြိုဆိုဂုဏ်ပြုခြင်း သို့မဟုတ် ဝိညာဉ်ရေးတိုးတက်ရေးလမ်းစဉ်)။

၂။ ဒါးလက်စ်ဝီးလပ် (Dallas Willard) ရေး The Spirit of the Disciplines: Understanding How God Changes Lives (San Francisco: Harper Sonfrancisce, 1988, pm 68) (ကျင့်ဝတ်စည်းမျဉ်းများ၏ ဝိညာဉ်တော် သို့မဟုတ် အသက်တာဘဝများကို ဘုရားသခင်မည်သို့ ပြောင်းလဲတော်မူခြင်းကို နားလည်သဘောပေါက်ခြင်း – စာ ၆၈)။ ဝီးလပ် သည် ဝိညာဉ်ရေးရာ ကျင့်ဝတ်စည်းမျဉ်းများနှင့် ပတ်သက် ဓမ္မဒ န ရှုထောင့်၊ ဒ နိကဗေဒ ရှုထောင့်နှင့် စိတ်ပညာရှုထောင့်တို့မှ လေ့လာမှု ပြုခဲ့သည်။ သူ၏နောက်လိုက်များအတွက် သခင်ခရစ်တော်ရည်ရွယ်တော်မူသော အလျှံပယ်ကြွယ်ဝသည့် အသက်တာကို ခရစ်ယာန်တို့အနေဖြင့် တက်ကြွစွာ ဖန်တီး တည်ဆောက်ရေး လိုအပ်မှုကို ဝီးလပ်က အလေးပေးခဲ့သည်။

၃။ ယုံကြည်သူတို့၏အသက်တာ၌ သန့်ရှင်းသော ဝိညာဉ်တော်ပါရှိတော်မူခြင်းကို အလေးထားသော ပေါလ်၏ရေးသားချက်များကို ဖတ်ရှုကြပါရန်။ (ဖေက် ၁း၁၃)။ သခင်ခရစ်တော်သည် ကျွန်ုပ်တို့အထဲ၌ရှိနေတော်မူသည်။ အပြစ်ကို

အနိုင်ယူသောတန်ခိုးစွမ်းအားကို သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့အား ပေးတော်မူပြီး ဘုရားသခင်၏စိုက်တော်နှင့် တန်ဖိုးတော်များနှင့် မိတ်သဟာယဖွဲ့သော ဘဝအသက်တာ၏ အရည်အသွေးသစ်ကို ကျွန်ုပ်တို့ အား ပေးတော်မူသည်(ရောမ ၆း၅–၆၊ ၈း၆–၁၆၊ ဂလာတိ ၅း၁၆–၂၅)။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် ဘုရားသခင်၏ကျေးဇူးတော်၏ အကျိုးရလဒ် ဖြစ်သည်။ ကျွန်ုပ်တို့အသက်တာ၌ ကောင်းသောအလုပ်များ လုပ်ခြင်းသည် သခင်ယေရှုခရစ်တော်အားဖြင့် ကျွန်ုပ်တို့ထဲ၌ ဘုရားသခင် အလုပ်လုပ်တော်မူ ခြင်းကြောင့် ပေါ်ထွက်လာခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ အသက်တာအတွက် ဘုရားသခင်၏အလိုတော်ကို ပြည့်စုံစေရန် ကျွန်ုပ်တို့အား လုပ်ရည်ကိုင်ရည် ပေးခြင်းဖြစ်သည် (ဖေက် ၂း၈–၁၀)။

၄။ ပေါလ်၏ဩဝါဒစာစောင်များ၌ ဓမ္မဒ နရေးရာများဖြင့် အစချီလေ့ရှိပြီး လက်တွေ့ကျသော တိုက်တွန်းခြင်းများဖြင့် နိဂုံးချုပ်လေ့ရှိသည့်ပုံစံကို တွေ့ ရသည်။ ခရစ်ယာန်အသက်တာနှင့် ပတ်သက်သောသူ၏ သွန်သင်ချက်ဥပမာ များကို ရောမ ၆း၁၂–၁၅၊ ဂလာတိ ၅–၆၊ ဖေက် ၄–၆၊ ဖိလိပ္ပိ ၁း၂၇၊ ၂း၁၈၊ ၃း၁–၄၊ ၉၊ ကောလောသဲ ၂း၆၊ ၄း၆၊ ၁ သက်သာ လောနိတ် ၄– ၅ တို့၌တွေ့နိုင်ပါသည်။ ကောရိန္သုစာစောင် ၁ နှင့် ၂ တို့တွင်လည်း ဓမ္မဒ န ရေးရာသွန်သင်ချက်များကို ကွက်ကြားကွက်ကြားတွေ့နိုင်ပါသည်။ အခြား ဓမ္မကျမ်းပြုဆရာများကလည်း ယုံကြည်သူတို့ကို ဘုရားသခင်နှင့် ပိုမိုနီးစပ် ရန်(ဟေဗြဲ ၁၀း၂၂၊ ယာကုပ် ၄း၈)နှင့် ခရစ်ယာန်သက်ဝင်ယုံကြည်မှုနှင့် သဟဇာတဖြစ်သော စိတ်နေစိတ်ထားများနှင့် ပြုမူလုပ်ဆောင်ချက်များ ထားရှိရန် သွန်သင်ခဲ့ကြသည်။ ယင်းဥပမာများ၌ ဟေဗြဲ ၁၀း၁၉–၃၉၊ ၁၂– ၁၃၊ ယာကုပ်တစ်ခုလုံး၊ ၁ ပေ ၁း၁၃၊ ၅း၁၃၊ ၁ ယော ၂း၁၈–၄၊ ၂၁၊ ဗျာဒိတ် ၂–၃ တို့ပါဝင်သည်။

၅။ ကျွန်ုပ်တို့၏အသက်တာ၌ အပြစ်၏တန်ခိုးအာဏာအောက်မှ လွတ်မြောက်နိုင် ရန် ဝိညာဉ်ရေးကျင့်ဝတ်စည်းမျဉ်းများ လိုအပ်သဖြင့် ၎င်းတို့ကို တီထွင်ခြင်း ဖြစ်သည်။ ကျင့်ဝတ်စည်းမျဉ်းများသည် အကျင့်ဆိုးများနှင့် သိမ်ဖျင်းသော အတွေးအခေါ်တို့မှလွတ်မြောက်စေမည့် တံခါးပေါက်များဖြစ်သည်။ အပေါ်ယံ နေထိုင်မှုဘဝမှ နက်ရှိုင်းသော အသက်တာဘဝသို့ကူးပြောင်းစေမည့် အရာများဖြစ်သည်ဟု ရစ်ချတ်ဂျေဖော်စတာက ဆိုသည် (Celebration of Discipline, 1)။

၆။ အလုံးစုံပြုပြင်ပြောင်းလဲရန်နှင့် အကျင့်သီလနှင့်ပြည့်စုံသောသူဖြစ်လာရန် ဘုရားသခင်၏ဘုန်းတန်ခိုးတော်မှ ခွန်အားရရှိရေးအတွက် ကြိုးစားကြရန် ပေါလ်၏ဩဝါဒစာစောင်များ၌ တိုက်တွန်းလေ့ရှိပါသည်။ အစောပိုင်း၌

ဖော်ပြသည့်အတိုင်း ဖေက်မြို့သားခရစ်ယာန်တို့အား လူဟောင်းဘဝကို စွန့်ပြီး လူသစ်စိတ်သစ်ဘဝကိုခံယူကြရန် ပေါလ်က တိုက်တွန်းခဲ့သည် (ဖေက် ၄း၂၂-၂၄)။ ဘုရားသခင်၏ ကရုဏာတော်ကို ထောင့်မှနေ၍ ရောမမြို့သား ခရစ်ယာန်တို့အား 'ကိုယ်တော်နှစ်သက်သော သက်ရှိယဇ်ကောင် သဖွယ်ဖြစ်ရန် သင်တို့၏ ကိုယ်ကိုဆက်ကပ်ကြလော့' 'မိမိတို့၏စိတ်နှလုံးကို ဘုရားသခင် လုံးဝပြောင်းလဲစေသောအားဖြင့် စိတ်သဘောသစ်ကို ခံယူလျက် အလုံးစုံ ပြောင်းလဲကြလော့ (ပုံသဏ္ဍာန်ပြောင်းလဲကြလော့)ဟု ပေါလ်က တိုက်တွန်းပါသည် (ရောမ ၁၂း၁-၂)။ ဆက်လက် ပေါလ်က ကောရိန္တု ခရစ်ယာန်တို့အား 'မယိုင်မလဲစေရန် သတိပြုရ၏ ထိုစုံစမ်းနှောင့်ယှက်ခြင်းမှ လွတ်မြောက်ရန် ဘုရားသခင် လမ်းဖွင့်ပေးတော်မူ လိမ့်မည်' (၁ကော ၁၀း၁၂-၁၃) ဟု သတိပေးပါသည်။ သူတို့၏ကယ်တင်ခြင်းအတွက် မျှော်လင့်ခြင်းသည် သူတို့၏ ကြိုးပမ်းမှုကြောင့်မဟုတ်ဘဲ သက်ဝင်ယုံကြည်မှုကြောင့် သန့်ရှင်းသော ဝိညာဉ်တော်ကို ပိုင်ဆိုင်ခြင်းကြောင့်ဖြစ်ကြောင်း ရှင်းပြပြီးနောက် သူတို့အား သခင်ခရစ်တော်ယေရှု၌ သက်ဝင်ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ သားသမီးများဖြစ်ကြောင်း(ဂလာတိ ၃း၁-၃၊ ၄၃၂၆) ပေါလ်က ဆက်လက် ရှင်းပြသည်။ ထို့နောက် ဂလာတိမြို့သား ခရစ်ယာန်တို့ကိုလည်း 'ဝိညာဉ်တော် ညွှန်ကြားသည့်အတိုင်း ကျင့်ကြလော့ (ဂလာတိ ၅း၁၆) ဟူ လည်းကောင်း။ 'ဝိညာဉ်တော်ဦးဆောင်လမ်းပြတော် မူသည့်အတိုင်း ကျင့်ကြရမည် (ဂလာတိ ၅း၂၅) ဟုလည်းကောင်း တိုက်တွန်းပါသည်။ ပေါလ်၏သွန်သင်ချက်၌ မလုပ်မနေရသဘောနှင့် တိုက်တွန်း နှိုးဆော်သည့် သဘောတို့ပါရှိသည်။ သူ၏အရေးအသားအရ လူသား၏ ပြုမူလုပ်ဆောင်ချက် လိုအပ်ပြီး ၎င်းကို မျှော်လင့်သည့်သဘောလည်း ပါရှိသည်။

၇။ The Spirit of the Discipline, pm 20။

၈။ Foster, Celebration of the Discipline, p 6-7

၉။ Foster, Celebration of the Discipline. ဟင်နရီဂျေအမ်နိုဝင် (Henri J.M. Nouwen) The Way of the Heart: Desert Spirituality and Contemporary Ministry (New York: Seabury Press, 1981 (အသည်းနှလုံး၏လမ်းစဉ် သို့မဟုတ် သဲကန္တာရဝိညာဉ်အနှစ် သာရပြည့်ဝခြင်းနှင့် ခေတ်ပြိုင်အမှုတော်ဆောင်လုပ်ငန်း) စာအုပ်နှင့် ဝီးလပ်၏ The Spirit of the Disciplines စာအုပ်တို့ကိုလည်း ဖတ်ရှုကြပါရန်။

၁၀။ အထောက်အကူပြု ခေတ်ပြိုင်လမ်းညွှန်စာအုပ်တစ်ခုမှာ တိုနီဂျုံးစ် (Tony Jones) \ The Sacred Way: Spiritual Practices for Everyday Life (Grand Rapids: Zondervan, 2005 (မွန်မြတ်သောလမ်း သို့မဟုတ် နေ့စဉ်

အသက်တာအတွက် ဝိညာဉ်ရေးလက်တွေ့ကျင့်စဉ်များ) စာအုပ်ဖြစ်သည်။ ကျွန်ုပ်၏ဇနီးသည် ဂျီးလ်ကင်ဘာလီဟတ်ဝဲလ်ဂျော့ဖရီယွန် (Jill Kimberly Hartwell Geoffrion) သည် ဥယျာဉ်ဝင်္ကဘာကို ဝိညာဉ်ရေးကိရိယာအဖြစ် ကျယ်ပြန့်စွာသုံးစွဲလာပါသည်။ သူမ၏စာအုပ် Christian Prayer and Labyrinths; Pathways to Faith, Hope and Love (Cleveland: Pilgrim Press, 2004) (ခရစ်ယာန်ဆုတောင်းခြင်းနှင့် ဥယျာဉ်ဂင်္ကဘာများ သို့မဟုတ် သက်ဝင်ယုံကြည်မှု၊ မျှော်လင့်ခြင်းနှင့် မေတ္တာသို့သွားရာလမ်းများ)ကို အလေးထား ဖတ်ရှုနိုင်ပါသည်။

၁၁။ မွန်မြတ်သော ကျမ်းစာဖတ်ကြားခြင်းကို သင်ကိုယ်တိုင်ဖြစ်စေ၊ အချိန်ကို လျှော့ ဖြစ်စေ၊ တရားကျင့်ခြင်းအချိန် မိနစ် ၂၀ ကိုကျော် ဖြစ်စေ သို့မဟုတ် အဆုံး၌ အချို့ကိုချန်လှပ် ဖြစ်စေ ပြုလုပ်နိုင်သည်။ မွန်မြတ်သော ကျမ်းစာဖတ်ခြင်းကို အခြားနည်းဖြင့်စဉ်းစားခြင်းနှင့် လက်တွေ့ကျင့်သုံးခြင်း ပြုမည်ဆိုလျှင် တိုနီဂျုံးစ်၏ The Sacred Way (မွန်မြတ်သောလမ်း) စာအုပ် အထူးသဖြင့် စာ ၄၇–၅၅ ကိုဖတ်ပါ။

## အခန်း (၄)

၁။ Rick Warren, The Purpose-Driven Life (Grand Rapids: Zondervan, 2002, p.17) (ရည်ရွယ်ချက်က တွန်းပေးသော အသက်တာ)။

၂။ Rudolf Bultmann, Theology of the New Testament (New York? Scribners, 1951-1955, pp.9, 12, 285 (ဓမ္မသစ်ကျမ်း ဓမ္မဒ န)။

၃။ Bill Hybels, Conference on Preaching and Teaching, Willow Creek Community Church, South Barrington, Ill., Oct. 18, 2004)။

၄။ လာရီခရက်ဘ် (Larry Crabb)၏ စာအုပ် Connecting: A Radical New Vision (Nashville: W Publishing Group, 1997, pp.103-126 (ဆက်စပ်နေခြင်း သို့မဟုတ် တက်ကြွတော်လှန်သော ရူမြင်ပုံဖော်မှုတစ်ခု (ရူပါုတစ်ခု)။ ဤစာအုပ်၌ ခရက်ဘ်က သတ်ပစ်ရမည့်ပြင်းပြ သောဆန္ဒလေးခု အကြောင်းကို ပုံပမာဖြင့် တင်ပြခိုင်းနှိုင်း ဖော်ပြသည်။ မြဲပြ တည်ဆောက်မှု သို့မဟုတ် လုံလောက်မှုရှိကြောင်း ပြသလိုသောဆန္ဒ၊ မီးတပ်ဆင်ခြင်း သို့မဟုတ် ကျွန်ုပ်တို့အပေါ် တခြားလူတို့ ယုံကြည်စိတ်ချမှု ရှိခြင်းဖြင့် ကိုယ့်ဂုဏ်သိက္ခာကို တည်ဆောက်ခြင်း၊ နံရံကို ထုံးဖြူသုတ်ခြင်း သို့မဟုတ် တစ်စုံတစ်ဦး၏ လုံခြုံမှုကို တာဝန်ယူလိုသောဆန္ဒနှင့် ရေတွင်းတူးခြင်း သို့မဟုတ် ကျွန်ုပ်တို့ကိုယ်တိုင်၏ ကိုယ်ပိုင်ပျော်ရွှင်မှုနှင့် ကျေနပ်မှုကို ရှာဖွေလိုသော ဆန္ဒတို့ဖြစ်သည်။

၅။ ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းဥပမာများကို တိုးချဲ့ခြင်းအားဖြင့် ယုံကြည်သူတို့အား ဘုရားသခင်သည် ကမ္ဘာလောကနှင့် အသင်းတော်အတွင်းနှင့် ပြင်ပတို့၌ သူ၏ရည်ရွယ်တော်မူချက်များကို ဖြည့်ဆည်းစေနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်နိုင်ပါသည်။

ဟီဘရူးသမ္မာကျမ်းစာ(ဓမ္မဟောင်းကျမ်း)၌ ဘုရားသခင်သည် ခေါင်းဆောင်များကို ပျိုးထောင်ပေးပြီး ဝိညာဉ်တော်အားဖြင့် ဘုန်းတန်ခိုးများ ပေးအပ်တော်မူကာ သူတို့၏ခေါင်းဆောင်မှုကို တစ်နည်းနည်းဖြင့် အောင်မြင်အောင် ပြုတော်မူသည်။ မိုးဇက်(မောရှေ)၊ ဂျိုဆွာ(ယောရှု)၊ ဂီဒီယွန်(ဂိဒေါင်)၊ ဆမ်ဆင်(ရှံဆုန်)၊ ဒီဘိုးရာ(ဒေဗောရ)၊ ဒေးဗ်(ဒါဝိဒ်) နှင့် ဆော်လမွန်(ရှောလမုန်)တို့သည် အများသိဥပမာများဖြစ်ကြသည်။

ဓမ္မသစ်ကျမ်း၌ သခင်ယေရှုသည် တပည့်တော်တို့အား ခေါ်တော်မူပြီး အမှုတော်ဆောင်လုပ်ငန်းကိုအောင်မြင်စွာ လုပ်ဆောင်နိုင်ကြရေးအတွက် ဘုန်းတန်ခိုး(လုကာ ၉း၁ ကိုလည်းကြည့်ပါ) ပေးတော်မူပြီး စေလွှတ်တော်မူခဲ့သည်။ (ထိုအချိန်မှစ တမန်တော်တည်းဟူသော စေလွှတ်ခံရသူဟုပေါ်လာ)။ ဘုရားသခင်သည် အလားတူတစ်ဦးချင်းပုဂ္ဂိုလ်များကိုလည်း ကနဦးအသင်းတော်ကာလ၌ ပရောဖက်များအားဖြင့် အမှုတော်ဆောင်လုပ်ငန်း၌ ခေါ်တော်မူခဲ့သည်(တမန်တော် ၁၃း၂ ကိုကြည့်ပါ)။ အိပ်မက်များနှင့်အမြင် ူပါ်များ(ူမြင်ပုံဖော်မှုများ)အားဖြင့်လည်း အလုပ်လုပ်တော်မူခဲ့သည် (တမန်တော် ၁၆း၁၀ ကိုကြည့်ပါ)။ ပင်တေကုတေ နေ့နောက်ပိုင်းတွင် ယုံကြည်သူတို့အထဲ၌ သန့်ရှင်းသောဝိညာဉ်တော် နေထိုင်တော်မူလာသည့် အချိန်မှစ အမှုတော်ဆောင်လုပ်ငန်း၌ ဝိညာဉ်ရေးဆုကျေးဇူးအကြောင်းကို ပေါလ် အလေးထားပြောလာခဲ့သည်(၁ကော ၁၂၊ ရောမ ၁၂း၃–၈၊ ဖေက် ၄း၆–၁၆)။ ဤဆုကျေးဇူးများသည် ယုံကြည်သူတို့အား သူတို့၏ သက်ဝင်ယုံကြည်မှုနှင့် သက်ဝင်ယုံကြည်မှုအသိတရား ပိုမိုခိုင်မာလာစေရေးအတွက် အဓိကဖြစ်ကြသည်။ မယုံကြည်သူများအတွက် ဧဝံဂေလိတရား ဟောကြားရေးသည် အဓိကဖြစ်သည်။ တစ်ဦးချင်းပုဂ္ဂိုလ်များအား အသင်းတော်ပြင်ပတွင် အုပ်ချုပ်စီမံရေးရာထူးများတွင်လည်းကောင်း၊ အချို့ကို အမှုတော်ဆောင်လုပ်ငန်း၌လည်းကောင်း ကဏ္ဍအမျိုးမျိုး၌ ဘုရားသခင်ခေါ်တော်မူပြီး အသုံးပြုတော်မူပါသည်(၁ ကော ၇း၁၇–၂၄၊ ရောမ ၁၃း၁–၂ တို့ကိုကြည့်ပါရန်)။

၆။ Gary Friesen, Decision Making and the Will of God: A Biblical Alternative to the Traditional View (Portland: Ore: Multnomah, 1980) (ဆုံးဖြတ်ချက်ချခြင်းနှင့် ဘုရားသခင်၏အလိုတော် သို့မဟုတ် အစဉ်အလာအမြင်အစား ကျမ်းစာအမြင်)။

၇။ သိရှိနားလည်းခြင်း၊ ဆုံးဖြတ်ချက်ချခြင်းနှင့် အခြားအသင်းတော်ဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်ခြင်းတို့၌ သင်းအုပ်ဆရာများနှင့် အသင်းတော်ခေါင်းဆောင်များအနေဖြင့် ဘုရားသခင် တက်ကြွစွာပါဝင်တော်မူရေးနှင့်ပတ် သက်အကောင်းဆုံးအရင်းအမြစ်တစ်ခုမှာ ဂျွန်အဂ္ဂါမန်း (သည့်ညှ ဗခုနမာညေညှ) ၏စာအုပ်ဖြစ်သော Listening to God: Spiritual Formation in Congregations (Bethesda: Alban Institude, 2001) (ဘုရားသခင်အား နားထောင်တော်မူခြင်း သို့မဟုတ် အသင်းတော်များ၌ ဝိညာဉ်ရေးတည်ဆောက်ခြင်း)

၈။ Larry Crabb, Connecting, 108.

၉။ James C. Collins, Good to Great: Why Some Companies Make the Leap... and Others Don't (New York: HarperCollins, 2001, p.65) (ကောင်းသောအဆင့်မှ ကြီးမြတ်သောအဆင့်သို့ သို့မဟုတ် အဘယ့်ကြောင့် အချို့ကုမ ဏီများ ခုန်ပျံကျော်လွှား အောင်မြင်ကြပြီး အချို့ကုမ ဏီများ မအောင်မြင်ခဲ့ကြသနည်း)။

## အခန်း (၅)

၁။ James C. Collins, Good to Great: Why Some Companies Make the Leap... and Others Don't (New York: HarperCollins, 2001, p.41) (ကောင်းသောအဆင့်မှ ကြီးမြတ်သောအဆင့်သို့ သို့မဟုတ် အဘယ့်ကြောင့် အချို့ကုမ ဏီများ ခုန်ပျံကျော်လွှား အောင်မြင်ကြပြီး အချို့ကုမ ဏီများ မအောင်မြင်ခဲ့ကြသနည်း။

၂။ ဘုရားသခင်သည် အုပ်ချုပ်စီမံရေးအစည်းအဝေးများ၌လည်းကောင်း၊ ထို့နောက် သူတို့၏အတွေ့အကြုံများအပေါ် သုံးသပ်မှုများပြုရာ၌လည်းကောင်း အတူပါရှိတော်မူသည်ကို ကော်မတီအဖွဲ့ဝင်များ မျှော်လင့်ကြရန် လိုကြောင်း အားပေးစကားပြောပေးသော ကျွန်ုပ်၏ဝိညာဉ်ရေးညွှန်ကြား ရေးမှူး ဂျွန်အဂ္ဂါမန်းအား အထူးကျေးဇူးတင်ပါသည်။ အစုအဖွဲ့လိုက် သိရှိနားလည်ခြင်းနှင့် ဝိညာဉ်ရေးအရာ ထိလွယ်ရှလွယ် အစုအဖွဲ့ပတ်ဝန်းကျင်ကို ပြုစုပျိုးထောင်ရေးတို့၌ နက်ရှိုင်းသိများကို ဂျွန်အဂ္ဂါမန်းသည် သူ၏စာအုပ်ဖြစ်သော Listening to God: Spiritual Formation in Congregations (Herndon, Va., : Alban Institute 2001) (ဘုရားသခင်အား နားထောင်တော်မူခြင်း သို့မဟုတ် အသင်းတော်များ၌ ဝိညာဉ်ရေးတည်ဆောက်ခြင်း) ၌ ဖော်ပြထားသည်။

၃။ ပုဂ္ဂိုလ်ရေးတိုးတက်မှုနှင့် ဝိညာဉ်ရေးတိုးတက်မှုကို ဂိုဏ်းဂဏအမြင်မပါဘဲ မြင့်တင်ပေးသော အကောင်းဆုံးစာအုပ်အချို့ကို ဖော်ပြပါသည်။ (၁) Stephen R. Corey, The Seven Habits of Highly Effective People: Powerful Lessons in Personal Change (New York: Free Press, 2004) (အလွန်ထိရောက်သော ပုဂ္ဂိုလ်များ၏အကျင့်(၇)ခု သို့မဟုတ် ပုဂ္ဂိုလ်ရေးပြောင်းလဲမှုအတွက် သင်ခန်းစာကြီး (၇) ခု)၊ (၂) Joseph Jaworski Synchronicity: The Inner Path of Leadership (San Francisco: Barrett Koehler Publishing, 1996) (အချိန်ကိုက်ဖြစ်ခြင်း သို့မဟုတ် ခေါင်းဆောင်မှု၏အတွင်းလမ်းကြောင်း၊ (၃) Robert E. Quinn a&; Deep Change: Discovering the Leader Within (San Francisco: Jossey Bass1996) (နက်ရှိုင်းသောပြောင်းလဲခြင်း သို့မဟုတ် ခေါင်းဆောင်ကို အတွင်းကျကျသိရှိရေး)၊ (၄) Peter M.Senge a&; The Fifth Discipline : The Art and Practice of the Learning Organization (New York: Doubleday/Currency, 1990) (ပဥ္စမကျင့်ဝတ်စည်းမျဉ်း သို့မဟုတ် သင်ကြားရေးအဖွဲ့အစည်း၏ အနုပညာနှင့် လက်တွေ့ကျင့်ထုံး) (၅) C. Michael Thompson The Congruent Life: Following the Inward Path to Fulfilling Work and Inspired Leadership (San Francisco: Jossey- Bass, 2000) (သင့်တော်သော အသက်တာဘဝ သို့မဟုတ် အတွင်းအဇ္ဈတ္တလမ်းကြောင်း လိုက်လျှောက်ခြင်းမှသည် အလုပ်တာဝန်ပြီးမြောက်စေခြင်းနှင့် နှိုးဆော်ခြင်းခံရသော ခေါင်းဆောင်မှုဆီသို့) တို့ဖြစ်သည်။

၄။ ဓမ္မသစ်ကျမ်းထဲ၌ 'အသား' ဆိုသည်မှာ လူသား၏ခန္ဓာကိုယ် (ဥပမာ–မဲ ၁၉း၅–၆)မှသည် လူသား၏ ခွန်အားနှင့် စွမ်းရည်များ၏ သဘာဝအရင်းအမြစ်အထိ (မဲ ၁၆း၁၇) သို့မဟုတ် လူတစ်ယောက်၏စိတ်ထဲရှိ အပြစ်ရှိသော စိတ်စွဲလမ်းမှု(ရောမ ၈း၅–၈) အထိပါဝင်သည်။ 'အသား'သည် ကြားနေဖြစ်နိုင်ပါသည်။ သို့မဟုတ် ပင်ကိုယ်အရှိတရားတစ်ခုခုကို အပြုသဘောဖော်ပြချက်အဖြစ် ရှိနိုင်ပါသည်။ ဝိညာဉ်အရှိတရားနှင့် ဆန့်ကျင်ဖက်အဖြစ် ရှိနိုင်ပါသည်။ ဝိညာဉ်အရှိတရားနှင့် ဆန့်ကျင်ဖက်အဖြစ် 'အသား' ကို ဖော်ပြနိုင်သည် (ယောဟန် ၁း၁၄၊ တမန်တော် ၂း၁၇)။ သို့သော် တမန်တော် ပေါလ်အနေဖြင့် 'အသား'ကို ပြစ်တင်ရှုတ်ချသည့်သဘောဖြင့် ဖော်ပြသည်ကများပါသည်။ ဘုရားသခင်၏ဆန္ဒတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ဦးဆောင်မှုတို့နှင့် ဆန့်ကျင်ဖက်ဖြစ်သော လူတစ်ဦး၌ရှိသည့် လွတ်လပ်သော တန်ခိုးစွမ်းအားအဖြစ် ပေါလ်က 'အသား' ကိုဖော်ပြလေ့ရှိသည် (ဂလာတိ ၅း၁၆–၂၁)။

# အခန်း (၆)

၁။ 'ဖွံ့ဖြိုးဆဲအသင်းတော်' (Emerging Church) ဖြစ်ရပ်သည် အတွေးအခေါ် သစ်ကြီးများ၊ ဆက်သွယ်ရေးသစ်များနှင့် တီထွင်ဖန်တီးမှုဆန်သော စမ်းသပ်လုပ်ဆောင်ခြင်းနည်းများဖြင့် အရွယ်ရောက်သူများကို ချဉ်းကပ်ရန် ကြိုးပမ်းမှုဖြစ်သည်။ ဥပမာအားဖြင့် မိုက်ဘရင်း (Mike Breen)နှင့် ဝေါ့တ်ကောလက်စတကf (Walk Kallestad) တို့က ပြုစုရေးသားသော (The Passionate Church: The Art of Life - Changing Discipleship (Colorado Springs: Nexgen of Cook Communication Ministry, 2005) (ကူ ဏာသက်သောအသင်းတော် သို့မဟုတ် အသက်တာပြောင်းလဲ စေသော တပည့်တော်ဖြစ်ခြင်းအနုပညာ)ကို ဖတ်ပါရန်။ ဘရင်းနှင့် ကောလက်စ်တက်တို့က ဘဝပုံသွင်များ (LifeShapes)ကို တပည့်တော် ဖြစ်ခြင်းအတွက် တီထွင်မှုပြုမြင်ရသော ကိရိယာ(creative visual tool) အဖြစ်ပြောဆိုကြပြီး အသက် ၂၀ ကျော်နှင့် ၃၀ ဝန်းကျင်ရှိ လူသန်းပေါင်း များစွာသည် ပုံစံကျအသင်းတော်သို့ ဝတ်ပြုကိုးကွယ်ရန် သွားကြမည် မဟုတ်ကြောင်း၊ အကြောင်းမှာ အသင်းတော်သည် သူတို့အတွက် အခွံမျှသာဖြစ်ပြီး ရပ်ရွာအဖွဲ့အစည်း၏ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ခြင်းမရှိသောကြောင့်ဖြစ်ကြောင်း စောဒကတက်ကြသည်။ ဖွံ့ဖြိုးဆဲ အသင်းတော်လှုပ်ရှားမှု၌ ခေါင်းဆောင်တစ်ဦးဖြစ်ပြီး စာရေးဆရာနှင့် သင်းအုပ်ဆရာဖြစ်သော ဘိုင်ယန်မဂ္ဂလာရင်(Brian Mclaren)ကမူ သခင်ယေရှုခရစ်တော်၌ ဆက်ကပ်ထားပြီး မယုံကြည်သူများအတွက် ယဉ်ကျေးမှုအရ ပိုမိုသဟဇာတဖြစ်ပြီး ပိုမိုထိရောက်သောနည်းလမ်းသစ်များ ကို တင်ပြပါသည်။ ဖွံ့ဖြိုးဆဲအသင်းတော်လှုပ်ရှားမှု စာရေးသူတို့ပြောကြား ချက်များအပေါ် ကျွန်ုပ်တို့သဘောချင်းမတိုက်ဆိုင်မှုများရှိမည်ဖြစ်သော် လည်း အသင်းတော်နှင့်ပတ်သက် သစ်ဆန်းသောနည်းလမ်းများဖြင့် စဉ်းစား တွေးခေါ်ကြရန် သူတို့၏တောင်းဆိုချက်ကိုကြိုဆိုပါသည်။ မဂ္ဂလာရင်က အရင်းအမြစ်များအတွက် အကြံပြုချက်အများအပြား တင်ပြထားရာ သူ၏ ဝက်ဘ်ဆိုက် www.anewkind of christian.com ၌ အသေးစိတ် ကြည့်ရှုနိုင်သည်။

၂။ Robert E. Quinn, Deep Change: Discovering the Leader Within (San Francisco: Jossey- Bass, 1996) (နက်ရှိုင်းသော ပြောင်းလဲခြင်း သို့မဟုတ် ခေါင်းဆောင်ကို အတွင်းကျကျသိရှိရေး)။

၃။ ၄င်း–စာ ၇၈

၄။ ၎င်း–စာ ၁၇၆
၅။ ၎င်း–စာ ၁၇၇
၆။ ၎င်း–စာ ၇

၇။ James C. Collins and Jerry l. Porras a&; Built to Last: Successful Habits of Visionary Companies (New York: Harper Collins, 1994, 1997) (ကြာရှည်ခံရန် တည်ဆောက်ထားခြင်း သို့မဟုတ် ရှေ့ကိုမျှော်ကြည့်သည့် ကုမ ဏီများ၏ အောင်မြင်သော အကျင့်ဓလေ့များ) စာအုပ်၌ 'ကြီးမားပြီး သန့်ရှင်းမွန်မြတ်သော ရဲတင်းသည့်ပန်းတိုင်(Big Holy Audacious Goal -BHAG)အကြောင်း လူကြိုက်များအောင် ပြုခဲ့ကြသည်။ မူလအမည်မှာ Big Hairy Audacious Goal(ကြီးမားပြီး အမွေးအမျှင်ထူသော ရဲတင်းသည့်ပန်းတိုင်)ဖြစ်ပြီး ကျွန်ုပ်တို့၏ ံုးဝန်ထမ်းများက Big Holy Audacious Goal ဟုအမည်ပြောင်းခြင်းဖြစ်သည်။ လွန်ခဲ့သော ရာစုနှစ်တစ်ခုအတွင်း ပြိုင်ဖက်များကို ကျော်လွှားနိုင်ခဲ့ကြသော ကုမ ဏီများအားလုံး BHAG ပန်းတိုင်ထားရှိခဲ့ကြပြီး လက်ရှိအဖွဲ့အစည်း၏စွမ်းဆောင်ရည်ကို သိသာစွာ ကျော်လွန်နိုင်ခဲ့ကြသည်။

၈။ အခန်း(၄)၊ စာမျက်နှာ ၈၆–၈၈ ရှိ 'ဘုရားသခင်၏ ရည်ရွယ်တော်မူချက်များကို အမြဲရှာဖွေပြီး အစေခံလုပ်ဆောင်ပါ' ကိုကြည့်ပါရန်။

၉။ ယနေ့အချိန်တွင် အစေခံခြင်းခေါင်းဆောင်မှု (servant leadership) အယူအဆသည်လူသိများသောအယူအဆဖြစ်သည်။ Robert Greenleaf ရေးသားသော The Servant as Leader (Indianapolis: Robert K. Greenleaf Center, 1991) (အစေခံကျွန်ဖြစ်သော ခေါင်းဆောင်) စာအုပ်သည် ၁၉၇၀ ခုနှစ်က ၎င်းအမည်ဖြင့်ပင်ရေးသားခဲ့သော ဆောင်းပါးကို အခြေခံသော စာအုပ်ဖြစ်သည်။

၁၀။ Bennett J. Sims, Servanthood: Leadership for a Third Millennium (Boston: Cowley Publications, 1997, p. 37) (အစေခံကျွန်ဘဝ သို့မဟုတ် တတိယထောင်စုနှစ်အတွက် ခေါင်းဆောင်မှု)။

၁၁။ Quinn, Deep Change (နက်ရှိုင်းသောပြောင်းလဲခြင်း) စာ ၂၀၄။

## အခန်း (၇)

၁။ ကုမ ဏီကို အောင်မြင်မှုဆီသို့ ပို့ဆောင်ပေးသောအဖွဲ့အစည်း၏အတွင်းအရှာ အသံနှင့်ပတ်သက်သော ရောဘတ်အီကွင်း (Robert E. Quinn)၏

အတွေးအခေါ်များကို အတာ အခြေပြုဖြစ်ပြီး ကိုယ်ပိုင်အကျိုးစီးပွား၏ တွန်းပို့ခြင်းခံရသောခေါင်းဆောင်တစ်ဦး၏ အတွင်းကျကျအသံနှင့် နှိုင်းယှဉ်ပြီး ဖတ်ကြည့်ပါရန်။ ပိုမိုထိရောက်စွာ ဦးဆောင်နိုင်ရေးအတွက် ခေါင်းဆောင်များအနေဖြင့် အဖွဲ့အစည်း၏ အတွင်းကျကျအသံကိုနားထောင်ပြီး ခွန်အားယူနိုင်ကြောင်းကို ဂွင်းက ပုံပမာဖြင့်ဖော်ပြပါသည်။ (နက်ရှိုင်းသော ပြောင်းလဲခြင်း သို့မဟုတ် ခေါင်းဆောင်ကို အတွင်းကျကျသိရှိရေး (Deep Change: Discovering the Leader Within) (San Francisco: Jossey - Bass, 1996, pp. 200-213)။

၂။ အမှန်တရားကိုဖော်ပြနိုင်သည့်အပြင် ကြားသိနားလည်နိုင်သော အစုအဖွဲ့ယဉ်ကျေးမှုတစ်ခုတည်ထောင်ရေး၏အရေးကြီးပုံကို ဂျမ်းစ်စီကောလင်းစ် (James C. Collins) က ဖော်ပြသည်။ အောင်မြင်သော ကုမ္ပဏီများ၌ ကျင့်သုံးနေကြသော အခြေခံလက်တွေ့ကျင့်ထုံးလေးချက်၌ အဖြေများအားဖြင့် မဟုတ်ဘဲ မေးခွန်းများအားဖြင့် တွေ့ဆုံဆွေးနွေးခြင်း၊ စကားအခြေအတင်ပြောခြင်း၊ အပြစ်တင်ခြင်းမပါဘဲ အကြောင်းရင်းများရှာဖွေခြင်း၊ လျစ်လျူရှု မရသော သတင်းအချက်အလက်ယူဆောင်လာနိုင်ရန် ုံး ဝန်ထမ်းများအတွက် 'အလံနီ' အချက်ပြစနစ်ထူထောင်ခြင်းတို့ပါဝင်သည် (Good to Great: Why Some Companies Make the Leap...and Others Don't (New York: Harper Collins, 2001, pp 73-80) (ကောင်းသောအဆင့်မှ ကြီးမြတ်သောအဆင့်သို့ သို့မဟုတ် အဘယ့်ကြောင့် အချို့ကုမ္ပဏီများ ခုန်ပျံကျော်လွှားအောင်မြင်ကြပြီး အချို့ကုမ္ပဏီများ မအောင်မြင်ကြသနည်း)။

၃။ Peter M. Senge ရေး The Fifth Discipline: The Art and Practice of the Learning Organization (New York: Doubleday/Currency, 1990) (ပဥ္စမကျင့်ဝတ်စည်းမျဉ်း သို့မဟုတ် သင်ကြားရေးအဖွဲ့ အစည်း၏ အနုပညာနှင့် လက်တွေ့ကျင့်ထုံး)။ ဆင်ကဲသည် အလုပ်ခွင်ကို အဆင့်တိုင်း၌ သင်ကြားရေးအဖွဲ့အစည်းအဖြစ်သို့ အလုံးစုံပြောင်းလဲရန် စဉ်းစားနေသည်။ သူသည် အဖွဲ့အစည်းများကို အလုံးစုံဖွံ့ဖြိုးတိုးတက်ရေး ရှုထောင့်မှ ကြည့်သူတို့၏ ချန်ပီယံဖြစ်သည်။ စဉ်ဆက်မပြတ်တိုးတက်မှုကို တန်ဖိုးထားပြီး အဖွဲ့၏ဦးတည်ချက်အရေး၌ အသင်းအဖွဲ့သားတစ်ဦးချင်းစီ ၏ ပါဝင်မှုကိုလည်း တန်ဖိုးထားပါသည်။ အစဉ်အလာတစ်ဦးတည်း သို့မဟုတ် တချို့က ဦးဆောင်မှုပေးခြင်းနှင့် ဆန့်ကျင်ဖက်ဖြစ်သည်။

၄။ Stephen R. Covey ရေး The Seven Habits of Highly Effective People: Powerful Lessons in Personal Change (New York: Free Press, 2004) (အလွန်ထိရောက်သော ပုဂ္ဂိုလ်များ၏ အကျင့် ၇ ခု သို့မဟုတ် ပုဂ္ဂိုလ်ရေးပြောင်းလဲမှုအတွက် သင်ခန်းစာကြီး ၇ ခု)။

၅။ ရောမ ၁၂း၃–၇၊ ၁ကော ၁၂ တို့ကိုကြည့်ပါရန်။

၆။ Patrick M. Lencioni ရေး Overcoming the Five Dysfunctions of a Team: A Field Guide for Leaders, Managers, and Facilitators (San Francisco: Jossey-Bass, 2005, p.7) အသင်းအဖွဲ့တစ်ခု၏ အလုပ်မဖြစ်သော အချက်–၅ ချက် သို့မဟုတ် ခေါင်းဆောင်များ၊ မန်နေဂျာများ နှင့် ပံ့ပိုးကူညီသူများအတွက် ကွင်းဆင်းလမ်းညွှန်ချက်)

၇။ ကျွန်ုပ်တို့နားထောင်သောအခါ မိမိတို့ကိုယ်ကို စစ်မှန်စွာ ဖွင့်ထားရန် အရေးကြီးကြောင်း စာမျက်နှာ ၁၅၂ ၌ ဆွေးနွေးချက်များကိုကြည့်ပါရန်။

၈။ တုံ့ပြန်မှုပြုနားထောင်ခြင်းအကြောင်းဆွေးနွေးချက်ကို စာမျက်နှာ ၁၅၇ တွင် ကြည့်ပါရန်။

၉။ နားထောင်ခြင်းအတတ် တိုးတက်ရေးနှင့်ပတ်သက် လမ်းညွှန်ကောင်းများ ကို ယူဂျင်းရောက်ဆက်ပ်(Eugene Raudsepp)၏ဆောင်းပါးဖြစ်သော သင်၏ အလုပ်အကိုင်တိုးတက်ရေးအတွက် နားထောင်ခြင်းအတတ်ကိုမြ ှင့် တင်ပါ။ (The Wall Street Journal Executive Career Site (www.careerjournal.com/ myc/climbing/20020224-raudsepp)ကိုကြည့်ပါရန်။မိမိကိုယ်ကိုယ် ကိုယ်တိုင် အကဲဖြတ်သုံးသပ်ရန် နားထောင်ခြင်း အတတ် ဏ်စမ်းပဟေဠိဖြစ်သော www.career journal.com/ sidebars/ 20021224-raudsepp-quiz ကိုဖတ်ပါရန်(Websites accessed July 2005)။

၁၀။ တွေ့ဆုံဆွေးနွေးခြင်းများ၌ ပဋိပက္ခ၏အကျိုးပြုအခန်းကဏ္ဍနှင့်ပတ်သက် အခန်း (၅) ၌ဖတ်ရှုနိုင်ပါသည်။

၁၁။ ဆုတောင်းခြင်းပါဝင်သော လုပ်ငန်းခွင်၌ ဝိညာဉ်ရေးပတ်ဝန်းကျင်တစ်ခု ဖန်တီးတည်ဆောက်ရေးကို အသင်းအဖွဲ့တစ်ခုအနေဖြင့် အတူတကွ ဘုရား သခင်ထံတော်၌ တောင်းလျှောက်ရန် အကြံပြုချက် အများအပြားကို အခန်း (၅) ၌ ဖတ်ရှုနိုင်ပါသည်။

## အခန်း(၈)

အခန်း(၈)၌ ကိုးကားချက်များသည် သမ္မာကျမ်းစာပါ ကျမ်းပိုဒ်များသာဖြစ်သဖြင့် ဤနေရာ၌ မဖော်ပြခြင်းဖြစ်သည်။

## အခန်း (၉)

၁။ ၁၉၈၀ ပြည့်လွန်နှစ်များမှစ ဂျက်ဖ်ဗန်ဗွန်ဒါရင် (Jeff VanVonderen) သည် မိသားစုမျှော်လင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများ၏ လမ်းကြောင်းများ ဆေးခန်း(Passages Clinic)၌ ဓာတုဆေးစွဲမှုအကြံပြုဆွေးနွေးကုသသူ (chemical dependency counselor) အဖြစ် လုပ်ဆောင်ခဲ့သူဖြစ် သည်။ သူရေးသောစာအုပ်များထဲတွင် Good News for the Chemically Dependent and for Those Who Love Them (Minneapolis: Bethany House, 2004) (ဓာတုဆေးဝါးစွဲသူများနှင့် သူတို့အား ချစ်သူများအတွက် သတင်းကောင်း) စာအုပ်နှင့် Tired of Trying to Measure Up: Getting Free from the Demands, Expectations and Intimidations of Well-Meaning People (Minneapolis: Bethany House, 1989) (မျှော်မှန်းချက်ပြည့်မှီရန် ကြိုးပမ်းခြင်းကို ငြီးငွေ့နေပြီ သို့မဟုတ် စိတ်ကောင်းရှိသူတို့၏လိုအပ်ချက်များ၊ မျှော်မှန်းချက်များနှင့် ခြိမ်းခြောက်မှုများမှ လွတ်မြောက်ခြင်း) စာအုပ်များ ပါဝင်သည်။ ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း ‘တိတ်ဆိတ်မှုကို ဖြိုခွင်းခြင်း’ (Breaking the Silence) ခေါင်းစဉ်ဖြင့် ရှက်ကြောက်ခြင်းနှင့် နာကျင်မှု ဖြင့်ပြည့်သော ကလေးဘဝအတွေ့အကြုံများကို လူတို့ကျော်လွှားနိုင်ရန် သင်တန်းများ ပေးခဲ့သည်။

၂။ ၂ ကောရိန္သုဩဝါဒစာစောင် ၁၃း၁၄ ကို အခြေခံခြင်းဖြစ်သည်။

# လက်ရွေးစင်စာအုပ်များ

၁။ Ackermann, John- Listening to God: Spiritual Formation in Congregations. Bethesda: Alban Institute, 2001 (ဘုရားသခင်ကို နားထောင်တော်မူပြီး အသင်းတော်များ၌ ဝိညာဉ်ရေးတည် ဆောက်ခြင်း)။ ရပ်ရွာအဖွဲ့အစည်းအတွင်း ဘုရားသခင်အား မည်သို့ နားထောင်တော်မူမည်ကို အသင်းတော်များအား သိစေလိုသော သင်းအုပ်ဆရာများနှင့် အသင်းတော် ခေါင်းဆောင်များအတွက် များစွာအထောက် အကူပြုမည့်စာအုပ်ဖြစ်သည်။ အသင်းတော်၏ အသင်းသားများအားလုံးနှင့် အသင်းတော်ခေါင်းဆောင်၏ အတူတကွလုပ်ဆောင်နိုင်စွမ်းကို မြှင့်တင်ပေးမည့် အမျိုးမျိုးသော ဝတ်ပြုကိုးကွယ်မှုများအတွက် အကျိုးပြုမည့် နက်ရှိုင်းသိ အမြောက်အမြားကို အဂ္ဂါမန်းက ဖော်ပြပါသည်။

၂။ Anderson, Leith - Leadership That Works: Hope and Direction for Church and Parachurch Leaders in Today's Complex World. Minneapolis: Bethany House, 1999 (လက်တွေ့ကျသော ခေါင်းဆောင်မှု သို့မဟုတ် ယနေ့ရှုပ်ထွေးနေသော ကမ္ဘာ၌ အသင်းတော်နှင့် ကပ်ပါး အသင်းတော် ခေါင်းဆောင်များအတွက် မျှော်လင့်ခြင်းနှင့် ဦးတည်ချက်)။ မြို့စွန်ရှိ အလွန်ကြီးမားသောအသင်းတော် တစ်ပါး၏ အလွန်ထိရောက်သော ခေါင်းဆောင်ဖြစ်သည့် လိတ်သ်က လက်တွေ့ကျသော ခေါင်းဆောင်မှုဆိုင်မှု အသိဉာဏ်ပညာနှင့် နက်ရှိုင်းသိများကို ပေးပါသည်။ ၂၀၀၀ ပြည့်နှစ်၏ ယနေ့ ခရစ်ယာန်ဘာသာ (Christianity Today) ကပေးသော Church/Pastoral Leadership Book of the Year ဤနှစ်အတွက် အသင်းတော် /သင်းအုပ်ဆရာရေးရာ ခေါင်းဆောင်မှုစာအုပ်)ဆုကို လိပ်သ်၏စာအုပ်က ရရှိခဲ့သည်။

၃။ Antonello, Jean - Getting Kids to Talk: Safe and Successful Teen Support Groups. Plymouth, Minn.: Family Hope Services, 2004 (ကလေးများအား စကားပြောစေခြင်း သို့မဟုတ် လုံခြုံဘေးကင်းပြီး အောင်မြင်မှုရှိသော ဆယ်ကျော်သက်အထောက်အကူပြုအဖွဲ့များ)။ အန်တိုနေလိုသည် မိသားစုမျှော်လင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများအဖွဲ့၏ ထရီးဟောက်စ်လူငယ်လူမှုရိပ်သာ (outreach) ဝန်ထမ်းများအား မေးမြန်းခဲ့ပြီး သူတို့၏နာကျင်မှုများနှင့် ပြန်းကန်လှုပ်ရှားမှုများကို လုံခြုံစိတ်ချစွာ ဖွင့်ပြောနိုင်မည့် ပတ်ဝန်းကျင်တစ်ခုဖန်တီးရေးအတွက် အဓိကအခြေခံမှုများနှင့် လက်တွေ့ကျင့်ထုံးများကို သတ်မှတ်ဖော်ပြပါသည်။ အောင်မြင်သော

ဆယ်ကျော်သက်အထောက်အကူပြုအဖွဲ့များ၏ အနှစ်သာရမှာ အကဲဖြတ်ခြင်းနှင့် ဆုံးဖြတ်မှုသဘောမပါသော စိတ်နေစိတ်ထားနှင့် ကျေးဇူးတော် ပတ်ဝန်းကျင်အနေအထားဖြစ်သည်။

၄။ Blackaby, Henry T. and Claude V. King - Experiencing God: How to Live the Full Adventure of Knowing and Doing the Will of God. Nasville: Broadman & Holman, 1994 (ဘုရားသခင်အား ကြုံတွေ့ခံစားခြင်း သို့မဟုတ် ဘုရားသခင်၏အလိုတော်ကို သိရှိခြင်းနှင့် လုပ်ဆောင်တော်မူခြင်းဆိုင်ရာ စွန့်စားမှုအပြည့်ဖြင့် နေထိုင်နည်း)။ ဘလက ဘဘီသည် အသင်းတော်များနှင့် တစ်ဦးချင်းပုဂ္ဂိုလ်များအတွက် ရည်ရွယ်ပြီး နှစ်ပေါင်းများစွာသော သင်းအုပ်ဆိုင်ရာ အတွေ့အကြုံများကို အခြေပြုရေးသားသော အရောင်းရဆုံးစာအုပ်ဖြစ်သည်။ သူက ဘုရားသခင်နှင့်ပတ်သက်သော ဘဝရပ်တည်ရေး ဆိုင်ရာ လက်တွေ့ကျသည့် လမ်းညွှန်ချက်များကိုပေးပါသည်။ ဘုရားသခင်တက်ကြွစွာ အလုပ်လုပ် တော်မူရာနေရာများကိုရှာဖွေပြီး ၎င်းတို့၌ ဘုရားခင်နှင့်အတူတကွ အလုပ်လုပ်တော်မူကြပါရန် စာဖတ်သူတို့အား တိုက်တွန်းထားသည်။

၅။ Collins, James C. Good to Great: Why Some Companies Make the Leap... and Others Don't. New York: Harper Business, 2001 (ကောင်းသောအဆင့်မှ ကြီးမြတ်သောအဆင့်သို့ သို့မဟုတ် အဘယ့်ကြောင့် အချို့ကုမ ဏီများ ခုန်ပျံကျော်လွှားအောင်မြင်ကြ ပြီး အချို့ကုမ ဏီများ မအောင်မြင်ခဲ့ကြသနည်း)။ ကောင်းသောကုမ ဏီအဆင့်မှ ကြီးမြတ်သော ကုမ ဏီအဆင့်သို့ အောင်မြင်စေသော ထူးခြားသည့်နက်္ခ ူင်း သိများကို ကောလင်းစ်နှင့်အဖွဲ့ သုတေသီတို့က ပြုစုဖော်ပြကြသည်။ သူ၏ ကျယ်ပြန့်လှ သော သုတေသနသည် ၂၀ ရာစု၏ အမေရိကန်ဦးဆောင်ကုမ ဏီ အမြောက်အမြားအကြောင်းကို ထည့်သွင်းဖော်ပြထားပါသည်။ အမြတ် အစွန်းမယူသောအဖွဲ့အစည်းများ ကမ္ဘာအတွက်နှင့် စီးပွားရေးလောက အတွက်ပါ ခေါင်းဆောင်များနှင့် အဖွဲ့အစည်းများအတွက် ဤအရောင်းရဆုံး စာအုပ်နှင့် အများလေးစားကိုးကားခြင်း ခံရသာစာအုပ်ကို ကျွန်ုပ် အဆိုပြု ပါသည်။

၆။ Covey, Stephen R. - The Seven Habits of Highly Effective People: Powerful Lessons in Personal Change. New York: Free Press, 2004 (အလွန်ထိရောက်သောပုဂ္ဂိုလ်ရေးပြောင်းလဲမှုအတွက် သင်ခန်းစာကြီး (၇)ခု။ ကော်ဗေး၏ ဂန္တဝင်စာအုပ်ကို ခေတ်မီစွာပြုပြင် တည်းဖြတ်ထားသော လူသိများသည့် ဤစာအုပ်သည် ပန်းတိုင်ရောက်ရှိရေးနှင့် တခြားလူတို့နှင့်

ထိရောက်စွာ အတူတကွ လုပ်ဆောင်ရေးအတွက် အထောက်အကူပြု အရင်းအမြစ်စာအုပ်ဖြစ်သည်။ ဤဖတ်ရလွယ်ကူပြီး လက်တွေ့ကျသော စာအုပ်၌ သူ၏နက်ရှိုင်းသိမှုများကို ချက်ချင်းတွေ့နိုင်ပါသည်။

၇။ Crabb, Larry - Connecting: A Raical New Vision, Nashville: W. Publishing Group, 1997 (ဆက်စပ်နေခြင်း သို့မဟုတ် တက်ကြွတော်လှန်သော ရူပါုံတစ်ခု (ရူမြင်ပုံဖော်မှုတစ်ခု)။ စိတ်ကုထုံးပညာရှင်ဖြစ်သော ခရက်ဘ်သည် သူ၏နှစ်ပေါင်းများစွာသော အတွေ့အကြုံထဲမှ ရေးသားခြင်းဖြစ်သည်။ ခရစ်ယာန်တို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အဓိပ္ပာယ်ရှိစွာ ဆက်ဆံကူညီကြခြင်းပြုကြပါက စိတ်ကုထုံးပညာလည်း လိုအပ်မှုလျော့နည်းသွားမည်ဟု ခရက်ဘ်ကဆိုသည်။

၈။ de Caussade, Jean- Pierre, The Sacrament of the Present Moment (လက်ရှိအခိုက်အတန့်ကာလ၏ မွန်မြတ်မှု)။ မူလစာအုပ်အမည်မှာ Self-Abandonment to Divine Providence, 1966 ဖြစ်ပြီး ဘုရားသခင်စီမံတော်မူရာသို့ မိမိကိုယ်ကိုယ် စွန့်ပစ်ခြင်းဟု အကြမ်းဖျင်းပြန်ဆိုနိုင်မည်ဟုယူဆသည်။ ၎င်းကို ကစ်တီမတ်ဂါရိဂျ် (Kitty Mugeridge) က ပြင်သစ်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ပြန်ဆိုခဲ့သည် (San Francisco: Harper & Row, 1981)။ ဤစာအုပ်ငယ်ကလေးသည် ၁၈ ရာစုခေတ် ပြင်သစ်ပြည်တွင် ယန်ပီးယေးဒီကောဆိတ်၏ ပြောဆိုဆွေးနွေး ချက်များနှင့် ရေးစာများမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ဘုရားသခင်နှင့် အမြဲတမ်းထိတွေ့မှု အသိတရားနှင့်အတူ အသက်ရှင်နေထိုင်သောသူအတွက် လျှို့ဝှက်နက်နဲသော အသက်တာဘဝနှင့်ပတ်သက်ပြီး လက်တွေ့ကျသော နက်ရှိုင်းသိမှုများကို ဘရာသာကော်ဆိတ်က တင်ပြထားပါသည်။ အခိုက်အတန့်ကာလ တစ်ခုပြီးတစ်ခု ဘုရားသခင်က ဖွင့်လှစ်ဖော်ပြတော်မူသော အလိုတော်ကို မေတ္တာနှင့်နာခံလျက် ဘုရားသခင်ထံတော်၌ ယုံကြည်သူတို့ကို ဆက်ကပ်အပ်နှံကြရန် ကော်ဆိတ်က တိုက်တွန်းခဲ့သည်။

၉။ Dreyer, Elizabeth A., and Mark S. Burrows eds. Minding the Spirit: The Study of Christian Spirituality. Baltimore: Johns Hopkins University Press, 2005 (ဝိညာဉ်တော်ကို ဂရုစိုက်တော်မူခြင်း သို့မဟုတ် ခရစ်ယာန်ဝိညာဉ်အနှစ်သာရပြည့်ဝခြင်းကို လေ့လာခြင်း)။ ထိပ်ဆုံးပညာရှင်များရေးသားခဲ့သော ခရစ်ယာန်ဝိညာဉ် အနှစ်သာရပြည့်ဝခြင်း အကြောင်း လေ့လာဆန်းစစ်သည့် ခေတ်ပြိုင်ဆောင်းပါး ၂၅ ခုတို့ကို ပါမောက္ခနှစ်ဦးဖြစ်သော ဒရေးယာနှင့်ဘာိုးစ်တို့က ရွေးထုတ်ထားခြင်း ဖြစ်သည်။ ဝိညာဉ်အနှစ်သာရပြည့်ဝခြင်းသည် ကျောင်းသားများနှင့်

ဆရာများသာမက လက်တွေ့ကမ္ဘာထဲမှ ခေါင်းဆောင်များနှင့် အခြားပုဂ္ဂိုလ်တို့ပါ လေ့လာအပ်သော အဆင့်မြင့်တကက သိုလ်ပညာရပ်တစ်ခုဖြစ်ကြောင်း ဝိညာဉ်တော်ကို ဂုဏ်ပြုစိုက်တော်မူခြင်းစာအုပ်က ပြသပါသည်။

၁၀။ Foster, Richard J. - Celebration of Discipline: The Path to Spiritual Growth. New York; Harper & Row, 1978 (စည်းကမ်းကျင့်ဝတ်ကို ကြိုဆိုဂုဏ်ပြုခြင်း သို့မဟုတ် ဝိညာဉ်ရေးတိုးတက်ရေးလမ်း) စာအုပ်။ ဤစာအုပ်သည် ဝိညာဉ်ရေးကျင့်ဝတ်စည်းမျဉ်းများနှင့်ပတ်သက်သော ခေတ်သစ်ဂန္ထဝင်စာအုပ်ဖြစ်ပါသည်။ ခရစ်ယာန်သက်ဝင်ယုံကြည်မှုအတွက် လူသစ်များနှင့် ဝိညာဉ်ရေးအရ တိုးတက်လိုသူတို့အတွက် အကောင်းဆုံး လက်တွေ့ကျင့်ထုံးများ ညွှန်ပြသောစာအုပ်ဖြစ်သည်။

၁၁။ Geoffrion, Jill Kimberly Hartwell. Christian Prayer and Labyrinths: Pathways to Faith, Hope and Love. Cleveland: Pilgrim Press, 2004 (ခရစ်ယာန်ဆုတောင်းခြင်းနှင့် ဥယျာဉ်ဝင်္ကဘာများ သို့မဟုတ် သက်ဝင်ယုံကြည်မှု၊ မျှော်လင့်ခြင်းနှင့် မေတ္တာသို့သွားရာလမ်းများ)။ ဤစာအုပ်သည် စာရေးသူ၏ထုတ်ဝေပြီးစာအုပ် (၇) အုပ်အနက် တစ်အုပ်ဖြစ်ပြီး ဥယျာဉ်ဝင်္ကဘာကို ဝိညာဉ်ရေးအရင်းအမြစ်တစ်ခုအဖြစ် အသုံးပြုသော စာအုပ်ဖြစ်သည်။ ၎င်းအတွက် လက်တွေ့အသုံးကျသောနည်းအများအပြားကို ဖော်ပြထားသည်။ ဥယျာဉ်ဝင်္ကဘာလမ်း၌ လျှောက်လှမ်းခြင်းကို ခရစ်ယာန် ရှုထောင့်မှ ထင်ရှားစွာပြသဖော်ပြပြီး မိမိတို့လမ်းခရီး၌ ဘုရားသခင်ကို ရှာဖွေသူတို့အတွက် အခွင့်အလမ်းများကို အများဆုံးအသုံးချနိုင်ရန် လမ်းညွှန်ပေးပါသည်။

၁၂။ Jones, Tony. The Sacred Way: Spiritual Practices for Everyday Life. Grand Rapids: Zondervan, 2005 (မွန်မြတ်သော လမ်း သို့မဟုတ် နေ့စဉ်အသက်တာအတွက် ဝိညာဉ်ရေးလက်တွေ့ကျင့်စဉ်များ)။ မွန်မြတ်သောလမ်း စာအုပ်သည် ခေတ်ပြိုင်ဘာသာစကားဖြင့် ဝိညာဉ် ရေးလက်တွေ့ကျင့်ထုံးများကို အကောင်းဆုံးမိတ်ဆက်ပေးသောစာအုပ်ဖြစ်သည်။ သာမန်လူများ နားလည်နိုင်သောရေးဟန်ဖြင့် ဂျုံးစ်သည် သူကိုယ်တိုင်၏ ခရီးစဉ်အကြောင်း လက်တွေ့ကျသော အကြံပြုချက်များ ပေးသွားပါသည်။ ယခုခေတ်နှင့် သဟဇာတဖြစ်နေဆဲ ရှေးခေတ်လက်တွေ့ကျင့်ထုံးများအပေါ် သူ၏သုံးသပ်ချက်သည် သူတို့၏ဝိညာဉ်ရေးအသက်တာ၌ ဘုရားသခင်၏ ဆွဲခေါ်တော်မူခြင်းခံရသည်ဟု ယူဆသူတို့အတွက် လွန်တန်ဖိုးရှိသည်။

၁၃။ Lawrence, Brother. The Practice of the Presence of God (ဘုရားသခင်၏အနီးနားတွင်ရှိနေတော်မူခြင်းကို လက်တွေ့ကျင့်သုံးခြင်း)– အမျိုးမျိုးသောထုတ်ဝေသူတို့က ပုံစံအမျိုးမျိုးဖြင့် ထုတ်ဝေကြသည့် ဤစာအုပ်ငယ်သည် တစ်နေ့တာအတွင်း အခြေအနေအရပ်ရပ်၌ ဘုရားသခင်အား တဆက်တစပ်တည်းသိရှိတော်မူခြင်းနှင့်အတူ နေထိုင်ခြင်း၌ ဂန္ထဝင်လမ်းညွှန်စာအုပ်ဖြစ်သည်။ ဘုရားသခင်ကို မည်ကဲ့သို့ချစ်ရမည်ကို လောရင့်စ်သည် သင်ယူသိရှိလာခဲ့ပြီး သူ၏သာမန်နေ့စဉ်အသက်တာဘဝ၌ပင် ဘုရားသခင်၏ အပြုအမူ လုပ်ဆောင်တော်မူမှုများပါဝင်သည်ကို သတိထားလာခဲ့သည်။ စာအုပ်၌ သူ၏နက်ရှိုင်းသိများနှင့် လက်တွေ့ ကျင့်ထုံးများကို ဖော်ပြထားသည်။

၁၄။ Lencioni, Patrick M, Overcoming the Five Dysfunctions of a Team: A Field Guide for Leaders Managers, and Facilitators, San Francisco: Jossey- Bass, 2005(အသင်းအဖွဲ့တစ်ခု၏ အလုပ်မဖြစ်သော အချက် ၅ ချက် သို့မဟုတ် ခေါင်းဆောင်များ၊ မန်နေဂျာများနှင့်ပံ့ပိုးကူညီသူများအတွက် ကွင်းဆင်းလမ်းညွှန်ချက်)။ ဤစာအုပ်၌ လင်ချီယိုနီသည် သူ၏အရောင်းရဆုံးစာအုပ်ဖြစ်သော အင်းအဖွဲ့တစ်ခု၏ အလုပ်မဖြစ်သော အချက်ငါးခု စာအုပ်၏နောက်ဆက်တွဲအဖြစ် လက်တွေ့ကျသော အကြံပြုချက်အများအပြားကို တင်ပြခဲ့သည်။ အသင်းအဖွဲ့များ အတူတကွအကျိုးရှိစွာ လုပ်ဆောင်ရေး၌ အဓိကအဟန့်အတားပြုသည့်အရေးကိစ များကို ထောက်ပြသွားပြီး အသင်းအဖွဲ့များ အကျိုးရှိစွာ အတူတကွလုပ်ဆောင်စေနိုင်မည့် နက်ရှိုင်းသိများကို ညွှန်ပြပေးပါသည်။

၁၅။ May, Gerald G. Addiction and Grace: Love and Spirituality in the Healing of Addictions, New York: Harper Collins, 1988 (စွဲလမ်းခြင်းနှင့်ကျေးဇူးတော် သို့မဟုတ် စွဲလမ်းခြင်းများကို ကုသပျောက်ကင်းရေး၌ ချစ်ခြင်းမေတ္တာနှင့် ဝိညာဉ်အနှစ်သာရပြည့်ဝခြင်း)။ ယခင်စိတ်ကုထုံးပညာရှင်နှင့် ဝိညာဉ်ရေးလမ်းညွှန်ဖြစ်ခဲ့သော မေသည် စွဲလမ်းခြင်းဟူသမျှ၏ ဇီဝကမ္မဗေဒဆိုင်ရာနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ အရည် အသွေးများအပေါ် နက်ရှိုင်းသိများ ပေးပါသည်။ အများသိစွဲလမ်းခြင်းများမှ ဥပမာအရက်စွဲခြင်းမှသည် သာမန်စွဲလမ်းခြင်းဟု ယူဆရသော ုပ်ရှင်ကြည့်ခြင်း သို့မဟုတ် အချိုပွဲစားခြင်းတို့အထိပါသည်။ စွဲသူများအတွက် မျှော်လင့်ခြင်း၏ ချုပ်ကိုင်မှုအောက်မှ ုန်းထွက်စေနိုင်သော အရာဖြစ်သည်ဟု မေက ယူဆသည်။

၁၆။ May, Gerald G. The Awakened Heart: Opening Yourself to the Love You Need. San Francisco: Harper. Francisco, 1991 (နိုးကြားသောနှလုံးသား သို့မဟုတ် သင်လိုအပ်နေသော မေတ္တာအတွက် သင့်ကိုယ်သင် တံခါးဖွင့်ထားပါ)။ နိုးကြားသောနှလုံးသား စာအုပ်၌ ကျွန်ုပ်တို့ လိုအပ်နေသော ချစ်ခြင်းမေတ္တာအတွက် ဘုရားသခင်ကို စောင့်မျှော်တော်မူကြရန် မေကစာဖတ်သူတို့အား တိုက်တွန်းထားပါသည်။ ဘာသာရေးလောကရင့်စိတ်၏ လက်တွေ့ကျင့်ထုံးများအကြောင်း အကျယ်ချဲ့ ဆွေးနွေးချက်ကိုလည်း ဤစာအုပ်၌ မေက ဖော်ပြထားပါသည်။

၁၇။ McGee, Robert S. The Complete Search for Significance: Seeing Your True Worth through God's Eyes. Houston: Rapha Publishing, 1994 (ထူးခြားမှုအတွက် အပြည့်အစုံရှာဖွေခြင်း သို့မဟုတ် ဘုရားသခင်၏ ရှုထောင့်မှ သင်၏စစ်မှန်သော ထိုက်တန်မှုကို တွေ့ရှိခြင်း)။ မဂ္ဂီးသည် လူသားတို့၏အကြောက်တရား၊ ရှက်ကြောက်ခြင်းနှင့် ကျွန်ုပ်တို့၏ အရေးပါအရာရောက်သူဟူသော ခံစားချက်လိုအပ်မှု တို့အကြောင်းနှင့် ပတ်သက် နက်ရှိုင်းသိမ်များကို တင်ပြပါသည်။ သူ၏စာအုပ်သည် ဘုရားသခင်၏မေတ္တာတော်၊ ကယ်တင်ခြင်း၊ သန့်ရှင်းမွန်မြတ်စေခြင်း (သိဒ္ဓိတင်ခြင်း) တို့ကို ယုံကြည်ပြီး မိမိတို့၏ကြောက်ရွံ့ခြင်းကိုကျော်လွှားကာ လုံခြုံမှုနှင့် အရေးပါမှုခံစားချက်များရှိစေရေး၌ စာဖတ်သူတို့အား စာတွေ့ပိုင်းနှင့် လက်တွေ့ပိုင်းအကူအညီများ ပေးနိုင်သောစာအုပ်ဖြစ်သည်။

၁၈။ Myra, Harold and Marshall Shelley. The Leadership Secrets of Billy Graham. Grand Rapids: Zondervan, 2005 (ဘီလီဂရာဟမ်၏ ခေါင်းဆောင်မှုလျှို့ဝှက်ချက်များ)။ ၂၀ ရာစု၏ ခရစ်ယာန်ခေါင်းဆောင်များ အနက် ဩဇာအရှိဆုံးတစ်ဦးဖြစ်သူ၏ အသက်တာဘဝနှင့် အမှုတော်ဆောင် လုပ်ငန်းတို့ကို နောက်ခံပြုပြီး ခိုင်မာသော ခေါင်းဆောင်မှုအခြေခံမှုများကို စာအုပ်၌ဖော်ပြထားပါသည်။ စာအုပ်၏ လမ်းညွှန်လေ့လာမှုက စာအုပ်၏ နက်ရှိုင်းသိမ်များအပေါ် တုံ့ပြန်သုံးသပ်ချက်များ အများအပြားဖော်ပြထားသည်။

၁၉။ Quinn, Robert E. Deep Change: Discovering the Leader Within. San Francisco: Jossey-Bass, 1996 (နက်ရှိုင်းသောပြောင်းလဲခြင်း သို့မဟုတ် ခေါင်းဆောင်ကို အတွင်းကျကျ သိရှိရေး)။ 'နှေးကွေးသောသေခြင်း' (slow death) ကိုဖြစ်စေသော မပြောင်းလဲခြင်း၏ အန္တရာယ်ကို သုပ်ဖော်ထားသော စီးပွားရေးအတွေ့အကြုံများကို ဂွင်းက နောက်ခံပြု ရေးသားသည်။ မိမိတို့ကိုယ်တိုင်၌ဖြစ်စေ၊ မိမိတို့၏အဖွဲ့အစည်း၌ဖြစ်စေ ပြောင်းလဲခြင်းလိုအပ်မှုကို ကိုင်တွယ်ဖြေရှင်းလိုသူတို့အတွက် ဂွင်း၏

ဆင်ခြေများနှင့် သုတ်ဖော်ချက်များသည် အလွန်အကျိုးရှိပြီး အထောက်ကူပြုမည်ဖြစ်သည်။

၂၀။ Sanders, J. Oswald. Spiritual Leadership: Principles of Excellence for Every Believer. second revision. Chicago: Moody Press, 1994 (ဝိညာဉ်ရေးခေါင်းဆောင်မှု သို့မဟုတ် ယုံကြည်သူ အသီးသီးအတွက် အကောင်းဆုံးအခြေခံမှုများ)။ ဤစာအုပ်သည် ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း ဆင်ဒါစ်၏ပင်လယ်ရပ်ခြားအမှုတော်ဆောင်လုပ်ငန်း ဝန်ထမ်းများသို့ ပြောကြားချက်များအား စုစည်းချက်များကို ခေတ်နှင့်အညီ ပြန်လည်တည်းဖြတ်ထားသောစာအုပ်ဖြစ်သည်။ ဤစာအုပ်၌ စစ်မှန်သော ဝိညာဉ်ရေးပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် ခေါင်းဆောင်တစ်ဦး၏ ဉ်များ (traits) သို့မဟုတ် လက္ခဏာများကို ဆင်ဒါစ်က ဖော်ပြထားသည်။ နက်ိုင်း သိများနှင့် သုပ်ဖော်မှုများအတွက် ကျမ်းစာကိုးကားချက်များနှင့် ဗြိတိသျှ နိုင်ငံရေးနှင့် စစ်ရေးခေါင်းဆောင်များကို အဓိကထားပြီးအခြေခံခဲ့သည်။ ဖတ်ချင်စဖွယ်ကောင်းသောစာအုပ်ဖြစ်ပြီး မည်သည့်ခရစ်ယာန်ခေါင်းဆောင် အတွက်မဆို အခြေခံကျသော လမ်းညွှန်စာအုပ်ဖြစ်သည်။

၂၁။ Senge, Peter M. The Fifth Discipline: The Art and Practice of the Learning Organization. New York: Doubleday Currency, 1990 (ပဥ္စမကျင့်ဝတ်စည်းမျဉ်း သို့မဟုတ် သင်ကြားရေးအဖွဲ့ အစည်း၏ အနုပညာနှင့်လက်တွေ့ကျင့်ထုံး)။ စီမံခန့်ခွဲမှုပညာပါရဂူဖြစ်သော ပီတာဆင်ကေသည် သူ၏ 'သင်ကြားရေးအဖွဲ့အစည်း' အမည်ဖြင့်ပေးသော ပို့ချချက်များ၌ အမှုဆောင်အရာရှိများအနေနှင့် ဆက်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် တခြားလူတို့၏အတွေ့အကြုံနှင့် အတွေးအခေါ်တို့မှ သင်ယူလိုသော နှိမ့်ချစိတ်ထားရေးတို့ကို ကောင်းစွာသိရှိကြသောအခါ ၎င်းတို့၏ကုမ္ပဏီများသည် အောင်မြင်မှုရရှိကြပြီး ၎င်းတို့၏ခေါင်းဆောင်မှု လည်း အောင်မြင်သည်ဟု အလေးအနက်ပြောပါသည်။

၂၂။ Smith, Martin L. The Word Is Very Near You: A Guide to Praying with Scripture. Cambridge, Mass. : Cowley Publications, 1989 (နှုတ်ကပတ်တော်သည် သင်နှင့် နီးကပ်စွာရှိတော်မူ သည် သို့မဟုတ် ကျမ်းစာတော်နှင့်အတူ ဆုတောင်းခြင်းလမ်းညွှန်)။ အီပီစကိုပယ်အသင်းတော်၏ ဘုန်းတော်ကြီးနှင့် စာရေးဆရာဖြစ်သော စမစ်က ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်ဆက်သွယ်ရာတွင် ကိုယ်တော်တိုင် လက်ဦးမှုယူပြီး ဆက်သွယ်ကြောင်းကို စာဖတ်သူတို့နားလည်သဘောပေါက်ရန် ကူညီပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင် အစပြုတော်မူခဲ့သော စကားစမြည်ပြောခြင်းကို

ဆက်လက်လုပ်ဆောင်ခြင်းဖြင့် တုံ့ပြန်နိုင်ပါသည်။ သမ္မာကျမ်းစာနှင့်အတူ ဆုတောင်းရာ၌ စမစ်က လက်တွေ့ကျသောနည်းများနှင့် အကြံပြုချက်များ ပေးသွားပါသည်။

၂၃။ Thompson, C. Michael. The Congruent Life: Following the Inward Path to Fulfilling Work and Inspired Leadership. San Francisco : Jossey-Bass, 200 (သင့်တော်သောအသက် တာဘဝ သို့မဟုတ် အတွင်းအဖျော လမ်းကြောင်း လိုက်လျှောက်ခြင်းမှသည် အလုပ်တာဝန်ပြီးမြောက်စေခြင်းနှင့် နိုးဆော်ခြင်းခံရသော ခေါင်းဆောင်မှုဆီသို့)။ သွမ်ဆင်သည် အဖွဲ့အစည်းနှင့် တစ်ဦးချင်းပုဂ္ဂိုလ်တို့၏ ခေါင်းဆောင် မှုတိုးတက်ရေးကို အဓိကထားသော အတိုင်ပင်ခံလုပ်ငန်းတစ်ခုလုပ်ဆောင် နေသူဖြစ်သည်။ တီထွင်ဖန်တီးမှုရှိသော ခေါင်းဆောင်မှုရိပ်သာ (Center for Creative Leadership) အဖွဲ့နှင့်လည်း အတူတကွလုပ်ဆောင် နေသူဖြစ်သည်။ **သင့်တော်သော အသက်တာဘဝ** စာအုပ်၌ ဝိညာဉ်အနှစ် သာရပြည့်ဝခြင်းကို အဓိကထားပြီး တစ်စုတစည်းတည်းဖြစ်သော အသက် တာအပေါ်အခြေခံသည့် ပုဂ္ဂိုလ်ရေးပြီးမြောက်ကျေနပ်မှုနှင့် အောင်မြင်သော ခေါင်းဆောင်မှုတို့နှင့် ပတ်သက် အထောက်အကူပြုမည့် နက်ရှိုင်းသိများ ကို ဖော်ပြပါသည်။

၂၄။ Thrall, Bill, Bruce McNichol, and Ken McElrath. The Ascent of a Leader: How Ordinary Relationships Develop Extraordinary Character and Influence. San Francisco: Jossey-Bass, 1999 (ခေါင်းဆောင်တစ်ဦးတက်သွားခြင်း သို့မဟုတ် သာမန်ဆက်ဆံရေးဘဝမှ ထူးကဲစွာ စရိုက်လက္ခဏာပြုစုပျိုးထောင်ခြင်းနှင့် ဩဇာလွှမ်းမိုးခြင်းသို့ တိုးတက်သွားခြင်း)။ **ခေါင်းဆောင်တစ်ဦး တက်သွားခြင်း** စာအုပ်၌ စွမ်းဆောင်ရည်လေ့ခါးနှင့် စရိုက်လက္ခဏာလေ့ခါးတို့ကို ပြိုင်ဖက် အဖြစ်ထားပါသည်။ ခေါင်းဆောင်အများစုသည် မိမိတို့၏ စွမ်းဆောင်ရည် (capacity)ကို ရာထူးဂုဏ်နှင့် တာဝန်ဝတ ရားမြှင့်တင်ရေးအတွက် တိုးတက်စေရန် စတင်လုပ်ဆောင်ကြပါသည်။ သို့သော် ဤစာအုပ်၌ စာရေးသူတို့ကမူ တစ်စုံတစ်ဦး၏စရိုက်လက္ခဏာ (character) ပြုစုပျိုးထောင်ရေးသည် ပိုမိုအရေးကြီးသည်ဟု စောဒကတက်ကြသည်။ နောက်ဆုံး၌ အောင်မြင်သော ခေါင်းဆောင်များသည် စွမ်းဆောင်ရည်နှင့် စရိုက်လက္ခဏာတို့ကို ပေါင်းစည်းသွားကြသည်။

၂၅။ VanVonderen, Jeff. Good News for the Chemically Dependent and for Those Who Love Them. Minneapolis: Bethany House, 2004 (ဓာတုဆေးဝါးစွဲသူများနှင့် သူတို့အား ချစ်သူများ အတွက် သတင်း

ကောင်း)။ ခေတ်ဆေးစွဲသူတိုင်းအတွက် ဤစာအုပ်သည် အမှန်ပင်သတင်းကောင်းဖြစ်ပါသည်။ ဆေးစွဲသူတို့ ရင်ဆိုင်နေရသော မေးခွန်း များနှင့် ၎င်းတို့ကို ကူညီသူတို့ရင်ဆိုင်နေရသော မေးခွန်းများအတွက် ဗန်ဗွန်ဒါရင်က အဖြေများ ပေးထားပါသည်။ ယင်းအဖြေများသည် ဆေးစွဲခြင်းနှင့်ပတ်သက်ပြီး သူ၏အတွေ့အကြုံများမှပေါ်ထွက်လာသော အဖြေများဖြစ်ကြသည်။

၂၆။ VanVonderen, Jeff. Tired of Trying to Measure Up: Getting Free From the Demands, Expectations and Intimidations of Well-Meaning People. Minneapolis: Bethany House, 1989 (မျှော်မှန်းချက်ပြည့်မီရန်ကြိုးပမ်းခြင်းကို ငြီးငွေ့နေပြီ သို့မဟုတ် စိတ်ကောင်းရှိသူတို့၏လိုအပ်ချက်များ မျှော်မှန်းချက်များနှင့် ခြိမ်းခြောက်မှုများမှ လွတ်မြောက်ခြင်း)။ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ကုသပျောက်ကင်းခြင်း တန်ခိုးစွမ်းအားနှင့် တစ်ခုလုံးဘဝရရှိရေးကို စာရေးသူက အလေးထားပါသည်။ ကျွန်ုပ်တို့၏အသက်တာကိုရှက်ကြောက်ခြင်းနှင့် တခြားလူတို့၏ မျှော်မှန်းချက်များ၏ ထိန်းချုပ်ခြင်းကို ခွင့်ပြုမည်ဆိုပါက ကျွန်ုပ်တို့သည် တန်ခိုးစွမ်းအားကင်းမဲ့စွာ ပျက်စီးရန်သာရှိသည်ဟု သူကဆိုသည်။

၂၇။ Willard, Dallas. The Spirit of the Disciplines: Understanding How God Changes Lives. San Francisco: HarperSanFransisco, 1988(ကျင့်ဝတ်စည်းမျဉ်းများ၏ ဝိညာဉ်တော် သို့မဟုတ် အသက်တာဘဝများကို ဘုရားသခင် မည်သို့ပြောင်းလဲတော်မူခြင်းကို နားလည်သဘောပေါက်ခြင်း)။ တောင်ပိုင်းကယ်လီဖိုးနီးယားတက္က သိုလ်၌ ဒ နကဗေဒပါမောက္ခဖြစ်သော ဝီးလပ်သည် ဝိညာဉ်ရေးတိုးတက်မှု၌ နိုင်ငံကျော်စကားပြောကောင်းသူ ဖြစ်သည်။ မိမိတို့၏ ဝိညာဉ်ရေးရင့်ကျက်မှုအတွက် မိမိတို့ကိုယ်တိုင် တာဝန်ယူရမည်ဖြစ်ကြောင်း ခရစ်ယာန်တို့အား ပါမောက္ခ ဝီးလပ်က ဆိုသည်။ မိမိတို့၏ စ႑ိုက်လက္ခဏာကိုပြုစုပျိုးထောင်ပြီး ဖွံ့ဖြိုးတိုးတက်စေလျက် အဓိပ ၢယ်ရှိသော အသက်တာဘဝဖြင့် နေထိုင်လိုသူတို့သည် လက်တွေ့ လုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ကြောင်း ဝီးလပ်က တိုက်တွန်းခဲ့သည်။

ဘာသာပြန်သူ
**ဆလိုင်း ရှန်အောရ် ဗန်နှင်း**
(Salai Siangawer Vanhnin)

ဘာသာပြန်သူ ဆလိုင်းရှန်အောရ်ဗန်နှင်း (Salai Siangawr Vanhnin) သည် ရန်ကုန်တက္ကသိုလ် ဒနိကဗေဒဌာနတွင် စာချပုဂ္ဂိုလ်အဖြစ် ကာလအတန်ကြာ ထမ်းဆောင်ခဲ့ပြီးနောက် ရှစ်လေးလုံး အရေးတော်ပုံနှင့် ဆက်စပ်ပြီး ၁၉၈၈ ခုနှစ် နိုဝင်ဘာလတွင် အလုပ်မှ ထုတ်ပယ်ခြင်းခံခဲ့ရသည်။ ထို့နောက် အဆင့်မြင့်ဓမ္မ ပညာရပ်များကို မြန်မာနိုင်ငံဓမ္မတက္ကသိုလ် (MIT) နှင့် Trinity Theological College (Singapore) တို့၌လေ့လာခဲ့ပါသည်။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ (MCC) ၏ မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံဓမ္မသိပံ (Myanmar Ecumenical Institute- MEI) ၌ ၁၅ နှစ်ခန့် အမှုထမ်းပြီးနောက် ၂၀၁၀ ခုနှစ်တွင် ညွှန်ကြားရေးမှူးဘဝဖြင့် အငြိမ်းစားယူခဲ့သည်။ ဓမ္မတက္ကသိုလ် အမြောက်အမြား၌ ဒနိကဗေဒ၊ အသင်းတော်သမိုင်းနှင့် Ecumenics ဘာသာရပ်တို့ကို သင်ကြားပို့ချရင်း ရည်ညွှန်းကျမ်း အများအပြား ကိုလည်း မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်။ ယင်းတို့အနက် **ဒနိကဗေဒနှင့် ခရစ်ယာန်ဘာသာ** (၂၀၀၀)၊ **ဘုရားသခင် တည်ရှိခြင်းဆိုင်ရာ တွေးခေါ်မှု**(၂၀၀၃)၊ **ဖြိုတိသျှနယ်ချဲ့ဝါဒနှင့် ခရစ်ယာန်သာသနာပြုများ**(၂၀၀၄)၊ **ခရစ်ယာန်များ တစ်လုံးတစ်ဝတည်းဖြစ်ရေး လှုပ်ရှားမှုသမိုင်း**(ပ၊ ဒု၊ တ၊ စ တွဲများ–၂၀၀၇)၊ **ခရစ်ယာန်လူမှုအတွေးအခေါ်**(၂၀၀၉)၊ **အမြင်သစ်ခရစ်ယာန် သမိုင်းရေးသားမှု**(၂၀၁၀)၊ **မြန်မာခရစ်ယာန်ဓမ္မဒနအဘိဓာန်** (၂၀၁၃) တို့ပါဝင်သည်။